
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ


**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ...ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ...ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ...ဒို့အရေး

20 APR 2014




# နက္ခတ္တာရောင်ခြည်

နက္ခတ္တာရောင်ခြည်

နက္ခတ္တာရောင်ခြည်









လောကီပညာရသစုံမဂ္ဂဇင်း

F.1A. June, 2014.



www.burmeseclassic.com

www.burmeseclassic.com


# နက္ခတ္တရောင်ခြည်

စာတည်းချုပ်

ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း

မွေ့ဆေဝ

နယ်လှည့်အယ်ဒီတာ

အောင်ဇေ(LL.B)၊ ကိုစိုးထွန်း၊

သန်းထွန်း(ဘားအံ)

ပါဠိ အယ်ဒီတာ

* ဦးစံတင့်

(တေနိကာယကောဝိဒ၊ ဝိနယရေ၊ မွေ့ာစရိယ)

* ဦးသန်းအောင်ရွှေ

[ဓမ္မာစရိယ (မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး) ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ (နိကာယဝိပုလ)]

ဥပဒေအကြံပေး

ဦးထွန်းစိန်

B.A(Myanmar), H.G.P, R.L(Advocate)

ပုံနှိပ်ဒီဇိုင်းပညာရှင်

ကိုတင်ဦး၊

တင်တင်နွယ်

မျက်နှာဖုံးပန်းချီ

မြတ်မင်းဟန်

ဖြန့်ချိရေးမှူး

ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ

ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း

အတွင်းဖလင်

ပါရမီ

ပညာပေးအကျိုးဆောင်

ဒေါက်တာ ဆရာအောင်

အင်းဒိုနီးဆေးပညာရပ်ဆိုင်ရာ

အကြံပေး

ဒေါက်တာရဲညွှန့်ဆွေ

B.Sc(Bot), Dip.T.Med.

ဦးဝင်းထိန်ကျော်

B.A(Philo), Dip.T.Med.,

T.L.R.M (INDIA)

အနောက်တိုင်းဆေးပညာ

အယ်ဒီတာ

ကိုကိုမောင်




မဟာအစိမ်းငွာန်ဝင်ပုံမှာ

မိမိဝင်လိုသော မဟာဆိုသည့် စာလုံးနှင့်

တွဲအမည် ဖော်ဆောင်ပေးသော ဓာတ်ရှင်ပြင်တွင်...

စာ-၁၀၆


ထုတ်ဝေသူ

ဦးခင်မောင်ဝင်း(၀၃၄၃၂) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်

၂၃၃၊ ၂၉ လမ်း ရန်ကုန်မြို့၊

အတွင်းနှင့် မျက်နှာဖုံးရိုက်

ဦးခင်မောင်ဝင်း(၀၅၃၉၄) ပါရမီအော့ဖ်ဆက်

အမှတ် ၅၉၉ ရန်ကြီးအောင်လမ်း

၅-ရပ်ကွက် ရွှေပြည်သာမြို့နယ်

ရန်ကုန်မြို့၊

မန္တလေးဖြန့်ချိရေး

နဂါးစာပေ

ရှမ်းတောင်ပေါ်ဖြန့်ချိရေး

မိလ္လာစာပေ (တောင်ကြီး)

ဧဝီနစ်စာပေဖြန့်ချိရေး(တောင်ကြီး)

မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး

စကျော်ကျော်စာပေ(မော်လမြိုင်)

ဖြန့်ချိရေး

ကျော်မိုးသိန်းစာပေ ၂၃၃၊ ၂၉ လမ်း ရန်ကုန်မြို့၊

ဖုန်း- ၀၁ ၂၄၂၂၈၄


ကြော်ငြာဌာနမှူး – ကိုတင်မောင်ရွှေ

မင်္ဂလာ ဒီဇိုင်းရေးကြော်ငြာလုပ်ငန်း


၂၀၁၄ ခုနှစ်၊ ဇွန်လ

အမှတ် ၃၃၅

အုပ်ရေ

၁၀၀၀

ဖုန်း-၀၁ ၂၄၂၂၈၄




www.burmeseclassic.com

www.burmeseclassic.com



ဗေဒါရိုက်အတွင်း၌
ရှုမ (၉)ဆောင်ခြည့်ခေမီတိုလည်း
ဖူးခြားစွာ ရှုးတွေ့ရသည်... ➧ စာ-၁၀၅

မုန့်တိုင်းပင် အမသီးကို ယူပါ
အဲဒီထဲက အစေ့အဆန်ကို ထုချေပြီး
ကုတ်ဆွထားတဲ့ ငါးမျက်စိပေါ်မှာ အုံပြီး··· ➧ စာ-၉၅




[illegible]ခြင်းဆောင်ခြည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်
အောင်စည်တိုင်းရင်းဆေးခန်း ဆရာဦးကျော်လှိုင်ဦး
(တဆ-ဝ၃၁၇)၏ ဖျဉ်းရောဂါအကြောင်း တစေ့တစောင်း
[မြောင်းမြ မောင်ယဉ်တင့်] ၁၈၅
ဓီးကုန်းမြို့မှ ရုပ်ဓာတ်ပြုပြင်ကုသရေး မြန်မာ့အကြော
ပြင်ပညာရှင် [ဓီးကုန်း အေးမော်] ၁၂၉

[illegible]ဆောင်ခြည်

တရှုတ်ကြီးထုံးပညာ (၉၁) [ဟူဂျင်းဇီ] ၈၇
လူတိုင်းအတွက် တရုတ်မှီရာ
ဗိုဒ်မက်ရှင်းတမ်း (၈၀) [ထက်မင်းကျော်စွာ] ၁၅၆
သင်္ကေတများ၏ ဘာသာစကား (၃၅) ၂၀၂

[illegible]ဆောင်ခြည်

ယတြာကျင့်စဉ်နှင့် လက္ခဏာအမြင်
[ဆရာဦးခင်မောင်လင်း-B.Sc,ရွှေဘို] ၉၆
ဘယ်လုပ်ငန်းမျိုးနဲ့ အကျိုးပေးနိုင်သူလဲ
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၀၁
နိုင်ငံခြားက ပါရဂူဘွဲ့နှင့် လက္ခဏာပညာ ၁၄၁
စီးပွားရေးလုပ်ငန်းကို အထောက်အကူပြု
အမှတ်အသားများ [ဦးသော်ခင်-ဟသ်ာတ] ၁၅၀
ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့၊ အိမ်မဲကြီးရပ်ကွက်
ကံလှပရိယတ္တိစာသင်တိုက် ဓမ္မရိပ်သာဆရာတော်
ရွှေဟသာဝံသ သာသနာ့ပါလဓမ္မာစရိယ၊ အစိုးရ
သာသနဓဇ ကံလှ အရှင်သောဘိတာဝံသ၏
လက္ခဏာတော်နှင့် ဩဝါဒ ၁၆၁
လက္ခဏာပဟေဠိ အဖြေညီတြစ် ၂၀၁
သူ ဘယ်လိုလူစားလဲ [သန်းပညာ] ၂၂၄

လမ်းညွှန်ဆောင်ခြည်

ရုံသာမော ဆက်သွားတော့မှ ဂန္ဓာရုံတုံကျော်
တောရဆီသို့(၁) [ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၁၇
ဝေဘူဆရာတော်ကြီး၏ နွေရာသီ သီတင်းသုံးရာ
အင်ကြင်းပင်သာသနာ့မြေသို့(၇) [ထက်မင်းကျော်စွာ] ၄၀
အဝိုင်းမင်းကျောင်းပညာ လက်ဆင့်ကမ်းဖို့
[ဦးခင်မောင်သန်း-အ.မ.က၊ ပခန်းငယ်] ၁၁၁
ရွှေဘုံသာဝါးဆူ ဖူးတော်မူ [ဝဏ္ဏကျော်-ဂန္ဓာရီ] ၁၁၃




www.burmeseclassic.com

www.burmeseclassic.com

## ၁ အထူးကဏ္ဍရောင်ခြည် ၁


သုခကာရီကုန်းတော်မတီနှင့် အဘအောင်မင်းခေါင်
ဓာတ်ပန္နက်စေတီတော်(၁) [ထက်မင်းကျော်စွာ] ၉
ရန်မာန် ကင်းစေသည့် တောလယ်နယ်မှ အောင်နိမိတ်
ဆောင် ခမောက်တော်(၃) ၄၉
မြတ်သမဏတို့ စံပျော်မြန်းသည့် ထုံးတောင်မြေ
သာစခန်းဆီသို့(၄) [ဇင်ညိုငယ်] ၈၁
အခင်းကြုံသွင် မင်းစုံတောင်တွင် အဓိဋ္ဌာန်ဝင်ပါ(၂)
[ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၈၉
ရွှေတောင်မြို့၏ ကျက်သရေဆောင် အဓိဋ္ဌာန်အောင်
ဓာတ်ပေါင်းစု အောင်မင်းခေါင်စေတီတော်(၁)
[တင်ဦးမောင်-ပုတီးကုန်း] ၁၀၅


## ✿ ထူးဆန်းရောင်ခြည် ✿


ကျွန်ုပ်ကိုယ်တွေ့ ကံ့ပြီးခြင်းနိမိတ်
[ကောင်းမြင့်မြတ်စိန်] ၁၅၁
မြေကိုနိုင်သော ဂမ္ဘီရပညာ [မနိုင်-ရှမ်းမောမြေ] ၂၄၉
မိကျောင်းကိုးကွယ်ကြသူများ၏ရွာ [ကိုရွှေမိုး] ၂၅၇
သူ့အရပ် သူ့ဒေသနှင့် ရိုးရာဓလေ့များ
[ထူးမမ-ပေါင်] ၂၆၁
ဘိုးငယ်၏ တောတွင်းအတွေ့အကြုံများနှင့်
ဖျားရည်စိတ်ဆိုးခြင်း [အေးချမ်းအောင်-ရမည်းသင်း] ၂၇၆


## ✻ ကျင့်စဉ်ရောင်ခြည် ✻


သက်တော်ရှည် ဆရာတော်ကြီး၏ အာဏာတည်ကျင့်စဉ်
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၅၄
၁၁-ထပ်ဘုရားကြီးနှင့် ၁၁-မီးငြိမ်း ပုတီးစိပ်အဓိဋ္ဌာန်
[အောင်ဇ-LL.B] ၁၅၃
ဘေးကင်းရန်တွာ ပု-ဒိ-အာ [မောင်သာဆင့်-ရေနံချောင်း] ၁၇၆
ခွေးမဟောင်နိုင်တဲ့ ပု-ဒိ-အာအစွမ်းနှင့် ကျင့်စဉ်
[မျိုးတင့်-ညောင်လေးပင်] ၂၄၆


## ● အစီအရင်ရောင်ခြည် ●


လုံခြုံစိတ်ချ သူခိုးဓားပြ [ဦးဇော်နိုင်ဦး-လက္ခဏာဗေဒင်] ၆၂
မဟာဘုတ်ချိန်ခွင်နှင့် လွယ်ကောင်းယတြာ
[တနင်္လာသားသမီးများအတွက်] [သန်းပညာ] ၈၀
သိဒ္ဓိဝင် ရှင်သီဝလိ [မောင်အောင်ဝင်းမန်း] ၁၃၇
မျက်စိကျိန်းအတွက် စမတွမ်းရွက်စီရင်နည်း
[ဆရာသန်းဆောင်-နဘဲကန်] ၁၄၃
ထာဝစဉ် ကျက်သရေတိုး၍ စည်းစိမ်ပြိုးစေသော
အစီအရင် [ဂါမဏီဇော်-ဝိဇ္ဇာဓရ စစ်ကိုင်း] ၁၆၅


## ❐ အကျိုးရှိရောင်ခြည် ❐


ခြသေ့်ဆီနှင့် သွပ်ဓာတ်လုံး အသုံးပြုပုံ [ဟံသာရစော] ၁၀၃
အသက်ရှည်လိုသူများအတွက် အနန္တဓာတ်ပြာလမ်း
[ဆရာ ဦးကျော်လင်း-နေလဝိဇ္ဇာ] ၁၅၉
ရှင်ကောဝိဒရဲ့ ဓန်နာသုတရဓာ(၂)
[ရွှေတောင် ခင်မောင်ကြည်] ၂၀၂






ဘုရားအားထုတ်နေတုန်း 'ဟတ်တိုင်းမှန်' ဆိုတဲ့
စာလုံး ပေါ်လာတယ်
နောက်တော့ စိတ်ကြည်လင်ပေါ့ပါးလာပြီး... ➡ စာ-၂၅

ရှင်သူငယ်ဘကြီးလို့ခေါ်တယ်
ဥက္ကီ ဗျူးပြီး ဓားနဲ့ ပိုင်းကြည့်ရင်
သာမဏေတစ်ပါး ထိုင်နေတဲ့ပုံ တွေ့ရတယ်...
➡ စာ-၅၀



www.burmeseclassic.com

www.burmeseclassic.com



ဝေဘူဆရာတော်ကြီး ရန်ကုန်သို့ ကြွရောက်စဉ်
သမ္ဗုတမောင်း ဦးစံရွှေသိုက်
ကဗွီယမြွှ ရိုက်ထားပါသည်ကို ... ☛ ၈၁-၄၂

အဘေဘကောဝ်ပုပ်ကြီးကို ကြာရှည်ထားရှိ
ကျေးဇူးမများ မြန်လည်း မမြန်စေနှင့်၊
ကြာလည်း မကြာစေနှင့်ဟု ... ☛ ၈၁-၁၂၁




### ✳ ဂါထာမန္တန်ရှောင်ခြည် ✳

ဝေဒါသာတု ဂါထာပလ္လင် [ဦးပညာသိရီ-နတ်မောက်] ၁၅
အာယုခက် အသက်ရှည်ဂါထာတော်နှင့် ကိုယ်တွေ့
တိုက်ပွဲအတွေ့အကြုံ [ဇရာမြေ ကျော်ဝေ] ၁၂၇
ဘူရထာကီဒေဝီနှင့် ဂါထာများ [ဇင်ညိုငယ်] ၁၇၇
မကောင်းကြံစည်ခြင်းမှ လွတ်မြောက်စေသော
နေ့လဝါထာ [ချစ်ဆိုင်] ၂၅၆

### ✳ ဆေးနည်းသိုရှောင်ခြည် ✳

မိမိဝန်းကျင်ရှိ အနိုင်ဓာတ်များ[တောတောင်းအကိုက်ခံရလျှင်]
[အောင်လှသန်း-မင်းဘူး] ၃၁
ထမာတစ်ခက် သွားတစ်သက် [အဏ္ဏ-သိဒ္ဓိရာဇာ] ၁၁၂
အစာအိမ်လေနာပျောက်စေလိုလျှင် [မင်းဆက်ဟိန်း] ၁၉၀
သွေးတိုးရောဂါ သက်သာပျောက်ကင်းစေသည့်
ဒန့်သလွန်ခေါက် [စိုးသော်တာ] ၂၃၀
နာနတ်သီးမှည့် အစာကြေဆေး [ဆရာဝင်း] ၂၈၈

### ◆ ဆေးဗေဒရှောင်ခြည် ◆

ကိုယ်တွေ့ ကိုယ်ရောင်ကိုယ်ဖောရောဂါပျောက်ဆေး
[ဦးလှရွှေ-ပညာရေး] ၁၆၈
သဘော်ဝို ရုက္ခမူဆေး [မင်းရှိန်-ထိန်တော၊ မိုးညို] ၁၈၇
ဖောရောင်ခြင်းအတွက် ထိမ်းဆေးနည်းတစ်နည်း
[ဝင်းကျော်-ဗုဒ္ဓဟူးသား] ၁၉၂
သစ်ခင်းရဲ့အစွမ်း ဖုံခနိုး [မင်းရဲထွန်းမြင့်-မြစ်သား] ၂၂၉
ပရုဒ္ဓဝါအားဆေး (၉၆)ပါး ရောဂါကင်းဝေး
[နတ်မောက် မျိုးနော်] ၂၇၅
ပန်းနာရင်ကျပ်အတွက် ဆေးတစ်လက်
[ထွန်းထွန်း-ဒရယ်ချောင်း] ၃၀၂

### ✳ ဂန္ဓာရီပုဂ္ဂိုလ်ရှောင်ခြည် ✳

ပရလောကသား ဘုရားဒါယကာ ဦးတုတ်
[မောင်မောင်သိန်း-သတင်းထောက်၊ ဖီးကုန်း] ၂၆၅
ဘဝတောင်းက ချစ်ကြိုးတစ်မျှင်(၁)
[အနောက်သား-စစ်တွေ] ၂၈၁

### ✢ ထူးခြားသစ်ပင်ရှောင်ခြည် ✢

ရှုံးပြီးပြယ်သည့် ရှင်ဘုငယ်ဂမုန်း [ထက်မင်းကျော်စွာ] ၇၀

### ✂ ဗဟုသုတရှောင်ခြည် ✂

ကျောက်လက်ဝါးနှင့် ပတ်သက်သည့် ထူးခြား
စိတ်ဝင်စားဖွယ်ပညာသုတ [နတ်မောက် လှမြင့်သင်] ၁၀၉
မိုးနိမိတ် ဖိုးထိတ်စရာမလို [မြင့်ဟိန်းကျော်-ကသာမြေ] ၁၃၅
လက်ဖွဲ့ကြိုးထုံး ထုံးနည်း [သုပေသီတစ်ဦး] ၁၇၄




www.burmeseclassic.com

www.burmeseclassic.com


[illegible]

ညာတင်ကုတ် ဝိဇ္ဇာညီနောင်နှင့်ဂူများ [illegible] ၃၃

သိဒ္ဓိဝင် ရိုးရာ[illegible] [illegible] ၄၆

[illegible] [illegible] ၁၇၇

[illegible] [illegible–သရက်] ၁၈၉

[illegible]

[illegible] ဆရာကြီး ခင်ယက္ခ တွေ့ရသော ဘဝအတွေ့
[illegible] (၈) [ဆရာကြီး ခင်ယက္ခ–တိုက်ပွဲဝင်] ၁၃၂

★ ကုလုံးရောင်ခြည် ★

အကြောင်း ဆရာ ဆတ်စပ်ပါ မြန်စွာပျောက်ကင်းမှု
[illegible ခေါင်းကိုက်ခဲ အမြဲတမ်းမူးယစ်နေသော]
[ဆရာ ဦး[illegible]–[illegible] အင်းဝ အကြောပညာရှင်] ၁၃၉

[illegible] (၁)တင်းပြီး(သို့မဟုတ်)ကင်းအမျိုးမျိုးတို့၏
[illegible] [ဦးမင်းဇင်–ရွှေနဝင်း] ၁၈၀

[illegible] မပျောက်နိုင်ဘဲ တစ်ကိုယ်လုံး
[illegible] ညအိပ်လျှင် ခြေထောက်များ
အကြော[illegible] လန့်လန့်နေသော ၂၀၇

[illegible]

[illegible]တင်သည့်ပန်း ကြာရှည်လန်းစေပြီး
အနံ့ဆိုးကင်းစေနည်း [လင်းထင်] ၁၉၁

[illegible]

[illegible]ဘုတ်ချိန်ခွင်နှင့် တွေးဖူးရှင်ဆရာတော်ကြီးများ
[illegible] သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန
[illegible]ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသံဝရအား
[illegible] ဥပဒ်ခြင်း] [သန်းပညာ] ၁၄၅
[illegible]ကောင်းသော ထိုးမြဲလက်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြိုင်–ဥပေဒေဘွဲ့] ၁၈၈
[illegible] အုန်းသီးများ
[မောင်သိန်းတန်–မာန်အောင်] ၁၉၆
[illegible]တော်ကြီးမှ ရွှေခေတ်ရှိခဲ့ရာ
[illegible] အခြားဒီဇိုင်းလက်ရာများ(၃)
[illegible–ရွှေပေါင်းသုတေသန] ၂၁၈

[illegible]

နှင်းမြူ(သို့) ဝိဇ္ဇာဝမုန်း အသက်ရှည်ဆေး
[ဓွဆေးသုတေသီ] ၂၂
ကြွက်နို့(တတွတ်) ငါးမျှတ်စိ ပျောက်စေဖို့
[မြဒင်–ဇင်းကျိုက်] ၉၄




ခုတင်ထက်တွင်
ကောလင်းခမောက်တောင် ရသေ့ကြီး၏
ဒေါက်ချာနှင့် ရသေ့ဘွဲ့ကို... ☛ စာ-၆၂

ကျိုရုပ်တုများသည် ဘုရားမဟုတ်
ညာတင်ကုတ်ရုပ်တုများဖြစ်ကြောင်း
ဝိဇ္ဇာများက သူတို့၏ ဓာတ်လုံးများကို... ☛ စာ-၃၆





www.burmeseclassic.com

www.burmeseclassic.com



အဆောင်းသော
မင်းဝါမင်း
နန်းနေ
ခိုသည့်
အောင်မြေကို
ရှင်ပြင်တော်
ဟန့်ဂိမ္မ
ဆောင့်ဖွင့်...
❖ စာ-၁၂၀



ဘုရားအထွဋ်
ဝင်ရွှေရုံး
စမ်းသားဆီ
ပုံတို
ဆုလှပ်
အားရုံခြင်းမှာ...
❖ စာ-၆၀



လောကီကျွမ်း
အလိုအရ
ပညာကို
အစိုးရတဲ့
နတ်ဒေဝီ
လို့
ဆိုကြ
ပါတယ်...
❖ စာ-၁၇၇


✳ ကျန်းမာရေးရောင်ခြည် ✳

အိမ်မွေးကြောင်ကလေး အစာနင်သော် [နွဲ့ရီလင်း] ၇၂
ကျွဲနွားများ ငှက်များရောဂါနှင့် နှာစေး
အအေးမိရောဂါ ကုသနည်း [နတ်မောက် မျိုးဇော်] ၂၃၁

✳ ကြည်ညိုခြင်းရောင်ခြည် ✳

ထူးထွေဆန်းပြား ရွှေလင်းပင်ဘုရား(၃) [နိုင်ခင်ညို] ၆၅
ကျိုက်ရှမ်းသန်မှ ရှမ်းသိုက်ဘုရား [ဝှခန်းယဲန်] ၂၁၇

✳ အောင်မြေရောင်ခြည် ✳

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏
အောင်မြေနှင့် ရှိခိုးပူဇော် ဂါထာတော်များ(၁၆)
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၇၃
တောင်မင်း နာဝဝီသမှ ဟသ်ာအောင်မြေစေတီတော်
[ခရီးသည် သုတေသီ] ၁၁၈

✧ ဗေဒင်ရောင်ခြည် ✧

၂၀၁၄ ခုနှစ်၊ ဖွန်လအတွက် ဓာတ်ကြီးငါးပါး
စိုးမိုးမှုနှင့် အောင်ဘာလေထီဆုငွေ [ထက်မင်းကျော်စွာ] ၁၀၄
ယခုနှစ် သင့်အတွက် ထီပေါက်ကိန်း ရှိမရှိတွက်နည်း
[ကောင်းခန့်-သခွတ်မြေ၊ ဝက်လက်] ၂၃
၂၀၁၄ ခုနှစ်၊ ဖွန်လ ထီအတွက် ရွှေချယ်ပါ ဤဝဏ်း
[ဆရာရဲထက်-သုတေသီ] ၃၀၂

✧ ထပ်ဆင့်အသံရောင်ခြည် ✧

ကျေးဇူးတင်ပါသည် နက္ခတ္တရောင်ခြည်
(မွေးကင်းစကလေး ချက်မကြွေသော်) [မေထူး] ၂၁၀

✳ အင်းဓမ္မရောင်ခြည် ✳

အစွမ်းထက်သော အင်းတစ်ခွက်
[ဦးခေတ်နိုင်ဦး-လက္ခဏာဗေဒင်] ၁၄၈
လာဘသိဒ္ဓိဒီပံအင်းမှုကွဲ [အောင်ကျော်ဇော] ၁၆၇

✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎

မြိုင်မြို့နယ် တွမ်းတောရွာ မင်္ဂလာသီရိကျောင်းမှ
ဆရာတော်ဦးပညာသီရိ၏ မပုပ်သိုးသော
ရုပ်ကလာပ်တော်နှင့် ဘဝပုံရိပ်များ(၁) [စံထွန်းသာ] ၂၅
အာဏာတည် ဆရာတော်(၄)
[အရဟံ ဆရာသိန်း-လပွတ္တာ] ၅၇
ဘုတလင်မြို့ကြောင်ပန်းဆရာတော်ကြီး အရှင်ကုန္တက၏
ဘဝတောက်ကြောင်း(၅) [ခင်ညိုငယ်] ၉၇
ထားဝယ်ဒေသမှ ထင်ပေါ်ကျော်ကြားသော ဇေယျာ
ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသီလ
[မောင်မောင်စိုး-ထားဝယ်] ၁၂၁

www.burmeseclassic.com

✤ ထူးခြားဆန်းကြယ်ဆောင်းရောင်ခြည် ✤

လူခြောက်ကလေးတွေရဲ့အကြောင်း တစေ့တစောင်း
[ဝေလင်း ဦးကျော်] ၂၃၃
သစ်အစွဲနှင့် ထူးခြားဖြစ်ရပ်များ [နေအောင်လင်း-စလေ] ၂၇၃
အဖြေမပြီးမသတ်သေးသည့် ပဟေဠိတစ်ပုဒ်
[ခရီးသည် သုတေသီ] ၂၀၀
ပုဂ္ဂိုလ်ထူးကို ဖူးတွေ့ခဲ့ရသော်လည်း [နန္ဒကျော်-လသ/သ] ၁၉၃
သိဒ္ဓိတန်ခိုး မြေကို ယျှိုလို့ မိုးတို့ဖို့(၁)
[ရွှေတောင် ကြည်မောင်အေး] ၂၂၆

❑ အမေးအဖြေရောင်ခြည် ❑

နှိုညှပ်ဆိုတာ ဘာပါလိမ့် [မောင်အေးကြူ-စီးပွားရေး] ၃၀
သီချင်းလွှန်းလို့ [မောင်နိုး-ကျောက်မဲ] ၆၃

✂ နေ့စဉ်သုံး အဟောလမ်းညွှန်ရောင်ခြည် ✂

၂၀၁၄ ခုနှစ် ဇွန်လအတွင်း
ငွေကြေးလာဘ်လာဘ သွက်လက်စေဖို့
[ထက်မင်းကျော်စွာ] ၁၈၄
၂၀၁၄ ခုနှစ် ဇွန်လအတွက်
ခုနစ်ရက်သားသမီး ယောဂစာတမ်း [ဆရာ ရောင်ခြည်] ၂၂၂
၂၀၁၄ ခုနှစ် ဇွန်လအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူဂျင်းစီ] ၂၆၃

★ မြန်မာ့ရိုးရာပညာရောင်ခြည် ★

သင့်မြတ်သော အိမ်ထောင်ဖက် တွက်နည်းနှင့်အဟော
[ကောင်းခန့်-သခွတ်မြေ ဝက်လက်] ၂၀၉
အဘိဓာပေါင်း ရှေးဟောင်းဗေဒင်
[ကျော်မိုးလွင်-ဝါးခယ်မ] ၂၃၇

◆ ကျန်းမာရေး ဗဟုသုတရောင်ခြည် ◆

၂၀၁၄ ခုနှစ် ဇွန်လအတွင်း
ကျန်းမာရေးအတွက် အကြံပေးချက်များ [ဟူဂျင်းစီ] ၁၄၄

● ဖြစ်ရပ်မှန်ရောင်ခြည် ●

အိမ်မှားသွားလို့ပါ [အင်ကြင်းပန်း] ၂၃၈
ဆရာမနိုင်သော ပဟေဠိ [ညီလေးငယ်-လယ်တော်] ၂၄၁
လယ်ကွက်ထဲမှ ကလေးငိုသံ [စန္ဒာမိုး-တောင်ငူ] ၂၇၁
ထင်းခွေပြန် သင်ခန်းစာ [သက်ဦးမောင်-နမ့်ဆန်] ၂၈၆
မီးမတောင်းသိုက် [အေးမေ-မြန်မာစာ] ၂၈၉
လာလိုသူ ခရီးနီးသော်လည်း [မောင်ဇော-ရာမည] ၂၉၂
ဂျပန်ရိုးမှ တွေ့ကြုံခဲ့ရသောဖြစ်ရပ်ဆန်း [ဖြူလေးကျော်] ၂၉၇
လမ်းညွှန်ပေးသူ ဘယ်သူလဲ
[မနှင်းဆီ-ရေဆင်း၊ နေပြည်တော်] ၂၉၉



မဟာဓေဝတီလှ
ပရိုဂုဏ်တောင့်
ရွှေမန်ကျည်းပင်
ရှုစွနိုးမင်းကြီးထံ
ဒွာနန္ဒ
အာဇီဗျာန်
ကျင့်စဉ်
ဝင်ရောက်ပါက...
စာ-၇၈ ➧



အလို
အလျှောက်
ပေါက်
လာသည့်
ဗောဓိ
ညောင်
တစ်ဆယ့်
တစ်ပင်ကို...
စာ-၉၈ ➧



ဤ
အပင်၏
ဥများအား
ပါးပါးလှီး
အမှုန့်
ထောင်းကာ
ပျားရည်နှင့်
ဖော်၍
နေ့စဉ်
စားပေးပါက...
စာ-၂၂ ➧

www.burmeseclassic.com



အဘအောင်မင်းခေါင်စေတီနှင့် အာရုံခံတန်ဆောင်း

ထက်မြက်ဆောင်းကျွဲ

သုခကာရီကုန်းတော်မဟီနှင့်

# အဘအောင်မင်းခေါင် ဓာတ်ပန္နက်တော် (၁)

နီဒါန်း

'အရှင်ဘုရား ဟိုးအယ်နှစ်ကျော်လောက် တုန်းက တပည့်တော်လာတိုင်း အင်း အကြောင်းတွေ ပြောပြတဲ့ ဦးယှဉ်းကို မတွေ့ တာကြာပြီ။ ဘယ်ပြောင်းသွားတာလဲ'

'ဘယ်ကိုယ်တော်ပါလိမ့်၊ ခြောက် မရှိတော့ဘူး ပျံတော်မူရှာပြီ။ မုံရွာက လူတွေ အတော်များများ အားကိုး ကြည်ညိုကြတဲ့ ကိုယ်တော်ပါ'

'အင်းအကြောင်းကို အတော်လေး ပြောပြနိုင်တယ်နော်'

'ပြောနိုင်ဆို ရွှေဘိုဆရာတော်ရဲ့ တပည့်ပဲလေ'

'ရွှေဘို ဘယ်ကျောင်းကလဲ ဘုရား'

'မြို့တောင့်စေတီနားက **သုခကာရီကျောင်းဆရာတော်**ပါ'

'ဟာ တပည့်တော် ဖူး,ဖူးတယ်။ ကျောင်းပိုင်ကား သုံး,လေးစီးရှိတယ်။ လာကြတဲ့သူတွေကလဲ ထိတ်ထိတ်ကြဲ တွေ လုပ်ငန်းရှင်ရော ဌာနဆိုင်ရာတွေ ရောပဲ။ ဒါပေမယ့် ဆရာတော်ကို မျက်နှာမလိုက်ဘူး။

နွမ်းနွမ်းပါးပါး တောသူတောင်သား

www.burmeseclassic.com



သုခကာရီကျောင်းအဝင်မုခ်ဦး

ကိုလဲ အရေးပေး အဖူးခံတယ်။ လျှောက်တိုင်း ရပါတယ်လို့သာ မိန့်တယ်။ အငြင်းစကား မကြားရဘူး။

ညနေပိုင်း စစ်ကိုင်းကိုပြန်တော့ နောက်ဆုံးကားမီအောင် သုတ်ခြေတင်ရတယ်။(ရွှေဘိုမှ မန္တလေးသို့ ညနေ(၃)နာရီခွဲကျော်လျှင် ပြေးဆွဲသောကားများ မရှိတော့ပါ။) ခြေလှမ်း(၂၀)လောက်ပဲ လျှောက်လိုက်ရတယ်။ ခန်းနေ ဦးပဉ္ဇင်းတစ်ပါးက ဆရာတော်ကြီးစီးတဲ့ကားနဲ့ နောက်ကလိုက်လာပြီး ကားဂိတ်အရောက် ပို့ပေးပါတယ်'

'ဟုတ်တယ်လေ၊ ဆည်းကပ်လာသူတိုင်း မရှိစကား၊ မရစကား မကြားစေရသလို ဆရာတော်ကိုယ်တိုင်လဲ လိုတာမရှိ အမြဲပြည့်စုံနေတယ်။ မဟာလယ်တီတိုက်မှာလဲ ဒုလ္လဘရဟန်းခံပွဲတွေ တရားစခန်းတွေ ဖွင့်ပေးခဲ့တယ်။

တစ်တိုက်လုံးက ရှင်၊ ရဟန်း အားလုံးကို ဆွမ်းကပ် လှူဒါန်းခဲ့တယ်။ စက်ရေတွင်းတွေ၊ ရေကန်၊ ရေချိုးခန်း၊ ကုဋီတွေ လှူပါတယ်။

ဆရာတော်က အင်းပညာနဲ့ သာသနာ ပြုသွားတယ်။ ထူးတာက ရာသီဥတု ချမ်းအေးပေမယ့် မချမ်းမအေးသလို၊ ပူလောင်တဲ့အချိန် တခြားရဟန်းတွေ ချွေးပေါက်ပေါက်ကျပေမယ့် ဆရာတော်က ဘာမှ မဖြစ်ဘူး။ **နေဝင်လထွက်ကျင့်စဉ် အောင်ထားလို့ အပူအအေးဒဏ် ခံနိုင်တယ်လို့ ဆိုကြပါတယ်'**

'ဆရာတော် ပျံလွန်တော်မူသွားတော့ အဲဒီပညာတွေ ပျောက်ကုန်မှာပေါ့နော်'

'မဟုတ်ဘူးဗျ။ သူ့တပည့် ဦးဝိမလက ဆက်ခံပြီး အခု သာသနာပြုနေတယ်။ ကျုပ်လဲ သုခကာရီမှာ အတော်ကြာအောင် နေခဲ့ဖူးတယ်။ နောက်ဆုံးသီလရှင်တစ်ဦးက ကျုပ် စေတနာတွေကို အထင်အမြင်မှားတာနဲ့ အဲဒီက ထွက်လာတာပါ။ ခမာဂုဏ်နဲ့ သည်းခံရှောင်လွှဲတယ် ဆိုပါတော့ဗျာ'

မုံရွာမြို့ မဟာလယ်တီတိုက် ဒေါ်မေ အုတ်ကျောင်းမှ အရှင်သီလာစာရနှင့် ပြောဆိုလျှောက်ထားဖြစ်ရာမှ သုခကာရီ ဆရာတော် ဦးကေသရအကြောင်း ပိုမိုသိရှိရခြင်းဖြစ်သည်။

## ဆရာတော် ဦးအာလောကာ၏

## အတွေ့အကြုံ

နောက်တစ်နေ့ ဘုတလင်မြို့ ကြောင်ပန်းတောရသို့ သွားရောက်လေ့လာကြည့်ရှုရာ အဌမမြောက် ကြောင်ပန်း (လက်ရှိ)ဆရာတော် ဦးအာလောကာက ခင်မင်ရင်းနှီးစွာ ကြိုဆိုကူညီပေးပြီးနောက် အတော်ကြာအောင် ပြောဆိုမေးလျှောက်ဖြစ်



F.2B. June, 2014.

www.burmeseclassic.com

www.burmeseclassic.com

ကြသည်။

'ကျောင်းပန်း ဆဌမဆရာတော်ကြီး ရှိစဉ်က ကျုပ်ဇာတိမြေမှာ (၂၇)တောင်ပြည့် စေတီတော်တစ်ဆူတည်ဖို့ ကြိုးစားတယ်။ ဒါယကာတွေက သုခကာရီသွားဖို့ အကြံပေးကြတာနဲ့ ဆရာတော် ဦးကေသရကို ဖူးမြော်လျှောက်ထားပါတယ်။

ဆရာတော်က အောင်မြင်ပါလိမ့်မယ်။ ဒါပေမယ့် ကြာလိမ့်မယ်တဲ့။ ဆရာတော်ပြောတဲ့အတိုင်း (၉)နှစ်လောက်ကြာမှ စေတီတော်ကြီး ပြီးခဲ့တယ်။ အဲဒီတုန်းက ဓာတ်ပုံတစ်ပုံနဲ့ အင်းတစ်ချပ် ပေးခဲ့တယ်'


ဆရာတော် ဦးအာလောက ယူပြပေးသဖြင့် ဓာတ်ပုံအား ဖူးတွေ့ရသည်။

သုခကာရီကျောင်းတည် ဆရာတော် **ဦးပညာစက္ကပုံတော်နှင့် ရင်ခွင်၌ အင်းတစ်ချပ်ကို ပိုက်ကာ တင်ပျဉ်ခွေ ထိုင်နေသည့် ဦးကေသရပုံတို့ကို** မြင်ရသည်။

'အဲဒီအချိန်က ကွန်ပျူတာတွေ မပေါ်သေးဘူး။ ဒီဘက်နယ်မှာ ဖြတ်ညှပ်ကပ် လုပ်နိုင်တဲ့ ဓာတ်ပုံဆရာလဲ မရှိသေးဘူး။ ထူးခြားလို့ မေးကြည့်တော့ ဦးပညာစက္ကရဲ့သမီး သီလရှင် ဒေါ်ရူပဝတီက ရှင်းပြပါတယ်။

ဦးကေသရက ဆရာဖြစ်သူ ဦးပညာစက္ကနဲ့အတူ ယှဉ်တွဲပြီး အမှတ်တရ ဓာတ်ပုံတစ်ပုံ ရိုက်ချင်စိတ် ဖြစ်ပေါ်တယ်။ ဒါပေမယ့် ဦးပညာစက္က ပျံတော်မူပြီးဖြစ်လို့ မဖြစ်နိုင်တော့ဘူး။

တစ်နေ့တော့ သီလရှင် ဒေါ်ရူပဝတီကို သော့အပ်ပြီး (၄၅)ရက်တိတိ အဓိဋ္ဌာန်ဝင်မယ်။ (၄၅)ရက် မပြည့်မချင်း တံခါးသော့ခတ်ပြီး သော့ကို သိမ်းထားပါ။ ဘယ်လိုအကြောင်းနဲ့မှ ဖွင့်မပေးပါနဲ့လို့ မှာတယ်။ ပြီးတော့ ရေတစ်အိုးနဲ့ အခန်းတွင်းဝင်ပြီး ကျင့်ကြံအားထုတ်သတဲ့။



ဆယ်တောင်ပြည့် ကမ်းကျော်စေတီ တန်ဆောင်းတွင်းမြင်ကွင်း

သီလရှင်ကလဲ သော့ခတ်ပြီး သိမ်းထားပါရဲ့။ (၄၅)ရက်ပြည့်တဲ့နေ့ကျတော့ သော့တံက ပျောက်နေတယ်။ တစ်နေကုန် ရှာပေမယ့် သော့မတွေ့လို့ ကြံရာမရတဲ့အဆုံး ချုံးပွဲချ ငိုပါလေရော။

အဲဒီမှာ အခန်းတွင်းက ဆရာတော် ဦးကေသရက "ငိုမနေနဲ့ ဆရာလေး စားပွဲစွန်းမှာ သော့ရှိတယ်လို့"ဆိုတော့မှ သွားကြည့်တော့ သော့ကို တွေ့ရတယ်။

(၄၅)ရက်လုံး ရေချည်းသောက်ပြီး အားထုတ်နေတော့ အားအင်ချည့်နဲ့နေမှာပဲဆိုပြီး အမှတ်တရ ဖြစ်ရအောင် ဓာတ်ပုံဆရာကိုလဲ ကြိုတင်ခေါ်ယူထားတယ်။ သော့ဖွင့်ပေးပြီး ဆရာတော် ထွက်လာတော့ ပိန်ချုံးချည့်နဲ့တာ မရှိဘဲ ကျန်းကျန်းမာမာ ဝဝဖြိုးဖြိုး တွေ့ရသတဲ့။

ဓာတ်ပုံ ရိုက်ကူးလိုက်တဲ့အခါ ဦးကေသရရဲ့ နောက်ခံမှာ ဦးပညာစက္က သက်တော်(၆၀)အရွယ်က ပုံတော်ပေါ်နေတာ တွေ့ရသတဲ့။

ဦးပညာစက္က မူလက ဘာသာ[illegible] လို့ဆိုတယ်။ အသက်[illegible] ရဟန်းဝတ်ပြီး [illegible]

www.burmeseclassic.com

ရသေ့ကြီးဘိုးဦးသုစန္ဒီ၊ ရသေ့ကြီးဦးခန္တီနဲ့ ရက္ခန်းစင်တောင်ဆရာတော်ကြီးတို့ဆီမှာ ပညာယူပြီး သာသနာပြုခဲ့တယ်။

သူ့သမီးဖြစ်တဲ့ ဒေါ်ရွှေဝတီက ဆန်မရှိတော့ဘူးလို့ပြောရင် (မရှိဘူး)မပြောရ။ ဆန်ကုန်နေပြီဆိုပြီး ဆန်အိုးကို ပုတ်လိုက်မှာတယ်။ အဲဒီအခါမှာ ဟိုကဒီက တစ်အိတ်၊ တစ်ဆွဲစီ ယူလာကြလို့ ဆန်အိုးကြီး ပြန်ပြည့်သွားတယ်လို့ ပြောပြခဲ့တယ်'

## နံ့လေးလုံး အလယ်သေအင်း

ဆရာတော် ဦးအာလောက ယူပြသော စာတ်ပုံနောက်ကျောတွင် ပါရှိသော အင်းမှာ **"နလေးလုံးအလယ်သေအင်း"**ဖြစ်ကြောင်း သုခကာရီ တတိယမြောက် (လက်ရှိ)ဆရာတော် ဦးဝိမလအား ဖူးတွေ့သောအခါ မိန့်ကြားတော်မူသည်။

* * *

| | | | | | |
|---|---|---|---|---|---|
| န | ဝါ | သ | ပု | ဘာ | န |
| ဘာ | ဗ္ဗ | ဝေ | တိုင်း | ဗ္ဗ | ဒွါ |
| ဒေ | ကြံ | နု | နု | ဝေ | သ |
| သ | ဝေ | နု | နု | အောင် | ဓ |
| ယာ | ဗ္ဗ | စေ | ဝေ | ဗ္ဗ | ဘာ |
| န | ဘာ | သံ | သ | မ္မာ | န |

နံ့လေးလုံးအလယ်သေအင်း

'ကြံတိုင်းအောင်စေ
သဗ္ဗဗုဒ္ဓါ နုဘာဝေန
သဗ္ဗဓမ္မာ နုဘာဝေန
သဗ္ဗသံဃာ နုဘာဝေန'

ဟူ၍ **မြင်းသွားသွင်းရသည်။** ဂါထာမန္တန် မန်းမှုတ်စရာမလို အင်းပေါက်အင်းကျိုး အင်းပြတ်ခြင်း မရှိစေရန် ဂရုစိုက်ကာ အင်းပေါင်တည်ရန်ဖြစ်ကြောင်းနှင့် ဤအင်းကို ဆောင်ထားခြင်းဖြင့် ကိစ္စအားလုံး ပြီးစီးနိုင်သည်ဟု သိမှတ်ရသည်။

မိုင်းကိုင်စက္ကူတွင် အင်းချ၍ မီးရှို့ပြာချခြင်းဖြင့်လည်း သောက်သုံးနိုင်သည်။ တိုင်ထိပ်ရှိအင်းကား အ,အလယ်သေအင်းဖြစ်သည်။

* * *

| | | |
|---|---|---|
| င ၁ | ယ ၄ | သ ၇ |
| ဝ ၆ | **အ** | ည ၂ |
| မ ၃ | ဟ ၈ | လ ၅ |

ဝ၊ ည၊ မ၊ ယ၊ လ၊ ဝ၊ သ၊ ဟ

ဟူ၍ **မြင်းသွားချပြီးလျှင်** အလယ်တွင် **"အ"**ကို သွင်းရသည်။

ကျန်းမာရေးအတွက် အကျိုးများ

| | | | | | |
|---|---|---|---|---|---|
| ၁၂ | ၃၂ | ၁၃ | ၇ | ၁၀ | ၂၀ |
| ၃၄ | ၆ | ၁၁ | ၂ | ၁၄ | ၈ |
| ၃၀ | ၁ | ၃၃ | ၉ | ၁၉ | ၂၁ |
| ၅ | ၃၅ | ၂၅ | ၁၇ | ၃ | ၁၅ |
| ၂၄ | ၃၀ | ၄ | ၂၇ | ၂၂ | ၁၈ |
| ၃၆ | ၂၆ | ၂၃ | ၂၉ | ၁၆ | ၂၈ |

အင်းဆန်သွင်းပုံ အစီအစဉ်

သည်။ လူမမာအား ဤအင်းကို (မိုင်းကိုင်စက္ကူ၌ရေး၍) ပြာချတိုက်နိုင်သည်။

## ဟိတ်ဟန်မလုပ်သော ဆရာတော်

လွန်ခဲ့သော (၆)နှစ်ခန့် မိုးဦးကျကာလတွင် ကန့်ဘလူမြို့နယ်တွင်းရှိ ရသေ့တောင်တွင် ကိုက်တစ်ရာပတ်လည်ခန့် ကျယ်ပြောသော ကျောက်ဖျာကြီးထက်တွင် မွန်စာ၊ ကရင်စာ၊ ဗမာစာ၊ တရုတ်စာ၊ အင်္ဂလိပ်စာ၊ ဟိန္ဒူစာ လုံးအက္ခရာများကို စုံလင် ထင်ရှားစွာ လေ့လာတွေ့ရှိရကြောင်း အရှင်ဝိစာရ (ပေကြီး)က လမ်းညွှန်သဖြင့် သွားရောက်လေ့လာဖြစ်ခဲ့သည်။

ကျောက်ဖျာထက်မှ အက္ခရာများကိုလည်း အံ့သြဖွယ် ပီပြင်ထင်ရှားစွာ တွေ့ရသဖြင့် မှတ်တမ်းတင် ရေးသားဖြစ်ခဲ့သည်။ ထိုမှအပြန် ရွှေဘိုသို့ ရောက်သောအခါ ရွှေဘုံသာကျောင်း ဆရာတော် ဦးဥတ္တမအား ဝင်ရောက်ဖူးမြော်သည်။

'အကာတို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ရွှေဘိုမြို့ ရွှေစေတီကိုကိုးဆူ ပူဇော်မှုခရီးဆောင်းစဉ်နဲ့ ရွှေဘုံသာဘုရားအကြောင်း ဖော်ပြပြီးတဲ့နောက် ကုသိုလ်ရှင်တွေ ပေါ်လာပြီး အရင်က အကာ ဓာတ်ပုံရိုက်သွားတဲ့ စေတီဟောင်းတွေလဲ အသစ်ပွင့်ထွန်းပြီး ကျောင်းဆောင်အသစ်တွေလဲ မြင်တဲ့အတိုင်းပါပဲ။

နှုတ်တစ်ရာ စာတစ်လုံးတဲ့။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ကုသိုလ်များပါပေရဲ့ အခုကော ဘယ်က လာတာတုံး'

'ကိုးပင် ကြာညှပ် အနားက ဓာတ်တော်တောင်၊ ကန့်ဘလူနယ်က ရသေ့တောင်တွေ လေ့လာတုန်းက ရွှေဘိုသုခကာရီကျောင်း ဆရာတော် ဦးကေသရအကြောင်း ကြားရတယ်။

လူသိများ နာမည်ကြီးတဲ့ ဒကာတွေ အများကြီး ကိုးကွယ်ဆည်းကပ်ပေမယ့် ဟိတ်ဟန်မလုပ်ဘူး။ တပည့်ဒါယကာအားလုံးကို တန်းတူပဲ ဂရုစိုက်သတဲ့။ ခုနစ်ရက်သားသမီးတွေရဲ့ ဒုက္ခတွေ ကယ်တင်ပြီး သာသနာပြုတဲ့ ဆရာတော်လို့ ဆိုကြပါတယ်'

'ဟုတ်တယ် တချို့တချို့ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com

နာမည်ကျော်ပုဂ္ဂိုလ်တွေနဲ့ လှူဖွယ်ပစ္စည်း ဆက်ကပ်ပုံတွေ၊ အတူယှဉ်တွဲပြီး ဓာတ်ပုံအရိုက်ခံတာတွေ ရှိတတ်ပေမယ့် ဦးကေသရကတော့ ဒါတွေမရှိဘူး။ ကျောင်းမှာလဲ ဆရာသမားဒကာ၊ ဒကာမပုံတွေကလွဲပြီး ချိတ်ဆွဲထားပြီးခြင်း မရှိပါဘူး။

ဒကာကြီးတွေ့သွားရင် ပြည့်စုံအောင် ကူညီပေးပါလိမ့်မယ်။ လာဖူးသူတိုင်း စိတ်ချမ်းသာအောင် ကူညီပေးတတ်ပါတယ်။ အဲဒီကပြီးလို့ မန္တလေးပြန်ဖို့ ကားမရှိတော့ရင် ကျူပ်ကျောင်းလာတည်းနိုင်တယ်နော်'

ရွှေဘိုသာဓုရာတော်က အထက်ပါအတိုင်း မိန့်ကြားတော်မူသည်။

သွားရောက် ဖူးတွေ့သောအခါ စိုးတက်များပြားလာသော ရွှေဘိုမြို့လူဦးရေအတွက် လိုအပ်နေသော မီးသဂြိုဟ်စက် ဖြစ်မြောက်ရေးအတွက် အားသွန်ကြိုးပမ်းနေချိန် ဖြစ်သည့်အပြင် စေတီပေါင်းများ မွမ်းမံရေး သာသာပြုလုပ်ငန်းများဖြင့် မအားမလပ်ရှိသည့်တိုင် အချိန်ပေး၍ မိမိအလိုရှိသည်ကို ကူညီတော်မူသည်။

ထို့ကြောင့်ပင် ဆရာတော်၏ထေရုပ္ပတ္တိအကျဉ်း လက္ခဏာပုံစံနှင့် သာသနာပြု လုပ်ငန်းများအကြောင်း ဆောင်းပါး ရေးသားပူဇော်ဖြစ်ခဲ့သည်။

မိမိထက် စောစွာ ရောက်ရှိနေသည့် ဌာနဆိုင်ရာ အရာရှိကြီးနှင့် မိသားစုအား "ခင်ဗျားတို့က အချိန်ရတယ်မဟုတ်လား၊ အေးအေးဆေးဆေးပေါ့နော်" ဟူ၍ ရယ်ပြုံးမိန့်ကြားကာ စောင့်ဆိုင်းစေသဖြင့် မိမိကပင် အားတုံ့အားနာ ဖြစ်ခဲ့ရလေသည်။

## သုခကာရီကျောင်းတော်ဆီသို့

ဖော်ပြပါအကြောင်းများ ပေါင်းဆုံကာ သုခကာရီကျောင်းသို့ လေ့လာကြည့်ရှုရန် သွားဖြစ်ခဲ့သည်။



မုဒ်တွင်းဂုပ်မှာတော်ဆု

မုံရွာမှ နံနက်စောစောထ၍ အဝေးပြေး မုံရွာ–ရွှေဘို မှန်လုံယာဉ်ဖြင့် စီးနင်းလိုက်ပါခဲ့သည်။ လမ်းထက်ဝက်ခန့်တွင်ရှိသော မြေနက်ရွာ၌ ထမင်းစား၊ ကျန်းမာရေး အနားပေးသဖြင့် ကားပေါ်မှ ဆင်းသက်ရသည်။ ပြန်ထွက်ခါနီးတွင် ယာဉ်မှူးအား စုံစမ်းကြည့်သည်။

'သုခကာရီကျောင်းကို သွားရင် ဘယ်မှာ ဆင်းရမလဲ'

'ဈေးထိပ်မှာ ဂိတ်ဆုံးပါတယ်။ အဲဒီကနေ (ဆိုင်ကယ်)ကယ်ရီ ငှားသွားရင် (၅၀၀)ကျပ် ပေးရတယ် အဘ။ ပိုမပေးရပါဘူး'

ဟူ၍ ရည်မွန်စွာ လမ်းညွှန်ဖြေကြားပေးသည်။

ရွှေဘိုမြို့ဝင်၍ ဂိတ်ဆုံးရောက်သော် ဆိုင်ကယ်သမားတစ်ဦး လာရောက်



www.burmeseclassic.com

www.burmeseclassic.com

၍...

'ကယ်ရီ ငှားမှာလား'

ဟု မေးသည်။

'မြို့ထောင့်စေတီ သွားချင်တယ်။ ဘယ်လောက်ကျမလဲ'

'တစ်ထောင်တော့ ပေးရမယ်'

'ငါးရာတော်ရောပေါ့။ ဝေးတာမှ မဟုတ်တာ'

'မဟုတ်ဘူး အတော်သေးဝေးတယ်။ ပုံမှန်ဈေးပါပဲ'

ဤတွင် အရှင်သီလစာရ မိန့်ကြားခဲ့သည်ကို သတိရမိသဖြင့် တောင်းသည့်ဈေးနှင့် လိုက်ပါခဲ့သည်။ ဦးပဥ္စင်း မိန့်ကြားခဲ့သည်ကား...

'သုခကာရီမှာ နေတုန်းက ဆရာတော်(ဦးကေသရ)ကလဲ တပည့်ရင်းအဖြစ် ပညာကုန် သင်ပေးတယ်။ ဦးဝိမလ (လက်ရှိဆရာတော်)ကလဲ သီတင်းသုံးဖော်အဖြစ် နွေးနွေးထွေးထွေး ဆက်ဆံကူညီပါတယ်။ မဖြစ်မနေ ထွက်ခွာရပေမယ့် အခြေအနေရောက်တော့ ဆရာတော်ဆီ ခွင့်ပန်တယ်။ ဆရာတော်က...

"အေး...အေး...ငါ့တပည့် ကိုယ့်အလုပ် ကိုယ်လုပ်ဖို့ အရေးကြီးတယ်"

လို့ မိန့်ပါတယ်။

အဲဒီက ထွက်လာပြီးနောက်ပိုင်း ကျုပ် မူလရည်ရွယ်ရင်းဖြစ်တဲ့ ခုနစ်ရက်သားသမီး ကယ်ဆယ်ရေး သာသနာပြုရေးမှာ ဇောက်ချလုပ်ကိုင်ရင်း အတော်အသင့် အဆင်ပြေလာတော့မှ ဆရာတော်ရဲ့စကားကို သဘောပေါက်မိတယ်'

ဟူ၍ ဖြစ်သည်။ မိမိအနေဖြင့် ရွှေဘိုသို့ လာရောက်ခြင်းသည် သုခကာရီကျောင်းနှင့် ဆရာတော်များအကြောင်း လေ့လာပူဇော်ရန်ဖြစ်သည်။ အရောင်းအဝယ်ပြုရန် မဟုတ်ပေ။ မိမိအလုပ်အဆင်ပြေစေရန် များလွန်းခြင်းမရှိသော ငွေပမာဏအတွက် ဈေးဆစ် အချိန်ဖြုန်းခြင်း မပြုလိုသောကြောင့်ဖြစ်သည်။

ထိုလူက အောင်ဇေယျလမ်းမကြီးမှ အရှေ့ဘက်သို့ ချိုးကွေ့ကာ မြေလမ်းဆင်ခြေဖုံးရပ်ကွက်များအတွင်း အတန်ကြာအောင် ကွေ့ပတ်ပြီးမှ ရွှေဘုံသာကျောင်းအနီး၌ အောင်ဇေယျလမ်းသို့ ပြန်ဝင်ကာ မြို့ထောင့်စေတီသို့ ပို့ပေးလေသည်။

မြို့ထောင့်အနီးရှိ သုခကာရီကျောင်းသို့ ရောက်သောအခါ လက်ရှိဆရာတော် ဦးဝိမလက သုခကာရီကျောင်း ပေါ်ပေါက်ခဲ့ပုံနှင့် ဆရာတော်များအကြောင်း ရှင်းလင်းမိန့်ကြားပေးတော်မူပါသည်။

## ပထမဆရာတော် ဦးပညာစက္က

သုခကာရီကျောင်းတည် ဆရာတော် ဦးပညာစက္ကသည် ၁၂၄၅ ခုနှစ်တိုင်အောင် ဝါခေါင်လဖွားဖြစ်၍ ရွှေဘိုမြို့ပြင်ဈေးရပ်ဇာတိဖြစ်သည်။ ခမည်းတော်၊ မယ်တော်များကို မသိရပါ။ အသက်(၆၀)အရွယ်တွင် (၁၃၀၅ ခုနှစ်အချိန်) စစ်ကိုင်း အရှေ့ကုဋ္ဌာသယချောင်ဆရာတော် ဦးပညာအားဥပဇ္ဈာယ်ပြုကာ ရဟန်းဘောင်သို့ ရောက်ရှိသည်။

အဘအောင်မင်းခေါင်၊ ရသေ့ကြီးဘိုးသုစန္ဒီ၊ ရသေ့ကြီးဦးခန္တီတို့ထံတွင် ပညာသင်ယူ၍ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

၁၃၀၉ ခုနှစ်၊ တပေါင်းလပြည့်ကျော်(၆)ရက် တနင်္ဂနွေနေ့ နံနက်(၉)နာရီအချိန်တွင် ယခု သုခကာရီကျောင်းနေရာတွင် အဘအောင်မင်းခေါင် ဦးစီး၍ ဆယ်တောင်ပြည့် နှစ်ကျိပ်ရှစ်ဆူကပ်ကျော်စေတီတော်ကြီး ပန္နက်ချတည်ဆောက်ရာတွင် ပါဝင်ခဲ့သည်။ စေတီတော်ကြီး တည်ပြီးနောက် ဦးပညာစက္ကသည် အနယ်နယ်သို့ လှည့်လည်ကာ သာသနာပြု တာဝန်များ ထမ်းဆောင်ခဲ့သည်။

၁၃၂၄ ခုနှစ်တွင် ကပ်ကျော်စေတီအနီး တဲကျောင်းဖြင့် သီတင်းသုံးရာ သမီးဖြစ်သူက ဒေါ်ရှုပဝတီ ဘွဲ့မည်ဖြင့် သီလရှင်ဝတ်ကာ ဝေယျာဝစ္စများ ကူညီဆောင်ရွက်ပေးခဲ့သည်။

ဘိုးတော် အောင်မင်းခေါင်ကျောင်းဟု ခေါ်တွင်ကြသည်။ နောင်သော် ရွှေဘိုဝေဠုဝန်ကျောင်း ပထမဆရာတော် ဘိုးသောမက လောကီလောကုတ္တရာ နှစ်ဖြာအကျိုးဆောင်သော သုခကာရီကျောင်းတိုက်ဟု ဘွဲ့မည်ပေးသဖြင့် သုခကာရီတိုက်တည် ပထမဆရာတော် ဦးပညာစက္က ဖြစ်လာသည်။

ဆရာတော်သည် ၁၃၀၅ ခုနှစ်မှ ၁၃၃၆ ခုနှစ်တိုင် (၃၁)နှစ်မျှ သာသနာပြုတော်မူ၍ ၁၃၃၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၂)ရက် နေ့လယ်တွင် ပျံလွန်တော်မူခဲ့သည်။ သက်တော်(၉၁)နှစ်၊ ဝါတော်(၃၁)ဝါတွင် တစ်ဘဝခန္ဓာ သိမ်းသည်။

ဆရာတော်၏ မြေးတော်စပ်သူ ဦးဝိမလ(လက်ရှိ တတိယဆရာတော်)သည် အသက်(၈)နှစ်သားအရွယ် ၁၃၃၁ ခုနှစ်တွင် သုခကာရီကျောင်း၌ ရှင်သာမဏေဝတ်ကာ ဆရာတော် နှစ်ပါးထံမှ ပညာအမွေများ ဆက်ခံယူခဲ့ရလေရာ ဦးပညာစက္ကနှင့် ပတ်သက်၍ သူ မှတ်မိသမျှ မိန့်ကြားတော်မူသည်။

ရွှေလ ဆက်ဖတ်ပါရန်


ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

# ဝေဒိသာကု ဂါထာပလ္လင်



| | | | | | | | |
|---|---|---|---|---|---|---|---|
| ဝေ | ဒိ | သာ | ကု | ကု | သာ | ဒိ | ဝေ |
| | ယ | သာ | ဒ | ဒ | သာ | ယ | |
| | | ဗိ | ကု | ကု | ဗိ | | |
| | | | ဘု | | | | |
| | | ဗိ | ကု | ကု | ဗိ | | |
| | ယ | သာ | ဒ | ဒ | သာ | ယ | |
| ဝေ | ဒိ | သာ | ကု | ကု | သာ | ဒိ | ဝေ |

အနုလုံ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဘု | ကု | ဒ | ကု | ကု | ဒ | ကု | ဘု |
| | ဗိ | သာ | သာ | သာ | သာ | ဗိ | |
| | | ယ | ဒိ | ဒိ | ယ | | |
| | | | ဝေ | | | | |
| | | ယ | ဒိ | ဒိ | ယ | | |
| | ဗိ | သာ | သာ | သာ | သာ | ဗိ | |
| ဘု | ကု | ဒ | ကု | ကု | ဒ | ကု | ဘု |

ပဋိလုံ

ကလ္လာသယဂါထာ၊ နွားမဝှက်ဂါထာ၊ အန္တရာယ်ကင်းဂါထာ စသည်ဖြင့် နာမည်အမျိုးမျိုးနှင့် မိမိတို့ အတွေ့အကြုံ အဖြစ်အပျက်များကို ရေးသားတင်ပြထားသော ဝေဒိသာကုဂါထာ၏ အကျိုးအာနိသင် ဆောင်းပါးတို့ကို မဂ္ဂဇင်းများ၌ မကြာခဏ တွေ့မြင်ဖတ်ရှုရလေသည်။

မိမိတို့ ဉာဏ်ရှိသလို အသုံးပြု၍ မပြတ်ရွတ်ဖတ်နေကလည်း ဂါထာ၏ တန်ခိုးအာနိသင်မှာ အလွန်မတန် ထက်မြက် အကျိုးရှိလှပေသည်။

ကျွန်ုပ်သည် လွန်ခဲ့သော (၇)နှစ်ကျော်လောက်က ဂါထာဇယားကွက်ကလေးတစ်ခုကို တွေ့ရှိဖတ်ရှုရာမှ မိမိအတွေးဉာဏ်၌ ပေါ်လာသော ဝေဒိသာကုဂါထာကလေးကို အာနိသင် ထက်မြက် အကျိုးရှိစေရန် မှတ်တမ်းတင် ရေးသားထားသည့် အနုလုံ ပဋိလုံ ပလ္လင်ဇယားကွက်ကလေးကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်အတွက် ဝါသနာပါ စိတ်ဝင်စားသူများ မိမိတို့ ဉာဏ်ရှိသလို လေ့လာအသုံးပြုနိုင်ရန် ရေးသားတင်ပြလိုက်ရပါသည်။

ဝေဒိသာကု ကုသာဒိဝေ၊ ဒိယသာဒ ဒသာယဒိ။

သာသာဒိကု ကုဒိသာသာ၊ ကုဒကုဘု ဘုကုဒကု။

**မှတ်ချက်။** ။ ဒုတိယပါဒ **"ဒိယသာဒ"**၌ **"ဒိယသာတ"**ဟု (တ)အက္ခရာနှင့် မှုကွဲရှိသည်။

ဦးပညာသိရီ(နတ်မောက်)

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးပါရဂူဘွဲ့ရ
ဆရာ Y [illegible]
လိုင်စင်-၁/၂၀၁၃
[illegible] (၁၂၅၁)]

မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင်ရှာ"** ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဉ်ကပတ်ပြီး ပြုံးခဲ့မိပါတယ်။

အလေးအနက် မထားမိရိုး အမှန်ပါ။ ဒါပေမယ့် ဝန်းသတင်းလေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့ အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှီးဆော်တင်ပြလိုက်ပါတယ်။


ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါ [illegible]အဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ [illegible]ကိုယ် ရင်၏ အတွင်းသားမြွတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံ [illegible]သည့်ရှိပါတယ်။ လူခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယ [illegible] အဓိကအကျဆုံး ဖြစ်ပါတယ်။

[illegible] သည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး [illegible] အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့် [illegible] ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်[illegible] သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြု[illegible] သွေးကြောအားလုံးကို ပို့ဆောင်[illegible] မှားပါဘူး။

[illegible] အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ [illegible] အဓိကကျပါတယ်။** လေအားနည်းရင် [illegible] နှလုံးသွေးဟာ [illegible] နှလုံးသွေး[illegible] အားနည်းလာပါတယ်။

အဲဒီအခါ **[illegible] ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိရှိနိုင်ခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးရှုံခြင်း၊ [illegible]ခြင်း




တို့ဟာ သိတန့်ဥဏှ ဝိရောဓိပစ္စယကြောင့် ဖြစ်လာရခြင်းပါ။ အချိုအဆိမ့် အဆီးအစေးများသော အစာအာဟာရများ လွန်ကျူးစွာ စားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ စီးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ ဖိမ်ခံမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေပူ မီးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာ လှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေးအားနည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးရှူး၍ အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျုန်၊ မီးယပ်ငုပ်ခြင်း စသည့် ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေးငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဉ် သောက်သုံးခြင်းဖြင့် ဘာကြောင့် မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချီ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။


ပင်ရင်း

**တန်ခိုးရှင် ဆေးတိုက်**

အမှတ်-(၁၉၂)၊ ဈေး(ဂ)လမ်း (ည)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၈၆၃၅၂၅၇


// မြောင်းမြ မောင်ယဉ်တင့်



www.burmeseclassic.com

www.burmeseclassic.com

ရင့်သာမော ဆတ်သွားတော့မှ

# ကျွန်ုပ်၏ ဘုံကျော်တောရဆီသို့ (၁)




(၁၂)တောင်ပြည့်စေတီ

### မိတ်ဆက်

တောင်တွင်းကြီးနယ်သို့ စာပေခရီးနှင်မည်ဖြစ်ရာ စာတည်းချုပ်က စာစီထားပြီးဖြစ်သော ဆောင်းပါးတစ်စောင်ကို ဖတ်ရှုစေသည်။ ဦးသန်းစိုး(ချောင်းနက်)ရေးသားသည့် **"ကျွန်တော်ဖူးတွေ့ဖူးသော ထူးခြားရဟန်းတော်"** ဆောင်းပါး ဖြစ်သည်။

တောင်တွင်းကြီး မြို့နယ်တွင်းရှိ တောရစာသင်တိုက်တစ်ခုမှ ဆရာတော်အကြောင်း ဖြစ်သည်။ ယင်းဆောင်းပါး၌...

ဆရာတော်သည် တည်ငြိမ်အေးဆေးသော အင်္ဂါရုပ်တော်ရှိ၍ စကားပြော အေးဆေး၏။ မိတ်ဆွေသင်္ဃာ ဒါယကာ, ဒါယိကာမများနှင့် စကားစပ်မိတိုင်း တရားသဘောများ ထိမြဲ ဟောကြားမြဲ ဖြစ်သည်။

စာသင်သားများအား စာဝါပို့ချကာ အချိန်ရတိုင်း အာနာပါနအလုပ်ကို လုပ်နေသည်။ တစ်ပါးကျောင်းနိမ့်ကလေးတွင် သီတင်းသုံးကာ ပဋိပတ္တိ သာသနာ တရားကျင့်ကြံအားထုတ်မှု အကျိုးချမ်းသာကို ခံစားလျက်ရှိပါသည်။

ပရိယတ္တိတွင် ရန်ကုန်မြို့ကြီးမှ မွေကထိက ဆရာတော်များဖြစ်ကြသော အရှင်ဆေကိန္ဒ အရှင်ဆန္ဒာဓိကတို့အား ပဌာန်းစာဝါများ သင်ကြားပို့ချပေးဖူးပါသည်။ ဆရာတော်က လာဘ်လာဘ အလိုမရှိပါ။ ရှိသမျှလာသမျှနှင့် ရောင့်ရဲတင်းတိမ်လွယ်ပါသည်။

စာသင်တိုက် ဖွင့်လှစ်ထားသော်လည်း လူအဝင်အထွက် များပြားစည်ကားမှုကို အလိုမရှိပါ။ စာသင်သား ရဟန်းသာမဏေများ၏ ဆွေမျိုးများ မကြာခဏ လာရောက်ပါက နှောင့်ယှက်မည်ကိုစိုး၍ နောင်မလာကြရန် တားမြစ်ပါသည်။

ဆရာတော်ကိုယ်တိုင်နှင့် စာသင်သားအားလုံးတို့ကို ဆိုင်ကယ်စီးနင်းခြင်း မပြုရန် စည်းကမ်း သတ်မှတ်ထားသည်။ ကျောင်းတွင်း ရှင်ပြုရဟန်းခံပွဲများ၌ အသံချဲ့စက် ဖွင့်ခွင့်မပြုပါ။

ကျောင်းတွင်း၌ စာဖတ် တအံသံမှ

www.burmeseclassic.com



◆ ဆရာတော်ဦးအာစိဏ္ဏရုပ်တု

လွဲ၍ စကားပင်.ကျယ်ကျယ် ပြောခွင့်မရှိပါ။ ကိုရင်ငယ်ကလေးများ ပြေးလွှားဆော့ကစားမှု မရှိပါ။

ကျောင်းကိစ္စအဝဝကို စာချဆရာအား လွှဲအပ်ထားကာ ဆရာတော်တစ်ပါးတည်း လူသူဒါယကာများနှင့်ကင်းဝေးရာ၊ ကျောင်းပရိဝုဏ်နှင့် ဝေးရာတွင် သီတင်းသုံးလေ့ရှိသည်။ ဘာသာရေး စာပေများ ရေးသားပါသည်။'

စသည်ဖြင့် ရေးသားကာ ကျောင်းဝင်းအခြေအနေ သာယာလှပပုံတို့ကို ဖွဲ့နွဲ့ပြီးနောက် ဆရာတော်၏ ဘွဲ့မည်၊ ကျောင်းအမည်တို့ကို ထုတ်ဖော်ခွင့်မပြုပါ။

ဆရာတော်ကို တွေ့မြင် ဖူးမြော်လိုပါက ဤစာရေးသူထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်ဟူ၍ သူ၏ လိပ်စာအပြည့်အစုံ ဖော်ပြထားလေသည်။

## ရဂုံသာမော ဆတ်သွားတော

ရန်ကုန်–တောင်တွင်းကြီး အဝေးပြေးယာဉ်ဖြင့် စီးနင်းလိုက်ပါလာခဲ့ရာ ရောင်နီပျိုးစအချိန်တွင် "ဆတ်သွားဆင်းမယ့်သူရှိရင် အဆင်သင့်ပြင်ထားပါခင်ဗျား"ဟူသော ယာဉ်အကူ၏ သတိပေးသံကြောင့် ဝန်းကျင်ရှုခင်းကို သတိထားကြည့်မိသည်။

သစ်ပင်ကလေးများ အစီအရီနှင့် ကျောင်းဆောင်ကလေးများ၊ အမှိုက်သစ်ရွက်များ ကင်းစင်၍ ဆိတ်ငြိမ်အေးချမ်းလှသော ကျောင်းဝင်းကလေးကို တွေ့ရသည်။

မကြာမီမှာပင် **"ဂန္ဓာရုံဘုံကျော်တောရကျောင်းတိုက်"**ဟူသော မုခ်ဦးကမ္ပည်းကို ဖတ်ရှုရသည်။ အထူးစိတ်ဝင်စားဖွယ် ကောင်းလှသဖြင့် တောင်တွင်းကြီးမြို့သို့ ရောက်သော အခါ ဆိုင်ကယ်တစ်စီးငှား၍ ဆတ်သွားရွာဆီသို့ ပြန်လာခဲ့သည်။

ဆတ်သွား ဘူတာရုံလမ်းတွင် မိတ်ဆွေဟောင်းတစ်ဦးနှင့် အမှတ်မထင် တွေ့ဆုံဖြစ်သည်။ အထက်တန်းပြဆရာမ၊ ကလောင်ရှင် အဆွေကြည်ဖြစ်သည်။ ဘာသာရေး ဆောင်းပါးများ အရေးများ၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၌လည်း ဖါဝင်ရေးသားဖူးသည်။

၂၀၀၀ ပြည့်နှစ်မတိုင်မီ နှစ်များက ရွာသစ်တောရ မဟာစည်ရိပ်သာ တွေ့ဆုံ သိကျွမ်းခဲ့သူဖြစ်လေသည်။

သူ၏ အကူအညီဖြင့် ဂန္ဓာရုံဘုံကျော် တောရအကြောင်း စိတ်ဝင်စားဖွယ် သိရှိရသည်။ ဘုံကျော်တောရကို ၁၂၉၂ ခုနှစ် **ဆရာတော်ဦးအာစိဏ္ဏ**က လေးတိုင်စင် တဲကျောင်းကလေးဖြင့် စတင် သီတင်းသုံးကာ ထူထောင်ခဲ့သည်။

www.burmeseclassic.com

တောရသို့ ရောက်လာကြသည့် ရဟန်းရှင်လူပရိသတ်ကို အာနာပါနရှုမှတ်နည်းကို အခြေခံကာ သတိပဋ္ဌာန်တရားတော်များ ဟောကြားပြသပေးသည်။

ဆရာတော်၏ အားထုတ်မှုကြောင့် ဘုံကျော်တောရ သို့ ရွာနီးချုပ်စပ်မှသာမက တောင်တွင်းကြီး၊ အောင်လံ၊ မကွေး၊ တောင်ငူ၊ ပျဉ်းမနား စသည့်မြို့များမှ ယောဂီများ လာရောက်၍ တရားအားထုတ်ခဲ့ကြသည်။

ဆရာတော် ဦးအာစိဏ္ဏ တောရ ဆောက်တည်စဉ်က ဆတ်သွားရွာနှင့် တစ်မိုင်ခန့်ဝေးသော တောရဂုံပင်ဖြစ်သော်လည်း ယခုအခါ တောရအနီး၌ လူနေအိမ်ခြေ စည်ကားစွာ မြင်တွေ့ရလေသည်။

ဦးအာစိဏ္ဏသည် နှစ်ပေါင်း(၄၀) ကျော်မျှ ပဋိပတ္တိသာသနာကို ပြုစုဖြန့်ဝေကာ ၁၃၃၆ ခုနှစ်ခန့်တွင် ပျံလွန်တော်မူရာ **ဒုတိယဆရာတော်ဦးဇနိတ**က ဆက်လက် တာဝန်ယူခဲ့သည်။

ထိုဆရာတော် လက်ထက်တွင် ပရိယတ္တိစာဝါများ ပို့ချပေးခြင်းဖြင့် စာသင်တိုက် စတင်ခဲ့သည်။ (၁၃)နှစ်မျှ အကြာတွင် ဦးဇနိတ ပျံလွန်တော်မူသဖြင့် **လက်ရှိဆရာတော် ဦးဝိလာသ**က ၁၉၈၇ခုနှစ်၊ ဒီဇင်ဘာလတွင် ကြွရောက်ကာ တတိယဆရာတော်အဖြစ် တာဝန်ယူသည်။

အစပိုင်းတွင် စာသင်သားနှင့် ဒါယကာပရိသတ် နည်းပါးသော်လည်း ဆရာတော်၏ ကြိုးစားမှုကြောင့် တစစ တိုးတက်လာကာ ယခုအခါ စာသင်သား ရဟန်းသာမဏေ အပါး(၁၂၀)ခန့်ရှိကာ အရုဏ်ဆွမ်း၊ နေ့ဆွမ်း လှူဒါန်းသူများမှာ နှစ်လခန့် ကြိုတင်စာရင်းပေးသွင်းထားရကြောင်း သိရသည်။



▲ ဆရာတော်ဦးဝိလာသ အမရပူရ၌ တရားဟောစဉ်

ဆရာတော်ဦးဝိလာသနှင့် စာချဆရာတော် ဦးသုမနတို့သည် ဓမ္မဆောင်းပါးများ ရေးသားကြ၍ စာရေးဆရာများကိုလည်း ခင်မင်လေ့ရှိသဖြင့် သွားရောက် ဖူးတွေ့သင့်ကြောင်း အဆွေကြည်က အကြံပေးလေသည်။ သူသည်လည်း ဘုံကျော်တောရ၏ ဆွမ်းဒါယိကာမတစ်ဦး ဖြစ်ကြောင်း သိရ၏။

## ဖူးတွေ့ရစဉ်

ဆတ်သွားရွာအနီး တောတန်းကလေးအဖြစ်မှ အေးချမ်း ဆိတ်ငြိမ်သော တောရသာသနာမြေအဖြစ် ပြောင်းလဲလာသည့် ဘုံကျော်တောရအတွင်း ဝင်ရောက်ကာ စာချဆရာတော် **ဦးသုမနသာရာလင်္ကာရ**အား ဖူးတွေ့ရသည်။

ဆရာတော် ရေးသားသည့် ဓမ္မစာစောင်အချို့ စွန့်လှူကာ တောင်တွင်းကြီးမြို့နယ်အတွင်း မိမိသိလိုသော နေရာဒေသများအတွက် သိရှိသူ လမ်းညွှန် ကူညီပေးတော်မူသည်။

ထို့အပြင် ဆရာတော် ဦးဝိလာသ



www.burmeseclassic.com

www.burmeseclassic.com




◆ ဂန္ဓာရုံဘုံကျော်တောရမုခ်ဦး

အားလည်း ဝင်ရောက် ဖူးမြော်သင့်ကြောင်း သာမဏေတစ်ပါးဖြင့် လမ်းညွှန်ပေးတော်မူသည်။

ကျောင်းဝင်းအတွင်း သိမ်တော်တွင် သီတင်းသုံးတော်မူသည့် ဆရာတော် ဦးဝိလာသအား ဖူးမြော်ရာ ရင်းနှီးခင်မင်စွာ ကြိုဆို၍ လိုအပ်သမျှ ကူညီပေးတော်မူသည်။

ဆရာတော် ရေးသားသည့် စာစောင်အချို့နှင့် ဘုံကျော် ပထမဆရာတော် ဦးအာစိဏ္ဏ၏ ထေရုပ္ပတ္တိအကျဉ်း (ဆရာတော်ကိုယ်တိုင် ရေးသားထားသည်။)စာတန်းကိုလည်း စွန့်လှူတော်မူသည်။

ထိုစဉ်ကာလတွင် ဦးသန်းစိုး (ချောင်းနက်)၏ တယ်လီဖုန်းနံပါတ်ကို တွေ့ရှိရသဖြင့် ဆက်သွယ်မေးမြန်းကြည့်ရာ သူ၏ ခေါင်းပါးပါ **ထူးခြားရဟန်းတော်မှာ ဂန္ဓာရုံဘုံကျော်ဆရာတော်ဦးဝိလာသပင်** ဖြစ်ကြောင်း အံ့ဩတိုက်ဆိုင်စွာ သိရှိရလေသည်။

'ဦးသန်းစိုးနဲ့လဲ ရင်းနှီးပါတယ်။ သူက ဘာတွေ ရေးထားလို့လဲ'

'အရှင်ဆေကိန္ဒ၊ အရှင်ဆန္ဒာမိက တို့ကို ဆရာတော်ကြီးက ပဋ္ဌာန်းစာဝါ သင်ကြားပို့ချပေးဖူးတယ်လို့ ဆိုပါတယ် ဘုရား'

'အခုအချိန်အထိလဲ ဘုန်းကြီးကို ဆရာအနေနဲ့ ဆည်းကပ်ပြီး ပညာယူဆဲပါ ဒကာ။ နောက်ပြီး ကျောင်းမှာ စာတက်တဲ့ ကိုရင်တွေရဲ့ ဆွေမျိုးတွေ မကြာခဏ လာတွေ့ရင် တားမြစ်လေ့ရှိတယ်တဲ့။

သူတို့ ခဏခဏ လာနေရင် စာသင်သားမှာ စာဖတ်ချိန် လျော့မယ်။ စာဝါ စိတ်ဝင်စားမှု အားနည်းသွားမှာစိုးလို့ တားမြစ်ရပါတယ် ဒကာ။ ကဲ အချိန်လဲ တန်ပြီမို့ ထမင်းစားလိုက်ပါဦး။ ကျောင်းပေါ်မှာ အဆင်သင့်ပဲ'

'ဆတ်သွားဘူတာရုံ ဆိုင်တန်းမှာ ဝင်စားခဲ့ပါတယ် ဆရာတော်ဘုရား'

'ဟုတ်ရဲ့လား အားနာလို့ ထင်ပါရဲ့ ထပ်စားပါဦး'

'တကယ်စားခဲ့ပြီးပါပြီ ဘုရား။ အားနာလို့ မဟုတ်ပါဘုရား'

'ဒါဖြင့် ဒီအသီးတွေတော့ စားပါ'

ဆရာတော်က နေ့ဆွမ်းဘုဉ်းပြီးနောက် ကျန်ရှိသော အချိုပွဲများကို ချပေးသဖြင့် လေးစားသောအားဖြင့် စားသုံးဖြစ်ခဲ့သည်။

ဆရာတော်က ဆက်လက်၍ သတိပဋ္ဌာန် တရားတော်များကို နားလည်လွယ်သော ဝေါဟာရဖြင့် ရှင်းလင်းဟောကြားပေးတော်မူကာ နောက်ဆုံးတွင်...

'ဒကာကြီး အကျဉ်းချုပ်မှတ်ဖို့က **"ရှူတာသိ၊ ထုတ်တာသိ၊ ရှူတာထုတ်တာ သိအောင်ကြည့်"** ဆိုတဲ့ မှတ်မိအောင် ထပ်ဆိုလိုက်ပါဦး'

ယင်းနောက်တွင် ဆရာတော် ကြွ



www.burmeseclassic.com

www.burmeseclassic.com

ရောက် တရားဟောရာ၊ သီတင်းသုံးရာ နေရာဒေသများမှ မှတ်တမ်းဓာတ်ပုံများ ထုတ်ယူရှင်းပြပေးသည်။

'ဒကာကြီး ဓာတ်ပုံဖော်ပြချင်ရင် ဒီပုံကို ရိုက်သွားပါ။ တပည့်နှစ်ပါးနဲ့ ရိုက်ထားတာ။ ဝဲဘက်စွန်က **တိပိဋကဓရကဏ္ဍာဓဆရာတော် အရှင်ဝိရိယာနန္ဒ၊ အလယ်က ဂန္ဓာရုံဘုံကျော်ဆရာတော် ဓမ္မဝိလာသ**(ဆရာတော်ကိုယ်တိုင်ဖြစ်၏။)၊ ယာဘက်က ဘုံကျော် **စာချဆရာတော် အရှင်သုမနသာရာလင်္ကာ** ဟူ၍ စာရွက်လွတ်တွင် ကိုယ်တိုင် ရေးသားပေးတော်မူသည်။ **ဓမ္မဝိလာသ**မှာ ဆရာတော်၏ ကလောင်အမည် ဖြစ်ကြောင်း သိရသည်။

## ကျောင်းဝင်းအတွင်း၌

ထို့နောက် ကျောင်းဝင်းအတွင်း လှည့်လည် လေ့လာကြည့်ရာ ဆရာတော် သီတင်းသုံးသည့် သိမ်တော်၏ အရှေ့ဘက်တွင် တစ်ပါးကျောင်း အုတ်တိုက်များအထက်၌ စေတီငယ်များ ဖူးတွေ့ရသည်။

'ဆရာတော်ဘုရား ဒါတွေက စေတီလား၊ ကမ္မဋ္ဌာန်းဂူလားဘုရား'

'မူလဆရာတော်ကြီး လက်ထက်ကတည်းက ရှိခဲ့တာပါ။ အရင်က လိုဏ်ပါ စေတီငယ်ကလေးတွေပေါ့။ ဘုန်းကြီးလက်ထက်မှာ အောက်ခြေလိုဏ်ကို ချဲ့ပြီး မွမ်းမံထားတယ်။ တစ်ပါးတည်း လွတ်လွတ်လပ်လပ် စာဖတ်လိုက ဖတ်၊ တရားကျင့်လိုက ကျင့်နိုင်တာပေါ့'

'ဆရာတော် ကျောင်းမှာ တရားစခန်းတွေ ဖွင့်ဖြစ်သလားဘုရား'

'စာသင်တိုက်ကိုပဲ ဝါယမစိုက်နေရတာမို့ တရားစခန်းတော့ မဖွင့်ဖြစ်ပါဘူး'

'အရှင်ဘုရားက ဘာနည်းနဲ့ အားထုတ်ပါသလဲ'

'မူလက ဝေဘူဆရာတော်ရဲ့ နည်းနဲ့ စခဲ့တယ်။ နောက်တော့ မဟာစည်နည်းနဲ့ ဝေဘူနည်းကိုပေါင်းပြီး အားထုတ်တယ်။ နည်းနာ ဆရာအစွဲမထားပါဘူး။ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းနဲ့ မေတ္တာကမ္မဋ္ဌာန်းကို အဓိက ထားပါတယ်။ ဂန္ဓာရုံနည်းလို့ ဆိုရမှာပေါ့။

ဘုန်းကြီးက ဂန္ဓာရုံတိုက်ထွက်ဆိုတော့ မူလဘုံကျော်တောရကို "ဂန္ဓာရုံဘုံကျော်တောရ" လို့ပြီး ပြောင်းခဲ့တာပါ။ ခင်ဦးမြို့သားမို့ ကမ္မဋ္ဌာန်းလက်ဦးဆရာက ဝေဘူဆရာတော်ကြီးပါ'

သိမ်တော် အနောက်ဘက်တွင် စံကျောင်းတော်ရှိ၍ ၁၃၃၁ ခုနှစ် ဟူသော ကမ္ပည်းကို တွေ့ရသည်။ ပထမဆရာတော်လက်ထက်က တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ကျောင်းဝင်း တောရမြေအတွင်း အရိပ်ရပင်များဖြင့် အေးချမ်း၍ သစ်ပင်များအကြား ဆွမ်းစားကျောင်း၊ ဆွမ်းချက်ဆောင်၊ စာချကျောင်းဆောင်စသည်တို့ကို အစီအရီ တွေ့ရသည်။



(ဝဲ)တိပိဋကဓရ ကဏ္ဍာဓ ဆရာတော် အရှင်ဝိရိယာနန္ဒ

(လယ်)ဘုံကျော်ဆရာတော်အရှင်ဓမ္မဝိလာသ

(ယာ)ဘုံကျော်စာချဆရာတော် အရှင်သုမနသာရာလင်္ကာရ

သိမ်မျက်နှာစာ၊ မြောက်ဘက်အရပ်တွင်ကား ဂန္ဓကုဋိတန်ဆောင်း တစ်ဆောင်ရှိ၍ အတွင်း၌ ဉာဏ်တော်အမြင့် (၁၂)တောင်ခန့်ရှိသည့် စေတီတော်ကို ဖူးတွေ့ရသည်။ စေတီအနီး အရှေ့ဘက်၌ ပထမ ဘုံကျော်ဆရာတော် ဦးအာစိဏ္ဏ၏ ရုပ်တုတော်ကို ပူဇော်ထားကာ တန်ဆောင်းနံရံထောင့်၌ စေတီငယ်သုံးဆူတန်းကို ဖူးတွေ့ရသည်။

ဆရာတော်ဦးအာစိဏ္ဏသည် ဤတောရ၌ သီတင်းသုံးစဉ် ဝိပဿနာယောဂီများ တောင်းပန်သဖြင့် သမထဝိပဿနာဆိုင်ရာ"**ကမ္မဝိဘင်္ဂသခေပ**" ကျမ်းကို ရေးသားတော်မူခဲ့သည်ဟု သိရှိရသည်။

ရှေ့လ ဆက်ဖတ်ပါရန်

ဘုန်းကျော်စွာ

(မြိုင်တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

နနွင်းဖြူ သို့မဟုတ်

# ဝိဇ္ဇာဂမုန်း သက်ရှည်ဆေး

ကုလားမတောင်တန်းပေါ် သူတော်ဦးဉာဏလက်စွဲ ဆံပင်ဖြူခြင်းကို ကာကွယ်၍ အားအင် ပြည့်ဖြိုးစေကာ အစာအိမ်နှင့် ဝမ်းတွင်းအင်္ဂါများ သန့်ရှင်းစင်ကြယ်စေသည့် ဆေးဖြစ်သည်။


အရွက်နှင့် အပင်၏ ပုံသဏ္ဌာန်မှာ နနွင်းပင်နှင့် ဆင်တူသဖြင့် **"နနွင်းဖြူ"**ဟူ၍ လည်းကောင်း၊ **"ဝိဇ္ဇာဂမုန်း"**ဟူ၍ လည်းကောင်း ခေါ်ဝေါ်ကြသည်။

ဥများမှာ စိမ်းစားဥသဏ္ဌာန် လေး၊ငါးလုံး တွဲ၍နေကြသည်။ ဥမကြီးတစ်ဥသာ အစာသိုလှောင်၍ ကျန်ဥများမှာ ရေကိုသိုလှောင်ထားသော အရံဥလဥများ ဖြစ်ကြသည်။

ကျောက်သားဆန်သော နုန်းမြေဓာတွင် ပေါက်ရောက်၍ အနံ့မှာ ကွမ်းစားဂမုန်းကဲ့သို့ သင်းပျံ့ပျံ့ကလေး ဖြစ်သည်။

နနွင်းဖြူဥများအား ပါးပါးလှီး အမှုန့်ထောင်းကာ ပျားရည်နှင့်တေ၍ မန်ကျည်းစေ့ခန့် နေ့စဉ် စားပေးပါက **အစာအိမ်လေရောဂါနှင့် ပတ်သက်၍ လည်းကောင်း၊** ဆံဖြူ အရွယ်လွန်ခြင်းကို လည်းကောင်း ကာကွယ်ပေးသည်ဟု ဆိုသည်။

ဆေးသုတေသီ



နနွင်းဖြူ သို့မဟုတ် ဝိဇ္ဇာဂမုန်းပင်



www.burmeseclassic.com

www.burmeseclassic.com

ယခုနှစ် သင့်အတွက်

# ထီပေါက်ကိန်း ရှိ၊ မရှိ တွက်နည်း



"လုံထမ်းလာသည်ကိုသာ မြင်ရ၏။ ကံထမ်းလာသည်ကိုတော့ မမြင်ရပေ"ဟု ဆိုရိုးစကား ရှိခဲ့သော်ငြားလည်း...

"အကြံကောင်းလျှင် တစ်သက်၊ ကံကောင်းလျှင် တစ်ချက်"ဟု စကားအရ မိမိ၏ ကံဇာတာကို မြင်အောင် တွက်ကြည့်နိုင်သည့်နည်းတွေ ရှိပါသည်။

ထိုတွက်နည်းတွေထဲမှ မိမိအတွက် ယခုနှစ် ထီပေါက်ကိန်းရှိမရှိ သိအောင် တွက်ကြည့်သည့်နည်း ဗေဒင်လောကမှာ အများကြီး ရှိပါ၏။

ယခု စာရေးသူ တင်ပြမည့် နည်းတစ်နည်းသည် လွယ်ကူစွာ တွက်ကြည့်၍ သိနိုင်သောနည်းဖြစ်၍ အထင်တော့ မသေးသင့်ပေ။

ရှေးဆရာ့ဆရာကြီးများသည် လက်တွေ့ကိန်းဆင်တွက်ချက်ကာ မှန်ကန်မှုများစွာကို တွေ့ရှိသဖြင့်လည်း နောင်လာနောက်သားတို့အတွက် ယခုကဲ့သို့ လွယ်ကူစွာ တွက်ကြည့်သိရှိနိုင်ကြစေရန် စေတနာအမှန်နှင့် မှတ်တမ်းတင်၍ ထားခဲ့ကြသော တွက်နည်းဖြစ်ပါသည်။

ထို့ကြောင့် မှန်ကန်၍ လွယ်ကူသော နည်းကောင်းတစ်ခုအဖြစ် တွက်နည်းနှင့်အတူ နမူနာတွက်ပုံတို့နှင့်အတူ စာရေးသူမှတစ်ဆင့် ဖော်ပြရေးသားလိုက်ရပါသည်။

**တွက်နည်းဟောနည်းတေးထပ်လင်္ကာ**

ဖွားကောဇာတည်ထောင်လှစ်၊ ၂၀-နှောပါ၊
၄၃-စားခြေခါယ်၊ ထားသေသာတည်တော့
ရောက်သက်နှင့် နောက်စွက်ပြန်လျှင်
နောက်ဆက်ရန် စားသတ္တာနော့ ကြွင်းသုည
ကြုံသည့်ခါ၊ ဂုဏ်ရှိမှာမှန်ပေ့၊ နံချည့်စွာ
ဉာဏ်မလျော့လေနဲ့၊ မြန်အသော့စပ်လေ
ချစ်မိတ်ဆွေ သူငယ်ချင်းရယ်နဲ့ ဖယ်မယွင်း
ထိုးသင့်လှပေ။
ငါးပဥ္စကြွင်းကာနေလျှင်၊ ယွင်းမှာလေဟုတ်
ဖူးမို့ တစ်ဦးတည်းကိုယ့်ချည်းသာ၊ ထိုးလိုက်
ဖို့ရာ၊ ရွှေငွေမိုးစည်းစိမ်ဟာကို အပြီးမှိုန်စရာ
ရှာကိန်းမို့လေး...

အထက်ပါတွက်နည်း တေးထပ်ကို ရှင်းလင်းအောင် ရေးပြရလျှင်...

***တွက်လိုသူ၏ မွေးသည့်ကောဇာ သက္ကရာဇ်ကိုတည်ပြီး (၂၀)နှင့် ပေါင်း ပါ။ ထိုသို့ ပေါင်းပြီးလျှင် (၄၃)နှင့် စားပါ။ လဒ်မလို အကြွင်းကိုတည်ပြီး ရောက်သက်နှင့် ပေါင်းပါ။ ထိုသို့ ပေါင်းပြီး (၇)နှင့် ထပ်ပြီးစားပါ။ လဒ် မလို အကြွင်းအတိုင်း ဟောကိန်းထုတ် ပါ။**

(၀)သုညကြွင်းလျှင် မိတ်ဆွေ အပေါင်းအသင်းတို့နှင့် စပ်တူထိုးပါ။ ပေါက်ကိန်းရှိ၏။

(၅)ကြွင်းလျှင် မိမိတစ်ဦးတည်းသာ ကံပေးသဖြင့် မည်သူနှင့်မျှ စပ်တူ မထိုးဘဲ မိမိသီးသန့်ထိုးပါ။ ပေါက်ကိန်းရှိ၏။

ကျန်သော အကြွင်းများဖြစ်သည့် **၁,၂,၃,၄,၆ ကြွင်းမှု** ထိုနှစ်ပိုင်း ထီကံ မပေးသေးဟု မှတ်ယူရပါမည်။

ဝါသနာရှင်တို့အတွက် ထိုတွက်နည်းကို နမူနာအဖြစ် လက်တွေ့ တွက်ပြပါမည်။

**ဥပမာ ။ ။** ၁၃၄၂ ခုနှစ်မွေး အသက် (၃၃)နှစ် တွက်သည့်ခုနှစ် ၁၃၇၅ ခုနှစ်တွင် တွက်ကြည့်မည် ဆိုပါစို့။

* * *

| | | |
|---|---|---|
| **မွေးခုနှစ်** | ၁၃၄၂ | ၁၃၇၅ |
| **ပေါင်းကိန်း** | + ၂၁ | ၁၃၄၂ |
| **စားကိန်း** | ၄၃ ÷ ၁၃၆၃ - ၃၁ | ၃၃ **ရောက်သက်** |
| | ၁၃၃၃ | |
| | ၃၀ | |
| | ၃၃ **ရောက်သက်** | |
| | ၇ ÷ ၆၃ = ၉ **လဒ်မလို** | |
| | ၆၃ | |
| | ၀ **အကြွင်း** | |

**၀=(သုည)အကြွင်း ဖြစ်သဖြင့်** ထီစပ်တူထိုးလျှင် ပေါက်မည်ဟု ဆိုထားပါသည်။ သင်လည်း ဝါသနာပါလျှင် သင့်ကံကိုသိရန် တွက်ကြည့်ကြပါစို့။

***သုနက္ခတ္တံ ကောင်းသော နက္ခတ်နှင့် ကြုံကြိုက်ကြပါစေ။***

**ကောင်းခန့် (သစ္စတ်မြေ)**
**ဝက်လက်**

www.burmeseclassic.com


ကြော်ငြာသောင်းပါး




# ကျားမှန်လျှင် အားသန်ရအောင် ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၁၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . ခရွှင်မလန်းနဲ့ စိတ်ဝင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညှိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ညှိသည်လဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ တိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟဿမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညှိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညှိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဥ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန့်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

**ဆေးထုတ်လုပ်ပင်ရင်း**
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

**ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန**
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့




www.burmeseclassic.com

www.burmeseclassic.com

မြိုင်မြို့နယ်၊ ကွမ်းတောရွာ၊ မင်္ဂလာသီရိကျောင်းမှ

# ဆရာတော် အရှင်ပညာသီရိ

၏ မပုပ်သိုးသော ရုပ်ကလာပ်တော်နှင့် ဘဝပုံရိပ်များ (၁)

စံထွန်းသာ

ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ကွမ်းတောကျေးရွာ မင်္ဂလာသီရိကျောင်းဆရာတော် အရှင်ပညာသီရိ၏ မပုပ်မပျက်ဘဲ ကြွင်းကျန်ရစ်သည့် ရုပ်ကလာပ်တော်နှင့် နောက်ခံဖြစ်စဥ်တို့ကို လေ့လာပူဇော်ရန်အတွက် တော်သလင်းလဆုတ် ပက္ခတွင် သွားရောက်ဖြစ်ခဲ့သည်။

"တော်သလင်း မြစ်တွင်း သင်ဖြူးခင်း"ဟု ဆိုသော်လည်း မုန်တိုင်းမိုးကြောင့် သင်ဖြူးမခင်းနိုင်၊ မိုးကာလတွင်ပင် ရေ မဝတာဝ သောက်သုံးရသည့် အညာမြေ၊ သဲချောင်းများတွင် ဆယ်ပေကျော် လှိုင်းလုံးကြီးများ ခေါင်းခေါင်းစထောင်၍ လှိုက်လှဲစွာ ကြိုဆိုကြလေသည်။

မြိုင်မြို့နှင့် မြိုင်–မုံရွာ ကားလမ်းအတိုင်း (၁၀)မိုင်ခန့် ကွာဝေးသော မင်္ဂလာသီရိကျောင်းသို့ ရောက်သောအခါ လက်ရှိဆရာတော် ဦးစာရိတ္တက ဖိုးအပ်သမျှ နွေးထွေးစွာ ကူညီပေးတော်မူလေသည်။



မန်ကျည်းကန်တောရကျောင်းမှ အရှင်ပညာသီရိ

### ဂုဏ်သတင်း ကျော်ကြားခြင်း

တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရသည် မုံရွာမြို့သို့ ကြွရောက်၍ တရားဟောကြားစဉ် အရေးနာယရိသတ် တွင်းမှ ပညာရေးမှူးဦးသန်းစိန်သည် တရားပွဲအပြီး၌ ဆရာတော်အား ချဥ်းကပ်ပူဇော်ခန်တော့သည်။

'ဒါယကာက ဘယ်မြို့မှာ နေတာလဲ'

'မြိုင်မြို့ကပါ ဘုရား'

'မြိုင်မှာလဲ တောရဆောက်တည်ကျင့်ကြံနေတဲ့ ရဟန်းထူးတစ်ပါး ရှိပါတယ်'

တောင်တန်းသာသနာပြု ဆရာတော်ကြီးက ဤသို့ မိန့်ကြားတော်မူသဖြင့် မြိုင်မြို့သို့ ပြန်ရောက်သောအခါ ဓမ္မမိတ်ဆွေ ဒေါက်တာ ဖော်ဝင်းမြင့်အား မေးမြန်းစုံစမ်းရာ ကွမ်းတော

www.burmeseclassic.com



• ကွမ်းတောရွာ မင်္ဂလာသီရိကျောင်းတော်

ရွာမှ ဆရာတော် ဦးပညာသီရိအား ရည်ညွှန်းကြောင်း သိရသည်။

ကွမ်းတောရွာသို့ သွားရောက်ဖူးမြော်သောအခါ ကြည်ညိုဖွယ် သီလ၊ သမာဓိဂုဏ်ဖြင့် ပြည့်စုံလှသဖြင့် မကြာခဏ သွားရောက်ဆည်းကပ်ကိုးကွယ်ဖြစ်ခဲ့သည်ဆို၏။

ဆရာတော်ကြီးသည် ကွမ်းတောရွာ မင်္ဂလာသီရိကျောင်းတွင် ညဥ့်အချိန်၌သာ သီတင်းသုံးတော်မူ၍ နံနက်(၆)နာရီထိုးသည်နှင့် ကိုရင်များ စီစဉ်ပေးသည့် ဆွမ်းသပိတ်ကိုလွယ်ကာ ကျောင်းမှ မိုင်ဝက်ခန့် ကွာဝေးသည့် မန်ကျည်းကန်တောရကျောင်းသို့ ကြွရောက်လျှင် တစ်ပါးတည်း ကျင့်ကြံအားထုတ်တော်မူသည်။

နေ့ဆွမ်း ဘုဉ်းပေးချိန် ရောက်သောအခါ ဆွမ်း ငါးပုံ သုံးပုံခန့်ကို ဘုဉ်းပေး၍ ကျန်ဆွမ်းများကို တိရစ္ဆာန်လေးများအား စွန့်ကြဲလေ့ရှိသည်။ ဆွမ်းဘုဉ်းပေးပြီး၍ ထန်းသီးမှုတ် ကုလားတက်ကလေးကို ခေါက်လိုက်သောအခါ တောတွင်းမှ ကြက်,ငှက်,ရှဉ့်ကလေးများ စုရုံးရောက်ရှိလာကြကာ သူ့အဖွဲ့နှင့်သူ ငြိမ်သက်စွာ စားသောက်ကြသည်။

အချင်းချင်း ရန်စောင်ပြုစူခြင်း မရှိဟု မြင်တွေ့သူများက ဆိုကြသည်။ ညနေ အလင်းရောင် ပျောက်စအချိန်ရောက်မှသာ ကျောင်းသို့ ပြန်ကြွတော်မူလေသည်။

သက်တော်(၃၇)နှစ်အရွယ် (၁၃၁၃ ခုနှစ်)မှ စတင်ကာ (၄၃)နှစ်တိုင်အောင် မပျက်မကွက် အားထုတ်တော်မူကြောင်း သိရသည်။

## ထူးဆန်းသော မန်ကျည်းပင်

၁၃၅၄ ခုနှစ် ရောက်သောအခါ ဆရာတော် ကျင့်ကြံအားထုတ်ရာ ဝါးကျောင်းကလေးကို အရိပ်အာဝါသပေးသော မန်ကျည်းပင်များမှ နံ့သာနံ့များ ထွက်ပေါ်နေသည်ကို ထူးခြားစွာ ကြုံတွေ့ကြရသည်။

အရွက်၊ အခေါက်မှအစ နံ့သာနံ့များ မွှေးပျံ့နေသဖြင့် တစ်နေ့တခြား ပရိသတ် များပြားလာကာ ရပ်နီးရပ်ဝေးမှ လှည်းများ၊ ကားများဖြင့် လာရောက်ကြ၍ ဆရာတော်အား ဖူးမြော်ရင်း မန်ကျည်းခေါက် မန်ကျည်းကိုင်းများကို အမှတ်တရ ယူငင်ကြလေသည်။

နောက်ဆုံးတွင် ရွာအဝင် လမ်းကျဉ်းကလေးမှာ ယာဉ်နှစ်စင်း ရှောင်ရန် အခက်အခဲ ရှိသဖြင့် ပုသိမ်–မုံရွာ အဝေးပြေးကားလမ်းမှ ကျောင်းရှေ့မုခ်ဦးအရောက် မြေသား ကားလမ်းကို မြို့နယ်အာဏာပိုင် အဖွဲ့အစည်းများမှ ဦးစီး၍ ဖောက်လုပ်ပေးခဲ့ရလေ

www.burmeseclassic.com



လက်ရှိဆရာတော် ဦးစာရိတ္တ

သည်။

ဆိုင်ကယ် အသုံးနည်းသေးသည့် ကာလဖြစ်ရာ ကား၊ လှည်းများအပြင် စက်ဘီးနှင့်လည်း လာရောက်ဖူးမြော်ကြသည်တွင် တစ်နေ့လျှင် စက်ဘီး အစီးရေ တစ်ထောင်ကျော် ရှိသည်ဆိုလေသည်။

ယင်းမတိုင်မီ တစ်နှစ်ကျော်ကာလကပင် ကျောင်းရှေ့အဝင်မုခ်ဦးကို ချဲ့ထွင်ထားရန် ကျောင်းထိုင်ကိုယ်စားတာဝန်ယူရသူ တပည့် **ဦးစာရိတ္တ (ယခု ဆက်ခံသည့် ဆရာတော်)**ကို မိန့်ကြားတော်မူခဲ့ကြောင်း သိရှိရသည်။ ယခင်က အဝင်မုခ်ဦးမှာ ကျဉ်းမြောင်း၍ လှည်းတစ်စီး ဝင်သာရုံမျှ ရှိခဲ့သည်ဆိုပါ၏။

ဆရာတော် တောရဆောက်တည်သည့် မန်ကျည်းကန်တောရမှ မန်ကျည်းပင်ပေါက်မှအစ မန်ကျည်းပင်အားလုံး ဆေးဖက်ဝင်၊ ဆေးစွမ်းထက်ကာ ဝေဒနာ အတန်များစွာ ပျောက်ကင်းစေသည်ဆို၍ အခေါက်ခွာ အပိုင်းဖြတ်ယူငင်ကြလေရာ နောက်ပိုင်းတွင် မန်ကျည်းပင်များအား မခုတ်၊ မချိုင်ရန် သတိပေးတားမြစ်ခဲ့ရသည်။

အဝေးပြေးကားလမ်းမှ ကျောင်းရှေ့မုခ်ဝအထိ လမ်း နံဘေးဝဲ,ယာတွင် ဈေးဆိုင်တန်းများ အစီအရီ ပေါ်ပေါက်လာသည်အထိ ဖူးမြော်သူ ပရိသတ်များပြားလာသောအခါ ဆရာတော်ကြီးက ကျောင်းခန်းမ ပြည့်လျှင် သီပေးတရားဟောကာ ကျောင်းနောက်တံခါးမှ ထွက်စေလျက် နောက်တစ်သုတ် ဝင်စေရသည်။

တစ်နေ့လျှင် အနည်းဆုံး (၆)ကြိမ်မျှ သီလပေး တရားဟောပြောရကာ ဆွမ်းဘုဉ်းချိန်မှလွဲ၍ တစ်နေ့လုံး မအားမလပ် ရှိတော်မူသည်ဟု ဦးစာရိတ္တက မိန့်ကြားတော်မူသည်။

ဒါယကာများ ရှိခိုးကန်တော့ပြီးသောအခါ...

ဗုဒ္ဓေါတိ ဃောသ မတ္တမ္ပိ ဒုလ္လဘံ၊
ဓမ္မောတိ ဃောသ မတ္တမ္ပိ ဒုလ္လဘံ၊
သံဃောတိ ဃောသ မတ္တမ္ပိ ဒုလ္လဘံ၊

**အနက်**

**ဗုဒ္ဓေါတိ ဃောသ မတ္တမ္ပိ၊** ဘုရားဟူသော အသံမျှကိုလည်း။ **ဒုလ္လဘံ၊** ကြားရခဲ၏။

**ဓမ္မောတိ ဃောသ မတ္တမ္ပိ၊** တရားဟူသော အသံမျှကိုလည်း။ **ဒုလ္လဘံ၊** ကြားရခဲ၏။

**သံဃောတိ ဃောသ မတ္တမ္ပိ၊** တရားဟူသော အသံမျှကိုလည်း။ **ဒုလ္လဘံ၊** ကြားရခဲ၏။

ဟူ၍ ဆုပေးကာ အနက်ကို ရှင်းလင်းတော်မူပြီးနောက် ငါးပါးသီလပေးလျက်...

www.burmeseclassic.com

အနိစ္စကိုပွား လောဘပါး ပြုပြားဒါနသာ။
ဒုက္ခကိုပွား ဒေါသပါး ပြုပြားသီလသာ။
အနတ္တကိုပွား မောဟပါး ပြုပြားဘာဝနာသာ။

ဟု လက္ခဏာရေးသုံးပါးကို ဆင်ခြင်ပွားများစေ၏။

ဘုရားရှင်၏ တရားတော်များကို ဆင်ခြင်ပွားများနိုင်အောင် အခါမလပ် သတိချပ်၍ သောတာပန်ဖြစ်သည် အထိ ကြိုးစားရန် အားပေးတော်မူလေ့ရှိသည်။

ဤသည်ကား ဆရာတော် ခန္တာဝန်မချမီ (၅)နှစ်ခန့်အလိုတွင် သတ္တဝါများအား ကယ်တင်သည့်အနေဖြင့် ဆောင်ရွက်တော်မူခြင်းဖြစ်သည်။

## ဆရာတော်၏ ကျင့်ကြံအားထုတ်မှု

ယင်းကာလ မတိုင်မီက ဆရာတော်ကြီးသည် နံနက်(၄)နာရီ ကုလားတက်ခေါက်သည်နှင့် ကျောင်းဝင်းတွင်းရှိ ရှစ်မျက်နှာစေတီ ဆီမီး၊ ရေချမ်းကပ်လှူကာ ဘုရားရှိခိုး၊ ပရိတ်ရွတ်၊ မေတ္တာပို့ပြီးနောက် တံမြက်လှည်း ဝတ်ပြုသည်။

ထို့နောက် အရုဏ်ဆွမ်းအဖြစ် ယာဂု ဘုဉ်းပေးပြီးလျှင် (၆)နာရီတွင် တောရကျောင်းသို့ ကြွတော်မူကာ နေဝင်ချိန်၌ ကျောင်းသို့ ပြန်ကြွသည်။ ည(၇)နာရီတွင် စေတီတော်၌ ဝတ်ပြုရှိခိုးမေတ္တာပို့သည်။

ညအချိန်တွင် ကျောင်းဝင်းအတွင်း လှည့်လည်၍ ပရိတ်ရွတ် မေတ္တာပို့လေ့ရှိရာ၌ တောင်ဝှေးတစ်ချောင်း၊ လက်နှိပ်ဓာတ်မီးတစ်လက် ဆောင်သွားတတ်သည်။ ကိုက်(၅၀)အကွာသို့ ရောက်တိုင်း တောင်ဝှေးကို လေး,ငါးချက် ခေါက်၏။

ပိုးမွှားတိရစ္ဆာန်ကလေးများ သွားရာလမ်း၌ ရှိနေပါက ရှောင်ရှားနိုင်ရန်ဟု ဆိုသည်။ လက်နှိပ်ဓာတ်မီးကို ကိုက်(၃၀)ခန့်တွင် တစ်ကြိမ်ထိုး၍ကြည့်သည်။ ပိုးမွှားတိရစ္ဆာန်ငယ်များ တွေ့က ရှောင်ရှားနိုင်ရန် ဖြစ်သည်။

ရပ်ရွာရေးကိစ္စ၊ သာရေးနာရေးကိစ္စ ကြွရောက်ခြင်းမရှိပေ။ ရှင်ပြုရဟန်းခံကိစ္စတွင်ပင် ကြွရောက်ခြင်းမပြု။ ဦးစာရိတ္တ စသော တပည့်သံဃာများနှင့်သာ ကျောင်းကိစ္စ အဝဝကို လွှဲအပ်ကာ လူတွေ့မခံဘဲ ဝိပဿနာအလုပ်ကိုသာ အားပြုကြိုးပမ်းတော်မူသည်။

တောရကျောင်း အသွားအပြန်ခရီး၌ လူသူတွေ့ပါက ချုံအတွင်းမှ ရှောင်ကွင်းသွားတတ်သည်။ အနည်းငယ်နေထိုင်မကောင်း ဖြစ်သော်မှ တောရကျောင်းသို့ မပျက်မကွက် သွားရောက်ကျင့်ကြံခဲ့သည်။

ဆရာတော်သည် ပခုက္ကူ အရှေ့တိုက်ဆရာတော်ကြီး၏ နည်းနိဿယအတိုင်း လိုက်နာအားထုတ်ခဲ့သည်။ **ဓာတ်ခြောက်ပါး ကမ္မဋ္ဌာန်းနည်းလမ်းကျင့်စဉ်** ဖြစ်သည်။ **(ထို ကျင့်စဉ်ကို ပခုက္ကူအရှေ့တိုက် နာယကဆရာတော်များအဖွဲ့မှ ထပ်မံ ပုံနှိပ်ထားကြောင်း သိရှိရသည်။)** အောက်ပါ မှတင်များကိုလည်း ကျင့်ဆောင်လေ့ရှိသည်။

၁။ တိစီဝရိက်မှတင်၊
၂။ ကေသနိက်မှတင်၊
၃။ အရညကင်မှတင်၊
၄။ ရက္ခမူမှတင်၊
၅။ နိသဇ္ဇမှတင်၊

တို့ဖြစ်သည်။ ကိုယ်တိုင်လည်း ကျင့်သကဲ့သို့ တပည့်တို့အားလည်း ကျင့်စေရန် တိုက်တွန်းတတ်သည်။

'ကိလေသာကို ခါတွက်ဖျက်ဆီးဖို့ရာ အကြောင်းအင်္ဂါဖြစ်သော ကုသိုလ်စေတနာသည် မှတင် မှတင်မည်၏။ ထို့ကြောင့် မှတင်အကျင့်ကို ကျင့်နိုင်စွမ်းလျှင် တစ်ထောင့်ငါးရာ ကိလေသာ ရန်သူပုန်ကို အကုန်သတ်ညှဉ်း၍ အောင်ဓာတ်ခင်း၍ နာသေခြင်း မရှိသော သန္တိသုခ နိဗ္ဗာနဓာတ်သို့ လျင်မြန်စွာ ရောက်နိုင်သည်'

ဟု မိန့်တော်မူလေ့ရှိသည်။ ဆရာတော်၏ မန်ကျည်းကန်တောရသည် ချောင်းငယ်၊ ကုန်းငယ်၊ တောခင်တန်းအချို့ကို ဖြတ်ကျော်သွားရသည့် ရေတိုက်စား၍ ဖြစ်ပေါ်နေသော ချောက်ကမ်းပါးကြီးအတွင်း ထန်းလက်မိုး၊ ဝါးကျောင်းငယ် ဆောက်လုပ်ထားခြင်း ဖြစ်သည်။ အတွင်း၌ ခုတင် မရှိပါ။ ပက်လက်လျှော်ကုလားထိုင် တစ်လုံးနှင့် ခြေတင်ရန် ခွေးခြေငယ်တစ်လုံးသာ ရှိသည်။

ထိုတဲကျောင်းတွင် မိုးရွာသည့်အခါ၌သာ သိတင်းသုံး၍ မန်ကျည်းပင်အောက်၌ တရားရှုမှတ်လေ့ရှိသည်။

ထန်းပလပ်ပြားကို နွယ်ကြိုးဖြင့် သိုင်းကာ မန်ကျည်းကိုင်းတွင် ဒန်းသဖွယ် ချည်နှောင်ထားလျက် ထိုအပေါ်တွင် သိတင်းသုံး ရှုမှတ်ခြင်းဖြစ်သည်။ မတော်တဆ ထိနမိဒ္ဓ(ထိုင်းမှိုင်းခြင်း၊ ငိုက်မျဉ်းခြင်း) ဖြစ်ခဲ့သော် နိုးလွယ်သည်ဟု မိန့်ကြား၏။

## အပြောင်းအလဲကာလ

ဤသို့ဖြင့် ကြိုးစားအားထုတ်ခဲ့ပြီးနောက် သက်တော်(၈၀)ပြည့်ခါနီး တစ်နေ့ တောရကျောင်းမှ ပြန်လာ၍ ကျောင်းဝင်းအတွင်း သစ်ပင်ရိပ်အောက်၌ ဒေသနာကြားစဉ် ဦးစာရိတ္တအား ဤသို့ မိန့်ကြားသည်။

'တရားအားထုတ်နေတုန်း "ဟုတ်တိုင်းမှန်" ဆိုတဲ့ စာလုံး ပေါ်လာတယ်။ နောက်တော့ စိတ်ကြည်လင်ပေါ့ပါးလာပြီး အလင်းတန်းကြီးကို မြင်ရတယ်။ သက်နှန်းခြုံ[illegible] မြင်ရ

www.burmeseclassic.com

တယ်။ မျက်စိမှိတ်လဲမြင်၊ ပြန်ဖွင့်တဲ့အခါလဲ မြင်နေရတယ်'

ဆရာတော် မည်သို့ ဖြစ်ပျက်ကြုံတွေ့ရသည်။ မည်မျှပေါက်ရောက်သည်ဟု မိန့်ကြားလေ့ မရှိပေ။

'ဆရာတော် ရဟန်းကိစ္စ ပြီးပါပြီလား'

ဟု မေးသောအခါ...

'မေးခိုင်းသူကို လာရောက် ဆန်းစစ်ပါ'

ဟုသာ မိန့်ကြားလေ့ရှိသည်။ ယခုတစ်ကြိမ်သာလျှင် တပည့် ဦးစာရိတ္တအား မိန့်ကြားခြင်းဖြစ်သည်။

ထို့နောက် အိပ်မက်ဆန်း မြင်မက်ကြောင်းလည်း မိန့်ကြားသည်။ အိပ်မက်တွင် ရဟန်းရှင်လူ ပရိသတ်ကြီးက လက်အုပ်ချီ ဖူးမြော်နေသည့်အတွက် မိမိသွားလိုရာသို့ ကျပ်တည်းခက်ခဲစွာ သွားရသည်ဟု လည်းကောင်း...


ဇော်ဂျီတစ်ဦးက မိမိရှေ့မှောက်တွင် ကြာမြင့်စွာ ကပြနေရာ သတိကိုမေ့လျော့စေဘဲ ရှုမြဲတိုင်း ရှုမှတ်နေရာ ဇော်ဂျီလည်း ပျောက်ကွယ်သွားပြီးနောက် ခန္ဓာကိုယ်တစ်ခုလုံး ကြည်လင်ပေါ့ပါးလာသည်ဟု လည်းကောင်း မြင်မက်တော်မူသည်ဆို၏။

ထို့နောက် ကျောင်းရှေ့ရှိ အဝင်လမ်းဦးကို လက်ရှိ အနေအထားထက် ပိုမိုကျယ်ဝန်းအောင် ချဲ့ထွင်ပြုပြင်ရန် စေခိုင်းတော်မူသည်။

မကြာမီ . တောရကျောင်းမှ အပြန်လမ်းတွင်ရှိသော ကိုစံရွှေ မအိမ်စိုတို့ နေထိုင်ရာ သနပ်ခါးတောသို့ ကြွရောက်ကာ မအိမ်စိုအား **"နင်တို့ ကြာခင် ရဟန္တာ ဖူးရလိမ့်မယ်"**ဟု မိန့်ကြားသည်။

အိမ်စိုက **"တပည့်တော်က အသက်တိုပါတယ်။ ဖူးရမှာ မဟုတ်ပါဘူး အရှင်ဘုရား"**ဟု ပြန်လျှောက်သောအခါ **"ဖူးရမှာ မကြာခင်ကို ဖူးရမှာ"**ဟူ၍ မိန့်ကာ ဆက်လက်ကြွသွားတော်မူသည်။

ဆရာတော်သည် အမြင်နက္ခတ်ပညာကိုလည်း ကျွမ်းကျင်တော်မူရာ ကောင်းကင်ရှိ နက္ခတ်တာရာများကို ကြည့်၍ ဆန်ရေစပါး ရှားပါးမည်ကို လည်းကောင်း၊ မိုးခေါင်မည်, မိုးသည်းမည်ကို လည်းကောင်း၊ ဂ,လေးလုံး အရေးအခင်း မတိုင်မီ တိုင်းပြည် မငြိမ်မသက်ဖြစ်၍ သွေးချောင်းစီးလိမ့်မည်ဟု လည်းကောင်း တိကျစွာ မိန့်ကြားတော်မူခဲ့သဖြင့် **"ရဟန္တာပေါ်မည်"** ဟူသော စကားသည် နက္ခတ်အမြင်တွက်ကိန်း ဟောကိန်းပေလောဟု တွေးရ ခက်ကြလေသည်။



ထေရုပ္ပတ္တိကျောက်စာ

ရွှေလ ဆက်ဖတ်ပါရန်

**စံထွန်းသာ**

www.burmeseclassic.com



# နှီးညှပ်ဆိုတာ

ဘာပါလိမ့်

သူငယ်ချင်းတွေ လက်ဖက်ရည်ဆိုင်မှာ ဆုံမိကြပါတယ်။ ရောက်တတ်ရာရာတွေ ပြောကြဆိုကြရင်း စကားစခေတ္တအပြတ်မှာ သန်းမြင့်က ကောက်ခါငင်ခါနဲ့...

'ငါ့အဒေါ်တစ်ယောက်ကွာ ရန်ကုန်မြို့ထဲက တိုက်ခန်းတစ်ခန်းကို ဝယ်ပြီးနေတာ တစ်နှစ်လောက်ရှိပြီ။ ဟိုတစ်နေ့က ငါ သူ့ဆီ အလည်အပတ်ရောက်သွားတော့ သူ့အခန်းကို ရောင်းချင်တယ် ပြောတယ်။

မင်းတို့ သိတဲ့အတိုင်း ခုတလော တိုက်ခန်းဈေးတွေ၊ အိမ်ခန်းငှားခဈေးတွေက တက်နေတာမဟုတ်လား။ ဒါကြောင့် "**အဒေါ်ရယ်၊ မရောင်းပါနဲ့ ပြန်ဝယ်ဖို့ သိပ်မလွယ်ဘူး**"လို့ ပြောတော့ ဒီအခန်းမှာ သူ မနေချင်တော့ဘူးတဲ့။

ဒါနဲ့ ငါက ရေ့,မီး,ပတ်ဝန်းကျင်အားလုံး အဆင်ပြေနေတာပဲ။ ဘာဖြစ်လို့ မနေချင်ရတာလဲလို့မေးတော့ နှီးညှပ်ဖြစ်နေလို့တဲ့လေ'

'နှီးညှိဆိုတာ ဘာလဲ'

လို့ စိမ်းအောင်က ဖြတ်မေးလိုက်တော့ သန်းမြင့်က...

'မင်း ဒီအသက်အရွယ် ရောက်နေပြီဒါတောင် မကြားဖူးဘူးလား'

လို့ ဟောက်တော့ စိမ်းအောင်က မျက်နှာငယ်လေးနဲ့...

'မင်းက ပြစ်တင်ရင်လဲ ခံရမှာပဲကွာ။ ဒါ ဒီအကြောင်း ဗဟုသုတ မရှိတာတော့ အမှန်ပဲ'

လို့ ဝန်ခံရှာပါတယ်။ ဒီတော့မှ သန်းမြင့်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး...

'ဒီလိုကွ ငါ့အဒေါ်အခန်းနဲ့ မျက်နှာချင်းဆိုင်လှေကားခုံခြားပြီး တစ်ဖက်ခန်းမှာ နှမဖြစ်သူကနေတယ်။ အဒေါ်အခန်းရဲ့ တခြားတစ်ဖက်ကျောဘက် ဆိုပါတော့ကွာ။ အဲဒီမှာ မောင်ဖြစ်သူက နေတယ်။

ဆိုလိုတာကကွာ မောင်နှမ နှစ်ယောက်နေတဲ့ အခန်းနှစ်ခုကြားမှာ ငါ့အဒေါ် အခန်းကရှိနေယ်။ အဲဒါကို နှီးညှပ်လို့ခေါ်တာ'

'အဲဒီလို နှီးညှပ်ဖြစ်နေတော့ ဘာဖြစ်လဲ'

လို့ ခန့်ဝင်းက မေးလိုက်ပါတယ်။ သန်းမြင့်က...

'ငါတော့ ဘာဖြစ်တယ်လို့ မကြုံဖူးပါဘူး။ အဒေါ်ပြောတာကတော့ သူရန်ကုန်မရောက်မီ ရွာမှာနေတုန်းက သူ့အသိတစ်ယောက်ဟာ အဲဒီလို မောင်နှမနှစ်ယောက်နေတဲ့ အိမ်နှစ်အိမ်ကြားမှာ ဖြစ်နေတာတဲ့။

တစ်ချိန်မှာတော့ အဲဒီ သူငယ်ချင်းဟာ နေမကောင်းဖြစ်လာ ဆရာစုံနဲ့ကုရောဂါရှာမရဘဲ နောက်ဆုံး ဆုံးပါးသွားရရှာတယ်တဲ့'

'ငါတော့ ဒါမျိုးတွေမယုံပါဘူး။ တိုက်ဆိုင်တာပဲ ဖြစ်မှာပါ'

လို့ ကျွန်တော် ဝင်ပြောမိပါတယ်။ ဒီတော့ ခင်အောင်က ဝင်ဆွေးနွေးပြန်ပါတယ်။

'အမယ်... အဲဒီလိုတော့ မပြောနဲ့ သူငယ်ချင်းရေ။ ငါ့အသိတစ်ယောက်ရဲ့ အဖေက ဟိုးနှစ်(၂၀)ကျော်လောက်က နယ်ဘက်မှာ မြေတစ်ကွက် ဝယ်ထားခဲ့တယ်။ ခု သူဆုံးသွားတော့ သားသမီးတွေက အဲဒီမြေကွက်ကို ရောင်းချင်တယ်။

ရောင်းမယ်လို့ ကြေညာတော့ တစ်ရွာလုံး ဘယ်သူမှ မဝယ်ကြဘူး။ တန်ရာတန်ကြေးထက် ဈေးလျှော့ပေးလဲ မဝယ်ကြဘူးတဲ့။

ဘာဖြစ်လို့များလဲလို့ စုံစမ်းလိုက်တော့ အဲဒီမြေကွက်ရဲ့ ဝဲယာဘေးနှစ်ဖက်က မြေကွက်တွေကို မောင်နှမနှစ်ယောက် ပိုင်ကြသတဲ့။ သန်းမြင့်ပြောတဲ့ နှီးညှပ်ပေါ့ကွာ'

ဒီမှာတင် ငြင်းခုံကြဖို့ ခေါင်းစဉ်တစ်ခုရသွားပြီး ငြင်းခုံကြတော့တာပါပဲ။

ဒါအစွဲအလမ်းပါ။ သေတယ်တို့၊ စီးပွားပျက်တာတို့ဆိုတာ တိုက်ဆိုင်မှုပါ။ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်တာပါဆိုသူက တစ်ဖက်...

မဟုတ်ဘူး ခိုက်တယ်ဆိုတာ ဖြစ်နိုင်တယ်။ ရှေးထုံးလဲမပယ်နဲ့ ဈေးသုံးလဲမကြွယ်နဲ့လို့ ပြောလာသူက တစ်ဖက်ပေါ့ဗျာ ငြင်းလို့ ဝ,သလောက်ရှိတော့မှ ကျွန်တော်က...

'ကဲ... ငြင်းမနေကြပါနဲ့တော့ကွာ ဒီအကြောင်း ငါ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကို ရေးပို့လိုက်မယ်။ ပြီးတော့ စာဖတ်ပရိသတ်ကြီးရဲ့ အတွေ့အကြုံ အယူအဆကို အဆုံးအဖြတ် ခံယူကြတာပေါ့'

လို့ပြောတော့ အားလုံးကပဲ...

'အေး အဲဒါ အကောင်းဆုံးပဲ'

လို့ တညီတညွတ် ဆုံးဖြတ်ပြီး သရေပွဲနဲ့ လူစုခွဲခဲ့ကြပါတယ်။

စာဖတ်ပရိသတ်ကြီးခင်ဗျာ **မောင်နှမနှစ်ယောက်ကြားကိုသာ နှီးညှပ်လို့ ခေါ်တာပါလား၊ ညီအစ်ကို ညီအစ်မ နှစ်ယောက်ကြားရင်ရော နှီးညှပ်လို့ ခေါ်ပါသလား၊ တကယ်ရော ခိုက်တတ်ပါသလား ဖြေရှင်းပေးကြပါလို့ ပန်ကြားလိုက်ရပါတယ်။**

*ရှင်လန်း ချမ်းမြေ့ပါစေ။*

**မောင်အေးကြူ(စီးပွားရေး)**



www.burmeseclassic.com

www.burmeseclassic.com

မိမိဝန်းကျင်ရှိ

# အနိုင်ဓာတ်များ

## တောကင်းကိုက်ခံရလျှင်

မှတ်မိပါသေးသည်။ ငယ်စဉ်က ငှက်ပျောပင်လေးဆယ် ငှက်ပျောခြံ စိုက်၍ ရန်ကုန်မြို့ စိုက်ပျိုးရေး သုတေသနမှ ကောက်ရိုးမှိုမျိုး ပုလင်းများကို မှာယူပြီး ကောက်ရိုးမှိုကျင်းများ စမ်းသပ်စိုက်ပျိုးနေသော အချိန်ကပါ။

ညအချိန်တွင် ကောက်ရိုးမှိုကျင်းများကို အချိန်အခါမဲ့ နွားလွတ်များ မဖျက်ဆီးနိုင်ရန် ရပ်ကွက်တွင်းမှ အသက်ငါးဆယ်ကျော်အရွယ် ဦးလုံထော်ကို ခြံစောင့်ငှားရပါသည်။ ကောက်ရိုးမှိုသည် ပူအိုက်စွတ်စိုသည့် ဓာတ်နှင့် တွေ့ပါက မှိုအရိုးအပွင့် ကြီးထွားတတ်ပါသည်။

တစ်ညတွင် ကောက်ရိုးမှိုကျင်းမှ လက်ညှိုးလုံးအရွယ်ခန့် တောကင်းခြေများ နီနီညိုညိုအကောင်မှ ခြံစောင့်ကြီး၏ ညာဘက်လက်ကို ကိုက်လိုက်ပါလေရောလား။

ကင်းခြေများကိုလည်း ညှပ်ဖြင့် ညှပ်ပြီး ကျွန်တော့်ထံ ယူပြ၏။ လူသည်း တဟင်းဟင်းဖြင့် နာကျင်လွန်း၍ ငြီးနေ၏။

ကျွန်တော် ဘာလုပ်ရမည်နည်း။ ကျွန်တော့်၌ တာဝန်ရှိပါသည်။ **တောကင်းခြေများကြီး အကိုက်ခံရလျှင် အစ်ရက်(၂၄–နာရီ)အလူးအလဲ ခံရ၏။** ညအချိန်မတော် ဆေးရုံဆေးခန်း ပြရန်လည်း ခြံနှင့် အလှမ်းဝေးနေပါသည်။

ထိုကဲ့သို့ ကျွန်တော် ဗျာများနေစဉ်



ဓာတ်ဆရာကြီး အဘဦးဘိုးကျွဲအား ပြေးပြီး သတိရလိုက်ပါသည်။ ဓာတ် ဆရာ အဘဦးဘိုးကျွဲမှ ကျွန်တော့်ကို ပြောဖူး၏။ 'လူကလေး ကင်းကိုက်ခံရလို့ ကတော့ ကြက်သားကို မစားလေနဲ့ အေ်နေအောင် ခံရလိမ့်မယ်။ ကြက်က တေဇောပထဝီဓာတ်ရတဲ့ အကောင်၊ ကင်းက တေဇောအာကာသ အကောင် အာကာသဓာတ်နဲ့ ပထဝီဓာတ်က ပဋိပက္ခကျတယ်။

ဒါပေမယ့် ကင်းအကိုက်ခံရရင် ကြက်တောင်ကို မီးရှို့ပြာချ၊ ကြက်တောင်ပြာကို ကင်းအစွယ်ရာပေါ် နာနာသိပ် ချက်ချင်း သက်သာပါတယ်။

ကျွန်တော် ကြက်တောင်များကို ကြက်အိပ်တန်းအောက်မှ ချက်ချင်း ကောက်ယူ၍ မီးရှို့ပြာချရ၏။ ထို့နောက် ကြက်တောင်ပြာကို ကင်းအစွယ်ရာပေါ် သိပ်ပေးရ၏။

ရေနွေးအမြည်း ကြက်သားကြော်ကို ယောင်၍မှ မစားမိစေရန် သတိပေးရသည်။

အတော်အသင့် ကြာသောအခါ ကျွန်တော့်ခြံစောင့်ကြီး ကင်းဆိပ်တက်သည့် အနာနှင့် ကျင်နေသော ဝေဒနာမှ သက်သာ၍ အိပ်နိုင်ပါပြီကောလား။

ဘာကြောင့် တောကင်းခြေများကြီး ကင်းဆိပ်သင့်တာ သက်သာပါသနည်း။ ကျွန်တော်အတွေးကို ဆန့်ရင်း ဓာတ်၏ ကိစ္စဘာ၀ကို သိအောင် ဓာတ်တိုင် ထူကြည့်ပါသည်။

* * *

ဓာတ်တိုင်

၆

**နာမ်/ကံ** ၃

၇

**ကင်း(ရုပ်ဓာတ်)→** ၂

၅ **← တေဇောလွန် ချော်ဓာတ်(ပြာ)**

**ကတ္တားကိစ္စဘာ၀** ၁ **← မီးခဲဓာတ်**

(၄) **← ရေကြည်ဓာတ်(သွေးဓာတ်) ကင်းဆိပ်သင့်**

ဓာတ်၏ ကိစ္စဘာ၀အရ ကင်းဆိပ်သင့်သည့် သွေးဓာတ်(ရေကြည်ဓာတ်)ကို ကြက်အတောင်ပြာမှ စုပ်ယူ သန့်စင်စေသည်ကို တွေ့ရပါသည်။

ဓာတ်သည် သူ့သဘော သူဆောင်၏။ သို့သော် အနိုင်ဓာတ်ပါဟု ဆိုရလျှင်...

ကျွန်တော် နံနက်မိုးသောက်လျှင် ကောက်ရိုးမှိုတစ်ထုပ်ဖြင့် ဓာတ်ဆရာ အဘဦးဘိုးကျွဲအား ကန်တော့ရပေဦးမည်။

**အောင်လှသန်း(မင်းဘူး)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# သားမင်း နှလုံးသည်းခြေဆေး

အမှတ်တံဆိပ်

၀၂၁၁ Y ၀၀၈၉၅၄ လိုင်စင်၇/၂၀၀၈/တဆထလ (၁၆၂၅)
ကြော်ငြာခွင့်ပြုချက် တဆ၀က (စာနယ်ဇင်း) ၁၆၉/၀၂၀၁၀

ကလင်...ကလင်ဆိုတဲ့ ခေါင်းလောင်းသံကြောင့် တံခါးဖွင့်လိုက်ရာ ရ–လွှာ တက်လာသော ဘရဏီကို တွေ့လိုက်ရသည်။

"တံခါးဖွင့်ပါဦး သရဖီရယ်... မောလိုက်တာ... နောင်ဆို ရ–လွှာမှာမနေဘဲ တာဝတိံသာတက်နေ" ငေါ်ငေါ်တူးတူး ပြောလိုက်သော ဘရဏီစကားကြောင့် သရဖီက ရယ်ကျဲကျဲလုပ်ရင်း...

"နောက်မှပဲစိတ်ဆိုး... ခုတော့ အမောပြေ ဒီဆေးလေးသောက်လိုက်... အမောတွေ ပြေသွားစေရမယ်"

ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေအေးနှင့်သောက်ပြီး ခဏ ဘရဏီ မျက်နှာ ရွှင်ပျလာသည်။




အမောပြေ လန်းဆန်း၊ ကျန်းမာဖို့
**သားမင်း** (အမှတ်တံဆိပ်)
နှလုံးသည်းခြေဆေးကို သုံးစွဲကြစို့

"ဟယ်...ဆေးကလဲချိုချဉ်အရသာလေးနဲ့ ကောင်းလိုက်တာ... အမောကို ပြေသွားတာပဲ... အခု ငါ့ကို တိုက်တာ ဘာဆေးလဲဟင်"

"ငါတို့မိသားစု အမြဲ သုံးစွဲနေတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေးပါ**"

ထိုစဉ် ဘရဏီ၏ မိခင် ဒေါ်မာလာရောက်လာကာ "ဟုတ်တယ်... ဘရဏီရေ... ဒေါ်ဒေါ်တို့က ရ–လွှာမှာနေကြတဲ့သူတွေဆိုတော့ မိတ်ဆွေတစ်ယောက်ရဲ့ ဆေးလမ်းညွှန်မှုကြောင့် **သမားတော် ဦးကိုကိုကြီး ဖော်စပ်ထားတဲ့ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို အမြဲသုံးစွဲနေတာ သရဖီ ရုံးသွားရုံးပြန်သောက်တဲ့ ဆေးဖြစ်သလို ဒေါ်ဒေါ်လည်း ဈေးသွားဈေးပြန်သောက်ရတဲ့ ရ–လွှာအတွက် အမောပြေဆေးပါပဲကွယ်"

"ခုနက သရဖီပြောလိုက်တာ နှလုံးသည်းခြေဆေး ဟုတ်လား"

"ဟုတ်တယ် ဘရဏီ... နှလုံးသည်းခြေဆေးပါ... နှလုံးကောင်းမှ သည်းခြေနဲ့သွေးဟာ တစ်ကိုယ်လုံးပျံ့နှံ့သလို သွေးနဲ့ အဇ္ဈသည်းခြေရောစပ်ကာ တစ်ကိုယ်လုံးပျံ့နှံ့ပြီး နှလုံးကို ပြန်စောင့်ရှောက်တာလို့ မြန်မာ့တိုင်းရင်းဆေးပညာကို လေ့လာထားလို့ ငါသိရတာ"

"နှလုံးသည်းခြေဆေးဟာ နှလုံးအတွက်ရော သည်းခြေအတွက်ပါ အကျိုးပြုတယ်ဆိုရင် လူတိုင်း သုံးစွဲသင့်တဲ့ ဆေးတစ်လက်ပဲပေါ့... ဒါဆိုရင် အသက်ကြီးပြီဖြစ်တဲ့ ငါ့ရဲ့ဖေဖေနဲ့ မေမေကို သုံးစွဲဖို့ အသိပေးရဦးမယ်... အဲဒီ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေးဟာ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြပေးပါဦး သရဖီ"

"ပြောပြမယ်... သေသေချာချာ နား ထောင်... နှလုံးသည်းခြေအားနည်းခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးသွေးကြောကျယ်ခြင်း၊ နှလုံးသွေးကြော အဆီပိတ်ခြင်း၊ နှလုံးကြွက်သားများ အားနည်းခြင်း၊ ရောင်ခြင်း၊ နှလုံးတုန်ရင်ခုန်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ နှလုံးခုန်မမှန် မူးဝေ မောပန်းခြင်းများကို ရေအေး(သို့မဟုတ်) ဆီးဖျော်ရည် ရရာနှင့် သုံးစွဲနိုင်တယ်တဲ့"

"ဒါဆိုရင် လူတိုင်းနဲ့ သင့်လျော်တဲ့ ဆေးကောင်းတစ်လက်ပဲ ဆက်ပြောပါဦး သရဖီ"

"ရင်ညွန့်၌ စူးအောင့်ခြင်း၊ ကျောနှင့်ရင်ညှပ်အောင့်ခြင်း၊ နှလုံးစူး၍အောင့်ခြင်း၊ ရင်ဝပူ၍ မအီမသာဖြစ်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ အနည်းငယ်လှုပ်ရှားရုံနှင့် မောပန်းနွမ်းချိနေခြင်း၊ ဒေါသကြောင့်ဖြစ်စေ၊ စိုးရိမ်ကြောင့်ကြ ထိတ်လန့်ခြင်းကြောင့်ဖြစ်စေ၊ နှလုံးတုန် ရင်ခုန် မောပန်းခြင်းများကို ရေအေး (သို့မဟုတ်) ကြံရည်ရရာနှင့် သုံးစွဲနိုင်ပါတယ်...

ဆက်နားထောင် ဘရဏီ... နှစ်ခြိုက်စွာ အိပ်မပျော်သူများ၊ စိတ်ဖိစီးမှုများ၍ စိတ်မကြည်လင်သူ၊ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်သူများ၊ အားအင်ကုန်ခန်းသူ၊ သတိမှတ်ဉာဏ်နည်းသူများ အထူးသဖြင့် အိပ်ပျက်ခံ ကျက်မှတ်ရသော စာသင်သား၊ ရဟန်းသံဃာများ၊ ကျောင်းသူကျောင်းသားများ၊ စိတ်ရောကိုယ်ပါ မောပန်းနွမ်းနယ်သာ ကာယ၊ ဉာဏ လုပ်သားများ၊ နာလန်ထစ လူနာများ၊ သက်ကြီးရွယ်အိုများ၊ ရေအေး (သို့မဟုတ်) ပျားရည်နဲ့ နေ့စဉ် သုံးစွဲပါက ပင်ပန်းမှုပြေပျောက်လျက် စိတ်ကြည်လင် လန်းဆန်းစေပါတယ်။

အပူအပုပ်များသူ၊ ဆီးနီ၊ ဆီးနည်းသူများ ရေအေး (သို့မဟုတ်) မန်ကျည်းဖျော်ရည်နဲ့ သုံးစွဲနိုင်ပါတယ်။ အထူးသဖြင့် နှလုံးအား၊ သွေးအား၊ သည်းခြေအားနည်းသူများ၊ နှလုံးရောဂါရှင်များ ပုံမှန်သောက်သုံးသင့်ပြီး အရွယ်တင်နုပျိုလိုသူ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ လေငန်းရောဂါ ကာကွယ်လိုသူများအတွက် နေ့စဉ်သောက်သုံးသင့်တဲ့ ဆေးတစ်လက်ဖြစ်ပါတယ်တဲ့ ဘရဏီ"

"အဲဒီလောက်ကောင်းတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို ငါတို့မိသားစုလဲ သုံးစွဲမယ် လိုအပ်တဲ့သူတွေလဲ သုံးစွဲနိုင်အောင် ပြည်ပေါ်မှာ ရွှေကြော်ငြာထုတ်လုပ်ပေးပါရဲ့ ဘရဏီရယ်..."

**ပင်ရင်း-သားမင်းဆေးတိုက်** အမှတ် (၁၀၁၃)၊ ဣန္ဒာ(၁၀)လမ်း၊ ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ☎၀၁-၇၀၅၃၆၄၊ ၅၀ ၉၇၉၇၃



www.burmeseclassic.com

www.burmeseclassic.com

# ညာတင်ကုတ် ဝိဍူညိုနောင်ရုပ်တုများ

ခင်ခင်ဝင်း
(မော်ရဝတီ)

မြတ်စွာဘုရား၏ ရုပ်ပုံတော်များ၊ ရုပ်ပွားဆင်းတုတော်များနှင့် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားဒေသနာတော်များ၊ ပရိတ်ပဋ္ဌာန်း ဂါထာများကို စုဆောင်း ရွတ်ဖတ်ကျက်မှတ်မှုဒော်ခြင်းများတွက် ကျွန်မအတွက် အလွန်လောဘကြီးခဲ့သည်။

ထိုသို့ ဖြစ်ရခြင်းမှာလည်း ကျွန်မအတွက် တစ်သက်မမေ့နိုင်စရာ ဘဝနာခဲ့ရသော အကြောင်းအရာက ရှိခဲ့ပါသည်။

မှတ်မှတ်ရရ အဖြစ်အပျက်လေးက ကျွန်မ ဒုတိယတန်း ကျောင်းသူဘဝမှာ ဖြစ်ပျက်ခဲ့ရပါသည်။ အဖေရယ်၊ အမေရယ်၊ အစ်ကိုရယ်၊ ကျွန်မရယ်၊ မောင်လေးရယ် မိသားစုငါးယောက် ရှိပါသည်။

အဖေက အစိုးရဝန်ထမ်းဖြစ်သော်လည်း ညနေတိုင်း ယစ်ထုတ်ကြီးဘဝဖြင့် အိမ်သို့ ပြန်ရောက်လာတတ်ပါသည်။

ပြန်ရောက်လာတိုင်း မိသားစုကို အမြဲ နှိပ်စက်တတ်ပါသည်။ ဘီးလင်းမြို့ရှိ အမေ၏ မောင်နှမများ အမွေရသော ခြံမြေတွင် စုပေါင်း၍ ကိုယ့်အိမ်ကိုယ် ဆောက်ပြီးနေကြပါသည်။

ညဘက် အဖေ ပြန်လာသောအသံကြားမှာ ကြားသည်နှင့် ကျွန်မတို့ မောင်နှမသုံးယောက် အမေ၏ အစ်မ ကျွန်မတို့အကြီး၏ အိမ်ခြေမြင့် အိမ်အောက်ရှိ ထိုင်ခုံကလေးများပေါ်တွင် သွားပုန်းနေတတ်ကြသည်။

အဖေ၏ အရိုက်ကို ခံရမည်စိုး၍ဖြစ်သည်။ အမေ့မှာ အဖေ့၏ဒဏ်ကို အတော်ခံရရှာသည်။ သားသမီးများ၏ အသက်နေရေးကို အမေက စက်ချုပ်၍ ကျွေးမွေးခဲ့ပါသည်။



ညာတင်ကုတ်ရုပ်တုနှစ်ဆူ၏ ရှေ့တည့်တည့်ပုံ



www.burmeseclassic.com

www.burmeseclassic.com



▲ မျက်နှာအနီးကပ်ပုံ(အကြီး)



▲ မျက်နှာအနီးကပ်ပုံ(အငယ်)

ထိုဒဏ်များကြောင့် ဖြစ်မည်ထင်သည်။ အမေ မကျန်းမာဖြစ်ပြီး အိပ်ရာထဲ လဲပါတော့သည်။ ပထမတော့ ထူထူထောင်ထောင် ဖြစ်သည်နှင့် စက်ပြန်ချုပ်သော်လည်း ဒီတစ်ခါတော့ အမေ မထနိုင်တော့ပါ။

အခြေအနေကို ရိပ်မိသော အမေ့၏ သူငယ်ချင်းများက အစ်ကို့ကို သင်္ကန်းဆီးပေးလိုက်ပြီး အမေ့၏ ခေါင်းရင်းမှာ ဘုရားစာများ ရွတ်ဖတ်နေစေပါသည်။

ထိုနေ့က အမေဆုံးမည့်နေ့ ဖြစ်သည်။ လူကြီးတွေ ပြောစကားအရ အမေဆုံးတော့မည်ကို ကျွန်မ တစ်စွန်းတစ်စ ကြားသိနေပြီး ဖြစ်သည်။

အစ်ကိုက အမေ့ခေါင်းရင်းမှာ ထိုင်ပြီး သင်္ကန်းစလေးဖြင့် အမေ့မျက်နှာကို ယပ်ခတ်ပေးရင်း ဘုရားစာများ ရွတ်ဖတ်ပေးနေသည်။

ကျွန်မက မောင်လေးကို လက်ဆွဲရင်း အမေ့ဘေး ခပ်လှမ်းလှမ်းမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း မောင်လေးကို ထိန်းနေရသည်။ ဘာမှမသိသော မောင်လေးက မုန့်ဆာကြောင်း၊ ထမင်းဆာကြောင်း ပူဆာနေသည်။

ကျွန်မက မျက်ရည်လည်ရွဲဖြင့် "နင်က ဘာမှမသိဘူး" တဖျစ်တောက်တောက် ပြောရင်း ချော့နေရသည်။ တစ်ဆက်တည်းမှာပဲ အစ်ကို့ကိုကြည့်ပြီး အစ်ကို့လိုပဲ အမေ့ကို ဘုရားစာတွေ ရွတ်ပေးချင်နေသည်။

ဘာဘုရားစာမှ မတတ်သော ကျွန်မ၏ အဖြစ်ကိုလည်း တော်တော် ဝမ်းနည်းနေမိသည်။ ထိုနေ့မှာပဲ အမေ ဆုံးသွားပါသည်။

ဝမ်းနည်းကြေကွဲစွာဖြင့် ပုလဲသီတစ်ကွဲစီ ဖြစ်သွားသော ကျွန်မတို့ မိသားစုတွင် အစ်ကိုက ဘုန်းကြီးဝတ်ဖြင့်ပင် စာတွေဆက်သင်ဖြစ်သည်။

ကျွန်မက အမေ့ဘက်က အဘွားဆီမှာ သွားနေရသည်။ မောင်လေးကတော့ သားယောက်ျားလေး မရှိသော အမေ၏ အစ်မအကြီးတို့အိမ်မှာ သွားနေရသည်။

ကျွန်မ၏ အဖေဘက်က အဘွား





www.burmeseclassic.com

www.burmeseclassic.com



အရှေ့အနီးကပ်ပုံ



အရှေ့ဘေးစောင်းပုံ

သည် တိုင်းရင်းမြန်မာဆေးများကို ကိုယ်တိုင်ဖော်စပ်သည်။ ပရိတ်ဂါထာများကို အမြဲ ရွတ်ဖတ်နေတတ်သည်။

ကျွန်မကို ကျောင်းဆက်ထားပေးပြီး အားလပ်ချိန်တွင် အဘွား၏ ဆေးဖော်ခြင်း အလုပ်ကို ဝိုင်းလုပ်ပေးရသည်။ အထူးသဖြင့် အဘွားသည် ညအိပ်ခါနီး အရုပ်(၁၀)မျက်နှာကို မတ်တပ်ရပ် လက်ညှိုးညွှန်၍ ပဋ္ဌာန်းဖြင့် စည်းချတတ်သည်။

အမေ ဆုံးခါနီးလေးမှာ ဘာသာရေး စိတ်ဓာတ်ကို အုတ်မြစ်ချခဲ့သော ကျွန်မ၏ တတ်ချင်စိတ်ကို အဘွား၏ ပဋ္ဌာန်းဖြင့် စတင်ခဲ့ရပါသည်။ ဥပုသ်နေ့တိုင်း ဘုန်းကြီးကျောင်းသို့ အဘွားနှင့် ကျွန်မ ပါသွားတတ်သည်။

ဒီလိုနှင့် ကျွန်မ ဆဋ္ဌမတန်းသို့ ရောက်သောအခါ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာဖြင့် ကူးပြောင်းသောနှစ် ဖြစ်သည်။ ကျောင်းတွေမှာ ဗုဒ္ဓဘာသာ စာမေးပွဲကို ဖြေဆိုဖို့ ညွှန်ကြားလာသည်။

ကျွန်မ၏ အတန်းပိုင်ဆရာမှာ ဘုန်းတော်ကြီးသင် ပညာရေးမှ အောင်မြင်ပြီး ကျောင်းဆရာ ဖြစ်လာသူ ဖြစ်သည်။

ကျွန်မကလည်း စာကြိုးစားသဖြင့် အတန်းတိုင်းတွင် ပထမ–ဒုတိယ–တတိယ ဆုမရသောနှစ် မရှိခဲ့ပါ။ ဆရာက ကျွန်မကို ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ နောက်ကျောပုံ

**"ငါ တပည့်ကို ဆရာအားကိုးတယ် ပထမရအောင်လုပ်"**ဟု ပြောပါသည်။ ကျွန်မလည်း ရေငတ်တုန်း ရေတွင်းထဲ ကျသလိုပေါ့။ ဗုဒ္ဓဘာသာ စာမေးပွဲအတွက် သင်ရိုးအကုန်ကို အလွတ်ကျက်ခြင်း၊ ပါဠိများကို ရေး ဖတ်ကျက်ခြင်းတို့ကို အစွမ်းကုန် ကြိုးစားခဲ့ပါသည်။

ထိုစဉ်က အထက်တန်းနှင့် အလယ်တန်းကို သင်ရိုးတစ်ခုတည်း၊ မေးခွန်းတစ်ခုတည်း ဖြစ်ပါသည်။ ကိုယ်က (၆)တန်း၊ တက္ကသိုလ်ဝင်တန်း ကျောင်းသားတွေနှင့် ယှဉ်ပြိုင်ရမည်။

သို့သော် ကျွန်မ၏ ဘာသာတရား အပေါ် တတ်ချင်သော ဘဝနာ စိတ်ဓာတ်ကြောင့် ပထမဆုကို ဆွတ်ခူးခဲ့ရသည်။

ထိုမှတစ်ဆင့် ပရိတ်ကြီး(၁၁)သုတ်၊ ဓမ္မစကြာ၊ ပဋ္ဌာန်းဒေသနာတော်တို့ကို ဖတ်သား ကျက်မှတ်သည့်အပြင် ဘုရားပုံတော်များ၊ ဘုရားစေတီများ သွားရောက် ကိုးကွယ်ဆည်းကပ် ပူဇော်ခြင်းသည် တစ်စတစ်စ တိုးပွား လာခဲ့သည်။

ကျွန်မ၏ အိမ်ဘုရားစင်တွင် အစုံအလင် ကိုးကွယ်ထားပါသည်။

ကျွန်မ ဝန်ထမ်းဘဝက ထွက်ပြီး အပြင်စီးပွားရေးလောကကို ဝင်ရောက်သောအခါမှ ဘာသာရေး ကိစ္စများကို ပိုလုပ်ဖြစ်ပါသည်။ ကျွန်မတို့လုပ်သော စီးပွားရေးလုပ်ငန်းမှ အများစုသည် ဘာသာရေးကို အတော်လုပ်ကြသည်။

ဒီလုပ်ငန်းလုပ်လျှင် ဘာသာရေးကို ပိုလုပ်ရမည်ဟု ရှေးဆရာ့ဆရာများ၏ လက်ဆင့်ကမ်း ပြောကြားချက်ကြောင့် လည်း ဖြစ်ပါသည်။

မော်လမြိုင်မြို့၏ အပေါ်ဈေး၏ လမ်းမတန်းအနီးတွင် ကျွန်မ၏ ပန်းထိမ်နှင့် ကျောက်ဆိုင်လေးရှိသည်။ အောက်ဈေး၏ လမ်းမတန်းအနီးတွင် ကျွန်မ၏ ဓမ္မမိတ်ဆွေဦးလှ၏ ကျောက်အဟောင်းဆိုင်လေး ရှိပါသည်။

ဦးလှသည် စနေနေ့ညနေ ဆိုင်သိမ်းပြီးသည်နှင့် သူကိုးကွယ်ရာ မြစိမ်းတောင်ကျောင်းသို့ သွားရောက်၍ ကျောင်းဝေယျာဝစ္စများနှင့် အရှုဏ်ဆွမ်းကပ်ခြင်းများ ပြုလုပ်မြဲဖြစ်ပြီး တနင်္ဂနွေနေ့မှ ပြန်လာတတ်သည်။

ကျွန်မက မုဒုံသို့သွား၍ ကျွန်မ၏ **ဆရာတော် (ဝိဝေကာရုံကျောင်း)**

www.burmeseclassic.com



နောက်ကျောပုံ



နောက်ကျောပုံ

ထံသို့ သွားမြဲဖြစ်သည်။ တနင်္လာနေ့ ဈေးဖွင့်ရက်တွင် ကျွန်မသည် ဦးလှ၏ ဆိုင်သို့ သွားမြဲဖြစ်ပြီး ကျွန်မတို့၏ ဆရာတော်များအကြောင်းကို ဆွေးနွေးမြဲ ဖြစ်ပါသည်။ စီးပွားရေးအရလည်း ဆက်စပ်မှုတွေ ရှိနေသောကြောင့် ဖြစ်သည်။

တစ်နေ့သောအခါ ဦးလှ၏ ဆိုင် ဘုရားမှန်ပုံးထဲတွင် ပုံသဏ္ဌာန် ထူးဆန်းသော ရုပ်တုနှစ်ခုကို တွေ့ရပါသည်။

ကျွန်မစိတ်က ဝယ်ယူချင်စိတ် ပေါ်လာပြီး ကျွန်မအား ဝယ်ယူခွင့်ပြုရန် ခွင့်တောင်းမိသည်။ ဦးလှကလည်း ကျွန်မ၏ ပစ္စည်း စုဆောင်းတတ်သော စိတ်ဓာတ်ကိုသိ၍ ချောချောမောမော ပင် ခွင့်ပြုလိုက်သည်။

ငွေကြေးဖြင့် မသတ်မှတ်သော် လည်း နဝင်းဓာတ်ဖြစ်စေရန် ရုပ်တု တစ်ခုကို ကျပ်ကိုးထောင်ဖြင့် နှစ်ခု အတွက် ကျပ်တစ်သောင်းရှစ်ထောင် ဖြင့် ဝယ်ယူခဲ့သည်။ အိမ်ဘုရားစင်မှာ ထားခဲ့သည်။

တစ်နေ့ညတွင် အိပ်မက်ထဲ၌ ထို ရုပ်တုများကို ဦးလှထံ လာပို့သွားသော ပုဂ္ဂိုလ်ကို အိပ်မက်သည်။ **"ငွေရရင် ဘာလုပ်မလဲ"**ဟု မေးပါသည်။ **"သာသနာပြုဖို့ အကုန်လုပ်မယ်"** ဟု ကျွန်မ ပြန်ပြောလိုက်သည်။

ကျွန်မ မတွေ့ဘူးသော ထိုပုဂ္ဂိုလ် ၏ အသွင်အပြင်ပုံသဏ္ဌာန်ကို ဦးလှ အား သွားပြောပြသောအခါ ဟုတ်မှန် ကြောင်း၊ လျှို့ဝှက်ထားသင့်ကြောင်း ပြောသဖြင့် ကျွန်မ ပိုပြီး အားတက် လာပါသည်။

ဝိဇ္ဇာညီနောင်ရုပ်တု ဖြစ်ကြောင်း သိရှိရပြီး ပို၍ပင် တန်ဖိုးထားခဲ့ပါသည်။

ကျွန်မတို့၏ ရတနာလုပ်ငန်းတွင် ဘာသာရေးကို တော်တော်လေး ထဲထဲဝင်ဝင် သိသူတွေ ပါသည်။ ကျွန်မ ၏ဆိုင်ကို မကြာမကြာ လာတတ်သော ဘားအံမှ ကျောင်းဆရာတစ်ယောက် ရှိသည်။

အလုပ်ဖြင့် မလွတ်လပ်သဖြင့် ကျောင်းဆရာအလုပ်ကို ဘာအခွင့် အရေးမှ မယူဘဲ ထွက်လိုက်ပြီး လမ်း ပြေးရတနာအလုပ်ကို လုပ်ကိုင်နေ သည်။ နှံ့နှံ့စပ်စပ်လည်းရှိသည်။ ကျွန်မ

www.burmeseclassic.com

သိမ်းဆည်းထားသော ဝိဇ္ဇာညီနောင် ရုပ်တုများကို တွေ့ထားဖူးပြီး ကျွန်မ ယူဆောင်သွားကြောင်း ကြားသိရ၍ သူ့အား ရုပ်တုတစ်ခုလောက် မျှပေးပါရန် ခဏခဏ လာတောင်းဖူးပါသည်။

ကျွန်မကလည်း ရှေးဟောင်း ပစ္စည်းကို လောဘကြီးသော စိတ်ကြောင့် ထုတ်ပြ၍ ကြည့်ခွင့်ပင် မပေးခဲ့ပါ။

ဒီလိုနှင့် နှစ်တွေလည်း (၂၀)နှစ် ကျော်ခဲ့ပေမည်။ ထူးခြားချက်ကတော့ တစ်နှစ်တစ်ခါ ဘုရားတွေ အားလုံး ထုတ်ပြီး ရေသပ္ပါယ်ခြင်း၊ ဘုရားစင် သန့်ရှင်းရေး လုပ်သောအခါ ဘုရားများ အားလုံးကို ထုတ်ပြီး စားပွဲဝိုင်းကြီးပေါ် မှာ ယာယီ စံစေပါသည်။

ထိုအခါ ရတနာပစ္စည်းကောင်းများ ဝင်လာတတ်ခြင်း၊ ဘုရားဖူးများကို စရိတ်မကုန်ဘဲ သွားရောက်ရခြင်း၊ ဝိဇ္ဇာဓာတ်ရှိသော ဆရာတော်များ ကြည်ဖြူခင်မင်စွာ ကိုးကွယ်ခွင့်ရခြင်း၊ ဓာတ်လုံးများ၊ ဆေးတော်ကြီးများ အမှတ်မထင် ရရှိခြင်း...

ဈာန်ရဘုန်းတော်ကြီးများကို ဖူးတွေ့ ကိုးကွယ် လှူဒါန်းခွင့်များကြုံခြင်း၊ တောင်တန်းသာသနာပြု ဆရာတော် ဦးဥတ္တမသာရ၊ ဘုန်းဘုရား ဘိုးပေါက် ဆိန်တို့ အိပ်မက်ဖြင့် ကြွရောက် စကားပြောရခြင်း...

အထူး အရေးကြီး သာသနာပြုကိစ္စ များကို နားတွင် အကြားအာရုံဖြင့် သိရခြင်း၊ ဥပမာ **(ကျိုက်ထီးရိုးဘုရား ထီးတင်မည့် နေ့ရက်ကို (၂)ရက် ကြိုတင်၍ နားမှာ ကြားရပါသည်။)**

ဓာတ်လမ်း တစ်ပုဒ်စီလောက် ရေးသား၍ ရနိုင်လောက်အောင် ဘာသာရေးနှင့် ပတ်သက်၍ ထူးခြားမှု များ များစွာ ရှိခဲ့ပါသည်။

ထို့ထက် ထူးသည်မှာ မြင်းခြံ



◆ နောက်ကျောအမှီကပ်ပုံ

ဆရာတော်ကြီးပေးသော ဓာတ်တော် အဆူ(၅၀)မှ အဆူ(၅၀၀) ပွားလာ သည်ကို ၁၃၆၀ ပြည့်နှစ်၊ ဝါဆိုလပြည့် ကျော်(၁)ရက်နေ့ (ကြာသပတေးနေ့ နံနက် ၁၀–နာရီ)တွင် ပျော်ရွှင်စွာ သမီးနှင့်အတူ ကောက်ယူတွေ့ရှိရခြင်း တို့ကို ကြုံတွေ့ရပါသည်။

ကျွန်မ အားကိုးစိတ်ချရသော ငှားထားသည့် ပန်းထိမ်ဆရာကြီးမှာ မျက်စိ အားနည်းလာသည်က တစ်ကြောင်း၊ ချမ်းသာသွားသည်က တစ်ကြောင်းကြောင့် အလုပ်မှ ထွက် သွားသောအခါ ကျွန်မလည်း ကျွန်မ၏ ဆိုင်လေးကို ပိတ်လိုက်ပြီး အိမ်မှာပဲ ကြိုကြားကြိုကြားအလုပ်လုပ်နေပါသည်၊

ထိုစဉ် လုပ်ငန်းနှင့် ဆက်စပ်သူများ ကျွန်မအိမ်သို့ ရောက်လာတတ်သည်။ ဘားအံမှ ကျောင်းဆရာလည်း ရောက် လာပြီး ဝိဇ္ဇာညီနောင်ရုပ်တု တစ်ခုအား တောင်းပြန်သည်။

ကျွန်မက ထုတ်တောင် မပြသော အခါ ထိုရုပ်တုများသည် ဘုရားမဟုတ် ညာ တင်ကုတ်များဖြစ်ကြောင်း၊ ဝိဇ္ဇာ များက သူတို့၏ ဓာတ်လုံးများကို စုပေါင်း၍ ပုံထုပြီး အမှတ်အသားအဖြစ် သင်္ကန်းကို ညာဘက်သို့ ရုံ၍ထားကြ ကြောင်း၊ မီးမကူး သေနတ်ပစ် မဝင် ကြောင်း၊ စမ်းသပ်ကြည့်၍ အဆင့်ဆင့် အောင်မြင်ပါက ငွေသိန်းပေါင်းများစွာ ရရှိမည်ဖြစ်ကြောင်း ပြောပြပါတော့ သည်။

ကျွန်မက မည်သို့မှ မတုန်လှုပ်ပါ။ အနည်းငယ်မြင့်သော ရုပ်တုတော်က ဘယ်လက်က သပိတ်ကို လက်ဖဝါး ပေါ် တင်ထားပြီး ညာလက်က ပက်လက် လှန်ဖြန့်ချပြီး ပေးနေဟန်ရှိသည်။ မကိုဋ်မှထိပ်ချွန်က အနောက်သို့ အနည်း ငယ်ကွေးနေသည်။


အနည်းငယ်နိမ့်ပြီး အနည်းငယ် သေးသယောင်ရှိသော ရုပ်တုတော်မှ လက်ဖဝါးနှစ်ဖက်စလုံး ပက်လက်လှန် ဖြန့်ချပြီး ပေးနေဟန်ရှိသည်။ မကိုဋ်မှထိပ် ချွန်က အရှေ့ကို အနည်းငယ် ကွေးနေ သည်။

မှိုကိုးချက်တွင် ရှစ်ချက်သော မှိုတို့ ၏ ထားနေပုံ အတူတူ ဖြစ်သော်လည်း ကြီးသောရုပ်တုတော်မှာ သပိတ် အောက်တွင် မှိုတစ်ချက်ရှိပြီး ငယ်သော ရုပ်တုတော်မှာ ရင်ညွန့်တည့်တည့် နေရာတွင် မှိုတစ်ချက် ရှိပါသည်။

မူလက ရွှေချထားဟန်ရှိသည်။ ရွှေလက်ကျန် အစအနများ ကျန်နေ သည်ကို ဓာတ်ပုံမှာ တွေ့ရမည် ဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



◆ အနောက်ဘေးဓာတ်ပုံ

သည်။ တစ်ဆက်တည်းမှာရှိသော ကြာမှောက်ကြာလှန် သဏ္ဌာန်ရှိသော ပလ္လင်ရှိနေသည်။ မှိုကိုးချက်တို့၏ ပုံသဏ္ဌာန်ကား ထင်ရှားပေါ်လွင်လှပါသည်။

ဦးခေါင်းတော် ဖုံးအုပ်ထားသည့်များက စ,ပုံသဏ္ဌာန်ဟု ယူဆမိပြီး ချက်လုံးတော်များက ဓ,ပုံသဏ္ဌာန်၊ ပါးစပ်တော်က ဗ,ပုံဖြစ်ပြီး၊ ရှေ့နောက်ညာတင်ကုတ် အနားကွပ်များက ဝ,ပုံသဏ္ဌာန် ဖြစ်နေပါသည်။

ပလ္လင် နောက်ကျောဘက်တွင် စာအမှတ်အသားများဟု ယူဆရသော်လည်း မပီပြင်တော့ပါ။

ကျွန်ုပ် ကိုးကွယ်ထားသော ဘုရားများ အထဲတွင် မှိုကိုးချက်ဒက္ခိဏာသာခါ ဘုရားနှစ်ဆူ ရှိပါသည်။ မှိုတို့၏ ထားသိုချက်မှာ မှိုသေးသေးလုံးလုံးလေးများ ဖြစ်ပြီး နဖူးတွင် တစ်ချက်၊ ပခုံးနှစ်ဖက်တွင် တစ်ချက်စီ၊ လက်ကောက်ဝတ်နှစ်ဖက်တွင် တစ်ချက်စီ ဒူးခေါင်းတော်နှစ်ဖက်တွင် တစ်ချက်စီ၊ တင်ပါးတော်နှစ်ဖက်တွင် တစ်ချက်စီ နှစ်ဆူလုံး အတူတူပင် ဖြစ်ပါသည်။

ညာတင်ကုတ်ဝိဇ္ဇာညီနောင် မှိုကိုးချက်သည်ကား ပခုံးနှစ်ဖက်တွင် အရှေ့(၂)ချက်၊ အနောက်(၂)ချက် (၄)ချက် ရှိသည်။ ရင်ဝ (သို့မဟုတ်) သပိတ်အောက်တွင် (၁)ချက်ရှိသည်။ နောက်စိတွင် (၁)ချက်ရှိသည်။ အနောက်ခါးတွင် (ကျောရိုးတည့်တည့်)(၁)ချက်ရှိသည်။ တင်ပါးဘေးတွင် (၁)ချက်စီ (၂)ခုရှိသည်။

ပြဒါးဓာတ်လုံးတို့၏ အရောင်အဆင်းများဖြစ်သည့် ဓာတ်သားအရောင်ဖြစ်သည့်အတွက် ပြဒါးဝိဇ္ဇာတို့၏ ရုပ်တုများဟု ယူဆမိပါသည်။

**တွေ့ဖူးကြုံဖူး နားလည်သူများရှိခဲ့ပါသော် ကျွန်ုပ်၏ ဝိဇ္ဇာညီနောင် ညာတင်ကုတ်တို့၏ ဓာတ်ပုံကို ကြည့်၍ ရေးသားကြပါရန် ပန်ကြားအပ်ပါသည်။**

**မှတ်ချက် ။ ။ မူလ ပုံတော်ကို ကြည့်ရှုရန် တောင်းဆိုခြင်းသည်းခံပါ။ ဓာတ်ပုံများ လိုချင်ပါက ပေးပါမည်။**

**[ဘီးလင်းမြို့ အထက်တန်းကျောင်းမှ ကျွန်ုပ်၏ အတန်းပိုင်ဆရာ ဆရာ ဦးချစ်ရင်အား ဤ ဆောင်းပါးဖြင့် ကန်တော့အပ်ပါသည်။]**

**ခင်ခင်ဝင်း(မောရဝတီ)**



www.burmeseclassic.com

www.burmeseclassic.com

▶ ဒေ ကျ် မြာ ဝ ဆော င်း ပါ း ◀

နှလုံးရောဂါ ကင်းဝေးအောင်

◈ မှတ်ပုံတင် - ၀၁၁၄၄ ၁၁၈၉၃၆ လိုင်စင် ၇၂၀၁၁၊ တဆထလတိုး (၁၃၁၂) ◈

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်




" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥ တု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့ အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွှမ်းကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္ဓိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ ရူး၍ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊**

အမှတ်-(ရ/၁၅၆)မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၀၀၆၃၂

ရေးသားသူ ပြောင်းမြ မောင်ယဉ်တင့်



www.burmeseclassic.com

www.burmeseclassic.com



◆ ဆရာတော်နှင့် ဒေါ်မမော်ဝီလျှံသည့်ကား

ထက်မြင့်ကျော်စွာ

ဝေဘူဆရာတော်ကြီး၏ နွေရာသီ . သီတင်းသုံးရာ

# အင်ကြင်းပင် သာသနာပြုသို့ (၇)

ယခင်လမှ အဆက်

ဆရာတော်ကြီးရှိစဉ်က ညောင်ရေသွန်းပွဲ ကျင်းပကာ ကိုယ်တိုင် ရေသွန်းလောင်း ပူဇော်လေ့ရှိသော ဗောဓိပင်များ ဖြစ်သည်ဆို၏။

အလားတူပင် ဆရာတော်ကြီး စိုက်ပျိုးခဲ့သော လုမ္ဗိနီအင်ကြင်းပင်များကိုလည်း တွေ့ရသည်။ ထိုအပင်ကြီးများမှ ဆက်ပွားထားသော အပင်ငယ်တစ်ပင်တွင် အင်ကြင်းပန်းများ ပွင့်လန်းနေသည်ကို တွေ့ရသဖြင့် မှတ်တမ်းပြုဓာတ်ပုံရိုက်ပါသည်။

ဆရာတော်ကြီး ပျံလွန်တော်မူမည့်နေ့က ကျောင်းဝင်းတွင်းရှိ အင်ကြင်းပင်များအားလုံး ဖူးပွင့်ကာ မွှေးကြိုင်နေခဲ့သည်ဟု သိရသည်။

ဗောဓိညောင်ပင်များ၊ အင်ကြင်းပင်များကို လေ့လာကြည့်ရှုပြီးနောက် ဗောဓိပင်များအနီးရှိ ကျောင်းဆောင်တွင် ဝေဘူဆရာတော် ထေရုပ္ပတ္တိ (ကျော်ဇေယျာလေးရေးသည်။) စာအုပ်ကို ဝယ်ယူပြီးနောက် ကျောင်းဝမှ ပြန်ထွက်မည်ပြုစဉ် ဦးမင်းလွင်က အုတ်ခုံနေရာတစ်ခုကို ညွှန်ပြသည်။ စေတီတော် အနောက်ဘက်အနီး၌ ဖြစ်သည်။

'ဒီနေရာကလေးက ဆရာတော်ဦးကုမာရနဲ့ အတူတောထွက်ခဲ့တဲ့ ဦးသုဇာတ သီတင်းသုံးခဲ့တဲ့နေရာပါ'

ယင်းနှင့်ပတ်သက်၍ ဦးမင်္ဂလာ၏ ဝေဘူဆရာတော်ထေရုပ္ပတ္တိ စာအုပ် စာ(၁၂၁)၌ ဝေဘူဆရာတော်ကြီး အင်ကြင်းပင် ကမ္မဋ္ဌာန်းတိုက် တည်ထောင် သာသနာပြုနေချိန် မြန်မာနိုင်ငံ၌ ရောင်စုံသောင်းကျန်းသူများ ထကြွနေသည့်ကာလ၌ ဦးသုဇာတသည် ပြန်လည် ရောက်ရှိလာကာ စေတီနောက်နား၌ တစ်ပါးကျောင်း ကမ္မဋ္ဌာန်းတိုက်ကလေးဖြင့် သီတင်းသုံး အား

www.burmeseclassic.com



ရန်ကုန်သို့ကြွရာ၌(သမ္မတ)ဟောင်း ဦးစဝ်ရွှေသိုက် ကပ္ပိယပြုလိုက်ပါစဉ်

ထုတ်ခဲ့သည်။

တစ်နေ့တွင် လူတစ်ယောက် ဝင်ရောက်ပုန်းခိုသည်ကို မြင်ရသော်လည်း တရားကိုသာ ဆက်လက် ရှုမှတ်နေလိုက်သည်။ ကမ္မဋ္ဌာန်းသိမ်း၏ အပြင်ထွက် စင်္ကြံလျှောက်စဉ် လက်နက်ကိုင်လူတစ်စု ဖိနပ်မချွတ်ဘဲ ရောက်လာကြသည်။

'အရှင်ဘုရား ဒီနားများ လူတစ်ယောက် မလာဘူးလား'

'အစောကတော့ မြင်လိုက်ပါတယ်'

သို့ဖြင့်ထိုလူစုသည် အနီးဝန်းကျင်စေ့စပ်စွာ ရှာဖွေ၍ ပုန်းနေသူကို တွေ့ရှိရာ ရိုက်နှက်ဖမ်းဆီးသွားကာ သတ်ပစ်လိုက်ကြသည်။

ဦးသုဇာတက သူ့ကြောင့် ထိုသူအဖမ်းခံရကာ အသက်သေရသည်ဟု စိတ်စွဲသွားကာ စိတ်မကောင်းမှုများ အလွန်ဖိစီး၍ ကြိုးဆွဲချစီရင်သွားသည်။ အနီးတွင် စာရွက်ရေးကာ ချထားခဲ့သည်။

'ဝစီအတွက် ဝိပါက်လိုက်တာ၊ ကွေ့လို့မရဖြစ်ရသည်ပါ၊ ကံအကြောင်းကို အောက်မေ့အံ့ခါ၊ နှုတ်ထွက်ရင်း ပြင်းသည့်အမှုပါ'

ဟူ၍ ပါရှိလေသည်။

ဝေဘူဆရာတော်ကြီးက ထိုအုတ်တိုက်ကို မဖျက်မဆီးဘဲ ထားသော်လည်း ကာလကြာရှည်၍ အမိုးအကာများ ပြိုပျက်ကာ ချုံနွယ်အချို့ ဖုံးလွှမ်းနေသည့် အခြင်းနေရာသာ ကျန်လေသည်။

အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်းတိုက်ဝင်းမှ အနောက်ဘက်မုခ်အတိုင်း ပြန်ထွက်ခဲ့ရာ ဆိတ်ငြိမ်လှသော ကျောင်းပရိဝုဏ်အတွင်း တစ်ပါးကျောင်း အုတ်တိုက်များ ပျဉ်ထောင်ဆောင်ကလေးများ မြင်တွေ့ရသကဲ့သို့ ဆရာတော်ကြီးရှိစဉ်က ရဟန်းယောဂီများ သီတင်းသုံးနေထိုင်ရာ အုတ်တိုက်နှစ်ထပ် ကျောင်းကြီးများကိုလည်း မြင်တွေ့ခဲ့ရလေသည်။

ညောင်လွန့်ဆရာတော် ဦးမေဓာဝီက ညောင်လွန့်တောရကြီး အရှည်တည် စည်ကားစေရန် ကြောင့်ကြမှုဖြင့် ကြိုးပမ်းနေသော တပည့် ရဟန်းတော်အား...

'သာသနာမြေပြတစ်ခု အရှည်တည်မြဲအောင် တစ်ဦးတစ်ယောက်က ကြိုးစားလို့ ရတာမဟုတ်ဘူး၊ ပျက်ချိန်တန်ရင် ပျက်မှာပဲ၊ အေး စည်ကားချိန်တိုင်တော့လဲ စည်ကားမှာပေါ့'



F.6B. June, 2014.

www.burmeseclassic.com

www.burmeseclassic.com



▲ ရွှောဂုံ

▼ ဦးသုဓာတကျောင်းနေရာ



ဟု မိန့်ကြားတော်မူခဲ့သည်။

သီတင်းသုံးသံဃာ ကင်းမဲ့နေသည့် အင်ကြင်းပင် ကမ္မဋ္ဌာန်းတိုက်အတွင်းမှ ကျောင်းကလေးများသည်လည်း တစ်ချိန်တွင် ယောဂီများဖြင့် ပြန်လည်စည်ကားလျက် တိုးတက်စည်ပင်လာသည့် ပဋိပတ္တိသာသနာတော် အရေးကို ကြိုတင် မျှော်လင့် သာခုခေါ်ရသေသည်။

## ရန်အောင်မြေစေတီ

(ဝေဘူ) အင်ကြင်းပင် ဆရာတော်ကြီး၏ ရုပ်ကလပ်တော်ကို တေဇောစျာပန ကျင်းပရာနေရာတွင် အရိုးတော်ဓာတ်များကို ဌာပနာပြုလျက် စေတီတည်ပူဇော်ခဲ့ကြရာ ဆရာတော်၏ ဘဝကိစ္စအဝဝတို့ကို အောင်မြင်ရာမြေ ဖြစ်သောကြောင့် **"ရန်အောင်မြေစေတီ"** ဟု ဘွဲ့မည်ကပ်လှူကြသည်။

ထိုစေတီကား အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်းတိုက်၏ အနောက်တောင်ယွန်းယွန်းတွင် ကိန်းဝပ်တော်မူလေသည်။

ဆရာတော်ကြီးသည် ၁၃၃၉ ခုနှစ် ပထမဝါဆိုလဆန်း (၁၁)ရက်နေ့တွင် ခန္ဓာဝန်ချတော်မူရာ ရုပ်ကလာပ်တော်ကို ကမ္မဋ္ဌာန်းကျောင်းတိုက်တွင်းရှိ ပိဋကတ်တိုက်ကျောင်းတွင် ပူဇော်ထားရှိကာ ၁၃၃၉ ခုနှစ်၊ တပေါင်းလဆန်း (၁၄)ရက်နေ့တွင် တေဇောစျာပနသဘင် ဆင်ယင်ကျင်းပကြသည်။

ကျန်ရစ်သော အရိုးတော်ဓာတ်များကို ရွှေဘိုအောင်မြေကျောင်း၊ ကျောက်ဆည် ဝေဘူချောင်များသို့ ခွဲဝေပေးကာ မီးပူဇော်ရာနေရာတွင်လည်း စေတီတည် ဌာပနာပြု ပူဇော်ခဲ့ကြသည်။

မူလက ကိုးတောင်ပြည့်စေတီ ဖြစ်သော်လည်း နှစ်ကြိမ်တိုင် ဉာဏ်တော်မြှင့် ပူဇော်ခဲ့ကြသဖြင့် ယခုအခါ ဉာဏ်တော်အမြင့် အတောင်(၃၀)ရှိလေသည်။

တပေါင်းလပြည့်နေ့တွင် ဆရာတော်၏ ကျေးဇူးတော်ကို ရည်မှန်းကာ အနီးဝန်းကျင် ကျေးရွာများမှ ကုသိုလ်ရှင်များက ဆွမ်းတော်ကပ်ခြင်း၊ သံဃာဆွမ်းလောင်းလှူခြင်းတို့ ပြုကြသည် ဟုသိရသည်။

ဝေဘူဆရာတော် အရှင်ကုမာရသည် ဖူးမြော်သူ ရောက်ရှိလာပါက အချိန်နေရာမရွေး အဖူးအမြော်ခံယူ၍ တရားဟောကြားပေးပါရန် လျှောက်ထားလျှင် မပျက်မကွက် ဟောကြားပေးတော်မူခဲ့သည်။

ဆရာတော်ကြီးသည် **၁၃၃၉ ခုနှစ်၊ ပထမဝါဆိုလဆန်း (၁၁)ရက်နေ့တွင် ပျံလွန်တော်မူရာ** ထိုနေ့ နေ့ဆွမ်းဘုဉ်းပြီးချိန်၌ တွေ့မြင်ရသော တည်ငြိမ်သည့် ကာ္လန္ဒြေကိုလည်းကောင်း၊ ဆွမ်းဘုဉ်းပြီးနောက် ပရိသတ်ကို တရားဟောကြားစဉ် ဖူးတွေ့ရသော ပုံတော်ကို လည်းကောင်း မှတ်တမ်းတင်ပြ



www.burmeseclassic.com

www.burmeseclassic.com



▲ ဆရာတော်စိုက်ပျိုးခဲ့သည့် အင်ကြင်းပင်

ထားပါသည်။

ဆရာတော်ကြီး၏ နောက်ဆုံးကာလ၏အခြေအနေကို တွေ့မြင်ကြည်ညိုသဒ္ဓါပွားနိုင်ကြစေရန် ဖြစ်ပါသည်။

## နောင်အာရှည်မြဲမည့် သာသနာမြေများ

ဆရာတော်ကြီး ၁၀ဝကိုစွအဝဝ ပြီးဆုံးအောင်မြင်ရာမြေရှိ ရန်အောင်မြေစေတီတော်အား ဝပ်တွားကန်တော့၍ ဆရာတော်ကြီး၏ ကျေးဇူးဂုဏ်တို့ကို အောက်မေ့ပူဇော်ကာ ပြန်လည် ထွက်ခွာခဲ့သည်။

ဆရာတော် အရှင်ဦးကုမာရ သီတင်းသုံး၍ ပဋိပတ္တိသာသနာပြုနေတော်မူခဲ့သည်။ ကျောက်ဆည်မြို့မှ ဝေဘူချောင် ရွှေဘိုမြို့မှ အောင်မြေကျောင်းနှင့် ဇာတိရပ် အင်ကြင်းပင်ကျောင်း သုံးဌာနစလုံးသည် ကြာသပတေးနံဖြင့် အဆုံးသတ်လျက် နံတော်တနင်္လာဖြစ်သော ဆရာတော်အတွက် "**ဂမ္ဘေ**"ပထဝီဓာတ်မိတ်ဆောင်ကာ ရေရှည်တည်တံ့ခိုင်မြဲခြင်းကို ဖြစ်စေသည်။

ဆရာတော် ပျံလွန်တော်မူပြီးသည့်နောက် အဆိုပါ သုံးဌာနစလုံးအား ဆက်ခံသည့် ဆရာတော်သုံးပါးမှာ အရှင်ခေမိန္ဒဟူ၍ ဘွဲ့အမည် တူညီကြသော ရဟန်းတော်များဖြစ်ကြောင်း လက်ရှိအောင်မြေကျောင်း ဆရာတော်ဦးအဂ္ဂမမ္ဘက မိန့်ကြားတော်မူသည်။

သို့ဖြစ်လေရာ ပထဝီဓာတ်မိတ်ကို ပံ့ပိုးသကဲ့သို့ ရှိလေရာ ဆရာတော် ပျံလွန်တော်မူသော်လည်း နောင်အရှည်တည်တံ့ကာ သာသနာသမိုင်းဝင် နေရာထူးများ ဖြစ်တည်ကြလိမ့်မည်ဟု ကောက်ချက်ချရပေသည်။

**ဆရာတော်ကြီး၏ ဩဝါဒအချို့**

ပုရွက်ဆိတ်တွင်းထဲ သွားပါလား

ဝေဘူချောင်တွင် သီတင်းသုံးစဉ် သီလရှင်များက မြန်မာနိုင်ငံအနှံ့ ဘုရားဖူးထွက်ရန် ဆရာတော်အား လျှောက်ထားကြသည်။

'ဆရာတော်ဘုရား တပည့်တော်တို့ ဘုရားဖူးသွားကြမလို့ပါ ဘုရား'

'ဟင် ဟုတ်လား ဘုရားက ဘယ်မှာ ရှိတာလဲဗျ'

'မြန်မာနိုင်ငံအနှံ့ ရှိတာပါဘုရား'

'ဟုတ်လား ဒီမှာလဲ မရှိဘူးလားဟဲ့'

'ရှိပါတယ်ဘုရား'

'ဒီမှာရှိတော့ ဒီမှာ ဖူးလို့ မရဘူးလား'

'ရပါတယ်ဘုရား'

'ရတယ်ဆိုရင် ဒီမှာဖူးပြီး ဒီမှာတင် ဘုရားရဲ့အဆုံးအမကို ယူပြီး ဆောင်



www.burmeseclassic.com

www.burmeseclassic.com



▲ အင်ကြင်းပင်များ

▼ ရဟန်းယောဂီများကျောင်းဆောင်



ကြတော့ ပြီးသွားတာ မဟုတ်လား'

'ပြီးတာတော့ ပြီးသွားတာပါဘုရား။ ဒါပေမယ့် အဲဒီနေရာတွေ မရောက်ဘူးသေးလို့ပါဘုရား'

'ဟုတ်လား ဒါဖြင့် နင်တို့ ပုရွတ်ဆိတ်တွင်းထဲကော ရောက်ဖူးကြသလား'

'မရောက်သေးပါဘုရား'

'သွားပါတော့လားဟဲ့ မရောက်ဘူးရင်။ အေး အေး နင်တို့ မရောက်ဘူးတာ ဘယ်မှာ မရှိပါဘူးဗျာ။ တစ်နေရာပဲ ရှိပါတယ်။ **အဲဒီနေရာက ဘုရားအဆုံးအမနဲ့ ပြည့်စုံအောင် ဖြည့်ပြီးယူရမှာပါ။ ဆုံးမတော်မူတာတွေသာ ပြည့်အောင်ဖြည့်ကြပါဗျာ။ လိုတာတွေ ရလာပါလိမ့်မယ်'**

## သံတစ်လုံးဆောင် အိုအောင်မဆင်းရဲ

ဝေဘူဆရာတော်နှင့် ကျောင်းနေဖက်သူငယ်ချင်းဖြစ်သော ဦးခန္တီသည် အင်ကြင်းပင်ကျောင်း တောင်ဘက်(၅) မိုင်ခန့်အကွာ သရက်ကန်ရွာတွင် တောရဆောက်တည်သည်။

မဟာဗောဓိ(ဘုရားလောင်း) ဆုပန်ကာ ပါရမီဖြည့်တော်မူသည်။ ဦးခန္တီသည် ပန်းချီ၊ ပန်းရန်၊ ပန်းပု လက်မှုပညာမျိုးစုံ အတတ်ပညာမျိုးစုံ လေ့လာလိုက်စားသည်။ 'တစ်ခါသော် အင်္ဂရတ်နှင့်စပ်၍ ဓာတ်လုံးအကြောင်းပြောဆိုကြရာ ဝေဘူဆရာတော်က...

'သံတစ်လုံးဆောင် အိုအောင်မဆင်းရဲဘူးတဲ့'

'ဘယ်ကရတဲ့ သံလုံးကို ပြောတာလဲ ဘုန်းကြီး'

'ဘုရားပေးတဲ့ သံလုံးလေ'

သပိတ်ကို ပြ၏။

'အဲဒါသာ ဆောင်ပါဗျာ အိုအောင်မဆင်းရဲပါဘူး'

### မဆင်းရဲအောင်

တို့ဘုရား သာသနာက နေပူအောင် လုပ်လို့လဲ ရတယ်။ မိုးရွာအောင် လုပ်လို့လဲ ရတယ်။ လူလာအောင် လုပ်လို့လဲ ဖြစ်တယ်။ လူမလာအောင် လုပ်လို့လဲ ဖြစ်တယ်။ သစ်ပင်ရှိရင် ဆွမ်းရှိတယ်။

မင်းတို့ ဘုရားကြည်ညိုတာက မတည့်တဲ့သူငယ်ချင်း အိမ်အလည်လာသလောက်မှ မကြည်ညိုလို့ ဘာအကျိုးထူးမှ မခံစားရဘူး။ မတည့်တဲ့သူငယ်ချင်းလာရင် ကိုယ်က မခေါ်ချင်ရင်တောင်မှ ထမင်းစားချိန်ကျရင် ဟိုကောင်ကို ကျွေးလိုက်ဆိုပြီး မင်းတို့ ဒကာမကို ပြောမယ်။ စားပြီးတော့လဲ ''ဆေးပြီး သိမ်းလိုက်' လို့ ခိုင်းမယ်။

ခုတော့ မင်းတို့ဟာက ဘုရားတောင် ဆွမ်းမှန်မှန် မတင်ချင်ဘူး။ ဆွမ်းတော်တင်ပြီးရင်လဲ ကျီးစားစား၊ ကြွက်စားစား တစ်နေကုန် ပစ်ထားတာပဲ မဟုတ်လား။ ဘုရားကိုသာ အသက်ထင်ရှားရှိသလို မင်းတို့ ကြည်ညိုတတ်ရင် ခုလို မဆင်းရဲဘူး'

ရှေ့လ ဆက်ဖတ်ပါရန်

**ထက်မင်းကျော်စွာ**




www.burmeseclassic.com

www.burmeseclassic.com

# ဓနုသိဒ္ဓိဝင် ချိုးဥအမြုတေ

နတ်မောက်လှမြင့်သစ်



◆ ချိုးဥအမြုတေ



ချိုးဥအမြုတေထည့်ထားရာ ဟင်္သာချူကြွတ် ▶

၁၂-၃-၂၀၀၀နေ့ နံနက် (၉)နာရီခန့်တွင် စာရေးသူသည် နတ်မောက်မြို့အနောက်ဘက် "တွင်းကြီးရွာ" အုပ်စု "အောင်ချမ်းသာ တဲတိုက်ရွာ" သို့ လမ်းပြ ဦးကြည်ခိုင်၊ ဦးမောင်ဝင်းတို့နှင့်အတူ သွားရောက်ခဲ့ပါသည်။

အောင်ချမ်းသာတဲတိုက်ရွာမှ ရှေးမြန်မာ့ဆေးဆရာကြီး ဦးထွန်းရှိန်ထံတွင် ချိုးဥအမြုတေရှိသည်ဟု ကြားသိသတင်းရသဖြင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

'ဆရာကြီးခင်ဗျား... ဆရာကြီးထံမှာ ချိုးဥအမြုတေရှိတယ်လို့ ကြားသိရပါတယ်။ ဟုတ်ပါသလား ခင်ဗျာ'

'ဟုတ်ပါတယ်၊ ရှိပါတယ်။ လွန်ခဲ့တဲ့ (၁၀)လလောက်က ရရှိခဲ့တာပါ။ တွင်းကြီးရွာအုပ်စု ပေပင်ရိုးကွင်းမြောက်ဖျားက ရရှိခဲ့တာပါ။

အသိုက်ထဲက ဥနှစ်လုံးကပေါက်ပြီး အကောင်လေးတွေ ပျံသွားပြီး အမြုတေဥက ကျန်နေတာပါ။ ချိုးသိုက်ထဲက ရရှိခဲ့တာပါပဲ။

'ဆရာကြီးအနေနဲ့ ဘယ်လို စမ်းသပ်မှုတွေ၊ ဘယ်လို ထူးခြားမှုတွေများ ရှိခဲ့ပါပြီလဲ'

'ဒီချိုးဥအမြုတေ(အမတေ)ကို အိမ်ရောက်တော့ သံတူနဲ့ ထုကြည့်ပါတယ်။ တကယ်မာတယ်။ လုံးဝ ကွဲခြင်း၊ ပဲ့ခြင်း မရှိပါဘူး။ မြင်တဲ့ အတိုင်းပါပဲ။

အိမ်ရောက်ပြီး ခုနစ်ရက်လောက်ရှိတော့ ကျုပ်ကို အိပ်မက်ပေးပါတယ်။ ကိုးပါးသီလ စောင့်ထိန်းရမယ်တဲ့။

မှန်တာပြောရရင် ကိုးပါးသီလထိ ကျုပ် မစောင့်နိုင်ပါဘူး။ ငါးပါးသီလတော့ လုံအောင်စောင့်ပါတယ်။ လက်တွေ့အနေနဲ့ ကျုပ်ရဲ့ညီ ဦးထွန်းခိုင်မှာ ကိုယ်ယောင်ရောဂါဖြစ်လို့ ဆေးရုံတင်ကုကြတယ်။ မပျောက်ဘူး။ သေရင်လဲ အိမ်မှာပဲ သေမယ်ဆိုပြီး သူ့ကို ပြန်ခေါ်ခဲ့ကြတယ်။

အိမ်ရောက်တော့ ဒီချိုးဥအမြုတေကို နှမ်းဆီထဲမှာနှစ်ပြီး စိမ်လိုက်တယ်။ ပြီးတော့ အဲဒီနှမ်းဆီနဲ့ ကိုယ်ယောင်တာ တစ်ကိုယ်လုံးကို လိမ်းနယ်လူးပေးလိုက်တယ်။ သက်သာပျောက်ကင်းချမ်းသာသွားတယ်။ အဲဒါ လက်တွေ့အစွမ်းသတ္တိပါပဲ'

'အခြား လာရောက်မေးမြန်းစုံစမ်းတာ၊ စမ်းသပ်တာများရော ရှိပါသေးသလားခင်ဗျာ'

'ရှိပါတယ် ရှိပါတယ်။ ကိုးလေးလုံးကာလမှာ ဘယ်က သတင်းရလို့လဲ မသိဘူး ရှမ်းပြည်နယ်ဘက်က လူ(၂)ဦး ကျုပ်ဆီ ရောက်လာပါတယ်။ သူတို့က ကျည်နဲ့ပစ်စမ်းချင်တယ်။ ကျည်မထွက် မီးမကူးရင် ကြိုက်သလောက်ဈေး ပေးပါ့မယ်ပြောတယ်။

ကျုပ်အနေနဲ့က ရောင်းဖို့လဲ ရည်ရွယ်ချက်မရှိပါဘူး။ ကျည်နဲ့တော့ မစမ်းပါနဲ့ ပြဿနာဖြစ်ရင် ရှုပ်မယ်။ အခြားနည်းနဲ့ စမ်းပါလို့ ပြောရတယ်'

'အဲလိုဆိုတော့ သူတို့က ဘယ်လို စမ်းသပ်ပါသလဲ'

'ဝါဂွမ်းကို ဓာတ်ဆီစွတ်၊ မီးရှို့ပြီး ချိုးအမြုတေဥကို မီးတောက်ထဲ ထည့်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်တယ်။ မီးညွန့်တော့ ကျိုးသွားတယ်။ လုံးလုံးတော့ မီး,သေမသွားဘူး။ မီးမလွတ်ဘူး။

သူတို့ကို ပေးလိုက်ပါ။ အပ်လိုက်ပါလို့ တောင်းဆိုတယ်။ ကျုပ်မပေးလိုက်, မအပ်လိုက်ပါဘူး။ မကွေးကလဲ (၂)ဦး လာတယ်။ ဒီလိုပဲ မီးရှို့ပြီး စမ်းတာပဲ၊ မီးညွန့်တော့ ကျိုးကျသွားတယ်။ လုံးလုံးတော့ မီးမသေးဘူး။

နောက် ရန်ကုန်က ပုဂ္ဂိုလ်တစ်ဦး လာပြန်တယ်။ သူကတော့ နေရောင်ခြည်မှာထောင်ပြီး လှည့်ပတ်ကြည့်တယ်။ ဓာတ်မီးနဲ့ ထိုးကြည့်တယ်။ လေးသိန်းခွဲပေးမယ် ရောင်းပါလို့ ပြောတယ်။ ကျုပ် မရောင်းပါဘူး'

'ဟုတ်ကဲ့ခင်ဗျာ။ ဆရာကြီးမှာ ဒီ ချိုးအမြဲတောရတဲ့နေ့ကစပြီး ထူးထူးခြားခြား တိုးတက်မှု အကျိုးတရားများ ရှိရင် သိပါရစေ'

'ထူးခြားပါတယ်။ သိဒ္ဓိဆယ်မျိုး ရှိပါတယ်။ အထူးသဖြင့် အမြဲတောမှန်ရင် သိဒ္ဓိအနည်းဆုံး နှစ်မျိုးမှာ တစ်မျိုး ရှိတတ်ပါတယ်။

**"ကာယသိဒ္ဓိ"**နဲ့ **"ဓနသိဒ္ဓိ"**ပေါ့။

ကာယသိဒ္ဓိရှိတဲ့ အမြဲတောက ဓားပြီး ထုတ်ပြီး၊ သေနတ် ကျည်မထွက်၊ မီးမကျဘူး၊ မြင်လွယ်သိလွယ်ရပါတယ်။

ဓနသိဒ္ဓိရှိတဲ့ အမြဲတောက စီးပွားလာဘ်လာဘတွေ တစ်နေ့နဲ့တစ်နေ့ တရိပ်ရိပ် တိုးတက်လာတတ်ပါတယ်။

ကျုပ်မှာရှိတဲ့ ဒီ ချိုးအမြဲတောဟာဆိုရင် "ဓနသိဒ္ဓိ"ရှိတဲ့ အမြဲတောလို့ ယူဆပါတယ်။ လယ်ယာချောင်းမြောင်း လုပ်ငန်းခွင်က မပင်မပန်း အလွယ်အသာသီးနှံများ ရရှိပါတယ်။

လယ်ယာမြေ ဆယ်ကေလောက် ထပ်ပြီး တိုးချဲ့လုပ်ကိုင်လာနိုင်တယ်။ မမျှော်လင့် မထင်မှတ်တဲ့နေရာက



▲ ချိုးဥအမြဲတောပိုင်ရှင် ဦးထွန်းရှိန်

ငွေကြေးတွေ ဝင်လာတာ တွေ့ကြုံရပါတယ်'

'ဟုတ်ကဲ့၊ အခု ဒီ ချိုးအမြဲတောကို ဘယ်လို ဆောင်ထားပါသလဲ'

'နေ့စဉ်လို တစ်ခါတစ်ရံလဲ တစ်ပတ်တစ်ကြိမ်လောက် အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပါတယ်။

ရွှေဟင်္သာကြုတ်ထဲမှာ ထည့်ပြီး ဘုရားစင်ပေါ်မှာ တင်ထားပါတယ်။

ဝိဇ္ဇာထွက်ရပ်လမ်းက ပစ္စည်းလို့လဲ ကျုပ်အနေနဲ့ ယူဆမိလို့ပါ။

အခက်အခဲ အကျပ်အတည်း တွေ့တဲ့အခါတို့ ပြဿနာတစ်ခု ဖြေရှင်းပြောဆိုဖို့တို့၊ လူနာ ဆေးကုသွားတဲ့အခါမျိုးမှာ ဒီချိုးအမြဲတောကို ဆောင်သွားပြီး ဆောင်ရွက်ပြုလုပ်ရင် အင်မတန် အဆင်ပြေချောမွေ့တာ တွေ့ရပါတယ်'

'ဆရာကြီးရယ် တချို့က ပြောပါတယ်။ ချိုးအမြဲတောဆိုတာ တကယ်မရှိတဲ့အရာ၊ စိတ်ကူးယဉ် မှန်းသန်းပြောကြတာလို့ ဆိုကြပါတယ်'

'ရှိပါသကောကွယ်။ တကယ်ရှိလို့ ကျုပ်ကိုယ်တိုင် ချိုးငှက်အသိုက်ထဲက ရရှိခဲ့ပြီပဲ။ မထိုက်လို့မရကြတာပါ။ ကျုပ် ငါးပါးသီလ လုံပါတယ်။ မုသားမသုံးတတ်ပါဘူး။

ဒီချိုးအမြဲတောဟာ ချိုးငှက်အသိုက်ထဲက ရရှိခဲ့တဲ့ ချိုးအမြဲတောအစစ်ပါပဲ။ ကျုပ်ကိုယ်တိုင် အဓိဋ္ဌာန်ဝင် ပုတီးစိပ်၊ ကိုးပါးသီလထိန်း၊ ပွဲပေးမယ်ဆိုရင် ဒီထက် ထူးထူးခြားခြား တိုးတက်စွမ်းလိမ့်မယ်လို့ ယုံကြည်ရပါတယ်။

ကျုပ် ကြိုးစားမှာပါ။ ချိုးဥအမြဲတော မရှိဘူးဆိုသူတွေ လက်တွေ့လာရောက်ကြည့်ရှု လေ့လာနိုင်ပါတယ်'

'ဆရာကြီးဆီလာမယ် ဆက်သွယ်မယ်ဆိုရင်...

"ဦးထွန်းရှိန်(မြန်မာဆေးဆရာကြီး)
အောင်ချမ်းသာတဲ့တိုက်၊
တွင်းကြီးရွာအုပ်စု၊ နတ်မောက်မြို့နယ်"

ဆိုရင် ရပါတယ်။ ဘယ်သူမေးလာ, မေးလာ ရောက်ပါတယ်။ ရောက်လာသူတွေ မနည်းပါဘူး'

စာရေးသူနှင့် ဆရာကြီးဦးထွန်းရှိန် တွေ့ဆုံခဲ့သည်မှာ ဤမျှသာ ဖြစ်ပါသည်။

ချိုးဥအမြဲတောကို စာရေးသူကိုယ်တိုင် ကိုင်တွယ်ကြည့်ရှုခဲ့ရာ လောက်စလုံးနှစ်လုံးစာခန့်ကြီးပြီး ကျစ်လစ်သိပ်သည်းပါသည်ဖြူဝါဝါအရောင်ဖြစ်သည်။

ဆရာကြီးမှ ဟင်္သာရွှေကြုတ်နှင့် ထည့်၍ ဘုရားစင်ပေါ်တွင် တရိုတသေ ထားရှိ ဆောင်ထားပါသည်။

**(ကျေးဇူးတင်မှတ်တမ်း။ ။ ချိုးအမြဲတောဥနှင့် ပတ်သက်ပြီး ရှင်းပြပြောဆိုသူ ပိုင်ရှင်ဆရာကြီး ဦးထွန်းရှိန်နှင့် လမ်းပြလိုက်ပို့သူ ဦးကြည်နိုင် (ကံကြီးရပ်)၊ ဦးမောင်ဝင်း (မြို့မရပ်)တို့ကို ကျေးဇူးတင်ကြောင်း မှတ်တမ်းပြုပါသည်။**

**နတ်မောက်လှမြင့်စံ**



www.burmeseclassic.com

www.burmeseclassic.com

# ကျန်းမာပါစေဆေးတိုက်မှဖြန့်မာ့ဆေးစွမ်းကောင်းများ ထုတ်လုပ်ဖြန့်ချိလျက်ရှိပါသည်။

ဆရာကြီး ဦးဝင်းလေး ၊ ဆရာမကြီး ဒေါ်လှသိန်းနှင့် သားဆရာ ဦးသိဟတို့က နှစ်(၃၀)ကျော် ကုသ အောင်မြင်ခဲ့သောဆေးများကို ရောဂါဝေဒနာရှင်များ တောင်းဆိုချက်အရ ထုတ်လုပ် ဖြန့်ချိလိုက်ခြင်းဖြစ်ပါကြောင်း။

ဆီး ၊ ဝမ်း ၊ လေ မှန်ပြီး အကြောများပြေစေဖို့အတွက်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ** **အကြောဖြေဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011801(1215)



အကြောတက်ခြင်း၊သွေးကြောလေကြောပိတ်ခြင်း၊မျက်စိရောဂါ၊အတွင်းတီမိ၊ အပြင်တီမိ၊စအိုနာ၊ဆီးဝမ်းလေချုပ်ရောဂါများအတွက်၊ဝမ်းတွင်းရှိအပူအပုပ် အညစ်ကို ယူထုတ်ပစ်သလိုကင်းစေပြီး၊သွက်လက်ပေါ့ပါး၊ကျန်းမာစေပါသည်။



နေပူ ၊ မီးပူ ၊ ရင်တွင်းသောကအပူ မှန်သမျှ ငြိမ်းစေမည့်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ** **အပူငြိမ်းသွေးဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011800(1215)

နှလုံးတုန်၊ရင်ခုန်မောပန်းခြင်း၊မူးဝေခြင်း၊အိပ်မပျော်ခြင်း၊မီးယပ်သွေးမမှန်ခြင်း၊ သွေးသားမကြည်လင်ခြင်း၊အသားအရေခြောက်သွေ့ခြင်းတို့ကို သက်သာပျောက် ကင်းစေပါသည်။

ကိုယ်ခန္ဓာအတွင်း ငုပ်လျှောင်နေသည့် အအိုးအကင်းမှန်သမျှ ပွင့်စေမည့်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ** **အအိုးပွင့်ဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011825(1215)



ကိုယ်၊လက်၊ခြေကိုက်ခဲခြင်း၊ချွေးငုပ်ခြင်း၊ခေါင်းကိုက်ခြင်း၊ခေါင်းအုံခြင်း၊ အနာရောဂါအမျိုးမျိုးတို့အတွက် ငန်းမန်းတို့ကို သက်သာပျောက်ကင်းစေခြင်းနှင့် အဖျားရောဂါများကို သက်သာပျောက်ကင်းစေပါသည်။



ထုံကျဉ်ကိုက်ခဲလေးဖက်နာ နှင့် လေငန်းလေဖြတ်ရောဂါရှင်များအားထားရတဲ့

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ** **အကြောလိမ်းဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011826(1215)

အကြောတင်ခြင်း၊အကြောကပ်ခြင်း၊အကြောထုံခြင်း၊အကြောရောင်ခြင်း၊ အဆစ်အမျက်ရောင်ခြင်း၊ထုံကျဉ်ကိုက်ခဲ၍လေးဖက်နာဖြစ်ခြင်း၊မေးရွဲ့ပါးရွဲ့ခြင်း၊ ခြေကပ်လက်ကပ်ခြင်းနှင့် လေငန်းရောဂါ တို့ကို သက်သာပျောက်ကင်းစေပါသည်။

## ကျန်းမာပါစေ

**တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့်ဆေးကုဌာန**

အမှတ်(၈၂)ဓမ္မာလမ်း၊(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၉ ၇၃၀ ၈၅၄၄၀ ၊ ၀၉ ၇၃၀ ၂၉၉၃၀ ၊ ၀၉ ၄၂၀၀ ၆၆ ၃၉၈



www.burmeseclassic.com

www.burmeseclassic.com

ရန်မာန် ကင်းစေသည့် ကောလင်းနယ်မှ

# အောင်နိုင်ဗိုလ်အောင် ခမောက်တောင် (၇)

ထက်မြင့်ကျော်စွာ

**ယခင်လမှ အဆက်**

အောက်ပိုင်း ဉာဏ်တော်အမြင့် (၇၂)တောင်က သောမဂြိုဟ်လေးလုံး တနင်္လာ၊ **ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ** ဂြိုဟ်သက်များပေါင်းခြင်း (၁၅+၁၇+၁၈+၂၂=၇၂)နှင့် ညီမျှ၏။

အာပေါဓာတ်နှင့် ပထဝီဓာတ်ပေါင်း ထည့်ခြင်းဖြစ်၍ ဖွဲ့စည်းမှု (စည်းလုံးမှု)၊ တည်တံ့ခိုင်မြဲမှု၊ လေးလံမှု(လေးနက်မှု) [ဂရုကရုပ်]ဓာတ်မဖြစ်၏။

ဤကျန်ရစ်သည့် ဖိနပ်တော်(စေတီအောက်ပိုင်း)ကို နောက်ပိုင်းမှ တည်ဆောက်ပူဇော်ခြင်းကြောင့် မကောင်းသော အငွေ့အသက်တို့ ကွယ်ပျောက်ကင်းစင်ပြီးသော၊ ဖွတ်လပ်သော ပြည်ထောင်နိုင်ငံအတွင်း တိုင်းရင်းသား၊ နိုင်ငံသားအားလုံး စည်းလုံးမှု၊ ရေရှည်တည်တံ့ခိုင်မြဲမှု၊ အလွယ်တကူ ဖြိုဖျက်ပြောင်းလဲခြင်း မပြုနိုင်သော ဂရုကရုပ်တို့ ဖြစ်တည်စေလေသည်။

## မြစိမ်းတောင်သို့

ရသေ့ကြီးဦးစီက **"ခမောက်တောင်၊ နဂါးရစ်တောင်၊ တောင်ညိုတောင်၊ ရတနာတောင်၊ မြစိမ်းတောင်"**ဟူ၍ ငါးညီရတောင်တော်အဖြစ် ညွှန်းဆိုခဲ့သည်။

**ခမောက်တောင်ကား...** မြေပြင်တွင် ခမောက်တစ်ချပ် မှောက်ထားသကဲ့သို့ အခြားတောင်များနှင့် တသီးတခြားတည်ရှိနေသောတောင်ဟု ဆိုလို၏။



နန်းမြင့်သမွှာစင်

**နဂါးရစ်တောင်ကား...** နဂါးတစ်ကောင် ရစ်ခွေတက်ရောက်နေသကဲ့သို့ အရစ်အခွေများ ဖွဲ့တည်သောတောင်

www.burmeseclassic.com





◄ မျှော်စင်အတက်လမ်းအစ

ဓာတ်ရုံတွင်းမှ မင်းတတ်ဘုရား ►

ဆို၏။

ဝ်န်းကျင်မှ ကြည့်ရှုပါက မြူခိုးတိမ်ခိုးများ ဖွဲ့တည်၍ **တောင်ညိုတောင်**ဟု ခေါ်၏။

**ရတနာတောင်ကား...** သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းများ ဆောက်တည်ကျင့်ကြံကာ လိုအပ်သော လောကီ၊ လောကုတ္တရာ ရတနာများ ရရှိနိုင်ခြင်းကို ဆိုလို၏။

**မြစိမ်းတောင်ကား...** တောင်မကြီး၏ အရှေ့ဘက်တောင်စွယ်ကို ရည်ညွှန်းခြင်းဖြစ်၍ အရှေ့ဘက်အဝေးမှ ကြည့်ပါက မြစိမ်းတောင်ကို ဦးစွာမြင်ရ၏။

ထို့ကြောင့် ခမောက်တောင်စေတီခေါ် ထီးတော်ကြီးရင်ပြင်မှ ဆင်းသက်လာပြီးနောက် အထက်စောင်းတန်းအဆုံး၊ ဗျာဒိတ်ပေး တန်ဆောင်းအနီးသို့ ရောက်သောအခါ မြစိမ်းတောင်စေတီများဆီသို့ လမ်းညွှန်ဆိုင်းဘုတ်များအတိုင်း အရှေ့ဘက်ဆီသို့ ဆင်းလာခဲ့သည်။

တောင်ပတ်လမ်းကလေး အဆုံးတွင် လျောင်းတော်မူ တန်ဆောင်းကို တွေ့ရသည်။ တန်ဆောင်းအတွင်း ဖူးတွေ့ရသော ရုပ်ပွားတော်မှာ ဉာဏ်တော် အလျားပမာဏ မှတ်တမ်းမရှိသဖြင့် မသိခဲ့ရပေ။

အနောက်ယွန်းယွန်းသို့ ဦးခေါင်းတော်ပြုသဖြင့် နေရဗာန် လျောင်းတော်မူဖြစ်ကြောင်း သိရ၏။

ဘုရားတစ်ဆူတည်း အေးအေးသက်သာ လျောင်းစက်စံပယ်တော်မူသော ပုံတော်ဖြစ်ရာ ဘဝအခက်အခဲ အမောအပန်းများ ပြေပျောက်စေရန် သီလ၊ ဒါန၊ ဘာဝနာ ကုသိုလ်ပြုသော ဆုပန်ပြည့်ဝနိုင်သော ကိုယ်စားတော် ဖြစ်သည်။

www.burmeseclassic.com



ရသေ့ဦးသန္တိနှင့် ရသေ့ဦးစီ

လက်ယာနံတောင်းဖြင့် လဲလျောင်းထားသော လက်ဝဲလက်ဖဝါးကို အုံးတော်ပြုထားသည့် ကြည်လင်သော မျက်နှာတော်ကို ဖူးတွေ့ရသည်။

ပလ္လင်ထက်၌ ရသေ့ဦးစီ၏ဓာတ်ပုံလေးငါးပုံမျှကို မြင်ရသည်။ အလိုရှိသူတို့ ယူငင် ပူဇော်နိုင်ရန် ဒါနပြုထားခြင်းဖြစ်ကြောင်း သိရပေသည်။

လျောင်းတော်မူတန်ဆောင်းမှ ဆင်းသက်ကာ မြစိမ်းတောင်ပေါ် တက်ခဲ့ရာ ကုန်းမော့ထက်တွင် မင်းကြီးစေတီကို ဖူးတွေ့ရသည်။

စေတီတော်အဂ်ါထောင့် (အရှေ့တောင်ထောင့်)တွင် ဒူးတုပ်ခစားနေသော စစ်သူကြီးရုပ်တုရှိ၏။ စေတီဖြစ်ဇွဲတော်ကို မသိရပေ။

ထိုမှ ဆက်၍ဆင်းခဲ့ရာ **"မြစကြာစေတီ"**ကုန်းတော်သို့ ရောက်၏။ နိုင်နန်းချိုအကွေ့များ ပါဝင်သော ပစ္စယံမှာ ရှမ်းပြည်နယ်၌ ဖူးရလေ့ရှိသော ဂြိုဟ်ပြေနံပြေ ဖရုံမြှောင်စေတီများနှင့် ဆင်တူလေသည်။

ထိုမှ အရှေ့ဘက်တောင်ကုန်း၌ နတ်နန်းကြီးတစ်ဆောင်ရှိ၍ အတွင်း၌ သိုက်ချုပ်ဘိုးတော်နှင့် မြစိမ်းသခင်မကမ္ဘည်းပါရုပ်တုများ တွေ့ရ၏။ သံတိုင်တံခါး ကာရံထားသည့်အပြင် ကြောင်အိမ်သံဇကာ အပါးတစ်ထပ် ရံထားသဖြင့် ဓာတ်ပုံရိုက်သောအခါ သံဇကာကွက်သာ ပေါ်နေ၏။

ယင်း၏ ရှေ့ဘက်ကုန်းတော်တွင် **"နန်းဦးစေတီ"**ကို ဖူးတွေ့ရ၏။ ဖရုံမြှောင်နှစ်ဆင့်အထက် ရှစ်မြှောင့်ကျည်းဝန်းခံကာ ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။

အရှေ့ကုန်းထိပ်စောင်း၌ တန်ဆောင်းငယ် တည်ရှိ၏။ အေးချမ်းဆိတ်ငြိမ်လှသဖြင့် တစ်ကိုယ်တည်း ဇကာစာရီကျင့်ကြံနေထိုင်ရန် ကောင်းလှသည်။

## ရောင်တော်ပြန်တန်ဆောင်း

မြစိမ်းတောင်မှ ပြန်လည်ဆင်းသက်ကာ အရှေ့ဘက်ရှိ ရောင်တော်ပြန်တန်ဆောင်းသို့ သွားရောက်ကြသည်။ ထည်ဝါလှသော အုတ်တိုက်ကြီးအနောက်ကပ်လျက်တွင် ထီးတော်အောင် ရသေ့ကြီး ဦးစီ၏ မတ်ရပ်ရုပ်တုကို အမိုး တန်ဆောင်းငယ်ဖြင့် ပူဇော်ထား၏။

ရသေ့ကြီးအား ဂါရဝပြု ဦးညွတ်ပြီးနောက် အုတ်တိုက်ကြီးအတွင်း ဝင်ကြည့်ရာ ဉာဏ်တော် မြင့်မားလှသည့် မတ်ရပ်ရုပ်ပွားတော်ကြီးကို ဖူးမြင်ရသည်။

လက်ဝဲဘက်လက်တော်မှာ မှောက်၍ ပထဝီမြေကြီးကို တိုင်တည်ဟန် ဘူမိဖဿမုဒြာဖြစ်၍ လက်ယာလက်တော်မှာ လှန်ကာ ဆုပေးဟန် မြေမှုံ ဩ



www.burmeseclassic.com

www.burmeseclassic.com



▲ အဘအောင်မင်းခေါင်၏ခုတင်
ခုတင်ထက်မှ ဓါတ်ပျာနှင့် ရသေ့တွဲ ▶



ဖြစ်သည်။

ဘီလူးရုပ်နှင့် သိကြားရုပ်တစ်ရုပ်စီ ဝဲယာခြံရံပူဇော်နေဟန် သွန်းလုပ်ထားသည်။ နောက်ပိုင်း သာသနာနှစ် ၂၅၀၀ကို သိကြားစောင့်သည်ဆိုသဖြင့် "ဝရ"မုဒြာနှင့် သိကြားရုပ်တုပေါင်းစပ်ကာ **"သာသနာတောင်းခန်း"**ဟု ခေါ်တွင်ကြသကဲ့သို့ **"နိမ္မိတရောင်တော်ပြန်ဘုရား"**ဟုလည်း ခေါ်ဝေါ်ကြသည်။

ရသေ့ဦးစီက ဘုရားရှင်၏ သာသနာနှစ်ငါးထောင်အတွင်း...

၁။ ဝိမုတ္တိယုဂ
၂။ သမာဓိယုဂ
၃။ သုတယုဂ
၄။ သီလယုဂ
၅။ ဒါနယုဂ

စသည်ဖြင့် ခေတ်ငါးခေတ်တို့ အစဉ်အတိုင်းလှည့်ကာ လှည့်ကာ တရွေ့ရွေ့ ဖြစ်ပေါ်လိမ့်မည်ဟု အရှင် ဖုဿမထေရ် **"သံဝဏ္ဏနာကျမ်း"**၌ ပြဆို၏။

၁။ ဘုရားရှင် ပွင့်ထွန်းတော်မူပြီးနောက် ရဟန်းရှင်လူတို့ ကျင့်ကြံအားထုတ်၍ အရဟတ္တမဂ်ဖိုလ်ချမ်းသာကို ခံစားရသော **"ဝိမုတ္တိယုဂ"** သည် သာသနာတော် နှစ်(၁၅၀) အထိ ရှည်ကြာခဲ့၏။


၂။ သာသနာတော်အတွင်း ရဟန်းရှင် လူတို့ သမာဓိတရား အရေး အားထုတ်သဖြင့် ဈာန်အဘိညာ တန်ခိုး အမျိုးမျိုး သုံးဆောင်ခံစား သော **"သမာဓိယုဂ"**သ စတုတ္ထ သင်္ဂါယနာ တင်ပြီး သီရိလင်္ကာတွင် သာ ပွင့်လင်းထွန်းကားသည့်အထိ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com





▲ ရသေ့ဦးစီနေခဲ့သည့်
ကျောင်းဆောင်

◀ ရသေ့ဦးစီ၏ ခုတင်

၃။ ထိုမှ ရဟန်းရှင်လူ ယောက်ျား၊ မိန်းမ မြောက်မြားစွာတို့ ပရိယတ္တိ သာသနာတော်ကို အားထုတ်သင်အံ လေ့ကျက်ကြသဖြင့် ကျမ်းဂန်တတ် ပေါ်များသော **"သုတယုဂ"**သည် ပုဂံကျွစာမင်းကြီး လက်ထက်တိုင်အောင် ဖြစ်သည်။

၄။ ထို့နောက် သီလတရားကို အလေးမူသော **"သီလယုဂ"**သည် ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ် မဆုံးမီအထိ တည်ရှိ၏။

၅။ မင်းတုန်းမင်း လက်ထက်တွင်ကား သီလယုဂခေတ် အားနည်း၍ ဘုရင်ကပင် သင်္ဂါယနာတင်၍ အားထုတ်ရသည်။

သီပေါမင်းလက်ထက်တွင်မူ **"ဒါနယုဂ"**ခေတ်သို့ လုံးလုံးလျားလျား ရောက်ရှိကာ သာသနာတော်ကြီး အောက်ဆုံးခေတ်သို့ သက်ဆင်းခဲ့၏။ ဒါနအမှုသာ ပြုနိုင်၍ တစ်မဂ်တစ်ဖိုလ် ရစေနိုင်သော တရား နည်းလမ်းကောင်းများကို မသုံးဆောင်ကြရချေ။

ယခု သာသနာနှစ် (၂၅၀၀) ပြည့်မြောက်၍ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးဖြစ်သော ကာလတွင် ဝိမုတ္တိယုဂခေတ်သို့ ပြန်လည် ရောက်ရှိပြီ။

သို့ဖြစ်၍ ဗုဒ္ဓတရားအစစ် ဝိပဿနာတရားများ ကျင့်ကြံ၍ အရဟတ္တမဂ်ဖိုလ်ချမ်းသာကို ခံစားနိုင်ကြစေရန် အားထုတ်သင့်ကြပေသည်။ ***(၁၃၁၃ ခုနှစ်တွင် ရေးသားထုတ်ဝေသည့် "အရိယာဝိဇ္ဇာမဟာဒွိကျင့်စဉ် စာအုပ်တွင် ဦးစီကရှင်းလင်းတိုက်တွန်းခဲ့ခြင်း ဖြစ်သည်။)***

ထို့ကြောင့် ဘုရားရှင် ပြန်လည်ပွင့်ထွန်းတော်မူခြင်းကို ရည်မှန်းကာ နိမိတ္တရောင်တော်ပြန် ကိုယ်စားတော်ဟု ခေါ်တွင်ကြခြင်းဖြစ်သည် ဆိုပေသည်။

## တပည့်ရင်း အချို့နှင့် ဆုံတွေ့ခြင်း

ရောင်တော်ပြန် တန်ဆောင်းမှ ပြန်ထွက်ပြီးနောက် တောင်ခြေရှိ ဗောဓိပင်များအား လေ့လာကြည့်ရှုကြသည်။ ရသေ့ကြီးကိုယ်တိုင် စိုက်ပျိုးခဲ့သည့် ဗောဓိညောင်ပင်နှင့် ဗောဓိကုက္ကိုပင်များ ဖြစ်ကြသည်။

ခမောက်တောင်၏ တောင်ဘက်အခြေ ဘုန်းတော်ကြီး ကျောင်းအစပ်တွင် ရှိသည်။ ဗောဓိညောင်ပင်အား ကြည့်ရှုစဉ် ရသေ့ကြီး၏မြေး ဒေါ်အေးကြည်နှင့် တွေ့ဆုံဖြစ်သည်။

'ဆဋ္ဌသင်္ဂါယနာတင်တော့ ဝန်ကြီးချုပ်ဦးနုက အဘိုး(ရသေ့ဦးစီ)ကို ပင့်ပြီး ပိဋကတ်သုံးပုံအောင်လက်မှတ် သာသနာအလံ(၁၁)ခုနဲ့ ဗောဓိညောင်ပျိုးပင် (၂)ပင် လှူပါတယ်။

တစ်ပင်ကို ဒီမှာစိုက်ပြီး ကျန်တစ်ပင်ကို ကောလင်းမြို့ထဲမှာ စိုက်ထားတယ်။ အခု လှူပ်စစ်ရုံးဝင်းထဲမှာရှိတဲ့ ညောင်ပင်ကြီးပါ'

ရှေ့လ ဆက်ဖတ်ပါရန်

**ထက်မင်းကျော်စွာ**


www.burmeseclassic.com

သက်တော်ရှည် ဆရာတော်ကြီး၏

သရာကြီးဦးအောင်မြိုင် (ဥပဒေတွဲ့) လက္ခဏာဗေဒင်ပညာသုတေသီ

# အာဏာတည်ကျင့်ဝတ်





ထုံးဆရာတော် မြဲ့လည်ပြုပြင်ထားသော ရှုပေါက်တွေသာလျောင်းရုပ်ပွားတော်

◀ ထုံးဆရာတော် ဘဒ္ဒန္တသောဘဏ

သက်တော်(၉၅)နှစ်၊ ဝါတော်(၇၅)ဝါ အရွယ်တွင် ဖူးတွေ့ရစဉ်

ငယ်နာမည် ဦးစိန်၊ ဖခမည်းတော်နှင့် မယ်တော်တို့မှာ ဦးမှန်နှင့်ဒေါ်ငြိမ်း။ မွေးရာဇာတိကာပေါင်မြို့နယ်၊ ဒေးကင်းရွာဖြစ်ပါသည်။ ညီအစ်ကိုမောင်နှမ (၅) ယောက်တွင်တတိယမြောက်ဖြစ်သည်။

ကျိုက်မရောမြို့နယ်၊ ပိန္နဲကုန်းရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး အသက်(၁၇) နှစ်အရွယ်တွင် တောင်ဝိုင်း ဓမ္မသုခ ကျောင်း၌ ကော့နှတ်ဆရာတော် ဦးပညာကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ ဝတ်ခဲ့သည်။

အသက်(၂၀)အရွယ်တွင် တောင်ဝိုင်းကြီး သိမ်ကျောင်း၌ ယခင်ဥပဇ္ဈာယ်ဆရာတော်နှင့်ပင် ရဟန်းဘဝ ရောက်ရှိခဲ့၏။

ကတိုးစာသင်တိုက်၌ (၅)ဝါမျှ ပရိယတ္တိစာပေများကို သင်ကြားခဲ့သည်။ ထို့နောက် ရေး၊ မြိတ်၊ ထားဝယ် စသောတနင်္သာရီတိုင်းဒေသကြီးအတွင်း လှည့်လည်၍ တရားဟောခဲ့သည်။ ဆရာစံတော်လှန်ရေး ဖြစ်ပွားချိန်၌ ဆရာတော်သည် မြိတ်မြို့ဒေသ၌ရှိခဲ့၏။

မြန်မာနိုင်ငံအောက်ပိုင်းအနှံ့ လှည့်လည်သွားလာရင်း အဂ္ဂိရတ်၊ အင်း၊ မန္တရား၊ ဓာတ်ပီဒွှေား၊ ပယောဂ၊ အင်္ဂဝိဇ္ဇာ အစရှိသော ဂမ္ဘီရပညာရပ်မျိုးစုံကို ဆည်းပူးလေ့လာနိုင်ခဲ့သည်။

သက်တော်(၃၀)ခန့်တွင် ဖားမြောက်ရွာအနီးမှ အံကာရဲရွာကျောင်း၌ ကျောင်းထိုင်ဆရာတော် ဖြစ်ခဲ့ပြီး မကြာမီပင် မော်လမြိုင်မြို့၊ သိမ်ကုန်းရပ်၊ ကလျာဏီသိမ်အနီးရှိ ဗဒုံကျောင်းသို့ရွှေ့ပြောင်းကျောင်းထိုင်ခဲ့လေသည်။


စာရေးသူ တွေ့ဆုံချိန် သက္ကရာဇ် ၁၃၅၇ ခုနှစ်တွင် သက်တော်(၉၅)နှစ်၊ ဝါတော်(၇၅) ဝါရှိနေပြီဖြစ်ရာ ဗဒုံကျောင်း၌ (၄၇)ဝါပင် ကြာမြင့်နေပြီ ဖြစ်ပေသည်။

တစ်ချိန်သောကာလက မော်လမြိုင်မြို့တွင် အလွန် နာမည်ကျော်ကြား ထင်ရှားခဲ့ဖူးသည်။ အင်္ဂဝိဇ္ဇာအဟော မှန်ကန်ခြင်း၊ ဆေးမကိုင်ဘဲ ရောဂါမျိုးစုံကို ကုစားကယ်တင်ပေးနိုင်ခြင်းတို့ကြောင့် ဖြစ်ပေသည်။

မြွေဆိုးကိုက်၍ သတိလစ် မေ့မြောနေသူကို ရေမန်းရေစင် ပက်ဖျန်းပြီး ထိပ်ကို ပုတ်၍ ကဲ... ပျောက်ပြီ လမ်းထလျှောက်တော့ဟု ပြောလိုက်သည်နှင့် ဝေါက်ခနဲထရပ်ပြီး လမ်းလျှောက်ပြန်သွားနိုင်သည်အထိ စွမ်းခဲ့လေသည်။

ထွက်ပြေး သွားသူများကိုလည်း

www.burmeseclassic.com



● သိမ်ကုန်းကလျာဏီသိမ် အရှေ့ရှိ ဝတ်အသင်းမှ ဖုံးဆရာတော်ဘုရားသွန်းသော မြန်လည် ပြုပြင်ထားသည့် ရဟန်း ရုပ်ပွားတော်များ

ပြန်ရောက်စေဟုဆိုလျှင် မကြာမီ ရောက်လာတတ်သလို ပျောက်သော ပစ္စည်း ပြန်တွေ့စေဆိုလျှင် အံ့ဖွယ် ကောင်းလောက်အောင် ပြန်တွေ့ရှိကြသည်။ အခိုးခံရလျှင် ခိုးသူမှ ပြန်ပို့ရသည်အထိ စွမ်းခဲ့သည်။

**ယခုနောက်ပိုင်း ထိုကဲ့သို့ ဆောင်ရွက်သည်ကို မရှိတော့သည်မှာ ကြာသွား ပြီ။**

ပဋ္ဌိပတ္တိ အားထုတ်ရင်း အချိန်ကုန်လွန်စေခဲ့သည်။ သင်ထား တတ်ထားသော မြန်မာ့ရိုးရာ ဂမ္ဘီရပညာများသည်း ဆရာတော်၏ ဦးနှောက်များအတွင်း၌သာ ငြိမ်သက်နေကြသည်။

တစ်ခါတစ်ရံ၌မူ အနီးကပ် ဝေယျာဝစ္စပြုစု ကူညီကြသော ဦးပဉ္စင်းငယ်များနှင့် ကိုရင်ငယ်များကို ဂမ္ဘီရပညာ အချို့ နှုတ်တိုက် သင်ပေးတတ်သည်။

စာရေးသူသည် ဗဒုံဆရာတော်ကြီးအား သွားရောက်ဖူးတွေ့သော အချိန်က ဆရာတော်သည် အနီးတွင် ဝေယျာဝစ္စ ပြုစုလုပ်ကိုင်ပေးနေသည့် ကိုရင်ငယ်တစ်ပါးကို ကျင့်စဉ်တစ်ခု သင်ပေးနေသဖြင့် အတူရောပြီး သင်ယူခဲ့ပါသည်။ ယင်းကျင့်စဉ်မှာ **အာဋာနာတည်ကျင့်စဉ်**ဟုခေါ်ပါသည်။

ဤကျင့်စဉ်ကို အားထုတ်မည့် ပုဂ္ဂိုလ်သည် **ကံငါးပါးကို အသက်ထက်ဆုံး လုံခြုံနိုင်မြဲအောင် ထိန်းသိမ်းပါမည်**ဟု ဘုရားတွင် သစ္စာပြုရမည်။ ထို့နောက်...

**ဗုဒ္ဓါနံ ဇီဝိတဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ တထာ မေ ဟောတု သဗ္ဗဒါ။**

အနက်

**ဗုဒ္ဓါနံ**– ဘုရားရှင်တို့၏ **ဇီဝိတဿ**– အသက်တော်အား၊ **ကေနစိ**– တစ်စုံတစ်ယောက်သောသူသည်၊ **အန္တရာယော ကာတုံ**၊ အန္တရာယ်ပြုခြင်းငှာ၊ **နသက္ကာ**– မတတ်နိုင်၊ **မေ**– အကျွန်ုပ်အား **သဗ္ဗဒါ**– အခါခပ်သိမ်း၊ **တထာ**– ထိုနည်းအတူ တစ်စုံတစ်ယောက်သောသူကမှ အန္တရာယ်ပြုခြင်းငှာ မစွမ်းနိုင်သည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မွှာစရိယ(မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

ဟူသော ဂါထာတော်တစ်ပုဒ် ပုတီးတစ်လုံးချနှုန်းဖြင့် နံနက်အိပ်ရာထ၊ ပုတီးပတ်ရေ သက်စေ့၊ ညအိပ်ရာဝင် ပုတီးပတ်ရေ သက်စေ့မှန်မှန် မပျက်မကွက် ပုတီးစိပ်သွားရမည်။

အရေးအကြောင်း ပေါ်သည်နှင့် **အာဋာနာတည်ကျင့်စဉ် မှန်ကန်စွာ ဆောက်ရွက်ခဲ့ခြင်းကို သစ္စာပြုပြီး အဓိဋ္ဌာန်ပါက** အရာရာ အောင်မြင်နိုင်ကြောင်း အံ့ဩဖွယ်ကြုံရမည်ဟု ဆရာတော်မှ မိန့်ကြားခဲ့ပါသည်။

'ဆရာတော် ဟိုတုန်းက ဆေးမကိုင်ဘဲ ပျောက်စေလို့ပြောရင် ရောဂါတွေ ပျောက်တယ်။ အိမ်က ထွက်သွားတဲ့သူ ပြန်ရောက်စေဆိုရင် ရောက်လာတယ်။ ပျောက်သွားတဲ့ ပစ္စည်း ပြန်ရစေဆိုရင် သူခိုးကလာပို့ရတယ်။

အဲဒါဟာ ဒီအာဋာနာတည်ကျင့်စဉ် အောင်မြင်လို့ပဲကွယ့်။ လူတိုင်း ကျင့်ကြံအားထုတ်နိုင်ရင် အကျိုးများပါတယ်။ ကိုယ်တိုင်လဲ အန္တရာယ်ကင်း ရောဂါကင်းပြီး အလိုဆန္ဒတွေ အလွယ်တကူ အောင်မြင် ပြည့်ဝနိုင်သလို တခြားသူတွေကိုလဲ ကူညီ ကယ်တင်ပေးနိုင်တာပေါ့'

ဆရာတော်၏ ဩဝါဒစကားကို မှတ်သားနာယူခဲ့ရပါသည်။ မြန်မာ့ရိုးရာ ဂမ္ဘီရပညာများအနက် တစ်ခုအပါအဝင်ဖြစ်သော "**အာဋာနာတည်ကျင့်စဉ်**"ကို စာဖတ်သူများမှလည်း စိတ်ဝင်စားလျှင် ကျင့်ကြံ အားထုတ်နိုင်ကြစေရန် ပညာဒါနမျှဝေ ပေးလိုက်ရခြင်း ဖြစ်ပါသည်။

**[ဆရာတော်၏ မွေးသက္ကရာဇ်မှာ ၁၂၆၂ ခုနှစ် သီတင်းကျွတ်လဆုတ်(၅)ရက် ဖြစ်သည်။]**

ဆရာကြီး ဦးအောင်မြိုင်(ဥပဓေတွဲ)
လက္ခဏာဗေဒင်ပညာသုတေသီ

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

• • • • • • • • ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့ • • • • • • • •

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီး နောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင်ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မှုရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

သမားအို
လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ၀၃၀၄ YR ၃၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကို သိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ ကျောက်ကပ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့် ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဖက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနု ချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလှေအကျင့်မရှိသော တောင်တက်ဘုရားဖူး ခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့် ကျိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊ နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တဝုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ–၀၂၉၁၇) ဖုန်း–၀၉–၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၀၈)လမ်း၊ မင်္ဂလာဈေးအနီး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရေးသူ သရောဘိန်း (လပွတ္တာ)

# အာကာတည် ဆရာတော် (၄)

## တပည့်ကျော် ဖိုးမှက်

သပြုကုန်းရွာနှင့် အနီးတစ်ဝိုက် ရွာများတွင် ဖိုးမှက်ဆိုသော လူငယ်ကို လူတိုင်း သိကြသည်။ စကားသွက် သည်။ အပြောကောင်းသည်။ ဖြတ်ထိုး ဉာဏ်ကောင်းသည်။ ယုတ္တိရှိအောင် ကြားတတ်ဝါတတ်သည်။ အသိ အကျွမ်းပေါသည်။ သူ့ကိုတွေ့လျှင် ...ဆက်ဘဲ မနေနိုင်အောင် ခင်မင် ကြသည်။

လူကြီးများမှ သားသမီးများအား ...သည့်အခါ၊ မေးမြန်းသည့်အခါ လိမ်ညာပြောသည်ထင်လျှင် ဖိုးမှက်နှင့် အမျိုးလားဟု ပြောတတ်ကြသည်။ လိမ်ညာပြောခြင်းကို ဖိုးမှက်နှင့် ...စားပြောသည်အထိ လူသိများလာ သည်။ ဖိုးမှက် ပါးစပ်ပါကွာဟု ပြော ခြင်းကို လိမ်ညာပြောသူအဖြစ် တင်စား ...လာကြသည်။

...နိုက နံနက်ပိုင်းဖြစ်သည်။ သပြု ...ကျောင်းမှ ကြေးမောင်း(၉)ချက် ...သံ ကြားရသည်။ ကြေးမောင်းထိုး ... ဆွမ်းခံထွက်ကြသည်ကို ဖိုးမှက် ...ထားသည်။ ဖိုးမှက်၏ နံနက်ခရီးစဉ် ... သူ့ရှေ့က လယ်ကွင်းကို ဖြတ်ရ ...။ ယင်းလယ်ကွင်း အလွန်တွင် ...ရှိသည်။ ထိုတောကို ဖြတ်ကျော် ... သပြုကုန်းရွာကို ရောက်မည်။

...ခု ခရီးသည် ဖြတ်လမ်းခရီးဖြစ် သည်။ ယခုလို ဖြတ်မသွားဘဲ လမ်း ...တိုင်းသွားလျှင် ဂငယ်ကွေ့ တစ်ပတ် ... သွားနေရသည်။

...ခုလို လယ်ကွင်းနှင့် တောကို ...သွားသဖြင့် ခရီးတစ်ဝက်ခန့် ပိုနီး သည်။ သပြုကုန်းကျောင်းကို သူ မဝင်



အာကာတည်ဆရာတော်အား ဖွားမြင်ခဲ့သော အိမ်နေရာ

နိုင်သေး။ ဂန့်အိတ်ရွာကို ဆက်သွား မည်။ ဒါက သူ၏ ယနေ့နံနက် ခရီးစဉ် ဖြစ်သည်။

သူ့တွင် လယ်အိတ်တစ်လုံး လွယ် ထားသည်။ လွယ်အိတ်ထဲတွင် လေးခွ တစ်လက်နှင့် လောက်စာလုံးများ ပါ သည်။ လောက်စာလုံး ဆိုသည်မှာ လေးခွနှင့်ပစ်သော ရွှံ့ဖြင့် လုံးထား သော အလုံးလေးများ ဖြစ်သည်။

ပုဆိုးကို တိုတိုဝတ်ထားသည်။ လယ်ကွင်းကို ခပ်မြန်မြန် ဖြတ်လျှောက် သည်။ ကောက်ရိတ်သမားများ ကောက်ရိတ်နေကြသည်။ ကောက် ရိတ် သမားတစ်ဦးက ဖိုးမှက် မြန်မြန် သွားနေတာ မြင်သဖြင့် လှမ်းမစဘဲ မနေနိုင်။

'ဟေ့ ဖိုးမှက်ပါလား၊ ဘယ်လဲဟေ့ လာပြီး ဝါသွားပါဦးကွ'

*(လိမ်ညာပြောခြင်းကို "ဝါ"သည်ဟု သုံးနှုန်းကြသည်။)*

တစ်ယောက်က လှမ်းနောက်လိုက် ရာ ဖိုးမှက် အမြန်လျှောက်ရာမှ...

'မဝါအားသေးဘူး ဟေ့ကောင်ရ... ရွာထဲမှာ မင်းအဘ ငပုတွေ ရောက် နေလို့ ငါတောင် မနည်း ပြေးလာရ တယ်'

ပြောပြောဆိုဆို ဖိုးမှက် တောထဲ ပြေးဝင်သွားတော့သည်။ လှမ်းမေးသော အောင်သန်းနှင့် အနီးတွင် ကောက်ရိတ် နေသော ချစ်သိန်းတို့သည် မတိုင်ပင်





www.burmeseclassic.com

www.burmeseclassic.com





◆ ပျဉ်ထောင်တွင်းကျောင်း ဘုရားအလှူရှင် ဦးမောင်မောင်

◀ ကျောင်းထိုင်ဆရာတော် (ပျဉ်ထောင်တွင်းကျောင်း)

ရသဲ့ တံစဉ့်များ ပစ်ချပြီး တောထဲ ပြေးဝင်ရင်း အခြား ခပ်လှမ်းလှမ်းမှ ကောက်ရိတ်နေသော ကောက်ရိတ်သမားများအား လှမ်းအော်လိုက်သည်။ ***(ကောက်ရိတ်သော လက်နက်ကိရိယာကို တံစဉ့်ဟု ခေါ်သည်။)***

'ဟေ့ အေးမောင်နဲ့ ထွန်းတင်တို့ ရွာထဲမှာ ငပုတွေ ရောက်နေတယ်တဲ့ ဟေ့'

သူတို့ အော်သံ ပြောသံနှင့် ပြေးဝင်တော့ လှမ်းမြင်သော အေးမောင်နှင့် ထွန်းတင်တို့လည်းမြန်သည်။ ကောက်ရိတ်သော တံစဉ့်များ ပစ်ချပြီး တောထဲ ပြေးဝင်သွားကြတော့သည်။

အကြောင်းကတော့ ငပု ဆိုသည်မှာ ဖက်ဆစ်များကို ပြောခြင်းဖြစ်သည်။ ထိုခေတ်က ဖက်ဆစ်များ ရွာကို မကြာခဏ ရောက်လာတတ်ကြပြီး ချွေးတပ်ဆွဲသည်ဆို၏။

သူတို့နှင့်တွေ့၍ အဆွဲခံရလျှင် ပြန်လမ်းမရှိသလောက်ဖြစ်သည်။ ငှက်ဖျားဖြစ်၍ အသက်ဆုံးကြရသည်။ ခိုင်းသမျှလုပ်ပြီး လူစင်မမီ ဖြစ်ကြရသည်။ ထွက်ပြေးလျှင် လိုက်ပစ်သတ်သည်။ ထို့ကြောင့် ဖက်ဆစ်ငပုတွေဆိုလျှင် အလွန်ကြောက်ကြသည်။ ရှောင်ပြေးနိုင်မှ လွတ်သည်။

တောအုပ်အတွင်း ဝင်ပြေးသူများ စုမိသည်။ ဖိုးမှက်တော့ မတွေ့တော့။ ရွာနှင့်တောက သိပ်မဝေး။ လယ်ကွင်းကလေးသာ ခြားသည်။ ရွာကို ရောက်နေသည်ဆိုသော ဖက်ဆစ်ငပုတွေ ပြန်သွားပြီလား စုံစမ်းရန် သူသွား၊ ငါသွား လုပ်နေကြသည်။ တောစပ်ကို ပင် မထွက်ရဲ အလွန်ကြောက်နေကြသည်။

သူတို့လူအုပ်မှ အောင်သန်းက တောစပ်ထွက်ပြီး ချောင်းကြည့်သည်။ အသံများ နားထောင်သည်။ ရွာဘက်ကို မသွားရဲသဖြင့် လူသွားလူလာ အကဲခတ်သည်။

မကြာမီမှာ ကျွဲကျောင်းသားလေး တစ်ယောက် ကျွဲနှစ်ကောင်ကို မောင်းပြီး လာနေသည်ကို အောင်သန်းမှ ကျွဲကျောင်းသားလေးကို လှမ်းခေါ်လိုက်သည်။

'ဟေ့...အောင်ပုလား လာဦး'

'ဟာ ဦးလေး တောစပ်မှာ ဘာလုပ်နေတာလဲ'

'ရွာထဲမှာ ဖက်ဆစ်ငပုတွေ ရောက်နေတယ်ဆို'

'မတွေ့ပါဘူး ဦးလေးရ'

'သေချာရဲ့လားကွ'

'အခုပဲ ကျွဲမမောင်းခင် အရိုးလေး… တောင် ရေထမ်းပေးခဲ့သေးတယ်… ဘယ်ငပုမှ မလာပါဘူး'

ပြောပြောဆိုဆို အောင်ပုလေး ကျွဲ… မောင်းထွက်သွားသည်။ ဒီတော့… နောက်က လူအုပ်တွေ ထွက်လာကြ… သည်။

'ဘယ့်နှယ်လဲ အောင်သန်း မ… နိုင်၊ မထိုင်နိုင် ကိုယ့်ဟာကိုယ် ကော… ဖြောင့်ဖြောင့် မရိတ်ဘဲ လာဝါသွား… ဦးလို့ လှမ်းစတယ်။ ဟိုက ခပ်တည်… တည်နဲ့ ဝါသွားတော့ ဘယ့်နှယ်… ခံရပြီ မဟုတ်လား ဟား ဟား ဟ…

'အေး မင်းတို့ စလိုက်တော့ တို့… ခံလိုက်ရတယ်။ ငါလဲ ငပုဆိုတော… ရင်ထဲ ထိတ်သွားတာ။ ဘယ်လို ဘ…





www.burmeseclassic.com

www.burmeseclassic.com

ဒီ တောထဲ ရောက်သွားမှန်းတောင် မသိဘူး'

အေးမောင်က ပြောပြီး သဘောကျ နေသည်။

အခြေအနေနှင့် အချိန်အခါကို ကြည့်ပြီး ယုတ္တိရှိရှိ အတည်ပေါက် ဘာဝါပြောသွားခြင်းကို စိတ်မဆိုးနိုင် ကြ ပြောလိုက် ရယ်လိုက်ဖြင့် ဟာသ သဘော ထားနိုင်ကြပါပေသည်။


ဖိုးမှက်သည် တောတစ်ဖက်ခြမ်း မှ ဝင်လိုက်သလို နောက်တစ်ဖက် ခြမ်းမှ ဖြတ်ထွက်လိုက်သည်။ တော အုပ်သည် (၂)ဖာလုံခန့် ကျယ်သည်။ ထူ ဝင်ပြေးပြသောဘက်တွင် လယ်များ ရှိသလို တစ်ဖက်ခြမ်းအထွက်တွင် သပြုကုန်းရွာတွင်ဖြစ်သည်။

အမှန်က သူသွားမည့်ခရီး နေမြင့် နေပြီ ဖြစ်သဖြင့် ခပ်သုတ်သုတ် အမြန် လျှောက်ရာမှ တောအုပ်အတွင်း ပြေး ဝင်ပြလိုက်ခြင်းကြောင့် ယုတ္တိရှိရှိ သူ့ကို နောက်သူများ လန့်ပြီး တောထဲ ရောက်ကုန်ကြခြင်းဖြစ်သည်။

ရွာလမ်းအတိုင်း ဆက်သွားလျှင် သပြုကုန်းကျောင်းကို ရောက်သည်။ ဖိုးမှက် ဆက်မသွား ယင်းရွာနောက် ဘက် ဖြတ်ဆင်း၍ မရမ်းချောင်းကို ဆက်သွားသည်။ ချောင်းလမ်းစပ်တွင် တဲတစ်လုံးရှိသည်။ ယင်းတဲတွင် လှေရှိသည်။ လှေဖြင့် တစ်ဖက်ကမ်း ကူး၍ ဂန့်အိတ်ရွာကို ဆက်သွားမည်။ တဲအနီး အရောက်တွင်...

'ဗျို့...ကိုတင်ငွေ...ကိုတင်ငွေ'

တစ်ယောက်မှ ပြန်မထူး။ ဘာသံမှ မကြားရ။ သူ့တွင် မိသားစု(၃)ယောက် ရှိသည်။ မယား အေးတင်နှင့် သားလေး တစ်ယောက်ရှိသည်။ အမြဲတမ်း ခေါ် လျှင် တစ်ယောက်မဟုတ် တစ်ယောက် ထူးသည်။ အသံပြုသည်။



အဘာချွေလျော် နေသွားသောအိမ်

တဲအဝ အရောက်သွား၍ အတွင်း လှမ်းကြည့်လိုက်သည်။ ကိုတင်ငွေ တစောင်းလှဲနေသည်။ ဝေဒနာခံစားနေ ရသည့်ပုံစံ ဖြစ်နေသည်။ သူ့ကို လက်ယပ်လှမ်းခေါ်သည်။ ဖိုးမှက် သည် တဲအတွင်းဝင်ပြီး ကိုတင်ငွေဘေး တွင် ဝင်ထိုင်လိုက်သည်။

'ဘယ်လို ဖြစ်တာလဲ ကိုတင်ငွေ ပြောပါဦး'

'ရင်တွေ ပူနေတယ်။ မနေနိုင်တော့ ဘူး'

အသံထွက်ရုံ လေသံလေးနှင့် မနည်းပြောရသည်။ ဘာဖြစ်မှန်းမသိ။ ခန်းဆီးမရှိသော တဲအိမ်ကလေး၏ အတွင်းဘက်တွင်လည်း သူ့မယားနှင့် သားတစ်ယောက် ခွေခွေလေး လဲနေ ကြသည်။

ဖိုးမှက် မနေနိုင်တော့ ထသွားပြီး ကိုင်ကြည့် စမ်းကြည့်ရာ (၂)ယောက် စလုံး အေးစက်နေသည်။ အသက်မရှိ တော့ဟု ထင်သည်။ ဖိုးမှက် ဘာမှ မမေးတော့ဘဲ တဲအတွင်းမှ ပြေးထွက် သည်။ လူသွားလူလာ လိုက်ကြည့် သည်။

ဓနိပေါ်ကြီးထမ်းပြီး ဓနိခင်းထဲမှ ထွက်လာသော ကိုတင်ခွေးကို တွေ့ လိုက်သည်။ **(အိမ်မိုးသော ဓနိရွက် များကို ဓနိခင်းမှ ခုတ်ပြီး ကြိုးစည်း ထားသည်ကို ဓနိပေါ်ဟု ခေါ်ကြ သည်။)**ဖိုးမှက်မှ အမြန်လာရန် လှမ်း ခေါ်လိုက်သည်။ ကိုတင်ခွေးမှာ ဓနိပေါ် ကို ပစ်ချထားခဲ့ပြီး လာသည်။

'အမြန်လာပါဗျ ကိုတင်ခွေးရ'

'ဘာကိစ္စ အရေးကြီးလို့လဲ'

'ဟိုမှာ ကိုတင်ငွေကြီးတစ်ယောက် သဲ့သဲ့ပဲ ရှိတော့တယ်။ ဘာဖြစ်မှန်းလဲ မသိဘူး။ သူ့မယားနဲ့ သားကတော့ အသက်မရှိတော့ဘူး ထင်တယ်'

ပြောပြောဆိုဆို နှစ်ယောက်သား တဲဆီ ပြေးဝင်သွားကြသည်။ တဲ အတွင်းရောက်လျှင် စောင်တစ်ထည် ကို အမြန် ပုခက်လုပ်သည်။ သစ်သား ချောင်းဖြင့် ရှေ့နောက်ထမ်းရန် ဖြစ် သည်။

'ဘယ်သွားမှာလဲ ဖိုးမှက်ရ'

'အာဏာတည့် ဆရာတော်ဆီ အမြန်သွားမယ်ဗျာ'

'ဟာ...ဘုန်းကြီးက ဆေးကုတာမှ မဟုတ်တာ'

'ဆေးမကုလဲ ရလိုရငြားပေါ့။



www.burmeseclassic.com

www.burmeseclassic.com



◆ နတ်ဘာနာအွဲ ပြုလုပ်သောအိမ်ရာ

မီအောင် အမြန်ပို့မယ်ဗျာ'

ပြောပြောဆိုဆို ပုခက်ထဲတွင် ကိုတင်ငွေကိုထည့်ပြီး သပြုကုန်းကျောင်းကို ပြေးကြသည်။ ရွာထဲရောက်လျှင် ဖိုးမှက်က ရှေ့မှထမ်းရင်း ကိုတင်ငွေအကြောင်း အော်ပြောသည်။ ရွာသားများ ထွက်လာကြသည်။ သူတို့နှစ်ယောက် နေရာတွင် လူလဲဝင်ထမ်းကြသည်။

'ဘယ်လို ဖြစ်တာလဲ'

'ဘယ်လိုဖြစ်မှန်း မသိဘူး။ သူ့မယားနဲ့သားက အခြေအနေ မကောင်းဘူး။ ကိုတင်ငွေကိုတော့ ဆရာတော့်ဆီ ပြကြည့်မယ်'

ကျောင်းခြံထဲ တန်းဝင်ပြီး ကျောင်းအောက် ဝါးကွပ်ပျစ်တွင် တင်လိုက်သည်။ ဆရာတော် ကျောင်းပေါ်မှ ဆင်းလာသည်။ ကိုတင်ငွေနား လာပြီး မတ်တတ်ရပ်ကြည့်သည်။ ကွပ်ပျစ်ပေါ်တွင် တအင်းအင်း ညည်းညူနေသည်။

'ဆရာတော်ဘုရား သူ့မယားနဲ့သားက အခြေမနေ မကောင်းဘူး။ သူကတော့ တအင်းအင်း ညည်းနေတယ်ဘုရား။ ဘယ်က စ,ဖြစ်တာလဲ မသိပါဘူးဘုရား။ ဘာပဲဖြစ်ဖြစ် ဆရာတော်နဲ့တွေ့ရင် ကောင်းမှာပဲဆိုပြီး တပည့်တော်တို့ ထမ်းပြေးလာကြတာပါဘုရား'

ဆရာတော်သည် ရေတစ်ခွက် ခပ်ခိုင်းသည်။ ဖိုးမှက်သည် ရေတစ်ခွက် အမြန်ခပ်လာသည်။ ဘေးလူများမှ လူနာအား ဝိုင်းတွဲပြီး ထိုင်ထားစေသည်။ ဆရာတော်သည် လက်တစ်ဖက်မှ ရေခွက်ကိုင်ပြီး ရေခွက်မှ ရေများအား လက်ညှိုးဖြင့် မွှေသည်။ ပြီးနောက်...

'ဒီရေစင်ကို တိုက်ပါ'

ပါးစပ်ထဲသို့ ဝိုင်းချုပ်၍ လောင်းထည့်သည်။ ပါးစပ်ဟာမရဟု ထင်သည်။ ဆရာတော်သည် ငယ်ထိပ်မှ လက်ဖြင့် ပုတ်ချသည်။

'ပါးစပ်ဟာလိုက်ပါ၊ ရေစင်သောက်ချလိုက်ပါ'

ဆရာတော် ပြောလိုက်ရာ ပါးစပ်အနည်းငယ် ဟလာပြီး ရေကို ဖြည်းဖြည်းချင်း သောက်ချသည်။ ဘေးမှ နောက်မှ လူများ ဝိုင်းထိန်းကိုင်ထားပေးရသည်။ ဆရာတော် ကျောင်းပေါ် ပြန်တက်သွားသည်။ နောက်က ထိန်းကိုင်ပေးထားသူက...

'ကိုတင်ငွေ ဘယ့်နှယ်နေသေးလဲ'

'နည်းနည်းတော့ သက်သာသလို ပါပဲ'

ပါးစပ်ကသာ ပြောသည်။ မျက်လုံး မဖွင့်သေး။ ကျောင်းသားများ ဆွမ်း... ပြန်လာကြသည်။ ဖိုးမှက်ပါ တွေ့သဖြင့် အံ့သြနေကြသည်။ သူတို့ အလုပ်... သဖြင့် ကျောင်းပေါ်တက်သွားကြသည်။ ပန်းကန်ဆေး ဆွမ်းပွဲပြင်ရန် ဖြစ်သည်။

ကိုတင်ငွေ အနည်းငယ် ခေါင်း... ထောင်နိုင်လာသည်။ ဘေးမှ ဝိုင်း... ထိန်းကိုင်ပေးနေရခြင်းမှ လွှတ်ထား... ၍ရသလောက် ထူထူထောင်ထောင် ဖြစ်လာသည်။ ဟိုကြည့်ဒီကြည့် ကြည့်လာသည်။

'သတိရပြီလား... ပြောပါဦး... ဘယ်လိုဖြစ်တာလဲ ကျုပ်တို့က ထမ်း... သာပြေးလာတယ်။ ဘာဖြစ်လို့လဲ... မေးတိုင်း ဘာမှ မပြောပြတတ်ဘူး'

ဖိုးမှက်ကမေးပြီ မှန်သည် မသိ... မယ့် ကြည့်နေ၍ မဖြစ်၍သာ ထမ်းပြေး... ပြီး ဆရာတော်ဆီ ပို့ရသည်။ ကိုတင်... ငွေသည် သူ့ဦးခေါင်းကို လက်ဖြင့်... ဖိရင်း...

'အေးကွာ နည်းနည်းတော့ ခေါင်းမူးနော... နောက် ဖြစ်နေသေးတယ်။ ရင်ပူတာတော့ သက်သာသွားပြီ။ အဖြစ်က အိမ်က မိန်း... လက်တွန်းပစ်တယ်။(ငါးမျှားခြင်း) ငါးပူတင်း... တစ်ကောင်ရတယ်။

အဲဒီငါးတူတင်းငါးကို ချက်တော့ ဗိုက်ထဲ... ဥကြီးနှစ်လုံးက အကြီးကြီးဆိုတော့ လွှင့်ပ... ရမှာ နှမြောတယ်ဆိုပြီး ထည့်ချက်တယ်... ငါက ရွာထဲသွားတော့ အမေတို့အိမ်... ထမင်းအတင်းခေါ်ကျွေးလို့ စားလိုက်တယ်... အဲဒါ အိမ်ပြန်ရောက်တော့ သူတို့သားအမိ... က ထမင်းစားနေတုန်း စားကောင်းတယ်...



www.burmeseclassic.com

www.burmeseclassic.com

စားဆိုပြီး ထမင်းခူးပေးတယ်။ ငါလဲ အမေတို့အိမ်မှာ စားလာခဲ့တယ်ဆိုတော့ နည်းနည်းပဲစားတယ်။ သူတို့သားအမိ ဘယ်လို နေသေးလဲ ငါ သွားကြည့်ရဦးမယ်'

ပြောပြောဆိုဆို ကုန်းထသည်။ ဘေးမှ လူများ ဝိုင်းထိန်းပေးရသည်။ သူ့မိန်းမနှင့် သားလေး အခြေအနေကို သူ မသိရှာသေးပါ။ ရင်နယ့်ဖွယ်ရာ ဖြစ်ရပ်ဖြစ်သည်။

ပူတင်းဝါဆိုသော ငါးသည် ကျောကုန်းကကျားကျား ဗိုက်က ဝါနေသည်။ ဗိုက်တွင် ဆူးများ ရှိသည်။ ဝါနေသော ဗိုက်က တခြားငါးနှင့်မတူ ဗိုက်ပူနေသည်။ ဗိုက်ထဲတွင်ရှိသော ဥကြီးနှစ်လုံးသည် အလွန်ကြီးသည်။ ဥသည် အဆိပ်ပြင်းသည်ဆို၏။

စားနေကျ ရွာသားများသည် ငါးပူတင်းရလျှင် ဗိုက်နှင့် ဦးခေါင်းကို လှီးပြီး လွှတ်ရာကို ပစ်ကြသည်။ သို့မဟုတ် မြေကြီးတူး မြှုပ်ပစ်ရသည်။

မိမိမွေးထားသော ကြက်၊ဘဲ၊ ကြောင်များ မစားမိစေရန်ဖြစ်သည်။ ကျန်သောအပိုင်း သုံးပုံတစ်ပုံကိုသာ စိတ်ချလက်ချ ချက်စားကြသည်ဆို၏။

ရွာသားများက ကိုတင်ဌေးကို ဝိုင်းထိန်းပေးရင်း ကျောင်းမှ ပြန်ထွက်လာကြသည်။ ဖိုးမှက်တစ်ယောက်သာ ကိုတင်ဌေးကို ငေးကြည့်ရင်း ကျောင်းတွင် ကျန်ခဲ့သည်။ သူတစ်ယောက်သာ အသက်ရှင်ကျန်ခဲ့သော အဖြစ်ဆိုးဖြစ်သည်။

သူက တခြားအိမ်မှာ စားပြီး၍ အစားနည်း၍သာ အသက်ရှင်ခွင့်ရခဲ့သည်။ ဘေးမှ ထိန်းပေးရင်း လိုက်သွားသူများ ကိုတင်ဌေး၏ မယားနှင့် သားတို့၏ အခြေနေကို သူ့တဲရောက်သွားမှ ရင်နယ့်ဖွယ် တွေ့ရတော့မည်။

ဖိုးမှက် တွေးတောရင်း ကျောင်းပေါ်တက်သွားသည်။ ဆရာတော်အား သွားရောက် ဝတ်ဖြည့်ကန်တော့သည်။

'တပည့်တော်လဲ တစ်ဖက်ကမ်းကူးဖို့ သူ့တဲသွားတာ။ သူက အသံမထွက်တော့ဘူး။ တပည့်တော်ကို လက်ယပ်လှမ်းခေါ်တယ်။ သူ့မယားနဲ့ သားက တုံးလုံးပက်လက်နဲ့ မလှုပ်တော့ဘူး။ စမ်းကြည့်တော့ အသက်မရှိတော့ဘူး။

တပည့်တော်လဲ အချိန်မီရင် တစ်ယောက်တော့ ရှင်မှာပဲဆိုပြီး ကြုံရာလူ အတင်းလှမ်းခေါ်ပြီး ထမ်းပြေးလာတာ။ တော်သေးတာပေါ့ သူ တစ်ယောက် မသေဘူး။ ဟိုသားအမိ နှစ်ယောက်တော့ သေရှာပြီလို့ ထင်ပါတယ် ဘုရား'

'အင်း...သူလဲ မောင်ဖိုးမှက်နဲ့ တွေ့လို့ မသေတာဘဲ'

'တင်ပါ့ဘုရား ဆရာတော့်ဆီ အချိန်မီရောက်လို့ပါဘုရား'

'အင်း သတ္တဝါများရဲ့ ကုသိုလ်ကံနဲ့ အကုသိုလ်ကံက ဖန်တီးတာ ခံကြရတာပေါ့ကွယ်'

မောင်ဖိုးသိန်း၊ မောင်ရွှေလှော်နှင့် မောင်အေးဟန်တို့ ဆွမ်းကပ်ရန် ပြင်ဆင်နေကြသည်။ ဖိုးမှက်လည်း ရေချိုင့်များ ရေဖြည့်၍ ထွေးခံများ ဆေးကြောပြီး ဆွမ်းကပ်ကြသည်။

ဖိုးမှက်တစ်ယောက် ကျောင်းသို့ရောက်တိုင်း တော်တော်နှင့် မပြန်ဖြစ်။ ကျောင်းသားများက ချက်ချင်း မပြန်ရန် ဝိုင်းဆွဲထားကြသည်။ ဖိုးမှက်ရောက်လာလျှင် ကျောင်းသားများ ပျော်ကြသည်။



ပျဉ်းထောင်တွင်းရွာလမ်း

## ဧည့်တော်ကျား ဝင်ပူးခြင်း

အာဏာတည် ဆရာတော်သည် ချောင်းကုန်းကျေးရွာ အိမ်သစ်တက် ဆွမ်းကျွေး ပရိတ်နာ အလှူမှ ပင့်သဖြင့် ကြွသည်။ ဆရာတော်နှင့်အတူ ပျဉ်းထောင်တွင်းရွာဆရာတော်၊ ဥက္ကံရွာ ဆရာတော်များ ပါသည်။

*ရှေ့လ ဆက်ဖတ်ပါရန်*

**အရဟံ ဆရာသိန်း**
**(လပွတ္တာ)**



www.burmeseclassic.com

www.burmeseclassic.com

# လုံးမြဲဓာတ်ချ သူခိုးဓားပြ



မြိုင်မြို့နယ်၊ကြည်ကန်ရွာ မင်္ဂလာ ကျောင်းတိုက်၏သီပေါမင်း လက်ထက်က ဆရာတော်ဖြစ်သော ဦးသီဟသည် လောကီပညာရပ်များကို လေ့လာလိုက်စားပြီး စုဆောင်းထားသည့်ကျမ်းစာအုပ်များ စုံလင်စွာ ရှိပေသည်။

ဆရာတော်ကြီးရှိစဉ်က ဗေဒင်၊ အင်း၊ အိုင်၊ လက်ဖွဲ့၊ ဓာတ်ဆင်၊ ဓာတ်ရိုက် ယတြာတို့မှာ အစွမ်းထက်မြက်လှသည်ဟု ယခုအချိန်ထိပင် ရှိနေပါသေးသည်။

စာရေးသူလည်း ဂမ္ဘီရပညာများနှင့် ပတ်သက်ပြီး လေ့လာချင်သဖြင့် ကြည်ကန်ကျေးရွာသို့ ရောက်ခဲ့ပါသည်။

ယခု(လက်ရှိ) အပြင်မင်္ဂလာ ကျောင်းတိုက် ဆရာတော်(ဦးနန္ဒိယ)က အလွန်ဟောင်းနွမ်းနေသော ကျမ်းစာအုပ်များကို ဆရာတော်ကြီးအနေနှင့် ဝါသနာမပါသည့်အတွက် ကျွန်တော့်ကို စွန့်ခဲ့ပါသည်။

စာရေးသူသည် (ဦးသီဟ)၏ စုဆောင်းထားသော စာအုပ်များကို ရရှိခဲ့ပါသည်။ "ဆရာတော်ကြီးက ဗေဒင်၊ အင်း၊ အိုင်၊ လက်ဖွဲ့၊ ဓာတ်ဆင်၊ ဓာတ်ရိုက်ယတြာ၊ လောကီ ပညာရပ်များကို သိပ်ပြီး ဝါသနာပါတယ်။ ဆရာတော်ကြီးမှာ အထူးကောင်းတဲ့ ဓာတ်ဆင်၊ ဓာတ်ရိုက်နည်းတွေ ရှိတယ်။

တစ်ချိန်က ဆရာတော်ကြီးရဲ့ ရင်းနှီးတဲ့ တပည့်တစ်ယောက်ဟာ အမှုကိစ္စနဲ့ ပတ်သက်ပြီး ထောင်ကျသွားတယ်တဲ့။

အဲဒီအခါမှာ ဆရာတော်ကြီးက သူ့ရဲ့ ဓာတ်ဆင်၊ ဓာတ်ရိုက်နည်းပညာနဲ့ သူရဲ့တပည့်ကို ထောင်ထဲမှ လွတ်အောင် ပြုလုပ်ခဲ့သတဲ့။

(၇)ရက်အကြာမှာ ဆရာတော်ကြီးရဲ့တပည့် လွတ်လာခဲ့ဖူးတယ်"ဟု မိန့်ကြားခဲ့ပါသည်။

ထိုအကြောင်းအရာများကို ကြည့်ပြီး ဆရာတော်ကြီးမှာ လောကီပညာရပ်များနှင့်ပတ်သက်ပြီး ထူးထူးချွန်ချွန် ပေါက်ရောက်ခဲ့သည်ဟု ဆိုရမည် ဖြစ်ပေသည်။

ဆရာတော်ကြီး၏ ကျမ်းစာအုပ်များကို လေ့လာကြည့်ရာတွင် အလွန်စိတ်ဝင်စားဖွယ်ကောင်းပြီး လက်တွေ့လုပ်ကိုင်ပုံများကို စုံစုံလင်လင် စုဆောင်းထားသည်ကို တွေ့ရှိရပါသည်။

ယင်းတို့အနက်မှ **သူခိုးဓားပြ လုံးမြဲစေရန်၊ ဓာတ်ဆင်ရန်** နည်းလမ်းများ ပါရှိသောကြောင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းပရိသတ်များ၊ ဝါသနာရှင်များ၊ လေ့လာလိုက်စားသူများအား ရည်ရွယ်၍ ရေးသားတင်ပြလိုပါ၏။

**ဓာတ်ဆင်ရန်**

**(ဆရာတော်ကြီးက ချီးမြှင့်ခဲ့ပါသည်။)**

မိမိအိမ်တွင် အန္တရာယ်ဆိုး သူခိုးဓားပြ ဘေးအမျိုးမျိုးတို့မှ လွတ်ကင်းစေသော အကျိုးကို မျှော်ကိုး၍ နက်နဲသော အစီအရင်ဖြင့် ပြုလုပ်ရန်မှာ...



ကြက်သွန်ဥ(၈)လုံးကိုယူ၍ မိမိအနားမှာ ထားပြီး အိပ်ပါ။ ယင်းနောက် လူခြေတိတ်ချိန် သန်းခေါင်ယံအချိန်တွင် မိမိခြံဝင်းအတွင်း အရပ်ရှစ်မျက်နှာကို အရှေ့မြောက်ထောင့် မှစ၍ တစ်ယောက်တည်း မည်သူ့ကိုမျှ မနှိုးမသိစေဘဲ ကြက်သွန်ဥတစ်ဥစီကို ဖောက်ထိုးထား၍ ရှစ်မျက်နှာ အရပ်၊ ထောင့်တွင် ယက်၍ ပတ်မြှုပ်ပြီးလျှင် အိမ်သားများမနိုးမီ တက်၍ အိပ်ပါလေ။

**ယင်းညဦး မိုးမလင်းမီ အိမ်အတွင်းမှ ဆင်းသွားဆင်းထွက် ဝင်သူများရှိပါက စည်းပျက်သဖြင့် မအောင်မြင်သောကြောင့်** နောက်ရက်များတွင် ဆက်၍ ပြုလုပ်ပါလေဟု ကျမ်းရင်းက ဆိုထားပါသည်။

ရှစ်မျက်နှာ လှည့်ပတ်၍ စိုက်ရာ၌ **အရှေ့မြောက်က အစပြု၍ အရှေ့၊ အရှေ့တောင်၊ တောင်၊ အနောက်တောင်၊ အနောက်၊ အနောက်မြောက်၊ မြောက်** ဤနည်းအားဖြင့် အစဉ်အတိုင်း မကျော်လွှားဘဲ ပြုလုပ်မြှုပ်နှံပါလေ။

ပြုလုပ်သူတို့၏ အကျိုးမှာ...

(က) မိမိအိမ်ခြံဝိုင်းအတွင်း သူခိုးဓားပြ လုံးဝ မဝင်နိုင်ပါ။

(ခ) မိမိနေအိမ်ဝိုင်းအတွင်း မည်သူမျှ ကြံစည်ပြီး မလာနိုင်ခြင်း။

(ဂ) သူခိုးဓားပြများ အကြံအစည် အထ မမြောက်ခြင်း။

**ဦးဇော်နိုင်ဦး**
**(လက္ခဏာ-ဗေဒင်)**



www.burmeseclassic.com

www.burmeseclassic.com

# သိချင်လှန်းလို့

မြန်မာ နှစ်ထပ်ကျပ်စေ့ထက် အနည်းငယ်ပိုကြီးသည့် ငွေဒင်္ဂါး (၇) ချပ်ကို ကျောက်မဲမြို့ တောင်ဘက် နားထွမ်ရွာနားက တောင်ယာထဲမှ ရရှိခဲ့ပါသည်။ တစ်စုတစ်ဝေးတည်း ရရှိခဲ့ခြင်းကို ထူးခြားသည်ဟု ဆိုရပေမည်။ စုဆောင်းမြှုပ်နှံမှုရှိကြောင်း သက်သေဖြစ်၏။

သို့သော် လက်ရှိ အနေအထားအရ ဤဒင်္ဂါးကို ရရှိခဲ့သည်မှာ ရွာထဲက မဟုတ်ဘဲ တောင်ယာတောထဲက ဖြစ်၍ ထူးဆန်းနေ၏။

လူသူဝေးရာ တောင်ယာမှာ မြှုပ်နှံခဲ့ခြင်းလော၊ ရွာပြောင်းရွှေ့စဉ် မေ့လျော့ကာ ကျန်ရစ်ခဲ့ခြင်းလောဟု တွေးတောဖွယ်ဖြစ်ရလေ၏။

ဒင်္ဂါး၏ မျက်နှာပြင်တစ်ဖက် အလယ်တွင် (One Rupee 1887)ဟု အတန်းလိုက် ရေးထားပြီး ပတ်လည်တွင် ကနုတ်ပန်းများ ဆင်ထား၏။ ကျန်တစ်ဖက်တွင် (Victoria Empress) ဟု ဒင်္ဂါး၏ အနားစွန်းအတိုင်း စာတန်းအား ခပ်ကွေးကွေး ရေးထားပြီး ဝဲဘက်မျက်နှာပြင်ကိုသာ မြင်ရသည့် သရဖူဆောင်း အမျိုးသမီးပုံကို ရိုက်နှိပ်ထားလေ၏။

(Victoria)ဟုသော စာလုံးမှာ အမျိုးသမီးပုံ မျက်နှာပြုရာဘက်တွင် ရှိပြီး (Empress)ဆိုသော စာလုံးမှာ နောက်စေ့ဘက်တွင် ရှိနေ၏။

ဤဒင်္ဂါးကို ခက်ခက်ခဲခဲ တူးယူရခြင်း မဟုတ်ဘဲ မိုးဦးကျ ပြောင်းစိုက်ရန်တွက် ဓားကောက်ဖြင့် ခြစ်ရှင်းရာက ရရှိခဲ့ခြင်း ဖြစ်လေ၏။ ရရှိလာသော ဒင်္ဂါး (၇)ပြားမှ (၆)ပြားကို အလွန်ရင်းနှီးသော မိတ်ဆွေက လာတောင်းသောအခါ အလွယ်တကူ ပေးလိုက်၏။

ဒင်္ဂါး(၆)ပြား ရသွားသူက အားနာပြီး သူ့လည်တွင် ဆွဲထားသော (ပုံတွင်ပါသော) ငွေဆွဲကြိုးကို ဖြုတ်၍ပေးထားခဲ့လေသည်။ ချန်ထားသော ဒင်္ဂါး တစ်ပြားနှင့် ရလာသော ဆွဲကြိုးကို တွဲဆက်ကာ အမှတ်တရ သိမ်းဆည်း ထားခဲ့သည်မှာ (၄)နှစ်ခန့် ရှိပေပြီ။



ဒင်္ဂါး၏ သက်တမ်းမှာလည်း (၁၈၈၇ ခုနှစ် ရိုက်နှိပ် ပါရှိသောကြောင့်) ၂၀၁၄ ခုနှစ်တွင် (၁၂၇)နှစ် ရှိသွားပေပြီ။ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်လိုက်သော ၁၈၈၅ ခုနှစ် အပြီး (၂)နှစ်အကြာတွင် ရိုက်နှိပ်လိုက်သော ဒင်္ဂါးများ ဖြစ်လေ၏။

သတ်မှတ်ထားသော တန်ဖိုးမှာ ဒင်္ဂါးမျက်နှာပြင်ပေါ်၌ ရေးသားထားသည့်အတိုင်း (One Rupee)ဖြစ်သော်လည်း ယခုအခါ ရှေးဟောင်းပစ္စည်းဖြစ်သွားသောကြောင့် တန်ဖိုးတက်သွားရပေလိမ့်မည်။ တန်ဖိုးမြင့်တက်မှုလည်း သဘာဝ ကျပေလိမ့်မည်။

ဤဒင်္ဂါးမှာ ယခုအခါ မည်မျှတန်ဖိုး ရှိနေကြောင်း သိလို၍ လည်းကောင်း၊ လွန်ခဲ့သောနှစ်ပေါင်း (၁၂၇)နှစ် အင်္ဂလန်နိုင်ငံက ထုတ်လုပ် အသုံးပြုခဲ့သော ဒင်္ဂါးများမှာ ကိုလိုနီနိုင်ငံဖြစ်သော မြန်မာနိုင်ငံ၌ အသုံးပြုခဲ့ကြမည်ဖြစ်သော်လည်း ဤမျှခေါင်သော ရှမ်းရွာငယ်လေးတွင် မည်သည့်အကြောင်းကြောင့် စုပြုရောက်ရှိလာနိုင်ပါသနည်းဟု သိချင်သောကြောင့် လည်းကောင်း ဤစာကို ရေးသားတင်ပြလိုက်ရပေတော့၏။

**မောင်နီး(ကျောက်ဆည်)**



www.burmeseclassic.com

www.burmeseclassic.com





တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆထလ (တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန့်မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်တဲ့ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း - **မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-ရ/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၇၇၊ ၀၉-၅၁-၈၈၆၁၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၁၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၁၄၇)




www.burmeseclassic.com

www.burmeseclassic.com

ထူးထွေဆန်းပြား

# ရွှေလင်းပင်ဘုရား (၃)

နိုင်မြင့်သိ



▲ တောအုပ်တစ်ခုမှ လာရောက်လှူဒါန်းသည့် ရှားပါး သစ်ကနက်သားဖြင့် ထုလုပ်၍ ရွှေသင်္ကန်းအတင်္ကျီပြီးသော ရွှေလင်းပင်ဘုရားရုပ်တော်တု နှစ်ဆူ

## ယခင်လမှ အဆက်

ပင့်ဆောင်ရာ အဖွဲ့တွင် ပါလာသော လယ်ရှင်များ၏ လယ်ကွင်းများကို ကျော်ဖြတ်ပါက အလွယ်တကူ ပင့်ဆောင်၍ ရသော်လည်း လယ်ရှင်ထံ ဖြတ်ကျော်ခွင့် မတောင်းရသေးသော လယ်ကွင်းများရှေ့ ရောက်လျှင်မူ ထိုသို့မှ ပင့်ဆောင် မ,ချီ၍ မရဘဲ ရပ်တန့်တော်မူနေသဖြင့် လယ်ရှင်အား တွေ့တွေ့အောင်ရှာပြီး လယ်ရှင်ဖြစ်သူမှ...

'တပည့်တော်၏လယ်ကို ကြည်ဖြူစွာ ဖြတ်သန်းခွင့် ပြုပါသည် ဘုရား'


ဟု လျှောက်ထားပါမှ ဆက်လက် ပင့်ဆောင်၍ ရသည်မှာ ယနေ့ထက်တိုင်ဟု ထူးထွေဆန်းပြားမှုများကို ပြောကြားပါသည်။

အတွင်းခန်းအတွင်း ဝင်လိုက်သည်နှင့် စံကားသားဖြင့် ထုလုပ်ထားပြီး ရွှေသင်္ကန်းအတိဖြင့် ကြည်ညိုဖွယ်ရာ ရွှေလင်းပင်ဘုရားကြီးကို လုံခြုံစိတ်ချရသည့် အနေအထားဖြင့် ဖူးတွေ့ရပါသည်။ **ဉာဏ်တော်မှာ ငါးတောင်ခန့်ရှိပြီး လက်ယာလက်တော်မှာ ကြာလှန်သဏ္ဌာန်နှင့် လက်ဝဲတော်ဘက်မှာ ကြာမှောက်သဏ္ဌာန်ကဲ့သို့ ပေါ်လွင်နေသည်ကို** ဖူးတွေ့ရပါသည်။

ဘုရားကြီး စံပယ်ရာ နေရာဖြစ်သည့် ကျောင်းဆောင်အတွင်း ညာဘက်ခြမ်း အောက်ခြေထောင့်တွင် အနောက်ဘက်တွင် စောင့်ရှောက်နေဟန်ဖြင့် **ငွေရောင် မြွေရုပ်တုတစ်ခုရှိပြီး အရှေ့ဘက်တွင် ဆင်ရုပ်တုတစ်ခု**ကို တွေ့မြင်နိုင်ပါသည်။ **ဘယ်ဘက်ခြမ်းတွင် တောင်ဘက်သို့ လှည့်နေသည့် ဆင်ရုပ်တု နောက်တစ်ခုကို တွေ့ရှိရပါသည်။**

ဘုရားစံကျောင်းတော်၏ လက်ယာဘက် ကြမ်းပြင်ပေါ်တွင် အဓိဋ္ဌာန်ပြုကျောက်တုံးငယ်(၆)ခုရှိပြီး ပင်မြှောက်

www.burmeseclassic.com




▲ စည်ပွဲဗွာရာ ခံတာမြို့ ဂိုမှုတာင်ဆင့် ရွှေလင်းပင်ဘုရားကြီးကျောင်းဝင်းအတွင်း တိုက်ရိုက်ဆက်သွယ်သွားရောက်နိုင်သော ဂူများနှင့် သွပ်ရှိုများ



▲ ကျောင်းကြီးကျောင်း ပရိဂုဏ်အတွင်းရှိ ရှေးယန်တော၊ ပန်းဆင်လက်ရာများနှင့် စေတီပေါင်းတစ်ထု



▲ စည်ပွဲဗွာရာ ခံတာညမြို့ ပေါင်းစပ်ရှိ စေတီငယ်များနှင့် တစ်ပက်တစ်ပက် တိုက်ရိုက်သွားနိုင်သော ဂူများငယ်များ(ယခု ချုံနွယ်များ၊ ပိတ်ပေါင်းများ ဖုံးအုပ်နေ)



ရှိ ရွှေလင်းပင်ဘုရားကြီး၏ လက်ယာဘက်ရှေ့ရှိ ရှေး ကျောက်မြှုသပိတ်တော်ကြီး

၍ အဓိဋ္ဌာန်ပြုနိုင်ပါသည်။

ထိုလက်ယာဘက်မှာ အဓိဋ္ဌာန်ပြု ကျောက်တုံးများနှင့် (၃)ပေခန့်အကွာ၌ ရှေးဇော်ဂျီ တပသီများ ဆေးကြိတ်၊ ဆေးသွေးသည့် (၁)ပေခွဲအချင်းရှိ ကျောက်ပျဉ်တစ်ချပ်နှင့် ကျောက်ပြား တစ်ချပ်တွင် နှစ်ကြီးအနာများ ရှိပါက ကျောက်ပျဉ်ကို သွေး၍ လိမ်းနိုင်သည် ဟု ဆိုပါသည်။ ခါးကိုက်နာရှိသော စာရေးသူပင် ခါးနေရာတစ်ဝိုက်သို့ ဆေးကျောက်ပျဉ်ကို သွေးလိမ်းခဲ့ပါ သေးသည်။

ဘုရားကြီး၏ လက်ယာဘက်ရှေ့ မှန်စီရွှေချတိုင်လုံးကြီး နံဘေးတွင် အကျယ်(၃)ပေခန့်နှင့် အချင်း(၂)ပေ ခန့်ရှိ ရှေးဟောင်း ကျောက်သပိတ်ကြီး ကြီးတစ်လုံး သပိတ်ကျောက်ပလ္လင်



www.burmeseclassic.com

www.burmeseclassic.com





◆ အသေအမှ လှမ်းမြင်တွေ့ရသည့် ရုက်တန်း ရုက်လုံး၍ ရှိသော ဝင်ချွဲ့ပြင်း ဘုရားတည်ထားသော ညီအစ်မ ဒုန်ဘော်၏ ဘုရားစေတီငယ်များ(၇)ဆူ (ကျောင်းကြီးတောင်ဘက်ဂုဏ်)

နရပတိစည်သူမင်းကြီး၏ သားတော် ပဋိက္ကရာမင်းသား၏ ရုပ်တုတော် ▶



◆ စည်ပုတ္တရာခံတပ်မြို့ ဟောင်းနံဘေးရှိ ကန်း

ပေါ်တွင် မြင်တွေ့ရပါသည်။

ထိုကျောက်သပိတ်ရှေ့ရှိ တိုင်လုံးကြီးနံဘေးတွင် ပဋိက္ကရာမင်းသားကြီး၏ ငုတ်တုတ်ထိုင်တော်မူ ရုပ်တုကြီးကို တွေ့နိုင်ပါသည်။ အမြင့်ပေ (၂)ပေခန့်ရှိ၍ အမှတ်တရဖြစ်ခြင်း အလို့ငှာ တန်ဖိုးထား ထုလုပ်ထားသည်ဟု ဆိုပါသည်။

စည်ပုတ္တရာ ခံတပ်မြို့ဟောင်းကို တည်တော်မူခဲ့သော နရပတိစည်သူမင်းမှာ ပဋိက္ကရာဝင်စားသော အလောင်းစည်သူမင်းကြီး၏ မြစ်တော်ဖြစ်ပြီး အလောင်းစည်သူမင်းမှာ မင်းကြီး ကျန်စစ်သား၏ မြေးတော်ဖြစ်ပါသည်။ **(စာရှည်မည် စိုးသောကြောင့် ပဋိက္ကရာမင်းသား၏ ရာဇဝင်အား မဖော်ပြတော့ပါ။ စာရေးသူ)**

ထို့ကြောင့် တည်ရှိပြီး ဘုရားအတွင်း ဘေးတော်ဖြစ်သော ပဋိက္ကရာမင်းသားကြီး၏ပုံကို ထုလုပ်ထားခဲ့ခြင်းမှာ နရပတိစည်သူမင်းကြီး၏ နောင်လာနောက်သားများအတွက် တန်ဖိုးရှိသော သမိုင်း အထောက်အထားတစ်ခုအဖြစ် တွေ့မြင်ရပါသည်။

ဘုရားကြီး စံပယ်တော်မူသည့် ကျောင်းဆောင်အနောက် လက်ယာဘက်နံဘေးတွင် အနံ(၂)ပေ၊ ထောင်လိုက် အလျား(၃)ပေရှိသည့် ရှေးဟောင်း ကြေးမုံပြင် မှန်ချပ်ကြီးများကို တွေ့နိုင်ပါသည်။

ထိုကြေးမုံပြင်မှန်ချပ်ကြီး နံဘေး(၄)ပေခွဲခန့်အမြင့်တွင် မှန်ပေါင်းချောင်ဖြင့် ထည့်သွင်းထိန်းသိမ်းထားသော စည်ပုတ္တရာ၏ နာမည်ကြီး **“သစ္စာတော် ကျမ်းနိုတော်ကြီးမင်းတည်း”** အမြင့်(၁)ပေခွဲ၊ အလျား(၃)ပေခွဲရှိ သစ္စာတော်ကျမ်းနိုကြီး အစစ်မှာ မသမာသူများ၏ရန်ကို စိုးရိမ်သဖြင့် ကျောင်းထိုင်ဆရာတော်မှ ကျောင်းကြီး၏အောက် လုံခြုံစိတ်ချရသော တစ်နေရာတွင် တွင်းတူးမြှုပ်နှံထားသည်ဟု



www.burmeseclassic.com

www.burmeseclassic.com





◆ ရည်းပုဏ္ဏာ ခံတပ်မြို့ဟောင်းမြို့ရိုး
(ယခု ဇာတိရွာနှင့် ရည်းပုဏ္ဏာရွာ သွားလမ်းဖြစ်နေ)

◀ ပဋိပုဏ္ဏာမင်းသားကြီးရုပ်တု အနီးကပ်မြင်ကွင်း

မိန့်ပါသည်။

ယခု မြင်တွေ့ရသော ကျမ်းမှာ မိတ္တူပွားထားသော ကျမ်းဖြစ်ကြောင်းနှင့် ပွားကျမ်းသာ ဖြစ်သော်လည်း အမှန်တကယ် အစွမ်းထက်လှကြောင်း၊ သစ္စာတော် အမှန်စူးကြောင်းကို ဦးကြီးတို့မှ ပြောပြပါသည်။

**တရားမမှုကြီးများမှ လွှဲ၍ ကျန်အမှုများကို သစ္စာတော် ကျမ်းကျိန်ကြီး ကိုင်၍ သစ္စာပြုပါက နေရှင်း အစွမ်းပြကြောင်းကို သက်သေ သာဓကများဖြင့် ပြောပြပါသည်။**

နွားခိုးမှု၊ မြေခိုးမှု၊ ဆန်စပါးခိုးမှု၊ သားမယားခိုးမှု၊ သူတစ်ပါး ဇနီးမယားနှင့် သမီးပျိုများကို ဖျက်ဆီးခြင်းအမှုများကို ဖြစ်ပွားပြီး မခံချင်သည့် စိတ်များဖြင့် ကျမ်းလာကိုင်ပါက ကျမ်းကိုင်ပုဂ္ဂိုလ်မှ သုံးကြိမ်သုံးခါ တားဆီးသည်ဟု ဆိုပါသည်။ တားမရသည့်အခါမှ ကျမ်းကိုင်ပြီး သစ္စာပြုကြသော် မမှန်ကန်သူများမှာ နေ့ချင်းပင် သွေးအန်သေဆုံးရသည်ဟု ရပ်မိရပ်ဖများမှ ရှင်းလင်းပြောပြပါသည်။

ကျမ်းကိုင် ပုဂ္ဂိုလ်မှာလည်း ယခင်အစဉ်အဆက် တောအမိန့်တော်အရ ကိုင်ဆောင်ခွင့်ရှိသည့် ဦးမောင်ကြီးဆိုသူ ဖြစ်ပြီး သားစဉ်မြေးဆက်တိုင် ထိန်းသိမ်းကိုင်ဆောင်ရသည်ဟု ဆိုပါသည်။

ရွှေလင်းပင်ဘုရားကြီး စံပယ်တော်မူရာ အနောက်ဘက်နှင့် ကပ်လျက်တွင် မသမာသူများ၏ ရန်မှ ကာကွယ်ထားသည့် အနေဖြင့် ထူထဲသော မှန်ချပ်များဖြင့် ဆောက်လုပ်ထားသည့် မှန်လုံခန်းတွင် ရှေးဟောင်း ဘုရားဆင်းတုတော်၊ ရုပ်တုတော်များကို သေချာ သော့ခတ် သိမ်းဆည်းထားပါသည်။

ထိုပုံတော်များအထဲမှ ရွှေလင်းပင်ဘုရားကြီးနှင့် ပုံတူ ဘုရားနှစ်ဆူကို သစ်တောအုပ် တစ်ယောက်မှ တောတစ်ထောင်၊ တစ်သိန်းရှာဖွေ တစ်ပင်တွေ့ရခဲ့သည့် **သစ်ကနက် သားခေါ် သစ်မင်းဖြင့်** လာရောက် ထုလုပ်လှူဒါန်းပူဇော်ခဲ့ကြောင်းကို ဆရာတော် ဦးဂန္ဓမာမှ မိန့်ကြားပါ သည်။

နောက်ထပ် မြင်တွေ့ရသည်မှာ ဘုရားပွင့်တော်မမူမီ အချိန်ကာလက ဖြစ်ရပ်မှန်ဖြစ်သော မုဆိုးကြီး၏ သမက်ဖြစ်သူ ဦးပဏ္ဍနှင့် မစာဝါ ရုပ်တုများ မုဆိုးကြီး အမဲလိုက်ရာတွင် အမြဲပါလေ့ရှိသော ခွေးနှစ်ကောင် ရုပ်တုများကို မြင်တွေ့ခဲ့ရပါသည်။

အတွင်းခန်းတွင် ရှိသမျှ ပုံတော်များအား အားပါးတရ ဖူးမြော်ပြီး ပါလာသည့် ကင်မရာလေးဖြင့် မှတ်တမ်းဓာတ်ပုံများ ရိုက်ယူပြီး အခန်းတွင်းမှ ပြန်အထွက် ညာဘက်ရှိ ကျောင်းနံရံပေါ်တွင် ရှေးခေတ် နံရံဆေးရေးပန်းချီ ပညာဖြင့် ဗုဒ္ဓဝင်ဇာတ်တော်များကို ရေးဆွဲပူဇော်ထားသည်ကို မြင်တွေ့ရပါမည်။


စာရေးသူတို့အဖွဲ့ ကျောင်းပေါ်မှ ဆင်းပြီး အရှေ့ဘက် ကျောင်းပရိဝုဏ် အတွင်း (၂၀၁၂–၂၀၁၃)တွင် နိုင်ငံခြားမှ လာရောက် ပြုပြင်လှူဒါန်းသော စေတီကြီးနှင့် ဂျပန်နိုင်ငံမှ လာရောက် ပြုပြင်ဆဲရှိသော စေတီတစ်ဆူတို့ကို ဖူးမြော်ကြည်ညို ကန်တော့ကြပါသည်။

ထိုမှ အရှေ့ဘက်(ယခု ကန်စပ် ယခင် ကျုံးဖြစ်ခဲ့သော ကန်နံဘေးတွင် အရှေ့ဘက်လှည့်ကာ ထည့်ထားသော




www.burmeseclassic.com

www.burmeseclassic.com




▲ အဓိဋ္ဌာန်ပြု ကျောက်တုံး



▲ မသမာသူများရန်မှ ကာကွယ်ရန် လုံခြုံစွာ ထိန်းသိမ်းထားသော ရှေးတန်ဖိုးကြီးဘုရားများ စံပယ်ရာအခန်း(သော့ခတ်ထားပါသည်)

▼ ရှေး ဇော်ဂျီ တပည့်များ ဆေးတော်ကြိတ်၊ ဆေးတော်သွေးသည့် ကျောက်ပျဉ်ကြီးများ



ကျောင်းထိုင်ဆရာတော်ကြီး တရားထိုင်သည့် ဂူစေတီတော်ကို ဖူးမြော်ကြပါသည်။

နံ့သေး အနီးအနားတစ်လျှောက်တွင် ဒေသအသီးသီးတို့မှ ပဋ္ဌာန်းဆက်ကြောင့် အိပ်မက်အရ လာရောက်၍ တရားစခန်းဝင်၊ တရားအားထုတ်ကုန်ကြသော ညွှသည်များ၏ ဂူစေတီများကိုလည်း ဖူးမြော်ကန်တော့ကာ ညနေခင်း နေမစောင်းမီ တည်းခိုသည့် ဗအိုးရွာသို့ ပြန်ခဲ့ကြပါတော့သည်။

ဤကဲ့သို့ ရွှေလင်းပင်ဘုရားကြီး၏ ထူးထွေဆန်းပြား အကြောင်းများကို အနယ်နယ် အရပ်ရပ်ရှိ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီး ဗဟုသုတ ရရှိရန်နှင့် ရဟန်းရှင်လူ ပြည်သူအများ တန်ခိုးကြီးဘုရားတစ်ဆူကို စိတ်တွင် ရည်မှန်းဖူးမြော်ကန်တော့ခွင့်များ ရရှိစေရန်နှင့် ကြုံကြိုက်ပါက သွားရောက် လည်ပတ်နိုင်ရန် ရည်ရွယ်၍ ဤစာမူကို ရေးသားလိုက်ရပေသည်။

*ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု*

**နိုင်မင်းညို**

မှီငြမ်း

၁။ ရွှေဘို ဦးသန်းထွန်း၏ "သမိုင်းထဲကရွှေဘို"။

၂။ "ဗုဒ္ဓဂုဏာပကာသနီကျမ်း" ဆရာကြီး ဦးတေဇဝန်။

၃။ စည်ပုတ္တရာ ရွှေလင်းပင်ကျောင်းရှိ ကျောင်းထိုင်ဆရာတော်ကြီး ဦးဂန္ဓမာ၏ မိန့်ကြားချက်များ။

၄။ ဗအိုးကျေးရွာနေ အသက် (၄၂) နှစ်ရှိ ဘကြီးတိုး၏ ပြောပြချက်များ။

www.burmeseclassic.com



◆ ရှင်သူငယ်အကြီး

ထက်မြင့်ကျော်စွာ

ရန်ငြိုးဖြယ်သည့်

# ရှင်သူငယ်ဂမုန်း

အဘိုးအင်းသည် အသက်(၁၀၀) ကျော်သည့်တိုင် စကားခွန်းကြီးငယ် ရန်သဘောက် ဖြစ်ခဲ့ဖူးခြင်း မရှိခဲ့။

ရှင်လူအပေါင်း လေးစားချစ်ခင်ကြသော်လည်း ပညာ၊ ဓန၊ ပေါင်းသင်းဆက်ဆံရေး စသည်တို့၌ လူသာမန်ထက် ထူးကဲခြင်း မရှိခဲ့ချေ။

နွေရာသီတစ်နေ့တွင် ဘိုးအင်းသည် ပုဆိုးတစ်ထည်ကို ပခုံးပေါ်တင်ကာ အိမ်အောက်ကွပ်ပျစ်တွင် ထိုင်နေသည်ကို အခန့်သင့်ပင် တွေ့လိုက်ရသည်။

'ပုဆိုးအသစ်တွေနဲ့ ဘယ်က ပြန်လာတာလဲ အဘိုး'

'မိတ်ဆွေတစ်ဦးရဲ့ နောက်ဆုံးခရီးကို လိုက်ပို့ပြီး အခုပဲ ပြန်ရောက်တယ်။ ဒီရွာမှာတော့ အသက်အကြီးဆုံးဆိုလို့ ရွာလယ်က ပျဉ်းမပင်အိုရယ်၊ ငါရယ်ပဲ ကျန်တော့သကွာ'

အဘိုးအင်း၏ စကားကြောင့် ကျွန်တော့်မှာ အနည်းငယ် ပြုံးမိလေသည်။

'အဘိုးက လောကကြီးမှာ အနှစ်(၁၀၀)ကျော် နေခဲ့ရတော့ ကျွန်တော်တို့အတွက် မှတ်သားလောက်စရာ ထူးထူးခြားခြား ဆေးပင်၊ ဝါးပင်လေးများ မတွေ့ခဲ့ဘူးလား'

'တွေ့ဖူးတာပေါ့၊ ဆေးပင်ဆိုတာ အရွက်ဖားဖား ချုံပင်မျိုးကွ'

'ဟာ...အဘိုးဆေးပင်က ဆေးလိပ်လိပ်တဲ့ ဆေးရွက်ကြီးပင်ပဲ၊ ကျွန်တော်သိချင်တာက...'

'အင်းပါ ငါက နောက်တာပါ။ ဟိုရှေ့မှာ ကြည့် ငှက်ပျောရွက်လို ဖားဖားကြီးနဲ့ ချုံကြီးတွေ့လား။ ရှင်သူငယ်အကြီးလို့ ခေါ်တယ်။ မြေကြီးအောက်က ဥကို တူးပြီး ဓားနဲ့ ထက်ဝက်ပိုင်းကြည့်ရင် သာမဏေငယ်တစ်ပါး ထိုင်နေတဲ့ပုံ တွေ့ရမယ်။ ဒါကြောင့် ရှင်သူငယ်ဂမုန်းလို့ ခေါ်သကွယ့်'

'လက်ဝဲဘက်ချုံလား အဘိုး'

'လက်ဝဲဘက်ချုံက ရှင်သူငယ်အငယ်။ လက်ယာဘက်ချုံကအကြီး အငြိမ့်ချုံက အပွင့် ပိုနီတယ်ကွယ့်'




www.burmeseclassic.com

www.burmeseclassic.com



◆ ရှင်သူငယ်အသေး

◆ ငှက်ပျောရွက်ကဲ့သို့ အရွက်ဖားဖားနှင့် အမွှင့်ပိုရှိသော ရှင်သူငယ်အကြီး



'ဘာတွေ ထူးခြားလို့လဲ အဘိုး'

'ထူးပြီလားကွယ်။ ဒီအပင်ကို စိုက်တဲ့အခါ ငါးပါးသီလကို လုံခြုံအောင်ထိန်း ဝါတွင်းကာလ လပြည့်နေ့ နေမွန်းတည့်ချိန်မှာ မိမိအိမ်ရှေ့မြေပေါ်မှာ ဗုဒ္ဓဂုဏ်တော်ကို ပွားများပြီး စိုက်ရတယ်။

(၃၀)တုံအတွင်း ကျင်လည်ကုန်သော သတ္တဝါအပေါင်းကိုလဲ မေတ္တာပို့ပေးကွယ်။ အပင်ရှင်သန်လို့ အပွင့်ဝေဆာလာတာနဲ့ အာနိသင်အကျိုး အပြည့်အဝပေးတော့တာပဲ။

ဘာအကျိုးလဲဆိုတော့ သီလဂုဏ်ကြောင့် အသက်ရှည်ခြင်း၊ အတိုက်အခိုက် ရန်ပြုဘက်ပြိုင်ခြင်းမှ ကင်းလွတ်ခြင်း၊ မိတ်ဆောင်ဖွားသဖွယ် ချစ်ခင်ပွင့်လန်းခြင်း၊ အကြံအစည်အောင်မြင်ခြင်း၊ ဝေနေယျအပေါင်း ကြည်ညို လေးစားခြင်း ဆိုတဲ့ အကျိုးတွေပေါ့'

'နေအိမ် လူပုဂ္ဂိုလ်နဲ့ မသင့်တင့်လို့ တစ်ခုခု ထိခိုက်စရာကော မရှိဘူးလား'

'ဘာအန္တရာယ်မှ မရှိပါဘူးကွယ်၊ မလိုအပ်တော့ဘူးဆိုတဲ့ အချိန်မှာ တူးယူဖယ်ရှားပစ်လို့ ရပါတယ်။ သူတစ်ပါးကို ပေးကမ်းပစ်လို့လဲ ရတာပေါ့'

'ကျေးဇူးတင်ပါတယ် အဘိုး နောင်ကို အချိန်အားရင် အဘိုးဆီက မှတ်သားစရာတွေ လာယူပါဦးမယ်'

'လာပါမောင် အဘိုးကတော့ အမြဲတမ်း အားလပ်နေတာပါပဲ'

*(အလုပ်ကျေးရွာမှ အဘိုးအင်းသို့ ဂါရဝပြုလျက်...)*

ထက်မင်းကျော်(ဇ)

www.burmeseclassic.com

အိမ်မွေးကြောင်ကလေး

# အစာနှင့်ဆေး



နံရံတွင် တွယ်တက်နေသော တောင်တက်လိပ်ပြာအရွက်များ

ကြောင်ကလေး "မီယော်"သည် ဆင်လိပ်ပြာကြီး တစ်ကောင်အား လက်ဖြင့်ပုတ်လိုက်၊ ခုန်၍ဟပ်လိုက်ဖြင့် အလုပ်ရှုပ်လျက် ရှိလေသည်။

အချိန် အနည်းငယ်ကြာသော် လိပ်ပြာကြီးအား ဖမ်းမိသွားလေသည်။ သို့သော် ချက်ချင်းပင် တခွီးခွီးမြည်ကာ အိမ်သို့ ပြန်ပြေးလာသည်။

'ဟော ဖေဖေ လုပ်ပါဦး မီယော်ကလေး ဘာဖြစ်သွားတယ် မသိဘူး၊ ခုန်ပေါက်လူးလှိမ့်နေတယ်'

မိဖြိုး၏ အော်သံကြောင့် ဖေဖေ ထွက်လာကာ ကြောင်ကလေးအား သေချာစွာ ကြည့်ပြီးလျှင်...

'ပိုးကောင် စားမိတာပါ။ အုတ်နံရံမှာ ပေါက်နေတဲ့ တောင်တက်လိပ်ပြာအရွက် သိတယ်မဟုတ်လား လေး,ငါးရွက်လောက် ခူးလာခဲ့'

ဖေဖေပြောသော သစ်ရွက်မှာ **နံရံများ သစ်ပင်ကြီးများတွင် တွယ်ကပ်တက်လေ့ရှိသော လိပ်ပြာသဏ္ဌာန်နွယ်ပင်အရွက်များ ဖြစ်သည်။** ဖေဖေက ယင်းအရွက်များအား ထုထောင်းကာ အရည်ညှစ်၍ မီယော်၏ ပါးစပ်အတွင်း လောင်းထည့်သည်။

ခဏအကြာတွင် မီယော်ကလေးမှာ အော့အန်လေရာ...

'ဟာ ခူကောင်ကြီးဖေဖေ'

'ဒီကောင်က ကြီးတော့ လည်ပင်းနင်ပြီး ဒုက္ခရောက်နေတာပေါ့။ ခုလို အန်ထုတ်လိုက်မှ သက်သာသွားတာ သမီးရဲ့'


ပလတ်စတစ်ခြားဖြင့် လှီးဖြတ်ကစားလေ့ရှိသော တောင်တက်လိပ်ပြာရွက်များက ကြောင်ကလေး မီယော်အတွက် အကောင်းဆုံး ဆေးဖြစ်နေသည်ကို သိရသဖြင့် အလွန်ပင် ပျော်ရွှင်မိလေသည်။

**နွဲ့ရီလင်း**



www.burmeseclassic.com

www.burmeseclassic.com



◆ မဟာစေတီလှ မုခ်ဦးအနီးမှ သိုက်ရိုးတန်းကို တွေ့ရပုံ

# စစ်ကိုင်းတောင်ခြေ သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ရှိုးပူဇော်ဂါထာတော်များ (၁၆)

**အောင်ရွှေမြတ်**
(စစ်ကိုင်းတောင်)

## မဟာစေတီလှ စေတီတော်

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

*[၃-ကြိမ်ရွတ်ပါ။]*

အသင်္ခယာစောယွမ်း တိဝုယေန၊
မဟာရာဇေန ကာရိတံ၊
စေတီလှ မဟာထူပံ၊
ဝန္ဒေ ယန္တံ သုပါကင့ံ။

[...]တ်ခဲသော ပါဠိအသံထွက်

**အသင်္ခယာ** = အသင်ခယာ
**ဝန္ဒေ** = ဝန်ဒေ
**ယန္တံ** = ယန်တံ
**သုပါကဋ္ဋံ** = သုပါကတံ

မြန်မာပြန်

**အသင်္ခယာစောယွမ်း တိဝုယေန၊** အသင်္ခယာစောယွမ်း အမည်ရှိသော။

**မဟာရာဇေန၊** စစ်ကိုင်းမြို့တည် မင်းဘုရင်သည်။

**သုပါကဋ္ဋံ၊** စစ်ကိုင်းမြို့နှင့်အတူ ထင်ရှားစွာ ပေါ်ထွန်းလာသော။

**စေတီလှ မဟာထူပံ၊** စေတီလှဟု ဘွဲ့မည်သသည့် စေတီတော်မြတ်ကြီးကို။

**ကာရိတံ၊** ရှင်လူအများ ကုသိုလ်ပွားအောင် တည်ထားခဲ့လေပြီ။

**ယံ၊** အကြင် မဟာစေတီလှ စေတီတော်မြတ်ကြီးအား။

**အဟံ၊** အောင်ဆုကိုမျှော်"......" တပည့်တော်သည်။

**[မှတ်ချက်။ ။"......"နေရာတွင် ရွတ်ဆိုကန်တော့သူ၏အမည် ထည့်ပါ။]**

**ဝန္ဒေ ဝန္ဒာမိ၊** ရှိခိုးကော်ရော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ဘုရား။

ဘုရားတည်နှစ်

သက္ကရာဇ် ၆၇၇ ခုနှစ်။

ဘုရားဒါယကာ

အသင်္ခယာ စောယွမ်းမင်း။



www.burmeseclassic.com

www.burmeseclassic.com




▲ မဟာစေတီလှ စေတီတော်ကြီးအား ရေကန်ထက်မှ ရှုမြင်ရပုံ

▼ မဟာစေတီလှ စေတီတော်မှ အမြှာလှေကားများ



▼ မဟာစေတီလှ မုခ်ဦးအဝင်မှ ဗိမ္ဗာရိန်စေတီ



တည်နေရာ

စစ်ကိုင်းမြို့အဝင် တောင်ရိုးလမ်း၊ ရွှေမုဋ္ဌောစေတီအနီး။

ပွဲတော်ရက်

သတ်မှတ်ထားခြင်း မရှိပါ။

အောင်မြေနေရာ

စေတီလှလိုဏ်အတွင်း ပလ္လင်တော်ရှေ့။

အစောင့်အရှောက်

ရွှေမန်ကျည်းပင် ရုက္ခစိုးနတ်ကြီး။

ထူးခြားချက်

အသင်္ခယာ စောယွမ်းမင်းသည် စစ်ကိုင်းမြို့တော်ကြီး တည်ထောင်သောအခါ တစ်ပြိုင်တည်း (၉)ဌာန ပါဝင်ခဲ့လေသည်။

စစ်ကိုင်းမြို့သည်ကား ဘုရားရှင် ရွှေတောင်ဦးမော်တောင်ထက်မှ ရှုကြည့်တော်မူသောအခါ စစ်ပင်ကြီးထက်တွင် ဗျိုင်း(၇)ကောင်ကို မြင်တော်မူလေရာ "**ဤအရပ်တွင် မင်းခုနစ်ဆက် အုပ်စိုးသည့် ဇေယျာပူရမြို့ကြီးဖြစ်လတ္တံ့**"ဟု ဗျာဒိတ်ထားတော်မူခဲ့လေ၏။

ဗျာဒိတ်တော် လာသည့်အတိုင်း စစ်ကိုင်းမြို့ကြီးအား မင်း(၇)ဆက်စိုးစံခဲ့လေ၏။ ထိုမင်းများမှာ...

၁။ တနင်္လာသား အသင်္ခယာစောယွမ်းမင်း ***[၆၇၇ မှ ၆၈၄အထိ]***

၂။ စနေသား နောင်တော်တရုဖျားမင်း ***[၆၈၄ မှ ၆၉၈အထိ]***

၃။ တနင်္ဂနွေသား ရွှေတောင်တက်မင်း ***[၆၉၈ မှ ၇၀၀အထိ]***

၄။ စနေသား စောယွမ်းသားကျော်စွာ ***[၇၀၀ မှ ၇၁၁အထိ]***

၅။ ဗုဒ္ဓဟူးသား ညီတော်နော်ရထာမင်း၏ ***[၇... မှ ၇၁၁]***


၆။ တနင်္လာသား ဆင်ဖြူရှင်တရုဖျားငယ် ***[၇၁...***



www.burmeseclassic.com

www.burmeseclassic.com






▲ မဟာစေတီလှ လိုဏ်အတွင်းမှ အောင်မြေနေရာ

◀ မဟာစေတီလှ လိုဏ်အတွင်း ကိန်းဝပ် စံပယ်တော်မူသော ရုပ်ပွားတော်

▼ မဟာစေတီလှ ရေကန်တော်ကြီး



မှ ၇၁၄အထိ]

၃။ စနေသား သီဟပတေ့ ခေါ် မင်းပြောက်
[၇၁၄ မှ ၇၂၆အထိ]

အသင်္ခယာ စောယွမ်းမင်းသည် ၆၇၇ ခုနှစ်တွင် ဇေယျာပူရခေါ် စစ်ကိုင်းမြို့ကို စတုရန်းတာ(၈၃၃–တာ)ရှိသော အုတ်မြို့ရိုးနှင့်တကွ သစ်တပ်တည်၍ "**အတုလဝတီ**"ဟု သမုတ်ပြီး နန်းဆောက်လေ၏။ မြို့တည်နှစ်အား "**သာတိုးတိုင်း စစ်ကိုင်းတည်**"ဟု မှတ်ရလေ၏။

မိမိကိုယ်တိုင် "**သီရိအသင်္ခယာ**" ဟူသော ဘွဲ့မည်သစ်ဖြင့် မင်းပြုလေသည်။ မြို့တည်သောအခါ (၉)ဌာနကိုလည်း နဝင်းကျေ ပြုလုပ်လေ၏။

| | |
|---|---|
| မြို့တော် | (၁)ဌာန၊ |
| နန်းတော် | (၁)ဌာန၊ |
| စေတီလှုဘုရား | (၁)ဌာန၊ |
| တံခါး လေးမျက်နှာ | (၄)ဌာန၊ |
| သောတာပန်နုတ်ကွန်း | (၁)ဌာန၊ |
| ဆင်ဖြူကန် | (၁)ဌာန |

ဟူ၍ စုစုပေါင်း(၉)ဌာန ပြုလုပ်လေသည်။

**သောတာပန်နုတ်ကွန်းမှာ** ယနေ့တိုင်အောင် မြို့သူမြို့သားများက ယုံကြည်အားထားခြင်းဖြင့် အလှူ ရှင်လောင်းပြခြင်း၊ ကားသစ်,ဆိုင်ကယ်သစ်များ ပြသခြင်း၊ အသစ်ပြုလုပ်သော ကိစ္စတိုင်း၌ ပွဲတင်လှူဒါန်းခြင်း ပြုလေ့ရှိပါသည်။

မဟာစေတီလှ စေတီတော်မှာ စစ်ကိုင်းမြို့ တည်ဆောက်စဉ်က တစ်ဌာနအဖြစ် ပါဝင်ခဲ့သောကြောင့် "**စစ်ကိုင်းမြို့အစ စေတီလှ**"ဟု ဆိုရိုးရှိခဲ့လေ၏။

ယခုနှစ်ဆိုလျှင် နှစ်ပေါင်း ၆၉၈နှစ်ရှိပြီ ဖြစ်လေရာ စစ်ကိုင်းမြို့တည်နှစ် (၇၀၀)ပြည့် အထိမ်းအမှတ်ပွဲတော် ကျင်းပဖို့ (၂)နှစ်မျှသာ လိုတော့လေပြီ။

အသင်္ခယာ စောယွမ်းမင်းသည် စစ်ကိုင်းမင်းနေပြည်တော် ခိုင်မာတောင့်တင်းအောင် စစ်ကိုင်းမြို့မြောက်လက်မှ မြင်းစီးအကျော်အမော်များနှင့် မြင်းကိုးသင်းကို ကိုးရှိမြင်း ပေါင်း(၈၁၀)ဖြင့် ဖွဲ့စည်းလေသည်။

www.burmeseclassic.com



▲ မဟာစေတီလှဘုရား၏ အရံစေတီ ဖြစ်သော

ရှင်ပင်သင်္ဘောခေါ် ရွှေတော်ကြီးစေတီ



▲ ရွှေတော်ကြီးစေတီမှ ဗျာဒိတ်ပေး

ရုပ်ပွားတော်ကြီး

◀ မဟာစေတီလှ ကျောင်းတိုက်ကြီး



▼ မဟာစေတီလှမှ တစ်ပါးနေ ကျောင်းကလေး



မြို့တော်အာတွင်း နဝင်း(၉)နေရာ.

အတွင်းမုဋ္ဌောကိုးဆူ၊

အပြင်မုဋ္ဌောကိုးဆူ၊

တောင်ကိုးတောင်၊

ဂူကိုးဂူ၊

ချောင်ကိုးချောင်၊

ညောင်ကိုးပင်၊

ချောင်းကိုးချောင်း၊

အင်းကိုးအင်း၊

နတ်ကြီး (၉)ပါး

တို့ကိုလည်း အသိအမှတ်ပြုလေ


စစ်ကိုင်းမြို့၌ တောင်ညွှန်းဌာနမျာ တွင် သိုက်ဝင်တောင်ပေါင်း (၃၇)လုံ နှင့်တကွ တောင်ပေါင်း(၅၀)ရှိလေ မင်းဝံတောင်စွယ်၌ တည်ရှိသေ **"မဟာစေတီလှ"** စေတီတော်မှ သိုက်ဝင်စေတီတော်တစ်ဆူ ဖြစ်ပေ သည်။



www.burmeseclassic.com



▲ မဟာစေတီလှဘုရား၏ အရံစေတီ ဖြစ်သော ဆွေတော်ကြီးစေတီတော်နှင့် ရှုစေတီတော်အား ဖူးမြင်ရပုံ



▲ ရှုစေတီတော်အား ဖူးမြင်ရပုံ

မဟာစေတီလှ စေတီတော်နှင့်အတူ မဟာစေတီလှ ဆရာတော်ကြီး၏ ကျောင်းတော်ကြီးမှာ ခေတ်ကာလ ကြာညောင်းလှပြီဖြစ်၍ ပျက်စီးသွားခဲ့လေရာ ယခုအခါတွင် ခေတ်မီကျောင်းတိုက်ကြီး ဖြစ်နေလေပြီ။

ကျွန်ုပ်ငယ်ရွယ်စဉ် နှစ်ပေါင်း (၅၀) ကျော်ခန့်က မဟာစေတီလှ ဆရာတော်ကြီးမှာ ရှေးလူကြီးများ၏ ပုံပန်အတိုင်း ပိန်ပိန်ပါးပါးနှင့် စကားပြောလျှင် ညင်သာလှပါသည်။ မိဘများက ဆရာတော်ကြီးအား အထူးအားထား. ကိုးကွယ်ခဲ့ကြပါသည်။ ပျံလွန်သည်မှာ ကြာလှလေပြီ။

ဆရာတော်ကြီးအား ဓာတ်ပုံရိုက်ခွင့်တောင်းတိုင်း "ငါ့ရုပ်က ဆိုးလွန်းလို့ မရိုက်ကြပါနဲ့ကွယ်ရို့"ဟု လက်ကာ၍ ငြင်းလေ့ရှိပါသည်။ သို့ရာတွင် ဆရာတော်ကြီးပုံအား အမှတ်တမဲ့ ရိုက်ကူးထားသောပုံကို ဖော်ပြလိုက်ပါသည်။

ကျောင်းဝင်းအတွင်း တစ်ပါးနေကျောင်းများကလည်း အေးချမ်း ငြိမ်သက်လှပါ၏။

မဟာစေတီလှ စေတီတော်ကြီးနှင့်အတူ ရေကန်တော်ကြီးကလည်း ခံ့ညားလှပလှပေသည်။

စေတီလှမုခ်ဦးအဝင် လက်ယာဘက် ကုန်းထိပ်၌ တည်ထားသော "ဝိဇ္ဇာမိုရ်" စေတီတော်ကလေးကလည်း ဒကာ,ဒကာမများအား အဖူးမြော်ခံလျက် ရှိနေလေ၏။


မဟာစေတီလှ ပရိဝုဏ်စောင့် ရွှေမန်ကျည်းပင် ရက္ခစိုးမင်းကြီး၏ ဌာန၌ အမိဌာန်ကျင့်စဉ် ဝင်ရောက်သူများ အမြဲမပြတ် ရှိနေတတ်ပါသည်။

ရွှေမန်ကျည်းပင် ရက္ခစိုးနတ်ကြီး၏ ဌာန၌ ကျင့်စဉ်ဝင်ရောက်သော ကျွန်ုပ်၏ ရောင်းရင်းကြီး ဦးမြရွှေသည် ရက္ခစိုးနတ်ကြီးနှင့် စကားပြောဆိုခွင့် အခွင့်အရေးကြီး ရရှိခဲ့ပါသော်လည်း "ဝစီပိတ်ကျင့်စဉ်"ဖြစ်သောကြောင့် အခွင့်အရေး ဆုံးရှုံးခဲ့ရပါသည်။

ကျွန်ုပ်၏ ငယ်မွေးခြံပေါက် ပါရမီရှင် ဆရာထွန်းလင်းသည်လည်း ထိုရက္ခစိုးနတ်ကြီး၏ဌာနတွင် "ဘာသာပေါက်" ခဲ့လေသည်။


မဟာစေတီလှ စေတီတော်ကြီး၏ အရံစေတီတော်အဖြစ် စေတီလှစေတီ

www.burmeseclassic.com



▲ ငွေစေတီတော်အား မှုမြင်ရပုံ

▼ မဟာစေတီလှ ဆရာတော်ကြီး





▲ စေတီလှရာဇ္ဇဒိုးကြီး၏ အစိမ့်ချွန်နေရာ

၏ အရှေ့ဘက် ခြေတော်ရင်းဖြစ်သော တောင်ရိုးလမ်းတွင် ရှေးယခင်ကာလက **"ရှင်ပင်သင်္ဂဟာ"** ခေါ် စေတီတော်ကလေး တည်ရှိပါသည်။

ယခုအခါ အသစ်တစ်ဖန် ပြုပြင်မွမ်းမံ၍ ဘွဲ့အမည်တော်မှာလည်း **"ဆွေတော်ကြီး"** ဘုရားဟူ၍ ရွှေရောင်ဆေးများဖြင့် အလွန်ကြည်ညိုဖွယ်ရာ ဖြစ်တည်နေလေပြီ။


ရှင်ပင်သင်္ဂဟာခေါ် ဆွေတော်ကြီး စေတီတော်၏ အဂ္ဂိထောင့်တွင်လည်း ဘုရားရှင် ဗျာဒိတ်ပေးတော်မူဟန် မတ်ရပ် ရုပ်ပွားတော်ကြီးကလည်း သမိုင်း၏ သတင်းစကားကို ဖော်ပြနေပါသည်။

စေတီတော်၏ စနေထောင့်ရှိ ငွေစေတီ၌ လည်းကောင်း၊ ရာဟုထောင့်၌ရှိသော ငွေစေတီတော်နှစ်ဆူမှာ ဂန္ဓာရီ သူတော်ကောင်းများအတွက်



www.burmeseclassic.com

www.burmeseclassic.com






မဟာစေတီလှဘုရားနှင့်အတူ ပါဝင် ပေါ်ထွန်းခဲ့သော သောတာပန် နတ်ကွန်း

စေတီလှဘုရားသိုက်ကြီး၏ ဘုံဗိမာန် ▶

◀ မဟာစေတီလှ ဘုရားသိုက်ကြီးရှိသော မန်ကျည်းပင်ကြီး



မဟာစေတီလှ ရင်ပြင်ထက်မှ မြင်တွေ့ရသော ဝိဇ္ဇာဓိုရ်စေတီနှင့် အင်းစ တံတားကြီးပုံ



ရွှေလမ်းညွှန်, ငွေလမ်းညွှန်အဖြစ် တည်ရှိပါလေ၏။

မဟာစေတီလှ စေတီတော်ကြီးသည်ကား တောင်ဘက်တွင် ရွှေမုဋ္ဌောစေတီတော်နှင့် ရွှေမုဋ္ဌောကျောင်းစေတီတော်၏ မြောက်ဘက်တွင် မရှိခဏစေတီတော်နှင့် အုတ်ကျောင်းတော်ကြီး...


အနောက်ဘက်အရပ်တွင် ရတနာစေတီ ဆင်မျှားရှင်ဘုရားနှင့် မဟာသတိပဋ္ဌာန်ကျောင်းတော်၊ အရှေ့ဘက်အရပ်တွင် သစ္စာစေတီတော်နှင့် ရဲပဒိုင်ကျောင်းတိုက်တို့၏ အလယ်ဗဟိုဖြစ်သော မင်းဝံတောင်စွယ်ထက်၌ ဘူမိနက်သန် မှန်ကန်စွာ တည်ရှိနေလေရာ တစ်ခါတစ်ခေါက် အရောက်သွားရမည့် အောင်မြေဌာန ဖြစ်လေသည်။

**အောင်ရွှေမြတ်**
*(စစ်ကိုင်းတောင်)*

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်

## နှင့် လွယ်ကောင်းယတြာ



### တနင်္လာသားသမီးများအတွက်

တနင်္လာသားသမီးများအတွက် ကံကောင်းချမ်းသာ စန်းပွင့်ဖို့ရာ လွယ်ကောင်းယတြာဖြစ်ပါတယ်။

တနင်္လာသားသမီးသည် ဦးစွာ ပထမ **ဆည်းလည်းစေတီတော်**တွင် ကော်ခွက်သန့်သန့်တွင် ရေကြည်ကြည်သန့်သန့်ထည့်ပြီး ကုက္ကား တစ်ချောင်းနဲ့အတူ လှူရပါမယ်။ တနင်္လာနေ့တိုင်း ဆောင်ရွက်နိုင်ပါတယ်။

မဟာဘုတ်ချိန်ခွင်အရ...

**ဘင်္ဂ၊ မရဏ၊ ပုတိ၊ အထွန်း၊ သိုက်၊ ရာဇ၊ အဓိပတိဖွားများအတွက်** သီးသန့်ထပ်မံ လှူဒါန်းရမယ့် ဝတ္ထုပစ္စည်းများကို သီခြားဇယားဖြင့် ဖော်ပြထားပါတယ်။

သို့ရာတွင်...

တနင်္လာသားသမီး အားလုံးသည် (အဖွားနှင့် မဆိုင်ပါ) ရွတ်ရမယ့် ဂါထာ၊ ပုတီးစိပ်ရမယ့် ပုတီးစိပ်၊ စိပ်ရမယ့် စိပ်ပုတီးကတော့ အတူတူဖြစ်ပါတယ်။

ရွတ်ရမယ့်ဂါထာကတော့ ကရောတိ ဘဂ္ဂဝေါ နာထံ အစချီသော ဂါထာ၊ ပုတီးစိပ်ကတော့ "**ကမ္မပစ္စယော**" စိပ်ရမယ့်ပုတီးက "**ကံ့ကော်သား**"ပုတီးဖြစ်ပါတယ်။

### ရွတ်ရမည့် ဂါထာတော်

ကရောတိ ဘဂ္ဂဝေါ နာထံ ကတပုညသာဓုဇနာ၊ တံ ပူဇိတံ ကတံကတံ၊ ကရောတိ သတိမေဇနာ။

ခက်ခဲသော ပါဠိအသံထွက်

**ဘဂ္ဂဝေါ** = ဘက်ဂဝေါ

**ကတပုညာ** = ကတပုန်ညာ

အနက်အဓိပ္ပာယ်

**ကတပုညသာဓုဇနာ၊** ကုသိုလ်ကောင်းမှုကို ပြုကုန်သော သူတော်ကောင်းဖြစ်သောလူတို့သည်။

**ဘဂ္ဂဝေါ၊** ချိုးဖျက်အပ်ပြီးသော ရာဂရှိသော မြတ်စွာဘုရားကို။

**နာထံ၊** ကိုးကွယ်ခြင်းကို။ **ကရောတိ၊** ပြု၏။ (**ကရောန္တိ၊** ပြုကုန်၏။)

**သတိမေဇနာ၊** သူတော်ကောင်းဖြစ်ကုန်သော ဤသူတို့သည်။

**တံ၊** ထိုမြတ်စွာဘုရားကို။

**ကတံ ကတံ၊** ပြုအပ်ပြုသင့်ပြုထိုက်သော။

**ပူဇိတံ၊** ပူဇော်ခြင်းကို။

**ကရောတိ၊** ပြု၏။ (**ကရောန္တိ၊** ပြုကုန်၏။)

### ပုတီးစိပ်ရန်ဂါထာ

ကမ္မပစ္စယော(***ပုတီးတစ်လုံးချ***)

*[၃-ပတ်]*

***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**

**တနင်္လာသားသမီးများ မဟာဘုတ်ဖွားအလိုက် လှူရမည့် ဝတ္ထုပစ္စည်းများ**

| အထွန်း | သိုက် | ရာဇ | အဓိပတိ |
|---|---|---|---|
| ကံ့ကော်ညွှန့် ရွက်လှညွှန့် | ကံ့ကော်ညွှန့် ပျဉ်းမညွှန့် | ကံ့ကော်ညွှန့် သပြေညွှန့် | ကံ့ကော်ညွှန့် အုန်းညွှန့် |

| ဘင်္ဂ | မရဏ | ပုတိ |
|---|---|---|
| ကံ့ကော်ညွှန့် | ကံ့ကော်ညွှန့် ဆီးညွှန့် | ကံ့ကော်ညွှန့် ပိတောက်ညွှန့် |



www.burmeseclassic.com

www.burmeseclassic.com

မြတ်သမဏတို့ စံပျော်မြန်းသည့်

# ထုံးတောင်မြေ သာစခန်းဆီသို့ (၄)

စင်သိုင်ငယ်



▲ ဆရာတော် ဦးတေဇနိယ ပျံလွန်၍ (၇)ရက်အကြာတွင် ရိုက်ကူးထားသည့် ပုံတော်

### ယခင်လမှ အဆက်

သဲပြင်ဆရာတော် ဦးပါဝရက ဤသို့ မိန့်ကြားဖူးသဖြင့် ဆရာတော်ကြီး ဦးကုမာရအား ရည်မှန်းကန်တော့ကာ ဓာတ်ပုံရိုက်ခွင့်ပြုပါရန် စိတ်ဖြင့် လျှောက်ထားခဲ့သည်။

နှစ်ထပ်ကျောင်းအောက် အစွန်ရှိ အခန်းတွင်းသို့ ဝင်၍ ဘုရားကန်တော့ နေစဉ် ဦးဓမ္မပီယက...

'ဘုန်းကြီး (ကျောင်းထိုင်ဆရာတော်ကို ဘုန်းကြီး၊ ခန်နေဦးပဥ္စင်းကို ဦးပဥ္စင်းဟု ခွဲခြားခေါ်ဝေါ်ခြင်းဖြစ်သည်။ )ဓာတ်ပုံ အပူဇော် ခံပါဘုရား'

ဟု လျှောက်ထားရာ စာဖတ်နေရာမှ ကိုယ်ခန္ဓာကို မတ်ကာ သက်နိုးစ ပြင်ဆင်၍ အပူဇော် ခံယူတော်မူလေသည်။

ထို့နောက် ဆရာတော်အား နှုတ်ဆက်ကန်တော့၍ "**တပည့်တော်ကိုပြန်ခွင့်ပြုပါဘုရား**" ဟု ခွင့်တောင်းသောအခါ "**အေး အေး**" ဟူ၍ အေးငြိမ်းစွာ မိန့်ကြားခွင့်ပေးတော်မူသည်။

### ထူးခြားသော သာသနာမြေ


ဆရာတော် သီတင်းသုံးရာ အခန်းမှ ပြန်ထွက်ကာ လာရာလမ်းအတိုင်း ပြန်ခဲ့ကြရာ အရှင်ဓမ္မပီယက ရွာဘုံတော်စေတီအလွန်အထိ လိုက်ပို့ပေးသည်။

'သဲပြင်ဆရာတော် ဦးပါဝရ၊ ဂန္ဓာရုံ ဘုံကျော်ဆရာတော် ဦးဝိလာသနဲ့ ဘုံကျော်စာချဆရာတော် ဦးသုမနတို့က ထုံးတောင်တောရမှာ တရားလာ ဟောဖူးတယ်လို့ ပြောကြပါတယ်ဘုရား'

'ဟုတ်တယ် အခါအားလျော်စွာ တရားပွဲ ကျင်းပပြီး သင့်လျော်မယ့် ဆရာတော်တွေ ပင့်ဖိတ်ပြီး ဟောပြောစေပါတယ်။ ဆရာတော်ကိုယ်တိုင် ဟောပြောတာတော့ မရှိပါဘူး'


'တရားနာပရိသတ်ထဲမှာ ထူးခြားတာတွေ ရှိတယ်လို့ ကြားရပါတယ် ဘုရား'

www.burmeseclassic.com



▲ လက်ရှိဝုံ့တောင်ဆရာတော် ဦးကုမာရ


▼ အရှင်ဓမ္မပိယ





www.burmeseclassic.com

www.burmeseclassic.com



▲ မျက်နှာကြက်မှ ရုပ်ပွားတော်များ


▼ ဆရာတော် ဦးတေဇနိယ သီတင်းသုံးခဲ့ရာ ပျဉ်းထောင်ကျောင်း





www.burmeseclassic.com

www.burmeseclassic.com



◆ သိမ်တော်အထက်စေတီ

'ဒါပေါ့လေ ကျွတ်တမ်းဝင်လိုတဲ့ မမြင်အပ်တဲ့ ပရိသတ်တွေလဲ ရှိနိုင်တာပေါ့။ နာမည်ကျော် ဓမ္မကထိကဆရာတော်ကြီးတစ်ပါး တရားလာဟောတုန်းက ညအချိန်ကြီး ကောင်းကင်မှာ လင်းထိန်နေတာ တောရတစ်ခုလုံး လွှမ်းသွားတယ်'

'စေတီတော်က ရောင်ခြည်တော် ကွန့်မြူးတာလား အရှင်ဘုရား'

'မဟုတ်ဘူး ကောင်းကင်တစ်ခုလုံး လင်းထိန်နေတာ ကြုံရဖူးပါတယ်'

ယင်းနောက် အရှင်ဓမ္မပီယအား နှုတ်ဆက်ကာ ကုန်းတော်စောင်းရှိ ဆရာတော် ဦးတေဇနိယ အရိုးဓာတ်များ ဌာပနာပြု တည်ထားသည့် လွမ်းစေတီအား ဂါရဝပြု ကန်တော့ကာ အင်္ဂတေ တောင်ပတ်လမ်း အတိုင်း ပြန်လာကြသည်။

'ဦးလေး အသီးတွေ ဝိုင်းစားပါဦး၊ သယ်ရတာ ပင်ပန်းတဲ့အပြင် ပေါင်းသင်နေတဲ့ ယာသူမတွေ မြင်ရင် စကားတင်းဆိုကြမှာ'

'မင်း အားနာတယ်လဲဆိုသေး၊ အဖီးလိုက်ကြီး ယူလာတာကိုး။ စားမကုန်ရင် ဟိုလူကို ကျွေးလိုက်ပါ'

နွားဆွဲလာသော ရွာသားကြီးက ငြင်းဆန်သော်လည်း ဦးပဉ္ဇင်းက စွန့်လိုက်တာပါဟု ဆိုလေမှ လှမ်းယူလေသည်။

စကားမပြော တရားမဟောသည့် ထုံးတောင်ဆရာတော် ဦးကုမာရသည် အလိုနည်းလှသော်လည်း အလုံးစုံ ပြည့်စုံနေသည်ကို ပျဉ်ထောင်ကျောင်း၊ အုတ်တိုက်ကျောင်း၊ ကမ္မဋ္ဌာန်းကျောင်း စသည့် အဆောင်ဆောင်သော ကျောင်းများ၊ ကုန်းမို့မို့များထက်ရှိ အဆူဆူသော စေတီများ၊ ထေရဝါဒ ပိဋကတ်ကျမ်းစာ စုံလင်သည့် ပိဋကတ် တိုက်ကြီးနှင့် ခဲဖွယ်ဘောဇဉ် သီးနှံ စုံလင်သော ဆွမ်းစားကျောင်း စသည် တို့က သက်သေခံလျက် ရှိလေသည်။

## ဆရာတော်၏ အလေ့အထနှင့် တောရအတွက် စေတနာ


ဆရာတော် ဦးကုမာရကို တော သို့ ရောက်ရောက်ချင်း စတင် ဦး ကန်တော့စဉ်က ဖတ်လက်စ စာ ရပ်နားကာ လှမ်းကြည့်ရုံမှတစ် တစ်စုံတစ်ရာ မိန့်ကြားခြင်း မရှိ **"ဦးဓမ္မပီယနှင့် တွေ့လိုပါသည်"**ဟု လျှောက်ထားမှ **"ပိဋကတ်တိုက်သို့ သွားပါ"**ဟု လမ်းညွှန်ပြတော်မူသည်။

ပြန်ခါနီး နှုတ်ဆက်ကန်တော့ တွင်လည်း လောဘ၊ ဒေါသ၊ မော ကင်းစင်သော ကြည်ညိုဖွယ်ရာ မျက် တော်ကိုသာ ဖူးမြင်ရကာ ဦးဓမ္မပီ ဓာတ်ပုံအပူဇော်ခံတော်မူပါဟု လျှော ထားလေမှ ကိုယ်ဟန်နှင့် သက်နီး




www.burmeseclassic.com

www.burmeseclassic.com



▲ ရွှေစကြာပဟာတော်ရှုခင်း

▼ ဒုဋ္ဌာရဓိယာကျင့်ခန်း





www.burmeseclassic.com

www.burmeseclassic.com



▲ သိမ်တွင်းမြင်ကွင်း

▼ ဆွမ်းစားကျောင်းဆောင်



တို့ အနည်းငယ်ပြင်၍ အပူဇော်ခံယူတော်မူသည်။

**"ဘယ်က လာသလဲ၊ ဘာအတွက် ဓာတ်ပုံရိုက်သလဲ"** စသည် တစ်ခွန်းတစ်ပါဒ မေးမြန်းခြင်းမရှိပြန်ခွင့်ပြုပါရန်လျှောက်ထားလေမှ "အေးအေး" ဟူ၍ အေးငြိမ်းစွာ မိန့်တော်မူခဲ့သည်။

မေးလျှောက်ခြင်း မရှိလျှင် တစ်စုံတစ်ခု မိန့်ကြားတော်မမူ။ **ဆွမ်းကိစ္စတွင်လည်း နံနက်အရုဏ် ဆွမ်းတစ်ထပ်နှင့် အစာအိမ်ရောဂါအတွက် နေ့ခင်း သစ်သီးအချို့သာ ဘုဉ်းပေးသည်။** ကိတ်မုန့်၊ အချိုရည် စသည် စားသုံးဖွယ်များ ဘုဉ်းပေးသုံးဆောင်လေ့ မရှိချေ။

သင်္ကန်း၊ ထီး၊ ဖိနပ်များ လှူပါက တိစီဝရိက်ဓုတင်ဆောင် ပုဂ္ဂိုလ်ဖြစ်၍ သင်္ကန်းမလို၊ ထီး၊ ဖိနပ် စသည်မှာလည်း အသုံးမလိုသဖြင့် အခြားသော ရဟန်းများအား ကပ်လှူရန် မိန့်ကြားလေ့ရှိသည်။

တစ်ခါတစ်ရံမှသာ သုံးရသည့် ဖိနပ်မှာ ဟောင်းနွမ်း၍ အမြီးတိုနေပြီ ဖြစ်သော်လည်း အသစ်လှူဒါန်းသည်ကို လက်ခံခြင်း မရှိချေ။ အသုံးလိုလျှင် စီးနိုင်ရန် ထားသော ဆရာတော်၏ ဖိနပ်ဟောင်းကလေးမှာ ကားတာယာ ဖိနပ်ကလေး ဖြစ်လေသည်။

အလိုနည်း ဗာဟီရ နည်းပါးသော်လည်း ဆရာတော် ဦးတေဇနိယ အမြော်အမြင် ကြီးမားစွာ ပြုစုခဲ့သော ထုံးတောင်တောရ မပျက်စီးစေရန်ကို မူ အထူးဝါယမစိုက်၍ ထိန်းသိမ်းတော်မူသည်။

---

ရွှေလ ဆက်ဖတ်ပါရန်

**ဇင်ညိုငယ်**



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်

# တရုတ်ကြိုးထုံးပညာ (၉၁)

ဟူကွင်းစီ

အခြေခံ ကြိုးထုံးနည်း (၉၁)

鲤鱼结


Lǐ Yú Jíe

လီ ယွီး ကျဲ


ငါးကြင်းပုံကြိုးထုံး

**ငါး** မှာ ပျော်ရွှင်ခြင်း အထိမ်းအမှတ်ဖြစ်ကာ **ငါးကြင်းသည်** ဆူဖြိုးသောငါးတစ်မျိုးဖြစ်သည်။ စားသောက်ပွဲတွင် မျက်နှာလှစေသည့် ဟင်းလျာတစ်မည်ဖြစ်သည်။

ငါးကြင်းကို (鲤)Lǐ "**လီ**" ဟု ရေးသား ခေါ်ဝေါ်သည်။ "**ငါး**"ပုံစံ စာလုံးနှင့် "**အတွင်းဘက်၊ အထဲ**



www.burmeseclassic.com




◆ ပုံ(၁၆) ငါးကြင်းပုံကြိုးထုံး

ဘက်''ဟု အဓိပ္ပာယ်ရသော စာလုံး နှစ်လုံး ပေါင်းစပ်ထားခြင်းဖြစ်သည်။ **''နှံ့စပ်ခြင်း''**အဓိပ္ပာယ်ဆောင်သည်။

ထို့ကြောင့် ငါးကြင်းပုံကြိုးထုံးသည် မိသားစု၊ အဖွဲ့အစည်းများအတွင်း ပျော်ရွှင်မှုများ နှံ့စပ်စုံလင်စွာ ရောက်ရှိစေကြောင်း နိမိတ်ကောင်းဆောင်ပါသည်။ အတွင်းကျကျ ပျော်ရွှင်စေသည်။ လှိုက်လှိုက်လှဲလှဲ ပျော်ရွှင်ဝမ်းမြောက်စေသည်ဟု ဆိုနိုင်လေသည်။

ကြိုးထုံးနည်းမှာ ရိုးရှင်းပါသည်။

**ပုံ(၁)** မှ စတင်ကာ မြားပြသည့် အတိုင်း ကြိုးသီထုံးသွားရန် ဖြစ်သည်။

**ပုံ(၅)** အထိ သီထုံးပြီးသောအခါ ပုံ (၆)အတိုင်းရအောင် တင်းတင်းရင်းရင်း ဆွဲညှိရန် ဖြစ်သည်။

**ပုံ(၇)** မှာ ဦးခေါင်းပုံအတွက် ပန္နက်ပုံဖြစ်သည်။

**ပုံ(၇)** မှ ပန္နက်ပုံအတိုင်း ကြိုးသီရန် ပုံ(၈)၌ မြားပြထားသည်။

**ပုံ(၁၁)** အထိ အဆင့်ဆင့် သီထိုးပါ။

**ပုံ(၁၂)** အခြေအနေသို့ ရောက်လျှင် ဆွဲညှိပေးခြင်းဖြင့် ပုံ(၁၃)အခြေအနေရောက်အောင် ပြုလုပ်ပါ။

**ပုံ(၁၄)** မြားပြသည့်အတိုင်း ဆက်၍ ပုံ(၁၅)ရအောင် ထိုးပါ။


ယင်းနောက်တွင် ငါးကိုယ်ထည်တွင် တစ်ဝက်ချိုးအုပ်ကာ ငါးခေါင်းဖန်တီးပါ။ မျက်စိနှစ်လုံးအတွက် ဘော်ကြယ် Fancy နှစ်လုံးသုံးကာ ကြိုးသီဆွဲညှပ်ထားခြင်းဖြင့် ငါးခေါင်းပုံစံ မြဲမြံနေပါမည်။

**ပုံ(၁၆)** ငါးကြင်းပုံကြိုးထုံး ရရှိပါပြီ။

**ပုံ(၁၇)** ငါးကြင်းပုံကြိုးထုံး သော့ချိတ်ကွင်းများကို လိပ်ပုံစံကြိုးထုံးများနှင့်အတူ တွေ့ရှိနိုင်ပါသည်။

**ဟူဂျင်းဇီ**

◆ ပုံ(၁၇) ငါးကြင်းကြိုးထုံး သော့ချိတ်ကွင်းများ





www.burmeseclassic.com

www.burmeseclassic.com

အခင်းကြုံလျှင်

# ပင်းစိုတောင်တွင်

အစိတ္တာနို့ဝင်ပါ (၂)

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

**ယခင်လမှ အဆက်**


- ကာမရာဂ မီးငြိမ်းရ
အနာဂါမ်မဂ်ဖြင့်သာ။
- ရူပ,အရူပ၊ ရာဂနှစ်ဖြာ မီးမောဟာ၊
ငြိမ်းပါ အရဟတ္တမဂ်ဖြင့်သာ။
- ရာဂစသားမီးသုံးပါး ငြိမ်းငြား
ဇာတိမီး ငြိမ်းလေတာ။
- ဇာတိငြိမ်းပြီး ဇရာမီး မရဏမီး
လည်း ငြိမ်းနိုင်တာ။

**◎ သောကစသည် မီးငါးလီ မသေ
မီတစ်သက်လုံး လောင်မြိုက်
တာ။**

- ဗျာသနငါးဝ တွေ့ကြုံက သောက
စသည် မီးလောင်တာ။
- သောကမီးသာ လောင်မြိုက်လာ
ပွားကာ ဝိပဿနာငြိမ်းပေးပါ။
- ကိုယ်ဆင်းရဲကြီး ဒုက္ခမီး ပွားပြီး
ဝိပဿနာငြိမ်းစေပါ။
- စိတ်ဆင်းရဲရ ဒေါမနဿလောင်က
ဘာဝနာ ပွားငြိမ်းပါ။
- ဥပါယာသ ပူပြင်းက လောင်လာ
ဝိပဿနာ ငြိမ်းသတ်ပါ။
- ဇာတိဇရာ မရဏာနှင့် ဒုက္ခာပရိဒေ
မီးငါးထွေ လောင်ပေ ရုပ်ခေတ်မှာ။
- ရာဂမောဟ ဒေါသသောကာ
ဒေါမနာနှင့် ဥပါယာသ မီးခြောက်ဝ
လောင်ကြရုပ်နာမ်မှာ။

**◎ မွေ့ပူမီး ဆယ့်တစ်သီး အပြီးငြိမ်း
အောင် အားထုတ်ပါ။**


- မီးကိလေသာ ငြိမ်းသောခါ
လောင်စာခန္ဓာ သိမ်းတော့တာ။



ဇော်ကိုကို တန်ဆောင်း

- ကိလေမီးငြိမ်း ခန္ဓာသိမ်း အေး
ကိန်းဆိုက်ရာ နိဗ္ဗူတာ။
- မဂ္ဂင်ရှစ်ဖြာ ပွားများပါ ခန္ဓာဒုက္ခ
သိမြင်လာ။
- ဒုက္ခသိမြင် သမုကြည့် ပြေးဝင်နိဗ္ဗာန်
ဆိုက်ရောက်တာ။
- နိဗ္ဗာန်ဆိုက်မှ မီးငြိမ်းရ အေးမြခြင်း
သာ နိဗ္ဗူတာ။

www.burmeseclassic.com



တန်ဆောင်းနောက်မှ မူလဇော်ဂျီဂူနေရာ



မင်းရုံတောင် စေတီကြီးကျောင်း

**(ပခုက္ကူမြို့၊ ရုပ်စုံကျောင်း ဆရာတော် အရှင်ဝိပုလညာဏ၏ မီးငြိမ်းစေကြောင်း နည်းလမ်းကောင်း စာအုပ်မှ ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။)**

စောင်းတန်းဦးစေတီကို လက်ယာရစ် ကွေ့ပိုက်တက်သွားသောအခါ မိုးရေလှောင်ကန်ကြီးတစ်ကန်တွင် ရေခပ်နေကြသော ယောဂီအချို့ကို တွေ့ရသည်။

ရေကန်မှ မြေလမ်းကလေးအတိုင်း အနည်းငယ် လျှောက်သွားမိသော် **ရွှေစေတီကြီးကျောင်းသို့** ရောက်ရှိသည်။

တောင်ခုလတ် မြေညီကလေး ဖြစ်သော ဤကျောင်းအဝင်ဝတွင် ကျောက်တုံးကြီးနှစ်တုံးက သဘာဝ မုခ်ဦးသဖွယ် ဖြစ်တည်နေသည်။ ကျောက်တံခါးဟုလည်း ဆိုနိုင်သည်။ တည်တံ့ခိုင်မြဲသော နိမိတ်ဆောင် အဝင်မုခ် ဖြစ်ပေသည်။

အဝင်ဝအနီးတွင် အုတ်တိုက် အဆောင်ငယ်တစ်ခုရှိသည်။ "**ဇော်ဂျီလိုဏ်ဂူ**"ဟု ခေါ်တွင်ကြသည်။ ရှေး က ဝိဇ္ဇာဇော်ဂျီတပသီတို့ အဓိဋ္ဌာန်ဝင် ဆေးကြိုးရာ ကျောက်လိုဏ်ဂူကလေး ဖြစ်သည်။

နှောင်းခေတ်တွင် ဂူကို ငုံ၍ ဤ





www.burmeseclassic.com

www.burmeseclassic.com



▲ ဝေဘဂီကြီးကျောင်း ဘုရားစင်

▼ မင်းစုံတောင် သာသနာပြု ဆရာတော် ဦးခေမိန္ဒ





www.burmeseclassic.com

www.burmeseclassic.com



▲ ပူဇော်ထားသော ရဟန္တာဓာတ်တော်များ

▼ ဘုရားစင်အနီးမှ သိဒ္ဓိရုပ်များ



အုတ်တိုက်ဆောင်တည်ကာ ကမ္မဋ္ဌာန်းဘာဝနာ ပွားများနိုင်ရန် ကုသိုလ်ရှင်တို့ လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

ထိုမှ အနီးကပ်လျက်တွင် "**ရွှေစေတီကြီး**"ကျောင်းခေါ် "**ဝိဇ္ဇာမယိဒ္ဓိဝိသုဒ္ဓိ**" ကျောင်းတိုက် တည်ရှိလေသည်။

## နောက်ခံသမိုင်း

ကျောင်းအတွင်း၌ ဆရာတော်ဦးခေမိန္ဒကို ဖူးတွေ့လျှောက်ထားရာမှ နို့ လက်ဖက်ရည်များ စွန့်လှူ ဧည့်ခံ၍ နောက်ခံဖြစ်စဉ်ကို မိန့်ကြားတော်မူသည်။

ဤမင်းစုံတောင်သည် မြန်မာနိုင်ငံ အလယ်ပိုင်း၊ အလယ်ရိုးမ၏ မြောက်ဘက် အဦးအစ တောင်ထွတ်ဖြစ်၍ တောင်ဘက်စွန်းတွင် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ် ကိန်းဝပ်တော်မူရာ သိဂုံတ္တရကုန်းတော်အဖြစ် အဆုံးသတ်လျက် တည်ရှိကြောင်း သိရသည်။

တောင်ထိပ်တွင် သီရိဓမ္မာသောကမင်းကောင်းမှု မုဋ္ဌောစေတီတော် စံပယ်တော်မူသည်။ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်မင်း အဆက်ဆက် ... ပြုပြင် မွမ်းမံကာ ယခုအခါ ရွှေစေ... ကြီးဟု ဘွဲ့မည် သမုတ်ကြလေသ...

ကုန်းတော် အနောက်... ထောင့် တောင်ထိပ်တွင် တောင်... နတ်မင်းအား ပူဇော်... သော နတ်...

www.burmeseclassic.com





▲ ကမ္ဘာအေးရွှေစေတီလိုဏ်တွင်း ရုပ်ပွားတော်

◄ ကမ်းကျော်ကမ္ဘာအေးရွှေစေတီ

▼ နံရံမှ သမိုင်းသရုပ်ဖော်ပုံတစ်ခု



တည်ရှိရာ **နတ်စင်တောင်**ဟု ခေါ်လျက် စေတီငယ်တစ်ဆူ ပူဇော်ခဲ့ကြသည်ဆို၏။

အရှေ့မြောက်ထောင့် ကမ်းပါးတွင် မောင်းမငိုတောင်၊ အနောက်ဘက် မနီးမဝေးတွင် ကျီးမနားတောင် စသည် တောင်ငယ်ကလေးများ ဝန်းရံထားသည့် ဤရွှေစေတီကြီးကုန်းတော်၊ မင်းစုံတောင်တွင် တကောင်း၊ ပုဂံခေတ်အဆက်ဆက်က သိဒ္ဓိရှင် မဟိဒ္ဓိရှင် သူတော်စင် ဝိဇ္ဇာဇော်ဂျီ အပေါင်းလာရောက် အားထုတ် ကျင့်ကြံကာ တရားထူး၊ သိဒ္ဓိထူးများ ပေါက်မြောက် အောင်မြင်ခဲ့ကြသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

ဘုန်းကျော်စွာ
(မြို့င်တက္ကသိုလ်)

www.burmeseclassic.com



မုန်တိုင်းအဖိုသီး ပုံစံ

မြွဒင် (ဇင်းကျိုက်)

ကြွက်နို့(ကတွတ်)

# ငါးမျက်စိ

ပျောက်စေဖို့

ငါးမျက်စိ စသော အနာများကို ကုသရာမှာ လက်တွေ့ ပျောက်ကင်းစေနိုင်သော မုန်တိုင်းသီး အသုံးဝင်ပုံကို တင်ပြပေးချင်ပါသည်။ မုန်တိုင်းပင်ကို တချို့က နဂါးမောက်ပင်ဟုလည်း ခေါ်ကြပါသည်။

မုန်တိုင်းပင်သည် တောတောင်ကျောက်ကမ်းပါးယံများတွင်သာ အများဆုံး ပေါက်လေ့ရှိသည်။ ယခုတော့ဖြင့် မြို့ရွာနေရာအသီးသီးတွင် အလှစိုက်သော အပင်ဖြင့် စိုက်ပျိုးထားကြသည်ကိုလည်း တွေ့ရှိနေပါသည်။

မုန်တိုင်းပင်မှာ အဖိုပင်နှင့် အမပင်ဟူ၍ နှစ်မျိုးရှိပါသည်။ အမပင်မှသာ ဆေးအဖြစ် အသုံးဝင်သည်။


အဖိုပင်၏ အသီးပုံသဏ္ဌာန်မှာ လုံးဝန်းပြီး အထက်သို့ ချွန်ထွက်နေသည်။ အမ၏ အသီးပုံသဏ္ဌာန်မှာ အမြွှာအလုံးငယ်များစွာ စုပေါင်း၍ အုံဖွဲ့ပြီး တစ်လုံးတည်းအဖြစ် တွေ့ရပါသည်။ အသီး၏ ပုံစံမှာ ရွှေဖရုံသီးပုံစံနှင့် တူလေသည်။

ဆေးအဖြစ် သုံးမည်ဆိုလျှင် အသီးရင့်မှသာ ပိုကောင်းမည်။ ဤမုန်တိုင်းသီး အသုံးဝင်ပုံကို ကိုညွှန့်ဟန်ဆိုသူထံမှ ရရှိခဲ့ပါသည်။ ရရှိခဲ့သော ဆေးနည်းကိုလည်း စာရှုသူများထံသို့ လက်ဆင့်ကမ်း တင်ပြပေးလိုက်ရပါသည်။

ကိုညွှန့်ဟန်သည် ဇင်းကျိုက်မြို့ ဘုရားနှစ်ဆူလမ်းတွင် နေထိုင်ပါသည်။ ယခင်က ဝါရင့်မုဆိုးကျော်တစ်ဦး ဖြစ်သည်။ မုဆိုးအလုပ်ကို နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့ပြီး တစ်ဖက်မှာလည်း အနယ်နယ်အရပ်ရပ်မှ လာရောက်၍ ဆေးပင်၊ ဆေးမြစ်များ လာမှာကြလျှင်လည်း သွားရောက် ခူးပေးလေ့ ရှိပါသည်။


ဇင်းကျိုက်တောင်တန်း၊ ကုလားမတောင်တန်းတို့သည် သူ့အဖို့မှာ မရောက်ဘူးသည့်နေရာ မရှိပါ။ ယခုတော့ ကိုညွှန့်ဟန်သည် မုဆိုးအလုပ်ကို စွန့်လွှတ်ပြီး ဆေးပင်များကိုသာ

www.burmeseclassic.com



▲ မရင့်သေးသော မုန်တိုင်း အမသီးပုံ

▼ ရင့်သော မုန်တိုင်းအမသီး အနီးကပ်ပုံ



လိုက်လံရှာဖွေ၍ ရောင်းချနေသူ ဖြစ်ပါသည်။

ကိုညွန့်ဟာန်မှာ စာရေးသူနှင့် ရင်းနှီးသော မိတ်ဆွေများ ဖြစ်သည့်အတွက် စာရေးသူ သိချင်သော ဆေးပင်များ အကြောင်းကိုလည်း အမြဲသွားရောက် မေးလေ့ရှိသည်။

ယခုလည်း စာရေးသူ ကိုညွန့်ဟာန် အိမ်သို့ ရောက်ရှိခဲ့ပါသည်။ သို့သော် ကိုညွန့်ဟာန်ကို မတွေ့ရပါ။ သူ့အမျိုးသမီးကိုမေးတော့ တောတက်သွားသည်ဟု သိရသည်။

စာရေးသူလည်း ကိုညွန့်ဟာန် အမျိုးသမီးနှင့် စကားပြောနေခိုက်မှာပဲ ကိုညွန့်ဟာန် မုန်တိုင်းသီးတစ်လုံးထမ်း၍ ခြံဝင်းထဲ ဝင်လာသည်ကို တွေ့လိုက်ရပါသည်။ ကိုညွန့်ဟာန်သည် စာရေးသူ ထိုင်နေသော အရှေ့တည့်တည့်မှာ မုန်တိုင်းသီးကို ချလိုက်ပြီး စကားဆိုလိုက်လေသည်။

'ကဲ... မင်းအတွက် ဆေးနည်း ဆောင်းပါးတစ်ပုဒ် ရပြီ'

ဟု ပြောကာ စာရေးသူ ဘေးနားမှာ ချထားသော ကွမ်းယာထုပ်ကို ဖြေ၍ ဝါးလေသည်။ ဒီအချိန်မှာ စာရေးသူက...

'ကိုညွန့်ဟာန် ဒီမုန်တိုင်းသီးကို ဘာအတွက် သုံးမှာလဲ'

ဟု မေးလိုက်လေသည်။

ကိုညွန့်ဟာန်က...

'မုန်တိုင်းသီးကို ကြွက်နို့(ကတွတ်)ငါးမျက်စိ တို့ဖြစ်ရင် ဆေးအဖြစ် အသုံးဝင်တယ်။ ငါ ကိုယ်တိုင် ဖြစ်ခဲ့လို့ စမ်းပြီး ထည့်ကြည့်တယ်။ တကယ်လက်တွေ့ကောင်းလို့ မင်းကို ဆေးနည်းပေးလိုက်မယ်။

အခု ခူးလာတဲ့ မုန်တိုင်းသီးက မန္တလေးဘက်က ဆေးကုနည်းသည်တစ်ဦး လာမှာထားလို့ ခူးခဲ့တာ။ ကတွတ် ငါးမျက်စိတို့လို ပေါက်လာခဲ့မယ်ဆိုရင် ပထမ အနာပတ်လည်ကို အရင်ခံနိုင်သလောက် ကုတ်ခွဲလိုက် အနာရဲ့ ဘေးအနားသားတွေ ပြတ်တောက်သွားရင် မုန်တိုင်းပင် အမသီးကို ယူပါ။

အသီးဆိုတာက ဒီမှာတွေ့လား။ အမြှာ အလုံးတစ်လုံးကို ခွဲလိုက်ရင် အထဲမှာ အစေ့ဆန်ရှိတယ်။ အဲဒီအစေ့ဆန်ကို ထုချေပြီး စောစောက ကုတ်ခွဲထားတဲ့ အနာပေါ်မှာ အုံပြီး ပတ်တီးစည်းထားလိုက်။

တစ်ညအိပ်ပြီးလို့ မနက်ကျရင် ပတ်တီးကို ဖြေလိုက်တော့ပြီး အနာကို လှပ်ကြည့်လိုက်ရင် နဲ့နဲ့သာ ကျန်တာကို တွေ့မယ်။ အဲဒီမှ အနာကို ဆွဲနုတ်လိုက် အမြစ်ပါ မကျန်ဘဲ အားလုံး ထွက်သွားမယ်။

ဒီဆေးနည်းဟာ ငါ လက်တွေ့သုံးခဲ့လို့ ပြောတာ။ အဲ... နေဦး မုန်တိုင်းသီးကို သုံးမယ်ဆို ရင့်လေ ကောင်းလေပဲနော်။ မောင်ရင် ဘာသိချင်သေးလဲ'

'ဒီလောက်ဆို တော်လောက်ပါပြီ ကျေးဇူးတင်ပါတယ် ကိုညွန့်ဟာန်'

ဟု နှုတ်ဆက်၍ စာရေးသူ ပြန်ခဲ့လေသည်။

ကြွက်နို့ (ကတွတ်) ငါးမျက်စိ ဖြစ်ကြသော ဝေဒနာရှင်များ ရှိခဲ့ပါက အထက်ပါ ဆေးနည်းတိုင်း ကုသနိုင်ကြပါကြောင်း မေတ္တာစေတနာ ရှေ့ထား၍ တင်ပြပေးလိုက်ရပါသည်။

မြဒင်(ခင်းကျိုက်)



www.burmeseclassic.com

www.burmeseclassic.com

# ယတြာကျင့်စဉ်

## နှင့် လက္ခဏာအမြင်




ယခု မြင်တွေ့ရသော လက္ခဏာရှင်ရဲ့ လက္ခဏာမှာ ထူးခြားပြီး ထင်ရှားအားကောင်းတဲ့ သင်္ကေတလမ်းကြောင်းတစ်ခုကို...

(A.A)**အမှတ်**လက္ခဏာဖြင့် ဖော်ပြထားတာကို မြင်တွေ့ရပါလိမ့်မယ်။

'တချို့တချို့သော သူများသည် လက္ခဏာကို ကြည့်ပြီး ယတြာကျင့်စဉ်ပေးလို့ မရဘူးလား'

'တချို့ကျတော့ လက္ခဏာအရ ယတြာချေချင်ပါတယ်'

စတဲ့ တောင်းဆိုမှုများ ကြုံတွေ့ရတဲ့အတွက်...

ဤယတြာကျင့်စဉ်နဲ့ လက္ခဏာအမြင်ဆိုတဲ့ စာစုကို ရေးပြဖြစ်ခဲ့တာပါပဲ။

(A.A)အမှတ်အသားနဲ့ ပြထားတာကတော့...

ကြာသပတေး ဂြိုဟ်ခုံပေါ်မှာ မျဉ်းမတ် တစ်ကြောင်း ထင်ထင်ရှားရှား ရှိနေပါတယ်။ **ရည်ရွယ်ချက်လမ်းကြောင်း**လို့ ခေါ်ပါတယ်။ **ဇေယျထီးရိုး**လို့လဲ အမည်ပေးတာလဲ ရှိပါတယ်။ ဒါသည် **ကြာသပတေးဂြိုဟ်ခုံကို အားကောင်းစေပါတယ်။**

ဒါကြောင့် ယတြာကျင့်စဉ်ကို ဒီလို ပေးခဲ့ပါတယ်။

ကြာသပတေးဂြိုဟ်ခုံ အားကောင်းတဲ့အတွက် (၃)ဂဏန်းနဲ့ အကျိုးပေးပါတယ်။ ဒီတော့...

သင့်ရဲ့မွေးနေ့တိုင်းမှာ "၃"ဂဏန်း မွေးမြူထားပါ။ ဘုရားရှိခိုးကို ရည်မှန်းပြီး ပန်း(၃)ပွင့် (ဝါ) ရေတော်(၃)ခွက် (ဝါ) အလင်းတိုင်(၃)တိုင် (ဝါ) နံ့သာတိုင်(၃)တိုင် (ဝါ) ဆွမ်း(၃)ပွဲ စတာတို့မှ အာရုံကျရာ တစ်မျိုးကို လှူဒါန်းပြီး သရဏဂုံ(၃)ပါးကို ပုတီး (၃)ပတ် စိပ်ပါ။

ဤသည်မှာ ယတြာကျင့်စဉ်နဲ့ လက္ခဏာအမြင်ပဲ ဖြစ်ပါတယ်။နမူနာအဖြစ် ဗဟုသုတအလို့ငှာ တင်ပြပေးလိုက်ပါတယ်။

*သင်၏ဘဝ သာယာချမ်းမြေ့ပါစေ။*

**ဆရာဦးခင်မောင်လင်း**
*(B.Sa ရွှေဘို)*
**(လက္ခဏာ–မဟာဘုတ်သုတေသီ)**



www.burmeseclassic.com

www.burmeseclassic.com

ဘုတလင်မြို့ ကြောင်ပန်းတောရွာ ပထမ ကြောင်ပန်းဆရာတော်ကြီး

ဇင်နိုင်ယံ

# အရှင်ကုမုဒ

၏ ဘဝကောက်ကြောင်းများ (၅)

**ယခင်လမှ အဆက်**

'သစ်ဝါးတွေက ဖြစ်တဲ့ တုံးတွေတိုင်တွေက နာမ်ဖြစ်တဲ့အကြောင်း ဆရာတော်ကြီး ဟောခဲ့တာပါ။ အခု ဒကာကြီး ကျောင်းထဲရောက်တော့ ဘုရားကန်တော့တယ်နော်။ 'သစ်သားဆင်းတုကို ကန်တော့တာလား၊ ဘုရားရှင်ရဲ့ ဂုဏ်တော်ကိုးပါးကို ရည်မှန်းပြီး ကန်တော့တာလား'

'ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ရည်မှန်းပြီး ကန်တော့တာပါဘုရား'

'ဆရာတော်ကြီးက မှန်ကြည့်တာနဲ့ ပြောပေးတယ်။ မှန်ကြည့်တော့ ဘာကို ကြည့်သလဲ'

'မှန်ထဲမှာ မိမိရဲ့ ပုံရိပ်ကို ကြည့်တာပါဘုရား'


'မှန်ရဲ့အတိုင်းအတာ မှန်ပေါ်က အက်ကြောင်း၊ မှတ်ကြောင်းတွေကို မြင်သလား'

'သတိမထားမိပါဘုရား'

'ဒီအတိုင်းပဲ သစ်သားဆင်းတုဖြစ်စေ၊ ကြေးသွန်းဆင်းတုဖြစ်စေ ဘုရားရှင်ရဲ့ ဂုဏ်တော်ကိုသာ သတိထား အာရုံပြုရတယ် ဆိုတာလား။

မြင်တွေ့ရတဲ့ ဆင်းတုက ရုပ်၊ ဒကာကြီး စိတ်ထဲက အာရုံပြုသိရှိတာက နာမ်၊ နာမ် ဆိုတာ နာမ=အာရုံညွတ်ပြီး သိတတ်ခြင်း သဘောပဲ။ ဒါကြောင့် ဆင်းတုက နာမ်လို့ ဆိုလိုတာပါ။

ဘုရားကန်တော့ပြီးတော့ ဘုန်းကြီးကို ကန်တော့တယ်။ ဒကာရဲ့ အာရုံ



လောကချမ်းသာ ရုပ်ပွားတော်

ညွတ်ပြီး သိတတ်တဲ့သဘော၊ နာမ်မှာ ဘုန်းကြီး၊ သံဃာ့ဂုဏ်တော်ကိုးပါးနဲ့ ပြည့်စုံတဲ့ ဘုန်းကြီးလို့ ရည်မှတ်သိပြီး ကန်တော့တယ်။

ဘုန်းကြီးဆိုတဲ့ သက်ရှိရုပ်ခေတ်က ဒကာ့စိတ်မှာ နာမ်ဖြစ်သွားပြီ။ ဒီနည်းနှ



www.burmeseclassic.com

www.burmeseclassic.com

မှာ ဆင်းတုတော်က ဒကာရဲ့စိတ်မှာ မရှိတော့ဘူး။ ဒါပေမယ့် အပြင်မှာ ဘုရားစင်မှာ ဆင်းတုတော်က ရှိနေတာပဲ။

ဒီအတိုင်းပဲ သစ်သားတုံးဆိုတဲ့ ရုပ်က ရှိနေတယ်။ ဒကာရဲ့ အာရုံညွတ်ပြီး သိတတ်တဲ့ သဘော၊ နာမ်မှာရှိတဲ့ တုံးက နာမ်သဘောအရသိတဲ့ တုံး၊ တိုင်ကိုတွေ့တဲ့အချိန်မှာ "တုံး"က ပျောက်ပေးရတယ်။

အဲဒီမှာ တွေ့ရတဲ့ စိတ်တွင်းက "တိုင်"ဟာလဲ နာမ်ဖြစ်သွားတယ်။ **ပကတိ တုံးတွေ၊ တိုင်တွေကို နာမ်လို့ပြောတာ မဟုတ်ပါဘူး။ ဝိပဿနာဉာဏ်နဲ့ ခွဲခြားသိတာကို ဆိုလိုပါတယ်။**

ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ဆိုတာပဲ စိတ်ထဲက အာရုံညွတ်ပြီး သိတဲ့သဘော နာမ်တွေပဲ။ ဒါတွေဟာ အစဉ်မမြဲဘူး။ ဖြစ်ပျက်ပြောင်းလဲနေတဲ့ ရုပ်ဓာတ်အစုအဝေးကြီးပဲ။ လယ်တီဆရာတော်ကြီးက ဒီလို ရှင်းတော်မူပါတယ်။

အာရုံညွတ်ပြီး သိတတ်တဲ့သဘော၊ နာမ်ဆိုရာမှာ ပရမတ်နာမ်၊ ပညတ်နာမ် (၂)မျိုးရှိတယ်။ သတ္တဝါတွေရဲ့ အစ္ဈတ္တ အတွင်းသန္တန်ကသိတဲ့ သဘောကို ပရမတ်နာမ်၊ ဗဟိဒ္ဓအပြင်သဏ္ဌာန်က သိတဲ့သဘောကို ပညတ်နာမ်ခေါ်တယ်။

ပညတ်နာမ် မရှိရင် တစ်ခုခုကို ညွှန်ပြပြောဆိုလို့ မရနိုင်တော့ဘူး။ ဗဟိဒ္ဓ အပြင်သဏ္ဌာန်ရှိတဲ့ တုံး၊ တိုင် စတာတွေကို အမည်တပ်ခေါ်ကြတယ်။ ဒါ ပညတ်နာမ်ပဲ။

ဖဿ(တွေ့ထိခြင်း)ဆိုတဲ့ အမည်က ပညတ်နာမ်၊ ဝေဒနာဆိုတဲ့ အမည်က ပညတ်နာမ်၊ နိဗ္ဗာန်ဆိုတဲ့ အမည်က ပညတ်နာမ်တွေ ဖြစ်တယ်။ တွေ့ထိခြင်းသဘောက ပရမတ်နာမ်၊ ခံစားရတဲ့သဘောက ပရမတ်နာမ်၊ ဝဋ်ဒုက္ခတို့ ငြိမ်းစေခြင်းသဘောက ပရမတ်နာမ် ဖြစ်တယ်။

ဒါက ဒကာကြီး သိရုံပြောပြတာပါ။ လယ်တီဆရာတော်ကြီးက အဌကလပ်နဲ့ ပရမတ် ပညတ်ခွဲခန်း၊ အနတ္တကို ဃန ဖုံးလွှမ်းပုံ၊ ဃနကို ခြေဖျက်ပြီး အနတ္တပေါ်ပုံ၊ ပညတ်နာမ်၊ ပရမတ်နာမ် ခွဲခြားပုံတွေ အကျယ်တဝင့် ရှင်းပြပြီးနောက်…




အလိုအလျောက်ပေါက်လာသည့် ဗောဓိညောင်(သ)ပင်

"ဤမျှလောက်သော ပရမတ်ခွဲခန်းအမျိုးမျိုး ပညတ်ခွဲခန်းအမျိုးမျိုးတို့ကို စေ့စပ် ကြည့်ရှုပါလျှင် ကျောင်းပန်းတော ဆ တော်၏ အဆိုစကားများတွင် သင့် မသင့်ချက်ကို ချင့်ချိန်နိုင်လောက်သည် ၏"လို့ အဆုံးသတ်ထားတယ်။

မုံရွာမြို့ ရာဇဝတ်ဝန် ဦးဘော်က ကျောင်းပန်းဆရာတော်ကြီးရဲ့ တရား စောဒကတက်ပြီး လယ်တီဆရာတော် ကြီး ပျဉ်းမနားမှာ ရှိနေတုန်း စာ လူလွှတ် ဆက်ကပ်ခိုင်းတယ်။ လယ် ဆရာတော် စာဖတ်ပြီးတဲ့အခါ ပြ

www.burmeseclassic.com



▲ ရုပ်ပွားတော် တန်ဆောင်းဆောင်မှ ဆင်ရုပ်

တော်မူပြီး **"ကြောင်ပန်း၏ဉာဏ်၊ လူသာမန်မှီရန် ခက်ခဲပါသကွာ"**လို့ မိန့်တယ်။ ပြီးတော့ အခု ရှင်းပြတာတွေနဲ့ ပြန်စာ ရေးပေးခဲ့တာပါ ဒကာ'

## နွားကျောင်းသားတရား

ကြောင်ပန်း ဆရာတော်ကြီးသည် တရားဟောရာ၌ ပါဠိပါဠ်သားမပါ လူသာမန်တို့ နားလည်အောင် ရှင်းလင်းဟောပြတော်မူသည်။ ပရိသတ် နာယူသူအခြေအနေကို ကြည့်၍ ဟောကြားတတ်သည်။

ဘုတလင် ကြောင်ပန်းတောရ သည်ပြီးစ တစ်နေ့တွင် လယ်တီတိုက်အပြန် အောင်သာရွာအနီး ဇရပ်တွင် တွေ့နားကာ ရေသောက်ရာ လူတစ်ယောက်ကို တွေ့ရသည်။

'ဒကာ ဘာလုပ်သလဲ'

'တပည့်တော် နွားကျောင်းရင်း နေနိုင်နေတာပါ ဘုရား'

'မင်းတို့နားက ရွာမှာ တရားဟောရင် နာမယ့်သူ ရှိပါ့မလား'

'တရားပဲ ကိုယ်တော်ဟောရင် နာမှာပေါ့'

'အေး ဒါပေမယ့် မင်းနဲ့ငါ အရင် စည်းဝါးရိုက်ဦးမှဖြစ်မှာ'

'ဘယ်လို စည်းဝါးရိုက်ရမှာလဲ ဘုရား'

'ငါမေးတာကိုသာ စဉ်းစားပြီး ဖြေပါကွယ်'

'သိရင်တော့ ဖြေမှာပဲ။ မသိတာတော့ မဖြေနိုင်ဘူး။ မသိနိုင်တာတွေလဲ မမေးနဲ့ တပည့်တော် စိတ်တိုတတ်တယ်'

'အေးပါ သိနိုင်လောက်တာ မေးမှာပါ။ မင်း ဟောဒီဇရပ်ကြီးကို ခဲနဲ့ မှန်အောင် ပေါက်နိုင်မလား'

'ကိုယ်တော့်ဟာက တရားဟောမယ်ဆိုပြီး ဘယ်နှယ့်မေးနေတာလဲ ဒီဇရပ်ဖြင့် မျက်စိမှိတ်ပြီး ပေါက်တောင်မှန်တယ်'

'မင်း စဉ်းစားပြီး ပြောပါဆို'

'ဘာစဉ်းစားရမှာလဲ၊ ဒီဇရပ်ဖြင့် ခုပေါက် ခုမှန်တယ်'

ပြောပြောဆိုဆို ခဲကို ကောက်လေတော့သည်။

'အေး ငါခိုင်းတာ ဇရပ်နော်။ သစ်သား,ဝါးတော့ မမှန်စေနဲ့'

'ကိုယ်တော် ဘယ့်နှယ်ပြောတာလဲ၊ ဇရပ်ပေါက်မှတော့ သစ်သားနဲ့ ဝါး မှန်မှာပေါ့'

'ဘယ်နှယ့် သစ်သားနဲ့ ဝါးက ဇရပ်လားကွယ့်။ ရွာထဲမှာ ဆောက်ထားတာတွေလဲ သစ်သားနဲ့ ဝါးတွေပဲ၊ ဇရပ်လို့ ခေါ်ပါတော့လား'

'ကိုယ်တော် တရားဟောမှာဖြင့် ဟောပါ၊ မဟုတ်တာတွေ လျှောက်မပြောပါနဲ့'

'မင်း သစ်သား,ဝါးနဲ့ ဇရပ်မှာကွဲဘဲနဲ့ တရားဟောလို့ မဖြစ်ဘူး။ ဒါက

www.burmeseclassic.com

တရားရဲ့ အခြေခံကွယ့်'

'ဟုတ်တော့ ဟုတ်တယ် စဉ်းစားစရာပဲ'

သစ်သား၊ ဝါးတွေနဲ့ အများတည်းခိုနိုင်အောင် အခုလို ဆောက်တာကျတော့ ဇရပ်၊ လူနေဖို့ ဆောက်တာကျတော့ အိမ်၊ ရဟန်း၊ သံဃာနေဖို့ ဆောက်တာက ကျောင်းလို့ အမည်အမျိုးမျိုးနဲ့ ပြောရတာ လောကအနေနဲ့ တကယ် ဟုတ်တာပေါ့။

အိမ်ကို ကျောင်းထဲရွှေ့ပြီး ရဟန်း သံဃာနေရင် ကျောင်း၊ ကျောင်းကို လမ်းဘေးရွှေ့ပြီး အံများ တည်းခိုနိုင်အောင်လုပ်တော့ ဇရပ်ခေါ်ပြန်တယ်။ အမှန်ရှိတဲ့ သစ်သားနဲ့ ဝါးတွေက မပြောင်းလဲသွားဘူး။


ရုပ်နာမ် ခန္ဓာငါးပါး ပေါင်းပြီးရှိတာကို လောကအနေနဲ့ သတ္တဝါ လူနတ် ဗြဟ္မာ ငါ သူတစ်ပါး ယောက်ျား မိန်းမလို့ ခေါ်ခေါ် ပြောဆိုသမုတ်ရတာကွယ့်။

ခုနက ပြောတဲ့အတိုင်း သစ်သား၊ ဝါးတွေ အဟုတ်ရှိသလို ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါးကသာ အဟုတ်ရှိတာ၊ လူ နတ် ဗြဟ္မာ သတ္တဝါဆိုတာက အဟုတ်မရှိဘူး။ ခေါ်ဝေါ်ပြောဆိုရုံ လောကသာ အသုံးကျတာကွယ့်'

ဟူ၍ ဝိပဿနာတရားကို န္တား ကျောင်းသား နားလည်အောင် ဟောကြားတော်မူလေသည်။

## ဆရာတော်၏ အာသီသ

ဤသို့ဖြင့် လိုအပ်သမျှ မိန့်ကြား ကူညီတော်မူပြီးနောက် ပထမဆရာတော်ကြီး၏ တရားများကို ထပ်ဆင့် ရှင်းပြရေးသားထားသည့် **စတုတ္ထဆရာတော်၏ "သမ္မာဝိန္ဒိဿယ" ကျမ်း**ကို ကြောင်ပန်းရိုပ်သာ စာအုပ်အရောင်းဌာန၌ ကုန်နေသဖြင့် ဝယ်၍မရကြောင်း လျှောက်ထားရာ ဆရာတော်က မိမိ



ကျောက်စာအချို့

ဖတ်ရှုလေ့လာလျက်ရှိသော အဆိုပါကျမ်းကို စွန့်လှူတော်မူ၏။

'ဘုန်းကြီး တစ်ခုလောက် အကူအညီ တောင်းပါရစေ။ ဒကာတို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ဘာသာရေးရေးဆေး၊ လုပ်ရတ်၊ ထူးဆန်းတာတွေ အစုံဖတ်ရလို့ သဘောကျတယ်။ ထွက်ပြီးသမျှ စာအုပ်တွေ ပေါင်းချုပ်ရှိတယ်လို့ ကြားရတယ်။ ဘုတလင်မှာ မရှိနိုင်တာမို့ မှာလို့ရမလား ကျသင့်သလောက်ပေါ့'

'ဆေး၊ အင်္ဂါရတ်၊ ဂမုန်း စသဖြင့် ဆိုင်ရာဆောင်းပါး ပေါင်းချုပ်တော့ ရှိပါတယ်၊ မဂ္ဂဇင်းအုပ်ရေ (၃၂၀)ကျော် ထွက်ပြီးဖြစ်လို့ မဂ္ဂဇင်းပေါင်းချုပ်တော့ မရှိပါဘူး။ လက်လှမ်းမီသလောက် စာအုပ်တချို့ကို စာကြည့်တိုက်တွေက အလှူခံရင် ပို့ပေးခဲ့ပါတယ်။ ဒါပေမယ့် အခုပို့ခက အတော်လေးကြီးမြင့်နေလို့ အခက်အခဲဖြစ်နိုင်ပါတယ် ဘုရား'

'ကျောင်းက ရဟန်းသာမဏေ လူဒကာတွေ လေ့လာနိုင်အောင် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာအုပ်စင်ကလေး လုပ်ထားချင်တာပါ။ ဘုတလင်မြို့အထိ ပို့စရာမလိုဘူးနော်။ **မြောက်ဥက္ကလာပ၊ ကျောက်ရေတွင်းဘူတာနားက ကြောင်ပန်းတရား** ဌာန **ဦးသုကဝိက**တစ်ဆင့် ပို့ပေးလို့ ရတယ်။ ကြောင်ပန်းတိုက်ရင်းကို ပို့ပေ ပါဆိုရင် ဘုန်းကြီးရဲ့ သူငယ်ချင်း သူက ပို့ပေးပါတယ်'

'တပည့်တော် စာတည်းချုပ် တင်ပြပေးပါ့မယ်ဘုရား။ တတ်နိုင် သလောက် ကူညီပေးပါမယ်'

ဆရာတော်က ကြောင်ပန်းတော အဋ္ဌမဆရာတော် မဖြစ်မီ ခန်း ဦးပဥ္စင်းဘဝဖြင့် အနယ်နယ်သို့ ရောက်သီတင်းသုံးစဉ် ကြုံတွေ့ခဲ့ သည့် ဖြစ်ရပ်ထူးများ၊ အိပ်မက်မျ အထူးအဆန်း ပစ္စည်းများအကြော အတန်ကြာအောင် မိန့်ကြားနာယူ နောက် ဆရာတော်အားလုံးအ ရည်မှန်းကန်တော့ နှုတ်ဆက် မုံရွာသို့ ပြန်ခဲ့လေသည်။

ထိုအခါ ဆရာတော်က...

'ဒကာတို့မဂ္ဂဇင်းက ဒီနယ်ရော အချိန်မရွေး လာခဲ့ပါ။ နေရေး ပူစရာ မလိုပါဘူး'

ဟု ဖိတ်မန္တက ပြုတော်မူလေသ


**ဇင်ညိုငယ်**

www.burmeseclassic.com

# ဘယ်လို လုပ်ငန်းမျိုးနဲ့

အကျိုးပေးနိုင်သလဲ


ဆရာကြီးဦးအောင်မြိုင်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ




အသက်(၄၀)ခန့် အမျိုးသားတစ်ဦးရဲ့ ညာလက်ဖဝါးပြင်ကို ဖော်ပြပေးလိုက်ပါတယ်။

**"က" အက္ခရာနဲ့** ညွှန်ပြထားတာဟာ ရည်မှန်းချက်လမ်းကြောင်း ဖြစ်ပါတယ်။

* * *




ဒီလမ်းကြောင်းမျိုးရှိသူဟာ ရည်မှန်းချက်မြင့်မားပြီး ကြိုးစားအားထုတ်မှု ကောင်းတဲ့အတွက် အလုပ်အကိုင်မှာ အကြီးအမှူး ဦးစီးခေါင်းဆောင် ဆရာသမား ဖြစ်ကြတယ်။

ဦးခေါင်းလမ်းအဖျားနဲ့ အသက်လမ်းအဖျား ခပ်ရှည်ရှည် ပူးနေတဲ့အတွက် ဝန်ထမ်းလုပ်ငန်းတွေ လုပ်ကိုင်လိုစိတ် ရှိကြတယ်။




www.burmeseclassic.com

www.burmeseclassic.com

**"ခ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ လက်ညှိုးနဲ့ လက်ခလယ်ကြားစနေဂြိုဟ်ခုံဘက် နီးတဲ့နေရာမှာ **သန့်လျက်သင်္ကေတရှိခြင်း** ဖြစ်တယ်။


* * *




ဒီသင်္ကေတမျိုးရှိသူဟာ သူတစ်ပါးအပေါ်သြဇာရှိတယ်။ ရာထူးသြဇာရှိတဲ့ မင်းစိုးရာဇာတွေနဲ့ အကျွမ်းတဝင်ရှိတယ်။ ဝန်ထမ်းလုပ်ငန်းမှာ အရာရှိအဆင့် လုပ်ကိုင်ရတတ်တယ်။

**"ဂ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ ဦးခေါင်းလမ်းကြောင်းနဲ့ နှလုံးလမ်းကြောင်း ပေါင်းစပ်ပြီး၊ **လက်ပြတ်သင်္ကေတ ဖြစ်ပေါ်ခြင်းပါပဲ။**


* * *




ဒီ လက်ပြတ်သင်္ကေတမျိုးရှိသူဟာ စက်မှု၊ စက်ပြင် ဝါသနာပါတယ်။ စွန့်စားသွားလာလုပ်ကိုင်ရတာ ဝါသနာပါတယ်။ စက်မှုလက်မှုလုပ်ငန်းမျိုးမှာ လုပ်ကိုင်တတ်ကြတယ်။

**"ဃ"အက္ခရာနဲ့** ညွှန်ပြထားတာက **ကံလမ်းထီးရိုးဖြစ်တယ်။** တနင်္လာဂြိုဟ်ခုံက စတင် တက်ခြင်း ဖြစ်တယ်။

* * *




ဒီ ကံလမ်းထီးရိုးမျိုးရှိသူဟာ နိုင်ငံခြား သွားရောက်လုပ်ကိုင်ခြင်း၊ ရေကြောင်းလုပ်ငန်းများ လုပ်ကိုင်ခြင်းတွေ အကျိုးပေးနိုင်ကြတယ်။

**"င"အက္ခရာနဲ့** ညွှန်ပြထားတာဟာ **လက်ညှိုး၊ လက်မ၊ လက်ခလယ်လက်သန်း** ဆိုတဲ့ လက်ချောင်း(၄)ချောင်းထိပ်မှာ **ကြိုးဖွေသင်္ကေတ**တွေရှိခြင်း ဖြစ်တယ်။

* * *




ဒီဖွေမျိုးရှိသူဟာ ခရီးသွား ဝါသနာပါကြတယ်။ လှုပ်ရှားသွားလာနေရခြင်း၊ ခရီးသွားနေရခြင်းကို ဝါသနာပါတယ်။

**"စ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ လက်သူကြွယ် လက်ချောင်းထိပ်မှာ **ခရုဖွေနဲ့နီးစပ်တဲ့**ဖွေမျိုး ရှိတယ်။

* * *




ဒီလို လက်သူကြွယ်ထိပ်က ခရုပတ်ဖွေမျိုးဟာ ငွေဝင်ကောင်းတယ်။ ငွေကြေးဥစ္စာပြည့်စုံတတ်တယ်။

အဲဒီအချက်တွေကို စုပေါင်းသုံးသပ်ကြည့်ရင် နိုင်ငံခြားသင်္ဘောအရာရှိ ဖြစ်နိုင်တာပေါ့။ စက်ပြင် စက်မှုဝါသနာလဲ ပါတယ်ဆိုတော့ **နိုင်ငံခြားသင်္ဘောအင်ဂျင်နီယာ အရာရှိ လုပ်ငန်းမျိုးနဲ့** အကျိုးပေးသူပေါ့။

ဒီလက္ခဏာရှင်ဟာ နိုင်ငံခြားသင်္ဘောအင်ဂျင်နီယာ ဒုတိယ အရာရှိ ဖြစ်ကြောင်း သိရတယ်။

***စာဖတ်သူများ လက္ခဏာပညာသုတ တိုးပွားရရှိကြပါစေ...***

**ဆရာကြီးဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
*လက္ခဏာဗေဒင်ပညာသုတေသီ*

စာမျက်နှာ (၁၀၃)မှ အဆက်

ရေနွေးအိုးတွင် ထည့်ချက်ပြီး ရေကျက်အေးကို ခတ်စေသည်။

ခြေထောက်တွင် နှင်းခူရောဂါ စွဲကပ်နေသည့် ဒကာတစ်ယောက်အား မဲဇလီကြီးသတ္တုရည်ကို ဓာတ်လုံးနှင့် စိမ်လိမ်း။

အတွင်း၌ ကြောက်မက်ဖွယ်ကောင်းသော မှိုနာ မြစ်ပွားနာ(ကင်ဆာ)ကျိတ်ရှိသူအား ဓာတ်လုံးကို အရည်ပျော်အောင်ထိုး ဆီတွင် (၃)ကြိမ်ခန့်လောင်းပြီး ထိုဆီကို တိုက်လည်းတိုက် လိမ်းလည်း လိမ်းစေ၏။

ရဟန်းပျို လေ့လာ မှတ်သားနာယူသော အချိန်တိုတို အတိုင်းအတာအတွင်း ကုစားရခက်သည့် ဖြစ်ရပ်ဖုံဖုံရောဂါစုံတို့ကို အံ့ဩလောက်အောင်ပျောက်ကင်းချမ်းသာကြောင်း တွေ့ခဲ့သော ထုံးကို အမှီပြု၍ သွပ်ဓာတ်လုံးကို တည်ပြီး အောင်မြင်စွာ အသုံးပြုနိုင်သည်။

ဓာတ်လုံးတွင် ပါဝင်သော ဓာတ်တို့၏ စွမ်းအင်သည် မိမိဉာဏ်ဖြင့် ထိုးထွင်းသိနိုင်လိမ့်မည်မဟုတ်။ ဝိဇ္ဇာမယဉာဏ်မှတစ်ပါး တွေးတောထင်မြင်သိရန် မလွယ်ဟု ကောက်ချက်ချမိပါသည်။

အဆိုပါ ရဟန်းပျိုသည်ကား နောင်တစ်ချိန်တွင် ဆေးအတတ်ဓာန်ကျမ်းပြုအရှင်နာဂသိန်မဟာထေရ် ဖြစ်လာသတည်း။

**မှတ်ချက်။ ။ခြသေ့်ဆီနှင့်တည်သော သွပ်ဓာတ်လုံးကို ဆိုလိုသည်။**

***မသိသူကျော်သွား သိသူဖော်စား***

**ဟံသာရစော**



www.burmeseclassic.com

www.burmeseclassic.com

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ် (၁၆၈)၊ ၂၀၀၀ ပြည့်နှစ်၊ ဇူလိုင်လထုတ်တွင် ဆောင်းပါးရှင် **ဘုမ္မဝတီ ကိုကိုလေး(B.A)၏ သွပ်ရွှေဝါဖမ်းနည်းကို** ကျွန်ုပ် ဖတ်လိုက်ရသည့်အခါ...

ကြက်ဥခွံ(၁)ကျပ်သားကို အမှုန့်ထောင်း၊ မဖောက်ထုံး(၃)ကျပ်သားနှင့်ရော သွပ်ရွှေဝါ(၁)ကျပ်သား သို့မဟုတ် (၂)ကျပ်သားကို နံပါတ်(၅)လုံဖောက်တွင် အထက်အောက်နှီး၊ ဖော် ကောင်းစွာမံ၊ မီးသွေးသုံး၊ လေးအုပ် မီးလျှံထိုးချလိုက်ပြီး အအေးခံကာခွဲ၊ စို့ဖြတ်ကြည့်က အပျော့အပြင်းဆိုက်၊ သွပ်ရွှေဝါကို မပင်မပန်းဘဲ တစ်လုံတစ်မီးနှင့် ဖမ်းမိသည်။

**လက်ဝဲလမ်း လိုက်မည် ဆိုပါက** အုန်းပနီမြစ်ကိုထောင်း ဖမ်းမိပြီး သွပ်ရွှေဝါကို နံပါတ်(၃)လုံ ဖောက်တွင် အောက်ခြေကထည့်ပြီးသိပ်၊ ထိုးလိုက်ပါက **သွပ်နီသေ**ရသည်။

သို့သော် သွပ်နီသေကို အသုံးအနှုန်း မတွေ့ရ။ ထို့ကြောင့် ဆက်တွေးဖြစ်သည် သွပ်ဓာတ်လုံးအကြောင်း...

တစ်ခါက အင်္ဂရတ်လုပ်ရတ်စခန်းတွင် လွန်စွာ ကျွမ်းကျင်နှံ့စပ်သော ဆရာတော်ကြီးတစ်ပါးထံသို့ ပညာရင်နှီးသောက်စို့ရန်ငှာ ရဟန်းပျိုတစ်ဦး ရောက်ရှိလာခဲ့သည်။

ရဟန်းပျိုသည် လောကီလောကုတ္တရာပိုင်းဆိုင်ရာ နှံ့စပ်သိမြင်အပ်သော အကြောင်းအရာတို့အား လေ့လာသိမြင်ချင်သော ဆန္ဒ အာသီသနှင့် ဉာဏ်နှင့်ယှဉ် ဝေဖန်ပိုင်းခြားသောကြောင့် နောင်တွင် ကျမ်းပြုအကျော်အမော်တစ်ဦး ဖြစ်ခဲ့သည်။

ဆိုခဲ့ပြီးသော အကြောင်းအရာတို့အား ဆက်ပါဦးအံ့၊ သွပ်သည် သဘာဝအားဖြင့် ဝါယောဓာတ် ဦးဆောင်၏။

ခြယ်သီနှင့်

# သွပ်ဓာတ်လုံး အသုံးပြုမှု

ဟံသာရစော



သေအောင်သတ်သောအခါ၌ တေဇောဓာတ်ဦးဆောင်၏။ သေစပြုသောအခါ၌ အာပေါဓာတ်ဦးဆောင်၏။ သွပ်ပျဉ်းတည်း။ စင်းစင်းသေသောအခါ၌ ပထဝီဓာတ် ဦးဆောင်၏။

ထို့ကြောင့် "**သွပ်သေမသိ ရွှေကိုကြည့်**"ဟု အဆိုရှိ၏။ ဤကဲ့သို့ ဓာတ်လေးပါးတို့သည် အချိုးကျကျ သတ္တိရှိ ပါဝင်ဖြင့် ပါဝင်ပြီးနောက် အာကာသဓာတ် ပေါ်လာအောင် သွပ်ပျဉ်း ပြဒါးပျဉ်းတို့ကို ကျွေးရ၏။

ထိုသို့ ကျွေးရခြင်းအကြောင်းမှာ တေဇောဓာတ်ဆိုသည့် တေဇော (မီးဓာတ်) တက်ခြင်းကို တိုးမြှင့်ပေးခြင်း ဖြစ်သည်။

သွပ်သည် အာကာသနှင့်တကွ ဓာတ်လေးပါးလုံး အချိုးကျ ပါဝင်လာပြီးနောက် သေသောအခါ ဓာတ်လုံးသည် လုံးလာ၏။ ထက်အောက် မို့မောက်လာ၏။

ထိုဓာတ်လုံး၏ ဖွဲ့စည်းမှုသဏ္ဌာန်၌ မည်သို့သော ဓာတ်အမျိုးအစား မည်မျှ ပါဝင်နေသည်ကို မည်သို့ ဓာတ်ခွဲမည်နည်း။

သဘာဝ တရားအားဖြင့် တည်ရှိနေသော မတွေ့ရသည့် ဓာတ်တို့ အစွမ်းသတ္တိသည် ထူးခြားစွာ အံ့သြဖွယ်ရာတည်း။

ဤသည်ပင်လျှင် ရှားပါးလှ ခြသေ့ဆီကို အကြောင်းပြု ကြိုးစားလျှင် ရနိုင်သော ကိတ္တိမဓာတ်လုံးအကြောင်းတည်း။

သွပ်ဓာတ်လုံး အနုန္တအား လေ့လာရာတွင် ဆရာတော်ကြီး မှတ်တမ်းအရ အဆိုပါ သွပ်ဓာတ်လုံးကို နှမ်းဆီတွင် ဆူအောင်ကျိုချက်စေ၍ ထိုဆီကို လိမ်းလျှင် အကျိတ်အဖု အပူနာ ကင်းပျောက်၏။

အဆစ်ရောင် ဝေဒနာရှင် ကိုရင်ကြီးတစ်ပါးမှာ ဆရာတော့်ဓာတ်လုံးလိမ်းစေရာ လမ်းထလျှောက်နိုင်၏။


ဆရာတော်ကြီးသည် ဆွမ်းချက်ရာ၌လည်း ဓာတ်လုံးထည့်ချက်၍ စားစေသည်။ မျက်စိကိုက်၍ ရောင်ရမ်းနေသော ဝေဒနာရှင်အား ဓာတ်လုံးကို

 (စာမျက်နှာ (၁၀၂) သို့)

www.burmeseclassic.com

## ၂၀၁၄ ခုနှစ်၊ ဇွန်လအတွက် ဓာတ်ကြီးငါးပါးစီးမိုးမှုနှင့် အောင်ဘာလေ

# ထီ ဆုငွေ





ဇွန်လတွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဆုငွေများနှင့် နီးစပ်မှျော်လင့်နိုင်ကြစေရန် ၈၊ ၇၊ ၆၊ ၉ ဂဏန်းခြေများကို အားပြု ရွေးချယ်ပါ။ တွဲဖက်သင့်သော အက္ခရာများမှာ ဂ၊ စ၊ တ၊ ယတို့ ဖြစ်ကြသည်။

ဂဏန်းတူ ဂဏန်းထပ်များ အလိုရှိပါက ၈၊ ၇၊ ၆၊ ၉တွင်းမှ နှစ်လုံးထက်ပို၍ ပါဝင်သော ထီလက်မှတ်ကို ရွေးနိုင်ပါသည်။

မိမိတို့မွေးနှစ်အရ ကံအခွင့်အလမ်းများကို အသုံးချလိုပါက အောက်တွင် ကြည့်ပါ။

* * *

| မွေးနှစ် | ကံပွင့်ဂဏန်း | လာဘ်ပွင့်အရောင် | ကံပွင့်အရပ် | တွဲဖက်ကံစမ်းသင့်သူ | ကံပွင့်နေ့ |
|---|---|---|---|---|---|
| ကြွက် | ၇ | ရွှေဝါ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| နွား ကျား | ၄ | အစိမ်းရင့် | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ယုန် | ၉ | အနီ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| နဂါး မြွေ | ၁ | အပြာ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| မြင်း | ၆ | အဖြူ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ဆိတ် မျောက် | ၈ | အညို | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| ကြက် | ၃ | အစိမ်းနု | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| ခွေး ဝက် | ၂ | မြေဖြူ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |

ထီလက်မှတ် အရောင်းဆိုင်တည်ရာ ဌာနဗလအင်အား ရယူလိုပါက...

အားကစားကွင်း၊ အပန်းဖြေရာ ပန်းခြံ၊ တောင်ကုန်းမြေမြင့်၊ ဆောက်လက်စ အဆောက်အအုံကြီးများ၊ အုတ်,သဲ,ကျောက် ဆောက်လုပ်ရေးသုံးပစ္စည်း အရောင်းဌာန၊ ကြွေထည်, မြေထည်,စဉ့်ထည် ပစ္စည်းများ အရောင်းဌာန၊ ကားဂိတ်၊ ကားဝင်း၊ ကားမှတ်တိုင်များ၊ ဓာတုဗေဒနှင့် တွင်းထွက်ပစ္စည်းဆိုင်ရာ ဌာနတို့အနီး ဖွင့်လှစ်ရောင်းချသော ထီဆိုင်များတွင် ဝယ်ယူကံစမ်းနိုင်သည်။

ဤကဲ့သို့ တည်ရှိသော ထီဆိုင်များတွင် မိမိတို့ ကံအခွင့်အလမ်းနှင့် တွဲဖက်ကံစမ်းခြင်းဖြင့် ပိုမို အကျိုးရှိနိုင်ပေမည်။

**ဥပမာ** မြင်းနှစ်ဖွားသည် ဆိုင်အမှတ် အိမ်အမှတ်တွင် (၆)ပါဝင်ပတ်သက်သော ထီဆိုင်၊ အဖြူရောင်လွှမ်းမိုးအားကောင်းသောဆိုင်၊ မိမိနေအိမ် အလုပ်ခန်းမှ အနောက်မြောက်ထောင့်အရပ်၌ရှိသော ဆိုင် စသည်ဖြင့် စိစစ်ရွေးချယ်ကာ တနင်္ဂနွေနေ့တွင် ကံစမ်းသင့်သည်။

ပန်းခြံ၊ ကားဂိတ်၊ ကားဝင်းအနီးရှိ ဆိုင်ဖြစ်လျှင် ပို၍ ကောင်းမွန်ပါလိမ့်မည်။ စပ်တူ ထိုးလိုပါက ကြာသပတေးသားသမီးတစ်ဦးနှင့် ပေါင်းစပ်၍ ထိုးပါ။

ဤလအတွက် **ထီကံမြှင့်ယတြာပြုလိုပါလျှင်** ဖခင်အရွယ် အမျိုးသားတစ်ဦးအား စနေနေ့ တစ်နေ့တွင် ကြွေထည်ပစ္စည်းတစ်ခု လက်ဆောင်ပေး လှူဒါန်းပါ။ ရရန်ရှိသော ဆုလာဘ်များ လွယ်လင့်တကူ ဝင်ရောက်နိုင်ကြပါသည်။

***ဝှယုင်း ဓာတ်ကြီးငါးပါး အကူအညီဖြင့် ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ။***

**ထက်မင်းကျော်စွာ**




www.burmeseclassic.com

www.burmeseclassic.com

ရွှေတောင်မြို့၏ ကျက်သရေဆောင် အဓိဋ္ဌာန်အောင်

# ဓာတ်ပေါ်ငွေ
# အောင်မင်းခေါင်စေတီတော်

တင်ဦးမောင်
(ပုတီးကုန်း)



▲ အတွင်းမှ မူလ(၇)တောင်ပြည့်စေတီ

ရွှေတောင်မြို့သည် ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း ရန်ကုန်-ပြည်ကားလမ်းမပေါ်တွင် တည်ရှိပြီး ရန်ကုန်မြို့မှ (၁၇၀)မိုင် ဝေးကွာသော မြေလတ်မြို့လေးတစ်မြို့ ဖြစ်ပါသည်။

ရွှေတောင်မြို့တွင် တန်ခိုးကြီးသမိုင်းဝင်စေတီပုထိုးများ များစွာရှိပါသည်။ ရွှေတောင်မြို့၏ အနောက်တောင် (၄) မိုင်ခန့်အကွာတွင် လူတစ်ရစ်၊ နတ်တစ်ရစ် တည်ထားခဲ့သော **"လူနတ်နှစ်လီ အစ်ရစ်စီ စေတီရွှေနတ်တောင်"**ဟု ထင်ရှားကျော်ကြားခဲ့သော ရှေးဟောင်းသမိုင်းဝင် စေတီတော်...

သက်န်းကြီးစေတီတော်၊ ချော့ခေါ်စေတီတော်ကြီးနှင့် ရွှေတောင်မြို့တွင်းတွင် ချမ်းသာကြီးဘုရား၊ ရွှေပြောင်ပြောင်ဘုရား၊ ရွှေမျက်မှန်ဘုရားကြီး၊ ရွှေဂူကြီးဘုရား၊ ကြေးသွန်းဘုရားကြီး၊ ရွှေကူကြီးဘုရား၊ ရွှေတောင်မြို့မြောက်ဘက် ရဟန္တာ(၈၀)သိမ်တော်နှင့်...

ရွှေတောင်မြို့၏ တနင်္ဂနွေထောင့် ပြည်မြို့သို့အထွက် ကားလမ်းဘေးတွင် ဘိုးတော်အောင်မင်းခေါင် ကိုယ်တိုင်တည်ခဲ့သော **"လေးကျွန်းစကြာ မြည်တော်ဝင် အောင်မင်းခေါင်စေတီ"**သည် ထူးခြားသပ္ပါယ်စွာဖြင့် ကြည်ညိုဖွယ်ရာ ဖူးတွေ့ရမည် ဖြစ်ပါသည်။

စာရေးသူသည် စေတီ၏ သမိုင်းကြောင်းအား ရေးသားတင်ပြလိုသော်လည်း ရွှေတောင်ဇာတိ မဟုတ်၍ ရွှေတောင်မြို့ရှိ အသိမိတ်ဆွေများအား စုံစမ်းမေးမြန်းပါသည်။

ထိုမှ ဘိုးတော်အောင်မင်းခေါင် သက်ရှိထင်ရှားရှိစဉ် ဘိုးတော်၏ ဩဝါဒ လမ်းညွှန်ချက် ခံယူရန် ပုပ္ပါးသို့ သွားရောက်ခဲ့သော အဖွဲ့ထဲမှ ယခု သက်ရှိထင်ရှားရှိသည့် **ဦးသန်းဆွေ (အငြိမ်းစား)** ရွှေတောင်မှ ဘုရားသမိုင်း

www.burmeseclassic.com



ဉာဏ်တော်(၂၅)တောင်အမြင့် နှစ်ထပ်စေတီတော်

ကြောင်း ပြောပြသော အချက်အလက်များ၊ ကိုယ်တိုင် တွေ့ကြုံခဲ့သည့် အဖြစ်အပျက်များအား စုဆောင်း၍ ကြိုးကြိုးစားစားဖြင့် ရေးထားပါရကြောင်း ရိုးရိုးသားသားဖြင့် ဝန်ခံအပ်ပါသည်။

ဤလေးကျွန်းစကြာ ပြည်တော်ဝင် အောင်မင်းခေါင်စေတီနှင့် အနယ်နယ်အရပ်ရပ်ရှိ ဘိုးတော်အောင်မင်းခေါင် ကိုယ်တိုင် တည်ခဲ့သော စေတီများ၊ ဘိုးတော်၏ ညွှန်ကြားချက်ဖြင့် တည်ထားခဲ့သော စေတီများ၏ သမိုင်းကြောင်းမှာ...

၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၈)ရက်နေ့တွင် သီပေါမင်းအား အင်္ဂလိပ်တို့ တိုက်ခိုက်သိမ်းယူသွားသောအခါ တစ်တိုင်းပြည်လုံး ထီးကျိုးစည်းပေါက် သာသနာပါ ကွယ်ပျောက်မည့် အရေးကို အောင်မင်းခေါင်အရှင်သည် စိုးရိမ်တော်မူသောကြောင့် ၁၂၅၀ ပြည့်နှစ်တွင် ရှင်မထီးဆရာတော်၊ ဆံရှည်ကိုယ်တော် ဦးကောဏ္ဍည၊ ပထမံပြည်ရသေ့ ဦးအောင်၊ တောင်ငူ ဦးအောင်၊ ဗန်းမော်ဦးအောင် စသော ဝိဇ္ဇာဓိုရ်အပေါင်းတို့နှင့် ညှိနှိုင်းတိုင်ပင်၍...

ဘုရားရှင်၏ သာသနာတော်မြတ်ကို ဝါဒခြားမင်းတို့၏ လက်အောက်တွင် ကွယ်ပျောက်မသွားစေရန် သာသနာပြု ဝိဇ္ဇာဓိုရ်အဖွဲ့ကြီးကို ဖွဲ့စည်း၍ အင်္ဂလိပ်အစိုးရကို ပေါ်ပေါ်ထင်ထင် အပြင်ပန်းအကြမ်းနည်းဖြင့် ဆန့်ကျင်တော်လှန်ခြင်းမပြုဘဲ...

အတွင်းလမ်း၊ အနုလမ်း၊ ဝိဇ္ဇာလမ်းဖြင့်သာ တိုက်ထုတ်တွန်းလှန်ရန် ရည်ရွယ်ပြီး သာသနာတော်မြတ်ကြီး တည်တံ့ခိုင်မြဲစေရန် တိုင်းပြည်လူထုအား တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။

သက္ကရာဇ် ၁၂၆၉ ခုနှစ်သို့ ရောက်သောအခါ အောင်မင်းခေါင်အရှင်နှင့် ရက္ခန်းစင်တောင်ဆရာတော် ဦးစီးသော ဝိဇ္ဇာဓိုရ်အဖွဲ့ကြီးက တိုင်းပြည်လူထုအား ကြေညာစာတမ်း ထုတ်၍ ဝေငှပါတော့သည်။ ထိုကြေညာစာတမ်းမှာ...

'ဘုရားလေးငယ်ငယ် ကိုးတောင်ပြည့်တည်
ငယ်သာငယ် ကယ်ဆယ်မည့်ဘုရား
ဓာတ်ကောလီ သုံးဆယ်ကူးအောင်ကွယ်
ပူးကြအများ'

ဟူသော စာတန်းများ ထုတ်ဝေပြီး ဘိုးတော်အောင်မင်းခေါင် အရှင်သည် တိုင်းပြည်လူထုအား ကပ်ကြီးသုံးပါးမှ ကျော်နင်းနိုင်ရန် ကုသိုလ်ဓာတ်များ ကိန်းအောင်းနေစေရန်အတွက် ရာ ပေါင်းများစွာသော စေတီများကို ဓာတ် ယတြာဆင်သည့်အနေနှင့် တည်ထား ကိုးကွယ်ကြရန်...

ဘုရားဒါယကာ၊ ဘုရားဒါယိကာမ ဖြစ်စေရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး သီလ၊ သမာဓိများ ထိန်းသိမ်းခြင်းနှင့် သမထဘာဝနာများ၊ မေတ္တာကမ္မဋ္ဌာန်း များ ပွားများအားထုတ်ကြရန် တိုက် တွန်းနှိုးဆော်ခဲ့ပါသည်။

## မူလ ဉာဏ်တော်

## ကိုးတောင်ပြည့်စေတီ တည်ခဲ့

အထက်ပါ ဝိဇ္ဇာဓိုရ်အဖွဲ့၏ တိုက် တွန်းနှိုးဆော်ချက်အရ ဘိုးတော်အောင်





www.burmeseclassic.com

www.burmeseclassic.com

င်းခေါင်၏ တပည့်များဖြစ်သော ရွှေတောင်မြို့သားများဖြစ်သည့်...

၁ ဦးထွန်းတင်၊
၂ ဦးလှရှိန်၊
၃ ဦးမြင့်ဆွေ၊
၄ ဦးမောင်လှိုင်၊
၅ ဦးအောင်ညွှန့်၊
၆ ဦးစိန်ခို

တို့က ကမကထပြု၍ ကုလားလူမျိုး ဒိုင်အာမက်မှ သူပိုင်ဆိုင်သည့် မြေကေ ၁၃၉ဧကအား လှူဒါန်း၍ သူ့မြေပေါ်တွင် ဘိုးတော်အောင်မင်းခေါင်၏ လမ်းညွှန်ချက်အတိုင်း ဓာတ်တော်များ၊ လေးကျွန်းအောင်မြေများ အများပြည်သူ လှူဒါန်းသည့် ရွှေငွေ ကျောက်မျက်ရတနာမျိုးစုံအား ဌာပနာ၍ **၁၃၁၀ ပြည့်နှစ်၊ တပေါင်းလပြည့်နေ့တွင်** ဉာဏ်တော် ကိုးတောင်ပြည့်စေတီအား နေ့ချင်းပြီး တည်ခဲ့ကြပါသည်။

ဘုရားတည်စဉ် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များမှာ တပေါင်းလ နေ့အပူရှိန်သည် ပူပြင်းသော်လည်း ဘုရားတည်သည့်နေရာတွင် ပူပြင်းခြင်း မရှိဘဲ အအေးဓာတ်များ ဆောင်နေကြောင်း လူတိုင်း သတိထားမိကြပါသည်။

ဘုရားတည်နေစဉ် ရွှေတောင်သား မဟုတ်သော တစ်ခါတစ်ရံမှ မမြင်ဘူးသည့် လူစိမ်းအဘိုးအိုတစ်ဦးမှာ မည်သူ့ကိုမျှ စကားမပြော နှုတ်မဆက်ဘဲ အုတ်သဲများ ကူသယ်ပေးပြီး ဘုရားတည်ပြီးသောအခါ ထိုလူစိမ်းမှာ မတွေ့ကြရ၍ ဘိုးတော်၏ ရုပ်ဓာတ်လေလား၊ နာမ်ဓာတ်လေလား ဘိုးတော်ကိုယ်တိုင်ကား ဝေခွဲမရ၍ များစွာအံ့သြနေကြပါသည်။

ထို့ပြင် ဘိုးတော်အောင်မင်းခေါင်အတွက် ဘုရားအနီးတွင် ယာယီအဆောက်အအုံ တည်ဆောက်ထား




လမ်းညွှန်ဆိုင်းဘုတ်

ရာ ဘုရားတည်ပြီး နောက်တစ်နေ့၌ ကြီးမားသော ခြေရာကြီးများ တွေ့ရ၍ ဘိုးတော်ကိုယ်တိုင် ကြွရောက်ခဲ့ကြောင်း သက်သေ အထောက်အထားထားခဲ့သည်ဟု ယူဆကြပါသည်။

မည်သို့ပင်ဆိုစေ ကိုးတောင်ပြည့် စေတီလေးသည် ထင်ရှားစွာ ဖူးတွေ့ကြရပါတော့သည်။

## ယခုမျက်မှောက်ခေတ်

## ဖူးတွေ့ရနေရသည့် နှစ်ထပ်စေတီ

## တည်ခဲ့ပုံ

ထိုဉာဏ်တော် ကိုးတောင်ပြည့် စေတီ တည်ပြီးနောက် ပျော်ပွဲရွှင်ပွဲများ၊ ထိုခေတ်ထိုအခါက ခေတ်စားခဲ့သော နွားလှည်းပြိုင်ပွဲများ၊ စတုဒိသာကျွေးမွေး လှူဒါန်းခြင်းများ၊ နိဗ္ဗာန်ဈေးများ၊ ကောက်ညှင်းပေါင်းများ၊ မှတ်ချက် ဘိုးတော်၏ ဓာတ်သဘောအရ ကောက်ညှင်းပေါင်းအား "**ကောင်းခြင်းပေါင်း**"ဟုခေါ်ရန် ဘိုးတော်မှ ညွှန်ကြားခဲ့ကြောင်း ကောင်းခြင်းတွေ စုပေါင်းရန်ဟု ဓာတ်သဘော ဓာတ်စကား ဖြစ်ပါသည်။

ထို့ပြင် အောင်မောင်းကြီး ဓာတ်ဖြင့် သုံးညတာ ကပြဖျော်ဖြေခဲ့ရာအောင်မောင်းကြီးဇာတ်တွင် အပျိုတော်အဖြစ် ကပြရသည့် ဘိုးတော်၏တပည့် ငထွန်းခေါ် ဦးထွန်း(ကျောက်ဆည်ခရိုင် အရေးပိုင်ရုံးစာရေးကြီး)က ဂေါပကအဖွဲ့အား ဘိုးတော်အောင်မင်းခေါင်မှ ပုပ္ပါးသို့ လာခဲ့ကြရန် ပြောကြား၍ ဂေါပကအဖွဲ့မှ သွားရောက်ရန် စီစဉ်ခဲ့ကြပါသည်။

## ပုပ္ပါးခရီး အံ့ချီးဖွယ်ရာ အမြာမြာ

ဘိုးတော်အောင်မင်းခေါင် ညွှန်ကြားသည့်အတိုင်း ဂေါပကအဖွဲ့များဖြစ်သော ဦးလှရှိန်၊ ဦးထွန်းတင်၊ ဦးကျော်သိန်းနှင့် ဦးကျော်သိန်း၏တူ ဦးသန်းလွင်(သက်ရှိထင်ရှားရှိပြီး ဘုရားအကြောင်း ပြောပြသူ)တို့သည် ပုပ္ပါးသို့ သွားခဲ့ကြပါသည်။

ဦးသန်းလွင်မှာ ယင်းအချိန်က လူငယ်လူရွယ်သာ ရှိပါသေးသည်။ သူတို့အဖွဲ့သည် ပုပ္ပါးသို့သွားရာတွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးခါစ ရဲဘော်ဖြူ၊ ရဲဘော်နီ စသည်ဖြင့် ရောင်စုံသူပုန်တို့ ထကြွသောင်းကျန်းနေချိန်၊ တိုင်းပြည် မငြိမ်မသက် ဖြစ်နေချိန်၊ လမ်းပန်းအဆက်အသွယ် အသွားအလာ ခက်ခဲနေချိန် ဖြစ်ပါသည်။

သူတို့အဖွဲ့သည် ကြုံရာ ကားများ

www.burmeseclassic.com



◆ ပုပ္ပါးမှ ဘဘအောင်မင်းခေါင်

ဖြင့် ပုပ္ပါးသို့ သွားရောက်ခဲ့ရာ ရေနံချောင်းမြို့တွင် တည်းခိုစရာမရှိ ရှေ့ကို ခရီးဆက်ရန်လည်းမဖြစ် ဖြစ်နေပြီး ဇရပ်တစ်ဆောင်တွင် ခေတ္တ တည်းခိုနေကြပါသည်။

ထိုအချိန်တွင် ရေနံချောင်းမြို့မှ ပွဲစားကြီး ဦးသိန်းဆိုသူမှ တွေ့၍ သူတို့အား အန္တရာယ် အလွန် များသည့်အတွက် သူ၏အိမ်သို့လိုက်ပြီး တည်းခိုရန် ခေါ်သွားသည့်အတွက် လိုက်ပါသွားကြပါသည်။

သူတို့ တည်းခိုနေစဉ် ဦးသိန်းဇနီးမှ သူတို့အား ချက်ပြုတ်ကျွေးမွေးရန် ဈေးသို့ ဈေးဝယ်သွားရာတွင် လမ်း၌ ပိုက်ဆံ(၁၅)ကျပ်၊ နောက်တစ်နေ့၌ (၁၀)ကျပ် ထူးထူးခြားခြား ကောက်ရ၍ ဝမ်းသာစွာဖြင့် သူတို့အဖွဲ့အား ငြီးငြင်ခြင်းမရှိ လောကွတ်ပျူငှာ ချိုသာစွာဖြင့် ကျွေးမွေးဧည့်ခံခဲ့ပါသည်။

ထို ဦးသိန်း၏ ဇနီးသည် ရက္ခစိုးနတ်စောင့်ရှောက်နေကြောင်း နောက်မှ သိကြရပါသည်။ သူတို့အိမ်တွင် (၃,၄)ရက်ခန့် နားနေချိန်တွင် ပုပ္ပါးသို့ ဆက်လက်သွားကြရန် စီစဉ်ကြပါသည်။

ဤကဲ့သို့ စီစဉ်နေစဉ် လူစိမ်းတစ်ဦး ရောက်လာပြီး...

'ခင်ဗျားတို့ ပုပ္ပါးကို သွားကြမှာလား ...
အတိုင်း သွားကြရင် လမ်းမှာ အန္တရာယ်...
တွေနဲ့ တွေ့ပြီး အားလုံး သေကုန်ကြလိ...
မယ်။ ခေတ္တခဏ စောင့်ဆိုင်းကြပါဦး'

ဟု လာရောက် သတိပေးသဖြင့် (၂)ရက်ခန့် နားနေရပြန်သည်။

(၂)ရက်ခန့် ကြာသောအခ... ကျောက်ပန်းတောင်းသို့ ကားထွက်ရ... ရှိကြောင်း သိရ၍ ယင်းကားနှင့် ခရီး... ဆက်ခဲ့ရာ သူတို့အဖွဲ့အား လာရောက်... တားမြစ်သည့် လူစိမ်းမှာ ကားပေါ်တွင်... ပါလာသော်လည်း သူတို့ကလည်း... နှုတ်မဆက်ဖြစ်၊ ထိုသူမှလည်း နှုတ်... မဆက်ဘဲ လမ်းခုလတ်တွင် ဆင်းသွား... ၍ သူတို့အဖွဲ့မှာ မည်သို့တွေးတော... ရမှန်း အံ့ဩမိနေကြပါသည်။

ဤကဲ့သို့ ဆန်းကြယ်သော ဖြစ်ရ... နှင့်ပင် ကျောက်ပန်းတောင်းသို့ ရောက်... ရှိကြပါသည်။ ကျောက်ပန်းတောင်း... ပုပ္ပါးသို့ ကားမရှိသဖြင့် ခြေကျင်ခရီး... ဆက်လက်သွားကြရာ ပုပ္ပါးတောင်ခြေ... အရောက်တွင် ဘိုးတော်အောင်မင်း... ခေါင်သည် သစ်ပင်တစ်ပင်အား ငမ... လွှဖြင့် ဖြတ်နေကြောင်း တွေ့ရှိရ... သည်။

ငမန်းလွှသည် အသွားများအ... ဘယ်ဘက် ညာဘက်စီ အစွန်းထွ... နေရန် ဖယ်ပြီးမှ အသုံးပြု၍ ရသ... အတွက် သူတို့ခရီးစဉ်အား ဘေးမ... ရန်မခအောင် အန္တရာယ်များ... ဖယ်ရှားပေးနေသည့်သဘော ဖြစ်လိ... မည်ဟု ယူဆကြပြီး ဘိုးတော်အော... မင်းခေါင်၏ မေတ္တာစေတနာအ... လေးစားကြည်ညို အံ့ဩမိကြပါသ...

ရှေ့လ ဆက်ဖတ်ပါရန်

တင်ဦးမောင် (ပုတီးကုန်း)



www.burmeseclassic.com

www.burmeseclassic.com

# ကျောက်လက်ဝါးနှင့် ပတ်သက်သည့် ထူးခြားစိတ်ဝင်စားဖွယ် ဗဟုသုတ

နတ်မောက် လှမြင့်သစ်

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာမျက်နှာ (၁၅)တွင် ဆရာသုတထွန်း ရေးသား သည့် **"သိဒ္ဓိဝင် ကျောက်လက်ဝါး"** ခေါင်းစဉ်ဆောင်းပါး ဖတ်ရှုရပါသည်။

ဆရာသုတထွန်းမှ **"ကျောက်လက်ဝါးနှင့် ပတ်သက်၍ ထူးခြား စိတ်ဝင်စားဖွယ်စရာများကို သိရှိလေ့လာထားသူများက ဆက်လက် ဖော်ထုတ်ရေးသား တင်ပြပေးစေလိုပါသည်"**ဟု တောင်းဆိုထားပါသည်။

သို့အတွက် စာရေးသူ လေ့လာရှာဖွေမှတ်သားထားသည့် ကျောက်လက်ဝါး၊ သစ်လက်ဝါး မှတ်စုမှ တင်ပြရေးသားအပ်ပါသည်။

လွန်ခဲ့သည့် ငါးနှစ်၊ ခြောက်နှစ်ခန့်က ကျောက်လက်ဝါးအကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ကျွန်တော် အရိပ်အမြွက် ရေးသားတင်ပြခဲ့ဖူးပါသည်။ ယခု ပိုမို ပြည့်စုံစွာ ရေးသား တင်ပြပါမည်။

ကျွန်တော်ကိုယ်တိုင် သိ၍ မဟုတ်ပါ။ သက်ကြီးဝါကြီး ပုဂ္ဂိုလ်ကြီးငယ်တို့ထံမှ လည်းကောင်း၊ ဆရာတော်ကြီးများနှင့် ရှေးဘိုးဘွားမိဘ ဆရာသမားများထံမှ တွေ့ဆုံမေးမြန်း မှတ်သားထားချက်များ ဖြစ်ပါသည်။

ကျောက်လက်ဝါးတိုင်း သိဒ္ဓိထူး ရှိသည်မဟုတ်ပါ။ ကျောက်လက်ဝါး အသေ အရှင် ဟူ၍ နှစ်မျိုးရှိပါသည်။ ကျောက်လက်ဝါးအရှင်တွင် အစောင့်အရှောက်ရှိပြီး ကုသိုလ်ဖြစ် အစောင့် သူတော်ကောင်း၊ အကုသိုလ်ဖြစ် အစောင့် မသူတော် ဟူ၍ဖြစ်သည်။

ကျောက်လက်ဝါး အသေတွင် မည်သည့်အစောင့်မှ မရှိဘဲ မည်သည့် ကိစ္စထူးမှုလည်း မရှိပါ။

ကျောက်လက်ဝါး အရှင် အသေ ခွဲခြားနည်းမှာ မခက်ခဲပါ။ ထမင်းအိုးနှပ်သောအခါ ထမင်းအိုး အဖုံးပေါ်သို့ ကျောက်လက်ဝါးကို တင်လိုက်ပါ။


**အရှင်ဆိုလျှင် ထမင်းအိုးအဖုံးမှ အမှုကြောင့် အိုးပေါ်မှ ကြမ်းပြင်သို့ ခုန်ဆင်း သွားလိမ့်မည်။**

**နောက်တစ်နည်းမှာ** ကျောက်လက်ဝါးကို စားပွဲပေါ် တင်ကြည့်ပြီး ဆေးလိပ်မီးနှင့် လိုက်တို့ကြည့်ပါ။ ဆေးလိပ်မီးကို ရှောင်ကွင်း၍ ဆုတ်ကာ ဆုတ်ကာ ရှောင်သွား လှုပ်ရှားပါသည်။

**နောက်တစ်နည်းမှာ** ကျောက်လက်ဝါးကို အနည်းငယ်နိမ့်သော နေရာတွင်ထားပြီး မြင့်သောဘက်မှ ရေနွေးပူ ဖြည်းဖြည်း စီးအောင်လောင်းပါ။ ရေနွေးပူလာလျှင် ပူမှာစိုးသည့်အတွက် ခုန်၍ ရှောင်ရှားပါမည်။

ဤသည်မှာ ကျောက်လက်ဝါး အရှင် အသေကို ထင်ရှားမြင်သာစွာ စမ်းသပ်နည်း ဖြစ်ပါသည်။

သို့သော် အချို့ ကျောက်လက်ဝါးများသည် ယင်းတို့ အရှင်ဖြစ်သည်ကို အလွယ်တကူ အစွမ်းမပြပါ။ ထိုအခါမျိုးတွင် အောက်ပါအတိုင်း စမ်းသပ်ပါသည်။



ကျောက်လက်ဝါးကို ခိုင်ခံ့သော ပျဉ်သေတ္တာ သို့မဟုတ် သံသေတ္တာထဲသို့ ထည့်ပိတ်ပြီး သော့ခတ်ထားလိုက်ပါ။ တစ်နေ့လုံး ပိတ်ထားပါ။

ည လူခြေတိတ်၍ အိမ်ရှင်များ အိပ်သည့်အခါ ကျောက်လက်ဝါးအရှင်သည် သေတ္တာထဲမှ တဝုန်းဝုန်း တဒုန်းဒုန်းနှင့် တစ်အိမ်လုံး နိုးအောင် အသံပေးပါလိမ့်မည်။

ထိုသို့ တဒုံးဒုံး တဝုန်းဝုန်း သေတ္တာထဲမှ ခုန်တိုးနေလျှင် သေတ္တာကို ဖွင့်ပြီး သေတ္တာအဖုံးကို လှပ်ပေးလိုက်ပါ။ ကျောက်လက်ဝါးအရှင်သည် သေတ္တာထဲမှ အပြင်သို့ သူ့ဘာသာ ခုန်ထွက်လာပါလိမ့်မည်။ သို့မှသာ ကျောက်လက်ဝါး အရှင် အစစ် ဖြစ်ပါသည်။

အထက်ပါနည်းများ စမ်းသပ်၍မှ ထူးခြားမှု သိသာထင်ရှားမြင်သာအောင် မပြလျှင် ကျောက်လက်ဝါး အသေသာ ဖြစ်ပါသည်။

အကယ်၍ ထင်ရှားသိသာ မြင်သာအောင် လှုပ်ရှားပြလျှင် ထိုကျောက်လက်ဝါးသည် အရှင်ဖြစ်၍ ယင်းကျောက်လက်ဝါး အရှင်များတွင်သာ အစောင့်ရှိပြီး သိဒ္ဓိထူး ရှိပါသည်။

ကျောက်လက်ဝါးအရှင် ဖြစ်၍ အစောင့်ရှိသည်ကို သိပြီးနောက်ယင်း အစောင့်သည် သူတော်ကောင်း



www.burmeseclassic.com

www.burmeseclassic.com

အစောင့်လော၊ မသူတော်အစောင့်လောဟု သိရရန် အောက်ပါအတိုင်း ဆက်လက်စမ်းသပ်ရပါသည်။

ကြက် အရှင်တစ်ကောင်နှင့်အတူ ကျောက်လက်ဝါးကို တောင်းနှင့် ဖိအုပ်ထားပါ။ တစ်ညအိပ်ထားပါ။ နောက်နေ့ နံနက် တောင်းကိုလှပ်ကြည့်၍ ကြက်မသေလျှင် သူတော်ကောင်းအစောင့်ဖြစ်ပြီး ကြက်သေနေလျှင် မသူတော် (သူယုတ်မာအစောင့်) အစောင့် ဖြစ်ပါသည်။

**နောက်တစ်နည်းမှာ** အမဲသွေး (နွားသွေးရည်)၊ ဝက်သွေးရည် ပန်းကန်နှင့်အတူ ကျောက်လက်ဝါးကို အုပ်ဆောင်းနှင့်အုပ်ထားပါ။

နောက်တစ်နေ့မှ အုပ်ဆောင်းကို လှပ်ကြည့်ပါ။ သွေးပန်းကန်ထဲမှ သွေးများ လျော့နေလျှင် သို့မဟုတ် သွေးများ ကုန်နေလျှင် မသူတော်အစောင့်ဖြစ်၍ အမဲသွေး၊ ဝက်သွေးများ သောက်စားမျိုပစ်ခြင်းဖြစ်သည်။

**နောက်တစ်နည်းမှာ** ကျောက်လက်ဝါးကို မြင့်သော မြတ်သောနေရာ ဘုရားစင်၊ နတ်စင်ပေါ် တင်ထားကြည့်ပါ။ သူတော်ကောင်းအစောင့်ရှိသည့် ကျောက်လက်ဝါးသည် ဘုရားစင် နတ်စင်ပေါ်တွင် မနေဘဲ ဘုံးခနဲ ခုန်ချပါလိမ့်မည်။

သူယုတ်မာစောင့်သော ကျောက်လက်ဝါးသည် ဘာသိဘာသာ ငြိမ်နေပါမည်။

နောက်တစ်နည်းမှာ ကျောက်လက်ဝါးကို ပိုင်ရှင်မှ ညအိပ်သောအခါ ခေါင်းရင်းတွင် ထားအိပ်ပါ။ သူတော်ကောင်းစောင့်သော ကျောက်လက်ဝါးသည် နံနက်လင်းသောအခါ ပိုင်ရှင်၏ ခြေရင်းဘက် ရောက်နေသည်ကို တွေ့ရပါမည်။ ပိုင်ရှင် အရှင်သခင်၏ ဦးခေါင်းပိုင်း မြတ်သော နေရာတွင် မနေသည့်သဘော ဖြစ်ပါသည်။

သူယုတ်မာ ကျောက်လက်ဝါးသည် ပိုင်ရှင်၏ ဦးခေါင်းပိုင်းမှာလည်း နေသည်။ ဘုရားစင်၊ နတ်စင်ပေါ်လည်း နေလေ့ရှိပါသည်။

**နောက်တစ်နည်းမှာ** ကျောက်လက်ဝါးကို နေအိမ်တွင် သူ့ချည်းထား၍ အိမ်တံခါး၊ ပြတင်းတံခါးများ အလုံပိတ်၍ အိမ်သူအိမ်သားများအားလုံး အခြားသွားကြည့်ပါ။ အိမ်နီးချင်းအိမ်တစ်အိမ်အိမ်မှ အကဲခတ် နားထောင်စောင့်ကြည့်နေပေးပါ။

**သူတော်ကောင်း ကျောက်လက်ဝါးသည်** သူ့ဘာသာငြိမ်နေပြီး အကယ်၍ အိမ်အနီးသို့ လည်းကောင်း၊ အိမ်ထဲသို့လည်းကောင်း ခိုးရန်၊ ဝှက်ရန် မသမာစိတ်နှင့် လာသူကို အရိပ်အယောင် သိသာမြင်သာအောင် ကြောက်လန့်အောင်ပြု၍ အိမ်ထဲမဝင်ရန် စောင့်ရှောက်လေ့ရှိသည်။

အိမ်သူအိမ်သား တစ်ဦးဦးကိုလည်း အိမ်ပြန်လာရန် အိမ်အနီးတွင် လူစိမ်းကပ်နေသည်ကို သိအောင် ညို့လေ့ အရိပ်နိမိတ် ပြပေးလေ့ရှိသည်။

သူယုတ်မာ ကျောက်လက်ဝါးသည် သူ့ချည်း အိမ်ထဲတွင် ပိတ်ထားခဲ့လျှင် အိမ်နံရံ အိမ်ထရံ အမိုးအကာတို့ကို ကျိုးပဲ့ပျက်စီးသည်အထိ ဖျက်ဆီး ကန်ကျောက်တတ်သည်။

အိမ်အပြင်ရောက်လျှင်လည်း အိမ်အနီးဝန်းကျင်လာသော ခွေး၊ ကျွဲ၊ နွား တိရစ္ဆာန်နှင့် လူသူမရှောင် ဒေါသတကြီးနှင့် ဒုက္ခိတ ဖြစ်သည်မှ ရောဂါရသေကျေပျက်စီးသည်အထိ လိုက်ရိုက်တတ်သည်။

**နောက်တစ်နည်းမှာ** မြေပဲခင်း နှမ်းခင်း၊ သီးနှံခင်းအလယ်တွင် ကျောက်လက်ဝါးကိုထားပြီး တစ်နေရာမှ စောင့်ကြည့်နေပါ။

သီးနှံခင်းအတွင်း ဝင်ရောက်စားသောက်ဖျက်ဆီးမည့် ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ ဝက် စသည့် တိရစ္ဆာန်များကို သူတော်ကောင်း ကျောက်လက်ဝါးသည် ကြောက်လန့်အောင် ခြောက်လှန့်မောင်းထုတ် ဘေးဖယ်ထုတ်တတ်သည်။

သူယုတ်မာ ကျောက်လက်ဝါးသည် ကြမ်းတမ်းစွာ ဘုံး၊ ဖျင်းနှင့် လိုက်ရိုက်တတ်သည်။ နွားငယ်လေးများဆိုလျှင် လဲအောင်ပင် ရိုက်နိုင်သည်။

**ချုပ်၍ ဆိုရလျှင်** ညာဘက် ကျောက်လက်ဝါးအရှင်သည် သိဒ္ဓိထူးရှိ၍ သူတော်ကောင်းအစောင့်ရှိသည်။ သခင့်အကျိုးကို အထူးဆောင်ရွက် အကူအညီပေးလေ့ရှိသည်။ သိမ်မွေ့နူးညံ့သည်။

**ဘယ်ဘက် ကျောက်လက်ဝါး အရှင်သည်** သိဒ္ဓိထူး ရှိသော်လည်း သူယုတ်မာအစောင့် ဖြစ်သည်။ သခင်ကို ဒုက္ခပေးတတ်သည်။ ကြမ်းတမ်းရက်စက်ယုတ်မာသည်။

ကျောက်လက်ဝါး အသေများမှာ သာမန် ကျောက်ဖြစ်ရုပ်ကြွင်းသာဖြစ်၍ မည်သည့် သိဒ္ဓိထူးမှ မရှိပါချေ။ စာရေးသူ လေ့လာမှတ်သားစုဆောင်းထားသမျှ ဗဟုသုတ ဖြန့်ဝေရေးသားပါသည်။

**နတ်မောက် လှမြင့်သစ်**

ပန်ကြားလွှာ

အထက်ပါ အကြောင်းအရာများမှာ စာရေးသူ၏ အတွေ့အကြုံများ ဖြစ်ပါသည်။ သိရှိသူ သုတေသီပညာရှင်များမှ ဆက်လက် ရေးသားပေးပို့ကြပါရန် ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

*ဦးကျော်မိုးသိန်း*

*စာတည်းမှူး*

*နက္ခတ္တရောင်ခြည်မဂ္ဂဇင်း*



www.burmeseclassic.com

www.burmeseclassic.com

# အဝိုင်းမင်းကျောင်းပညာ

လက်ဆင့်ကမ်းဖို့

ဦးခင်မောင်သန်း
(အ.မ.က၊ ပခန်းတန်း)

အဝိုင်းမင်းကျောင်း၏ အစဉ်အလာမှာ ခေတ်အဆက်ဆက် မပျက်ဆောင်ရွက်ခဲ့သည်မှာ ခွေးရူးကိုက်ခံရသော ဝေဒနာကို ကုသ ကယ်တင်ပေးခြင်းပင် ဖြစ်ပါသည်။ လက်ရှိ ကုသ ကယ်တင်ပေးတော်မူသော ဆရာတော်မှာ ဘဒ္ဒန္တ အဂ္ဂဝံသ ဖြစ်ပါသည်။

ဤဆောင်းပါး ရေးသားရခြင်းမှာ ရည်ရွယ်ချက် (၃)ချက် ထားရှိပါသည်။

ပထမ ရည်ရွယ်ချက်မှာ အစဉ်အလာကောင်းတစ်ရပ်ကို မပျောက်မပျက်စေရန် မှတ်တမ်းတင်ခြင်း၊ ဒုတိယ ရည်ရွယ်ချက်မှာ ဝေဒနာရှင်များ သိရှိပြီး ကုသမှု ခံယူနိုင်စေရန် လမ်းညွှန်ခြင်း၊ တတိယ ရည်ရွယ်ချက်မှာ ထိုကဲ့သို့ အစဉ်အလာကောင်း ဖြစ်သည့် ပညာရပ်ကြီးကို သင်ယူလိုသော အမွေဆက်ခံမည့်သူများ ပေါ်ထွန်းစေရန် ဖော်ထုတ်ခြင်းပင် ဖြစ်ပါသည်။

သို့ပါ၍ စာရေးသူသည် အဝိုင်းမင်းကျောင်းတည်ရှိရာ **ဟင်္သာတမြို့၊ ညောင်ပင်ရပ်သို့** သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသကို ဖူးမြော် တွေ့ဆုံပြီး သိလိုသမျှကို ပွင့်ပွင့်လင်းလင်း မေးလျှောက်ခဲ့ပါသည်။

○ အဝိုင်းမင်းကျောင်းတိုက်မှာ သီတင်းသုံးတော်မူခဲ့တဲ့ ဦးကုမာရာ လက်ာရရဲ့မြေး ဦးပဏ္ဍိတဓမ္မရဲ့တူ ဖြစ်ပါတယ်။ ဦးပဉ္ဇင်းအနေနဲ့လဲ ဒီပညာရပ်ကို အင်္ဂပူ သိမ်ကျောင်း ဆရာတော် ဦးသာသန



● အဝိုင်းမင်းကျောင်းဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ

ထံက ရရှိခဲ့ပြီး ဦးလေးဖြစ်တဲ့ ဦးပဏ္ဍိတဓမ္မက အမိန့်ချခဲ့လို့ ဇီဝိတဒါန အသက်ကယ်နေတာ ယခုဆိုရင် (၁၃)နှစ် ရှိပါပြီ။

▲ ခွေးကိုက်ခံရတဲ့ ဝေဒနာရှင်တွေကို ကုသပုံ သိပါရစေဘုရား။

○ အုန်းသီးတစ်လုံးကို ထိပ်ဝလုပ်ပြီး ထန်းလျက် (၉)ခဲကို အောက်ကခံပြီး ဂါထာနဲ့ မန်းပါတယ်။ အဲဒီအုန်းသီးကို လူနာတစ်ယောက်တည်း စားရတယ်။ စားလို့ မကုန်နိုင် တွင်းတူးပြီး မြှုပ်ပစ်ရမယ်။

▲ ရှောင်ရန် ဆောင်ရန်များရော ရှိပါသေးသလားဘုရား။

www.burmeseclassic.com

○ လိုက်နာရှောင်ကြဉ်ဖို့ စည်းကမ်းချက် (၄) ချက် ထားပါတယ်။

❖ အသုတအိမ်၊ သုသာန်မြေ ဆေးရုံမသွားရ။
❖ မြစ်ကူးချောင်းဖြတ်၊ အင်းအိုင်များတွင် ရေဆင်းမချိုးရ မသွားရ။
❖ ခွေးတောက်ရှက် ချက်မစားရ၊ အနားကို မကပ်ရ။
❖ ခွေးရူးပြန်ဆေး မသောက်ရ မထိုးရ

ဆိုတဲ့ စည်းကမ်းတွေပါပဲ။ **(၇)ရက်ကျော်ရင် ရှောင်စရာ မလိုတော့ပါဘူး။**

**▲ ရွတ်ဆိုရတဲ့ ဂါထာကို သိလိုပါတယ်ဘုရား။**

○ ဒါနဲ့ ပတ်သက်လို့က ပြောလို့မဖြစ်ပါဘူး။ ဒါက အမွေဆက်ခံမယ့်သူမှ ပေးလို့ရပါတယ်။

ဇီဝိတဒါနဖြစ်လို့ ငွေကြေးနဲ့ ကုစားမယ်ဆိုရင် ဒီပညာရပ်ဟာ ထက်မြက်ချင်မှ ထက်မြက်ပါလိမ့်မယ်။ တန်ဖိုးရှိတဲ့အရာကို တန်ဖိုးရှိတဲ့အရာနဲ့ပဲ လဲလှယ်ယူရမယ်ဆိုတဲ့ သဘောပဲပေါ့။

**○ တပည့်တော် ကြားဖူးတာက ခန္ဓသုတ်နဲ့ မေတ္တသုတ်ကို (၉) လတိတိ အသက်သတ်လွတ်စားပြီး ကျွန်ရတယ်လို့ သိရပါတယ်ဘုရား။**

ဆရာတော်က မှန်ကန်ကြောင်းကို မိန့်ကြားလိုက်ပါသည်။

သို့ပါ၍ ပညာကို လိုလားသူများသည် **မေတ္တာသုတ်နှင့် ခန္ဓသုတ်ကို အသက်သတ်လွတ်စားပြီး (၉)လတိတိ မပျက်မကွက် ရွတ်ဖတ်ခြင်းဖြင့် အမွေ ဆက်ခံနိုင်ကြမည်မှာ မလွဲဧကန်**ဟု ဆိုရမည်သာ ဖြစ်ပါပေတော့သည်။

*သင်၏ဘဝ သာယာပါစေ။*

**ဦးခင်မောင်သန်း**
*(အ.မ.က၊ ပခန်းတန်း)*

# တမာတစ်ခက် သွားတစ်သက်



သက်ရှိသတ္တဝါများ အသက်ရှင်သန်ကြီးထွားနေနိုင်ရန်အတွက် အစာအာဟာရကို မှီဝဲ စားသုံးကြရပါသည်။ စာရေးသူတို့ လူသားအားလုံးမှာလည်း အသက်ရှင်ရေးအတွက် မစားမဖြစ်သော ကိစ္စတစ်ခု ဖြစ်ပါတော့သည်။

အစားအစာများ စားသောက်ကြရာတွင် စားသောက်သည့် အစားအစာကို ကြေညက်အောင် ဝါးကြရပါသည်။ ထိုသို့ ကြေညက်အောင် ဝါးစေခြင်းဖြင့် စားသောက်သူသည် အစာကို ကောင်းစွာ ကြေလွယ်ပါသည်။ အသစ်အသစ်သော ရုပ်တို့ကို ဖြစ်စေသလို ခွန်အားလည်း တိုးပွားစေပါသည်။

အစားအစာများ ကောင်းစွာ စားသုံးနိုင်ရန် ပါးစပ်ခံတွင်း၌ရှိနေသော သွားတို့ ကောင်းဖို့လိုပါသည်။ သွားကိုက်ခြင်း၊ သွားနာခြင်းစသည့် သွားကျန်းမာရေးမကောင်းလျှင် စားသုံးသော အစာအာဟာရတို့ကိုကြေညက်အောင် ဆောင်ရွက်နိုင်မည် မဟုတ်တော့ပါ။

ယခု စာရေးသူတင်ပြမည့် "တမာ" အကြောင်းကို ဂမ္ဘီရသဘောအရ ရှင်းပြပါဦးမည်။ သရုပ်ခွဲ၍ ရှင်းလင်းပြပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

သရုပ်ခွဲပုံ...

**သွား** = ၆ နံသင့်ဂဏန်း
**တမာ** = ၇,၅ နံသင့်ဂဏန်း ဖြစ်၏။

ထို့ကြောင့် "သွား" ဟုခေါ်သော သင်္ချာရေ "၆" သောကြာဖြစ်၏။ "တမာ" ကို ဂဏန်းအားဖြင့် (၇)နှင့် (၅)ကောက်ရသဖြင့် စနေနှင့် ကြာသပတေး ဖြစ်လေ၏။

ကြာသပတေးသည် သောကြာ၏ အမြစ်နံဖြစ်၍ စနေသည် သောကြာ၏ အညွန့်နံ ဖြစ်လေသည်။ သောကြာနံ၏ အမြစ်နှင့် အညွန့်တို့ဖြစ်သော တမာကို သွားသန့်ရှင်းရန်နှင့် သွားခိုင်ရန် တံပူထိုးခြင်း၊ သွားတိုက် ခြင်းတို့ ပြုလုပ်သင့်ပါသည်။ မုချကောန် သွားခိုင်မာပါသည်။ သွားသက်ရှည်စေသောအကြောင်း ဖြစ်ပါသည်။

သွားကိုက်နေလျှင် ရှေ့စာလုံး "သွား" ကို ရှင်းပြပြီးဖြစ်၍ "ကိုက်" ကို ရှင်းရပါဦးမည်။

**ကိုက်** = ၂သည် နံသင့် ဖြစ်၏။
**ဆေးရည်** = ၃,၄သည် နံသင့်ဖြစ်၏။

တနင်္လာနံကို အမြစ်အညွန့်တို့ဖြင့် အပ်စေလေ၏။ "**သွားကိုက်**"သူသည် "**တမာဆေးရည်**"ဖြင့် ပျောက်စေပါတော့သည်။

တမာဆေးရည်ဖော်စပ်ပုံမှာ...

| | |
|---|---|
| တမာခေါက် | ၁၀ ကျပ်သားကို |
| ဆား | ၃ ကျပ်သား |
| ရေ | ၃၀ ကျပ်သားဖြင့် |

ကျိုချက်ရပါမည်။

(၃)ခွက်၊ (၁)ခွက်တင် ကျိုချက်ရ၍ **ဆေးရည်(၁၀)ကျပ်သား ကျန်လျှင် သွားကိုက်ရောဂါအတွက် အသင့်သုံးနိုင်သော အဆင့်**ဖြစ်ပါသည်။

တမာဆေးရည်ကို သွားနာ၊ သွားကိုက်သည့် သွားကြားထဲသို့ ဆေးရည်ကို ထည့်ပါ။ ဝါဂွမ်းတွင် ဆွတ်ပြီး ဖိကိုက်ထားခြင်းဖြင့်လည်း ပြုလုပ်နိုင်ပါသည်။ တမာဆေးရည်ကို ငုံထားလျှင်လည်း ရပါသည်။

အလွန်ကောင်းသော ဆေးနည်းကောင်းတစ်လက်ဖြစ်ကြောင်း ရေးသားလိုက်ရပါတော့သည်။

*ရောဂါကင်းကွာ ကိုယ်ကျန်းမာ၍ စိတ်ချမ်းသာကြပါစေ။*

**အဏ္ဏ(သိဒ္ဓိရာဇာ)**



www.burmeseclassic.com

www.burmeseclassic.com

# ရွှေဘုံသာငါးဆူ

ဖူးတော်မူ

ဝဋ္ဋကျော် (ဂန္ဓာရီ)

လွန်ခဲ့သော (၁၀)နှစ်ခန့် က မန္တလေး ရွှေမြို့တော်ကြီးသို့ ရောက်ခိုက် မန္တလေး အနောက်မြောက်မြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ မင်းတဲလေသာ တိုက်ကျောင်းဆရာတော်ဘဒ္ဒန္တဝိလာသ (နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်နှင့် နိုင်ငံတော်ဝိနည်းဓိုရ်) ဆရာတော်ကြီး ၏ ကျေးဇူးကြောင့် ရွှေဘုံသာ ဘုရား ငါးဆူကို ဖူးမြော် အမိဋ္ဌာန် ဝင်နိုင်ခဲ့ပါ သည်။


ရွှေဘုံသာ ဘုရားငါးဆူ စလုံး၏ အဓိကတူညီသော အချက်မှာ အကြိမ် ကြိမ် မီးလောင်မှုများ ဖြစ်ခဲ့သော်လည်း ထိုဘုရားများအား လုံးဝ မီးမခြင်းပင် ဖြစ်သည်။ ထို့ကြောင့်လည်း ယနေ့တိုင် မီးကွင်းဘုရားဟူ၍ လူသိများကြပါသည်။

ရွှေဘုံသာ မြတ်စွာဘုရားများ၏ စေတီတော်သမိုင်းကျောက်စာချပ်တွင်...

"မန္တလေး ရတနာပုံမြို့တော်ကြီး တွင် သီရိခမ္မာ သောကမင်းကြီး၏ ကောင်းမှုတော်ဖြစ်သည်ဟု ရှေးအစဉ် အဆက် မှတ်ယူလာခဲ့သော ရွှေဘုံသာ ငါးဆူရှိရာ ဤသူရဲဈေးရွှေဘုံသာစေတီ တော်မှာ တစ်ဆူအပါအဝင်ဖြစ်သည်။

သာသနာနှစ် ၂၃၅ ခုနှစ်တွင် သီရိ ခမ္မာသောကမင်းကြီးသည် ရဟန္တာ မထေရ်မြတ်တို့အား ကိုးတိုင်းကိုးဌာန သို့ စေလွှတ်ကာ သာသနာပြုစေပြီး မြတ်စွာဘုရား၏ ဓာတ်တော်မွေတော် များကို ဌာပနာ၍ တည်ထားခဲ့သည်။

ရှေးမှတ်တမ်းများအရ ရွှေဘုံသာ စေတီ တစ်ဆူလျှင် မြတ်စွာဘုရား၏



◆ မြည်ကြီးမျက်ကွယ် ရွှေဘုံသာ

ဓာတ်တော်မျိုးစုံ အရေအတွက် (၁၀၀)မှ (၂၀၀)ထိကို ရွှေကြုတ်နှင့် ထည့်သွင်းဌာပနာခဲ့ကြောင်းသိရသည်။

ပုဂံခေတ်တွင် အလောင်းစည်သူ မင်း၏သားတော် မင်းရှင်စောသည် မန္တလေးမြို့ အရှေ့ဘက်ရှိ ဗိုလ်တက် အရပ်၌ ဗိုလ်ဝင်ခံလျက် အောင် ပင်လယ်ကန်၊ မုဆိုးကန် စသည်တို့ကို ဆည်ဖို့ရင်း ရွှေကျီးမြင်ဘုရား၊ နေထွက် ရှင်အရဟံသိမ်၊ နေဝင် ရှင်အရဟံသိမ် နှင့် မန္တလေး၌ ရှိနှင့်ပြီးဖြစ်သော ရွှေဘုံသာစေတီငါးဆူကိုလည်းအမြင့်




www.burmeseclassic.com

www.burmeseclassic.com




◆ ပြည်ကြီးမျက်တွယ် ရွှေဘုံသာဘုရား လိုဏ်ဂူအတွင်းမှ ရုပ်ပွားတော်



◆ ပြည်ကြီးမျက်တွယ် ရွှေဘုံသာကျောင်းတိုက်မုခ်ဦး

◆ သီရိမာလာ ရွှေဘုံသာ



(၁၅)တောင်၊ အချင်း(၁၅)တောင်အထိ ပြုပြင် တည်ထားကိုးကွယ်ခဲ့သည်။

ဘိုးတော်ဗဒုံမင်း လက်ထက်တွင် နိုင်ငံတော်တစ်ဝန်းရှိ ဘုရားကျောင်းကန်များ စာရင်းနှင့် လူဦးရေစစ်တမ်း ကောက်ယူရာတွင် ရွှေဘုံသာဘုရား ငါးဆူမှာ စာရင်း၌ ပါဝင်ပြီး ဗဒုံမင်းက ပြင်ဆင်မွမ်းမံခဲ့ကြောင်း မင်းတုန်းမင်းကြီး၏ ဖန်ချက်ဝန်(မင်းထင်ပညာသိဒ္ဓိကျော်ခေါင်)၏ ပုရပိုက်မှတ်တမ်းတွင် ပါရှိသည်။

မင်းတုန်းမင်း လက်ထက်တွင်လည်း ပြုပြင်မွမ်းမံခဲ့၍ သီပေါမင်း လက်ထက်တွင်လည်း သူ့ရဲဝန် သူ့ရဲသူခက်များ အထွက်အမြတ်ထား ကိုးကွယ်ခဲ့ကြရာ စေတီတော်များ ဖြစ်သည်။

**ရွှေဘုံသာ စေတီတော်များ၏ အံ့ဖွယ်ထူးခြားချက်များမှာ...**

'ခေတ်အဆက်ဆက်တွင် မီးဘေးအန္တရာယ်မှ ကင်းဝေးပြီး ဘေးအန္တရာယ် အသီးသီးမှ လွတ်မြောက်ခဲ့သည့်အပြင် စိတ်ချမ်းသာရသည်ဖြစ်ရာ ရွှေဘုံသာ စေတီတော်ကို ဖူးမြော်အာရုံပြုသူတိုင်းသည် ယင်းအကျိုးကို ရရှိခံစားရခြင်းလည်းကောင်း...

ရွှေဘုံသာ ဘုရားစေတီတွင် အဓိဋ္ဌာန်ပုတီးစိပ်ခြင်းအားဖြင့် လိုရာကို ပြီးမြောက်အောင်မြင်သည်၊ ဆုတောင်းပြည့်သည်ဟု လည်းကောင်း ယုံကြည်ကြလေသည်'

ဟူ၍ အမရဌာနီရပ် ရွှေဘုံသာ ဘုရားဝန်းအတွင်း ကျောက်စာချပ်တွင် ဖတ်မှတ်ရပါသည်။

တကယ်တမ်းတွင် ရွှေဘုံသာ ဘုရားငါးဆူမှာ တစ်ဆူနှင့်တစ်ဆူ သိပ်ပြီး မဝေးကွာလှသော်လည်း နီးကပ်ခြင်းလည်း မရှိပါ။ အနည်းဆုံး(၂) ဖာလုံကျော်ခန့်စီ ရှိလောက်မည် ထင်ပါသည်။ ငါးပွင့်ဆိုင် အနေအထားမျိုး တည်ထားဟန် ဖြစ်ပါသည်။

အရှေ့မြောက်အရပ်

ရွှေဘုံသာစေတီ

(၁၁)လမ်းနှင့် (၇၉)လမ်းထောင့် သူ့ရဲဈေးထက်ဘူတာ အနောက်ဘက်



F. 15B. June, 2014.

www.burmeseclassic.com

www.burmeseclassic.com



◀ မင်းတဲအိုက်ကင်းရပ် ရွှေဘုံသာဘုရားမုခ်ဦး



အမရဋ္ဌာနီရပ် ရွှေဘုံသာ ▶

တွင် တည်ရှိပါသည်။ **အမရဋ္ဌာနီအရပ် ရွှေဘုံသာ**ဟု လူသိများပါသည်။

ရှေးက သူရဲဝန်၊ သူရဲသူခက်များ အထွတ်အမြတ် ကိုးကွယ်ခဲ့သည်။ သီပေါမင်းလက်ထက် (၁၈၈၃)၁၂၄၅ ခုနှစ်၊ ကဆုန်လဆန်း(၁၀)ရက်နေ့ (၁) နာရီတွင် ပြာသာဒ်၊ ကျီတိုက်၊ ဒီပဲရင်း၊ ဆေးအားတိုက်နှင့် ဘုန်းတော်ကြီး ကျောင်းအပါအဝင် ဝန်းကျင်တစ်ဝိုက် အဓိကာရ (၅၄)ခု မီးသင့်ခံခဲ့ရသော် လည်း ဘုရားမှာ မီးသင့်ခြင်းမှ လုံးဝ လွတ်ကင်းခဲ့သည်ဟု ဆိုပါသည်။

## အရှေ့တောင်အရပ် ရွှေဘုံသာစေတီ

မန္တလေးဘူတာကြီးအရှေ့ (၃၀×၃၁) လမ်းနှင့် (ရရ)လမ်း၊ ကဥ္စနမဟီရပ်တွင် တည်ထားတော်မူသော စေတီဖြစ်ပါ သည်။ **ကဥ္စနမဟီရပ်ရွှေဘုံသာ**ဟု လူသိများပါသည်။

ရှေးအခါက ရှမ်းစော်ဘွားများ ဟော် နန်းဆောက်၍ ကိုးကွယ်ခဲ့ကြောင်း၊ သည်ခဲ့ အင်္ဂလိပ်လက်ထက်တွင် ဘုရား ဝန်းကျင်တစ်ခုလုံးကို သိမ်းယူခဲ့သော် လည်း အဖျက်အဆီး လွတ်ကင်းခဲ့ပြီး ဟော်ကုန်းရပ်ဝန်းကျင် တစ်ခုလုံး မီးကြီးလောင်ခဲ့ရာ စေတီတော်မှာ လုံးဝ မီးမခဲ့ဘဲ အံ့ဩဖွယ် လွတ်ကင်းခဲ့ ကြောင်း ဆိုပါသည်။

## အနောက်တောင်အရပ် ရွှေဘုံသာ

ပြည်ကြီးပျော်ဘွယ်ရပ် ရွှေဘုံသာ ဟု လူသိများပါသည်။ ပဲဈော်ချောင် ရွှေဘုံသာဘုန်းတော်ကြီးကျောင်းဝင်း အတွင်း၌ တည်ရှိပါသည်။

မကွေးဝန်ထောက်မင်း၊ , နန်းဦး မိဖုရား၊ ချွင်းတောင်မိဖုရား စသဖြင့် အစဉ်အဆက် ကိုးကွယ်ခဲ့ကြသည်။


၁၉၁၀ ပြည့်နှစ်၊ ဧပြီလ (၁၃)ရက် တွင် (၃၄)လမ်း ရွှေတစ်ချောင်း ခြသေ့် ဦးအထိ မီးကြီးလောင်ကျွမ်းခဲ့ရာမှာ မီးလောင်နယ်ပယ်အတွင်း၌ပင် လုံးဝ မီးမခဘဲ အံ့ဩဖွယ် လွတ်ကင်းခဲ့သော စေတီတော်တစ်ဆူ ဖြစ်ပါသည်။

## အနောက်မြောက်အရပ် ရွှေဘုံသာ

**မန္တလေး အနောက်မြောက် မြို့နယ်၊ မင်းတဲအိကင်းရပ်တွင်** တည် ရှိပါသည်။ မင်းတဲအိကင်းမြေမြို့ ရိုးအထိ မင်းတဲ လေသာကျောင်းတိုက် အတွင်း တည်ထားခြင်း ဖြစ်ပါသည်။

ခေတ်အဆက်ဆက်၊ မင်းအဆက်

◀ အမရဋ္ဌာနီရပ် ရွှေဘုံသာကျောက်စာ



www.burmeseclassic.com



◆ မင်းတဲအိုကင်းရပ် ရွှေဘုံသာဘုရား



◆ ကန္တရမဟီရပ် ရွှေဘုံသာ

ကြောင်း လူပြော
များလှပါသည်။

မုဋ္ဌော

ဘုရားများ

ရွှေဘုံသာဘုရား
ငါးဆူကို တစ်ခိုန်
က မုဋ္ဌောဘုရား
များဟုခေါ်ကြောင်
သုတေသီများက
ဆိုပါသည်။

မင်းတုန်းမင်း
လက်ထက် ဖ
ချက်ဝန် မင်းထင်
ပညာ သိ
ကျော်ခေါင်၏ ပု
ပိုက် မှတ်တမ်
အရလည်းကောင်

ဆက်တွင် လုံးဝ မီးဘေးမခံခဲ့သော စေတီတော်မြတ်တစ်ဆူဟူ၍ လူပြော များလှပါသည်။

## အာလယ် ရွှေဘုံသာ

(၂၅×၂၆)လမ်းကြားနှင့် (၈၇×၈၈) လမ်းကြား ဆိုင်းတန်း(ရုပ်ရှင်ရုံမြောက် ဘက်)တွင် ရှိပါသည်။ **"ဓိနအောင်ချာ ရွှေဘုံသာ"**ဟူသော ဘွဲ့တော်ခံယူ ထားပါသည်။ **အာလယ်ရွှေဘုံသာဟူ၍** လည်း လူသိများသည်။

၁၉၈၁ ခုနှစ်အတွင်း ဘုရား၏ မျက်နှာစာ ဝန်းကျင်ပတ်ပတ်လည် အား မီးလောင်ကျွမ်းခဲ့ရာ လုံးဝ မီးမလ ဘဲရှိသော စေတီတော်မြတ် ဖြစ်ပါ သည်။

စာရေးသူအနေဖြင့် ရွှေဘုံသာ ဘုရားငါးဆူတွင် အထက်ဖော်ပြပါ အစီအစဉ်အတိုင်း အဓိဋ္ဌာန်ပုတီးစိပ် ဖြစ်ခဲ့ပါသည်။ ကိုယ်တွေ့သမားတစ်

ဦး၏ အကြံပေးချက်အရ...

နမောတေ ဗုဒ္ဓ ဝီရတ္ထု။
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓ ပဋိပန္နောသ္မိ
တဿ မေ သရဏံ ဘဝ။

ပုတီး(၁)လုံးချလျက် တစ်ဆူလျှင် ပုတီး(၁)ပတ်ရအောင် စိပ်ပါသည်။

မည်သူမဆို မန္တလေးမြို့သို့ ရောက် ပါလျှင် ကိုယ့်အစီအစဉ်ဖြင့်ကိုယ် နှစ်သက်ရာ ပုတီးစိပ်ဖြင့် ရွှေဘုံသာ ငါးဆူပြည့်အောင် ကျင့်ပွားအားထုတ် ခြင်းဖြင့် လောကီလောကုတ္တရာအကျိုး စီးပွားများ လျင်မြန်စွာ အောင်မြင်စေ နိုင်ပါသည်။

**အထူးသဖြင့် ကျရောက်နေသော အကျဉ်းအကျပ် အခက်အခဲများမှ လွတ် ကင်းခြင်း။ တမ်းပိုးသူများ၏ နှိပ်စက်မှုအက်မှ ကင်းဝေးခြင်း။ ဓာတ်ဘာ့နှင့်အညှဲ ကြိုကာ ဖြိုဖျက်ကြွင်းဆို၍ အညှဲ့များမှ ကင်းဝေး ခြင်း။ သောကဝေပြေပျောက် ကောင်း ကျိုးရောက်နိုင်သော အကျိုးများ ရနိုင်**

ရှေးမီနောက်မီ အစဉ်အဆက် လူကြီ သူမများ မှတ်တမ်းခဲ့ကြသဖြင့်လည် ကောင်း သီရိဓမ္မာသောကမင်းကြီ တည်ခဲ့သော ရွှေမုဋ္ဌောစေတီများဖြစ် ရွှေဘုံသာအမည်တွင် စေတီများဖြ ကြောင်း လေ့လာသိရှိရပါသည်။

သာသနာ ၂၂၅ ခုနှစ်မှာ ပါဋ္ဌလိပု ပြည့်ရှင် ဒေဝါနံပီယဒဿီဘွဲ့ခံ သီ ဓမ္မာသောကမင်းတရားကြီးသည် ဗု မြတ်စွာဘုရား၏ ဗုဒ္ဓဓာတ်တော်များ ဌာပနာ၍ ကိုးတိုင်းကိုးဌာနမှာ ရှ သောင်းလေးထောင်သော ဓာတ်တော် စေတီတော်များကို တည်ထားခဲ့ သည်။


မြန်မာနိုင်ငံအတွင်းမှာလည်း အ ပါ ဓာတ်တော်စေတီ မြောက်မြားစွာ ကိန်းဝပ်စံပယ်လျက် တည်ရှိပါသည်

မှတ်သားဖွယ် ကောင်းသည်မှာ ဓ တော်စေတီများ တည်ရာမှာ ပုံနှိစ်တွင် လ,ကို ရာဟု စ,ဖမ်းသောအချိန်၌

www.burmeseclassic.com



▲ ကဋ္ဌုနမဟာရပ် ရွှေဘုံသာနန်းဦး



ကဋ္ဌုနမဟာရပ် ရွှေဘုံသာပရိဝုဏ်မှ ရုပ်ပွားတော် ▶

တစ်ပြိုင်နက်တည်း ပန္နက်တင်ကာ ရာဟုမှ စ,လွတ်သောအချိန်မှာ အပြီး သတ်စေပါသည်။

**သို့ဖြစ်၍ ရာဟုအမှောင်မှ လွတ်သော စေတီများ၊ ဖြစ်ခြင်းကြောင့် မုဋ္ဌောစေတီများဟု သမုတ်ခဲ့ကြောင်း လေ့လာ သိရှိရပါသည်။ မုဋ္ဌောသည် မုဋ္ဌောသဒ္ဒါမှ ဆင်းသက်လာကာ လွတ်မြောက်ခြင်းဟု အဓိပ္ပာယ်ရှိကြောင်း သိရပါသည်။**

မှတ်တမ်းမှတ်ရာ တချို့မှာမူ မဇ္ဈိမ ဒေသမှ သုနအမည်ရှိ မဟာသမ္မတ မင်းမှာ သားတော်ကြီး "ကရပေါ်" ဆို သော မင်းသားတစ်ပါး ရှိပါသည်။

မဟာသမ္မတမင်းသည် သားတော် ကြီးကို စစ်သည်ဗိုလ်ပါ အခြံအရံများ အပ်နှင်းပြီး တိုင်းသစ်ပြည်သစ် တည် ထောင်ရန် စေလွှတ်ပါသည်။

ထိုအခါ ကရပေါ်မင်းသားသည် မြန်မာနိုင်ငံဘက်သို့ ပြောင်းရွှေ့လာခဲ့ ပြီး ဟန်လင်းပျူခေတ်ကို စတင် တည်ထောင်ပါသည်။ သုနာပရန္တတိုင်းဟု ခေါ်တွင်စေခဲ့သည်။

ရွှေဘို၊ ကျောက်ဆည်၊ မန္တလေး ဒေသများသည် သုနာပရန္တတိုင်းမှာ ပါရှိခဲ့ပါသည်။ သို့ဖြစ်၍ ရွှေဘုံသာ ဘုရားငါးဆူမှာ ရွှေမုဋ္ဌောစေတီများဖြစ် သည်ဟု လေ့လာသူများက ယူဆ လက်ခံခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ ရွှေဘုံသာဘုရား ငါးဆူတွင် အဓိဋ္ဌာန်ဝင် အားထုတ်နိုင်ပါ က ဆုတောင်းပြည့်ဝခြင်း၊ အဓိဋ္ဌာန် အတိုင်း အောင်မြင်ရခြင်း၊ လောကီ လောကုတ္တရာများ အောင်မြင်ဖြစ်ထွန်း ရခြင်းစသော အကျိုးကျေးဇူးများ မလွဲ ကေန် ရနိုင်ပေရာ မန္တလေးသွား ဘုရား ဖူးများ အကျိုးထူးနိုင်ကြစေရန် တင်ပြ လိုက်ရပါသည်။

**(ဆရာတော် ဘဒ္ဒန္တဝိလာသအား ရှိခိုးကန်တော့လျက် စစ်ကိုင်း၊ သောတပန်ရပ်မှ ဆရာကိုသန်းထွန်း အား အထူးကျေးဇူးတင် မှတ်တမ်း ပြုရပါသည်။)**

ဝဍ္ဎာကျော်(ဂန္ဓာရီ)



www.burmeseclassic.com

www.burmeseclassic.com



◆ မော်လမြိုင်မြို့ ကျွန်းသာရာဆောင် နာဂဝိသတောင်ထွတ်ပေါ်ရှိ ကျိုက်သန်လန်စေတီ

တောင်မင်းနာဂဝိသမှ

# ဟံသာနေအောင်မြေမှ စေတီတော်

ဆိုးသည်ဘုတော်သိ

မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိလေလျှင် မြို့လယ်ကောင်တွင် အထင်ကရ ထင်ရှားစွာ တည်ရှိသော ကျိုက်သန်လန် စေတီတော်ကြီးအား အဝေး သံလွင်မြစ်လယ်မှပင် ဖူးတွေ့နိုင်လေသည်။

ကျိုက်သန်လန် စေတီကား အသကဏ်(သံလွင်)၊ ကျိုင်း(ဂျိုင်း)၊ သောင်ရင်း၊ အတ္တရံ မြစ်လေးသွယ် မုတ္တမ မဏ္ဍလအတွင်းရှိ မွတ်မလိန်းခေါ် **ရမ္မပူရ(ရမ္မဝတီ)မြို့စား** ရာမညရာဇာမင်းကြီး၏ သားတော် မွတ်ပိုက်ရာဇာ(သာသနာ–၁၆၁) လက်ထက်တော်အခါ ဗုဒ္ဓဆံတော်တစ်ဆူအား ဌာပနာ၍ တည်ထားခဲ့သော ဆံတော်ရှင်စေတီဖြစ်သည်။

သာသနာသက္ကရာဇ် ၂၃၆ ခုနှစ်တွင် သုဝဏ္ဏဘူမိမှ သွားတော်တစ်ဆူကို ပင့်ဆောင်ကာ ထပ်မံ၍ ဌာပနာသွင်း တည်ထား ကိုးကွယ်ကြပြန်သည်။

ဆံတော် သွားတော်ဓာတ်များ ကိန်းဝပ်ရာ ဤစေတီတော် တည်ရှိသည့် တောင်တန်းကား ဗုဒ္ဓအလောင်းတော် ဟံသာမင်း ဖြစ်စဉ်က အစာရှာမှအပြန် နာဂဝိသတောင်(နောင်တွင် သံလွင်ပင်များ ပေါက်ရောက်ရာဖြစ်၍ သံလွင်တောင်) ထိပ်စွန်းတွင် ရပ်နား ခဲ့ဖူးသည့် နေရာပင် ဖြစ်လေသည်။

ယခုအခါ ယင်းနေရာအား အညို ရောင်ကြွေပြားများ ခင်းသားရာ အလောင်းတော် ဟံသာမင်း၏ အောင်မြေ(တနင်္ဂနွေပြိုဟ်တိုင် အရှေ့ ရှိသဖြင့် တနင်္ဂနွေအောင်မြေဟု လည်း ခေါ်ကြသည်။)အား အလွယ် တကူ တွေ့မြင်နိုင်လေသည်။

ကျိုက်သန်လန်စေတီသည် ၁၁၂၉ ခုနှစ်တွင် တစ်ကြိမ်၊ ၁၁၉၂ ခုနှစ်တွင် တစ်ကြိမ်၊ ၁၃၀၇ ခုနှစ်တွင် တစ်ကြိမ် ပြန်လည်မွမ်းမံ ပြင်ဆင်ခြင်းများ ပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com


ပူဇော်ခဲ့ကြသည်။

၁၁၉၂ ခုနှစ်တွင် ပြင်ဆင်ပြီး၍ ထီးတော်တင်လှူသည့် အကြောင်းကို တနင်္ဂနွေကြိုပုဟ်တိုင်အနီးရှိ ကျောက်စာ၌ အောက်ပါအတိုင်း ကမ္ပည်းတင်ထားလေသည်။

'မြန်မာသက္ကရာဇ် ၁၁၈၆ ခုနှစ်တွင် အင်္ဂလိပ် မြန်မာ စစ်ဖြစ်ကြရာ မြန်မာတို့ ဆုတ်ခွာ၍ စစ်သူကြီး မဟာဗန္ဓုလ ကျဆုံးသောအခါ အညာဒေသ ရန္တပိုရွာ၌ စစ်ပြေငြိမ်းစာချုပ် ချုပ်ဆိုကာ လျော်ကြေးငွေ တစ်ကုဋေနှင့်အတူ သံလွင်မြစ် အရှေ့ဘက်အား အပိုင်ပေးလိုက်ရသည်။

၁၁၈၇ ခုနှစ်တွင် စာချုပ် လက်မှတ်ထိုးပြီး၍ ရန်ကုန်မြို့နှင့် မော်လမြိုင်မြို့များအား စည်ကားစေရန် စောင့်ရှောက်ရမည်ဟု တာဝန်ပေးအပ်ခြင်းခံရသဖြင့် ဒလမြို့အား ထိန်းသိမ်းရသည့် မုတ်ကျွန်းစား မင်းကျော်သီဟ ငယ်မည် မောင်ထော်လေးတွင်သော မွန်တိုင်ရင်းသားတစ်ဦးဖြစ်သူ ကျွန်ုပ်သည် လူသူတစ်သိန်း၊ လှေကြီးလှေငယ် နှစ်ရာကျော်တို့နှင့်အတူ တန်ဆောင်မုန်းလပြည့်ကျော် (၈)ရက်နေ့တွင် ရေကြောင်းဖြင့် ချီလာရာ သိုင်းလေငြိမ်သက်လျက် အန္တရာယ်ကင်းစွာဖြင့် ညဥ့်(၂)ချက်တီးကျော်တွင် သံလွင်အရှေ့ကမ်းသို့ ဆိုက်ရောက်သည်။

ထိုအခါ မော်လမြိုင်မြို့ဟောင်းသည် လူနေအိမ်ခြေမရှိ တောကြီးအတိ ဖြစ်နေရာ ခုတ်ထွင်ရှင်းလင်း၍ အိမ်ရာများ ထူထောင် ဆောက်လုပ်ကြသည်။ ကျိုက်သန်လန်အား ယခင်က အနော်ရထာမင်းတရား ပြန်လည်တည်ဆောက်စဉ် ထီးမတင်ရမီ ပြိုပျက်သည်။



▲ အရှေ့ဘက်မုခ်အနီး ရင်ပြင်ပေါ်မှ ဖူးတွေ့ရသော ကျိုက်သန်လန်စေတီ

ထို့နောက် စကြာဝန်မင်း တည်ပြန်ရာတွင် ပြိုပျက်ပြန်သည်။ ကြက်စတင်ဗိုလ်ချုပ်ထံ အသစ် တည်လုပ်မည့် အကြောင်း တင်ပြရာ ခွင့်ပြုချက် ရရှိသဖြင့် ထိုင်းရဟန်းတော် ဦးသီလဝိသုဒ္ဓိနှင့် တိုင်ပင်၍ မော်လမြိုင်မြို့သားများ၊ ရွှေကျင်မြို့လူကြီးများ ဆော်သြမှုဖြင့် ၁၁၉၁ ခုနှစ်မှ စတင် မွမ်းမံတည်ဆောက်သည့် ၁၁၉၂ ခုနှစ်၊ ပြာသိုလဆန်း(၈)ရက်နေ့တွင် ထီးတင် ပြီးစီးပါသည်'

ဟု ဖော်ပြထားလေသည်။

ထို့ပြင် ၁၃၀၇ ခုနှစ် ထပ်မံပြင်ခြင်း အကြောင်းကိုလည်း အနောက်



www.burmeseclassic.com

www.burmeseclassic.com



▲ ကျိုက်သန်လန်စေတီ ဂူပြင်တော်
တနင်္ဂနွေထောင့်ရှိ
အညိုရောင်ကြွေပြား ခင်းထားသည့်
အလောင်းတော် ဟင်္သာမင်း
နားနေခဲ့သည့် အောင်မြေ



▲ မွန်တိုင်းရင်းသား စာကဲကြီး
မုတ်ကျွန်းစား
မင်းကျော်သီဟ၏
စေတီထီးတော်တင်ခြင်း
မှတ်တမ်းကျောက်စာ

ဘက်မုခ်အနီး ကျောက်စာစိုက်ထူ ကမ္ပည်းတင်ခဲ့လေသည်။ **ထို့ပြင် ရမ္မာဝတီခေတ်(ရွှေမော်လမြိုင်) မင်းတရားတို့၏** ကောင်းမှုတော် ခေါင်းလောင်းများ အကြောင်းကိုလည်း ကြေးထွင်းစာများအား မွန်-မြန်မာ ဘာသာများဖြင့် ထွင်းထု ဖော်ပြထားလေသည်။

သို့ဖြစ်လေရာ လောကီလောကုတ် အလုပ်စခန်းများအတွက် တနင်္ဂနွေထောင့်ရှိ ဟင်္သာမင်းအောင်မြေတွင် အောင် မာတ်ယူ အဓိဋ္ဌာန်ပြုနိုင်ရန် လည်းကောင်း၊ ရွှေမော်လမြိုင်ခေတ် ကာလအကြောင်း တစ်စိတ်တစ်ဒေသ သိရှိနိုင်သော ကြေးစာ,ကျောက်စာ သမိုင်းအချက်အလက်များအား လေ့လာဖြည့်ဆည်းနိုင်ရန် လည်းကောင်း၊ **ဗုဒ္ဓရှင်တော်၏ ဆံတော် သွားတော်ဓာတ်များ ကိန်းဝပ်ရာ ကျိုက်သန်လန် စေတီတော်မြတ်ကြီးအား** သွားရောက် ဖူးမြော်သင့်လှပေ သည်။

## ခရီးသည်သုတေသီ



www.burmeseclassic.com

www.burmeseclassic.com

ထားဝယ်ဒေသမှ ထင်ပေါ်ကျော်ကြားသော ဇေယျဝတီကျောင်းတိုက် ဆရာတော်

# ဘဒ္ဒန္တသီလ

မောင်မြမောင်မိုး(ထားဝယ်)

လွန်ခဲ့သောနှစ်ပေါင်း (၁၀၀)ကျော် ကာလက တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၌ ပထမဆုံး နေလအသွင် ထွန်းလင်းတောက်ပအောင် ထားဝယ် ဇေယျဝတီကျောင်းတိုက်ကို တည် ထောင် ပြုစုပျိုးထောင်သော ပုဂ္ဂိုလ်ထူး သူတော်စင်တစ်ပါး ရှိခဲ့ဖူးပါသည်။

ပါဠိတော်ကို အဋ္ဌကထာနှင့် ဋီကာ တွဲလျက်(၇)ခေါက် ပို့ချနိုင်ခဲ့သော အရှင်သူမြတ်လည်း ဖြစ်၏။ စာပေ ကျမ်းဂန်တတ် တပည့်အများအပြားကို လည်း ပေါ်ထွက်စေခဲ့သည်။


အရှင်သူမြတ်သည် ကောဇာ သက္ကရာဇ် ၁၂၇၀ ပြည့်နှစ်တွင် ဒုတိယ ဆရာတော်ဦးတေဇဝန္တနှင့် တွဲဖက်၍ ဇေယျဝတီကျောင်းတိုက်ကို တည် ထောင်တော်မူခဲ့သည်။

ထို့ပြင် လောင်းလုံးမြို့နယ်၊ မင်းရပ် ရွာတွင် မင်းရပ်ချောင်တောရနှင့် ရေဖြူ ရွာ ဂေါ့အင်းရန်ကင်းတောင်တောရ တို့ကို တည်ထောင်ခဲ့၍ ထားဝယ်ဒေသ တွင် ထင်ရှားကျော်ကြားသော ဆရာ တော် အရှင်သူမြတ်တစ်ပါးလည်း ဖြစ် သေသည်။ ဆရာတော်ကြီး၏ ဘွဲ့အမည် မှာ **ဘဒ္ဒန္တသီလ**ပင်ဖြစ်သည်။

ထားဝယ်မြို့၏ ဇေယျဝတီကျောင်း တိုက်ကြီး၏ အာဒိကမ္မိက ဆရာတော် လောင်းလျာဖြစ်သည့် မောင်ချစ်ရင် သည် တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ မင်းရပ်ရွာနေ လယ် သူကြီး ဦးဘိုးချေ၊ ဒေါ်မွှေးအုံတို့မှ ကောဇာသက္ကရာဇ် ၁၂၃၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၆)ရက်၊ သောကြာ နေ့တွင် ဖွားမြင်သန့်စင်ခဲ့သည်။

ဆရာတော်လောင်းလျာကို သန္ဓေ တည်စဉ်အခါ မိခင်ကြီး၏ အိမ်ခေါင်မိုး ပေါ်သို့ မီးလုံးကြီး ကောင်းကင်ယံမှ တိုးဝင်လာသည်ကို အိမ်နီးနားချင်းများ





ဇေယျဝတီကျောင်းတိုက်ဆရာတော်ကြီး ဘဒ္ဒန္တသီလ၏ ပုံတူပန်းချီပုံ

မြင်ကြသည်ဆို၏။ **"နင်တို့အိမ် ဘာ ဖြစ်တာလဲ၊ ကောင်းကင်ယံကနေ မီးလုံးကြီး ထိန်လင်းနေအောင် ဝင် သွားတာ တို့တွေ့ရတယ်"**ဟု ပြော ကြသည်ကို သိရသည်။

မောင်ချစ်ရင် အသက်(၁၂)နှစ် အရွယ်တွင် မိဘတို့က ပိဋကတ်ထိုင်း ပါရဂူဖြစ်တော်မူသော မင်းရပ်တောင်လိုင်း

www.burmeseclassic.com



▲ ဇေယျဝတီကျောင်းတိုက်ဆရာတော်ကြီး ဘဒ္ဒန္တသီလ၏ ကြေးရုပ်တုတော်ကို မှန်ကျောင်းဆောင်အတွင်း ပူဇော်ရစဉ်



▲ ဇေယျဝတီကျောင်းတိုက် ကျောက်စာ

မော်ကျောင်း ဆရာတော်ဦးသုမနထံ စာပေသင်ကြားရန် အပ်နှံကြသည်။

အသက်(၁၄)နှစ်တွင် ထလိုင်းမော်ကျောင်း ဆရာတော်ဦးသုမနကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေပြုခဲ့သည်။ ဘွဲ့အမည်မှာ "**ရှင်သီလ**"ဖြစ်သည်။

အသက်(၂၀)ပြည့်တွင် မိဘနှစ်ပါးတို့ကပင် သာသနာ့အမွေခံယူလျက် ဂဏဝိမုတ် ကူးတို့ဂိုဏ်းချုပ် ဆရာတော်ဦးဣန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ဘွဲ့အမည်မှာ "ဦးသီလ"ဟူဖြစ်လာသည်။

ကောဇာသက္ကရာဇ် ၁၂၆၁ ခုနှစ် ဦးသီလ ရဟန်း(၅)ဝါအရတွင် ရေနံချောင်းမြို့၊ စိန်ပန်းပင်ကျောင်းတိုက်၌ စာပေသင်ကြားလေသည်။

ထို့မှ မန္တလေးမြို့၊ တောင်ပြင်မိုးတားကျောင်းတိုက် စာချဆရာတော်များထံတွင် ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းများကို သင်ကြားသည်။

ထိုမှတစ်ဖန် ရန်ကုန်မြို့ အလုံရပ်ကွက်၊ ဇေတနာရာမကျောင်းတိုက် ဆရာတော်ထံတွင် သာသန္တရစာပေများကို ကြိုးစားသင်ယူတော်မူပြီးနောက် နေရပ် မင်းရပ်ရွာသို့ ပြန်ကြွရောက်၍ မူလငယ်ဆရာ ထလိုင်းမော် ဆရာတော်ထံမှာ သီတင်းသုံးတော်မူပြီး ကျောင်းရှိ ရဟန်းသာမဏေ၊ ကျောင်းသားများကို စာပေသင်ကြားပို့ချလျက် ရှိခဲ့ပေသည်။

ကောဇာသက္ကရာဇ် ၁၂၆၇ ခုနှစ်၊ ရဟန်းသိက္ခာ (၁၂)ဝါတွင် စစ်ပြင်ရွာ ရေပုံးကျောင်းတိုက်တွင် သီတင်းသုံးတော်မူပြီး (၃)နှစ်တာ စာပေသင်ကြားပို့ချခဲ့သည်။

ဆရာတော်၏ သက်တော်(၃၅)နှစ်၊ သိက္ခာတော်(၁၅)ဝါအရတွင် ရဟန်းသာမဏေ၊ ကျောင်းသားများနှင့် အတူ ထားဝယ်မြို့သို့ ကြွရောက်တော်မူပြီး "**ခမောင်းငုတ်တို၊ ဆင်ဖြူခြည်**" ဟူသော တဘောင်စကားအတိုင်း လောကမာရဇိန်နှင့် ရွှေတောင်စားဘုရားကြီးဝင်း၏ အရှေ့မြောက်ထောင့် အရပ်တွင် "**ဇေယျဝတီ**"ဟူသော အမည်ဖြင့် ကျောင်းတိုက်ကြီး တည်ထောင်ပါသည်။

ထို့နောက် ထားဝယ်ဒေသ စာသင်တိုက်အဖြစ်ဖြင့် ရှေးဦးစွာ ပရိယတ္တိ



www.burmeseclassic.com

www.burmeseclassic.com



◆ ဇေယျဝတီကျောင်းတိုက်ဆရာတော်ကြီး ဘဒ္ဒန္တသီလ သီတင်းသုံးတော်မူခဲ့သော ဘုံပြာသာဒ်ဆောင် ကျောင်းတိုက်ကြီးပုံ

သာသနာတော်ကို တိုးတက်ပြန့်ပွား အောင်ကြိုးစား အားထုတ်တော်မူလေသည်။

တဘောင်စကားပါ **ခမောင်းငုတ်တိုဟူသည်မှာ** ဇေယျဝတီကျောင်းတိုက် တည်သည့်နေရာသည် ခမောင်းခေါ် ပျဉ်းမဖြူပင်များရှိသော နေရာဖြစ်လေသည်။ **ဆင်ဖြူခြည်ဟူသည်ကား** ဖြူဖွေးစင်ကြယ်သော အကျင့်သီလနှင့် အသားအရေရှိသည့် ဆရာတော်အရှင်သီလကို ဆိုလိုပေသည်။

ဇေယျဝတီ ဆရာတော်ကြီးသည် ကျောင်းတိုက်ကို တည်ဆောက်ပြီးနောက် ပရိယတ္တိသာသနာတော်ကြီးပွား ပြန့်ပွားရေးအတွက် ကြိုးစားအားထုတ်နေတော်မူသည်။

ထို့ကြောင့် သူဌေးကြီးစောရွှေညွန့်သည် ကြည်ညိုသဒ္ဓါတရား ဖြစ်ပေါ်လာပြီး ပြာသာဒ်သုံးဆောင်ပြိုင် နှစ်ထပ်တိုက်ကြီးတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းလေသည်။

ထို့နောက် ကျောင်းဒါယကာကြီး စောရွှေညွန့်သည် ကျောင်းအာရာမ်မြေကျဉ်းနေသဖြင့် မူလနေရာမှ အရှေ့ဘက်နှင့် မြောက်ဘက်ရှိ လယ်မြေ(၅)ဧကကိုလည်း ဝယ်ယူချဲ့ထွင် လှူဒါန်းပြန်လေသည်။

ဇေယျဝတီကျောင်းတိုက် တည်ထောင်ပြီး (၁၂)နှစ်အကြာ ကောဇာသက္ကရာဇ် ၁၂၈၂ ခုနှစ်တွင် မင်းရပ်ရွာ အနောက်မြောက်ထောင့်ဘက် တောအတွင်း၌ **"မင်းရပ်ချောင်တောရပဋိပတ္တိသာသနာ့ရိပ်သာ"** အဖြစ် စတင် တည်ထောင်တော်မူသည်။

သို့ဖြစ်၍ မင်းရပ်ချောင်တောရပဋိပတ္တိသာသနာ့ရိပ်သာ တနင်္သာရီတိုင်းဒေသကြီးတွင် ရှေးအကျဆုံးရိပ်သာအဖြစ် ပေါ်ထွန်းလာခဲ့သည်။

ထိုမှတစ်ဖန် ကောဇာသက္ကရာဇ် ၁၂၉၀ ပြည့်နှစ်တွင် လောင်းလုံးမြို့နယ်၊ ကဒက်ကြီးကျေးရွာတွင် ရန်ကင်းတောင်ကျောင်း၌ ကမ္မဋ္ဌာန်းကျောင်းငယ်များကို အလှူခံ၍ တည်ထောင်မူခဲ့ပြန်လေသည်။

ဆရာတော်ကြီး တည်ထောင်သော ရန်ကင်းတောင်ရိပ်သာသည် ထားဝယ်မြစ်အနောက်ဘက်ရှိ တောင်ပေါ်ရှိ ရိပ်သာဖြစ်ပြီး ပင်လယ်မှ တိုက်ခိုက်လာသောလေကြောင့် သီတင်းသုံးသည့် ရဟန်းတော်များသည် မွေ့လျော်ကြရသည်။

ထိုရန်ကင်းတောင်တွင် ဆရာတော်ကြီး ဦးသီလသည် တပည့်များ ဖြစ်ကြသည့် တောင်ပွားဆရာတော်၊ မြိတ်ဘုန်းကြီးဦးနန္ဒိယနှင့်အတူ တရား အားထုတ်ကြပါသည်။

**ညနေရိပ်တို့၌ ရန်ကင်းတောင်**

www.burmeseclassic.com



▲ ဖေယျဝတီပရိယတ္တိစာသင်တိုက် အဝင်မုခ်ဦးပုံ

**တစ်တောင်လုံး မီးလောင်နေသည်မှာ ထင်ရလောက်အောင် အရောင်အလင်းများ ထွက်ပေါ်နေ၏။**

တောရောမြို့ပါ လှည်းကြီးလှည်းငယ်၊ လှေကြီးလှေငယ်များဖြင့် ဆရာတော်တို့အား လာရောက်ကန်တော့ကြသည့် ထူးခြားဖြစ်စဉ်ရှိခဲ့သည်။

ကောဇာသက္ကရာဇ် ၁၃၀၃ ခုနှစ်၊ နတ်တော်လဆုတ်(၉)ရက် (၁၁-၁၂-၁၉၄၁) ကြာသပတေးနေ့ ညနေ(၃)နာရီ (၃၀)မိနစ်အချိန်တွင် ထားဝယ်မြို့လေယာဉ်ကွင်းကို ဂျပန်များ လာရောက်ဗုံးကြဲချသောကြောင့် မြို့ပေါ်ရှိ သီတင်းသုံးနေထိုင်ကြသော ရဟန်း‚ရှင်‚လူအများ တောရပ်တောရွာတို့သို့ ပြောင်းရွှေ့ပြေးကြသည်။

သို့ဖြစ်ရာ ဖေယျဝတီကျောင်းတိုက်ကြီးသည်လည်း စာအံသံပျောက်မှောင်အတိရောက်နေချိန်တွင် ဆရာတော်ကြီးအား မင်းရပ်ရွာဒါယကာ၊ ဒါယိကာမများက လာရောက်ပင့်ဆောင်ကြသဖြင့် **မင်းရပ်တောရကျောင်း**သို့ ခေတ္တကြွရောက် သီတင်းသုံး နေထိုင်တော်မူရလေသည်။

ဆရာတော်ကြီးသည် မင်းရပ်တောရကျောင်း၌ တည်းခို သီတင်းသုံးနေစဉ်အတွင်း တပည့်များဖြစ်ကြသော လောင်းလုံးမြို့ အောင်သပြေကျောင်းဘုန်းတော်ကြီးဦးတေဇိန္ဒနှင့် ကျောင်းဒါယကာ၊ ကျောင်းဒါယိကာမများက လာရောက် ပင့်ဆောင်ကြပြန်သဖြင့် တပည့်များနှင့်အတူ အောင်သပြေကျောင်းတွင် ပရိယတ္တိစာပေများကို သင်ကြားပို့ချ ပေးတော်မူရပြန်လေသည်။

ထားဝယ်မြို့ကို ဂျပန်စစ်တပ်များ သိမ်းပိုက်ပြီးနောက် ကောဇာသက္ကရာဇ် ၁၃၀၃ ခုနှစ်၊ တန့်ခူးလ သင်္ကြန်အမီ ဖေယျဝတီကျောင်းတိုက်သို့ စာချဘုန်းကြီးများနှင့် စာသင်သားများ ပြန်လည်ကြွရောက်တော်မူကြ၍ ပရိယတ္တိစာပေများကို သင်ကြားတော်မူလေသည်။ သို့ရာတွင် ဆရာတော်ကြီးသည် မင်းရပ်တောရကျောင်းသို့ ပြန်ကြွ၍ သီတင်းသုံးနေထိုင်တော်မူ၏။

**ဖိအိုင်းဆိုသည့် ပစ္စည်းများနှင့် ပတ်သက်၍ သူတစ်ပါးတို့ကို မနှစ်မြို့စေလိုသော ဆရာတော်ကြီးသည် "ပါဠိ ပစ္စည်းများကို ခိုးယူသော ရဟန်းအား ယူသည်နှင့် တစ်ပြိုက်နက် ပါရာဇိကံ" ပါရာဇိကာ အစီအရင်ပြု၍ ထားတော်မူလေ့ရှိလေသည်။**

မင်းရပ်တောရကျောင်းတွင် ဆရာတော်ကြီး သီတင်းသုံးနေတော်မူသည့် ထိုကာလဝယ် တောရွာများ၌ မငြိမ်မသက်ဖြစ်လာသောကြောင့် လည်းကောင်း၊ ဖေယျဝတီကျောင်းတိုက်၌ သာလျှင် အစဉ်သီတင်းသုံးတော်မူချိန် တန်ပြီဖြစ်သောကြောင့် လည်းကောင်း၊ ကောဇာသက္ကရာဇ် ၁၃၀၂ ခုနှစ်၊



www.burmeseclassic.com

www.burmeseclassic.com



● ဖေယျဝတီကျောင်းတိုက် ပဋိပတ္တိ ဓါသာသနာ့ရိပ်သာပုံ

သီတင်းကျွတ်လဆုတ်(၉)ရက်၊ ခရစ်နှစ် ၁၉၅၀ ပြည့်နှစ်၊ နိုဝင်ဘာလ(၄)ရက် စနေနံနက်အချိန်တွင် ဖေယျဝတီကျောင်းတိုက်သို့ ပြန်လည်ကြွရောက်ပြီး ရဟန်း ရှင် လူတို့အား ပဋိပတ္တိဓမ္မကို နည်းပြလမ်းညွှန်လျက် သီတင်းသုံးတော်မူလေသည်။

ကောဇာသက္ကရာဇ် ၁၃၁၃ ခုနှစ်၊ နတ်တော်လတွင် ဖေယျဝတီကျောင်းတိုက် မြောက်ဘက်ရှိ မြေ(၆)ဧကကို ဒါယကာ၊ ဒါယိကာမများက သီးခြားရိပ်သာ ထူထောင်နိုင်ရန် ဝယ်ယူလှူဒါန်းကြပြီးနောက် **"ဖေယျဝတီပဋိပတ္တိသာသနာ့ရိပ်သာ"**ဟု ကမ္ပည်းတပ်ကာ တည်ထောင်ခဲ့ကြလေသည်။

ဆရာတော်ကြီး သက်တော်(၈၃)နှစ်သို့ ရောက်သည့် ကောဇာသက္ကရာဇ် ၁၃၁၉ ခုနှစ်တွင် ရောဂါဝေဒနာ စွဲကပ်လာပါသည်။ ထိုအချိန်အခါတွင် အနည်းငယ်မျှ ညည်းညူတော်မမူဘဲ ဝေဒနာကို တရားဖြင့် ရှုမှတ် သည်းခံတော်မူလေသည်။

ဆရာတော်ကြီး မကျန်းမာသော အချိန်၌ တပည့်များမှ လွဲရှောင်၍ မရသော စျာပနကျင်းပရေးကိစ္စ ဖြစ်ပေါ်လာတော့မည်ကို သိနေကြသည်။ ထိုကိစ္စ တိုင်ပင်သည်ကို ဆရာတော်ကြီး အလိုလို သိနေသည်။

**"မင်းတို့ တိုင်ပင်လို့ ပြီးပြီလား'**ဟု မေးပြီးနောက် **"အသေကောင်ပုပ်ကြီးကို ကြာရှည်ထား၍ ကျေးဇူးမများ၊ မြန်လည်း မမြန်စေနှင့် ကြာလည်း မကြာစေနှင့်"**ဟု မိန့်တော်မူ၏။

ကောဇာသက္ကရာဇ် ၁၃၁၉ ခုနှစ်၊ ကဆုန်လဆုတ် (၁၄)ရက်၊ တနင်္လာနေ့ ညနေ(၆)နာရီအချိန်တွင် တစ်ဘဝတစ်ခန္ဓာ ရုပ်သိမ်းလျက် ချုပ်ငြိမ်းတော်မူလေသည်။

ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက်၊ နောက်တစ်နှစ် ကောဇာသက္ကရာဇ် ၁၃၂၀ ပြည့်နှစ်တွင် ရန်ကုန်မြို့တွင် နေထိုင်သည့် ထားဝယ်ဇာတိ တပည့် နိုင်ငံကျော် ပန်းပုကျောက်ဆစ်ဆရာတော်ကြီးဦးဟန်တင် ထွင်းလုပ်အပ်သော ဆရာတော်ကြီး ဘဒ္ဒန္တသီလ ရုပ်တုကို နောင်လာနောက်သားများ အမှတ်တရ ကြည်ညိုကြစေလိုခြင်းငှာ သမုတ်သိမ်ကြီး၏ အရှေ့မြောက်ဘက်တွင် စံကျောင်းတော်နှင့် အတူတကွ ပူဇော်တည်ထားကြလေသည်။

ယခုအခါ ကျေးရွာနှင့် မြို့နေ ယောဂီအပေါင်းတို့သည် မိမိတို့ နီးရာရိပ်သာသို့ သွားရောက်၍ တရားအားထုတ်နိုင်ကြပြီ ဖြစ်သည်။

ဆရာတော်ကြီး ဘဒ္ဒန္တသီလသည် ဘုရားရှင်၏သာသနာ ထားဝယ်ဒေသကြီးတွင် တည်တံ့စေခြင်းငှာ မိမိ၏ တပည့်ရဟန်းများနှင့်အတူ ခေတ်အဆက်ဆက်ကို ဖြတ်သန်း၍ စာပေ ပရိယတ်ပို့ချခြင်းဖြင့် လည်းကောင်း ကမ္မဋ္ဌာနာစရိယအဖြစ် လည်းကောင်း ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့သေ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ဆရာတော်ကြီးဘဒ္ဒန္တသီလ အမှူး ပြုသော ထားဝယ်မြို့ ဇေယျဝတီတိုက် ရှိ ဆရာတော်အဆက်ဆက်နှင့် စာချ ဆရာတော်အပေါင်းတို့၏ ကြိုးပမ်းမှု များ၏ အဖူးအပွင့်များမှာ...

(က) ဇေယျဝတီ ပရိယတ္တိ စာသင်တိုက်၊
(ခ) မင်းရပ်ချောင် ပရိယတ္တိဓမ္မရိပ်သာ၊
(ဂ) ရန်ကင်းတောင် ပရိယတ္တိဓမ္မရိပ်သာ၊
(ဃ) ဇေယျဝတီပရိယတ္တိဓမ္မရိပ်သာ

တို့ ဖြစ်သည်။

ဤအဖူးအပွင့်များ မညှိုးနွမ်းကြွေ ကျသော အဖူးအပွင့်များ မဖြစ်ရအောင် ဇေယျဝတီ သံဃာတော်များအဖွဲ့က ထိန်းသိမ်း စောင့်ရှောက်လာသည်မှာ ယနေ့တိုင်ထိဆိုရင် **၁၀၅ နှစ်** ရှိချေပြီ။

ထားဝယ်ဒေသတွင် ဘုရားရှင်၏ သာသနာ အဓွန့်ရှည်စွာ တည်တံ့လေ အောင် ဇေယျဝတီသံဃာတော်များ အဖွဲ့သည် နေ့ည အခါမလပ် အစဉ် ကြိုးစားလျက် ရှိနေမည် ဖြစ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ် မြို့တော်သို့ တစ်ခါတစ်ခေါက် အခွင့် အခါ ကြုံကြိုက်၍ ဘုရားဖူး အလည် အပတ်ရောက်ကြသော ပုဂ္ဂိုလ်များ သည် ဇေယျဝတီကျောင်းတိုက်သို့ ဝင် ရောက်ပြီး တရားဓမ္မ အဓိဋ္ဌာန်ဝင် ရောက်ရင်း ဆရာတော်ကြီး၏ ရုပ်တု တော်ကို ဖူးမြော်နိုင်ကြစေရန် လမ်းညွှန် မှု ပြုလိုက်ရပါကြောင်း...။

**မောင်မောင်စိုး(ထားဝယ်)**

ကိုးကားချက်

(၁) **ထားဝယ်မြို့ ဇေယျဝတီ ကျောင်းတိုက်** (စိန်ရတုသဘင် အထိမ်းအမှတ် စာစောင်၊ ၁၉၈၃ ခုနှစ်၊ ဒီဇင်ဘာလ)
(၂) **သာသနာ့တံခွန်၊ ထားဝယ် ထေရ်မွန်များ** မောင်သန်းဆွေ (ထားဝယ်)
(၃) **ကိုယ်တိုင်သွားရောက် လေ့ လာမှတ်တမ်း ဓာတ်ပုံများ ရိုက် ကူးခြင်း** (၁၆–၈–၂၀၁၃)

## စာရှုသူ၊ သုတေသီနှင့် ဒေသခံ ပညာရှင်၊ ဂါသနာရှင်များသို့...

ဆရာတော် ဘဒ္ဒန္တသီလ၏ တရားရိပ်သာများတွင် မည်သည့် တရားနည်းကို အားထုတ်ကျင့်ကြံကြသည်ကို သိသူများမှ ရေးသား ဖော်ထုတ်ပေးကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

### စာမျက်နှာ (၁၂၈)မှ အဆက်

ခတ်ခြင်း ခံခဲ့ရပြီး ဂါထာရွတ်ရင်း သတိမေ့ သွားသော ဒုတပ်ကြပ်ခင်မောင်မြင့်သည် ယခု ခြေလက်အင်္ဂါများ စုံလင်စွာဖြင့် ရခိုင်ပြည်နယ်ရသေ့တောင်မြို့နယ်တောင် လှမော်ကျေးရွာတွင် ဇနီးသားသမီးတို့နှင့် အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် နေထိုင် လျက် ရှိပါသည်။

ဦးခင်မောင်မြင့်(ဒု)တပ်ကြပ်
(ကပ)အမှတ် ၈၂၃၂၇၄
ခမရ–၅၃၇
ရခိုင်ပြည်နယ်။

သေကံမရောက် သက်မပျောက်သူ ဦးခင်မောင်မြင့် ရွတ်ဆိုသော သက်စောင့် ဂါထာတော်မှာ အောက်ပါအတိုင်း ဖြစ် ပါသည်။

အာယုခက်

အသက်ရှည် ဂါထာတော်

(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
(၂) ဓမ္မံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
(၃) သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
(၄) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ နာမရူပံ အနိစ္စံ ဒုက္ခံ အနတ္တာ။
(၅) အနန္တံ ဗလံ ဗုဒ္ဓံ၊ အနန္တံ ဂေါစရံ ဓမ္မံ၊ အနန္တံ အရိယံ သံဃံ၊ အနန္တံ ဗောဓိ မုတ္တမံ။ ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိမေ ဟောတု သဗ္ဗဒါ။
(၆) သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊ သောကော ရောဂေါ ဝိနဿတု။ မာ တေ ဘဝတွန္တရာယော၊ သုခီ ဒီဃာယုကော ဘဝ။
(၇) အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။ စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။

**(ဖြစ်ရပ်မှန်ကို ပြောပြပေးသော ဒု တပ်ကြပ် မောင်ခင်မောင်မြင့် ရသေ့ တောင်မြို့ကိုလဲ အထူးပဲ ကျေးဇူးတင် ပါတယ်။ ဓာတ်ပုံရိုက်ပေးသူ တူမလေး မအေးသဉ္ဇာနိုင်ကိုလဲ ကျေးဇူးအင်မ ပါပဲ။)**

**ရွှင်လန်း ချမ်းမြေ့ကြပါစေ။**

**ရောမြေ ကျော်ဝေ**

www.burmeseclassic.com

www.burmeseclassic.com

# အာယုရှည် အသက်ရှည် ဂီတာတော်

နှင့် ကိုယ်တွေ့ တိုက်ပွဲအတွေ့အကြုံ

ရောမြေ ကျော်စေ



▲ အသက်ရှည် ဂီတာတော်နှင့် တိုက်ပွဲအတွေ့အကြုံကို ဒုတပ်ကြပ် ခင်မောင်မြင့်အား စာရေးသူမှ မေးနေစဉ်

လွန်ခဲ့သော ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ အထူးထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏ အမှတ်(၂၇၆) စာမျက်နှာ (၁၉၄) တွင် စာရေးဆရာ ပန်းမြိုင်လယ် စိန်ဝင်းညိုဖြစ်သူက ထူးထူးဆန်းဆန်း ကျောက်ကဏန်းအကြောင်းနှင့် ပတ်သက်ပြီး စာရေးသူ၏ယောက်ဖဖြစ်သူ (ဒု) တပ်ကြပ် ခင်မောင်မြင့်ကို တွေ့ဆုံမေးမြန်းပြီး ဖြစ်ရပ်မှန် ကျောက်ကဏန်းအကြောင်းကို ပုံနှင့်တကွ ဖော်ပြပေးခဲ့ပြီးပါပြီ။

ယခုတစ်ဖန် စာရေးသူကလည်း ယောက်ဖဖြစ်သူ၏ စစ်မျက်နှာ ရှေ့တန်းအတွေ့အကြုံကို စာရေးသူတို့၏ စပ်စုခြင်းသဘာဝအရ ယခုကဲ့သို့ တွေ့ဆုံမေးမြန်းပြီး ဓာတ်ပုံရိုက်ကူးခဲ့ပါသည်။

ယောက်ဖဖြစ်သူ မောင်ခင်မောင်မြင့်သည် တပ်တွင်းမှ ခွင့်ယူပြီး မိခင်ကြီးရှိရာ ဟသ်ာတမြို့သို့ မိသားစုများနှင့်အတူ အလည်အပတ်လာခဲ့ရာတွင် စာရေးသူ၏ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်မွေးက သူ၏မောင်ငယ် ခင်မောင်မြင့်၏ ရှေ့တန်းတွင် လက်နက်ဘေးဖြင့် သေကံမရောက် သက်မပျောက်ခဲ့သည်မှာ သက်စောင့်ဂါထာ၏ အကျိုးကျေးဇူး တန်ခိုးကြီးမားမှုကြောင့် ဖြစ်သည့်အကြောင်းကို စာရေးသူအား ပြောပြသကဲ့သို့ စာရေးသူကလည်း ရောက်တုန်းရောက်ခိုက် အလည်လာသူ မွေးယောက်ဖကို အင်တာဗျူးမိပါတော့သည်။

* * *

'မောင်ခင်မောင်မြင့်၊ မင်းဇနီး ရခိုင်တိုင်းရင်းသူ မစံအေးဝင်းနဲ့ အိမ်ထောင်ကျပြီးနောက်ပိုင်းမှာ ရှေ့တန်း ဘယ်နှစ်ခေါက်လောက် ထွက်ရသလဲ။ အဲဒီရှေ့တန်းတွေမှာကော အတိုက်အခိုက် တိုက်ပွဲတွေ တွေ့ကြုံခဲ့ရသေးလား၊ လူပျိုဘဝမှာကော တိုက်ပွဲ အတွေ့အကြုံရှိသေးလား'

'ကျွန်တော် ပထမဦးဆုံး (၂)ကြိမ် ရှေ့တန်းထွက်တုန်းကတော့ ရန်သူတွေကို မတိုက်လိုက်ရပါဘူး။ ကျွန်တော်တို့တပ်ဖွဲ့တွေ ရောက်တာနဲ့ ရန်သူတွေကလဲ ထွက်ပြေးတိမ်းရှောင်သွားကြပါတယ်။ ကျွန်တော်တို့က လိုက်၊ သူတို့က ပြေးဆိုသလိုပေါ့'

'မောင်ခင်မောင်မြင့်၊ မင်း ဒုတပ်ကြပ်ရပြီးတဲ့နောက် တွေ့ကြုံခဲ့ရတဲ့ ရှေ့တန်းစစ်မျက်နှာ အတွေ့အကြုံလေးကို ပြောပြပါလား။ မင်း ရွတ်ပွားခဲ့တဲ့ ဂုဏ်တော်အကြောင်း၊ သေကံကြုံပေမယ့် ဂုဏ်တော်ရဲ့ အကျိုးကျေးဇူးကြောင့် အသက်မသေဘဲ မိသားစုနဲ့ ဥမကွဲသိုက်မပျက် ဆုံတွေ့ကြရတဲ့ အကြောင်းလေးတွေကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ဖော်ပြပေးချင်လို့ပါကွာ'

'ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ တောင်လှမော်ကျေးရွာသူ ရခိုင်ပျိုဖြူ မစံအေးဝင်းနဲ့ ကျွန်တော် အိမ်ထောင်ပြုပြီးနောက် သမီးလေး မိုးမြင့်စံကို မွေးဖွားခဲ့ပါတယ်။ တပ်တွင်းထဲမှာ ကျွန်တော်တစ်ယောက်တည်း နေပြီး ဇနီးနဲ့သမီးက သူတို့မိဘတွေနဲ့ နေကြပါတယ်။

ကလေးတော်တော်လေး ကြီးမှ တပ်တွင်းထဲက လိုင်းခန်းမှာ အတူတကွ နေကြတာပါ။ ကျွန်တော် ကင်းစောင့်သွားတဲ့အချိန်တွေမှာဆိုရင် ညဘက် လိုင်းခန်းတွေက သရဲခြောက်တယ်လို့ ဇနီးသည်က ပြောတဲ့အခါ ဘုရားမှန်မှန်ရှိခိုး၊ ပရိတ်ရွတ်၊ အမျှအတန်းပေးဝေမှပဲ သရဲခြောက်ခြင်းဘေးက ကင်းလွတ်သွားပါတော့တယ်။

www.burmeseclassic.com

ဒါကလဲ ကျွန်တော်ရဲ့ဇနီးက ဗုဒ္ဓဘာသာတစ်ယောက် ဖြစ်သလို ဘာသာရေး ကိုင်းရှိုင်းပြီး ဂုဏ်တော်များ မရပ်မနား ရွတ်ပွားလို့ပေါ့။ သမီးလေး မိုးမြင့်စံ (၈)နှစ်သမီးအရွယ် ရောက်မှ ရှေ့တန်း တတိယအကြိမ် ထွက်ရဖို့ အကြောင်း ပေါ်ပေါက်လာပါတယ်။

လူပျိုဘဝက ရှေ့တန်း(၂)ခါထွက်ခဲ့ရပေမယ့် အခက်အခဲ မရှိခဲ့ပါဘူး။ ဒီတစ်ကြိမ်မှာ ခက်ခဲတာကတော့ သားမယားနဲ့ ဖြစ်နေတာကြောင့်ပါ။ ကျွန်တော့်မိဘရပ်ထံ ဟသာတကို ဇနီးနဲ့သမီးကို ပို့ထားပြီး ကျွန်တော် ရှေ့တန်းကို ထွက်ခဲ့ပါတယ်။

ပြင်ဦးလွင် (ခေါ်) မေမြို့ မီးရထားဘူတာရုံမှာ ကျွန်တော်တို့တပ်ဖွဲ့ ရထားစောင့်ရင်းနဲ့ ထမင်းစားသူက စား၊ စာဖတ်သူက ဖတ်နဲ့ပေါ့။

အတန်ကြာတော့ ဟိန္ဒူအမျိုးအနွယ် ဗုဒ္ဓဘာသာ ကုလားမကြီးတစ်ယောက်က အဝတ်အစား ခပ်နွမ်းနွမ်း ဝါဖန့်ဖန့်နဲ့ ကျောက်သင်ပုန်း၊ စာအုပ်တို့ကို ချိုင်းကြားညှပ်ပြီး ကျွန်တော့်ကို ဗေဒင်မေးမလားလို့ ပြောတယ်။

ကျွန်တော်ကလဲ တစ်ခါမှ ဗေဒင်မမေးဖူးဘူး။ ယုံကြည်မှုလဲ မရှိခဲ့ဘူး။ ဒါပေမယ့် ကုလားမကြီးကို ကြည့်ပြီး၊ ကျွန်တော့်မိဘနေရာကနေ ကြည့်ပြီး ကိုယ်ချင်းစာမိတယ်။ ငါ့မိဘ အသက်အရွယ်ကြီးပါလားဆိုပြီး ကျွန်တော် ကြည့်နေတဲ့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာအုပ်ကို အသာချပြီး...

"ဟုတ်ကဲ့ ဟောပါ အစ်မ"

လို့ ကျွန်တော်က ခုနစ်သက္ကရာဇ် မွေးနံ့မွေးနေ့တို့ကိုပါ ပြောပြလိုက်တဲ့ အခါ ကျွန်တော်ရဲ့ မျက်နှာကို သေချာစွာကြည့်ပြီး အဲဒီ ဗေဒင်ဆရာမ ကုလားမကြီးက...

"ဆရာ ဟိုးအဝေးကြီးက လာခဲ့တာပဲ။ ဆရာ ခရီးထွက်တာ ဆက်တိုက်ဖြစ်နေပြီ။ မိဘရပ်ထံက ပြန်လာတာ မကြာသေးဘူး"

မှန်ပါတယ်။ ကျွန်တော့်ဇနီးနဲ့ သမီးကို မိဘရပ်ထံ ပို့ပြီးမှသာ ရှေ့တန်းကို ဆက်လက်ထွက်ရခြင်း ဖြစ်ပါတယ်။ ထိုဗေဒင်ဆရာမကြီးက ဆက်လက်ပြီး...

"ဆရာ အဆောင်တစ်ခုတော့ ဆောင်ထားပါ"

"ဟုတ်ကဲ့၊ ကျွန်တော် ဆောင်ထားပါတယ်"

လို့ ကျွန်တော်က ပြောပြီး အိတ်ကပ်ထဲမှ သက်စောင့်ဂါထာကတ်လေးကို ထုတ်ပြလိုက်သောအခါ...

"ဒီဂါထာလေးကလဲ ကောင်းပါတယ်။ ဗေဒင်အရ တွေ့ကြုံရတာ ဟောပြရမှာဖြင့် မိခင်ရဲ့ ထဘီအနားစ သို့မဟုတ် အနီစ၊ (သွား)အံသွားကို လက်စွပ်ကွင်းဝတ်ပြီး ဆောင်ထားက ပိုကောင်းပါတယ်။ ဆရာ့ အသက်အန္တရာယ်အတွက် စိုးရိမ်စရာ မရှိပေမယ့် အနည်းဆုံး ထိခိုက်ဒဏ်ရာတော့ ရနိုင်တယ်။ သွေးထွက်သံယိုမြင်တယ်။ ဗေဒင်အရ ပြောတာနော်။ ဒါပေမယ့် ယတြာတွေက ပပျောက် ပေးပါလိမ့်မယ်"

ကျွန်တော်ကလဲ မိခင်ကြီးပေးတဲ့ အံသွားကို လက်စွပ်ကွင်းဝတ်မယ်ဆိုပြီး အိမ်က သေတ္တာထဲမှာ သိမ်းထားမိပါတယ်။

ကျွန်တော်နဲ့အတူ မိခင်ရဲ့ ထဘီအထက်ဆင်စ သူ ဟောသလို အနီစ မဟုတ်ပါ။ အနီစကတော့ ကျွန်တော်တို့ တပ်မတော်သားတွေအတွက် ထုတ်ပေးထားတဲ့ လည်စည်းအနီရောင်စကတော့ ရှိပါတယ်။

ဒါကလဲ မခက်ခဲပါ။ ဗေဒင်အရ မိခင်ရဲ့အံသွားကို လက်စွပ်ကွင်း မဝတ်ရသည့်တစ်ခုသာ လိုပါတယ်။ ဘယ်လက်မောင်းမှာ မိခင်ရဲ့ထဘီစကို ကျစ်ထားပြီး ချည်ထားပါတယ်။ ညာဘက်အိတ်ကပ်ထဲမှ သက်စောင့် ဂါထာတော်ကတ်ပြား သက်စောင့်ဂါထာတော်ကို အလွတ်ရတစ်ချက် မရတစ်ချက် ရှေ့တန်းထွက်မှ ကျက်ရမှတ်ရတယ်။

(၁၀-၅-၂၀၀၂)နေ့တွင် ရှေ့တန်းထွက်ခဲ့ရသော်လဲ လနဲ့ချီပြီး ကြာခဲ့ရပါတယ်။ တနင်္သာရီတိုင်းဒေသကြီး ကျောက်တစ်လုံးကြီးခွင်မှာ ၁၁-၆-၂၀၀၂နေ့၊ မနက် (၀၂း၄၅)နာရီတွင် ရန်သူ့ဘက်မှ ချောင်းမြောင်း ပစ်ခတ်ပါတယ်။ ကျွန်တော်ရဲ့ဘေးမှ ရဲဘော်တစ်ဦး ကျဆုံးသွားခဲ့သလို ကျွန်တော့်ကိုလဲ စက်သေနတ်ကျည်များက အဆက်မပြတ် မှန်ပါတယ်။ ညာဘက်ခြေထောက် ဒူးအောက်ပိုင်း ကြွက်သားများ ပြတ်သတ်ပြီး အရိုးများ ကြေမွသွားသလို ပက်လက်အနေအထားမှ ဝမ်းလျားမှောက်အနေအထားသို့ရောက်ရှိပြီး သတိလစ် မေ့မြောသွားပါတော့တယ်။

ထိုရန်သူများ ဝင်ရောက်ပစ်ခတ်ခြင်း မပြုမီ အချိန်ပိုင်း အတိုင်းအတာအတွင်းမှာ သက်စောင့်ဂါထာတော်ကို အလွတ်ရရှိတာကြောင့် အကြိမ်ကြိမ် အခါခါ ဆိုခဲ့ပါသေးတယ်။

မင်္ဂလာဒုံစစ်ဆေးရုံကြီးတွင် တစ်လကြာမျှ ခွဲစိတ်ကုသမှု ခံယူခဲ့ရသဖြင့် ကျွမ်းကျင်သော ဆရာဝန်ကြီးများရဲ့ စေတနာ မေတ္တာကြောင့်ပင် ခြေထောက်သည် ယခင်ကကဲ့သို့ပင် အကောင်းပကတိ ဖြစ်ခဲ့ရပါတယ်။

ကျောက်တစ်လုံးကြီးခွင် ... ပျောတောတွင် ရန်သူ၏ ချောင်းမြောင်းပစ်

(စာမျက်နှာ (၁၂၆) သို့)

www.burmeseclassic.com

တဆတလ-၁၁/၂၀၀၅၊ တိုး(၁၈၇) ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၀ YR ၀၀၀၇၉၂

ကျန်းမာခြင်းသည်လာဘ်တစ်ပါး



# ဦးအောင်မြင့်
# လူပျံတော်ပတ္တမြား

သွေးဆေးမှုန့်

သွေးဆေးအဆီ

လေသက်ဆေး

နန်းတွင်းလျှာပွတ်ဆေး

သည်းခြေဆေး

ဖုန်း ၀၁-၅၄၁၁၁၆ ၀၁-၇၀၁၄၇၁
၀၁-၅၅၉၅၅၉ ၀၁-၅၄၉၁၀၁

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်အောက်ပိုင်း မသန်သည့် ဝေဒနာရှင် ဦးစိုးမြင့်အား အကြောပြုပြင်ကုသပေးနေသော ဆရာ ဦးအေးထွန်း



ဒုတိယဓမ္မဝိဇ္ဇာ ဆရာကြီး ဦးမြတ်စံ

**ကြာခဲ့ပြီလဲ ခင်ဗျား'**

○ 'ကျွန်တော့်ရဲ့ ကုသမှု သက်တမ်းဟာ (၁၀)နှစ်ခန့်(၂၀၀၀ ပြည့်နှစ်က)၊ ရှိခဲ့ပါပြီ။ ရပ်ဝေးက လာရောက်ကုသတဲ့ ဝေဒနာရှင်တွေကို ကျွန်တော့်အိမ်မှာပဲ တည်းခိုစေပြီး ကုသခွင့် ပြုထားပါတယ်။ တချို့လဲ အနီးအနားမှာ တည်းခိုပြီး ကုသမှု ခံယူခဲ့ကြပါတယ်'

▲ **'ဆရာကုသတဲ့ လူနာမှတ်တမ်း စာအုပ်မှာ "မြန်မာ့အကြောပညာ ဓမ္မဝိဇ္ဇာဥ်ကုထုံးဖြင့် ကုသပေးမည်" လို့ ဆိုထားပါတယ်။ အဲဒီကြောင့် ဓမ္မဝိဇ္ဇာဥ်ကုထုံးရဲ့ အကြောင်းကို ရှင်းပြပေးပါ ခင်ဗျား'**

○ 'ဓမ္မဝိဇ္ဇာဥ်ကုထုံးဆိုတာ ဓမ္မရေးရာနဲ့ဆိုင်တဲ့ အချက်တွေ ပါပါတယ်။ လူတိုင်းမှာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ဝိညာဉ် (၆)ပါးကနေပြီး မျက်စိအမြင်၊ နားအကြား၊ နှာအနံ့၊ ကိုယ်အတွေ့၊ လျှာအရသာ၊ စိတ်ခံစားမှုတို့အနေနဲ့ ဒုစရိုက်တွေကို မိမိစိတ်ထဲမှာ ပေါ်လာတဲ့အခါမှာ ပယ်ပယ်သွားတာ ဖြစ်ပါတယ်။

အဲဒါကို စုပေါင်းလိုက်တဲ့အခါမှာ ဓမ္မဝိညာဉ်လို့ ခေါ်ပါတယ်။ ချုပ်လိုက်ရင် စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှာဝိညာဉ်၊ ကာယဝိညာဉ်နဲ့ မနောဝိညာဉ်ဆိုတဲ့ ဝိညာဉ်(၆)ပါးကနေပြီး မျက်စိမကောင်းသူ၊ နားမကောင်းသူ၊ နှာခေါင်းအနံ့ မကောင်းသူ၊ ကာယဝိညာဉ် ဆိုးနေတဲ့ ပိုလီယို အကြောသေ၊ လေဖြတ်၊ လေငန်း ရောဂါတွေကို ကာယဝိညာဉ်ကောင်းအောင် ကာယကံမြောက် ကုသပေးခြင်းဖြစ်ပါတယ်'

ထို့နောက် ဆရာဦးအေးထွန်းထံတွင် လာရောက်ကုသမှု ခံယူနေသော ဦးစိုးမြင့်နှင့် တွေ့ဆုံမေးမြန်းခွင့် ရရှိခဲ့ပါသည်။

▲ **'လူနာရှင်အမည်က ဦးစိုးမြင့်ဖနော်၊ ဘယ်အရပ်က လာပြီး ဘာရောဂါ အတွက် လာရောက် ကုသမှု ခံယူသလဲဆိုတာနဲ့ ရောဂါအခြေအနေ ကို ကျေးဇူးပြုပြီး ပြောပြပေးပါ ခင်ဗျာ'**

○ 'ကျွန်တော့်နာမည်က ဦးစိ[illegible] ပဲခူးတိုင်းဒေသကြီး၊ [illegible] ကောက်မြို့၊ ဒေါင်းလူးကျေ[illegible] ဖြစ်ပါတယ်။ ကျွန်တော့်[illegible] အောက်ပိုင်းမသန်တဲ့ရော[illegible] နေတာ (၂)နှစ်လောက် [illegible]

ဆရာဦးအေးထွန်းဆီမှာ [illegible] ရောက် ကုသမှု ခံယူတာ [illegible] လောက်ပဲ ရှိပါသေးတယ်။ ဆ[illegible] လာပြီး မကုခင်က သွားရ[illegible] လေးတယ်။ မောတယ်။ ဆ[illegible] လာရောက်ကုသမှု ခံယူပြီးတဲ့ [illegible] ပိုင်းမှာ သွားရလာရတာ ပေ့ါ[illegible] စားကောင်းတယ်။ အိပ်ပျော်[illegible] အနေအထိုင် အတော်လေး [illegible] လက်လာတယ်။

ပထမတုန်းက ကျွ[illegible] ခြေသလုံးကြွက်သားတွေ [illegible] လောက်အောင် သိမ်[illegible] ခုတော့ ကျွန်တော့် ခြေသ[illegible] သားတွေ ပြန်လည် ဖေ[illegible] ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

...ဘောင်ဝှေးတစ်ချောင်းနဲ့ သွားလာ...ရတဲ့ ကျွန်တော့်ရောဂါဟာ ခုတော့...ရာ ဦးအေးထွန်းရဲ့ ကျေးဇူးကြောင့်...ဘောင်ဝှေး မဆောင်ရတော့ပါဘူး။

...ခုဆိုရင် ကျွန်တော့်ရောဂါဟာ ...နှစ်ပုံလောက် ကောင်းလာပြီဖြစ်... သက်သာပျောက်ကင်းတဲ့အထိ ...လက်ကုသမှု ခံယူမယ်လို့ ဆုံး...ထားပါတယ်'

▲ **'ဦးစိုးမြင့်အနေနဲ့ ကုသမှု ခံယူတဲ့ ဉာဏ်ပူဇော်ခကို ဘယ်လို ပေးရလဲဆိုတာ ပြောပြပါဦး'**

○ 'ဆရာဦးအေးထွန်း အနေနဲ့ ကုသမှုအတွက် ဉာဏ်ပူဇော်ခ ငွေကြေး သတ်မှတ်မထားပါဘူး။ သဒ္ဒါကြေး အနေနဲ့ အလှူငွေ ထည့်ဝင်ရတဲ့ သဘောပဲ ရှိပါတယ်'

▲ **'ဟုတ်ကဲ့ လူနာရှင်ဖြစ်တဲ့ ဦးစိုးမြင့်ကို အထူးကျေးဇူးတင်ရှိပါတယ်။ ဦးစိုးမြင့်လဲ ပြီးပြည့်စုံတဲ့ကျန်းမာခြင်းကို အမြန်ဆုံး ရရှိပါစေလို့ ဆုတောင်းပေးပါတယ်'**

* * *

▲ **'ဆက်လက်ပြီး ဆရာ ဦးအေးထွန်း အနေနဲ့ ဓာရကာကျင့်စဉ်နဲ့ အစီအစဉ်ရှိခဲ့ရင် ပြောကြားပေးစေလိုပါတယ် ခင်ဗျား'**

○ 'ကျွန်တော့်အနေနဲ့ သစ္စာဓိဋ္ဌာန်ပြု ထားတာ ရှိပါတယ်။ ပွင့်ဖြူမြို့နယ်၊ ပေတောကျောင်းကုန်းရွာရဲ့ အရှေ့ဘက်၊ ညောင်ပင်စောင့်ဆိုတဲ့ ကျေးရွာမှာ **ပထမ ဓမ္မဝိဇ္ဇာဆရာကြီး ဦးဘိုးကောင်းရဲ့ အိမ်တော်ဝင်းအတွင်းမှာ စင်တော်မဂ်လာ ဆိုတာ ရှိပါတယ်။**

အဲဒီမှာ ဆရာများဟာ အဓိဋ္ဌာန်ပြုကြရပါတယ်။ **"ဝေနေယျသတ္တဝါ အပေါင်းကို ကယ်တင်ရင်း ကုသိုလ်လဲရ၊ ဝမ်းလဲဝ"**ဆိုသလို ကုသရတာပါ။

ဓမ္မကျင့်စဉ်အနေနဲ့ ပတ်သက်ပြီးတော့ ဘုရားဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော်ခြောက်ပါး၊ သံဃာ့ဂုဏ်တော်ကိုးပါး၊ သမ္ဗုဒ္ဓေဂါထာတွေကို သွားလာ လုပ်ကိုင်နေရင်း နေ့စဉ် ကျင့်ဖြစ်ပါတယ်'

▲ **'ကျေးဇူးတင်ပါတယ် ဆရာ ဦးအေးထွန်းခင်ဗျား'**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့မှ ရုပ်ခာတ်ပြုပြင် ကုသရေး မြန်မာ့အကြောပြင်ပညာရှင် ဆရာ ဦးအေးထွန်းထံသို့ လာရောက် ဆက်သွယ်လိုကြပါလျှင် အောက်ပါ လိပ်စာအတိုင်း ဆက်သွယ်နိုင်ပါကြောင်း မေတ္တာ ရှေ့ထား၍ ရေးသားလိုက်ရပါသည်။

အိမ်လိပ်စာ

ဆရာဦးအေးထွန်း
(မြန်မာ့အကြောပြင်ပညာရှင်)
အမှတ်(၁၃၄)၊ အေးမြသာယာမြို့သစ်၊
(၃)လမ်း၊ ဇီးကုန်းမြို့၊ ပဲခူးတိုင်းဒေသကြီး။

ကုသခန်းနေရာ

ဆရာဦးအေးထွန်း
(မြန်မာ့အကြောပြင်ပညာရှင်)
အခန်း(၂၉)၊ ဈေးအရှေ့ဘက်တန်း၊
ရန်ကုန်-ပြည်လမ်း၊ ဇီးကုန်းမြို့၊
ပဲခူးတိုင်းဒေသကြီး။

**ဇီးကုန်း အေးမော်**

## စာရှုသူ သုတေသီ ပညာရှင်တို့ခင်ဗျား...

ဤဆောင်းပါးပါ **ပထမဓမ္မဝိဇ္ဇာ ဆရာကြီး ဦးဘိုးအောင်နှင့် ဓမ္မဝိဇ္ဇာ ဆရာကြီး ဦးမြတ်စံတို့ ၏ ဓမ္မ ဝိဇ္ဇာဥ်ကုထုံးနှင့် ဓမ္မကျင့်စဉ်တို့ကို** သိရှိသူများက ဖော်ထုတ်ရေးသား ပေးပို့ပါရန် မေတ္တာ ရပ်ခံ ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**
*စာတည်းချုပ်*



www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး မင်းယက္ခ

၏ ဘဝအတွေ့အကြုံများ ( ၂

ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)

သက္ကရာဇ် ၁၃၇၅ ခုနှစ်၊ နယုန်
ပြည့်ကျော် (၄)ရက် ကြာသပ
နေ့(၂၇.၆.၂၀၁၃)မှာ ထိုသို့
အင်္ဂါသုံးရပ်နှင့် ပြည့်စုံသော နေ့
တစ်ရက် ဖြစ်ပါသည်။

အမြိတ္တစုတ်ကြုံလျှင် မည်သ
မကောင်းသောအချက်၊
အန္တရာယ် ဟူသမျှကို ချေဖျက်
သော အစွမ်းရှိပါသည်။ အောင်
ပြီးမြောက်စေသော သိဒ္ဓိရက်ဖြ
မည်သည့်အချိန်တွင်မဆို စတင်
ပါသည်။]

သင်တန်း၏ ခေါင်းရင်းဘက်
စင်ထိုး၍ အနန္တောအနန္တငါးပါး ပွဲ(
ပြင်ရသည်။ ထောင့်(၄)ထောင့်
လမိုင်းပွဲတစ်ပွဲစီကို ဝါးလုံးကို ထိ
လေးစိတ်ခွဲ၍ ပွဲတင်ရသည်။ အ
တိုင် (၉)တိုင်စီ၊ ဖယောင်းတိုင်
တိုင်စီ ထွန်းညှိပူဇော်သည်။ အေ
သပြေနှင့် ပိတောက်ညွန့်များကို ပွဲ
တွင် ထိုးရသည်။

(ရှမ်းဆရာလေး၏ ပြောပြ
အရ သိရှိရသည်မှာ သပြေခက်
ကို ပွဲတွင်ထိုးခြင်းမှာ အောင်အ
အောင်နိမိတ်ကို ယူခြင်းဖြစ်ကြေ
ပိတောက်ကို ထိုးရခြင်းမှာ
သည် စနေနှင့် ကြာသပတေး
တပည့်၏ ပြောင်းပြန်(ကက်

ကြာသပတေးနေ့လည်းကြုံ၍၊ ရက်ရာဇာလည်းဖြစ်ပြီး အမြိတ္တစုတ်ရက်ဖြစ်သောနေ့ကို ရွေး၍ ကြာသပတေး နဝင်းစီးသော ရေတက်နေတတ် (၉း၃၀)နာရီတွင် သင်တန်းကို စ,ဖွင့်သည်။

**[မှတ်ချက် ။ ။ ထိုသို့ အချက်သုံးချက်နှင့်ဆုံသော နေ့ရက်မှာ အတော်ပင်ရှားသည်။ မြန်မာ**

## ယခင်လမှ အဆက်

တွင်းမှာ လေးထောင့်ပုံဖြစ်ပြီး တစ်တွင်းနှင့် တစ်တွင်း နှစ်တောင်စီ ခွာတူးရသည်။ လူ(၉)ယောက်ဖြစ်၍ (၉)တွင်းမှာ အံကိုက်ဖြစ်နေသည်။ တွင်း(၉)တွင်းမှ အစနှင့်အဆုံး(၃၄–တောင်၊ ၅၁–ပေခန့်)ရှိသည်။

* * *

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
|---|---|---|---|---|---|---|---|---|

www.burmeseclassic.com

**မှာ ကြာသပတေးနှင့် စနေဖြစ်၍ ပိတောက်ညွှန့်ကိုယူကြောင်း...**

**ထို့ကြောင့် အောက်လက်ငယ်သား တပည့်တို့က မတော်လှန်နိုင်ရန် ပိတောက်ညွှန့်ကို ထိုးရကြောင်း။ ထို့ပြင် သိုင်းဆရာ၊ သိုင်းသမားတို့သည် ပိတောက်သားတုတ်၊ ပိတောက်သားဓားအိမ်တို့ကို သုံးရမည်ဖြစ်ကြောင်း...**

**လှံရိုးကိုလည်း ပိတောက်သားနှင့် လုပ်ရမည်ဖြစ်ကြောင်း ပြောပြ၍ သိရှိရပါသည်။ ဒီလောက် သိုင်းပညာ တတ်ထားပြီးမှ တပည့်တော်လှန်မှာကိုလည်း ကြောက်ပုံရသည်။)**

ဆရာတော်က ရှမ်းဆရာလေး၏ မှာကြားချက်အတိုင်း ပွဲတစ်ပွဲလျှင် ငွေကျပ် (၉၀၀၀)စီ ထိုး၍ ကိုးပွဲဖြစ်၍ ကျပ်(၈၁၀၀၀)၊ ဆရာလေး လိုရာသုံးရန်ဆိုပြီး ငွေကျပ်(၉၀၀၀)ကို ထပ်ထည့်၍ စုစုပေါင်း ကျပ်(၉၀၀၀၀)(ကိုးသောင်းကျပ်) ထည့်ဝင်သည်။

**(ထိုစဉ်က ရွှေတစ်ကျပ်သားလျှင် ကျပ်(၆၀၀၀)ဈေးရှိ၍ ရွှေ(၁၅)ကျပ်သားခန့် တန်ဖိုးရှိပါသည်။ ယနေ့ခေတ် ရွှေဈေး တစ်ကျပ်သားကို (၇၅၀၀၀၀)ကျပ်နှင့် တွက်လျှင် သိန်း တစ်ရာ့တစ်ဆယ့်နှစ်သိန်းကျော်ကျော် တန်ဖိုးရှိပါသည်။)**

သိုင်းပညာကြေးမှာ အလွန်ပင်ဈေးကြီးလှသော်လည်း ဆရာတော်က များလိုက်တာဟု တစ်ခွန်းမှ မပြော။ ဈေးမဆစ်၊ ပြောသည့်အတိုင်း ပေးသည့်အပြင် အပိုင်ကြေးပင် ပေးလိုက်သေးသည်။

ဆရာတော်ကတော့ သူပြောသည့် ပညာကိုသာ တကယ်တတ်မည်ဆိုလျှင် တန်သည်ဟု သဘောထားသည်။ တပည့်များအပေါ် ထားရှိသော



ဆရာတော်၏ စေတနာမေတ္တာပင် ဖြစ်ပါသည်။

သိုင်းပညာ သင်ယူမည့် တပည့်ကြီး (၉)ယောက်က အသင့်ချုပ်ထားသော ရှမ်းအင်္ကျီ၊ ရှမ်းဘောင်းဘီ၊ ခါးစည်းအနက်တို့ကို ဝတ်ဆင်ကာ တရုတ်ကင်းဘတ်ဖိနပ် အနက်ရောင်ကို စီးလျက် မျက်လုံးနေရာတွင် အပေါက် ဖောက်ထားသော အနက်ရောင် ခေါင်းစွပ်ချွန်ချွန်ကို စွပ်လိုက်ရပါသည်။

သင်တန်းသားများကို မြင်ရသည်မှာ ဂျပန်ဇာတ်ကားများထဲမှ နင်းဂျားများ၊ လူသတ်သမားများ၊ လူဆိုးများနှင့် တူနေပါတော့သည်။

အသက်ငါးဆယ်ကျော်၊ လေးဆယ်ကျော်များက အသက်သုံးဆယ်ကျော်ရှိပြီဟုဆိုသော ရှမ်းဆရာလေးကို ထိုင်ကန်တော့ကြရသည်။ ဆရာလေးက ရှေးသိုင်းဆရာများ ရွတ်လေ့ရှိသော အမိန့်ပြန်တမ်းကို အသံနေ အသံထားကောင်းကောင်းဖြင့် ခံ့ခံ့ညားညား ရွတ်ဆိုသည်။

'ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ ကမ္ဘာမြေပိုး ဖြန်းဖြန်းကျိုးအောင် တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ခုနစ်ဆူသော ဘုရားရှင်ကိုယ်တော်မြတ်တို့၏ အမိန့်တော်၊ စတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာနှစ်ဆယ်တိုင်အောင် နတ်ဗြဟ္မာမင်းကြီးများ၏ အမိန့်တော်...

ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရ ဟူသော နတ်မင်းကြီးလေးပါးတို့၏ အမိန့်တော်၊ သူရဿတီနတ်၊ မဟာပိန္နဲနတ်၊ သိကြားနတ်၊ ဣန္ဒကာနတ် ထိုနတ်မင်းကြီးများ၏ အမိန့်တော်...

ပထမံဘိုးဘိုးအောင်၊ ရက္ခန်းစင်တောင် ဆရာတော် ဦးဩဘာသ၊ ဆံရှည်ကိုယ်တော် ဦးကောဏ္ဍည၊ ဦးဥက္ကံသ၊ ဦးဓမ္မစာရီ၊ ဓမ္မစေတီမင်းခေါင်၊ ရှင်မထီး၊ ရှင်အဇ္ဇဂေါဏ၊ ဘားမဲ့ဆရာတော် အစရှိသည့် ထွက်ရပ်ပေါက် (၆၄)ယောက်တို့နှင့်တကွ ဆရာကောင်းတို့၏အမိန့်တော်...

သိုင်းဗန်တိုဗန်ရှည် ပညာရပ်တို့ကို ပိုင်ဆိုင်တော်မူကြသော နတ်ကောင်းနတ်မြတ်တို့သည် မကြာချက်ချင်း ရောက်စေသာ်ဝ်...

ထိုသို့သော အမိန့်ပြန်တမ်းကို ရှမ်းဆရာလေးက ဟိတ်ဟန်အပြည့်ဖြင့် ရွတ်ဆိုပြီးနောက် အောက်ပါ သိုင်းသစ္စာ(၅)ချက်ကို ဆရာကတိုင်ပေးရာ တပည့်ကြီး(၉)ဦးက လိုက်ဆိုကြရသည်။ သိုင်းသစ္စာ (၅)ချက်မှာ ÷

"ကျွန်ုပ် စောလိမ်လူထံတွင် ကိုးတွင်းအောင်းသိုင်းပညာကို သင်ယူကြသော တပည့်တို့သည် ÷

၁။ အနန္တငါးပါးအပါအဝင် ခင်ပွန်းကြီးဆယ်ပါးအား ဤပညာဖြင့် မပြစ်မှားပါ။

၂။ ပညာသင်ယူနေစဉ် ဆရာအားစောဒကတက်ခြင်း၊ ဒေါသထွက်ခြင်း၊ ဘေးလူ စွက်ဖက်ခြင်း၊ ပညာစမ်းသည့် သဘောဖြင့် ဝေဖန်ဆန့်ကျင်ခြင်း၊ မေးမြန်းခြင်းတို့ကို မပြုလုပ်ပါ။

၃။ မျက်ရည့်ပေါက်ကြီးငယ် သုံးခါ မကျမချင်း ဤကိုးတွင်းအောင်း

www.burmeseclassic.com

ပညာကို ထုတ်မသုံးပါ။ တစ်ဖက်သားအား ဤပညာဖြင့် နိုင့်ထက်စီးနင်း မပြုလုပ်ပါ။

၄။ သေရည်သေရက် သောက်စားခြင်း၊ သူတစ်ပါးသားမယား သားပျိုသမီးပျိုတို့ကို စော်ကားပြစ်မှားခြင်းတို့မှ လုံးဝ ရှောင်ကြဉ်ပါမည်။

၅။ ဆရာ၏ ခွင့်ပြုချက်မရဘဲ ဤကိုးတွင်းအောင်းပညာကို ပြန်လည်သင်ကြားခြင်း မပြုလုပ်ပါ။

အထက်ပါ သစ္စာများကို စောင့်ထိန်းနိုင်ပါက ကျွန်ုပ်သည် ကိုးတွင်းအောင်းသိုင်းပညာကို တစ်ဖက်ကမ်းခတ်တတ်မြောက်သော ဆရာကြီးတစ်ဦး ဖြစ်ရပါစေသတည်း။

အကယ်၍ သစ္စာမတည် ကျိုးပေါက်ခဲ့သော တုတ်၊ ဓား၊ လှံ၊ သေနတ် အစရှိသည့် လက်နက်ထိ၍ သေလျှင်လည်း အပါယ်ငရဲသို့ ရောက်ရပါစေသတည်း''

ရှမ်းဆရာလေးက တပည့်တို့အား ဤသို့ သစ္စာပေးပြီးနောက် အောက်ပါမန္တန်ကို ရွတ်ဆိုသည်။

'ဥုံ ဇမ္ဗူဒီပေ ကျွန်းအောင်မြေတွင်၊ သင်္ချိုင်းသချိုင်းများစွာ အနန္တ နတ်ဒေဝတို့...

တပည့်တို့အား စောင်မကြည့်ရှု အောင်ဇေယျတုဖြင့် အောင်ဆုချမ်းသာ မင်္ဂလာကို မကြာနှေးညှ မ,စေသော်ဝ်၊ တပည့်တို့အား ကျိုးစီးပွားလည်း ထင်ရှား ယခု နတ်တို့ဆုဖြင့် ယခုလျှင်စော ပေးစေသော်ဝ်...

ဘယရောဂါ ဘေးရန်ကွာ၍ ကျန်းမာစေချင် နတ်ရေစင်ဖြင့် နတ်ရှင်ယခု သွန်းစေသော်ဝ်၊ ကြံတိုင်းလည်းမြောက် တ,တိုင်းရောက်၍ ထွန်းတောက်ဝင်းပြောင် ကိုယ်တော်ရောင်ဖြင့် ဆောင်စေသော်ဝ်...

ဩော်... ဆရာတဇော် အာနုဘော်လည်း ထင်ပေါ်တန်ခိုး ကြီးစေသော်ဝ်...



နောင်အိမ်ကြိုးကွင်း သံခြေကျင်းလည်း ရှင်းရှင်းကျွတ်၍ လွတ်စေသော်ဝ်၊ တောဝယ်နေငြား မြွေကင်းဖားနှင့် သစ်ကျားသမင် ကြည့်မမြင် နတ်ရှင်ဆီး၍ ဟန့်စေသော်ဝ်...

ဓားလုံလေးမြား ပီးပွားကာစ သစ်ချွန်သေနတ် သူ့ကြောင့်စသည့် မရှမထိ ပြီးစေသော်ဝ် အမြောက်စိန်ပြောင်း ပစ်ချရှောင်းလည်း မရောက်ကိုယ်နှင့် ဝေးစေသော်၊ ကြည့်လျှင်မမြင် ဖမ်းလျှင်မမိ အန္တိ ဆာယာ ဆိုရာမှာလည်း လိုရာတတိုင်း ပြီးစေသော်ဝ်၊ ကုတ္တိရာဇာ သဗ္ဗမှာလည်း မျက်နှာမြင်လျှင် ချစ်ခင်သနား ရှိစေသော်ဝ်...

မင်းဘေးရေမီး ခိုးသူကြီးလည်း မနီးဝေးကာ ပျောက်စေသော်ဝ်၊ အမှောင့်အဟန့် ဟစ်တိုင်းတန့် ထိတ်လန့်ရန်သူ ကြောက်စေသော်ဝ်၊ သစ်ကျားကြံ့ဆင်၊ ဝေးကာမြင်၊ နတ်ရှင်စီး၍ ခြောက်စေသော်ဝ်...

ဥပဒ်အန္တရာယ် ရှင်းရှင်းပယ် ကိုယ်ဝယ် မရောက် ပျောက်စေသော်ဝ်၊ နတ်များတကာ စုဝေးလာ၍ များစွာစောင့်ရှောက် မ,စေသော်ဝ်။ နတ်ဆေးနတ်ဝါး နတ်မန္တရားဖြင့် နတ်များခြံရံ နတ်မန္တန်ဖြင့် နတ်မွန်စောင့်ရှောက် မ,စေသော်ဝ်...

ဩော်...ဇေယျတု၊ ဇေယျတု၊ သဗ္ဗမင်္ဂလ္လ၊ မဟာရက္ခန္တု၊ ဩော်င်း...ဒူရေ...ဒူရေ... သွား...ဟုံ...ဟုံ...'

ဟူ၍ အဟိန်းအဟောက်တို့ဖြင့် မာန်ပါပါ ရွတ်ဆိုသောကြောင့် ကြားရသူအပေါင်းမှာ ကြက်သီးမွေးညင်းပင် ထလောက်ပါသည်။

ဤသို့ အမိန့်ပြန်ခြင်း၊ သစ္စာဆိုခြင်း၊ မန္တန်ရွတ်ခြင်းတို့ကို ဆောင်ရွက်ပြီးလျှင် ''ကိုးတွင်းအောင်းပညာ သိုင်းမဟာ'' သင်တန်းကြီးကို စတင်ပါတော့သည်။

သင်တန်းသား (၉)ယောက်သည် နံပါတ်(၁)တွင်းနှင့် (၂)တောင်ကွာနေရာတွင် နေရာယူ၍ အသက်အကြီးဆုံး ဆရာကြီးဦးငွေသိန်းမှ အစပြုကာ နံပါတ်(၁)တွင်းထဲသို့ ခြေစုံ ခုန်ချရပါသည်။

ထို့နောက် တွင်းပေါ်သို့ ခြေစုံခုန်၍ တက်ရပါသည်။ ထို့နောက် တွင်း(၂)မှ တွင်း(၉)သို့ ရောက်အောင် ခုန်ရပါသည်။

တွင်း(၉)မှ ပြန်တက်ပြီးလျှင် တွင်း(၁)ထိပ်သို့ သွား၍ အစမှ ပြန်ခုန်ဆင်းခုန်တက် ပြုလုပ်ရပါသည်။ ဦးငွေသိန်းနောက်မှ ဆရာဦးတင်ညွန့်၊ ဆရာဦးချစ်တင်တို့က တစ်ယောက်ပြီး တစ်ယောက် ဆက်တိုက် လေ့ကျင့်ကြရပါသည်။

ဒီလိုနှင့် မွန်းတည့်(၁၂)နာရီအထိ တွင်း(၉)တွင်းကို ဆင်းလိုက်၊ တက်လိုက်ဖြင့် လေ့ကျင့်ရသည်မှာ ဝတ်စုံများပင် ရွှဲနေပါတော့သည်။ ခေါင်းစွပ်စွပ်ထား၍ အသက်ကို ဝအောင်မနည်း ရှူသွင်းရှူထုတ် လုပ်နေရသည်။

မောလွန်း၍ အသက်ကို ပါးစပ်နှင့်ပင် ရှူနေရသည်။ (၁၂)နာရီထိုးသည်နှင့် နားခွင့်ရသည်။ ခေါင်းစွပ်ကို ကမန်းကတန်း ချွတ်၍ အသက်ကို တဝကြီး ရှူသွင်းရှူထုတ် လုပ်နေရသည်။

ရွှေလ ဆက်ဖတ်ပါရန်

**ဆရာကြီး မင်းယက္ခ**
***(တိုက်ပွဲဝင်)***



www.burmeseclassic.com

www.burmeseclassic.com



မြင့်ဟိန်းကျော်
(ကသာမြေ)

# မိုးနိမိတ်

**မိုးထိတ်စရာမလို**

မြန်မာနိုင်ငံ၏ လေးပုံ သုံးပုံမျှသော လူဦးရေတို့သည် ကျေးလက်နေပြည်သူများဖြစ်ကြပြီး စိုက်ပျိုးရေးကို အဓိက အခြေခံ၍ စားဝတ်နေရေး၊ စီးပွားရေးတို့ကို လုပ်ကိုင်နေကြသူများ ဖြစ်ကြပါသည်။ ကျေးလက်ပြည်သူတို့၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှု လျှော့ချရေးတွင် အောင်မြင်သော စိုက်ပျိုးရေးကို ဆောင်ရွက်လုပ်ကိုင်နေကြရန် လိုအပ်ပါသည်။ စိုက်ပျိုးရေးကို အောင်မြင်စွာ လုပ်ကိုင်နိုင်ရန်မှာ မိုးလေဝသ အခြေအနေများကို အနီးကပ်ဆုံး မှန်ကန်အောင် အကဲခတ် ခန့်မှန်းနိုင်ရန် လိုအပ်ကြောင်း အထူးပြောရန်မလိုပါ။

ကျေးလက်နေ တောင်သူလယ်သမားများသည် ကျွဲနွားများနှင့်ဖက်၍ ရွှံ့တော ဗွက်တောတွင် ပင်ပန်းဆင်းရဲစွာ အလုပ်လုပ်ကြရပြီး ရာသီဥတု မညီမျှ၍ မျိုးစားပင် ပြန်မရလျှင် လုပ်သမျှဒုက္ခနှင့် ကြုံကြရပါသည်။ ထိုသို့မဟုတ်ဘဲ မြေကြီးက ရွှေသီးစေရန်မှာ ရာသီဥတုကို ကြိုတင် အကဲခတ်နိုင်ရေးနှင့် မျိုးနှင့်မြေ လိုက်လျောညီထွေဖြစ်စေရန် ရွေးချယ်ခန့်မှန်းမှု မှန်ကန်စေရန် လိုအပ်လှပါသည်။

မိုးနှင့်နွားသိုး အစိုးမရဟုဆိုသော်ငြား လိမ္မာပါးနပ်သော လူသားများသည် ကိုယ်စိုက်ပျိုးမည့် မြေအနေအထား၊ စိုက်ပျိုးမည့်သီးနှံ လိုက်ဖက်ညီရန်နှင့် မိုးလေဝသခန့်မှန်းမှုများတွင်လည်း ရာနှုန်းပြည့်လောက် နီးပါး မှန်ကန်သော ရှေးလူကြီးသူမတို့၏ အစဉ်အဆက် အသုံးပြုခဲ့ကြသော ရိုးရာနည်းစနစ်များကို ယနေ့အချိန်တိုင်အားကိုး အသုံးပြုနေကြဆဲ ဖြစ်ပါသည်။

မြန်မာ့ရိုးရာ မိုးလေဝသခန့်မှန်းမှုများတွင် ရေဦး၊ ရေလယ်၊ ရေနှောင်းနှင့် မိုးဦး၊ မိုးလယ်၊ မိုးနှောင်းတို့တွင် မည်သည့်ရာသီတွင် ရေမိုးတို့ ကောင်း မကောင်း သိနိုင်ရန် နှစ်ဆန်းစရက်များကို အထူးသတိပြု၍ ကြည့်ရှုမှတ်သားကြပါသည်။

နှစ်ဆန်းတစ်ရက်မှစ၍ ရေတိုးရေကျ မှတ်သားခြင်း၊ မိုးရွာရက်နှင့် မိုးအနည်းအများမှတ်သားခြင်းတို့ပြု၍ ရေမိုးတို့ကို ခန့်မှန်းကြသည်လည်း ရှိ၏။

ရွာသွန်းသော မိုးအမျိုးအစားများနှင့် ပတ်သက်၍...

၁။ ကြီးမားသော မိုးပေါက်ကြီးများ ရွာခြင်း။
၂။ မိုးသေးမိုးဖွဲလေးများသာ ရွာခြင်း။
၃။ ရေအိုးရေစည်တို့ကို သွန်မှောက်ချလိုက်သကဲ့သို့ ရွာခြင်း။
၄။ မနည်းလွန်း မများလွန်း အလယ်အလတ် ရွာသွန်းခြင်း။
၅။ စိုရွဲလိုသောသူ၊ စိုရွဲလိုသောနေရာကိုသာ ရွာသွန်းခြင်း။
၆။ မိုးသီးမိုးခဲ ရေခဲတုံးများကဲ့သို့ ရွာသွန်းခြင်း

ဟူ၍ အမျိုးအစားများ ခွဲခြား မှတ်သားမှုများလည်း ရှိခဲ့ကြသည်။

လေ့သင်းဝန်မင်း၏ မိုးအဟော လင်္ကာမှာလည်း ကျေးလက်ပြည်သူတို့ အမှတ်အသား ပြုကြပါသည်။ ထို လင်္ကာမှာ...

'စောင်းဆရာ ယားနာနှင့်ပွေး၊ ပါဒရက်၊ ပုရွက်၊ ပလူနှင့် ဖားအနူ ဤရှစ်မျိုးကို မိုး အဟောအမှန် မှတ်လိုက်ပါ ဆုံးဖြတ်ချက်ရေး'

ဟူ၍ ဖြစ်ပါသည်။

**ထိုလင်္ကာ၏ အဓိပ္ပာယ်မှာ...**

စောင်းတူရိယာ၏ ကြိုးများ အလိုလို အလျှော့အတင်း ဖြစ်နေခြင်းကို ကြည့်၍ စောင်းဆရာသည် ရာသီဥတုကို ခန့်မှန်းနိုင်သည်။

ပွေး၊ ဝဲ၊ ယားနာနှင့် ပါဒရက်နာ၊ နူနာရောဂါသည်များမှာလည်း မိုးရွာမည့်အနေအထားရှိလျှင် ရောဂါတိုးလာသောကြောင့် သူတို့ကို ကြည့်၍လည်း မိုးကို ခန့်မှန်းကြသည်။

ပုရွက်၊ ပလူ၊ ဖားတို့မှာလည်း မိုးရွာမည့်အခြေအနေတို့ကို ကြိုတင်သိရှိကြပြီး အစားအစာများ စုဆောင်းကြခြင်း၊

www.burmeseclassic.com

ပျော်ပါးမြူးတူးကြခြင်း၊ အသိုက်အမြုံ တို့ ပြောင်းရွှေ့ကြခြင်းတို့ကို သတိပြု ကြည့်ရှု၍လည်း ခန့်မှန်းသိရှိနိုင်ကြောင်း လင်္ကာလေးဖြင့် ရေးစီမှတ်ခဲ့ခြင်းပင် ဖြစ်လေသည်။

ထီးချိုင့်နတ်စိုးအမည်ဖြင့် တည် တောဆရာတော် ရေးသားပြုစုတော် မူခဲ့သော ဗုဒ္ဓဘာသာ မူလ သင်ခန်းစာ နှင့် လောကီမှတ်ဖွယ် အသွယ်သွယ် စာအုပ်တွင်...

'ကေန်ရှာသား မြစ်နားရေစမ်း နှစ်ဆန်းကာစ သုံးထပ်ချ ဗုဒ္ဓထပ်ရာ မိုးလပါ သေချာရောက သွင်း'

ဟူ၍ နှစ်ဆန်းတစ်ရက်နေ့ ကျ ရောက်သော နေ့ရက်မှစ၍ ဆယ့်နှစ်လ ရာသီခွင်တွင် လင်္ကာအတိုင်း အစဉ် လိုက် လက်ယာရစ် ရေးသွင်းသွားရ မှာဖြစ်ပြီး ဗုဒ္ဓဟူးနံ သုံးထပ်ကျရာ လရာသီတွင် ရေမိုးများမည်ဖြစ်ကြောင်း ပြဆိုထားပါသည်။

လွယ်ကူရှင်းလင်းစေရန် **နှစ်ဆန်း တစ်ရက်နေ့ကို တနင်္ဂနွေနေ့အဖြစ် သတ်မှတ်၍** ဇယားပုံစံ နမူနာကို ဖော်ပြလိုက်ပါသည်။

* * * ⟶

တန်ခူးလတွင် တနင်္ဂနွေမှစ၍ အစဉ် အတိုင်း လက်ယာရစ် လင်္ကာပါစာများ ကို ချလိုက်သောအခါ **နယုန်လနှင့် သီတင်းကျွတ်လ၊ တပို့တွဲလတို့တွင်** ဗုဒ္ဓဟူးနံထပ်လျက်ဖြစ်သည်ကို တွေ့ရ သောကြောင့် ယင်းလများတွင် ရေ မိုးများနိုင်ကြောင်း ခန့်မှန်းနိုင်သည်။

မြန်မာ နှစ်ဆန်းတစ်ရက်နေ့တွင် ကြုံသောနေ့ကိုမှတ်၍ နိမိတ်ဖတ်ရ သော ဗေဒင်အဟော လင်္ကာလေး တစ်ပုဒ်ကိုလည်း တွေ့ခဲ့ဖူးသည်။ ထို လင်္ကာမှာ...

'နှစ်ဆန်းရက်တွင် နဂါးအဝင်ကြုံလျှင် မိုး မကောင်း ဘေးအန္တရာယ် အသွယ်သွယ် ပြည်နယ် များတတ်ကြောင်း ကြွက်နှင့် ဂဠုန် နှစ်ဆန်းကြုံ သုံးပုံ ရွှေမိုးကောင်း ဥပဒ်ကင်းစင် သာစည်ပင် ပြည်ခွင်အေးငြိမ်းကြောင်း နှစ်ဆန်းရက်ဦး ကျားနှင့်ပူး မိုးဦး မိုးနှောင်း ကောင်း'

ဟူ၍ ရေးစီ မှတ်တမ်းပြုခဲ့ကြပါ သည်။

**လင်္ကာ၏ အဓိပ္ပာယ်မှာ...**

**နှစ်ဆန်းတစ်ရက် စနေနေ့ဖြစ်လျှင်** မိုးညံ့မည်။ တိုင်းပြည်နယ်အများ ဘေး အန္တရာယ် များတတ်သည်။

**ကြာသပတေးနှင့် တနင်္ဂနွေဖြစ် ခဲ့လျှင်** မိုးသုံးပါးလုံးကောင်း၍ တိုင်း ပြည်နိုင်ငံ အေးချမ်းသာယာ၍ စည်ပင် ဖွံ့ဖြိုးတိုးတက်မည်။


**တနင်္လာနှင့် သောကြာရက်ကြုံ လျှင်** မိုးဦးမိုးနှောင်းကောင်း၍ မိုးလယ် ညံ့နိုင်သည်။

**အင်္ဂါနေ့နှင့်ကြုံလျှင်တော့** မိုးသုံး ပါးလုံး သင့်တင့်မျှတညီညွတ်၍ တောင်သူလယ်သမားများ တိုင်းသူ ပြည်သားများ စိုက်ပျိုးသမျှ အောင်မြင် ဖြစ်ထွန်းနိုင်ပြီး ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အစစ ဖွံ့ဖြိုးတိုးတက်နိုင် ကြောင်း ရှေးသူဟောင်းတို့မှ မိုးနိမိတ် အဟောလင်္ကာကို ရေးစီမှတ်တမ်း ပြုခဲ့ကြပါသည်။

စိုက်ပျိုးရေးကို အခြေခံ၍ စီးပွားရေး လုပ်ကိုင်ကြသူများ ကျေးလက်ဒေသမှ တောင်သူလယ်သမားများ၊ တိုင်းသူ ပြည်သားများ မိုးလေဝသခန့်မှန်းမှုမှန် ကန်၍ ကြံစည်လုပ်ကိုင်ကြသမျှ အောင် မြင် ဖြစ်ထွန်းကြပါစေ...

နက္ခတ္တရောင်ခြည် စာဖတ်ပရိသတ် ကြီးလည်း အထွေထွေ ဗဟုသုတများ ပြည့်စုံကြွယ်ဝ၍ ကောင်းကျိုးလိုရာ ဆန္ဒ ပြည့်ဝကြပါစေဟု ဆန္ဒပြုလျက်...


*မြင့်ဟိန်းကျော်*
*(ကသာမြေ)*






www.burmeseclassic.com

www.burmeseclassic.com



◄ ဦးမြသန်းက မြုပ်နေသော ရှင်သီဝလိလေးများကို ပြသနေစဉ်



ရှင်သီဝလိရုပ်တုတော်လေးများကို ဂါထာအစီအရင်ဖြင့် မန်မှုတ်သပ်ဖြင့်နေစဉ် ►

# သိဒ္ဓိဝင် ရှင်သီဝလိ

မောင်မြဲအောင်ဝင်းမြန်

'တန်ဆောင်မုန်းလပြည့်'
နက္ခတ်ကြယ်တာရာတို့ စုံလင်စွာ
...လင်းတောက်ပသောလ၊ ဆေး
...သောည ထိုညတွင် မြန်မာ့ရိုးရာ
...အားဖြင့် အစီအရင်တို့ကို ဆောင်
...တတ်ကြသည်။

...သန်း၏ အသိပေးဖိတ်ကြား
...ကြောင့် မြောက်ကျိုးထောင့်မှ
... အိမ်ဂေဟာသို့ စာရေးသူ ရောက်
...

...နာတန်း မိနေပြီဖြစ်၍ တူမဖြစ်
...က တိုက်အပေါ်ထပ်သို့ ညွှန်
...သဖြင့် အသာတက်ခဲ့သည်။

...စင်ရှေ့တွင် လေးသန်းက
...တွတ် ရွတ်ဖတ်နေ၏။ သူ၏
... အသာဝင်ထိုင်ကာ မြတ်စွာ
...အား ကန်တော့လိုက်၏။
...ညှိ၍ ဖင်ချထိုင်လိုက်စဉ်မှာ
... သန်းက ရွတ်ဖတ်လျက်မှ
... ဖန်ချိုင့်ကို လက်ညှိုးထိုး၍
...

သောက်ရေထည့်သော ဖန်ချိုင့်အကြီးစားကြီးထဲတွင် ရေအပြည့်နီးပါးရှိ၏။ ရေမျက်နှာပြင်ပေါ်တွင် အဆောင်ရှင်သီဝလိရုပ်တုများ အရွယ်စားစားပုံစံအဖုံဖုံ တွေ့မြင်ရ၏။

အဆောင်တို့မည်သည် ကိုယ်နှင့်အတူ ဆောင်ယူတတ်ကြစမြဲဖြစ်၍ လက်တစ်ဆစ်မျှလောက်ကိုသာ ထုတတ်ကြ၏။

ယခု အချို့ ရှင်သီဝလိရုပ်တုတော်မှာ လက်လေးလုံး လက်တစ်ဝါးမျှထိပါရှိ၏။ ပရိက္ခရာရှစ်ပါးကိုလွယ်လျက် တောင်ဝှေးကို ထောက်ကိုင်ကာ ယပ်ကို ထမ်းထားသော ပုံတော်များပင်ဖြစ်သော်လည်း အချို့ကား ကျားပေါ်ရပ်လျက်၊ အချို့ကား ခြင်္သေ့ပေါ်ရပ်လျက်၊ အချို့ကာ ကြွက်ပေါ်ရပ်လျက်စသည်ဖြင့် တွေ့ရပြန်၏။

'ဒီမယ်'

လေးသန်းက ရွတ်ဖတ်သရဇ္ဈာယ်မှုကို ခေတ္တ ရပ်ကာ ဖန်ချိုင့်၏ အလယ်ပိုင်းဆီသို့ လက်ညှိုးထိုးပြရာ ရေမျက်နှာပြင်ပေါ်မှ ရှင်သီဝလိ ရုပ်တုတော်များမှ အာရုံပြောင်းကြည့်လိုက်ရာ လက်တစ်ဆစ်ခန့် ရှင်သီဝလိကိုယ်တော်တစ်ဆူမှာ အောက်မကျ အထက်မတက် ရေလယ်တွင် တန့်ရပ်၍နေသည်။ ရှာန်ကြွနေသည်နှင့် တူတော့သည်။

ဖန်ချိုင့် အောက်ခြေတွင်လည်း ပြုတ်ကျနေသော ရှင်သီဝလိရုပ်တုတော်အချို့ကို တွေ့လိုက်ရ၏။ လေးသန်းမှာ ဆက်လက်ရွတ်ဖတ်သရဇ္ဈာယ်နေ၏။ ရေလယ်တွင် ရပ်တန့်နေသော ရှင်သီဝလိကိုယ်တော်လေးမှာ ဖြည်းညင်းစွာ နစ်ကျသွားကာ ဖန်ချိုင့်အောက်ခြေပြင်ဝယ် လဲလျောင်းသွားတော့သည်။

ရှင်သီဝလိရုပ်တုတို့မှာ သစ်ဖြင့် လုပ်ထားကြသည်မို့ ရေတွင် ထည့်လျှင်ဘောတိုက်လဲလျောင်းလျက်သာ တည်ကြသည်။ ထောင်လျက်လည်း တည်

www.burmeseclassic.com

အောက်ခြေသို့လည်း မကျသော သဘာဝများ ဖြစ်ကြ၏။

သို့သော် စာရေးသူ၏ မျက်စိရှေ့မှာပင်လျှင် နစ်မြုပ်ကာ အောက်ခြေ၌ တည်သွားလေပြီ။

'ဒါတွေက လေးသန်း ရွတ်ဖတ်သရဇ္ဈာယ်တဲ့အတွက် အောက်မှာ တည်ကုန်ကြတာပေါ့နော်'

ရေသောက်၍ အမောဖြေနေသော လေးသန်းအား စူးစမ်းမေးမြန်းကြည့်မိ၏။

'ရှင်သီဝလိ ကိုယ်တော်လေးတွေ သိဒ္ဓိတင်တာပါ'

'ဩော် ဘယ်လိုများတင်တာလဲ'

'ရှင်သီဝလိဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်ရပါတယ်'

'အစီအစဉ်လေး ပြောပြပါဦး'

'မိမိတို့ နှစ်သက်ရာတစ်နေ့နေ့ အထူးသဖြင့် အခုလို နက္ခတ်တာရာ စုံလင်တဲ့ တန်ဆောင်မုန်းလပြည့်နေ့လို အခါမျိုးမှာ မြတ်စွာဘုရားရှင် ရှေ့တော်မှာ ဘုရားရှင်နဲ့ ရှင်သီဝလိ ကိုယ်တော်ကြီးကို ရည်မှန်းပြီး ဆွမ်း၊ ရေချမ်း၊ ပန်း၊ သစ်သီးကိုးမျိုး၊ အုန်း၊ ငှက်ပျောကန်တော့ပွဲတစ်ပွဲ လှူဒါန်းရပါမယ်။

ရာသီပေါ် သစ်သီးတစ်မျိုးမျိုးကို မိမိတို့ စေတနာ ထက်သန်သလောက် ပုံတိုက်ပြီး တင်လှူရပါမယ်။

ဥပမာ လိမ္မော်သီးတစ်တောင်း၊ သရက်သီးတစ်တောင်း၊ ငှက်ပျောခိုင် စသဖြင့်ပေါ့။ ပြီးတော့ ဆန်(၃)ပြည် တင်ထားရမယ်။ မနက်ကျ အဲဒီဆန်(၃)ပြည်ကို ချက်ပြီး သံဃာတော်များကို လောင်းလှူရန် ဖြစ်ပါတယ်။

ကျုပ်ကတော့ ရှင်သီဝလိကိုယ်တော်ကြီး အတွက် ပရိက္ခရာရှစ်ပါးနဲ့ ရေစစ်တောင်ဝှေးတို့ကိုပါ ကပ်လှူပူဇော်ပါတယ်။

ဒါတွေပြီးတော့ ရှင်သီဝလိကိုယ်တော်များကို ခွက်တစ်ခုမှာထည့်ပြီး သနစ်ချေရပါတယ်။

"ဥုံ သနာ သန ပရိသန ဒေဝသန
သဗ္ဗသတ္တာရ၊
ရှသန သနကြီးငယ် ထောင်သောင်း
သနပေါင်းများစွာ ကျေဆရာကျေ ပြေဆရာ
ပြေ"

ဆိုတဲ့ ဂါထာနဲ့ (၃၇)အုပ်မန်းပြီး သနစ်ချေရပါတယ်။ အဲဒီလို သနစ်ချေပြီးတဲ့ ရုပ်တုတော်များကို ရေအပြည့်နီးပါး ထည့်ထားတဲ့ ရေချိုင့်ထဲမှာ ထည့်ရပါတယ်။

အဲဒီအခါ ရေပြင်ပေါ်မှာ တည်နေတဲ့ အဆောင်ရုပ်တုတော်လေးများ မြုပ်တဲ့အထိ အောက်ပါ သိဒ္ဓိတင်ဂါထာ (၂)ပုဒ်ကို ရွတ်ရပါတယ်။

၁။ ဥုံ သီဝလိစ မဟာလာဘံ ဣန္ဒာဒေဝါ
သပြဟ္မကာ၊
မနသာ ပုရိသော ဣတ္ထိ မဟာလာဘံ
ဘဝိဿတိ။

၂။ ဥုံ အရှေ့မှာဘုရား၊ အနောက်မှာတရား၊
တောင်မှာ ပစ္စေကဗုဒ္ဓါ၊ မြောက်မှာ ရဟန္တာ၊
အလယ်ကဝါ ကွယ်ဆရာကွယ်၊ ကာဆရာ
ကာ။

၃။ ဘုရားသခင် ရွှေပလ္လင် အောင်မြင်သောအခါ
သိကြားလာ၍စောင့် ဥုံ ဂဠုန်အမှုမှ ဩကာ
သေ တိဋ္ဌာဟိ၊
သုဏာတု မေ ဘန္တေ သံဃော၊ သောသော၊
သသ အအာ ဣဏှ္နိ နိရုန္ဓုသော၊
နမော ဗုဒ္ဓါယ သဗ္ဗသိဒ္ဓိ ကိံစ္စ အာဒိပု
သွားဟာ နမောဗုဒ္ဓါယ မံ ရက္ခန္တု တေသဒ္ဓါ။

ဂါထာသုံးပိုဒ်ကို ရေချိုင့်ထဲက ရှင်သီဝလိကိုယ်တော်များကို အာရုံစူးစိုက်ကြည့်ပြီး စိတ်ပါလက်ပါ ရွတ်ဖတ်သရဇ္ဈာယ်ရပါတယ်'

'ဘယ်သူရွတ်ရွတ် သိဒ္ဓိဝင်ပြီး မြုပ်သွားပါသလား'

'မြုပ်တယ်လို့ ဆိုရပါမယ်။ ဒါပေမယ့် ရွတ်ပွားသူတို့ရဲ့ စရဏအားနဲ့ သဒ္ဓါအားအပေါ်မှာ အများကြီး မူတည်ပါတယ်။ ကျုပ်တို့ကတော့ ယေဘုယျ အားဖြင့် ရှင်သီဝလိအဆောင်ရုပ်တု တော်(၃)ဆူကို တစ်နာရီကြာလောက် ပါတယ်။ လက်လေးသစ်လောက်ရှိတဲ့ ကိုယ်တော်အတွက်တော့ တစ်ည တစ်ရက်လုံးလုံး ရွတ်ဖတ်ရပါတယ် ထုထည်ကြီးလို့ ထင်ပါတယ်'

'ဒီလို သိဒ္ဓိတင်တဲ့အတွက် ဘာ ထူးခြားပါသလဲ'

'ပထမဆုံး သနစ်ချေလိုက်ခြင်းအား ဖြင့် ထုလုပ်တဲ့ အသားတွေမှာ ကပ် နိုင်တဲ့ အပြစ်များ ကျက်သရေမဲ့နိုင်တာ များကို ဆေးကြောဖယ်ရှားလိုက်ခြင်း ဖြစ်လို့ သန့်ရှင်းစင်ကြယ်သွားတာပေါ့

အဲဒါကိုမှ သိဒ္ဓိတင်တဲ့အခါ ပို မြန်ဆန်လွယ်ကူ ချောမွေ့စေပါတယ် သိဒ္ဓိဝင်နေပြီဆိုတဲ့ သင်္ကေတ သစ်သားရုပ်တုတော်လေးတွေ အောက် မြုပ်သွားတာက ထင်ရှားစေ တယ်။

အဲဒီလို သိဒ္ဓိဝင်နေပြီ ဆိုမှ လာဘ်လာဘအတွက်ကတော့ ပြော စရာ မလိုပါဘူး။ ရော့ဗျား မောင်ရင် စွေးသည့် စာရေးဆရာဆိုတော့ လိုအ တာမို့...'

လေးသန်းက ရေဖန်ချိုင့်အောက် ခြေမှ လက်သန်းတစ်ဆစ်လောက် လက်ရာမြောက်သော ရှင်သီဝ အဆောင် ရုပ်တုတော်လေးတစ်ဆူ နှိုက်ယူကာ လက်ဆောင်အဖြစ် စာ သူ၏လက်သို့ ပေးအပ်ခဲ့လေသည်

စာရေးသူလည်း လေးသန်း လိုက်သည့် ရှင်သီဝလိသိဒ္ဓိဝင်အဆော ကို ရယူကာ ဝမ်းမြောက်ဝမ်းသ ပြန်လာခဲ့တော့သတည်း။

**မောင်အောင်ပင်းမန်း**





www.burmeseclassic.com


www.burmeseclassic.com

# အကြောနှင့်ဆေးပညာ ဆက်စပ်ပါ

မြန်စွာပျောက်ကင်းမှု

သရောဦးလှသိမ်း
(အကြောပညာရှင်)
[တံတားဦး အင်းဝ]

ပုံ-၁




၁။ ထုံကြော
၂။ နံ့ညင်းကြော
၃။ ပေါင်တွင်းသွေးအိမ်ကြော
၄။ ကစ်ပယ်ကြော

**[ဦးခေါင်းတစ်ခုလုံးအုံပြီး ခေါင်းကိုက်ခဲ အမြဲတမ်း မူးယစ်နေသော]**

ကျွန်တော် မန္တလေးမြို့ (၃၈)လမ်း၊ (၈၂×၈၃)လမ်းကြား ဆေးခန်းဖွင့်ထားရှိရာ တစ်နေ့တွင် ကျွန်တော်၏ မိတ်ဆွေတစ်ဦး ရောက်ရှိလာသည်။ ကျွန်တော်မှ သူငယ်ချင်းအား "ဒီဝေဒနာရှင်ကို အကြောပြုပြင်ပြီးသည်အထိ ခဏစောင့်ပါဦး" ဟု ပြောပြီး ဝေဒနာရှင်အား အကြောဆက်လက်ပြုပြင်ပေးပါသည်။

အကြော ပြုပြင်ပေးပြီးနောက် ကျွန်တော်၏ သူငယ်ချင်းမှ...

'အခုဝေဒနာရှင်က ဘာဖြစ်တာလဲ'

လို့ မေးသဖြင့်...

'သူငယ်ချင်း ငါ့ကို မေးမယ့်အစား ...ရှေ့မှာရှိနေတဲ့ ဝေဒနာရှင်ကို မေးတာ ပိုမှန်လိမ့်မယ်'

လို့ ပြောလိုက်ပါတယ်။

သူငယ်ချင်းမှ ဝေဒနာရှင်အား "ဘာဖြစ်တာလဲ" မေးတော့ ဝေဒနာရှင်...

'ဦးခေါင်းတစ်ခုလုံးအုံပြီး ခေါင်းကိုက်ခဲနေတယ်၊ အမြဲတမ်းလဲ မူးယစ်နေတယ်'

လို့ပြောပါတယ်။ ကျွန်တော့်သူငယ်ချင်းမှ "အခု အကြောပြုပြင်ပြီးတော့ ...ယ်လိုနေလဲ"

လို့ မေးတော့ "အများကြီး သက်...ကြောင်း" ပြောပြပါတယ်။

ကျွန်တော်မှ သူငယ်ချင်းအား "နောက်... ဘာသိချင်သေးလဲ"

လို့ မေးတော့ ကျွန်တော်ရဲ့သူငယ်ချင်းက...

'အခု လူနာက ခေါင်းအုံပြီး ခေါင်းကိုက်ခဲ မူးယစ်နေတာကို ဘာကြောင့် အောက်ပိုင်းတွေကို အကြာကြီး ပြုပြင်ပေးပြီး ဦးခေါင်းပိုင်းကို အနည်းငယ် ပြုပြင်ပေးရတာလဲ'

လို့ မေးပါတယ်။

ဒီတော့မှ ကျွန်တော်က...

'သူငယ်ချင်း တတ်သတာဝအားဖြင့် ဝေဖန်မယ်ဆိုရင် ဗဟိဒ္ဓအာပေါတတ်တွေဟာ ဝိတ်ဆိုထားတာကြောင့် အဇ္ဈတ္တတေဇော၊ ဝါယော၊ ဓာတ်(၂)ပါးတို့၏ အခိုးရှိန်တို့ဟာ ထွက်ပေါက်ကျယ်ရာ အထက်ကို တက်ပြီး တွန်းလှန်ထောက်ပံ့ လှုပ်ရှားတိုးတက်မှုကြောင့် ခေါင်းအုံ၊ ခေါင်းခဲခြင်း၊ မူးဝေ၊ ယစ်မူးခြင်းဖြစ်ပေါ်လာတဲ့အတွက် ခြေဖဝါးမှစပြီး အထက်ပိုင်းထိ ပြုပြင်ပေးရတာ'

ကျွန်တော့်သူငယ်ချင်းမှ ဆက်ပြီး မေးပြန်တာက...

'ခေါင်းအုံး၊ ကိုက်ခဲ၊ မူးယစ်ခြင်းအား အရက်သေစာသောက်စားပြီးတော့ မဖြစ်နိုင်ဘူးလား'

လို့ မေးတော့ ကျွန်တော်မှ...

'သူငယ်ချင်းမေးတဲ့ မေးခွန်းဟာ အလွန် သင့်လျော်တဲ့မေးခွန်းပဲ။ အာယုဗ္ဗေဒ သိရောမဏိကျမ်းအလို အရ အကြင်သူသည် ငတ်မွတ်ခြင်း၊ အခါခပ်သိမ်း၊ ကာလအမြဲမရှိ အမျက်ကြီးခြင်း၊ ကြောက်ထိတ်စိုးရွံ့ခြင်း၊ ရေငတ်ခြင်း၊ ကျင်ကြီးကျင်ငယ်၏ အဟုန်ကို တားမြစ်ခြင်း၊ နေပူခံခြင်း သေရည်သေရက်ကို မှီဝဲခြင်း ပြု၏။ ထိုသူသည် မူးယစ်သောရောဂါ မေ့လျော့သောရောဂါ၊ ပါနာဇိဏ္ဏရောဂါ၊ ပါနာဝိသမရောဂါတို့သည် ဖြစ်၏။

**အရက်ကြောင့်ဖြစ်သော မူးယစ်နာဟာ...**

(၁)ဝါတ၊ (၂)ပိတ္တ၊ (၃)ကဖ၊ (၄)သန္နိပါတအားဖြင့် မူးယစ်ခြင်း(၄)



www.burmeseclassic.com

www.burmeseclassic.com

ပါးရှိတယ်။ အဲဒီအကြောင်းတွေကိုပါ ပြောပြမယ်။

**လေကြောင့်ဖြစ်သော ဦးခေါင်းကိုက် မူးယစ်နာ...**

အကြင်သူသည် ကြို့ထိုး၏၊ မောပန်း၏၊ ဦးခေါင်းတုန်လှုပ်၏၊ နံပါးထိုး၏။ အိပ်မပျော် ကယောင်ကတမ်း မြည်တမ်း၏။ ထိုလက္ခဏာကို လေကြောင့်ဖြစ်သော ဦးခေါင်းကိုက် မူးယစ်နာဟု သိရမည်။

**သည်းခြေကြောင့်ဖြစ်သော ဦးခေါင်းကိုက် မူးယစ်နာ...**

အကြင်သူသည် ရေငတ်၏၊ ပူ၏၊ ဖျား၏၊ ချွေးထွက်၏၊ မှတွေဝေမိန်းမော၏၊ ဝမ်းအလွန်သွား၏၊ ချာချာလည်အောင် မူး၏၊ ဦးခေါင်းကိုက်၏။ ယင်းလက္ခဏာကို သည်းခြေကြောင့်ဖြစ်သော ဦးခေါင်းကိုက် မူးယစ်နာဟု သိရမည်။

**သလိပ်ကြောင့်ဖြစ်သော ဦးခေါင်းကိုက် မူးယစ်နာ...**


အကြင်သူသည် အစာမကြေ၏၊ ချဉ်သော၊ ငန်သော၊ အစာအာဟာရနှင့် ယှဉ်လျက် ပျို့အန်၏၊ မိုန်း၏၊ ကိုယ်လေး၏။ ယင်းလက္ခဏာကို သလိပ်ကြောင့်ဖြစ်သော ဦးခေါင်းကိုက် မူးယစ်နာဟု သိရမည်။

**သန္နိပါတ်ကြောင့်ဖြစ်သော ဦးခေါင်းကိုက် မူးယစ်နာ...**

အကြင်သူသည် လေ၊ သည်းခြေ၊ သလိပ်(၃)ပါးတို့၏ လက္ခဏာရောနှော၍ ဖြစ်၏။ ထိုသို့ဖြစ်ခြင်းကို သန္နိပါတ်ကြောင့်ဖြစ်သော ဦးခေါင်းကိုက်မူးယစ်နာဟု သိရမည်။

သူငယ်ချင်း မင်းမေးတဲ့ အရက်အလွန်သောက်ရင်လဲ အကြင်သူသည် နှာစေး၏၊ ဦးခေါင်း၊ ကိုယ်အင်္ဂါ၌ ကိုက်ခဲနာကျင်၏၊ ကိုယ်လေးလံ၏၊

ပုံ-၂




၁။ ဇက်တွင်းလိုင်းကြော
၂။ သလုံးမောင်းထိပ်ကြော
၃။ သလုံးမောင်းခြေကြော
၄။ ပါဒရက်ကြော

ခံတွင်းအရသာ ပျက်၏၊ ကျင်ကြီးကျင်ငယ် ချုပ်၏၊ တမှိန်းမှိန်းရှိ၏၊ ရေဆာ၏၊ အစာမကြေ၏။ ယင်းလက္ခဏာကို "ပရမဇ" ရောဂါလက္ခဏာပဲ၊ သူငယ်ချင်း မင်း ပိုသိမှာပေါ့။

အရက်များပြီဆိုတဲ့နေ့ အခု ငါပြောတဲ့လက္ခဏာတွေအားလုံး မဟုတ်တောင် သုံးပုံပုံ၊ နှစ်ပုံမဟုတ်လား'

လို့ မေးတော့ ရယ်ရယ်ပြုံးပြုံးနဲ့ "ဟုတ်ကြောင်း ဝန်ခံတယ်"။

'ကဲ ပြောတဲ့လက်စနဲ့ ဆက်ပြောဦးမယ်။

**ပါနာဇိဏ္ဏလက္ခဏာ...**

အကြင်သူသည် ဝမ်းဗိုက်အလွန်ဖောင်း၏၊ ပျို့အန်၏၊ အပူထ၏၊ အစာမကြေဖြစ်၏။ ယင်းလက္ခဏာကို ပါ[...]ဇိဏ္ဏလက္ခဏာလို့ မှတ်ပါ။

**ပါနာဝိဘမရောဂါလက္ခဏာ...**

အကြင်သူသည် ဦးခေါင်း၊ [...] ကိုယ်အင်္ဂါတို့၌ ကိုက်ခဲနာကျင်၏၊ [...] သလိပ် ခဏခဏထွေးရ၏၊ လေထ[...]၏၊ မူးဝေခေါင်းကိုက်၏၊ ပျို့အန်[...] အရက်နှင့် ချိုသောအစာကို [...] စက်ဆုတ်၏။ ထိုလက္ခဏာကို ပါ[...] ဝိဘမရောဂါလက္ခဏာလို့ မှတ်[...] သူငယ်ချင်း။ ငါသိသမျှ ခေါင်းကို[...] မူးယစ်နာအကြောင်းကတော့ [...] လောက်ပြီထင်တယ်'

လို့ ကျွန်တော်က ပြောတော့ အ[...] မှာရှိတဲ့ ဝေဒနာရှင်က...

'ဆရာ မတော်ပါနဲ့ဦး'

လို့ ပြောတော့ ကျွန်တော်မှ[...]

"ခင်ဗျား ဘာမေးစရာရှိလို့လဲ" [...]တော့ အခုလို ခေါင်းအုံ၊ ခေါင်းကို[...] ခေါင်းမူးဝေရခြင်းဖြစ်တဲ့ အကြေ[...] များ ပြောပြပါ။ ဒါမှ ရှောင်စရာရှိ[...] ရှောင်တာပေါ့'

လို့ ပြောပါတယ်။ ဒီတော့ ကျွန်[...] က...

'ကဲ သေချာမှတ်ထား...

၁။ ဆီး,ဝမ်း,လေတို့ကို အောင့်၍ အချ[...]
၂။ သွေး,လေတို့ကို ချုပ်စေတတ်သော အ[...] အာဟာရများကို စားလေ့ရှိခြင်း
၃။ အပုပ်နံ့များ ရှူရှိုက်မိခြင်း
၄။ အရွက်စိမ်း မြက်စိမ်း ရော်ဘာ[...] ရှူရှိုက်မိခြင်း
၅။ အပူအအေး မမျှတတဲ့နေရာ နေထိ[...]
၆။ ကိုယ်လက်လှုပ်ရှားမှု နည်းခြင်း
၇။ အညောင်းထိုင်များခြင်း
၈။ ပူတဲ့နေရာမှလာပြီး ရေအရင်ချိုးခြ[...]
၉။ အရက် အလွန်အကျွံသောက်ခြင်း[...]

အဲဒီအကြောင်းတွေကြောင့် [...] အုံ၊ ခေါင်းကိုက်ခြင်း၊ [...]ယစ်ခြ[...]





www.burmeseclassic.com


www.burmeseclassic.com

နိုင်ငံခြားက

# ပါရဂူဘွဲ့ နှင့်

လက္ခဏာပညာ

သရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ




လွန်ခဲ့တဲ့ (၇)နှစ်လောက်က ကျွန်ုပ်ရဲ့ လက္ခဏာဗေဒင်ဟောခန်းမှာ လာရောက်တွေ့ဆုံခဲ့တဲ့ အသက်သုံးဆယ်ကျော် အစိုးရ အရာထမ်းအမျိုးသမီးတစ်ဦးရဲ့ ဘယ်လက်ဖဝါးပုံစံကို ဖော်ပြပေးလိုက်ပါတယ်။

သူမက ဂျပန်နိုင်ငံ တက္ကသိုလ်တစ်ခုမှာ ပါရဂူဘွဲ့ သွားတက်ဖို့ကိစ္စအမြန်ဆုံး အဆင်ပြေအောင် ယတြာအစီအရင် လာရောက် တောင်းခံသူဖြစ်ပါတယ်။

**"က"**


**အက္ခရာနဲ့** ညွှန်ပြထားတာဟာ လက်ညှိုးအောက်ကြာသပတေးဂြိုဟ်ခုံမှာ ရှည်မှန်းချက်လမ်းကြောင်းဟာ လက်ညှိုးရင်းထိအောင် ရှည်လျားပြီး **စတုဂံပုံ၊ ဩောင်ရှက်ပုံသင်္ကေတတွေနဲ့** ထိစပ်နေတယ်။

* * *



www.burmeseclassic.com


www.burmeseclassic.com




ဒါဟာ ပညာရေးရည်မှန်းချက် မြင့်မားသလောက်၊ ပေါက်ရောက်အောင်မြင် ပြီးမြောက်နိုင်တဲ့ အတိတ်ကံကို ဖော်ပြနေခြင်း ဖြစ်ပါတယ်။

**"ခ" အက္ခရာ**နဲ့ ညွှန်ပြထားတာဟာ လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံမှာ အောင်မြင်ရေးလမ်းနဲ့ အကူလမ်း၊ အထောက်လမ်းတွေ ထင်ရှားအားကောင်းနေခြင်း ဖြစ်တယ်။


* * *




ဒါဟာ အောင်မြင်တိုးတက်မှုတွေရဖို့ အကူအညီ အထောက်အပံ့တွေရှိကြောင်း အားသာချက်တွေ ဖော်ပြခြင်းဖြစ်တယ်။

**"ဂ" အက္ခရာ**နဲ့ ညွှန်ပြထားတာဟာ လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ **ဗုဒ္ဓဟူးတောင်ဝှေးသင်္ကေတ** ထင်ရှား အားကောင်းနေခြင်း ဖြစ်တယ်။


* * *




ဒါဟာ ဉာဏ်ရည်ထက်မြက်ခြင်း ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်ခြင်းတို့ကို ဖြစ်စေပါတယ်။

**"ဃ" အက္ခရာ**နဲ့ ညွှန်ပြထားတာ ဖြောင့်တန်းရှည်လျားတဲ့ ဦးခေါင်းလမ်းကြောင်းရဲ့အဆုံး လက်ဖဝါးစောင်းနဲ့ ထိနေတဲ့ ကြာဖူးသင်္ကေတဖြစ်ပါတယ်။

* * *




ဒါဟာ ပညာရေးမှာ ဘွဲ့ထူးဂုဏ်ထူးတွေ ရရှိခြင်းကို ဖြစ်စေပါတယ်။ ရုပ်ရှင်အကယ်ဒမီဆုရရှိခြင်း၊ စာပေဆုတွေ ရရှိခြင်းကိုလဲ ဖြစ်စေနိုင်တဲ့ သင်္ကေတပါပဲ။

**"င" အက္ခရာ**နဲ့ ညွှန်ပြထားတာဟာ အသက်လမ်းကြောင်း အရင်းပိုင်းကထွက်တဲ့ နိုင်ငံခြားခရီးသွားလမ်း ထင်ရှားအားကောင်းခြင်း ဖြစ်တယ်။

ဒါဟာ နိုင်ငံခြားပညာတော်သင်သွားရတဲ့ သင်္ကေတဖြစ်ပါတယ်။ အစိုးရ(သို့မဟုတ်) အဖွဲ့အစည်းတစ်ခုခုရဲ့ စကောလားရှစ်နဲ့ ပညာသင်သွားရတဲ့သူတွေမှာ တွေ့ရလေ့ရှိတယ်။

နိုင်ငံခြားပညာသင် သွားလိုတဲ့ စာဖတ်သူများအနေနဲ့ မိမိတို့ရဲ့ လက္ခဏာကို ပြန်ကြည့်ပါ။ အထက်ပါ သင်္ကေတ(၅)မျိုးနဲ့ အနီးစပ်ဆုံး တူညီမှသာ ပြည်ပမှာ ပါရဂူဘွဲ့ သွားတက်ရနိုင်သူ ဖြစ်ပါမယ်။

*လက္ခဏာပညာသုတ တိုးပွားရရှိကြပါစေ။*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဓေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

စာမျက်နှာ (၁၄၀)မှ အဆက်

တာပေါ့'

လို့ ကျွန်တော်က ပြောပြီး...

'အခု ခင်ဗျား ခေါင်းအုံ ခေါင်းကိုက် မူးဝေခြင်း ဖြစ်သေးသလား'

လို့ မေးတော့ ကျွန်တော့်ရောဂါ သက်သာပျောက်ကင်းကြောင်း ပြောသလို ဝေဒနာရှင်များ၊ ဝါသနာရှင်များ အသုံးပြုနိုင်ဖို့ အကြောပြင် နှိပ်ကွက်များကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တင်ပြလိုက်ပါတယ်။

**ပထမဦးစွာ။** ။ လူနာကို ဝမ်းလျားမှောက်စေ၍ သလုံးမောင်းထိပ်ကြောကို ဖိဖိပြီး နှိပ်ပေးပါ။ (၁၅ မိနစ်ခန့်)

သလုံးမောင်းထိပ်ကြောကို ဖိနှိပ်ပြီးနောက် သလုံးမောင်းခြေကြောကို အောက်မှ အထက်ကို လိမ့်ပြီး ဖြေပေးပါ။ (၂၀ မိနစ်ခန့်)

အဲဒီနောက် **ခုံညင်းကြော** ယင်းအကြောကို ဖိဖိပြီး လှိမ့်၍ဖြပြင်ပေးပါ။ (၁၀)မိနစ်ခန့်

ပေါင်တွင်း သွေးအိမ်ကြော၊ ကပ်ပယ်အိတ်ကြောကို ဖိဖိပြီး ဖွပေးပါ။ (၅)မိနစ်ခန့်

ဖက်တွင်းလိုင်းကြောနှင့် ထုံကြောကို တစ်ခါဖိလျှင် မိနစ်ဝက်ခန့် ဖိဖိပြီး ဖွပေးပါ။ (၁၀ ကြိမ်ခန့်)

အဲဒီအတိုင်း ပြုပြင်ပေးရင် ခေါင်းအုံခေါင်းခဲ၊ မူးဝေရောဂါကို အပူကြောင့်ပဲ ဖြစ်ဖြစ်၊ အအေးကြောင့်ပဲဖြစ်ဖြစ် မည်သည့် အကြောင်းကြောင့်ဖြစ်ဖြစ် အကြောပြင်နည်းဟာ အထက်ကအတိုင်းပဲ ဖြစ်ပါတယ်။

**ဦးလှညီမိး**
*(အကြောပညာရှင်)*
**[တံတားဦး အင်းဝ]**



www.burmeseclassic.com

www.burmeseclassic.com

# မျက်စိကျိန်းအတွက်

## (စမ)ကွမ်းရွက် စီရင်နည်း

မိမိတို့ရဲ့ ပတ်ဝန်းကျင်တွင် မျက်စိကျိန်းသူ၊ မျက်စိစွံသူ၊ မျက်စိတွေဝေပြီး အမြင်မကြည်လင်ဖြစ်နေသူ၊ မျက်သားတက်လို့ မျက်စိတွေ နီရဲနေပြီး ကြည့်လို့မကောင်း ဖြစ်နေသူတို့ကို တွေ့ရှိပါက ကူညီကယ်တင်ကုသနိုင်ရန်အတွက် ဤစမကွမ်းရွက် စီရင်နည်းကို စေတနာနဲ့ ပညာဒါန ပြုလိုက်ပါတယ်။

မျက်စိကျိန်း လူနာကို ကုသမယ့် ပုဂ္ဂိုလ်ဟာ ပထမဆုံး မိမိကိုယ်ကို သန့်စင်ပြီး သောက်တော်ရေတစ်ခွက် ဘုရားလှူပါ။ ထို့နောက် ဘုရားရှိခိုး၊ ငါးပါးသီလ ခံယူကာ သစ္စာပြုပါ။

'ဥပမာ ဘုရားတပည့်တော်သည် ဤလူနာအား စေတနာဖြင့် ကုသခြင်း ဖြစ်ပါသည်။ ဤသစ္စာ မှန်ကန်ပါက မျက်စိကျိန်း ဝေဒနာ လျင်မြန်စွာ ပျောက်ပါစေသတည်း'

ဟု သစ္စာပြုပြီးနောက် ကွမ်းရွက် သန့်သန့်တစ်ရွက်ကို ရေစင်အောင် ဆေးပြီး **အချောဘက် မျက်နှာပြင်ပေါ်တွင် မိမိရဲ့ ညာလက်ညှိုးဖြင့်** အောက်ပါအတိုင်း စမများကို ရေးဆွဲပါ။

၁။ ဥုံ... ကကုသန်ဂုံမြတ်စွာဘုရားသည် တည်တော်မူပါစေသတည်း။

ဟု နှုတ်မှရွတ်ဆိုလျက် **စ,အက္ခရာ**ကိုရေးပါ။ ယင်း **စ,အက္ခရာ** အထက်ဆီမှ တစ်ဖန်...

၂။ ဥုံ... ကောဏာဂုံမြတ်စွာဘုရား တည်တော်မူပါစေသတည်း။

ဟု ဆိုလျက် **ဓ,အက္ခရာ**ကို ရေးပါ။ ယင်း **ဓ,အက္ခရာ**အထက်မှ တစ်ဖန်...

၃။ ဥုံ...ကဿပဂုံမြတ်စွာဘုရား တည်တော်မူပါစေသတည်း'

ဟု ဆိုလျက် **ဗ,အက္ခရာ**ကို ရေးပါ။ ယင်း**ဗ,အက္ခရာ**ထက်မှ တစ်ဖန်...


၄။ ဥုံ...ဂေါတမဂုံမြတ်စွာဘုရား တည်တော်မူပါစေသတည်း'

ဟု ရွတ်ဆိုလျက် **ဝ,အက္ခရာ**ကို ရေးပါ။

စမအက္ခရာများကို ရေးသားရာတွင် အပြတ်အလတ် မရှိစေဘဲ တစ်ကြောင်းတည်းဆွဲ ပုံစံအတိုင်းရေးပါ။

ပုံစံ

* * *




ကွမ်းရွက်ပေါ်တွင် စမများ ရေးဆွဲပြီးပါက လူနာကို ပက်လက်လှန်အိပ်ခိုင်းကာ လက်ဖက်ရည်ပန်းကန်တစ်လုံးထဲသို့ ဘုရားသောက်တော်ရေ အနည်းငယ်ထည့်ပြီး ကွမ်းရွက်ကို လုံးခြေကာ ရရှိသော ကွမ်းရွက်ရည်ဖြင့် လူနာအား မျက်စဉ်းခတ်ပါ။

မျက်စဉ်းခတ်ပြီးနောက် ဆရာက...

'မကောင်းသည့် အနှောင့်အယှက်များနှင့် ဝေဒနာတွေ မှုန်သမျှ ထွက်စေ၊ ပျောက်စေ'

ဟု ဆိုပြီး လူနာ၏ နဖူးကို ဘယ်လက်ဝါးဖြင့် ခပ်ဖွဖွ ရိုက်လိုက်ပါ။ အနှောင့်အယှက် ပယောဂများ ရှိပါကလည်း ထွက်ခွာသွားပါလိမ့်မည်။

ဤစမကို ဣန္ဒာသယလိုတရ ကွမ်းရွက်စမဟုလည်း ခေါ်သည်။ မိမိ ဉာဏ်ရှိသလို အသုံးပြုပါ။

**[ကျွန်ုပ်အား ဤပညာရပ်များကို သင်ပေးခဲ့သော မတ္တရာမြို့မှ ဆရာသခင် ဦးဗိုလ်အား ထာဝစဉ် ကန်တော့ ဂန်းဆင်လျက်...]**

**ဆရာသန်းဆောင်(နဂါးကန်)**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဇွန်လ

# ကျန်းမာရေးအတွက် အကြံပေးချက်များ

| ပုံရိပ် | ဝမ်းတွင်းအင်္ဂါ | အရောင် | ဂဏန်း | စားဖွယ် | အရသာ | အရပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | အူသိမ် | ရွှေဝါ | ၇ | ဆန် | အစပ် | အနောက် | ကြွက်, နွား, မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ |
| နွား | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အချဉ် | အရှေ့တောင် | မြွေ, ကြွက်, နွား | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ကျား | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အချဉ် | အရှေ့တောင် | နဂါး, မျောက်, ကြွက် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ယုန် | နှလုံး | အနီ | ၉ | ပြောင်း | အခါး | တောင် | မြင်း, ခွေး, ကျား | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| နဂါး | ဆီးအိမ် | အပြာ | ၁ | ပဲအမျိုးမျိုး | အငန် | မြောက် | ကြွက်, နဂါး, မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| မြွေ | ကျောက်ကပ် | အပြာ | ၁ | ပဲအမျိုးမျိုး | အငန် | မြောက် | ကြွက်, နဂါး, မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| မြင်း | အဆုတ် | အဖြူ | ၆ | ဆန် | အစပ် | အနောက်မြောက် | ခွေး, ကျား, မြင်း | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ဆိတ် | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အစပ် | အရှေ့မြောက် | နွား, မြွေ, ကြွက် | တနင်္လာသားသမီး | စနေနေ့ |
| မျောက် | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အစပ် | အရှေ့မြောက် | ကျား, မြင်း, ခွေး | တနင်္လာသားသမီး | စနေနေ့ |
| ကြက် | အသည်း | အစိမ်းနု | ၃ | ဂျုံ | အချဉ် | အရှေ့ | ယုန်, ဆိတ်, ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ |
| ခွေး | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အချို | အနောက်တောင် | မျောက်, ကြွက်, နဂါး | စနေသားသမီး | တနင်္လာနေ့ |
| ဝက် | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အချို | အနောက်တောင် | ဆိတ်, ဝက်, ယုန် | စနေသားသမီး | တနင်္လာနေ့ |

* * *

**၂၀၁၄ ခုနှစ်၊ ဇွန်လတွင် မျောက်နှစ်ဖွား၊ ကျားနှစ်ဖွား၊ မြွေနှစ်ဖွားတို့**သည် ကျန်းမာရေး ချို့ယွင်းတတ်သဖြင့် သတိပြု စားသောက်နေထိုင်ပါ။ ဤလအတွက် မျောက်နှစ်ဖွားကို စံပြု၍ ရှင်းပြပါမည်။

**မျောက်နှစ်ဖွားတို့သည်** အစာအိမ်နှင့် ပတ်သက်သောဝေဒနာ သတိပြုကာကွယ်ပါ။ အညိုရောင်နှင့် (၈) ဂဏန်းတို့ ကံလာဘ်ပွင့်လင်းစေ၍ စပ်သော အရသာ၊ ကောက်ညှင်းဖြင့် ပြုလုပ်သော စားဖွယ်တို့နှင့် သင့်လျော်ပါသည်။

**ကံပွင့်အရပ်မှာ** အရှေ့မြောက်ထောင့်အရပ် ဖြစ်သည်။

ကျား၊ မြင်း၊ ခွေးနှစ်ဖွားများ မိတ်ဖက်များ ဖြစ်ကြ၍ အရေးကိစ္စပေါ်ပေါက်ပါက...

တနင်္လာသားသမီးက ကူညီပေးနိုင်ပါမည်။ စနေနေ့သည် နေ့ကောင်းနေ့မြတ် ဖြစ်လေသည်။

ကျန်နှစ်ဖွားများလည်း ဤပုံစံအတိုင်း ဇယားကို ကြည့်၍ ကောက်ချက်ချကြပါ။



***အာရောဂျ ဆုလာဘ်နှင့် ပြည့်ဝကြပါစေ။***

**ဟူကျင်းဇီ** *(Hu Jin Zhi)*



www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်

## နှင့် ကျေးဇူးရှင် ဆရာတော်ကြီးများ

သန်းပညာ



ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်ပါဠိဗိုဓကထ္ထသိုလ် ကျောင်းတိုက်
ဓုဟိယ နာယက ဆရာတော်ဘဒ္ဒန္တ သံဝရ

**ပဲခူးမြို့၊ သာသနာ့မဏ္ဍိုင်**
**ပါဠိဗိုဓကထ္ထသိုလ်ကျောင်းတိုက်**
**ပဓာန နာယက ဆရာတော်**
**အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသံဝရအား**
**ဂါရဝပြု ပူဇော်ခြင်း**

ဆရာတော်သည် **၁၂၉၁ ခုနှစ်၊ တပို့တွဲလဆန်း(၃)ရက် သောကြာ** နေ့တွင် ဖွားမြင်တော်မူရာ မဟာဘုတ် အားဖြင့် (၃)ကြွင်းမဟာဘုတ်ပိုင်ရှင် ဖြစ်ပါတယ်။

* * *

| | | |
|---|---|---|
| | ၀ | |
| ၂ | ၅ | ၁ |
| ၆ | ၃ | ၄ |

**၃–ကြွင်း မဟာဘုတ်**

မဟာဘုတ်အရကတော့ ဆရာတော်သည် **(၃)ကြွင်း မဟာဘုတ် ပိုင်ရှင် သောကြာ ဖြစ်တဲ့အတွက် ရာဇဖွား** ဖြစ်ပါတယ်။

သို့ပါ၍ ငယ်ရွယ်စဉ်၌ အနာရောဂါ နှိပ်စက်တတ်ပါတယ်။ ရေလမ်းခရီး များရပါမယ်။ နေရာဒေသ အပြောင်း အလဲ ကြုံခဲ့ရမယ်။ ပြုံးပြုံးရွှင်ရွှင် အေးအေးချမ်းချမ်းနေတတ်တဲ့ ပင်ကိုဗီဇ ရှိမယ်။ ရိုးဖြောင့်မယ်၊ သူတော် ကောင်းစိတ် ရှိပါမယ်။

**တနင်္လာဂြိုဟ် (၂–လာ)ဂြိုဟ်သည် အထွန်းဂြိုဟ်ဖြစ်တဲ့အတွက်** ကောင်းကျိုးအပေးဆုံးဂြိုဟ်လဲ ဖြစ်ပါ တယ်။

တနင်္လာဂြိုဟ်သည် စန်းဂြိုဟ်ဖြစ်ပါ တယ်။ ဒါကြောင့်...

❖ ကြည့်ညိုသူ များပြားခြင်း၊
❖ ပစ္စည်းလေးပါး ကူညီထောက်ပံ့မည့် ဒကာ၊ ဒကာမ များပေါ်များခြင်း၊





www.burmeseclassic.com

www.burmeseclassic.com

❖ ဝတ္ထုကြေးငွေ အလှူခံရလွယ်ခြင်း။
❖ ငွေကြေးဆိုင်ရာ ပရိုင်ခြင်း

တို့ ဖြစ်စေပါမယ်။ သို့သော်...

**၂-လ်ာဂြိုဟ်နဲ့ ၄-ဟူးဂြိုဟ်တို့ ပက္ခမိတဲ့အတွက်** အတွင်းမိတ်ပျက်စေပါတယ်။ ဒါကြောင့် အနီးနေ လူပရိသတ်များကြောင့် အခက်အခဲ တွေ့ရတတ်ပါတယ်။ ကောင်းကျိုး မရတတ်ပါဘူး။

**တနင်္ဂနွေဂြိုဟ် (၁-နွေ)ဂြိုဟ်သည် ရာဇအိမ်မှာ ရပ်တည်နေတဲ့ အတွက်...**

* နာမည်ဂုဏ်သတင်း ကျော်ကြားခြင်း။
* အဆောက်အအုံကောင်းများ ပိုင်ဆိုင်ရခြင်း။
* ဘွဲ့ထူးဂုဏ်ထူးရခြင်း။
* မင်းစိုးရာဇာများရဲ့ ချီးမြှောက်မှုကို ခံရခြင်း။
* အကြီးအကဲ ဦးစီးခေါင်းဆောင်ဖြစ်ခြင်း

တို့ပါပဲ။

**ကြာသပတေးဂြိုဟ် (၅-တေး) သည် သိုက်ဂြိုဟ်ဖြစ်တဲ့အတွက်** ကောင်းကျိုးပြုပါတယ်။ ဒါကြောင့်...

○ ပညာတော်မယ်။
○ ပညာရေးဆိုင်ရာ လုပ်ငန်းများ အောင်မြင်မယ်။
○ ပညာရေးဆိုင်ရာ ဘွဲ့တံဆိပ် တွေရမယ်။
○ မိတ်ကောင်းဆွေကောင်းတွေ ရမယ်။

**စနေဂြိုဟ်(၀-နေ)သည် အဓိပတိဂြိုဟ်ဖြစ်တဲ့ ကောင်းကျိုးတစ်ဝက်၊ ဆိုးကျိုးတစ်ဝက် ရှိပါမယ်။** ဒါကြောင့်...

* ပုပင်သောက ငြိမ်းအေးခြင်း။
* မိုရိုသူများ ပေါ်များခြင်း။
* ရေခြားမြေခြား ခရီးသွားရခြင်း။
* အခက်အခဲ အကျပ်အတည်း ကြုံတွေ့ရခြင်း။
* လူမျိုးခြားများနဲ့ အကျိုးပေးနေခြင်း။
* ဘာသာရေး သာသနာရေး လုပ်ငန်း... အောင်မြင်ခြင်း

တို့ကို ဖြစ်စေပါတယ်။ သို့သော်...

**စနေဂြိုဟ်(၀-နေ)နှင့် သောကြာဂြိုဟ်(၆-ကြာ)သည် ပက္ခမိသဖြင့်...**

○ မိမိမွေးဖွားရာဒေသမှာ အကျိုး မဖြစ်... ခြင်း။
○ ဆွေမျိုးသားချင်းများရဲ့ အကျိုးကို မခံစား... ခြင်း။
○ တစ်မြို့တစ်ရွာ ပြောင်းရွှေ့နေထိုင်ရခြင်း
○ မွေးရာဒေသ မဟုတ်သော နေရာဒေသ... ၌ တိုးတက်အောင်မြင်ခြင်း

တို့ ရှိပါလိမ့်မယ်။

***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**

**စာမျက်နှာ (၁၄၇)မှ အဆက်**

မှာ ထယ်ထိုးရင်း ရလာတယ်ပြောပြီး အဆင့်ဆင့် လက်ပြောင်းရာက ကျွန်တော့်ဆီမှာ သောင်တင်နေတာပဲ။ မှဆိုးစောလှထွန်း တောလိုက်ရင်း ရထားတဲ့ ပေစာမှ အရဆိုရင် စစ်ကဲဖိုးဖိုး ဗျူဟာကဇီးအမတ်ကြီး ကိုင်ဆောင်တဲ့ ဓားဖြစ်ပြီး အဲဒီအမတ်ကြီးကို ကိုယ်တိုင် မြို့ကုန်းနန်းတော်ရာက မထွက်ခွာမီထိ ပါဝင်ပတ်သက်နေတယ်။

ပုလဲဒါလီတလဖြူသို့ မိဖုရားကြီးက ဟံသာဝတီ နောက်ဆုံးမင်းဆက် သုရှင်တကာရွတ်ပိရဲ့ မိဖုရားတစ်ပါးဖြစ်ပြီး တပင်ရွှေထီးကို စစ်ရှုံးပြီး ဖျာပုံ(ငါ)နယ်ဘက်မှာ ခြေကုတ်ယူထားတယ်။ ထီးနန်းကို ပြန်ယူဖို့ ကြိုးစားရင်း မြို့ ကုန်းဘက်မှာ ကံတော် ကုန်သွားတယ်လို့ သိရတယ်။

ဒီဓားက **ဝါးတစ်ရာခုတ်တဲ့ဓားဟာ ထူးခြားတဲ့ ဓားတစ်လက်ဖြစ်ပြီး အရှည်အသွေးမြင့် သံသေဓား၊ ရှေးဟောင်းလက်ရာ သမိုင်းဝင် ဓားတစ်လက်ပဲ။ သူ့အဆိုအရ ဝါးပင်တစ်ရာကို ခုတ်တာတောင် ဓားက ဘာမှမဖြစ်ဘူးဆိုပဲ**

ထူးခြားသော ကြုံကြိုက်၍ တွေ့ခဲ့ရသည့် ဓားတစ်လက်အား ကျွန်ုပ်၏မျက်စိထဲတွင် ယနေ့တိုင် မထွက်သေးပါ။

အခွင့်ကြုံလျှင် ရှေးဟောင်းသမိုင်းဝင် ဓားတစ်လက်ကို ဓာတ်ပုံနှင့်တကွ မှတ်တမ်း တင်ပြလိုက်ချင်ပါသည်။ သို့သော် ကျွန်ုပ်အား အဆိုပါ ဓားနှင့်ဦးနီရှိရာ ညွှန်ပြခဲ့သည့် အစ်ကိုမှာ ကွယ်လွန်သွားပြီဖြစ်ပြီး ဦးနီသည်လည်း ထိုရွာတွင် ရှိ၊မရှိ မသိနိုင်တော့။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ် ဇာတိမြေမှ ထွက်ခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်း (၂၀)ကျော်ခန့် ရှိခဲ့ပြီဖြစ်သောကြောင့် ဖြစ်ပါသည်။

**ကျော်ဇင်ဖြူ**


စာမူ ပို့လို တ...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃ (၂၆)သမ်း...
မန်းဘဲဟာန်းမြို့နယ်၊ ရန်ကု...
ဖုန်း-၀၁ ၂...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့်

# ထူးခြားသော ဓားတစ်လက်

ကျော်ခင်မြ

ကျွန်ုပ်သည် ၁၉၈၅ ခုနှစ်က ဖျာပုံမြို့တွင် နိုင်ငံ့ဝန်ထမ်းဘဝဖြင့် တာဝန်ထမ်းဆောင်စဉ် အနီးအနား ရွာများသို့ မကြာခဏ ကွင်းဆင်းရလေ့ ရှိပါသည်။

ကားနှင့်တစ်ဖုံ၊ သင်္ဘောဖြင့်တစ်ဖန် သွားလာရသည့် ကျေးရွာများမှာ အောက်ကွင်း–မှော်ဘီ၊ အချာကြီး (အေးသာယာ)၊ အချာလေး၊ သမိန္ဒော ကုန်းတန်း၊ ဘိတန်ကံဆိပ်၊ ကျုံကဒွန်း၊ မြို့ကုန်း၊ ဒေးဒလူ နယ်မြေများ ဖြစ်ပါသည်။

ကျွန်ုပ်ကိုယ်တိုင်ကပင် ဒေသန္တရ ဗဟုသုတ ရှာမှီးသူ ဖြစ်သည့်အလျောက် ခရီးသွားရသည်ကို များစွာ နှစ်ခြိုက် သဘောကျပါသည်။

ထို့ကြောင့်လည်း ကျွန်ုပ်တွင် မိတ်ဆွေအပေါင်းအသင်း ပေါများသလို ဒေသန္တရဗဟုသုတလည်း အထိုက်အလျောက် ကြွယ်ဝသည်ဟု ဆိုချင်ပါသည်။

ကျွန်ုပ် တာဝန်ယူရသည့် နယ်မြေများသည် အမြင်တွင် သေးနုပ်သည်ဟု ထင်ရငြား တကယ်တော့ ထိုကျေးရွာများ၏ သမိုင်းကို ထဲထဲဝင်ဝင် လေ့လာနေသော ကျွန်ုပ်အဖို့ သမိုင်းမဝင်ပေမည့် သမိုင်းတွင်သည့် ရွာများဟု ဆိုချင်ပါသည်။

အဘယ်ကြောင့်ဆိုသော် ထိုကျေးရွာများ၏ အမည်သည် မွန်ဘာသာ အသုံးအနှုန်းများ ဖြစ်နေခြင်းကြောင့် ဖြစ်ပါသည်။

**ဥပမာ** မှော်ဘီ=မြန်မာဘာသာတွင် ကမ်းခြေရွာ၊ အချာကြီး ယခု (အေးသာယာ) မြန်မာဘာသာအရ ခေါ်သည့်ပေါ်သောရွာ၊ ကနီ=ကြွက်ပေါ်သောရွာ၊ ကျုံကဒွန်း=ကျုံကဒွတ် (ကျွတ်ပေါက်ချောင်းရွာ)ဟု မွန်ဘာသာများဖြင့် ခေါ်ထားခြင်းဖြစ်ပြီး မွန်မင်း ဟံသာဝတီဘုရင် သုရှင်တကာရွတ်ပိ၏ မိဖုရားကြီး တလပြသွီး စခန်းချသွားသည့် ရွာများဟု သိရသည်။

ဖျာပုံ(ဌ) သမိုင်းသည်ပင် မွန်တိုင်းရင်းသားများနှင့် များစွာ ဆက်စပ်နေသည်ကို မိဖုရားကြီး တည်ထားခဲ့သည့် စေတီတော်ကြီးများကို ကြည့်ခြင်းဖြင့် သိနိုင်ပါသည်။

ကျွန်ုပ်သည် မွန်မိဖုရားကြီး၏ ရာဇဝင်ကိုလည်း စိတ်ဝင်စားသလို ဒေသန္တရ ခရီးသွားရင်းဖြင့် တစ်နေ့တွင် ကျွန်ုပ်၏ အစ်ကိုဖြစ်သူ ကိုဇော်ထွန်းမှ သူ ကျုံကဒွန်းရွာတွင် တာဝန်ကျစဉ်က မိတ်ဆွေတစ်ယောက်ထံတွင် ထူးခြားစွာ သမိုင်းဝင် ဓားတစ်လက်ရှိကြောင်း ပြော၍ သွားရောက်ခဲ့ပါသည်။

ဓားကို လက်ရှိ ပိုင်ဆိုင်သူမှာ ကိုနီဆိုသောသူဖြစ်ပြီး ကားမောင်းပါသည်။

ကိုနီထံသို့ ကျွန်ုပ်တို့ ရောက်သောအခါ ကျွန်ုပ်၏ အစ်ကိုက ကြိုတင်ပြောထား၍ ပျူငှာစွာ ဆက်ဆံပါသည်။

'ဆရာ မှတ်တမ်းထဲမှာ လိုအပ်ရင် အသုံးပြုနိုင်ဖို့အတွက် ကျွန်တော့်ဓားကိုလဲ လေ့လာသွားပါဦး'

ကျွန်ုပ်တို့ လေ့လာသောအခါ ထူးခြားမှုအဖြစ် ထိုဓားသည် ကနုတ်အကွက် အပြောက်အမွမ်းများအပြင် **သံဂုံပမယချစမအင်းများ** ရေးသွင်းထားပြီး အင်းဆန်အင်းကွက်များကို ဓားသွားပေါ်တွင် တွေ့ရပါသည်။

ဓား၏ နှစ်ဖက်စလုံးတွင် **ဝါးတစ်ရာ ခုတ်တဲ့ဓား**ဟုလည်း သံသားပေါ်တွင် ထွင်းလျက် ရေးသားထားသည်ကို တွေ့ရပြီး ဓား၏ အနောင့်ပိုင်း လက်ကိုင်ရိုးခေါ် ဓားရိုးပေါ်တွင် ဒေါင်းမြီးကွက်သဏ္ဌာန်ဖော်၍ အနောင့်တွင် ကျောက်စီထားပါသည်။

ဓား၏ အရှည်က နှစ်တောင်ကျော်ခန့် ရှိမည်ထင်ရပြီး ကြည့်ရသည်မှာ နယ်နယ်ရရ ပုဂ္ဂိုလ်များသာ ကိုင်ဆောင်ခွင့်ရသည့် ဓားဖြစ်ဟန်တူပါသည်။

'ဒီဓားက ဘယ်လို ရတာလဲ ကိုနီ'

'ရွာသားတစ်ဦးပေါ့၊ မြို့ကုန်းဘက်

 (စာမျက်နှာ (၁၄၆) သို့)

www.burmeseclassic.com



အစွမ်းထက်မြတ်

# အင်း ဖက်ကွက်

ဦးဇော်နိုင်ဦး
(လက္ခဏာ-ဗေဒင်)

လူတိုင်းလူတိုင်းအနက် လူအချို့တို့သည် စီးပွားရေး၊ ကျန်းမာရေး၊ အန္တရာယ်မျိုးစုံ ကင်းရှင်းရေးအတွက် မိမိတို့ နှစ်သက်ရာ အဆောင်များကို အမြတ်တနိုး ဆောင်ထားလေ့ ရှိကြပါတယ်။

ယခု စာရေးသူ ဖော်ပြလိုသည်မှာ ရှေးနှစ်ပေါင်းများစွာကြာပြီး အလွန်ဟောင်းနွမ်းနေပြီဖြစ်သော ကျမ်းစာအုပ်တစ်အုပ်မှတစ်ဆင့် ကူးယူ၍ ရေးသားဖော်ပြလိုခြင်း ဖြစ်ပေ၏။

ဤသို့ ရေးသားရခြင်းမှာ လောကီပညာအစီအရင် အတတ်တို့ကို ယုံကြည်အားထား လေ့လာလိုက်စား အသုံးချလိုသူများ၊ ဝါသနာရှင်များ၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏ ပရိသတ်အားလုံးအတွက် ထူးခြားမှုတစ်ရပ်ကို စေတနာမွန်ဖြင့် ဖော်ပြလိုက်ပါသည်။

ယခု ရေးသားဖော်ပြလိုက်သော အဆောင်အင်းတွင် အချက်(၂)ခု ခွဲခြားဖော်ပြပေးမည် ဖြစ်ပါသည်။

၁။ ရွှေပြား, ငွေပြား, ကြေးပြား, စက္ကူအဖြူရောင်တွင်ဖြစ်စေ ပြုလုပ်စီမံခြင်း။

၂။ ဘုရားဝတ်ပြု ငါးပါးသီလခံ ဆွမ်း, ပန်း, ရေချမ်း ကပ်လှူ သန့်ရှင်းဖြူစင်သော အင်္ကျီတို့ ဝတ်ဆင်ပြီးမှ ဆောင်ရွက်ရန်။

* * *

အထက်ပါ ပုံတွင်ပါရှိသည့်အတ[...] ယင်းသရဏဂုံ လာဘ်ခေါ်အင်[...] ပီပီသသ ရေးသားပြီး စီရင်ပါ။ ထို[...] စီရင်ပြီးသောအခါ ယင်းအင်းကို [...] တင်ရပါမည်။

နောက် အောက်တွင် ဖော်ပြ[...] သော ဂါထာတော်ကို (၂၇)ခေါ[...]

သရဏဂုံသုံးပါး လာဘ်ခေါ်အင်း

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၄ | ၃ | ၂ | ၁ |
| ၂ | ဗု (၁) | ရ (၄) | ဿ (၇) | ၆ | ဓ (၁) | ရ (၄) | ဿ (၇) | ၂ |
| ၃ | ဂ (၆) | (သံ) | ဒ္ဓံ (၂) | ၇ | ဂ (၆) | (ဂုံ) | မ္မံ (၂) | ၃ |
| ၄ | သ (၃) | မိ (၈) | ဏံ (၅) | ၈ | သ (၃) | မိ (၈) | ဏံ (၅) | ၄ |
| ၅ | ၆ | ၇ | ၈ | (ယျ) | ၈ | ၇ | ၆ | ၅ |
| ၄ | ဒေ (၁) | ရ (၄) | ဿ (၇) | ၈ | သံ (၁) | ရ (၄) | ဿ (၇) | ၄ |
| ၃ | ဂ (၆) | (မ) | ဝါ (၂) | ၇ | ဂ (၆) | (ပ) | ဃံ (၂) | ၃ |
| ၂ | သ (၃) | မိ (၈) | ဏံ (၅) | ၆ | သ (၃) | မိ (၈) | ဏံ (၅) | ၂ |
| ၁ | ၂ | ၃ | ၄ | ၅ | ၄ | ၃ | ၂ | ၁ |



www.burmeseclassic.com

www.burmeseclassic.com

ရွတ်၍ သိဒ္ဓိတင်ခြင်းအမှုကို ဆက်လက် ဆောင်ရွက်ပါ။

**သိဒ္ဓိတင်ရန် ဂါထာမှာ...**

ပဋ္ဌဝိဇယဂါထာတော်

ဒေဝပုတ္တ ကိလေသဉ္စ
ခန္ဓ မစ္စုဘိသင်္ခါရံ
ပဉ္စမာရံ ဇယိဝိနော
တံ တေဇသာ ဇယတုမေ။

ခက်ခဲသောပါဠိအသံထွက်

**ဒေဝပုတ္တ** = ဒေဝပုတ်တ
**ကိလေသဉ္စ** = ကိလေသင်စ
**ခန္ဓ** = ခန်ဓ
**မစ္စုဘိသင်္ခါရံ** = မစ်စုဘိသင်ခါရံ
**ပဉ္စမာရံ** = ပင်စမာရံ

အနက်

**ဇိနော**–တွေ့သမျှရန် အတန်တန် ကို အမှန်အောင်တတ် ဘုရားမြတ်သည်၊ **ဒေဝပုတ္တကိလေသဉ္စ၊** နတ်ပြည်(၆)ဖြာ နတ်တို့ရွာဝယ် ရှိန်ဝါကြီးလတ် မကောင်းမြတ်သည့်၊ မာရ်နတ်ဆိုရ ဒေဝပုတ္တမာရ် သံသရာကြောနစ်မြောကြရာ သတ္တဝါတို့ကို လွန်စွာပြင်းထန် ပူပန်စေတတ်သည့် ကိလေသာမာရ်ကို လည်းကောင်း၊ **ခန္ဓမစ္စုဘိသင်္ခါရံ** – သံသရာဘေးဒုက္ခတို့ကို ခံစားတတ်ရာ ခန္ဓာငါးဝဟု ဆိုအပ်သော ခန္ဓမာရ်၊ သတ္တဝါမှန်သမျှ သေစေရအောင် လုပ်ဆောင်သမှု အမြဲပြုသည့် မစ္စုမာရ်၊ အဆိုးအကောင်း အကြောင်းထွေထွေ စီရင်လေရာ လွန်ကဲစွာသည့် အဘိသင်္ခါရမာရ်ကို လည်းကောင်း၊ **ဣတိ**–ပေါင်းစုမချို့ ဤသို့လျှင်၊ **ပဉ္စမာရံ**–ငါးပါးသော မာရ်ကို၊ **ဇယိ**–အရဟတ္တမဂ်ဉာဏ် သန်လျက်ဖြင့် ပယ်ဖျက်ခုတ်ထွင် အောင်မြင်တော်မူခဲ့လေပြီ၊ **တံ–တဿ** ထိုငါးမာရ်အောင်မြင် ဘုရားရှင်၏၊ **တေဇသာ**– ပါရမီဉာဏ်တော် တန်ခိုးတော်ဖြင့်၊ **မေ**–အကျွန်ုပ်အား၊ **ဇယတု** –ဘေးအန္တရာယ် အသွယ်သွယ်နှင့် ပြုဖွယ်ကိစ္စ အဝဝသည် မုချမသွေ အောင်မြင်ပါစေသတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

ယင်းအင်းစီရင်မှု ပြီးဆုံးသဖြင့် အသက်သွင်းထားသော အင်းအဖြစ်သို့ ရောက်ရှိသွားပြီး ဖြစ်ပါသည်။ ယင်းသရဏဂုံအင်းကို ဘုရားစင်ပေါ်တွင် အမြဲ တင်ထားရပါမည်။

ထိုသို့ ထားရှိသည့်အတွက် မိမိနေအိမ်တွင် စီးပွားလာဘ်လာဘ တိုးတက်ပြီး ဘေးအန္တရာယ် ကင်းရှင်းသည်ဟု ကျမ်းက ဆိုထားပါသည်။

(၇)ရက်သားသမီးများ ဆောင်ရွက်ပြုလုပ်ပုံကို အောက်ပါဇယားဖြင့် ဖော်ပြလိုက်ပါသည်။

| စဉ် | နေ့သား | အချိန် | ကပ်လှူရမည့်ပန်း | အရေအတွက် |
|---|---|---|---|---|
| ၁ | တနင်္ဂနွေ | နံနက်( ၉ )နာရီ | အုန်းညွန့် | ၆ |
| ၂ | တနင်္လာ | နံနက်( ၉ )နာရီ | ကြံညွန့် | ၁၅ |
| ၃ | အင်္ဂါ | နံနက်( ၉ )နာရီ | ငှက်ညွန့် | ၈ |
| ၄ | ဗုဒ္ဓဟူး | နံနက်( ၉ )နာရီ | ရွက်လှညွန့် | ၁၇ |
| ၅ | ကြာသပတေး | နံနက်( ၉ )နာရီ | သပြေညွန့် | ၁၉ |
| ၆ | သောကြာ | နံနက်( ၉ )နာရီ | သီးညွန့် | ၂၁ |
| ၇ | စနေ | နံနက်( ၉ )နာရီ | ဒန်းညွန့် | ၁၀ |

စာရေးသူသည် ဤအင်းကို ဆောင်ထားကတည်းက ကိုယ်တွေ့ အကျိုးတရားများစွာ ရှိပါသည်။ ဉာဏ်ရှိသလို သုံးဟူသော အညွန်းအတိုင်း လိုအပ်



သလို အသုံးချနိုင်စေရန် စေတနာမွန်ဖြင့် အထူး ရေးသားတင်ပြလိုက်ခြင်းသာ ဖြစ်ပါသည်။

မှတ်ချက်


၁။ စီးပွားရေး အဆင်မပြေလျှင် ဓာတာနှင့် အတူထားပြီး ဘုရားစင်ပေါ်တွင် တင်ထားပါ။
၂။ အရေးကြီးကိစ္စရှိလျှင် ဆောင်သွားမိမိလိုရာ အထမြောက် အောင်မြင်လိမ့်မည်။
၃။ (၉၆)ပါး ရောဂါဝေဒနာ စွဲကပ်သော် ဤလက်ဖွဲ့ ရေစိမ်တိုက် ပျောက်၏။
၄။ ရေကြောင်းခရီးသွားလျှင် ဆောင်၍သွား အလွန်ကောင်း၏။

**ဦးဇော်နိုင်ဦး**
*(လက္ခဏာ–ဗေဒင်)*

www.burmeseclassic.com

# စီးပွားရေးလုပ်ငန်းကို

## အထောက်အကူပြု အမှတ်အသားများ




ကြည့်ပါ။

★ **ရည်ရွယ်ချက်လမ်းကြောင်း ပါမယ်။(က)**

ရည်ရွယ်ထားသမျှ ပြည့်ဝစေတဲ့ ဆန္ဒပြည့်ဝ အမှတ်အသားတစ်ခုပါ။

★ **လက်မမှာ အရစ်ပိုများ ပါ,ပါတယ်။(ခ)**

ဈေးဆိုင်လုပ်ငန်းနဲ့ အကျိုးပေးနိုင်ကြောင်းပြတဲ့ အမှတ်အသားပါ။

★ **လက်မပထမဆစ် ဒေါင်းမျက်စိ ပါ,ပါတယ်။(ဂ)**

စားသောက်ကုန်လုပ်ငန်း အကျိုးရစေတဲ့ အမှတ်အသားပါ။

★ **ရတနာဘဏ်တိုက် ပါတယ်။ (ဃ)**

ငွေမချို့ငဲ့ခြင်းနဲ့ စုဆောင်းမိခြင်းကို ပြတဲ့ အမှတ်အသားပါ။

★ **ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ မျဉ်းမတ်(၂) ကြောင်း ပါတယ်။ (င)**

ဒါကတော့ ငွေရလွယ်ခြင်း၊ လာဘ်ရွှင်ခြင်းကိုပြတဲ့ အမှတ်အသားပါ။

★ **ကံလမ်း(၁-၂)က အပြတ်အတောက်များနဲ့ တွေ့ရပြီး ကံလမ်း(၁-၁)က ဖြောင့်တန်းပြီးနေပါတယ်။**

ဒါကတော့ ကံလမ်း(၁-၂)အရ အသက်(၂၆)နှစ်ဝန်းကျင် လောက်ပြီး အသက်(၃၃)နှစ်ဝန်းကျင်မှာ စီးပွားရေးက တက်လိုက် ကျလိုက် ကောင်းလိုက် မကောင်းလိုက် ဖြစ်နေမယ်။

ကံလမ်း(၁-၁)အရ အသက်(၃၄)နှစ်ဝန်းကျင်မှစပြီး အသက်(၅၆-၅၇)နှစ်ဝန်းကျင်ထိ စီးပွားတက်ခြင်း၊ စီးပွားရေးတည်ငြိမ်မှု ရှိခြင်းတို့ ဖြစ်စေပါမယ်။

*ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ*

ဦးသော်ခင်(ဟင်္သာတ)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ကိုယ်တွေ့

# ကျီးပြိုခြင်း နိမိတ်

ကောင်းမြင့်မြတ်စိုး



၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလထုတ် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီးမှာ **"ကျီးပြိုနိမိတ်နှင့် ပတ်သက်၍ သိသူများမှ ဖြေကြားပေးပါရန်"** ဆိုတဲ့ **စန္ဒာမိုး(တောင်ငူ)**ရဲ့ အမေး ဆောင်းပါးတစ်ပုဒ်ကို ဖတ်ခဲ့ရပါတယ်။

တိုက်ဆိုင်တယ်လို့ ပြောရမလား၊ ကျွန်တော်ဟာ ကျီးပြိုနိမိတ်နဲ့ ပတ်သက်လို့ ကိုယ်တွေ့ဆောင်းပါး ရေးဖို့ ပြင်ဆင်ထားခဲ့ပါတယ်။ အကြောင်းအမျိုးမျိုးနဲ့ မရေးဖြစ်ခဲ့တာပါ။ ယခုတော့ရေးဖြစ်သွားပါတယ်။

အမေးရှိလို့ အဖြေရှိတာမျိုးတော့ မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ "ကျီးပြိုနိမိတ်"ရဲ့ အကျိုးဆက်တွေက အမျိုးမျိုး ရှိနိုင်ပါတယ်။ စန္ဒာမိုး (တောင်ငူ)ရဲ့ ဆောင်းပါးမှာ **"ကျီးပြိုလျှင် ပြောင်းလဲမှုတစ်ခုခု ဖြစ်တတ်သည်ဟု ကြားနာမှတ်သားဖူးပါသည်"**လို့ ရေးထားပါတယ်။

တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို အယူအဆ အမှတ်အသား အမျိုးမျိုး ရှိနေကြမှာပါ။ သူ့အရပ် သူ့ဓလေ့နဲ့ သူတော့ မှန်နေတတ်ကြပါတယ်။

ကျွန်တော်တို့ ကျောက်ပန်းတောင်းနယ်မှာတော့ **"ကျီးပြိုလျှင် လူသေတတ်တယ်"**လို့ ပြောလေ့ ရှိကြပါတယ်။ အမေကလဲ မကြာခဏ ပြောဖူးပါတယ်။ **(လူနာ အသည်းအသန်ရှိတဲ့ အိမ်အနီးအနားမှာ ကျီးတွေပြိုရင် သတိထားရတာပဲတဲ့။ ကျီးပြိုတာဟာ နေ့ခင်းဘက်လဲ ပြိုတာပဲ)** လို့ ကြားသိမှတ်သားခဲ့ရပါတယ်။

ကျွန်တော့်ဇနီးရဲ့ရွာက မိတ္ထီလာမြို့နယ်၊ ကုက္ကိုကုန်းရွာ ဖြစ်ပါတယ်။ အဲဒီရွာရောက်တုန်း ယောက္ခမကြီးဖြစ်တဲ့ အမေကြည်ကို ကျွန်တော် မေးကြည့်ပါတယ်။ အမေကြည်ဟာ အသက် (၇၃)နှစ် ရှိပါပြီ။ ရှေးမီနောက်မီ သက်ကြီးရွယ်အိုတစ်ဦးပါ။ အမေကြည်ကလဲ...

'အေး...တို့ရွာဘက် တို့နယ်ဘက်မှာလဲ ကျီးပြိုရင် မကောင်းဘူး။ စိုးရိမ်ရတဲ့ လူမမာ ရှိရင် ကျီးပြိုတတ်တယ်။ ညဘက်လဲ ပြိုတတ်တယ်။ နေ့ခင်းကြောင်တောင်မှာလဲ ကျီးပြိုတတ်တယ်။

အဲလို ကျီးပြိုရင်တော့ လူမမာဟာ သေတာပဲ။ ကျီးပြိုတာ မကောင်းဘူးကွယ့်'

အဲဒီလို ပြောတာကို ကျွန်တော် မှတ်သားထားခဲ့ပါတယ်။

ကျွန်တော့် အိမ်နီးနားချင်းဖြစ်တဲ့ ဒေါ်ကြင်မြဟာ ချောက်မြို့ဇာတိဖြစ်ပါတယ်။ သူဟာလဲ အသက်(၅၆)နှစ် ရှိနေပါပြီ။ အတွေ့အကြုံများသူ၊ အမှတ်အသားကောင်းသူ ဖြစ်ပါတယ်။ သူတို့ ချောက်မြို့နယ်မှာရော ကျီးပြိုနိမိတ်ကြုံရင် ဘာဖြစ်တတ်သလဲလို့ ကျွန်တော် မေးကြည့်ခဲ့ပါတယ်။

သူတို့နယ်မှာလဲ **"ကျီးပြိုရင် လူသေတယ်။ အခြေအနေဆိုးတဲ့ လူနာရှိရင် ကျီးပြိုမှာ ကြောက်ကြတယ်"** လို့ ဒေါ်ကြင်မြကလဲ ပြောပြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါတွေကတော့ ယေဘုယျအဖြေတွေလို့ပဲ ထင်စရာပါ။ ဒါပေမယ့် ကျွန်တော်ကိုယ်တိုင် ကျီးပြိုနိမိတ်ကို တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့ခဲ့ရပါတယ်။ တစ်ကြိမ်မဟုတ်၊ နှစ်ကြိမ်ပင် ကြုံတွေ့ခဲ့ရတာပါ။ ကိုယ်တွေ့ကြုံလို့ ယုံခဲ့ရတယ်ပဲ ဆိုရပါတော့မယ်။

ကျွန်တော့် မိခင်ကြီးဟာ (၁၄.၂.၂၀၁၂)နေ့ မနက်ရှစ်နာရီလောက်မှာ အိမ်သာတက်ပြီး ပြန်အထမှာ ရုတ်တရက် လေဖြတ်သွားခဲ့ပါတယ်။ သားသမီးတွေက မသိလိုက်ပါ။

အမေ အိမ်သာတက်တာ ကြာပါတယ်ဆိုပြီး ကျွန်တော့်ညီမငယ်က သွားကြည့်တော့မှ အမေက အိမ်သာထဲမှာ သတိမေ့ပြီး လဲနေတာ တွေ့ရတာပါ။ အမေ့ကို အိမ်ပေါ် ဝိုင်းတင်ကြပါတယ်။

ဆရာဝန်ကို ပင့်ပြီး ပြပေမယ့် အမေသတိမရတော့ပါ။ လေဖြတ်တာလို့ပဲ သိကြရပါတယ်။ အဲဒါနဲ့ ကျွန်တော့်ရဲ့ ညီ,ညီမတွေဟာ ကျွန်တော်ရှိရာ အေးသာယာမြို့က ကျွန်တော့်ထံ ဖုန်းဆက် အကြောင်းကြားပါတယ်။

ကျွန်တော်က သားအကြီးဆုံးဖြစ်တော့ **"ဆေးရုံအမြန်ဆုံးတင်ဖို့ အနီးဆုံး မိတ္ထီလာမြို့ကိုသွား။ ကောင်းတဲ့ ကိုယ်ပိုင်ဆေးရုံဆေးခန်း သွားလို့"** ဖုန်းပြန်ဆက်ပါတယ်။

ကျွန်တော်နဲ့ ကျွန်တော့်ဇနီးလဲ ချက်ချင်း မိတ္ထီလာ သွားခဲ့ပါတယ်။ မိတ္ထီလာမြို့က ဇော်ဆေးရုံမှာ အမေ့ကို ဆေးကုပေးကြပါတယ်။ ဒါပေမယ့် **အမေဟာ (၂၇-၂-၂၀၁၂)နေ့ မနက် သုံးနာရီမှာ သေဆုံးသွားခဲ့ပါတယ်။**

အမေ လေဖြတ်တဲ့နေ့ **(၁၄.၂.၁၂)**



**နေ့က** အမေ့ကို ဆေးရုံတင်ဖို့ ခေါ်သွားကြပြီးနောက် အမေ့အိမ် အနီးအနားမှာ ကျီးတွေအုပ်လိုက် ပျံသန်းလာပြီး ဆူဆူညံအောင် အသံတွေပေးပြီး အထက်ပျံတက်လိုက်၊ အောက်ပြန်ဆင်းလိုက် လုပ်နေကြတယ်လို့ အိမ်မှာကျန်ရစ်တဲ့ ကျွန်တော့်ညီမ မသန်းမြင့်ရီက ပြန်ပြောပြခဲ့ပါတယ်။

ဒီလိုကြားပြီးကတည်းက ကျွန်တော်ဟာ ကျီးပြိုနိမိတ်ကို အမှတ်ထင်ထင်ရှိနေခဲ့ပါတယ်။ စာရေးသူပီပီ အချက်အလက် စုဆောင်းနေခဲ့ပါတယ်။

တိုက်ဆိုင်လွန်းပါတယ်။ မကောင်းတဲ့ တိုက်ဆိုင်မှုပါ။ ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရတာပါ။ ကျောက်ပန်းတောင်းမြို့က ကျွန်တော့်ဦးလေး ဦးညွန့်အောင်ဟာ ဆီးချို၊ သွေးချိုနဲ့ တီဘီရောဂါဆိုးတွေဒဏ်နဲ့ ဝေဒနာ အလူးအလဲ ခံနေခဲ့ရပါတယ်။

၂၀၁၃ ခုနှစ်၊ မတ်လက ဖြစ်ပါတယ်။ ဒီသတင်းကြားလို့ ကျွန်တော်ဟာ သူ့အထံ အရောက်သွားခဲ့ပါတယ်။ ကျွန်တော် ရောက်သွားတော့ ဦးညွန့်အောင် အခြေအနေက အတော်ဆိုးနေပါပြီ။ အရိုးပေါ် အရေတင် ခန္ဓာနဲ့ အစာလဲ ကောင်းကောင်းမစားနိုင်တော့ပါ။ ဆေးတိုက်လို့ပင် မလွယ်ကူတော့ပါ။

(၂၂-၃-၁၃)မနက် ကိုးနာရီလောက်မှာ ဦးညွန့်အောင်အိမ်ရဲ့ အနီးဝန်းကျင်မှာ ကျီးတွေ တအာအာ ဝိုင်းအော်နေကြပါတယ်။ ကျီးတွေဟာ အပေါ်တက်လိုက် အောက်ဆင်းလိုက်နဲ့ ကျီးတွေ ပျံဝဲအော်ဟစ်နေကြတာကို ကျွန်တော်ကိုယ်တိုင် မြင်တွေ့နေရပါတယ်။ ကျွန်တော့်စိတ်တွေ လေးလံနေပါတော့တယ်။

အဲဒီနေ့ **(၂၂-၃-၂၀၁၃)နေ့ ညနေ (၃)နာရီ (၁၅)မိနစ်မှာ** ဦးညွန့်အောင် ကွယ်လွန်သွားပါတော့တယ်။ ကျွန်တော် ကြုံတွေ့ရတဲ့ ကျီးပြိုနိမိတ်က စိတ်မကောင်းစရာ ကောင်းလှပါတယ်။

ဒါပေမယ့်လဲ နိမိတ်ဆိုတာ ယတြာချေလို့ မရပါဘူး။ အဲဒီနေ့က ဦးညွန့်အောင်ကို ကျွန်တော် အားပေးခဲ့ပါတယ်။ သရဏဂုံ ရွတ်နေလို့ သတိပေးခဲ့ရပါတယ်။

သူ့အနားမှာ ကျွန်တော်ဟာ ပရိတ်တရားတော်တွေထဲက မေတ္တသုတ်၊ ခန္ဓသုတ်၊ ပုဗ္ဗဏှသုတ်နဲ့ သမ္ဗုဒ္ဓေဂါထာ၊ ရှင်အရဟံပုတီးစိပ် ဂါထာတော်တို့ ရွတ်ပေးခဲ့ပါတယ်။ မေတ္တာပို့ပေးပါတယ်။

ကျွန်တော် ပြုခဲ့သမျှ ကုသိုလ်ကို ဦးညွန့်အောင်ကို အမျှပေးဝေပြီး သာဓုခေါ်စေခဲ့ပါတယ်။ ဦးညွန့်အောင်က ငြိမ်ပြီး နားထောင်နေခဲ့ပါတယ်။ သူ့ဝေဒနာတွေက ပြင်းထန်လွန်းတော့ ဘာမှ ပြန်မပြောနိုင်ရှာပါဘူး။ ကျွန်တော် လုပ်ပေးနိုင်တာ လုပ်ပေးခဲ့တာပါ။


စာရှုသူတို့လဲ ဒီလို ကြုံခဲ့ရင် အကောင်းဆုံး လုပ်ပေးနိုင်ဖို့၊ ပြင်ဆင်ထားနိုင်ဖို့ စေတနာအရင်းခံနဲ့ ရေးသားလိုက်ပါတယ်။

**ကောင်းမြင့်မြတ်စိန်**



www.burmeseclassic.com

www.burmeseclassic.com




◆ ဂေါတမသဗ္ဗညုဗျူပြည်အား (၁၁)ထပ်ဘုရားကြီးကို ဖူးရပုံ

ဖြောင်ဖြူ (LL.B)

# (၁၁)ထပ်ဘုရားကြီး

## နှင့် (၁၁)မီးငြိမ်း ပုတီးစိပ် အဓိဋ္ဌာန်

...နိုင်သည် ဗုဒ္ဓရုပ်ပွားတော်ကြီး ...ကွင် လှည့်လည်၍ အဓိဋ္ဌာန်ဝင်လေ့ ... ...ဒါးထပ်ကြီးဘုရား၊ ခြောက်ထပ် ...ဘုရား၊ ကိုးထပ်ကြီးဘုရားတို့ကို ...မြို့တွင် အဓိဋ္ဌာန်ဝင်ခဲ့ပြီး၊ ...ထပ်ကြီးဘုရားကို ဟင်္သာတမြို့ ...ဓိဋ္ဌာန်ဝင်ခဲ့သည်။ ယခု (၁၁)ထပ် ...ကြီးကိုတော့ ကြံခင်းမြို့တွင် ...န်ဝင်ခဲ့ပါသည်။

...ကြံခင်း'' ဆိုသည်မှာ မွန်ဘာသာ ...သား **''ကျာံကင်''** ဖြစ်၍ အသံထွက်မှာ **''ကျန်းကင်း''** ဖြစ်သည်။ **ကျန်း** = မိချောင်းဖြစ်ပြီး၊ **ကင်း** = အခွန်ကောက်ရာဌာနဟုဖြစ်ရာ၊ **မိချောင်းအကောက်ခွန်ဌာနစခန်း** ဟု အဓိပ္ပာယ်ရရှိသည်။

ရှေးပဒေသရာဇ်ခေတ်က ဤနေရာတွင် ရာဝတီမြစ်အတွင်း ကူးသန်းသွားလာ ရောင်းဝယ်ကြသော လှေ၊ သင်္ဘောတို့ကို အခွန်ကောက်ရာစခန်း တစ်ထောက် ဖြစ်သည်။

(၁၁)ထပ်ဘုရားကြီးကို မြန်မာ သက္ကရာဇ် ၁၃၀၀ပြည့်နှစ်၊ နတ်တော်လဆန်း(၁၄)ရက်၊ တနင်္လာနေ့ နံနက် (၇)နာရီ၊ (၈)မိနစ်၊ (၁၆)စက္ကန့်တွင် ပန္နက်တော်ချခဲ့သည်။ မူလဘွဲ့တော်မှာ နေ့သင့်နံတူအဖြစ် **''ဂေါတမသဗ္ဗညု''** ဟု ခေါ်တွင်စေသည်။


ပန္နက်တော်ချပြီး နောက်နေ့ညတွင် တိမ်မဆင်၊ လေမသုတ်၊ မိုးအခါမဟုတ်ဘဲ မိုးကြီးသည်းထန်စွာ ရွာသွန်းလျက် ပိတောက်ပန်းများလည်း အခါမဟုတ် ပွင့်ခဲ့သည်။

www.burmeseclassic.com



▲ (ဘ)ထယ်ဘုရားကြီး ကျောင်းတော်ကို လမ်းပေါ်မှမြင်ရပုံ

▼ (ဘ)ထယ်ဘုရားကြီး ကျောင်းတော်အတွင်းရှိ ဂူတော်နှန်းများ



သာသနာတော် ပွင့်လန်း၍တစ်ပြည်လုံး အေးချမ်းမည့်နိမိတ်ဖြစ်၍ **"ရွှေပြည်အေးဘုရား"**ဟု ရဟန်းရှင်လူများက ဘွဲ့မည်တော်ပေးကြပြန်သည်။

ထိုနှစ် ပြာသိုလဆန်း(၅)ရက်၊ တနင်္ဂနွေနေ့ နံနက်(၁၁)နာရီတွင် အုတ်မြစ်တော်ချခဲ့သည်။ ထိုညသန်းခေါင်းယံတွင် ဤနေရာနှင့် အနီးမှာရှိပြီးသော **"အခေါင်စံရာ မြသီတာစေတီတော်"**အနီးရှိ ကြေးခေါင်းလောင်းကြီးမှာ မည်သူမှ မတီးဘဲ အလိုလို အသံမြည်ပါသည်။

၁၃၀၁ ခုနှစ်၊ တပို့တွဲလပြည့်ကြာသပတေးနေ့တွင် ဌာပနာပစ္စည်းများကို (၄)အုပ်စုခွဲ၍ (၄)ဌာန၊ (၄)ကြိမ် ဌာပနာတော်မူခဲ့သည်။

**ထိုညသန်းခေါင်းယံတွင် ယခင်အတိုင်းမြှင့်ချွင်ကာကွဲသို့သင် ကြေးခေါင်းလောင်းကြီး အလိုလို အသံမြည်ခြင်း။ တည်ထားဘုရားမှ ရောင်ခြည်တော်များ ကွန့်မြူးနေခြင်းတို့ကို မူတွေ့ကြရသည်။**

၁၃၀၁ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် တနင်္ဂနွေနေ့ နံနက်(၁၀)နာရီတွင် ဒုတိယ(၂)ဌာန (၂)ကြိမ်၊ နယုန်လပြည့် ဗုဒ္ဓဟူးနေ့ နံနက်(၈)နာ[illegible] တတိယ(၄)ဌာန (၄)ကြိမ်၊ [illegible] လဆန်း (၁၁)ရက် တနင်္ဂနွေနေ့ (၆)နာရီတွင် စတုတ္ထ (၁)ဌာန [illegible] ဌာပနာခဲ့ရာ စုစုပေါင်း (၁[illegible]





www.burmeseclassic.com

www.burmeseclassic.com

(၁၁)ကြိမ်ဖြစ်၍ **(၁၁)ထပ်ဘုရားကြီး** ဟု ဘွဲ့တော်တစ်မျိုး ထပ်တိုးခဲ့ပြန်သည်။

၁၃၀၂ ခုနှစ်၊ တန်ဆောင်မုန်းလတွင် ရုပ်ပွားတော်ကြီး ရွှေပိုင်း ပြီးစီးခဲ့သည်။ ၁၃၀၃ ခုနှစ်၊ ကဆုန်လတွင် ဤရုပ်ပွားတော်ကြီး၏ ဝေယျာဝစ္စ ဆောင်ရွက်မည့် ရဟန်းတော်များအတွက် ရွှေပြည်အေးတိုက်ကျောင်းကို ရုပ်ပွားတော်ကြီး အနီး လက်ယာဘက်မှာ ဆောက်လုပ်လှူဒါန်းခဲ့သည်။

၁၃၀၃ခုနှစ်၊ နယုန်လဆုတ်(၁၁)ရက်နေ့တွင် မူလဘုရားဒကာကြီး ဦးလှိုင်မှာ အသက်(၇၆)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။ ရွှေပိုင်းသာ ပြီးသေးသော ရုပ်ပွားတော်ကြီးကို ဒုတိယဘုရားဒကာ ဦးစောလွင်က ထပ်မံလှူဒါန်း အပြီးသတ် တည်ထားခဲ့သည်။

ရုပ်ပွားတော်ကြီး၏ ဉာဏ်တော်မှာ ပလ္လင်တော်ပါ (၅၁)တောင်၊ (၁)ထွာ ဖြစ်သည်။ နှစ်စဉ် တပို့တွဲလဆန်း (၁၃)ရက်မှ (၁၅)ရက်ထိ ဆွမ်းတော်ကြီး တင်လှူပူဇော်ပွဲ စည်ကားစွာ ကျင်းပခဲ့ကြသည်။

(၁၁)ထပ်ဘုရားကြီး သီတင်းသုံး ပူဇော်ခံရာ ဗိနယရသံတန်ဆောင်းတော်ကြီးအတွင်း ရုပ်ပွားတော်ကြီး၏ ဘယ်ဘက်မှာ ဘိုးမင်းခေါင်၊ ဘိုးတော်၊ မယ်တော်၊ ဘိုးတော်သိကြားတို့၏ သာသနာပြု စာတ်နန်းဆောင်များ ရှိသည်။ ဓာတ်ပဋ္ဌာန်းဆက် ရှိသူတို့က ထိုနေရာတွင် အဓိဋ္ဌာန်ဝင်နိုင်ကြပါသည်။

ရုပ်ပွားတော်ကြီး၏ ညာဘက်ခြမ်းနှင့် နောက်ဘက်မှာတော့ ကျောက်စာချပ်များစွာ တွေ့ရသည်။

ဂေါတမသဗ္ဗညုရွှေပြည်အေး (၁၁) ထပ်ကြီးဘုရားတွင် ဘုရားဖူးခြင်း၊



▲ (၁၁)ထပ်ဘုရားကြီး ကျောင်းတော်အနီးမှ ရွှေပြည်အေးကျောင်းတိုက်နှင့် အထိမ်းအမှတ်သီတာသစ်ပင်ပုံ

▼ (၁၁)ထပ်ဘုရားကြီး ကျောင်းတော်အတွင်းမှ ကျောက်စာချပ်များ



အဓိဋ္ဌာန်ဝင်ခြင်းပြုသူ ဒေသခံအချို့က **"သာနဝဂါထာ"**တော်ကို (၁၁)ခေါက် ရွတ်ပွားပူဇော်ခြင်း (သို့မဟုတ်) ပုတီး (၁၁)ပတ်စိပ်ပွားခြင်း ပြုကြသည်။

သာနဝဂါထာတော်

'သာမံ သာဝက သာသေန္တံ
သာသက်ာရဟ သာဓကံ။
သာရ သေဋ္ဌံ သာရ ဗိမ္ဗံ၊
သာဓု ဝန္ဒာမိ သာဒရံ'

ခက်ခဲသော ပါဠိအသံထွက်

**သာသေန္တံ** =သာသင်တံ
**သာသက်ာရဟ** =သာသင်ကာရဟ
**သေဋ္ဌံ** =သစ်ထံ
**ဗိမ္ဗံ** =ဗိမ်ဗံ
**ဝန္ဒာမိ** =ဝန်ဒါမိ

**အနက်**

**သာမံ**၊ ကိုယ်တော်တိုင်။ **သာဝက**

**သာသေန္တံ**၊ တပည့်သားသာဝကတို့ကို

 (စာမျက်နှာ (၁၅၈) သို့)


www.burmeseclassic.com

လူတိုင်းအတွက် တရုတ်ရိုးရာ

# အိပ်မက်ရှင်းတမ်း (၈၁)

ထက်မင်းကျော်စွာ





## ဆွဲကြိုး

လည်တိုင်တွင် အလှဆင်မြန်းလေ့ရှိသော လည်ဆွဲဖြစ်သည်။

ရွှေမဟုတ်သော ငွေနှင့် အခြား အလှဆင် ဆွဲကြိုးကို ဆင်မြန်းရသည်ဟု မြင်မက်လျှင် သတင်းတစ်ခုခု ကြားသိရမည်။

*(သံကြိုး မပါ)*

ရွှေဆွဲကြိုးကို ဆင်မြန်းရသည်ဟု မြင်မက်လျှင် သတင်းကောင်း ကြားရမည်။

သံကြိုးကို ဆင်မြန်းရသည်ဟု မြင်မက်သော် ထောင်အကျဉ်းကျဖွယ် ရှိသည်။

**▲ အိမ်ထောင်မဲ့(တစ်ခုလပ် အပါအဝင်) အမျိုးသားက မြင်မက်လျှင်...**

စာရိတ္တချို့ယွင်းသည့် မိန်းမနှင့် ငြိစွန်းကာ ဒုက္ခသုက္ခ ရောက်ရကိန်းရှိသည်။

**▲ အိမ်ထောင်မဲ့(တစ်ခုလပ် အပါအဝင်) အမျိုးသမီးက မြင်မက်လျှင်...**

ရောဂါသည် ခင်ပွန်းနှင့် လက်ထပ်၍ စိတ်သောက ကြီးစွာ ခံစားရဖွယ်ရှိသည်။

**▲ စာသင်သား ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

ကျောင်းစည်းကမ်း ချိုးဖောက်မိ၍ အရေးယူ အပြစ်ပေးခြင်း ခံရကိန်းရှိသည်။

**▲ ကုန်သည်က မြင်မက်လျှင်...**

ဥပဒေနှင့် မလွတ်ကင်းသော ကုန်စည် လုပ်ငန်းများနှင့် ဆက်စပ်မိသဖြင့် အမှုအခင်း ရင်ဆိုင်ရဖွယ်ရှိသည်။

**▲ တောင်သူလယ်သမားက မြင်မက်လျှင်...**

အမတော်ကြေးများ မပေးဆပ်နိုင်သဖြင့် လယ်ယာမြေ ဆုံးရှုံးခြင်း ကြုံရတတ်သည်။

**▲ ခရီးသွားစဉ် မြင်မက်ပါက...**

ဓားပြ လုဆိုး ဒုက္ခပေးခြင်း ခံရကိန်းရှိသည်။

**▲ ရပ်ဝေးမြေခြားတွင် စီးပွားရှာနေစဉ် မြင်မက်ပါက...**

ကြီးစွာ နာမကျန်းဖြစ်၍ အတိဒုက္ခ ရောက်ရတတ်သည်။

**▲ အိမ်ထောင်ရှင် (အမျိုးသမီး၊ အမျိုးသား)က မြင်မက်လျှင်...**

အိမ်ထောင်ရေး ဖောက်ပြန်မှုများ ကျူးလွန်မိကာ ပြဿနာ ကြီးမားနိုင်သည်။

**▲ ဆရာဝန် ဆေးသမားက မြင်မက်လျှင်...**

မိမိနေထိုင်ရာ နေရာဒေသ၌ ကူးစက်ရောဂါ ကပ်ရောဂါဘေး ကြီးစွာ ကြုံရတတ်သည်။

**▲ ကိုယ်ဝန်ဆောင် အမျိုးသမီးက မြင်မက်လျှင်...**

ကိုယ်ဝန်ဆောင် အဆိပ်သင့်ခြင်း၊ မမှန်ကန်သော သားလျှောခြင်းတို့ကြောင့် ဒုက္ခကြီးစွာ ကြုံရဖွယ်ရှိသည်။

**[ဤအိပ်မက်ဆိုး နိမိတ်များ ပျက်ပြယ် လျော့ပါးအောင် ဆောင်ရွက်လိုပါက အင်္ဂါနေ့ ညနေပိုင်းတွင် အများကိုးကွယ်သော စေတီပုထိုး တစ်ဆူ၏ တောင်ဘက် (ဗုဒ္ဓဟူးဂြိုဟ်တိုင်အနီး)မှ အနီရောင် ဖယောင်းတိုင်(၉)တိုင် ထွန်းညှိပူဇော်ကာ သမ္မာဒေဝများအား တိုင်တည်လျှောက်ထားပါလေ။**

**(၉)ဂဏန်း၊ အနီရောင်နှင့် မီးတို့မှာ မီးဓာတ်၏ ပင်မသရုပ်များဖြစ်ကြသည်။ မီးဓာတ်သည် သတ္တုဓာတ်အား အရည်ဖျော် ဖျက်ဆီးအောင်နိုင်ခြင်း ခဲ့ယှင်း(Kè Xíng) သဘောရှိလေရာ သံကြိုး၏ အဆိုးများကို လျော့ပါးစေနိုင်ပါလိမ့်မည်။]**

✪ ရွှေဆွဲကြိုး ဆင်မြန်းရခြင်းသည် လူတိုင်းအတွက် သတင်းကောင်း ကြားရမည့်နိမိတ်ဖြစ်ကာ...

**⁘ လုံမပျို၊ လုလင်ပျိုတို့ တစ်ယောက်တစ်နယ်စီ ဝေးကွာနေရစဉ် မြင်မက်ပါက...**

ချစ်သူ၏ အကြင်နာစကားများကို နားဆင်ခွင့် ရနိုင်သည်။

**⁘ လိုက်လိုက်လဲလဲ ချစ်ခင်ကြင်နာရစဉ် (ကြင်စဦး အခြေအနေကိုဆိုလိုသည်။) အမျိုးသမီးက ဆွဲကြိုးဆင်မြန်းရသည်ဟု မြင်မက်လျှင်...**

ခင်ပွန်းသည်တွင် ဓနဥစ္စာ တိုးပွားလာမည်။ *[ရွှေဆွဲကြိုး မဟုတ်သော်*



www.burmeseclassic.com

www.burmeseclassic.com

***အကျုံးဝင်ပါသည်။ သံကြိုးမှလွဲ၍ ငွေတီး(သံမလိုက်သော စတီးကြိုး ဖြစ်ရပါသည်။)နှင့် Fency ကော်စေ့ပုတီးများ အားလုံး အပါအဝင် ဖြစ်သည်။]***

÷ **အိမ်ထောင် မကျသေးသော လူပျိုက မြင်မက်လျှင်*(သံကြိုးမှ လွဲ၍ အခြားဆွဲကြိုး တစ်ခုခု)*...**

ငွေကြေး ပြည့်စုံချမ်းသာသော အိမ်ထောင်စုမှ အမျိုးသမီးနှင့် လက်ဆက်ရကိန်းရှိသည်။ ဇနီးကို အမှီပြု၍ ငွေကြေး ရွှေထည် မြောက်မြားစွာ ပိုင်ဆိုင်ရတတ်သည်။

❖ ဆွဲကြိုး ဝယ်ရသည်ဟု မြင်မက်လျှင် နေအိမ်မိသားစုအတွင်း မင်္ဂလာကိစ္စ ပေါ်ပေါက်မည်။

❍ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

သားသမီးတစ်ဦးအတွက် ထိမ်းမြား မင်္ဂလာကိစ္စ ဆောင်ရွက်ပေးရတတ်သည်။

❍ **အိမ်ရှင်မက မြင်မက်လျှင်...**

ဆွေမျိုးသားချင်း တစ်ဦးဦး၏ မင်္ဂလာကိစ္စတွင် ဦးဆောင်ပေးရမည်။

❍ **လူပျိုက မြင်မက်လျှင်...**

မောင်နှမရင်းချာတစ်ဦး မင်္ဂလာဆောင်ဖြစ်မည်။

❍ **အပျိုက မြင်မက်လျှင်...**

မိတ်ဆွေရင်းချာ မင်္ဂလာကိစ္စအတွက် အလုပ်များရတတ်သည်။

❍ **ခရီးသွားစဉ် မြင်မက်ပါက...**

စိတ်ချမ်းမြေ့ ရွှင်လန်းဖွယ် ကဏ္ဍာရုံ မြင်ကွင်းများ ကြုံရမည်။

❍ **ပညာသင်ကြားနေသူက မြင်မက်လျှင်...**

စာမေးပွဲတွင် လွယ်ကူစွာ အောင်မြင်မည်။

❍ **ကုန်သည်က မြင်မက်လျှင်...**

ဈေးကွက်သစ်၊ ဖောက်သည်





ဝယ်လက်အသစ် ရရှိမည်။

❍ **တောင်သူလယ်သမားက မြင်မက်လျှင်...**

သီးနှံအသစ်၊ မျိုးစေ့အသစ်များ စိုက်ပျိုးထုတ်လုပ်ခြင်းကြောင့် ဝင်ငွေ တိုးပွားမည်။

❍ **နာမကျန်းဖြစ်နေသူက မြင်မက်လျှင်...**

ဆေးကောင်း၊ သမားကောင်း တွေ့ရှိ၍ ဝေဒနာ သက်သာပျောက်ကင်းနိုင်သည်။

❍ **ကိုယ်ဝန်ဆောင်မိခင်က မြင်မက်လျှင်...**

ကျန်းမာဝဖြိုးသော ရင်သွေးကို အောင်မြင်စွာ မွေးဖွားမည်။

❍ **အချုပ်အကျဉ်း အကျပ်အတည်း ကြုံနေရသူက မြင်မက်လျှင်...**

မကြာမီ လွတ်မြောက်နိုင်သည်။

❖ ဆွဲကြိုး ပျောက်သည်ဟု မြင်မက်လျှင်ကား ကြမ္မာဆိုးဝင်ခြင်း ဖြစ်တတ်သည်။

☮ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

စီးပွားအလုပ်အကိုင် ပျက်စီးတတ်သည်။

☮ **အိမ်ရှင်မက မြင်မက်လျှင်...**

ခင်ပွန်းသည် အလုပ်အကိုင် ဆုံးရှုံးမှု ကြုံရဖွယ်ရှိသည်။

☮ **လူပျိုက မြင်မက်လျှင်...**

ချစ်သူရည်းစား၏ ငြိုငြင်ခြင်း ခံရကိန်းရှိသည်။

☮ **အပျိုက မြင်မက်လျှင်...**

တစ်ကိုယ်တည်း အထီးကျန်စွာ နေရဖွယ်ရှိသည်။

☮ **ကုန်သည်က မြင်မက်လျှင်...**

လေလွင့်ဆုံးရှုံးမှု ကြီးမားမည်။

☮ **တောင်သူလယ်သမားက မြင်မက်လျှင်...**

ပိုးမွှား၊ အပင်ရောဂါနှင့် ရာသီဥတု ဖျက်ဆီးသဖြင့် သီးနှံများ ပျက်စီးနိုင်သည်။

☮ **ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**

ပညာရေးတွင် စိတ်ဝင်စားမှု နည်း၍ အခက်အခဲ ကြုံမည်။

☮ **နာမကျန်းဖြစ်နေသူက မြင်မက်လျှင်...**

ဆေးထိုး၊ ဆေးစားမှား၍ ဝေဒနာ ဆိုးရွားနိုင်သည်။

☮ **ခရီးသွားစဉ် မြင်မက်က...**

ခရီးမဆုံး အကျိုးမဲ့စွာ ပြန်လာရဖွယ်ရှိသည်။

■ မိမိ ဆင်မြန်းထားသည့် ဆွဲကြိုး ပြတ်သွားသည်ဟု မြင်မက်ခြင်းသည် သတင်းဆိုး အနိဋ္ဌာရုံမြင်ကွင်းများ ကြားသိ ကြုံဆုံရမည့် နိမိတ်ဖြစ်သည်။

☆ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

မိသားစုဝင်အတွက် စိတ်မချမ်းမြေ့စရာသတင်း ကြားပါမည်။

☆ **အိမ်ရှင်မက မြင်မက်လျှင်...**

ခင်ပွန်းသည်အတွက် စိတ်ထိခိုက်ဖွယ် သတင်းကြားရမည်။

☆ **လူပျိုက မြင်မက်လျှင်...**

ရပ်ဝေးရောက် မိတ်ဆွေများနှင့် စပ်လျဉ်း၍ သတင်းဆိုး ကြားရမည်။

☆ **အပျိုက မြင်မက်လျှင်...**

ခင်မင် ရင်းနှီးသူများအတွက် ဝမ်းနည်းကြေကွဲရဖွယ်ရှိသည်။

☆ **နာမကျန်း ဖြစ်နေသူက မြင်မက်**



www.burmeseclassic.com

www.burmeseclassic.com

**လျှင်...**

ကုသရခက်သော ဝေဒနာ ဖြစ်နေတတ်သည်။

☆ **ခရီးသွားစဉ် မြင်မက်က...**

အကောက်ကြံသူ သတိထားပါ။

☆ **ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲ ကျတတ်သည်။

☆ **အမှုအခင်း ရင်ဆိုင်ရစဉ် မြင်မက်ပါက...**

မိမိဘက်မှ ရှုံးနိုင်ခြေ ရှိသည်။

☆ **ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**

အစအနပင် ရှာ၍မရတော့ပါ။

❂ သံကြိုး ပြတ်သွားသည်ဟု မြင်မက်လျှင်ကား ကောင်းသောနိမိတ် ဖြစ်သည်။

* **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

ဝမ်းမြောက်ဖွယ် ကျက်သရေမင်္ဂလာရှိသောကိစ္စ ပေါ်ပေါက်မည်။

* **အိမ်ရှင်မက မြင်မက်လျှင်...**

အိမ်ထောင်ပရိဘောဂ ဝင်နိုင်သည်။ ဧည့်ကောင်းစောင်ကောင်း ရောက်လာမည်။

* **လူပျိုက မြင်မက်လျှင်...**

လှပကျော့ရှင်းသောချစ်သူ ရတတ်သည်။

* **အပျိုက မြင်မက်လျှင်...**

ပညာရှင်၊ ဓနရှင်တစ်ဦးနှင့် နီးစပ်နိုင်သည်။

* **နာမကျန်း ဖြစ်နေသူက မြင်မက်လျှင်...**

မကြာမတင်မှာပင် ကောင်းစွာ ကျန်းမာလာမည်။

* **ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်မည်။

* **ကုန်သည်က မြင်မက်လျှင်...**

အရောင်းအဝယ် လုပ်ငန်းချဲ့ထွင်နိုင်မည်။

* **တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာမြေ တိုးတက်ပိုင်ဆိုင်ခွင့်ရမည်။

* **အချုပ်အကျဉ်း အကျပ်အတည်း ကြုံနေရသူက မြင်မက်လျှင်...**

မြန်မကြာ လွတ်မြောက်မည်။

❃ ဆွဲကြိုး ပြုလုပ်ရသည် *(မိမိကိုယ်တိုင်ပြုလုပ်ရသည်ဖြစ်စေ၊ ပန်းထိမ်ဖိုတွင် အပ်နှံနိုင်းစေရသည်ဖြစ်စေ)* အကျိုးအမြတ် ရရှိမည့်နိမိတ် ဖြစ်သည်။

❄ **အိမ်ထောင်ရှင် [ခင်ပွန်း (သို့မဟုတ်)ဇနီး]က မြင်မက်လျှင်...**

အကျိုးအမြတ် ရရှိမည့် စီးပွားလုပ်ငန်း ပြုလုပ်ရမည်။

❄ **အပျို လူပျိုက မြင်မက်လျှင်...**

ငွေကြေးပြည့်စုံသော မိသားစုဝင် ဖြစ်သွားနိုင်သည်။

❄ **နာမကျန်း ဖြစ်နေသူက မြင်မက်လျှင်...**

ဝေဒနာ မရှည်မကြာ ပျောက်ကင်းသွားမည်။

❄ **ကုန်သည်က မြင်မက်လျှင်...**

အမြတ်အစွန်း တိုးပွားမည်။

❄ **တောင်သူလယ်သမားက မြင်မက်လျှင်...**

ကောက်ပဲသီးနှံ အထွက်တိုးမည်။

❄ **ကျောင်းသူ ကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်နိုင်သည်။

**ထက်မင်းကျော်စွာ**

**စာမျက်နှာ (၁၅၅)မှ အဆက်**

ဆုံးမတော်မူသော။ သာသကော်ရ...
သာခက်၊ ယုံမှားခြင်းကင်းဝေးသည်...
အဖြစ်ကို ပြီးစေတတ်သော။ သာ...
သေ၍၊ တရားစင်စစ်၊ တရားအ...
ဖြင့် မြတ်တော်မူသော။ သာရဗိမ္...
ရွှေအနှစ်သငင်းတုကဲ့သို့ တင့်တယ်တော်...
မူသော မြတ်စွာဘုရားကို။ သာ...
သာအရဲ့ ကောင်းမွန်ရှိသေစွာ။ ဝန္ဒာမ်...
ရှိခိုးပါ၏။

*[ဤဂါထာတော် ပါဠိအနက်...
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း...
တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသ...
အောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒီမြန်...
ဝတ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာ...
ကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆို...
ပါသည်။]*

ကျွန်ုပ်အနေဖြင့် (၁၁)မီး...
ပုတီးစိပ်အဓိဋ္ဌာန် ဝင်ခဲ့ပါသည်။

* နမောဗုဒ္ဓါယသိဒ္ဓံ *[ပုတီး(၁)လုံး...*
* ရာဂမီး *[ပုတီး(၁)လုံး...*
* ဒေါသမီး *[ပုတီး(၁)လုံး...*
* မောဟမီး *[ပုတီး(၁)လုံး...*
* ဇာတိမီး *[ပုတီး(၁)လုံး...*
* ဇရာမီး *[ပုတီး(၁)လုံး...*
* မရဏမီး *[ပုတီး(၁)လုံး...*
* သောကမီး *[ပုတီး(၁)လုံး...*
* ပရိဒေဝမီး *[ပုတီး(၁)လုံး...*
* ဒုက္ခမီး *[ပုတီး(၁)လုံး...*
* ဒေါမနဿမီး *[ပုတီး(၁)လုံး...*
* ဥပါယာသမီး *[ပုတီး(၁)လုံး...*

အထက်ပါအတိုင်း ပုတီး(၁၁)...
စိပ်၍ မေတ္တာပို့ အမျှဝေ ဆုတောင်း...
ပြုရသည်။ လွန်စွာ အကျိုးထူး...
အဓိဋ္ဌာန်ဖြစ်၍ စာဖတ်သူများအ...
ဓမ္မဒါနမျှဝေပေးလိုက်ခြင်းဖြစ်ပါ...

*စေတနာမှန်လျှင် ကံကောင်း...*

**အောင်ဇေ** *(LL...)*



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှည်လိုသူတိုင်းအတွက်

# အနန္တဓာတ်ပြာလမ်း

ဆရာ ဦးကျော်လင်း
(နေလပိဋ္ဌာ)

ရှေးက ပညာရှင်များ ကြံစည် ပြုလုပ်ခဲ့ကြသော အနန္တဓာတ်ပြာလမ်းဟူသည် အဂ္ဂိရတ်ပညာခွင်၌ တနင်္ဂနွေနံအပိုင်ဖြစ်သော ခဲဓာတ်နှင့် ထိုတနင်္ဂနွေနံ ခဲဓာတ်၏ ဘုရှိအရပ် သင်္ချိုင်းဓာတ်ဖြစ်သော ဘင်ဓာတ်နှစ်ပါးတို့ ပူးပေါင်း၍ ပြာပြုလုပ်ခြင်း ဖြစ်လေ၏။

ထိုဓာတ်နှစ်ပါးကို နိုင်နိုင်နင်းနင်း ပြုလုပ်လိုပါက **(၂)ကျပ်သားစီ ဆတူပေါင်းလျက် ကန့်စွန်းပွင့်လုံပက်နှင့် ထည့်ပြီး ဓာတ်သားအရည်ပျော်ရုံကို မီးနှင့်ပေးထားခဲ့လျှင် နှစ်ပါးစုံပြာဖြစ်လာလေသည်။**

ပြာဖြစ်၍ အားလုံးကုန်လျှင် ထိုပြာကို ဖိုနှင့် ပြန်ထိုးပြီး ဓာတ်သားတခြား၊ ချော်တခြား ကွဲလျက် ဖြစ်လာသောအခါ ထိုဓာတ်သားကို ယူ၍ ဘင်(၂)ကျပ်သား ထပ်ရောပြီး ရှေးနည်းအတိုင်း ပြာလုပ်၊ ပြန်ထိုး၊ ထပ်ထည့်။ ဤသို့ (၇)ကြိမ် ပြုလုပ်ခဲ့လျှင် ခဲဓာတ်ပျောက်၍ အစွမ်းထက်သော ဘင်ဓာတ်ရောက်ကာ လိုအပ်သောဓာတ်ကို လွယ်ကူစွာ ပြာချနိုင်လေသည်။

ရွှေ၊ ငွေ၊ သံ၊ ကြေး၊ ခဲ၊ ပြဒါး စသော ဓာတ်နုဓာတ်ရင့်များကို ပြာချလိုသောအခါ ဥပမာ ရွှေ(၁)ကျပ်သားကို ပြာချလိုလျှင် ပြာမှုဖြစ်သော ဘင်ဓာတ်သားနှင့် ဆတူပေါင်း၍ သမအောင်ထိုးပြီး လုံပက်တွင် ထည့်ကာ ရှေးနည်းအတိုင်း ဓာတ်သား အရည်ပျော်ရုံကို မီးနှင့် ပြာချရလေသည်။

**ဓာတ်ရင့်များမှာ** ဘင်အစွမ်းသတ္တိကြောင့် ပြာဖြစ်လာသော်လည်း **ပြာကြွမ်းအဖြစ်နှင့်** တည်ရှိနေသောကြောင့် **မဖောက်ထုံး ရွှေးကြီးသုံးရွှေး ခန့်ထည့်၍** သမပြီးလျှင် ဆက်လက်၍ မီးဖုတ်ရလေ၏။ ထိုအခါမှ ပြာနုဆိုက်လေသည်။

**အရည်နုသော သွပ်၊ ခဲ၊ ပြဒါး၊ ဘင်၊ ဂျွတ်တို့မှာ** ငါးဆယ်သား၊ တစ်ပိဿာ လိုအပ်သလောက် သံဒယ်အိုးတွင် ထည့်၍ ထိုပြာ(၁)ကျပ်သားခန့် ထည့်ပြီး ရောမွှေလျှင် အလွယ်တကူ အားလုံး ပြာဖြစ်လေ၏။ ပြာအကြွမ်းမှ ပြာနုဆိုက်၍ ပြာအသေရောက်သည်အထိ မီးနှင့်ဖုတ်၍ သတ်ရလေသည်။

ခဲနှင့် ဘင်မှ စခဲ့သော ထိုအနန္တဓာတ်ပြာသည် ထိုပြာနှင့် တွေ့ထိသော ဓာတ်ပစ္စည်းအားလုံးတို့မှာ ဘင်ပြာနောက်ကို လိုက်၍ ပြာဖြစ်လေသောကြောင့် အနန္တပြာဟု ရှေးပညာရှင်များ သတ်မှတ်ထားခဲ့ကြလေသည်။

ထိုဓာတ်ပြာများကို စားသုံးရန် သင့်မသင့်ဆုံးဖြတ်နိုင်ရန်မှာ ဤကဲ့သို့ စစ်ဆေးရလေ၏။

## ဓာတ်ပြာ သေမသေ စစ်ဆေးနည်း

၁။ ဓာတ်ပြာကို ဖိုနှင့်ထိုး၍ ဓာတ်သားပြန်ချလျှင် အသားပြန်မလာခြင်း။

၂။ ဓာတ်ပြာမှာ ဝိတ်၊ ဂဏ၊ အလေးချိန် မရှိခြင်း။

၃။ ဓာတ်ပြာကို ငီးခဲပေါ်တင်လိုက်လျှင် အခိုးအငွေ့မထခြင်း။

၄။ ဓာတ်ပြာကို ရေပေါ်သို့ ပစ်ချခဲ့လျှင် ရုတ်တရက် ရေမမြုပ်ခြင်း။

၅။ ဓာတ်ပြာကို နွားနို့အစိမ်းနှင့် ရောမွှေလျှင် နွားနို့ မည်းညစ်မသွားခြင်း။

၆။ ဓာတ်ပြာကို ရေနှင့် ရောမွှေလျှင် ပြာ သီးခြားမနေဘဲ နွားနို့နှင့်ရေ ရောသကဲ့သို့ ပေါင်းသွားခြင်း။

၇။ ဓာတ်ပြာအရောင်အဆင်းမှာ မည်းညစ်ညိုပြာ ရုပ်ကြမ်းလက္ခဏာ မရှိခြင်း။

၈။ ဓာတ်ပြာအရောင်အဆင်းမှာ ရွှေရောင်၊ အနီရောင်၊ ဝင်းဝါရောင်၊ ထုံးခြောက်ရောင်ရှိခြင်း။

၉။ သိသာထင်ရှားစေရန်မှာ မိမိ ပြုလုပ်သော ဓာတ်ပြာများကို စားသုံးလျှင် အန္တရာယ်မရှိစေရန် ရှေးပညာရှင်များ စနစ်တကျ စီမံပြုလုပ်သွားခဲ့သော ရှေးပညာရှင်များ စနစ်တကျ စီမံပြုလုပ်သွားခဲ့သော မှုအတိုင်း သေပြီးသော ဝိဇ္ဇာက ရွှေပြာပုံစံနှင့် စံထိုးစစ်ဆေး၍ သေ,မသေကို သတ်မှတ်ရလေသည်။

ဖော်ပြခဲ့သော ဓာတ်လက္ခဏာများသည် ဓာတ်သေလက္ခဏာပင် ဖြစ်လေ၏။

## ဓာတ်မ(၉)ပါး ပြာသေ၏ ခန္ဓာကိုယ် အကျိုးပြုပုံအကျဉ်း

၁။ **နာသေပြာသည်**–ခြင်ဆီအားနည်းရောဂါ၊ ဆီးအိမ်အားနည်းသော



www.burmeseclassic.com

www.burmeseclassic.com

ရောဂါ၊ ပိုးရောဂါတို့ကို နိုင်သည်။

၂။ **ဘင်သေပြာသည်**–လေဓာတ်ပျက်သောရောဂါ၊ အကြောရောဂါ၊ ကိုယ်ရေပြားရောဂါ၊ ပိုးနာတို့ကို နိုင်သည်။

၃။ **ဗျှတ်ပြာသည်**–အပူအတက်နာသောရောဂါ၊ အစာဟောင်းအိမ်ရောဂါ၊ အူလမ်းကြောင်းရောဂါများကို နိုင်သည်။

၄။ **သွပ်သေပြာသည်** – ဝမ်းမီးပျက်ရောဂါ၊ သည်းခြေရောဂါ၊ အစာအိမ်သစ်၌ဖြစ်သောရောဂါ၊ ဆံဖြူသွားကျိုးအိုမင်းရင့်ရော်ခြင်းတို့ကို တားဆီးနိုင်သည်။

၅။ **ဒန်သေပြာသည်**–ဝမ်းပျက်ရောဂါ၊ သည်းခြေရောဂါ၊ တွေဝေ၍ နှုတ်မမြိန်သောရောဂါ၊ ကြွက်သားများအားနည်းသောရောဂါ၊ ထုံကျဉ်ဖောရောင် အသားပွရောဂါများကို နိုင်သည်။

၆။ **သံသေပြာသည်**–သွေးအားနည်းသောရောဂါ၊ သုက်ဓာတ်ပျက်သောရောဂါ၊ သွေးနှင့်ပတ်သက်သောရောဂါဆိုးတို့ကို နိုင်သည်။

၇။ **ဘော်သေပြာသည်** – ဓာတ်ကြီးလေးပါးပျက်စီးသောရောဂါ၊ ခုခံအားကျဆင်းသောရောဂါ၊ ဝမ်းပျက်ရောဂါ၊ အရိုးပျော့ရောဂါတို့ကို နိုင်သည်။

၈။ **ကီတ်, ရွှေသေပြာသည်**–ကိုယ်သားကိုယ်ရေ မွဲခြောက်သောရောဂါ၊ နှလုံးသားရောဂါ၊ အဆုတ်ရောဂါ၊ အသည်းရောဂါ၊ ခန္ဓာကိုယ်မပျက်စီးရအောင် စောင့်ရှောက်နေသော အာယု၊ ဥသမ၊ ဝိဉာဏဓာတ်သုံးပါးတို့ကို စောင့်ရှောက်နိုင်သည်။

၉။ **ပြဒါးသေပြာသည်**–ရိုးတွင်းခြင်ဆီ၊ အသွားအရေအတွင်းတို့၌ ပိတ်ဆို့နေသော ရောဂါများကို ဖောက်ထွင်းသွားလာဖျက်ဆီးနိုင်ပြီး အပူအပုပ်နာရောဂါ၊ အိုနာသေရောဂါများကို တားဆီးနိုင်၍ ကာမဂုဏ်တွင် လိုအပ်သလောက် စွမ်းဆောင်နိုင်လေသည်။

သေပြီးသော ဓာတ်ပြာအားလုံးတို့သည် ဓာတ်လေးပါး ညီညွတ်၍ အသက်ရှည်ခြင်းကိုသာ ပြုတတ်ကြလေသည်။

မှတ်ချက်

သွပ်သေပြာသည် ပါစကဝမ်းမီးကို အားကောင်းစေသောကြောင့် ခံနိုင်ရည်ရှိသော အေးမြချိုဆိမ့်သော အစာများနှင့် တွဲဖက်၍ စားသုံးသင့်သည်။ သို့မဟုတ် ဖီးကြမ်းငှက်ပျောသီးနှင့် စားသုံးရ၏။

ကျန်ရှိသော ဓာတ်(၈)ပါးပြာတို့ကို မှိဝဲနေစဉ်မှာ **ဝမ်းမီးပျက်တတ်သော ဖရုံသီး၊ ဖရဲသီး၊ ဘူးသီး၊ ကန်စွန်းရွက်၊ လက်ဖက်၊ မြေပဲ၊ ရေခဲ၊ ချဉ်,ဖွဲ့,အေး,လေးသော အစာများကို လွန်စွာ မစားသင့်။** နွားနို့၊ သကြား၊ ထောပတ်၊ ပျားရည်၊ တင်လဲ၊ ဆိတ်နို့ စတုမဓုတို့ဖြင့် နှစ်သက်ရာနှင့် သုံးဆောင်နိုင်သည်။

---

မသေသေးသော ဓာတ်ပြာကို

စားသုံးခြင်း၏အကျိုး

---

၁။ မျက်လုံးဝါနောက်ခြင်း။
၂။ အသံပျက်လာခြင်း။
၃။ ဆံပင်မွေးညင်းများ ကျွတ်လာခြင်း။
၄။ သွေးအန်ခြင်း။
၅။ သွေးကြောလေကြောများ ပိတ်ဆို့ပေါက်ကွဲခြင်း။
၆။ အဖုအကျိတ်များထွက်ခြင်း။
၇။ ကိုယ်ဖောရောင်ခြင်း။
၈။ အစာအိမ်ပေါက်ခြင်း။
၉။ လေဖောက်ပြန်သောရောဂါဖြစ်ခြင်း။
၁၀။ သွေးဖောက်ပြန်သောရောဂါဖြစ်ခြင်း၊
၁၁။ အစာအိမ်၊ ရင်ဘတ်၊ ဦးခေါင်း အလွန်ပူလာခြင်း။
၁၂။ တစ်ကိုယ်လုံး နူနာရောဂါဖြစ်ခြင်း။
၁၃။ ထွက်သက်ဝင်သက် အမြဲဖောက်ပြန်ခြင်း။
၁၄။ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲသော ဝေဒနာခံစားရခြင်း။
၁၅။ မလှုပ်နိုင် မရှားနိုင်အောင် နာကျင်လေးလံခြင်း။
၁၆။ ယောက်ျားများမှာ သုက်ပျက်ရောဂါ၊ ဆီးရောဂါဖြစ်ခြင်း။
၁၇။ မိန်းမများမှာ သွေးပျက်ရောဂါ၊ သားပျက်ရောဂါဖြစ်ခြင်း။

**ဓာတ်ပြာ အဆိပ်သင့်ခဲ့လျှင်** ဓာတ်ပြာ အနုအရင့် အနည်းအများကိုလိုက်၍ တချို့(၂၄)နာရီအတွင်း သေသည်။ တချို့(၇)ရက်နှင့် သေသည်။ တချို့(၁)လနှင့်သေသည်။ တချို့(၃)လ နှင့်သေသည်။ တချို့(၁)နှစ်ကြာမှ သေသည်။ **တချို့ ဘဝဆုံးသည်အထိ ရောဂါရလေသည်။**

ရှေးထုံးမူ

'ဓာတ်လုံးဓာတ်ပြာ၊ ဆောင်ရွက်ရာတွင်၊ အိမ်သာအပင်အောက်၊ သိမ်ကျောင်းအောက်နှင့်၊ အိမ်အောက်ကမ်းထိပ်၊ မြေနိမ့်သုသာန်၊ သေရန်များပြား၊ ငါးသားအလျှင်၊ ဖုတ်ကင်ကြော်လှော်၊ သချိုင်းခေါ်တွင်၊ စားဖိုခွင်၌၊ ရှောင်ကြဉ်အရပ်၊ မလုပ်အပ်၊ မြဲမှတ်စွဲမြဲစေ'

ဆရာ ဦးကျော်လင်း
(နေလဝိဇ္ဇာ)



www.burmeseclassic.com

www.burmeseclassic.com

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့၊ အိမ်မဲကြီးရပ်ကွက်
ကံလှဝရိယတ္တိစာသင်တိုက် ဓမ္မရိပ်သာဆရာတော် ရွှေဟင်္သာဝံသ သာသနာပါလ ဓမ္မစရိယ
အစိုးရသာသနဓဇ ဓမ္မာစရိယ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက

# ကံလှ အရှင်သောဘိတာဝံသ

၏ လက္ခဏာတော်နှင့် ဩဝါဒ

ဆရာကြီး ဦးမြတ်လင်း
(B.Sc၊ ရှေ့ဘို)
(လက္ခဏာမဟာဗုဒ်သုတေသီ)




▲ ရွှေဟင်္သာဝံသ သာသနာပါလ ဓမ္မာစရိယ၊ အစိုးရသာသနာဓဇ ဓမ္မာစရိယ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနစရိယ ဓမ္မကထိက ကံလှ အရှင်သောဘိတာဝံသ

## ထေရုပ္ပတ္တိ

ဆရာတော်သည် ရောဝတီတိုင်း ...သကြီး၊ ကျောင်းကုန်းမြို့နယ်၊ ...သွေးတိုက်ကျေးရွာနေ ခမည်းတော် ...တင်စိန်၊ မယ်တော် ဒေါ်ရွှေငွေးတို့မှ ...ရခု၊ နတ်တော်လပြည့်ကျော် (၉) ...ကို သောကြာနေ့တွင် ဖွားမြင်တော် ...ပါသည်။

...ခုနှစ်၊ တပေါင်းလဆန်း(၆)ရက် ...တွင် ရန်ကုန်တိုင်းဒေသကြီး၊ ...ကင်ဥက္ကလာပမြို့နယ်၊ အမှတ်(၆) ...မြို့ဦးကျောင်းတိုက်၊ အိမ်မဲကျောင်း ...ကျောင်း ဆရာတော်ကြီး ဦးဝိမလ ... ဥပဇ္ဈာယ်ပြုပြီး မိဘနှစ်ပါး၏ ...သာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေ ...အဖြစ်သို့ ရောက်ရှိခဲ့သည်။

...ခုနှစ် ၁၃၄၆ ခုနှစ်၊ နှောင်းတန်ခူးလ ...(၈)ရက်၊ မြတောင်စာသင်တိုက် ...သိမ်တော်မြတ်၌ မြတောင်စာသင် ... မဟာနာယကဆရာတော်ကြီး ...နာ၀ရကို ဥပဇ္ဈာယ်ပြုပြီး ...နေ်မြို့နေ ဦးစံရာ+ဒေါ်ခင်အေး ...သူတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ ... ရဟန်း ဖြစ်ခဲ့ပါသည်။

| စာပေပရိယတ္တိများ သင်ယူခြင်း | |
|---|---|
| ရောဝတီတိုင်းဒေသကြီး ကျောင်း | ကုန်းမြို့ မီးသွေးတိုက်ကျောင်း ဆရာတော် ဦးကုသလ။ |





www.burmeseclassic.com

www.burmeseclassic.com




(A.A)

ပန်းတနော်မြို့ မြတောင်စာသင်တိုက်ဦးဝိမလညာဏ၊ ဦးကုမာရ(မြတောင်ကုမာရ)၊ ဦးအာစာရ၊ ဦးစန္ဒောဘာသ ဆရာတော်များ။

ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ပါဠိတက္ကသိုလ်ကျောင်းတိုက်မှ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော် ဘဒ္ဒန္တဝိမလ၊ တိုက်အုပ်ဆရာတော် တိုက်ကြပ်ဆရာတော် စာချဆရာတော်များ။

စစ်ကိုင်းဒေသကြီး မင်းကွန်း ဓမ္မာနာဒတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ။

မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ။

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါ... ဆရာတော်ကြီးများ ဖြစ်ကြသ... ဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံ... ဆရာတော် ဦးသီလက္ခန္ဓာဘိဝံ... ဆရာတော် ဦးကုမာရ၊ ဆရာတော်... ဦးဝံသပါလာလင်္ကာရ၊ ဆရာတော်... ဦးဂန္ဓမာလင်္ကာရ တိပိဋကဓရ ... ဘဏ္ဍာဂါရိကဆရာတော်များထံမှ ... ယတ္တိစာပေများ သင်ယူဆည်းပူး... သည်။

## အောင်မြင်ခဲ့သည့်

## စာမေးပွဲများ

✻ သာသနဓဇ ... စရိယ (၁၀-၇-၉...

✻ ရွှေဟင်္သာဝံသ သာသ... ပါလဓမ္မာစရိယ (၁၃၅၀-...

## သာသနာရေးတာဝန်များ

အိမ်မဲမြို့ မြို့နယ်သံဃနာယ... အဖွဲ့ဝင်အဖြစ် (၈)နှစ်တိုင် ဆော... ရွက်ပြီး ပါဝင်ဆောင်ရွက်ဆဲလည်း ဖြစ်သည်။

## ကမ္မဋ္ဌာန်းတရား ဟောပြောခြင်း

ဗုဒ္ဓဂိုဏ်း၊ ဓမ္မဂိုဏ်း၊ သံဃဂိုဏ်း... ရာဇဂိုဏ်းများ ကင်းလွတ်စွာ... ထေရဝါဒ ပိဋကတ်တော်၌လာရှိသော... ကမ္မဋ္ဌာန်းများဖြင့် ကျေးဇူးတော်... အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်... ၏ ဥပနိဿယခံယူ၍ သစ္စာလေး... တရားတော်များကို ဟောပြော... ရှိပါသည်။





www.burmeseclassic.com

www.burmeseclassic.com

## ...သနာပြုတရား ဟောပြောခြင်း

...င်းကွန်း တိပိဋကဓရ ဓမ္မာဘဏ္ဍာ ...ကဆရာတော်ကြီး ဩဝါဒကို ...ယူကာ တိပိဋကနိကာယ ဆွမ်းဆန် ...တော် ရေစက်ချတရားပွဲ၊ နိုင်ငံတော် ...ယတ္တိတက္ကသိုလ် ရေစက်ချ တရား ...တော်များကို စတင် ဟောကြားခဲ့ပါ ...ည်။

...နိကုန်မြို့ မိုးကုတ်ဝိပဿနာတရား ...ပြန့်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ ...ကြီး၏ အသိအမှတ်ပြု ဓမ္မကထိက ...မ္မဋ္ဌာနာစရိယ ...တ်ကာပ်ခံရပြီး ...ကုတ် ...ရာ ...တော်ကြီး၏ ...နည်းသယကို ...ယူကာ ...မ္မဋ္ဌာန်း ...ည်းပြုအဖြစ် ...ကြပ်ကွပ်ကဲ ...ချုပ်လျက်...




* ...ိမ်မဲမြို့ ကံလှဓမ္မရိပ်သာ၌ ၁၂–နှစ်။
* ...ိမ်မဲမြို့ သီးကွင်းကျေးရွာ ဓမ္မ ...ိပ်သာ၌ ၇–နှစ်။
* ...ျုစိန်ကျေးရွာ ဓမ္မရိပ်သာ၌ ၁၀–နှစ်။
* ...ုရားကြီးကုန်းကျေးရွာ ဓမ္မရိပ်သာ ၌ ၆–နှစ်။
* ...ျုတိုင်ကျေးရွာ ဓမ္မရိပ်သာ၌ ၃–နှစ်။
* ...ရက်ပင်ကွင်း ဓမ္မရိပ်သာ၌ ၁–နှစ်။
* ...ြခင်းကျေးရွာ၌ ၁–နှစ်။
* ...ုရားကြီးကုန်း မိုးကုတ်အဖွဲ့ခွဲ (...၅)ဓမ္မရိပ်သာ၌ ၁–နှစ်။
* ...ရမိထောင့်ကျေးရွာ ဓမ္မမဏ္ဍိုရိပ်သာ ၌ ၃–နှစ်။
* ကျောင်းကုန်းမြို့နယ် မီးသွေးတိုက်ကျေးရွာ ဓမ္မရိပ်သာ၌ ၉–နှစ်။
* မကျီးပင်ဒေါင့်ကျေးရွာ ဓမ္မရိပ်သာ၌ ၃–နှစ်။
* ကွမ်းခြံကုန်းကျေးရွာ ဓမ္မရိပ်သာ၌ ၃–နှစ်။
* နတ်ရေတွင်းကျေးရွာ ဓမ္မရိပ်သာ၌ ၅–နှစ်။
* ပန်းတနော်မြို့ ပခန်းကျောင်းတိုက် ဓမ္မရိပ်သာ၌ ၃–နှစ်။
* ချောင်းဖျားကြီးကျေးရွာ ဓမ္မရိပ်သာ၌ ၃–နှစ်။
* ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ဘုရားကုန်းကံကုန်းအဖွဲ့ခွဲ (၅၅၇)ဓမ္မရိပ်သာ၌ ၆–နှစ်။
* မဟာစန္ဒာရုံ ဓမ္မရိပ်သာ၌ ၁–နှစ်။
* ကျုံတိုင်း ဓမ္မရိပ်သာ၌ ၄–နှစ်။
* မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်

www.burmeseclassic.com

မြို့ ဓမ္မရိပ်သာ၌ ၁-နှစ်။

စသည်ဖြင့် နယ်လှည့်၍ ဝိပဿနာ တရားတော်များကို ဟောကြားခဲ့ပါ သည်။

ကံလှပရိယတ္တိစာသင်တိုက် ဓမ္မရိပ် သာ၌ နေ့စဉ်နေ့တိုင်း အာစိဏ္ဏကံ ယောဂီ(၃၀-၄၀)ခန့်ကို (၁၅)နှစ်တိုင် တိုင် ဟောကြားပြသလျက် ရှိပါသည်။

လက္ခဏာတော်လှေ့လာချက်

❒ **လက်ဖဝါးသည် အဝိုင်းပုံစံဖြစ် နေပါတယ်။ (A.A)**

ဒါကတော့ ဖျတ်လတ်တက်ကြွခြင်း၊ လှုပ်ရှားမှုမြန်ဆန်ခြင်း၊ ဝီရိယအား ကောင်းခြင်း၊ အရာရာကို စိစစ် သေချာအောင် ဆောင်ရွက်တတ်ခြင်း၊ စည်းစနစ်ကြီးခြင်း၊ စီမံကိန်းချ ဆောင် ရွက်တတ်ခြင်းကို ပြပါတယ်။

❒ **ကြာသပတေးဂြိုဟ်ခုံ အား ကောင်းပါတယ်။ (က)**

ဒါကတော့ ရည်ရွယ်ချက်ထားရှိ ခြင်း၊ ဘာသာတရားကို အလေးထား ခြင်း၊ ဦးဆောင်ဦးရွက်ပြုလိုခြင်း၊ ရည် ရွယ်ထားသည့်အတိုင်း ပြီးမြောက်ခြင်း၊ ပညာတတ်မြောက်ခြင်း၊ ဂုဏ်သိက္ခာ ကို တန်ဖိုးထားခြင်း။

ဘဝအခြေအနေ တိုးတက်မြင့်မား လိုခြင်း၊ အကြီးအကဲဖြစ်ရခြင်း၊ လမ်းညွှန်သင်ပြပေးနိုင်ခြင်း၊ လူမှုရေး လုပ်ငန်းများ လုပ်ကိုင်ရခြင်း၊ လူမှုဝန် ထမ်းစိတ်ရှိခြင်း၊ ပရဟိတစိတ်ထား ရှိခြင်းတို့ပါပဲ။ [***ဘယ်လက်ညှိုး တတိယ ဆစ်ဖောင်းကြွသဖြင့် ယခုလို သုံးသပ် လိုက်ပါတယ်(၄)***]

❒ **တနင်္ဂနွေဂြိုဟ်ခုံ နှလုံးလမ်း ကြောင်းထက်မှာ သြဇာလမ်း ကြောင်း ပါ,ပါတယ်။ (ခ)**

ဒါကတော့ အသက်ကြီးမှ အောင် မြင်မယ့် ကံနိမိတ်ပါပဲ။ အသက်ကြီး လေ အောင်မြင်လေ ကံကောင်းလေပါ ပဲ။

❒ **ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် မျဉ်းမတ်တစ် ကြောင်း ပါ,ပါတယ်။ (ဂ)**

ဒါကတော့ အာဝဇ္ဇန်းကောင်းခြင်း၊ အဟောအပြောကောင်းခြင်း၊ သူတစ် ပါး နားဝင်အောင် ဆုံးမနိုင်စွမ်းရှိခြင်း၊ စည်းရုံးရေးကောင်းခြင်း၊ စာအသင်ပြ ကောင်းခြင်း၊ လာဘ်ရလွယ်ခြင်းတို့ပါ ပဲ။

❒ **လက်ညှိုးသည် အတွင်းဘက်သို့ ယိုင်နေပါတယ်။ (ဃ)**

ဒါကတော့ အောင်မြင်ကျော်ကြား မှုကို ပြပါတယ်။

❒ **နှလုံးလမ်းကြောင်းရင်းမှာ မြားမြီး သဏ္ဌာန်ကို တွေ့ရတယ်။ (င)**

ဒါကတော့ ခြွေရံပရိသတ် ပေါများ စေခြင်းပါပဲ။

❒ **လက်မအား ကောင်းပါတယ်။ (စ)**

ဒါကတော့ စိတ်ဓာတ် ကြံ့ခိုင်ခြင်း နဲ့ ဖွဲ့ကောင်းခြင်းကို ပြပါတယ်။

❒ **လက်သန်း တိုပါတယ်။ (ဆ)**

ဒါကတော့ ရှင်းရှင်းဘွင်းဘွင်း ပြော တတ်ခြင်း၊ ဟန်မဆောင်တတ်ခြင်းကို ပြပါတယ်။

❒ **သောကြာဂြိုဟ်ခုံမှာ သံဆန်ခါ ကွက်ကြီးများ ပါတယ်။ (ဇ)**

ဒါကတော့ ကြည်ညိုသူပရိသတ်များ ကြောင်းကို ပြပါတယ်။ စာပေ၊ ကျမ်းဂန် များလဲ ပြုစုနိုင်ပါလိမ့်မယ်။ ရပ်နီးထက် ရပ်ဝေးက ပို၍ ကြည်ညိုသူ ထောက်ပံ့ သူ များပါမယ်။

❒ **ဉာဏ်လမ်းကြောင်း ဖြောင့်တန်း ရှည်လျားပါတယ်။ (ဈ)**

ဒါကတော့ စိတ်မြန်ခြင်း၊ ဉာဏ် ပညာထက်မြက်ခြင်း၊ ဆုံးဖြတ်ချက် ပြတ်သားခြင်း၊ လက်တွေ့ဆောင်... တတ်ခြင်း၊ စိတ်ကူး မယဉ်တတ်...

ဖြတ်ထိုးဉာဏ်ကောင်းခြင်း၊ အ... ရှင်းရှင်း စိတ်ရှင်းရှင်းထားနိုင်... ပဋိပတ္တိလုပ်ငန်းကို ပို၍ အကျိုး... နိုင်ခြင်းပါပဲ။

❒ **လက်မ ပထမဆစ် ဒေါင်းမျ... ပါတယ်။ (ည)**

ဒါကတော့ ရိက္ခာပြည့်စုံခြင်း၊ အ... ကောင်း အသောက်ကောင်း စား... အစားအသောက် မမျိုနိုင်ခြင်း၊ ပ... လေးပါး ပေါများခြင်း၊ ကောင်းစာ... များကို ဖြစ်စေပါတယ်။

ဩဝါဒ

○ အမျက်ထွက်ခြင်း ကဲ့ရဲ့ခြင်း အ... ခြင်းတို့ကို ရှောင်ကြဉ်ပါ။

○ စိတ်ရှည်ခြင်း ဖွဲ့သန်ခြင်း သည်း... သာသနာပြုကြပါ။

○ နောင်တမပူရအောင် မိမိစိတ်ကို ... စောင့်စည်းပါ။

○ သံသရာအဆက်ဆက် ဝမ်း... အောင် ကောင်းမှုပြုလုပ်ပါ။

○ မိမိ၏ ကိုယ်နှုတ်စိတ်တို့ကို ပ... လုံခြုံစွာဝိတ်ပါ။

○ မိမိ၏ ကိုယ်နှုတ်စိတ်တို့ကို ပြ... ကျင့်သုံး အားထုတ်ပါ။

○ သင်ခြင်း ဆောင်ခြင်း ပို့ချခြင်း... ဘာသာကို စောင့်ရှောက်ပါ။

○ ဝိပဿနာပညာ မဂ်ပညာတို့ဖြ... ဖြစ်အောင်ကျင့်ပါ။

○ အာသဝေါတရားကုန်ပါမှ ချမ်း... စိတ်၌ ထင်မှတ်ပါ။

***သင်ဏ်ဘဝ သာယာချမ်းမြေ့...***

**ဆရာဦးခင်မောင်လင်...**

*(B.Sa ရွှေဘို...)*

**(လက္ခဏာမဟာဘူမိသုတေ...)**




www.burmeseclassic.com

ထာဝစဉ် ကျက်သရေတိုး၍

# စည်းစိမ်ကြီးစေသော

အစီအရင်

ဂါမဏိဇော်
(ဗိဿုခရဲ၊ စစ်ကိုင်း)



တစ်နေ့သော ညနေချမ်းအခါ သမယတွင် ကျွန်ုပ်သည် ကျောင်းဆရာများ ဖြစ်ကြသော ဦးနေထွန်းနှင့် ဦးစန်းထွန်းဟုခေါ်သော မိတ်ဆွေကြီးနှစ်ဦးနှင့်အတူ စစ်ကိုင်းတောင်ရိုးလမ်းတွင်ရှိသော လက်ဖက်ရည်ဆိုင်အသစ်တွင် တွေ့ဆုံ၍ လက်ဖက်ရည်သောက်ကာ ထွေရာလေးပါးစကား ပြောနေကြလေသည်။

'ဟုတ်တော့ဟုတ်တယ် ကိုစန်းထွန်းရ...ကျက်သရေရှိဖို့ ဆိုတာက သိပ်အရေးကြီးတယ်ဗျ။ စီးပွားရေးဖြစ်ဖြစ် လူမှုရေး၊ ပညာရေးဖြစ်ဖြစ် ဘယ်နေရာမဆို ! သူ့ဟာနဲ့သူ ကျက်သရေရှိနေမှဗျ။ ဒါကို လူတွေက များသောအားဖြင့် အမှုမဲ့ အမှတ်မဲ့ နေကြတာ များတယ် ထင်တာပဲ'

'တကယ်ဆို ကျက်သရေမင်္ဂလာရှိအောင် နေလို့ထိုင်လို့ ပြင်ဆင်ထားတာလဲ မြင်လိုက်တာနဲ့ သွားချင်စဖွယ်၊ စားချင်စဖွယ် ဒီလိုမှ စီးပွားလာဘ်လာဘ ပိုပြီး ဖြစ်ထွန်းအောင်မြင်မှာဗျ'

ဟု ဦးနေထွန်းမှ ပြောလေ၏။

'ဒါဖြင့် မောင်ဂါကြီးရယ် သူတစ်ဦးတစ်ယောက် အမြဲတမ်း ကျက်သရေမင်္ဂလာရှိနေအောင် ဘုရားဟောထားတဲ့ မင်္ဂလာတရားတော်တို့နဲ့အညီ နေထိုင်လုပ်ကိုင်ကြမှ စာရိတ္တရော၊ စီးပွားရေးရော တိုးတက်ဖြစ်ထွန်းကြမှာဗျ။ ခုခေတ်နဲ့တော့ မလွယ်ပေါင်မောင်ရာ'

ဟု ဦးစန်းထွန်းမှ ပြောလျှင်...

'ဒါတော့ ဒါပေါ့ ဆရာကြီးရယ် သိတဲ့အတိုင်း ခေတ်ကလဲ ဆုတ်ကပ်ထဲ တွန်းပို့နေတယ်ဆိုတော့ မင်္ဂလာတရားတော်နဲ့အညီ နေထိုင်ကြဖို့ ဆိုတာ မလွယ်ပေဘူး။ ဘယ်ဟာ သူတော်ကောင်းတရား၊ ဘယ်ဟာ သူယုတ်မာတရားဆိုတာ ကွဲကွဲပြားပြား သိထားကြဖို့ အရေးကြီးပြီဗျ'

'ကဲ...ဒီလိုဆိုရင် ငါမေးချင်တာက လူတစ်ဦးမှာ ကျက်သရေမင်္ဂလာ ရှိအောင် တရားတော်နဲ့အညီ နေထိုင်ရသလို တခြား နည်းလမ်းလေးတွေနဲ့လဲ လုပ်လို့ မရပေဘူးလား၊ အထူးသဖြင့် မောင်တို့ ဗေဒင်နည်းနဲ့ပေါ့။

ငါ့အဖေ ပြောခဲ့တာ သတိရလိုက်မိလို့ပါ။ မှတ်တော့ မမှတ်မိဘူး ဗေဒင်နည်းနဲ့လှူတော့ လှူရတာနဲ့ တူပါရဲ့ ကွာ မင်းသိရင် ပြောပြစမ်းပါဦး'

ဟု ဦးစန်းထွန်းမှ ပြောလေ၏။

'မှန်တယ် ဆရာကြီးရဲ့ ဗေဒင်နည်းနဲ့ လူတစ်ဦးမှာ အမြဲတမ်း ကျက်သရေမင်္ဂလာတိုးတက်နေအောင် လုပ်လို့ ရသဗျ။

ဝံသာနုဦးပျိုင်ဆိုတဲ့ ဆရာကြီး ရေးသားတဲ့ **လောကီမှတ်ပုံ နည်းမျိုးစုံဆိုတဲ့ စာအုပ်ကလေး**မှာ ဒီလို ရေးထားသဗျ...

ကျက်သရေတိုးရန်၊ ပိန္နဲခွန်းမြန်၊ ပြုံမှတ်၍ထား၊ သိင်္ဂီရုပ်မှာ၊ နေ့လိုက်သာ၊ ပြုရာကုသိုလ်များ၊ ဖွားတနင်္ဂနွေဖြစ်ခဲ့သေ၊ ပြုလေစေတီများ...

နေ့တနင်္လာ၊ ထိုသူမှာ၊ ပြုရာလှူကန္တာ၊ အင်္ဂါသားမှာ၊ တံခွန်သာ၊ စိုက်ပါမှန်ပမှာ၊ ဗုဒ္ဓဖွားလတ်၊ ကျောင်းဇရပ်၊ ပြုအပ်လိုဏ်ဂူများ၊ တန်ဆောင်းဇရပ်၊ ပြုလတ်ရေတွင်း၊ တံတားခင်း၊ ဖွားခြင်းဂုရုသာ၊ သောကြာတန်ဆောင်း၊ စိုက်တည်ထောင်၊ ထွန်ပြောင်သိင်္ဂီဖွား၊ တံခွန်ကြီးစွာစိုက်သင့်ပါ၊ နေ့မှာစနေသား၊ ထွန်းကျက်သရေ၊ ရှွှန်းလက်စေ၊ တက်နေ့ပုံအလား'

အထက်ပါ လင်္ကာလေးကို ဟန်နှင့်ပန်နှင့် ကျွန်ုပ်မှ ရွတ်ဆိုပြလိုက်သောအခါ...

'အင်း လင်္ကာလေးကတော့ ချောသားပဲ။ ဒါပေမယ့် မောင်ရင့်ဟာက နေ့သားအလိုက် ကုသိုလ်ပြုဖို့အတွက် ကျောင်းကြီးတွေ၊ စေတီကြီးတွေ ဆိုတော့ ဘယ် လူတိုင်း လုပ်နိုင်တော့မှာတုံး'

ဟု ဦးနေထွန်းမှ ပြောလေ၏။

'ဒါက ဒီလိုရှိတယ် ဆရာရဲ့၊ နေ့သားအလိုက် ကျောင်းတွေ၊ စေတီ

www.burmeseclassic.com

တွေ ကြီးကြီးမားမား လှူဒါန်းရမယ်လို့ မဆိုလိုဘူးဗျ။ လှူနိုင်တဲ့သူက ကျောင်းဇရပ် စသည် ဆောက်လုပ်လှူဒါန်းပေါ့ဗျာ။

မလှူနိုင်တဲ့ ဆင်းရဲသားတွေမှာဖြင့် ကိုယ့်ရဲ့ သိရိအရပ်မှာ ရှိတဲ့ ကျောင်း စေတီဇရပ် စသည်တွေမှာ အမြဲတမ်း ကိုယ်တတ်နိုင်ရာကို သွားရောက်လှူဒါန်းနေဖို့ ပြောလိုတာဗျ။ အနည်းဆုံး တံမြက်စည်းလေး သွားလှည်းနေရင်ကို ကျက်သရေတိုးပြီပေါ့'

'ဟုတ်လိုက်လေ မောင်ရာ ငါ့အဖေ ပြောတုန်း နားထောင်ခဲ့ရတာပဲ၊ ဒါပေမယ့် ခုကြည့်မမှတ်မိဘူးဗျ' ဒီတော့ နှုတ်တစ်ရာ စာတစ်လုံး ဆိုသလို စာလေးနဲ့ မှတ်တမ်းတင်ပြီး ရေးကွာ။ ငါသိချင်သလို အများသူငါလဲ သိသင့်တဲ့ နည်းကလေးဖြစ်လို့ မင်းပို့နေကျ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ပို့လိုက်တော့ကွာ'

ဟု ဦးစန်းထွန်းမှ တိုက်တွန်း၍ နေ့နံအရပ်နှင့် အလှူပြုပုံတို့ကို အမြဲကျက်သရေ တိုးတက်ဝေလိုသူတို့အတွက် ဖော်ပြလိုက်ပါတော့သည်။

* * *

| | | |
|---|---|---|
| ပရိဝါရ ၁* | အာယု ၂ | နဂရ ၃ |
| သိရိ ၆ | | ၄ ဘုမ္မိ |
| ၈ ဌာန | ၅ တေဇ | ၀ ဂဟပတိ |

ဥပမာပြထားသော ပုံစံ၌ တနင်္ဂနွေသားတို့အတွက် မိမိမွေးနံအရပ်မှစ၍ ပရိဝါရ၊ အာယု စသော် ရေတွက်သွားလျှင် သောကြာမြောက်အရပ်သည် သိရိအရပ် ဖြစ်ပါသည်။

**ကျန်နေ့သားတို့လည်း မိမိမွေးနံအရပ်မှစ၍ ပရိဝါရ စသည် ရေတွက်ပါ။**

ကျက်သရေမင်္ဂလာ အမြဲတိုးတက်နေစေရန် အစီအရင်များ...

**တနင်္ဂနွေသားသမီးတို့သည် မိမိ၏ သိရိအရပ်ဖြစ်သော မြောက်အရပ်တွင်...**

စေတီတည်၍ လှူဒါန်းပါ။ စေတီမတည်နိုင်လျှင် မြောက်အရပ်တွင် ရှိသော စေတီများ၌ မွေးနေ့တိုင်း (သို့မဟုတ်) အခါအားလျော်စွာ စေတီတော်အား ရှိခိုးပူဇော် ပန်း, ဆီမီး, ရေချမ်း ကပ်လှူခြင်း၊ သန့်ရှင်းရေး ကုသိုလ်ပြုခြင်း စသည်တို့ ပြုလုပ်ပေးပါ။ အမြဲတမ်း ကျက်သရေမင်္ဂလာ တိုးတက်၍ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည်တို့ သိသာစွာ အောင်မြင်ဖြစ်ထွန်းနေပါလိမ့်မည်။

**တနင်္လာသားသမီးတို့သည် မိမိ၏ သိရိအရပ်ဖြစ်သော အရှေ့မြောက်ထောင့်အရပ်တွင်...**

အလှူပေး . မဏ္ဍပ်ကနားဇရပ် စသည် ဆောက်လုပ်လှူဒါန်းပါ။ သို့မဟုတ် မိမိတို့ သိရိအရပ်တွင်ရှိသော အလှူခံပုဂ္ဂိုလ်များကို မွေးနေ့တိုင်း အဆင်သင့်သလို လှူဒါန်းပေးပါ။

**အင်္ဂါသားသမီးတို့သည် မိမိ၏ သိရိအရပ်ဖြစ်သော အရှေ့အရပ်တွင်...**

စေတီပုထိုးများ၌ တံခွန်တိုင်လှူဒါန်းပါ။ သို့မဟုတ် သိရိအရပ်တွင်ရှိသော စေတီ စသည်တို့တွင် မွေးနေ့တိုင်းတို့၌ အဆင်သင့်သလို စက္ကူတံခွန်တိုင်များနှင့် ပန်း,ရေချမ်း စသည် လှူဒါန်းပေးပါ။

**ဗုဒ္ဓဟူးသားသမီးတို့သည် မိမိ၏ သိရိအရပ်ဖြစ်သော အရှေ့တောင်ထောင့်အရပ်တွင်...**

ကျောင်းတိုက်များ၊ ဇရပ်လိုဏ်ဂူများ ပြုလုပ်လှူဒါန်းပါ။ သို့မဟုတ် သိရိအရပ်တွင်ရှိသော ကျောင်း၊ ဇရပ်၊ လိုဏ်ဂူ စသည်တို့၌ မွေးနေ့တိုင်း၌ အဆင်သင့်သလို ပန်း၊ ရေချမ်း စသည် လှူဒါန်းခြင်း၊ သန့်ရှင်းရေး ကုသိုလ်ယူခြင်းတို့ ပြုလုပ်ပေးပါ။

**ကြာသပတေး သားသမီးတို့သည် မိမိ၏သိရိအရပ်ဖြစ်သော အနောက်တောင်ထောင့်အရပ်တွင်...**

ဇရပ်၊ တန်ဆောင်း၊ ရေတွင်း၊ တံတားခင်းခြင်း ကုသိုလ်ပြုပေးပါ။ သို့မဟုတ် သိရိအရပ်တွင်ရှိသော တံတားဟောင်း၊ ဇရပ်ဟောင်း စသည်တို့ကို ပြုပြင်ပေးခြင်း စသော ကုသိုလ် ပြုလုပ်ပေးပါ။

**သောကြာသားသမီးတို့သည် မိမိ၏ သိရိအရပ်ဖြစ်သော အနောက်မြောက်အရပ်တွင်...**

စောင်းတန်းများ၊ တန်ဆောင်းများ ပြုလုပ် လှူဒါန်းပေးပါ။ သို့မဟုတ် သိရိအရပ်တွင်ရှိသော တန်ဆောင်းများကို ပြုပြင်ခြင်း၊ ယင်းအရပ်ရှိ အလှူခံပုဂ္ဂိုလ်တို့အား ထီးလှူဒါန်းခြင်း ပြုပေးပါ။

**စနေသားသမီးတို့သည် မိမိ၏ သိရိအရပ်ဖြစ်သော တောင်အရပ်တွင်...**

စေတီ စသည်တို့၌ တံခွန်တိုင် လှူဒါန်းပါ။ သို့မဟုတ် ယင်းအရပ်တွင် ရှိသောစေတီ၌ စက္ကူတံခွန်တိုင် စသည် မွေးနေ့တိုင်း အဆင်သင့်သလို လှူဒါန်းပေးပါ။

ဘဝတစ်သက်လုံး၌ ကျက်သရေတိုး၍ စီးပွားရေး၊ ပညာရေး၊ လူမှုရေးများ အောင်မြင်ပါလိမ့်မည်။

ဂါမဏီဇော်
(ဝိဇ္ဇာခရ၊ စစ်ကိုင်း)



www.burmeseclassic.com

www.burmeseclassic.com


# လာဘသိဒ္ဓိအင်း



မူကွဲ

ကျွန်တော်သည် အင်း အိုင်လက်ဖွဲ့ကို ဝါသနာ ကြီးသူဖြစ်ရာ စာစောင် မဂ္ဂဇင်းတွင် ပါရှိသော အင်း၊ စမ မှန်သရွေ့ကို တတ်နိုင်သရွေ့ ရှာဖွေ လေ့လာ စုဆောင်းလေ့ ရှိသူ ဖြစ်ပါသည်။ လက်တွေ့ လုပ်ကြည့်သည်များ လည်း ရှိပါသည်။

ကျွန်တော် စိတ်ဝင် စားသော အင်းများထဲ တွင် ယခု ဖော်ပြချင်သည့် အင်းလည်း ပါသည်။ လာဘသိဒ္ဓိဒီပံ အင်းဟု ခေါ်ပါသည်။



ထိုအင်းကို စက္ကူဖြူ စက္ကူ အစိမ်းရောင်ပေါ် တွင်ချပြီး ဖယောင်းတိုင် တွင်ပတ်၍ ရှင်သီဝလိ ရဟန္တာ မထေရ်နှင့် ဘုရားရှင်အား အာရုံ ထားကာ တစ်လတစ်ကြိမ် ပူဇော်ပါ သည်။

**တန်ဆောင်မုန်းလ၊ တပို့တွဲလ၊ တပေါင်းလနှင့် တန်ခူးလတို့တွင် တစ်လအတွင်း (၅)ကြိမ်မှ (၁၀)ကြိမ် ထိ ပူဇော်ပါသည်။ ဆရာသခင်၏ ညွှန်ကြားမှုကြောင့် ဖြစ်သည်။**

ထိုအင်း ပူဇော်ရသော အကျိုးမှာ ငွေကောင်းလာခြင်း၊ ထီကံပွင့်လာ ခြင်း၊ လူနှတ်ချစ်ခင်ခြင်း၊ အလုပ်ရခြင်း စသော ကောင်းကျိုးများရသည်။ လက်တွေ့တွေ့ များစွာရှိပါသည်။ အောင်ဘာလေထီမှ တွတ်တစ်သိန်းဆု နှစ်ကြိမ် ပေါက်ဖူးပါသည်။

ဤဆောင်းပါး ရေးရခြင်းမှာ နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းကြီးတွင် ဆောင်းပါး ရှင် ကောင်းမြတ်ထွန်း(ဟသ်ာတ) ဆောင်းပါးကို ဖတ်ရှုရခြင်းမှ အစပြု ပါသည်။

ထိုဆောင်းပါးပါ အင်းနှင့် ကျွန်တော် သုံးစွဲသောအင်းမှာ အနည်းငယ် ကွဲလွဲ ပါသည်။ ကျွန်တော့်အား ညွှန်ပြသူ ဆရာမှာ သူကိုယ်တိုင် သုံးစွဲပါသည်။ ယုံကြည်နိုင်သော သီလရှိသူလည်း ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်သိသော မူကွဲ အင်းကို ဝါသနာရှင်များ ထပ်မံ သိရှိ စေရန်နှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း တွင် မှတ်တမ်းဝင်စေရန် ဖော်ပြရပါ သည်။

အင်းဆန်နှင့် ဂါထာမှာ အတူတူ ဖြစ်သော်လည်း **အလယ်(၉)ကွက် တွင် ရှစ်စမ မပါပါ။** စ.ဓ.ဗ.ဝသာ ပါရှိပါသည်။ အလယ်တွင် **နံ** သွင်းရ ပါသည်။

ထွန်းညိုပူဇော်သူ၏ မွေးနံဂဏန်း ဖြစ်ပါသည်။ တစ်ဖန် **အင်းတော်ထိပ် တွင် ပု–ဒိ–အာ ပါသည်။** ကျန်သည် များ အားလုံးတူပါသည်။

ကျွန်တော်၏ ကိုယ်တွေ့ဖြစ်သည် ကတစ်ကြောင်း၊ မူကွဲ တွေ့ရှိထား သည်က တစ်ကြောင်းကြောင့် တင်ပြ ရခြင်းဖြစ်ပါကြောင်း…။

**အောင်ကျော်ဖေ**



www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်တွေ့ ကိုယ်ရောင်ကိုယ်ဖောရောဂါ ပျောက်ဆေး

ကျွန်တော် ကျောင်းသားဘဝ သတ္တမတန်းတွင် ပညာသင်ကြားနေချိန်က ဖြစ်ပါသည်။ တစ်နေ့ ကျွန်တော် ရှုတ်တရက် ဖျားပြီး နောက်တစ်ရက်တွင် ကိုယ်ခန္ဓာ တစ်ခုလုံး ဖောရောင်လာပါတော့သည်။

ပထမ နှစ်ရက်၊ သုံးရက်အတွင်း ခပ်ပေါ့ပေါ့နေမိသဖြင့် ကိုယ်ခန္ဓာသည် တဖြည်းဖြည်း အရောင်မလျော့ဘဲ ရောဂါ ပိုဆိုးလာပါတော့သည်။ အသက်မရှူနိုင်၊ အစာမစားနိုင်ဘဲ အခြေအနေ အတော်ပင် ဆိုးရွားလာပါသည်။

ကိုယ်ဖောရောင်နေ၍လား မသိ၊ ဆီးချုပ် ဝမ်းချုပ်ပင် ဖြစ်လာသည်။ ဆေးမျိုးစုံ သောက်သော်လည်း ရောဂါ မသက်သာလှပါ။ တစ်ကိုယ်လုံး တင်းကျပ်ပြီး အသက်ရှူ မရတော့သည်အထိ ဖြစ်လာသည်။

ကံကောင်းသည်ဟု ပြောရမလား မသိ။ ကျွန်တော်မိဘ၏မိတ်ဆွေ **မုံရွာမြို့နယ်၊ မိုးညှင်းသမ္ဗုဒ္ဓေဘုရား အရှေ့ဘက် တစ်မိုင်ခန့်ဝေးသော ဆယ်ကြီးတောရွာမှ အသက်(၅၀)ရှိ ဦးကြီးတစ်ဦး** အိမ်သို့ ရောက်လာပါသည်။ ထိုဦးကြီးက ကိုယ်ရောင်ကိုယ်ဖော ပျောက်သည့် ဆေးနည်းကို ပြောပြသွားပါသည်။

ထိုဆေးနည်းမှာ အဓိက,က **ဆူးလေကြီး** ခေါ် **ဆူးလေ** ဖြစ်ပါသည်။ ဆူးလေကြီးဟု ခေါ်ရခြင်းမှာ ဆူးလေငယ် နောက်တစ်မျိုး ရှိသေး၍ ဖြစ်ပါသည်။



**ယခု ဖော်ပြသည့် ဆူးလေကြီးသည် မိုးဦးကျ ယာခင်းများ၌ ပေါက်၏။ မြေသို့ မြဲပေါက်၏။ အရွက်မှာ မန်ကျည်းရွက်နှင့်တူ၏။ ဆူးများ ညွှတ်ကိုင်းသောကြောင့် ဆူးလေဟု ခေါ်၏။**

ဆူးလေပင်သည် အအေးပင် အပူကြိုက် ဖြစ်၏။ သူ၏ အအေးသည် အလွန်ပူသော အချိန်၌ အလားတူပေါက်သော မြက် စသည်တို့ ခြောက်သွေ့ချိန်အခါတွင် **ဆူးလေကြီး အပင်များသည် အလွန် စိမ်းလန်းစိုပြည်၏။** ဤမျှအထိ အပူကို ကာကွယ်နိုင်သည်ဟု သိရပါ၏။

ဆေးဖော်နည်းမှာ...

ဆူးလေကြီးအပင်များကို အမြစ်ပါအောင် မြေကြီးထဲမှ တူး၍ နုတ်ယူပြီး ရေစင်အောင် ဆေးရပါမည်။ ဆူးလေကြီးမြစ် ပဋ္ဌာန်းပါး အလေးချိန်နှင့်အတူ ထန်းဖို(ထဖို)ထန်းလျက်နှင့် ဆတူ ရော၍ ရေဖြင့် သုံးခွက်တစ်ခွက်တင်ကျိုပြီး သောက်ရမည်ဖြစ်သည်။

ဤဆေးကို သောက်လိုက်သဖြင့် တဖြည်းဖြည်း ကိုယ်အရောင်အဖောရောဂါ သက်သာလာပါသည်။ ဆေးကို သုံးရက်ဆက်တိုက် သောက်လိုက်သောအခါ သိသိသာသာကြီး ကိုယ်ရောင်အဖော လျော့ကျသွားပြီး ခုနစ်ရက်ဆက်တိုက် သောက်သောအခါ စားကောင်း၊ သောက်ကောင်း အခြေအနေ ရောက်ရှိကာ ကျန်းမာရေး ကောင်းလာပါသည်။

## ဆူးလေကြီး၏ အရသာနှင့် အကျိုးသွား

ဆူးလေကြီးသည် ချို၏။ အေး၏။ ဝိပါကၡ ချို၏။ ဝဖြိုးစေ၏။ ခြင်ဆီကို ပွားစေတတ်၏။ အားကို ဖြစ်စေတတ်၏။ အဖောရောဂါကိုသာမက ကျောက်တည်ရောဂါ၊ အစာမကြေ ရင်ပြည့်၊ မီးတွင်းဖျားရောဂါတို့ကိုလည်း ပျောက်ကင်းစေကြောင်း တစ်ပါတည်း တင်ပြလိုပါသည်။

## ကျောက်တည်ရောဂါ

ဆူးလေကြီးနှင့် ကျောက်ကွဲပင်ကို ရော၍ သောက်သော် ကျောက်အရည်ပျော်ကျ၍ ကျောက်တည်ရောဂါ ပျောက်ကင်းစေသည်။

## အစာမကြေ၊ ရင်ပြည့်

**ဆူးလေကြီး(၄)ပဲသားနှင့် ချင်းခြောက်(၁)ကျပ်သားကို** သုံးပုံတစ်ပုံကျန်အောင်ပြုတ်၍ နေ့စဉ် နံနက်စောစော သောက်ပေးပါ။

## မီးတွင်းဖျား

**ဆူးလေသီး(၁)ကျပ်သား၊ ရေ(၃၀) ကျပ်သားထည့်၍ သုံးပုံတစ်ပုံကြွင်း ပြုတ်ပြီး တစ်ခွက်စာ** သောက်ပေးပါ။ ယင်းအတိုင်း ခုနစ်ရက် ဆက်သောက်ပေးပါ။

## ဆူးလေကြီးနှင့် ဆူးလေငယ် ခွဲခြားရန်

ဆူးလေကြီး

အပင်ကြီး၏။ အရွက်သည် မန်ကျည်းရွက်နှင့်တူ၏။ အရွက်သည် ဟင်းချိုအဖြစ် ချက်စားနိုင်၏။ လယ်တောင်သူများ ချက်ပြုတ်စားကြ၏။

ဆူးလေငယ်

အပင်သေးငယ်၏။ အရွက်သည် ကုလားပဲရွက်နှင့်တူ၏။ အရွက်သည် ခါးသက်သက်ရှိ၏။

ဦးလှရွှေ(ပညာရေး)



www.burmeseclassic.com

www.burmeseclassic.com

ထူးထူးခြားခြား

# ဂမ္ဘီရ နွယ်ဝင်များ

မိုး (သရက်)

…နှ်တော်သည် နက္ခတ္တရောင်ခြည် …င်းတွင် ထူးထူးခြားခြား ခေါင်းစဉ် …ထူးထူးခြားခြား ဂမ္ဘီရ သစ်တံခါးကို …၁ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်တွင် …ည်းကောင်း၊ ထူးထူးခြားခြား ဂမ္ဘီရ …မျိုးများကို ၂၀၁၁ ခုနှစ်၊ ဧပြီလ …တ်တွင် လည်းကောင်း၊ ထူးထူး …ခြား သစ်ကွင်းများကို ၂၀၁၂ ခုနှစ်၊ …ထုတ်တွင် လည်းကောင်း ရေး …တင်ပြခဲ့ပြီး ဖြစ်ပါသည်။

…ခုတစ်ဖန် ထူးထူးခြားခြား ဂမ္ဘီရ …ယ်ဝင်များကို ဆက်လက်ရေးသား …ချင်ပါသည်။ ဂမ္ဘီရနွယ်ဝင်များ …ည်လည်း သစ်တံခါးများ၊ ဝါးမြွေ …သစ်ကွင်းများနည်းတူ အဆောင် … အသုံးပြုပါလျှင် လာဘ်ရွှင် စီးပွား …စေနိုင်ပါသည်။


…နှ်တော်သည် ဂမ္ဘီရနွယ်ဝင်များ ရေးသားနိုင်ရန်အတွက် …–၁၀–၂၀၁၃)ရက်နေ့ နံနက်(၉) …နဲ့တွင် နွယ်ဝင်များကို ရရှိပိုင်ဆိုင် … သရက်သစ်ထုတ်ရေးမှ ချောင်း … ကိုအောင်ကြိုင်အိမ်ကို သွား …ခဲ့ပါသည်။

…နှ်တော် ရောက်သွားတော့ …အောင်ကြိုင်ကို အိမ်၌ အဆင်သင့် …တွေ့လိုက်ရပါသည်။

…အောင်ကြိုင် ဒီနေ့ တောမတက် …သား'

…ဘာ ညီလေးကိုမိုးပါလား၊ မသွား …ညီလေး၊ အလှူတစ်ခုကလဲ …သွားတာနဲ့ ဒီနေ့အိမ်မှာပဲ နားနေ…

… အတော်ပဲ ကိုအောင်ကြိုင်၊ …ဆီက နွယ်ဝင်လေးတွေကို …ပါးရေးဖို့အတွက် ဓာတ်ပုံလာ … ရှိသေးတယ် မဟုတ်လား'



မြွေတစ်ကောင်ကဲ့သို့ လှပစွာ ရစ်ခွေလိမ်ပတ်နေသော နွယ်ဝင်

'ရှိပါတယ် ညီလေးရာ အစ်ကို ဘယ်သူ့ကိုမှ မပေးရသေးပါဘူး။ ဒါနဲ့ ဟိုတစ်ခါ ငါ့ညီသူငယ်ချင်းတစ် ယောက်နဲ့ ဓာတ်ပုံလာရိုက်သွားသေး တယ် မဟုတ်လား'

'ဟုတ်တယ် ကိုအောင်ကြိုင် အဲဒီ တုန်းက ကျွန်တော့်သူငယ်ချင်း ညီထူး ထယ်ရဲ့ ကင်မရာနဲ့ ရိုက်သွားတာ၊ ညီထူးထယ် မကွေးကို ခဏသွားရင်း ဟိုမှာ Memoryကတ် ပျောက်သွားလို့

www.burmeseclassic.com

ဓာတ်ပုံတွေ မရလိုက်ဘူး။ ဒါကြောင့် ခုတစ်ကြိမ် ပြန်လာပြီး ရိုက်တာ အစ်ကို ရေ'

'ဪ် အေးပါကွာ၊ အေးပါ။ ကဲ ဒါဆို အစ်ကို နွယ်ဝင်လေး သွားယူ လိုက်ဦးမယ်။ ဌါညီ ဓာတ်ပုံရိုက်ဖို့ ပြင်ထားပေါ့'

'ဟုတ်ကဲ့ပါ အစ်ကို'

ကျွန်တော်သည် ကိုအောင်ကြိုင် ယူလာပေးသော နွယ်ဝင်လေးများကို စားပွဲပေါ်တင်၍ ဓာတ်ပုံမှတ်တမ်း ရိုက်ယူလိုက်ပါသည်။ နွယ်ဝင်လေးများ မှာ သုံးခု ဖြစ်ပါသည်။

ပထမတစ်ခုမှာ မြွေတစ်ကောင်ကဲ့ သို့ လှပစွာ ရစ်ခွေလိမ်ယှက်နေပါ သည်။ ဒုတိယတစ်ခုမှာ သစ်ကိုင်း ပေါ်တွင် မြွေတစ်ကောင် ရစ်ပတ် ခွေခါင်းထောင်နေသကဲ့သို့ ဖြစ်ပေါ်နေ ပါသည်။

တတိယတစ်ခုမှာ ကြိုးထုံးတစ်ခု ဖြစ်ပေါ်နေပါသည်။

နွယ်ဝင်လေးများ၏ လုံးပတ်မှာ ခဲတံ လုံးလောက်သာ ရှိကြပါသည်။ နွယ်ဝင် သုံးခုကို ဓာတ်ပုံရိုက်ပြီးသောအခါ နွယ်ဝင်လေးများကို ကိုအောင်ကြိုင် မည်ကဲ့သို့ ရရှိခဲ့တာလဲ သိချင်တာ ကြောင့် ကိုအောင်ကြိုင်ကို မေးကြည့် မိပါသည်။

'ဒါနဲ့ ကိုအောင်ကြိုင် ဒီနွယ်ဝင်လေး ကို ဘယ်တုန်းက ရခဲ့တာလဲ၊ ဘယ် မှာ တွေ့ခဲ့တာလဲ အစ်ကို'

'ဒီနွယ်ဝင်လေးတွေကို ၁၉၉၅ ခုနှစ် မိုးတွင်း ကာလတုန်းက ဆင်သမား ကရင်ကြီး စော မြတ်မောင်၊ ဆင်ခေါင်း ကိုမြင့်သန်းတို့အတူ ရခိုင်ရိုးမအစပ်နားက လွှာချောင်းများက တစ်ခုရခဲ့တယ်။

နောက်တစ်ခုကို ရွှေတောင်ကြီးချောင်းနား က ရခဲ့တာ။ နောက် ကျန်တဲ့တစ်ခုကိုတော့ ကံမမြို့နယ် ကုလားပုန်းတောင်က ရလာခဲ့ တာကွ'

'ဪ် ဟုတ်ကဲ့ ကိုအောင်ကြိုင်၊ ဒါနဲ့ အစ်ကိုက ဒီနွယ်ဝင်လေးတွေကို ဘာဖြစ်လို့ ဆောင်ထားတာလဲ၊ လာဘ် ဝင်အောင် ဆောင်ထားတာလား'

'ဟုတ်တယ် ညီလေး နွယ်ဝင်လေး တွေကို ဆောင်ထားရင် ငွေဝင် လာဘ် ရွှင်တယ်လို့ သူငယ်ချင်းတစ်ယောက် က ပြောဖူးတာနဲ့ ဆောင်ထားဖြစ်ခဲ့ တာ'

ဟု ကိုအောင်ကြိုင်က ပြောပါသည်။

ကျွန်တော့်အနေနှင့် ဂမ္ဘီရနွယ်ဝင် လေးများကို သိဒ္ဓိ ဘယ်လိုတင်၍ ယင်းတို့ကို မည်ကဲ့သို့ ထားရှိရမည်ကို ဆက်လက်၍ ရေးသားတင်ပြချင်ပါ သည်။

ဂမ္ဘီရနွယ်ဝင်လေးများကို ဦးစွာ ပထမ ရေသန့်သန့်ဖြင့် စင်ကြယ် အောင် ဆေးကြောပေးရပါမည်။

ပြီးလျှင် အမွှေးနံ့သာရေဖြင့် ဖျန်း ပက်ပေးရမည်။ လိုအပ်ပါလျှင် ရွှေ ရောင် (သို့မဟုတ်) ငွေရောင်ဆေးများ သုတ်လိမ်းခြယ်သနိုင်ပါသည်။

ယင်းနောက် ဂမ္ဘီရနွယ်ဝင်လေးများ ကို စတီးလင်ဗန်း (သို့မဟုတ်) စတီး ပုဂံဖြင့် ထည့်၍ အမြင့်တစ်ခုခုပေါ်၌ တင်ထားရမည်။

ပြီးလျှင် ရတနာသုံးပါးကို ရှိခိုး ကန်တော့ရမည်။ ပြီးလျှင် ငါးပါးသီလ ခံယူဆောက်တည်ရမည်။ ပြီးလျှင် အောက်ပါအတိုင်း (၁၀၈)ခေါက် ရွတ် ဖတ်သရဇ္ဈာယ်၍ သိဒ္ဓိတင်ရမည်။

လာဘီန မုတ္တမောထေရော၊
သီဝလီ ဣတိ ဝိသုတော။
-သောရတော ပစ္စယာဒိမှိ၊
သဒါ သောတ္ထိံ ကရောတုနော။

ခက်ခဲသော ပါဠိအသံထွက်

**မုတ္တ** = မုတ်တ
**ဣတိ** = အိတိ
**ဝိသုတော** = ဝိတ်သုတော
**ပစ္စယာဒိမှိ** = ပစ်စယာဒိန်မှိ
**သောတ္ထိံ** = သွတ်ထိန်

**အနက်**

**သီဝလိဣတိ၊** သီဝလိဟူ[...] **ဝိသုတော၊** ထင်ပေါ်ကျော်စော[...] မှုသော။ **ထေရော၊** မထေရ်မြတ်သ[...] **လာဘီနံ၊** လာဘ်လာဘကို ရကြ[...] သော မထေရ်တို့တွင်။ **ဥတ္တမော[...]** ထူးချွန်စွာလှ တေဒဂ်ရအောင် [...] ခေါင်သတ်မှတ် မြွတ်လှပါ[...] **သော၊** ထိုအရှင်သီဝလိမထေရ်[...] သည်။ **ပစ္စယာဒိမှိ၊** ရလာသီ[...] ပစ္စည်းလေးပါး စသည်၌။ **ရ[...]** ရောင့်ရဲခြင်းဖြင့် နှစ်သက်တော်[...] **သော၊** ထိုမထေရ်မြတ်သည်။ **[...]** အခါခပ်သိမ်း။ **နော၊** ကျွန်ုပ်တို့[...] **သောတ္ထိံ၊** ချမ်းသာခြင်းကို။ **ကရော[...]** ပြုပါစေသတည်း။

*[ဤဂါထာတော် ပါဠိအန[...] နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီ[...] တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦး[...] အောင်ရွှေ(ဓမ္မာစရိယ(မဟာဝဂ္ဂါဒိ[...] ဂုဏ်ထူး)၊ ဒီယဘာဏက-ဒီဃနိ[...] ကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်[...] ပါသည်။ ]*

ပြီးလျှင် ကံပွင့်၊ ကံထူး၊ ကံ[...] ရန် ကုသိုလ်ကံပွင့် ဆုတောင်း[...] ကို မိမိတို့နေ့နံအလိုက် ရွေး[...] ရွတ်ဖတ်သရဇ္ဈာယ်ရမည်။


**ဥပမာ** တနင်္ဂနွေသားသမီး ဖြ[...] **"မေခက်ရော သောဘီတော[...]** ချီသော ဂါထာကို (၄၅)ခေါက်[...] ပူဇော်ပေးရမည်။





www.burmeseclassic.com

www.burmeseclassic.com



သစ်ကိုင်းပေါ်တွင် မြွေတစ်ကောင် ရစ်ပတ်ထိုင်ထောင်နေပုံ

ကံပွင့်၊ ကံထူး၊ ကံမြင့် စသော
အသိုလ်ကံပွင့်ဆုတောင်းဂါထာများ

တနင်္ဂနွေနေ့ဖွား

မေဓင်္ကရော သောဘိတောစ
ပိယဒဿီ သိဒ္ဓတ္ထနော
ရုဝိဝါရေ အဘိဇာတာ
တော နမဿာမိ သာဒရံ
နဝေနာနေန ကမ္မေန
ပေါရာဏကံ ဝိနဿတု
စတုန္နံ ဗုဒ္ဓ တေဇေန
သဒါ သုခီ ဘဝန္တုမေ။

ခက်ခဲသော ပါဠိအသံထွက်

မေဓင်္ကရော = မေဓင်ကရော
ပိယဒဿီ = ပိယဒတ်သီ
နမဿာမိ = နမတ်သာမိ
ကမ္မေန = ကမ်မေန
ဝိနဿတု = ဝိနတ်သတု
စတုန္နံ = စတုန်နံ
ဗုဒ္ဓ = ဗုတ်ဓ
ဘဝန္တုမေ = ဘဝန်တုမေ

အနက်

မေဓင်္ကရောစ၊ မေဓင်္ကရာ မြတ်စွာဘုရားသည် လည်းကောင်း။ သောဘိတောစ၊ သောဘိတ မြတ်စွာဘုရားသည် လည်းကောင်း။ ပိယဒဿီစ၊ ပိယဒဿီ မြတ်စွာဘုရားသည် လည်းကောင်း။ **သိဒ္ဓတ္ထနောစ၊** သိဒ္ဓတ္ထ မြတ်စွာဘုရားသည် လည်းကောင်း။ **ရုဝိဝါရေ၊** တနင်္ဂနွေနေ့၌။ **အဘိဇာတာ၊** ဖွားမြင်တော်မူကြကုန်၏။ **တေ၊** ထို တနင်္ဂနွေနေ့ဖွား ဘုရားရှင်တို့ကို။ **သာဒရံ၊** ရိုသေလေးစားစွာ။ **နမဿာမိ၊** ရှိခိုးပါ၏။ **အနေန နဝကမ္မေန၊** ဤ အသစ်ဖြစ်သော ကောင်းမှုကံကြောင့်။ **ပေါရာဏကံ၊** ရှေး၌ ဖြစ်ခဲ့ ဆည်းပူးခဲ့သော မကောင်းမှုကံဟောင်းသည်။ **ဝိနဿတု၊** အကျိုးမပေး တန်ခိုးမဲ့၍ ဆွေးမြည့်ပျက်စီးပါစေသတည်း။ **စတုန္နံ–ဗုဒ္ဓတေဇေန၊** လေးဆူကုန်သော ဘုရားရှင်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်။ **မေ၊** အကျွန်ုပ်အား။ **သဒါ၊** အခါခပ်သိမ်း။ **သုခီ၊** ချမ်းသာခြင်းတို့သည်။ **ဘဝန္တု၊** ဖြစ်ပါစေကုန်သတည်း။

တနင်္လာနေ့ဖွား

သရဏင်္ကရော နောမာစ
အတ္ထဒဿီစ ဝေဿဘူ
စန္ဒဝါရေ အဘိဇာတာ
တေ နမဿာမိ သာဒရံ
နဝေနာနေန ကမ္မေန
ပေါရာဏကံ ဝိနဿတု
စတုန္နံ ဗုဒ္ဓ တေဇေန
သဒါ သုခီ ဘဝန္တုမေ။

ခက်ခဲသော ပါဠိအသံထွက်

သရဏင်္ကရော =သရနင်ကရော
အတ္ထဒဿီစ =အတ်ထဒတ်သီစ
ဝေဿဘူ =ဝိစ်သဘူ
စန္ဒ =စန်ဒ
နမဿာမိ =နမတ်သာမိ
ကမ္မေန =ကမ်မေန
ဝိနဿတု =ဝိနတ်သတု
စတုန္နံ =စတုန်နံ
ဗုဒ္ဓ =ဗုတ်ဓ
ဘဝန္တုမေ =ဘဝန်တုမေ

အနက်

**သရဏင်္ကရောစ၊** သရဏင်္ကရာ မြတ်စွာဘုရားသည် လည်းကောင်း။ **အနောမာစ၊** အနောမဒဿီ မြတ်စွာဘုရားသည် လည်းကောင်း။ **အတ္ထဒဿီစ၊** အတ္ထဒဿီ မြတ်စွာဘုရားသည် လည်းကောင်း။ **ဝေဿဘူစ၊** ဝေဿဘူမြတ်စွာဘုရားသည် လည်းကောင်း။ **စန္ဒဝါရေ၊** တနင်္လာနေ့၌။ **အဘိဇာတာ၊** ဖွားမြင်တော်မူကြကုန်၏။ **တေ၊** ထို တနင်္လာနေ့ဖွား ဘုရားရှင်တို့ကို။ **သာဒရံ၊** ရိုသေလေးစားစွာ။ **နမဿာမိ၊** ရှိခိုးပါ၏။ **အနေန နဝကမ္မေန၊** ဤ အသစ်ဖြစ်သော ကောင်းမှုကံကြောင့်။ **ပေါရာဏကံ၊** ရှေး၌ ဖြစ်ခဲ့ ဆည်းပူးခဲ့သော မကောင်း

www.burmeseclassic.com

မှုကံဟောင်းသည်။ **ဝိနသတော၊** အကျိုးမပေး တန်ခိုးမှေး၍ ခွေးမြည့်ပျက်စီးပါစေသတည်း။ **စတုန္နံ –ဗုဒ္ဓတေဇေန၊** လေးဆူကုန်သော ဘုရားရှင်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်။ **မေ၊** အကျွန်ုပ်အား။ **သဒါ၊** အခါခပ်သိမ်း။ **သုခီ၊** ချမ်းသာခြင်းတို့သည်။ **ဘဝန္တု၊** ဖြစ်ပါစေကုန်သတည်း။

အင်္ဂါနေ့ဖွား

ဒီပင်္ကရော ပဒုမောစ
ဓမ္မဒဿီ ကကုသန္ဓော
သောဘမဝါရေ အဘိဇာတာ
တေ နမဿာမိ သာဒရံ
နဝေနာနေန ကမ္မေန
ပေါ်ရာဏကံ ဝိနဿတု
စတုန္နံ ဗုဒ္ဓ တေဇေန
သဒါ သုခီ ဘဝန္တုမေ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ဒီပင်္ကရော** | = | ဒီပင်ကရော |
| **ဓမ္မဒဿီ** | = | ဓမ်မဒတ်သီ |
| **ကကုသန္ဓော** | = | ကကုသန်ဓော |
| **နမဿာမိ** | = | နမတ်သာမိ |
| **ကမ္မေန** | = | ကမ်မေန |
| **ဝိနဿတု** | = | ဝိနတ်သတု |

အနက်

**ဒီပင်္ကရောစ၊** ဒီပင်္ကရာ မြတ်စွာဘုရားသည် လည်းကောင်း။ **ပဒုမောစ၊** ပဒုမမြတ်စွာဘုရားသည် လည်းကောင်း။ **ဓမ္မဒဿီစ၊** ဓမ္မ ဒဿီ မြတ်စွာဘုရားသည် လည်းကောင်း။ **ကကုသန္ဓောစ၊** ကကုသန် မြတ်စွာဘုရားသည် လည်းကောင်း။ **ဘောမဝါရေ၊** အင်္ဂါနေ့၌။ **အဘိဇာတာ၊** ဖွားမြင်တော်မူကြကုန်၏။ **တေ၊** ထိုအင်္ဂါနေ့ဖွား ဘုရားရှင်တို့ကို။ **သာဒရံ၊** ရိုသေလေးစားစွာ။ **နမဿာမိ၊** ရှိခိုးပါ၏။ **အနေန နဝကမ္မေန၊** ဤ အသစ်ဖြစ်သော ကောင်းမှုကံကြောင့်။ **ပေါ်ရာဏကံ၊** ရှေး၌ ဖြစ်ခဲ့ ဆည်းပူးခဲ့သော မကောင်းမှု ကံဟောင်းသည်။ **ဝိနဿတု၊** အကျိုးမပေး တန်ခိုးမှေး၍ ခွေးမြည့် ပျက်စီးပါစေသတည်း။ **စတုန္နံ –ဗုဒ္ဓတေဇေန၊** လေးဆူကုန်သော ဘုရားရှင်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်။ **မေ၊** အကျွန်ုပ်အား။ **သဒါ၊** အခါခပ်သိမ်း။ **သုခီ၊** ချမ်းသာခြင်းတို့သည်။ **ဘဝန္တု၊** ဖြစ်ပါစေကုန်သတည်း။

ဗုဒ္ဓဟူးနေ့ဖွား

ကောဏ္ဍညော နာရဒေါ သတ္တာ
သိဒ္ဓတ္ထ ကောဏာဂမနာ
ဗုဒ္ဓဝါရေ အဘိဇာတာ
တေ နမဿာမိ သာဒရံ
နဝေနာနေန ကမ္မေန
ပေါ်ရာဏကံ ဝိနဿတု
စတုန္နံ ဗုဒ္ဓ တေဇေန
သဒါ သုခီ ဘဝန္တုမေ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ကောဏ္ဍညော** | = | ကွန်ဒင်ညော |
| **သတ္တာ** | = | သတ်ထာ |
| **သိဒ္ဓတ္ထ** | = | သိတ်ဓတ်ထ |

အနက်

**ကောဏ္ဍညောစ၊** ကောဏ္ဍည မြတ်စွာဘုရားသည် လည်းကောင်း။ **နာရဒေါသတ္ထာစ၊** နာရဒ မြတ်စွာဘုရားသည် လည်းကောင်း။ **သိဒ္ဓတ္ထ ကောဏာဂမနာ၊** သိဒ္ဓတ္ထမြတ်စွာဘုရား, ကောဏာဂုံမြတ်စွာဘုရားတို့သည်လည်းကောင်း။ **ဗုဒ္ဓဝါရေ၊** ဗုဒ္ဓဟူးနေ့၌။ **အဘိဇာတာ၊** ဖွားမြင်တော်မူကြကုန်၏။ **တေ၊** ထိုဗုဒ္ဓဟူးနေ့ဖွား ဘုရားလေးဆူတို့ကို။ **သာဒရံ၊** ရိုသေလေးစားစွာ။ **နမဿာမိ၊** ရှိခိုးပါ၏။ **အနေန နဝကမ္မေန၊** ဤအသစ်ဖြစ်သော ကောင်းမှုကံကြောင့်။ **ပေါ်ရာဏ**[…]

ရှေး၌ ဖြစ်ခဲ့ ဆည်းပူးခဲ့သော မကော[…] မှုကံဟောင်းသည်။ **ဝိနဿတု၊** အ[…] မပေး တန်ခိုးမှေး၍ ခွေးမြည့်ပျက်[…] စေသတည်း။ **စတုန္နံ –ဗုဒ္ဓတေ**[…] လေးဆူကုန်သော ဘုရားရှင်[…] တန်ခိုးတေဇော် အာနုဘော်ကြေ[…] **မေ၊** အကျွန်ုပ်အား။ **သဒါ၊** အ[…] သိမ်း။ **သုခီ၊** ချမ်းသာခြင်းတို့[…] **ဘဝန္တု၊** ဖြစ်ပါစေကုန်သတည်း။

ကြာသပတေးနေ့ဖွား

မင်္ဂလော ပဒုမုတ္တရော
တိဿော နာထော ကဿပေါ
ဂုရုဝါရေ အဘိဇာတာ
တေ နမဿာမိ သာဒရံ
နဝေနာနေန ကမ္မေန
ပေါ်ရာဏကံ ဝိနဿတု
စတုန္နံ ဗုဒ္ဓ တေဇေန
သဒါ သုခီ ဘဝန္တုမေ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **မင်္ဂလော** | = | မင်ဂလော |
| **ပဒုမုတ္တရော** | = | ပဒုမုတ်တ[…] |
| **တိဿော** | = | တိတ်သော |
| **ကဿပေါ** | = | ကတ်သ[…] |
| **နမဿာမိ** | = | နမတ်သာ[…] |


အနက်

**မင်္ဂလောစ၊** မင်္ဂလမြတ်စွာ[…] သည်လည်းကောင်း။ **ပဒုမုတ္တ**[…] ပဒုမုတ္တရ မြတ်စွာဘုရားသည် […] ကောင်း။ **တိဿောနာထောစ၊** […] မြတ်စွာဘုရားသည် လည်း[…] **ကဿပေါစ၊** ကဿပ မြတ်စွာ[…] သည်လည်းကောင်း။ **ဂုရု**[…] ကြာသပတေးနေ့၌။ **အဘိ**[…] ဖွားမြင်တော်မူကြကုန်၏။ […] ကြာသပတေးနေ့ဖွား ဘုရား[…] တို့ကို။ **သာဒရံ၊** ရိုသေလေး[…]



www.burmeseclassic.com

www.burmeseclassic.com



◆ ကြိုးထုံးတစ်ခုလို မြင်ပေါ်နေသောနွယ်ပင်

**နမသာမိ၊** ရှိခိုးပါ၏။ **အနေန နဝကမ္မေန၊** ဤအသစ်ဖြစ်သော ကောင်းမှုကံကြောင့်။ **ပေါရာဏကံ၊** ရှေး၌ ဖြစ်ခဲ့ ဆည်းပူးခဲ့သော မကောင်း မှုကံဟောင်းသည်။ **ဝိနဿတု၊** အကျိုး မပေး တန်ခိုးမဲ့၍ ချေမြည့်ပျက်စီးပါ စေသတည်း။ **စတုန္နံ–ဗုဒ္ဓတေဇေန၊** လေးဆူကုန်သော ဘုရားရှင်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်။ **မေ၊** အကျွန်ုပ်အား။ **သဒါ၊** အခါခပ် သိမ်း။ **သုခီ၊** ချမ်းသာခြင်းတို့သည်။ **ဘဝန္တု၊** ဖြစ်ပါစေကုန်သတည်း။

<u>သောကြာနေ့ဖြား</u>

သုမနော သုမေဓာ ပုဒ္ဓေါ
ဖုဿဝိနောစ ဂေါတမော
သုက္ကဝါရေ အဘိဇာတာ
တေ နမဿာမိ သာဒရံ
နဝေနာနေန ကမ္မေန
ပေါရာဏကံ ဝိနဿတု
စတုန္နံ ဗုဒ္ဓ တေဇေန
သဒါ သုခီ ဘဝန္တုမေ။

ခက်ခဲသော ပါဠိအသံထွက်

**ပုဒ္ဓေါ** = ပုတ်ဓော
**ဖုဿ** = ဖုတ်သ
**သုက္က** = သုတ်က
**နမဿာမိ** = နမတ်သာမိ

အနက်

**သုမနောစ၊** သုမနမြတ်စွာဘုရားသည်လည်းကောင်း။ **သုမေဓာပုဒ္ဓေါစ၊** သုမေဓမြတ်စွာဘုရားသည် လည်းကောင်း။ **ဖုဿဝိနောစ၊** ဖုဿမြတ်စွာဘုရားသည်လည်းကောင်း။ **ဂေါတမောစ၊** ဂေါတမမြတ်စွာဘုရားသည် လည်းကောင်း။ **သုက္ကဝါရေ၊** သောကြာနေ့၌။ **အဘိဇာတာ၊** ဖွားမြင်တော်မူကြကုန်၏။ **တေ၊** ထို သောကြာနေ့ဖွား ဘုရားရှင်တို့ကို။ **သာဒရံ၊** ရိုသေလေးစားစွာ။ **နမဿာမိ၊** ရှိခိုးပါ၏။ **အနေန နဝကမ္မေန၊** ဤအသစ်ဖြစ်သော ကောင်းမှုကံကြောင့်။ **ပေါရာဏကံ၊** ရှေး၌ ဖြစ်ခဲ့ ဆည်းပူးခဲ့သော မကောင်း မှုကံဟောင်းသည်။ **ဝိနဿတု၊** အကျိုး မပေး တန်ခိုးမဲ့၍ ချေမြည့်ပျက်စီးပါ စေသတည်း။ **စတုန္နံ–ဗုဒ္ဓတေဇေန၊** လေးဆူကုန်သော ဘုရားရှင်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်။ **မေ၊** အကျွန်ုပ်အား။ **သဒါ၊** အခါခပ် သိမ်း။ **သုခီ၊** ချမ်းသာခြင်းတို့သည်။ **ဘဝန္တု၊** ဖြစ်ပါစေကုန်သတည်း။

<u>စနေနေ့ဖြား</u>

တဏှင်္ကရော ရေဝတောစ
သုဇာတောစ ဝိပဿီကော
သောရီဝါရေ အဘိဇာတာ
တေ နမဿာမိ သာဒရံ
နဝေနာနေန ကမ္မေန
ပေါရာဏကံ ဝိနဿတု
စတုန္နံ ဗုဒ္ဓ တေဇေန
သဒါ သုခီ ဘဝန္တုမေ။

ခက်ခဲသော ပါဠိအသံထွက်

**တဏှင်္ကရော** = တံနှင်ကရော
**ဝိပဿီကော** = ဝိပတ်သီကော
**နမဿာမိ** = နမတ်သာမိ


အနက်

**တဏှင်္ကရောစ၊** တဏှင်္ကရာ မြတ်စွာဘုရားသည် လည်းကောင်း။ **ရေဝတောစ၊** ရေဝတမြတ်စွာဘုရား သည် လည်းကောင်း။ **သုဇာတောစ၊** သုဇာတမြတ်စွာဘုရားသည် လည်း ကောင်း။ **ဝိပဿီကောစ၊** ဝိပဿီ မြတ်စွာဘုရားသည် လည်းကောင်း။ **သောရီဝါရေ၊** စနေနေ့၌။ **အဘိဇာတာ၊** ဖွားမြင်တော်မူကြကုန်၏။ **တေ၊** ထို စနေနေ့ဖွား ဘုရားလေးဆူ တို့ကို။ **သာဒရံ၊** ရိုသေလေးစားစွာ။ **နမဿာမိ၊** ရှိခိုးပါ၏။ **အနေန နဝကမ္မေန၊** ဤအသစ်ဖြစ်သော ကောင်းမှုကံကြောင့်။ **ပေါရာဏကံ၊** ရှေး၌ ဖြစ်ခဲ့ ဆည်းပူးခဲ့သော မကောင်း မှုကံဟောင်းသည်။ **ဝိနဿတု၊** အကျိုး မပေး တန်ခိုးမဲ့၍ ချေမြည့်ပျက်စီးပါ စေသတည်း။ **စတုန္နံ–ဗုဒ္ဓတေဇေန၊** လေးဆူကုန်သော ဘုရားရှင်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်။ **မေ၊** အကျွန်ုပ်အား။ **သဒါ၊** အခါခပ်

 စာမျက်နှာ (၁၇၅) သို့

www.burmeseclassic.com

www.burmeseclassic.com



လက်ဖွဲ့ကြိုးထုံးပုံအသင့်သင့်

# လက်ဖွဲ့ကြိုး ထုံးနည်း

သုတေသီတစ်ဦး

ပေပုတီးလုံးကလေးများကို သီကုံးရန် ရောင်စုံကြိုးစများ ရှာဖွေရာ အံမေ ဒေါ်သုမင်္ဂလာ ချီးမြှင့်ပေးသော သရဏဂုံကြိုးစမှာ အနည်းငယ်သာ ကျန်သည်ကို တွေ့ရသည်။ ကြိုးစများ လုံလောက်ခြင်း မရှိပါ။

သို့အတွက် နံရံတွင် ချိတ်ဆွဲထားသည့် အထုပ်အပိုးများကို မွှေနှောက်ရှာဖွေရာ လက်ဖွဲ့ကြိုးထုံးအချို့ကို ရရှိသည်။ မိတ်ဆွေတစ်ဦးက ပရိတ်ကြိုးများကို လက်ဖွဲ့ထုံးချည်ကာ အန္တရာယ်ကင်းအဆောင်အဖြစ် ဝေငှနိုင်ရန် လှူဒါန်းခဲ့ခြင်းဖြစ်သည်။

မဟာလယ်တီမှ ဦးသီလာစာရနှင့် တွေ့ဆုံစဉ် ဦးပဥ္ဇင်းက ဤသို့မိန့်၏။

'ဒကာကြီး လက်ဖွဲ့ကြိုးထုံးနည်း ပြပေးပါဦး'

'တပည့်တော် လက်ဖွဲ့ကြိုးထုံးနည်း မသိပါဘူး။ ပုတီးကုံးက **ဖွတ်မြီးကြိုး ထုံးနည်းပဲ** သိပါတယ်ဘုရား'

'အတူတူပဲလေ'

သို့ဖြင့် ဖွတ်မြီးကြိုးထုံးနည်းကို ရှင်းပြပေးခဲ့သည်။

ဦးပဥ္ဇင်းက အတူတူပဲဟု ဆိုသော်လည်း ဖွတ်မြီးကြိုးထုံးမှာ တစ်ဖက်တည်းတွင် ကြိုးစနှစ်စ ပြိုင်ထွက်ကာ လက်ဖွဲ့ကြိုးထုံးမှာ တစ်ဖက်တွင် တစ်စစီ တစ်ဖက်တစ်ချက် ပြိုင်ထွက်နေသည်ကို တွေ့ရသည်။


ထို့ကြောင့် လက်ဖွဲ့ကြိုးထုံးကလေးကို စူးစိုက်ကြည့်သောအခါ **တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ကြိမ်တောမြောင်ရွာမှ ရှပ်ကလာဝ် မပုပ်မပျက်သော ဆရာတော်အား သွားရောက်လေ့လာပူဇော်ရာတွင်** ဒါယိကာမတစ်ဦး ပြောပြသည်ကို ပြန်လည်အမှတ်ရမိသည်။

'ကျွန်မတို့ငယ်ငယ် ကဘောဘဝကတည်းက ဘုန်းကြီးကျောင်းကို လာရင် မုန့်ပဲရိုးချည်တွေ ဝေပေးပြီး ဝိပဿနာတရား မှတ်ခိုင်းတယ်။ ပြီးရင် ကြိုးတစ်စကို ဟိုကလျှို ဒီကလျှိုနဲ့ ဆွဲဆန့်လိုက်တော့ လက်ဖွဲ့ကြိုးထုံးကလေး ဖြစ်သွားတယ်။ အဲဒီလက်ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



◆ အကြီးချဲ့ မြင်ရသော လက်ဖွဲ့ကြိုးထုံး

ကလေးကို အဆောင်အဖြစ် လှူပါတယ်။ မြွေရန် ကာကွယ်ပေးသတဲ့။

ပုရွက်ကြောင်း(ပုရွက်ဆိတ်များ စီတန်းသွားလာခြင်း)ရှေ့မှာ လက်ဖွဲ့ကို ချထားရင် ရှောင်ကွင်းပြီး သွားကြတယ်'

သို့ဖြစ်လေရာ လက်ဖွဲ့ကြိုးထုံးကလေးကို ဖြေကာ နောက်ကြောင်းပြန်ခြင်းဖြင့် ကြိုးထုံးနည်းအစကို ကောက်မိလေသည်။

နမူနာပုံစံဖြင့် ရှင်းပြပါမည်။

ကြိုးစကို ကွင်းဖြစ်အောင် တစ်ပတ်လျှိုပါ။ ***(ဓာတ်ပုံတွင် လက်ဝဲဘက်အစွန်း)***

နောက်ထပ် ခြောက်ပတ်, ခုနစ်ပတ် ခန့်ထပ်လျှိုပါ။ ***(ဓာတ်ပုံတွင် ဝဲမှ ဒုတိယပုံ)***

ကြိုးစနှစ်ခုကို တစ်ဖက်စီကိုင်ကာ အသာအယာ ဆွဲဆန့်ပါ။ ***(ဝဲမှ တတိယပုံ)***

လက်ဖွဲ့ကြိုးထုံးကလေး ရရှိပါမည်။ ကြိုးထုံးတစ်ပတ်တွင် ကြိုးစတစ်စစီရှိပါမည်။ ဓာတ်ပုံအစွန်ရှိ ပုတီး၊ ဖွတ်မြီးကြိုးထုံးနှင့် နှိုင်းယှဉ်ကြည့်ပါ။

လက်ဖွဲ့ကြိုးထုံး အနီးကပ် အကြီးချဲ့ပုံစံကိုလည်း ထပ်မံ တင်ပြပေးလိုက်ပါသည်။ ဦးပဥ္စင်းသီလာစာရကဲ့သို့ လက်ဖွဲ့ကြိုးထုံးနည်း အလိုရှိသူတို့ ဆန္ဒပြည့်ဝကြပါစေ။

**သုတေသီတစ်ဦး**

စာမျက်နှာ (၁၇၃)မှ အဆက်

သိမ်း။ **သုခီ၊** ချမ်းသာခြင်းတို့သည်။ **ဘဝန္တု၊** ဖြစ်ပါစေကုန်သတည်း။

***[ဤဂါထာတော်များ၏ ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီးဦးသန်းအောင်ရွှေ[ ဓမ္မာစရိယ(မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]***

အထက်ပါအတိုင်း အဆင့်ဆင့် ပြုလုပ်ပြီးပါက ဗြဟ္မာမင်း, သိကြားမင်း, ယမမင်းနှင့် နတ်ဒေဝတာများအားလုံး၊ အထက်ဝိဇ္ဇာပုဂ္ဂိုလ်များ၊ မယ်တော်များ၊ သူတောင်စင်ပုဂ္ဂိုလ်များ၊ ဘုမ္မစိုး, ရုက္ခစိုး, အာကာသစိုး နတ်မင်းများ၊ မြို့စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ နဂါးသိုက်၊ ဘုရားသိုက် အစရှိသော သိုက်အသီးသီးရှိ သိုက်နန်းရှင်များနှင့် (၃၁)ဘုံသား အားလုံးတို့အား မေတ္တာပို့ အမျှအတန်း ပေးဝေရပါမည်။

ထိုသို့ မေတ္တာပို့ အမျှအတန်း ပေးဝေပြီးပါက ဂမ္ဘီရနွယ်ဝင်လေးများကို မိမိတို့နေအိမ်ညှော်ခန်းတွင် လည်းကောင်း၊ အလုပ်စားပွဲအနီး၌ လည်းကောင်း၊ ဆိုင်ခန်းဈေးဆိုင်အစရှိသော မိမိတို့နှင့် သင့်တော်မည့်နေရာများ၏ အမြင့်တွင်လည်းကောင်း လှပစွာ ချိတ်ဆွဲထားခြင်းဖြင့် ငွေလည်းဝင်၊ လာဘ်လည်းရှင်၍ လိုအင်ဆန္ဒများ ပြည့်ဝနိုင်ကြလိမ့်မည် ဖြစ်ပါကြောင်း စေတနာထား၍ ရေးသားတင်ပြလိုက်ရပေသည်။

**မိုး(သရက်)**

စာမူ
ပို့လို့
ရ...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၂၈



www.burmeseclassic.com

www.burmeseclassic.com

# ဘေးကင်းရန်ကွာ ပု–ဒိ–အာ



စာရေးသူ၏မြို့မှ ကျေးဇူးတော်ရှင် မင်းကျောင်းဆရာတော် ကုသလမဟာထေရ်အရှင်သူမြတ်သည် **၁၉၉၉ ခုနှစ်၊ အောက်တိုဘာလ၌** ဘဝနတ်ထံ ပျံလွန်တော်မူပါသည်။

မထေရ်မြတ်၏ ကျေးဇူးတော်၊ ဂုဏ်တော်၊ တန်ခိုးတော် အဖုံဖုံကို ထိုစဉ်က မဂ္ဂဇင်း၊ စာစောင်အသီးသီး၌ ပညာရှိကြီးများ ထုတ်လှစ်ဖော်ကျူးမှု ပြုကြသည်မှာ ပြီးပြည့်စုံဖွယ် ဖြစ်နေချေပြီ။

သို့သော် မထေရ်မြတ်၏ တပည့်ရင်း ဖြစ်သည့် လက်ရှိမင်းကျောင်းတော်၌ သီတင်း သုံးတော်မူလျက်ရှိသည့် ဆရာတော် ဦးနာယကမှ သူ ဦးပဥ္စင်းဘဝ၌ မထေရ်မြတ်ကြီးမှ ဂါထာတစ်ပုဒ်ကို တယုတယ ချီးမြှင့်ဖူးသည်ဟု ဆိုပါသည်။

ယင်းဂါထာတော်မှာ အခြားမဟုတ် **ဘေးကင်းရန်ကွာ ပု–ဒိ–အာ**ဂါထာတော်မြတ်ကြီးပင်ဖြစ်သည်။

ဂါထာတော်၏ အဓိပ္ပာယ်

ပု = ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်
ဒိ = ဒိဗ္ဗစက္ခုဉာဏ်တော်
အာ = အာသဝက္ခယဉာဏ်တော်

အနက်

**ပု–ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်**

ရှေးဘဝများစွာက နေခဲ့ဖူးသော ခန္ဓာတို့ကို အမှတ်ရနိုင်သောဉာဏ်။



**ဒိ–ဒိဗ္ဗစက္ခုဉာဏ်တော်**

နတ်တို့၏ မျက်စိကဲ့သို့ အရပ်ဝေးစွာမှ သေးငယ်သောဆရာ တံတိုင်းခြားရာ တောင်ခြားရာ အခြားအကာ အကွယ်ခြားရာ နေရာတို့မှ အရာဝတ္ထုများကို လည်းကောင်း၊ ဤဘဝ ငရဲသို့ သွားသူ နတ်ပြည်သို့သွားသူ စသည်များကို လည်းကောင်း မြင်စွမ်းနိုင်သော ဉာဏ်တော်။

**အာ–အာသဝက္ခယဉာဏ်တော်**

အာသာဝေါတရားတို့ကို ကုန်ခန်းစေသော အရဟတ္တမဂ်ဉာဏ်တို့ဖြစ်၏။

ဤဉာဏ်သုံးပါးကို ဝိဇ္ဇာသုံးပါးဟု ခေါ်၏။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

ရွတ်ဆိုရန်အချိန်

မိမိနေထိုင်ရာဒေသမှ ရပ်ဝေးရပ်နီးသို့ ခရီးထွက်မည့်အခါတိုင်း မမေ့မလျော့ ပြုလုပ်သင့်သည်။

ရွတ်ဆိုပုံ

"ဉုံ…ပုဒိအာ"

၁။ မိမိထွက်ခွာမည့် အရပ်ဒေသသို့ မျက်နှာမူပါ။

၂။ **နဖူးအလယ်တည့်တည့်ကို ညာဘက်လက်ခလယ်**ဖြင့် "**ဉုံ… ပုဒိအာ**"ဟု ဆို၍ "**ပု**"ဟူသော အက္ခရာ ရေးမှတ်ပါ။

၃။ အလားတူပင် **လက်ယာဘက်ပါး**ကိုလည်း "**ဒိ**"ဟူသော အက္ခရာ ရေးမှတ်ပါ။

၄။ **လက်ဝဲဘက်ပါး**ကိုလည်း ချန်မထားရစ်ဘဲ "**အာ**"ဟူသော အက္ခရာ ရေးမှတ်ရန် ဖြစ်သည်။

ဤသို့ပြုက ရန်ဟူသမျှ မြူမျှ မသန်းဘဲ ကြံသမျှ စည်သမျှ အဝဝတို့ အောင်မြင်နိုင်ကြောင်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် စေတနာရှေ့ထား၍ ရေးသားဖော်ပြပေးလိုက်ရပါသည်။

**စာကြွင်း** ။ ။ ဤဂါထာတော်မြတ်ကြီးကိုမူ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ ရေးသားပြုစုစဉ် ကျန်သွားသည့် အစွမ်းထက်မြက်သည့် ဂါထာတော်ကြီးဖြစ်သည်နှင့်အညီ ဖြည့်စွက်၍ ရေးသားပေးပါရန် စာရေးသူအား မေတ္တာရပ်ခံပါသည်။

***သင်ဆရာ မြင်ဆရာ ကြားဆရာတို့အား အစဉ် ရှိသေလေးစားလျက်…***

**မောင်သာဆင့်(ရေနံချောင်း)**

www.burmeseclassic.com

www.burmeseclassic.com

သူရဿတီဒေဝီနှင့် စပ်လျဉ်း၍ လွင်မြစ်ဝရှိ **ကော့မှန်ဇလိုင်** ခေါ် **ခေါင်းဆေးကျွန်း** ဆရာတော်ကြီးက "**ပိဋကတ်သုံးပုံကို သူရဿတီဒေဝီ စောင့် သံဃာများသာ စောင့်ရှောက်**" ဟူ၍ ခေါင်းဆေးကျွန်းပေါ် သူရဿတီဒေဝီရုပ်တု အနီးတွင် မှည်းစာတိုင် စိုက်ထူတော်မူခဲ့ ည်ကို တွေ့မြင်ရဖူးသည်။

ကျွန်ုပ်၏ ဆရာသခင် ဖြစ်တော်မူ သော **အရှင်ပညာဒီပ(ပေါင်မြို့ ဘုရားကြီးကျောင်းတိုက် ဆရာတော် ကြီး)**က...

'သူရဿတီဒေဝီပုံကို ဟင်္သာပေါ် တင်ပါး လွှဲထိုင်ပြီး ပိဋကတ်တော် ကိုင်မ,ထားပုံ ကျုံးကျုံ့ယုံ့ထိုင်ပြီး ပိဋကတ်တော် ကိုင်ထား ပုံတွေ ထုလုပ်ကိုးကွယ်ကြမယ့် ပိဋကတ် စောင့်နတ်ဒေဝီတော့ မဟုတ်ဘူး။ လောကီ ကျမ်းအလိုအရ ပညာကို အစိုးရတဲ့ နတ်ဒေဝီ လို့ ဆိုကြပါတယ်'

ဟု မိန့်မြွက်တော်မူခဲ့သည်။

**ထီးချိုင့်ဆရာတော် အရှင်ဒေဝိန္ဒ (အလောင်းအမည် . ရွှေထီးကုန္ဒရာ)** စာရေးသားရာတွင် ကျမ်းဦးပဏာ အနေဖြင့် ဤသို့ ရေးဖွဲ့တော်မူလေ့ သည်။

ဥ ဒနမ္ဘော၏ ဂတ္တသမ္ဘ ဝ,သုန္ဒရီ၊ ရဏံ ပါဏိနံ ဝါဏီ၊ မယှံ ပိ နယတံ မနံ။ **ဟောအတုလ**၊ ဂုဏာဝိသိဋ္ဌ၊ မိုးလုံး မှု၊ ကာသရိယ၊ စသည်တွက်ကျုံး နီးတောက်ပ၊ မုနိန္ဒ၏၊ ဂန္ဓပုံ့သင်း၊ ခံတွင်းမှ၊ သန့်ရှင်းသာယာ၊ သိသာ ကျော်၊ သံပေါ်ကင်းလျက်၊ လုံးနက် သင်၊ ရှစ်အင်္ဂါပေါ်၊ အသံတော်ဖြင့်၊ ဟောမြွက်ဟ၊ ပြစ်ကင်းပ၍၊ များ သတ္တာ၊ ဝေနေယျာတို့၊ ကိုးကွယ် စ၊ ကောန်ဖြစ်သည့်၊ တက်သစ်နေ ခြည်၊ ဂုဏ်အင်ထွန်းပ၊ မြိုက်ဓမ္မ ဟု၊



# သူရဿတီဒေဝီ

## နှင့် . ဂါထာများ




သူရဿတီ၊ မြတ်ဒေဝီသည်၊ ခိုမိုကျွန်း ဝယ်၊ ဘေးမျိုးပယ်၍၊ ရန်စွယ်ချေဖျက်၊ ဉာဏ်ကျယ်နက်အောင်၊ နှစ်သက် စောင့်ရှောက်တော်မူပါစေသတည်း။

ဤဂါထာသည် "**သုဗောဓာ လင်္ကာရ**"ကျမ်း၏ ပဏာမဂါထာ ဖြစ်သည်။ ဤဂါထာ၌ ပါဝင်သော "**ဝါဏီ**"ဟူသော ပုဒ်သည် "**စကား**" ဟူသောအနက်နှင့် "**သူရဿတီ နတ်သမီး**"ဟူသော အနက်များကို ဟော၏။

"**ဝါဏ**"သဒ္ဒါသည် "**စကား**"ကို ဟောသည့် "**ဝါဏီ**"ပုဒ်တွင် ပါဝင်၍ "**ပစ်အပ်သောများ**"ဟု အနက်ရှိ၏။

www.burmeseclassic.com

မြားသည် စုးဝင်တတ်သကဲ့သို့ အသံသည်လည်း နား၌ စူးဝင်တတ်၏။ ထို့ကြောင့် **"ဝအဏီ"** ကို အသံဟု ဆို၏။ သူရဿတီနတ်သမီးကိုလည်း ထိုအသံ၌ အစိုးရသောကြောင့် ဝါဏီဟု ခေါ်ဆိုရသည်။

သင်ကြားအပ်သော ပညာကို အသံဖြင့် ကျက်ရ၊ အံရ၊ သရဇ္ဈာယ်ရ၊ တက်ဆိုပို့ချရသောကြောင့် အသံကို အစိုးရသော သူရဿတီနတ်သမီးသည် ပညာကိုလည်း အစိုးရသည်ဟု လောကီကျမ်းများက ဆိုလေသည်။ သုဗောဓာလင်္ကာရကျမ်းသည် လောကီကျမ်းဖြစ်ခြင်းကြောင့် သူရဿတီနတ်သမီးနှင့် ပညာတည်းဟူသော တရားတော်ကို ဥပမာလင်္ကာမြောက်အောင် ပမာဏမ ပြုခဲ့သည်။

ဤဥပမေယျတွင် တရားတော်သည် ဘုရားရှင်၏ ခံတွင်းတော်မှဖြစ်သည်။ သူရဿတီနတ်သမီးသည် ကြာတိုက်၌ သန္ဓေစွဲ၍ဖြစ်သည်။

တရားတော်သည် အပြစ်မရှိ ဖြူစင်သန့်ရှင်းသည်။ သူရဿတီနတ်သမီးသည်လည်း အလုံးစုံသော အင်္ဂါကြီးငယ် ဖြူစင်သည်။

တရားတော်သည် အလိုရှိတိုင်းသော အကျိုးကို ပြီးစေသည်။ သူရဿတီနတ်သမီးသည်လည်း အလိုရှိတိုင်းသော အကျိုးကို ပြီးစေသည်။

ဤသို့အားဖြင့် လောကီကျမ်း၌ဆိုသော သူရဿတီနတ်သမီးနှင့် ဘုရားရှင် ဟောကြားတော်မူသော တရားတော်ကို ဥပမာ ဥပမေယျပြုခဲ့ပေသည်။ ဤဥပမေယျကိုယူ၍ **မဃဒေဝလင်္ကာသစ်(၁)၌...**

'သုံးပုံပိဋကတ် ဝါဏီမြတ်ဟု၊ သူရဿတီ နတ်ဒေဝီလည်း ယှဉ်ပြိုင်နိုင်စွ မပြတ်မရှိ ငါ့နှလုံးတိုက် ရွှေကြာသိုက်၌ ပျော်ပိုက်စေပြီး'



ဟူ၍ ဖွဲ့ဆိုခဲ့သည်။

***(ထီးချိုင့်အရှင်ဒေဝိန္ဒ၏ ရွှေပေါ်ကျွန်း ဘုရားသမိုင်းသစ် စာမျက်နှာ ၃၊ ၄၊ ၅)***

---

သူရဿတီဂါထာ

---

၁။သူရဿတီ ဒေဝီစ မေ မာတာ၊ မာတာစ မေ ဒေဝီ သူရဿတီ။

အနုကမ္ပ ဥပါဒါယ၊ ဉာဏမ္ပိ မေ ဒေဟိ ဒေဟိ။

**ဥံ သူရဿတီ သိဒ္ဓိလျှံလာ မိမိနတ်၊ လေးမြတ်သနား ရင်ဝယ်သားသို့၊ သနားပိုက်ပက် မိခင်လက်ဖြင့်၊ ကိုင်လျှက်မကွာ ရှိုင်းမပါလျှင်၊ ပညာအတတ် ထူးမြတ်လှစွာ၊ ဂါထာမန္တန် မကျန်မကြွင်း၊ သင်အားများ၊ ကျွန်ုပ်အားကို သနားကြည်ဖြူ လှူယ်ကူလာ မစေသော်။**

၂။ပိဋကတ္တယ သမ္ပုဏ္ဏံ သဗ္ဗသိဒ္ဓိ သုခါဝဟံ

ဇိဝှဂ္ဂေ မေ နိသီဒိတွာ၊ ပံမာရေတု သူရဿတီ။

**သူရဿတီ** – မြတ်ဒေဝီသည်၊ **မေ**– လောကုတ် လောကီ နှစ်လီစကား ပြောကြားသော အကျွန်ုပ်၏၊ **ဇိဝှဂ္ဂေ**–အမြတ်ထားမှန် လျှာဖျားထံ၌၊ **နိသီဒိတွာ** – ပြောကြားသောအားနေလာငြား၍၊ **မံ**–ကျမ်းဂန်အရာ သိလိမ္မာ၍ ဆယ်ဖြာသိဒ္ဓိ တန်ခိုးရှိက ပေါက်ရောက်ခြင်းငှာ အလိုရှိသော ကျွန်ုပ်ကို၊ **ပိဋကတ္တယသမ္ပုဏ္ဏံ** – ပိဋကတ်သုံးပုံ အလုံးစုံကို ကြည့်ရှုရုံမျှ အာဂုံရအောင်၊ **ကတွာ**–စောင်မ ကြည့်ရှုကူညီပြု၍၊ **သဗ္ဗသိဒ္ဓိသုခါဝဟံ**– သိဒ္ဓိဆယ်ဖြာ ပြည့်စုံလာ၍ နှစ်ဖြာသုခ ပြည့်ညီလုအောင် ဆောင်ရွက်ပေးခြင်းကို၊ **ဓာရေတု**–လျင်မြန်မကြာ ဆောင်ရွက်ပေးတော်မူပါလော့။

***(အရှင်ဝါယမာဘိဝံသ၏ ဂါထာမန္တန် ကျမ်းမြတ်မဟာစာမျက်နှာ ၁၇၆–၁၉၃)***

---

သူရဿတီဆုတောင်းမန္တန်

---

ဥံ သူရဿတီ ဒေဝီသညာ မိမာတာ၊ ဖြူပြာသန့်သန့် ရွှေကြာနှံ့သို့၊ ပိမြတ်အမျိုး

ကျမ်းဂန်စိုးသည်၊ စုံမျိုးပညာ စည်းစိမ်ဥစ္စာ[illegible] စောင်မပါလော့၊ သိပ္ပံခန့် မကျန်မြန်[illegible] ပြုပါလော့။

ဥံသူရဿတီ ဒေဝီငယ်သီး နတ်သမီး သား[illegible] ကျွန်ုပ် ပင့်ခေါ်ပါသည်။ ဥံ မယ်ဖွား မိခ[illegible] ကျွန်ုပ်ဦးထိပ်တွင် တည်နေပိုးသူ ရှင်ဖြူ[illegible] လာပါခဲ့။ ဟိုရှေးဘဝတ မာတာဘု[illegible] ပုဗ္ဗောမယ်တော် ဖြစ်ခဲ့ဖူးသော သူရဿ[illegible] နတ်ဒေဝီ ကပ်လျက်မသွေ တည်မြဲနေ[illegible] သည် အောင်ဆုကို အကျွန်ုပ်အား ပေး[illegible] သော်။

ဤမန္တန်ကို နံနက်(၉)ခေါက် ည(၉) ခေါက်စီ နေ့စဉ် ရွတ်ပွားပေးလျှင် အကြံအစည် အပြောအဆိုများ အောင်မြင်၍ ခုနစ်ရက်သားသမီးတို့ ချင်ခင်၏ဟု ဂါထာမန္တန် ကျမ်းမြတ် မဟာ စာမျက်နှာ(၃၀၁)၌ ဖော်ပြထား၏။

---

စံရာဌာန

---

သူရဿတီဒေဝီစံရာ ဌာနနှင့် ပတ်သက်၍ ကျွန်ုပ်၏ တိုင်းရင်းဆေး လက်ဦးဆရာ **ဦးကျော်ဝင်း နည်း[illegible] (ငြိမ်း) မန္တလေးတိုင်းရင်းဆေးသိပ္ပံ** က ဤသို့ ရှင်းပြခဲ့သည်။

သူရဿတီဒေဝီသည် မြင်းမိုရ်တောင်[illegible] တောင်ဘက်မျက်နှာတွင်ရှိသော အိုင်ကြီ[illegible] ငါးအိုင်အနက် ကုဏ္ဍလာအိုင်အနီး [illegible] ရွှေလိုဏ်ဂူကို အစိုးရသော သောတာ[illegible] နတ်ဒေဝီဖြစ်သည်။ ဤရွှေလိုဏ်ဂူသို့ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာများနှင့် လောကီသိ[illegible] ပေါက် ဝိဇ္ဇာဇော်ဂျီ တပသီများသာ ရောက်[illegible] နိုင်၍ သူရဿတီနတ်သမီးကို တွေ့မြင်[illegible] ကြသည်။

လူသာမညပုဂ္ဂိုလ်များသည် သူရဿ[illegible] နတ်သမီးကို မတွေ့မြင်နိုင်ကြပေ။ အ[illegible] ကြောင့်ဆိုသော် ရူပတဏှာ၊ သဒ္ဒ[illegible] စသည်တို့ကို သာယာတွယ်တာမှု ရှိ[illegible]



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ထိုသို့ နတ်သမီးကို တွေ့မြင်ရလျှင် ၎င်းတို့၏ စိတ်ကို ထိန်းသိမ်းခြင်းငှာ မစွမ်းနိုင်ကြသောကြောင့်ဖြစ်၏။ အရိယာနွယ်ဝင်သောတာပန် နတ်ပုဂ္ဂိုလ် ဖြစ်သောကြောင့် သူရဿတီနတ်သမီးသည် လူသားများကို ဝင်ရောက်ပူးကပ်ခြင်း မပြုကြပေ။

## မေတ္တာပို့မန္တန်

ဆရာက မေတ္တာပို့မန္တန်ကိုလည်း အောက်ပါအတိုင်း ဆက်လက် သင်ပြပေးသည်။ ကုသိုလ်အမှုများ ပြုပြီးနောက် မေတ္တာပို့သရာတွင် သူရဿတီနတ်သမီးအား မေတ္တာပို့ရန်ဖြစ်သည်။

'ဖြောင်း နမောဗုဒ္ဓဿ၊ ဖြောင်း နမောဓမ္မဿ၊ ဖြောင်း နမောသံဃဿ...

ရတနာသုံးပါး ဦးထိပ်ထား၍ ကျွန်ုပ်အား ကိုးကွယ် လွန်တင့်တယ်သည့် အံ့ဖွယ်ထင်ရှား မြတ်ဘုရား၏ ကိုယ်စားတော်မှာ ရှိခိုးပါ၏။ သမ္မာဒိဋ္ဌိ ကောင်းသည့်အယူ ကြည်ဖြူရွှင်လန်း ဆရာမြတ်၏ တပည့်ရင်းလျှင် တွင်းပြင်ပျံ့လို့ ရန်ကြိုင်သည်၊ မတ္တိုင်ထိပ်ပန်း ရွှင်လန်းညွတ်ခ ဗုဒ္ဓသာသနာ၌ ကြုံလာခဲ့သည့် ရေးသည့်ဘဝ၊ သင်္ချာသင်္ချေ မရေတွက်သာ သံသရာက မာတာမိဘ ဖြစ်ခဲ့ဖူး၍ ကျေးဇူးကြီးလှ သူရဿတီ အမည်အဝါ နာမတွင်ပြီး မယ်တော်ကြီးကို ကြည်ညိုကိုးစား သဒ္ဓါပွား၍ ဘေးများအပေါင်း ကင်းစင်ကြောင်းဖြင့် သားကောင်းမေတ္တာ ပို့သပါသည်။

သဗ္ဗေသူရဿတီ ဒေဝီမာတာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

## အသိဉာဏ် ပွင့်လင်းစေသည့်ဂါထာ

မုနိန္ဒ ဝဒနမ္ဘောဇ ဂဗ္ဘသမ္ဘဝ သုန္ဒရီ၊ သရဏံ ပါဏီနံ ဝါဏီ၊ မယှံ ပီနယတံ မနံ။



၂။ သူရဿတီစ မေ မာတာ၊ အနုကမ္ပံ ဥပါဒိယ။ ဉာဏံ ဒေတု သူရဿတီ၊ ဝိဇ္ဇာရှပေ ဝိနေဒရ၊ တိဋ္ဌတု မယှံ ဇိဝှဂ္ဂေ၊ သြုတ္တမတုသူရဿတီ။

*(ဂါထာမန္တန်ကျမ်းမြတ်မဟာ၊ စာ-၁၇၀)*

**အနက်**

၁။ **မုနိန္ဒ ဝဒန မ္ဘောဇ ဂဗ္ဘသမ္ဘဝ သုန္ဒရီ**-မြတ်စွာဘုရား၏ ခံတွင်းတော်တည်းဟူသော ကြာတိုက်၌ ဖြစ်ခြင်းကြောင့် ကောင်းမြတ်ထသော၊ **ပါဏီနံ**-သတ္တဝါတို့၏၊ **သရဏံ** - ကိုးကွယ်ရာဖြစ်သော၊ **ဝါဏီ**-သူရဿတီနတ်သမီးတည်းဟူသော တရားတော်သည်၊ **မယှံ**-အကျွန်ုပ်၏၊ **မနံ**-စိတ်ကို၊ **ပီနယတံ ပီနယတု**-နှစ်သက်ပြည့်ဖြိုး တိုးပွားတော်မူပါစေသတည်း။

၂။ **မေ**-အကျွန်ုပ်၏၊ **မာတာ**-မယ်တော်ဖြစ်သော၊ **သူရဿတီစ**-သူရဿတီ နတ်သမီးသည်လည်း၊ **အနုကမ္ပံ**-အကျွန်ုပ်အား အစဉ်သနားခြင်းကို၊ **ဥပါဒိယ**-အကြောင်းပြု၍၊ **ဉာဏံ**-ဉာဏ်ကို၊ **ဒေတု**-ပေးပါစေသတည်း။ **ဝိဇ္ဇာရှပေ**- ဝိဇ္ဇာသဘောရှိသော၊ **ဝိနေဒရ**-အထူးထူးသော အကျိုးကို ဆောင်တတ်သော၊ **သူရဿတီ**-သူရဿတီ နတ်မယ်တော်သည်၊ **မယှံ**-အကျွန်ုပ်၏၊ **ဇိဝှဂ္ဂေ**-လျှာဖျား၌၊ **တိဋ္ဌတု**-တည်ပါစေသတည်း။ **သြုတ္တမတု**-သက်ဝင်ပါစေသတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

## သူရဿတီဒေဝီပုံတော်

နန္ဒမူလိုဏ်ဂူတွင် စံမြန်းတော်မူသည့် သူရဿတီဒေဝီပုံတော်ကို မုံရွာမြို့ရှိ မိတ်ဆွေတစ်ဦးထံမှ ရရှိခဲ့သည်။

အမိုးရှိသော ထိုင်ခုံ(ကုလားထိုင်)တွင် ထိုင်ကာ မကိုဋ်သရဖူ၊ သင်းကျစ်၊ လည်ဆွဲ၊ လက်စည်း၊ လက်ကြပ်များ ဆင်မြန်းထားသည်။ လက်ဝဲလက်ဖြင့် ကွမ်းတောင်(ဆွမ်းအုပ်)ကို ပိုက်၍ လက်ယာလက်က ခရုသင်းကို ကိုင်ထားသည်။ ခြေရင်းလက်ဝဲဘက်၌ ဗီးကွက်တစ်ကောင် ရှိလေသည်။

**ကွမ်းတောင်**မှာ တင့်တယ်ပြည့်စုံခြင်း၊ **ခရုသင်း**မှာ သန့်စင်ခြင်းတို့ကို နိမိတ်ဆောင်၍ **ဗီးကွက်**ကား စူးနစ်သော အော်သံ(အသံ)ရှိလေရာ **ဝါဏ** သဒ္ဒါမှ **ပစ်အပ်သောမြား** အနက်၏ စူးဝင်ခြင်းသဘော ဂုဏ်တူဆောင် ဥပမေယျ ပြုထားကြောင်း သိမှတ်ရပေသည်။ **(သူရဿတီဒေဝီအကြောင်း မေးမြန်းကြသည့် အနယ်နယ် အရပ်ရပ်မှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ပရိသတ်များအတွက် ရည်ညွှန်း ရေးသားပါသည်။)**

**ဇင်ညိုငယ်**




www.burmeseclassic.com

www.burmeseclassic.com

ကင်း(၃)ကင်း (၁)ကင်းပြီး သို့မဟုတ်

# ကင်းအမျိုးမျိုးတို့၏ အဆိပ်ဖြေနည်းများ

ဦးမင်းဇင် (ရွှေနဝင်း)



ပြီးခဲ့သည့်လမှာ စာဖတ်ပရိသတ်ကြီးအား အင်းဆက်မျိုးရင်းဝင်ပျား၊ **ပျားတုအဆိပ်ဖြေနည်းကို** တင်ပြခဲ့ပြီးဖြစ်၍ ယခု တွားသွားသတ္တဝါ အနွယ်ဝင် ကင်းအမျိုးမျိုးတို့၏ နေထိုင်ကျက်စားသွားလာပုံ သဘာဝများနှင့် ယင်းတို့၏ အထိုးအကိုက်ခံခဲ့ရလျှင် လျင်မြန်စွာ အဆိပ်ကို ပြေစေနိုင်သည့် အဆိပ်ဖြေပုံဖြေနည်း နည်းလမ်းကောင်းများကို ဆက်လက် တင်ပြသွားပါမည်။

ဤနေရာတွင် မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာဖြင့် အဆိပ်တို့ကို ခွဲခြားပြရလျှင်...

**၁။ ထာဝရအဆိပ်နှင့်**

**၂။ ဇင်္ဂမအဆိပ်**

ဟူ၍ (၂)မျိုး ခွဲခြားနိုင်ပါသည်။

၁။ **ထာဝရအဆိပ်ဟူသည်** ရုက္ခ အပင်နှင့် တွင်းထွက်ဓာတ်ပစ္စည်း စသည်တို့၏ အဆိပ်အာနိသင်ဖြစ်စေသော ဂုဏ်သတ္တိများ ပါဝင်နေခြင်းကို ဆိုလိုပါသည်။

**ဥပမာ** ။ ။ မြားဆိပ်ပင်၏အဆိပ်၊ ဟုန်းပင်၏အဆိပ်၊ ကျားမနိုင်ပင်၏အဆိပ်၊ ခပေါင်းရေကြည်ပင်၏အဆိပ်၊ စိန်အဆိပ်၊ ပြဒါးအဆိပ် စသည်တို့ကို ထာဝရအဆိပ်ဟု သတ်မှတ်ကြပါသည်။

၂။ **ဇင်္ဂမအဆိပ် ဆိုသည်မှာ** ဇီဝမျိုးစုံမျိုးကွဲသတ္တဝါများ၏ အဆိပ်ရှိသော ခန္ဓာကိုယ် အစိတ်အပိုင်းတို့နှင့် ထိမိ၊ စားမိ၊ တို့မိ၊ ကိုက်မိခြင်းတို့ကြောင့် လူနှင့် အခြားသော တိရစ္ဆာန်တို့တွင် အဆိပ်တက်စေသည့် သက်ရှိတို့၏ အဆိပ်အမျိုးမျိုးကို ခေါ်ဆိုပါသည်။

ယခု ဤဆောင်းပါးတွင် ဇင်္ဂမအဆိပ်အမျိုးမျိုးဟု ဆိုအပ်သော သတ္တဝါများ၏ အဆိပ်ကို ဖြေသည့်နည်းနှင့် ဇင်္ဂမအဆိပ်တို့၏ သဘော၊ သဘာဝတို့ကို အဓိကထား၍ စာဖတ်သူများ အကျိုးများစေရန်၊ ကြောင်းကျိုးစုံလင်စွာ တတ်နိုင်သမျှ စေတနာထား၍ ရေးသားတင်ပြပေးပါမည်။

ထိုဇင်္ဂမ အဆိပ်တို့တွင်လည်း ဇီဝမျိုးစိတ် မျိုးကွဲသတ္တဝါများပေါ် မူတည်၍ ယင်းတို့၏ အဆိပ်များ၏ သဘော၊ သတ္တိ၊ သဘာဝတို့မှာလည်း ကွဲပြားခြားနားမှုများ ရှိနေကြပါသည်။

ယင်းဇင်္ဂမ အဆိပ်အမျိုးမျိုးတို့၏ အကြောင်းရင်းဇာစ်မြစ်တို့ကို ဥပမာပုံပြ၍ ရေးသားတင်ပြပေးပါမည်။

**ဥပမာ(၁)**

ကင်းခြေများ၊ ကင်းမြီးကောက်၊ ကင်းမလက်မည်း၊ ကင်းဖြူလေး စသည့် တွားသွားကင်းအနွယ်ဝင် မျိုးစိတ်များနှင့် အချို့သော ပင့်[illegible] မျိုးစိတ်များတွင် ပြင်းထန်သည့် အဆ[illegible] များ ရှိတတ်ကြပြီး လူကို အသ[illegible] အန္တရာယ် ပြုတတ်ကြပါသည်။

ထိုမှတစ်ပါး လူအများနှင့် လုပ်[illegible] ခွင်တို့တွင် ဆက်စပ်ပတ်သက်မှု[illegible] ရှိနေတတ်သည့် အခြား ဇီဝမျိုးစိတ်[illegible] သတ္တဝါများလည်း ရှိကြပါသေးသည်[illegible]

ယင်းတို့မှာ တောက်တဲ့အ[illegible] ဝက်တူကောင်၊ ပင်လယ်ရေတ[illegible] (ဂျယ်လီဖစ်)ခေါ် ရေရှူအမျိုးအစားမျ[illegible] ဒေါင်း သည်းခြေအဆိပ်၊ ငါးပူတ[illegible] သည်းခြေအဆိပ်၊ ငါးရှူ၊ ငါးကျည်[illegible] ငါးစင်ရိုင်းတို့၏ ဆူးတောင်အဆ[illegible] စသည်တို့သည်လည်း ဇင်္ဂမအုပ်စု[illegible] အဆိပ်များ ဖြစ်ကြပါသည်။

ထိုအဆိပ်များ၏ အကြောင်း[illegible] အများပြည်သူတို့ ဗဟုသုတအ[illegible] သိရှိထားပြီး လက်လှမ်းတမီတွင် [illegible] သော ဆေးပင်၊ ဆေးပစ္စည်းမျ[illegible] ထိုအဆိပ်များကို ဖြေနိုင်သည့် [illegible] လမ်းကောင်းများကို တင်ပြလိုက်[illegible] သည်။



www.burmeseclassic.com

www.burmeseclassic.com





**(က) ကင်းမျိုးစိတ်များထဲတွင် မြန်မာနိုင်ငံတွင် ကင်းခြေများအဆိပ်သည် အပြင်းဆုံး ဖြစ်ပါသည်။ ပြီးလျှင် ကင်းမြီးကောက်၊ ကင်းမလက်မည်းသည် ဒုတိယ အဆိပ်ပြင်းပါသည်။**

သို့သော် အာဖရိကနှင့် အမေဇုန်တောကြီးများတွင် ရှိကြသော ကင်းမြီးကောက်မျိုးစိတ်များသည် လူကို သေစေနိုင်သည့်အထိ အဆိပ် လွန်စွာ ပြင်းထန်ကြသည်ကို တွေ့ရပါသည်။

ကင်းဖြူလေးကတော့ အိမ်တံခါးကြား၊ အဝတ်သေတ္တာ၊ ထဘီပုံအကြား စသည်တို့တွင် နေထိုင်လေ့ရှိပြီး ထိုးမိကိုက်မိလျှင် နာကျင်ရုံသာ အဆိပ်ရှိပါသည်။ ယင်းကို **"အိမ်ကင်း"** ဟုလည်း ခေါ်ကြပါသည်။

ရုပ်ရှင်ထဲတွင် ပြောစမှတ် ပြုကြသော "မိဖုရား ဟိုဒင်း ကင်းကိုက်သလို" ဆိုသည့် ကင်းမှာ ထိုကင်းဖြူလေးပင် ဖြစ်ပါသည်။ ကင်းဖြူလေးများသည် အများအားဖြင့် အဝတ်သေတ္တာ၊ အဝတ်ဗီရို၊ အင်္ကျီခေါက်၊ ထဘီခေါက်တို့ အကြားတွင် ဝင်ရောက်နေတတ်သည့် အလေ့ရှိကြပါသည်။

ထို့ကြောင့် ကင်းဖြူလေးသည် မိဖုရားကို ဒုက္ခပေးနိုင်သည့် အခွင့်အရေးရခြင်း ဖြစ်လေသည်။ ဒါကြောင့် **"မိဖုရားကြီး အော်သံကိုသာ ဘုရင်ကကြားသည်။ ကင်းဖြူထိုးတာ ရှင်ဘုရင် မသိ"** ဆိုသည့် ဆိုရိုးစကား တစ်ရပ်ပင် နန်းတော်ထဲ၌ တစ်ခေတ်တစ်ခါက ပေါ်ပေါက်ခဲ့ဖူးပါသည်။

ကင်းခြေများ၊ ကင်းမြီးကောက်၊ ကင်းမလက်မည်း စသည်တို့သည် တောထဲ ခြံထဲတွင်ရှိသော အမှိုက်ပုံနှင့် သစ်မြစ် သစ်ခေါင်းတို့တွင် အသိုက်ပြု၍ ပွားများနေထိုင်တတ်ကြပါသည်။

အထူးသဖြင့် ယင်းတို့သည် အမှိုက်ပုံ၊ သစ်ရွက်ခြောက်ပုံ၊ မြေဆွေးနေရာတို့ကို သွားလာမိခဲ့လျှင် အထူး သတိပြု၍ သွားလာရန် လိုအပ်ပါသည်။

ယင်း ကင်းတို့သည် ပူပြင်းသည့် နွေရာသီဆိုလျှင် မူလခိုအောင်းရာ မြေဆွေးအမှိုက်ပုံတို့တွင် ပူပြင်းမှု လွန်ကဲလာကြသဖြင့် အချိန်အခါမရွေး ပတ်ဝန်းကျင်ရှိ အေး၍ အရိပ်ရသော အိမ်ထဲ ကွပ်ပျစ်အောက်ကြမ်းခင်း၊ အင်္ဂတေ ပပ်ကြားအက်များကြားတွင် ဝင်ရောက်၍ ခိုအောင်းတတ်သည့် အလေ့ရှိပါသည်။

နွေရာသီတွင် မိမိတို့ နေထိုင်ရာ အိမ်ပတ်ဝန်းကျင်ကို သန့်ရှင်းအောင်ထားလျှင် ကင်းတို့၏ အန္တရာယ်ကို ကာကွယ်ရာ ရောက်ပါသည်။

ထိုကင်း(၃)မျိုးသည် အဆိပ်ပြင်းကြသော်လည်း လူသားတို့တွင် အားသာသည့် အချက်တစ်ခု ရှိပါသည်။ ထိုအားသာချက်မှာ...

မည်သူမဆို လူတစ်ဦးမှာ [ကင်းခြေများ၊ ကင်းမြီးကောက်၊ ကင်းဖြူလေး] ကင်း(၃)ကင်းတွင် (၁)ကင်း၏ အဆိပ်သည် သူ့အလိုလို ပြီးနေတတ်သည့် ဇီဇသဘာဝ သတ္တိထူး ရှိကြပါသည်။ အဲဒါ အမှန်ပင် ဖြစ်ပါသည်။

မိမိတွင် မည်သည့် "ကင်းပြီး" နေသည်ကို သုတေသန ပြုလုပ်ကြည့်ရန် လိုအပ်သလိုပင် ဖြစ်ပါသော်လည်း မတော်၍ "မပြီး" သည့် ကင်း(၂)မျိုး နှင့် တိုးမိခဲ့သော် အီစလန်[illegible] တော့ ဆိုက်နိုင်ပေသည်။ [illegible] ကြည့်ရန် လက်တွန့်နိုင်ပေသည်။

အချို့လူများတွင် ကင်းခြေများ ကိုက်မိခဲ့လျှင် အမိအဖတပြီး [illegible] အောင် ခံစားရသော်လည်း အချို့သူ များတွင်ကိုက်သော အစွယ်ရာမှ [illegible] စို့၍ အနည်းငယ် စပ်ဖျဉ်းဖျဉ်း ဖြစ်ရုံ လောက်သာ ခံစားရပါသည်။ ထိုသူ သည် **"ကင်းခြေများပြီး"** နေသူ ဖြစ် ပါသည်။

စာရေးသူ ငယ်စဉ်(၁၂)နှစ်သား အရွယ်က ပုရစ်တွင်းနှိုက်ရင်း ကင်းမြီး ကောက် အထိုးခံရဖူးပါသည်။ လက် ခလယ်ထိပ်ကို အထိုးခံရပြီး ညဘက် လက်တစ်ချောင်းလုံး ထုံကျဉ်၍ ဘာမှ ထိတွေ့မှု မသိတော့သည်အထိ ဖြစ်ခဲ့ ရပါသည်။ လွန်စွာ အခံရခက်ပါသည်။

အဲဒီနောက်ပိုင်း အသက်(၃၀) အရွယ်တွင် တစ်ဖန် ညဘက် လမ်း သွားရင်း ညာခြေမျက်စိတွင် တစ်ခုခု နှင့် စောင့်ထိုးလိုက်သလိုမျိုး ဒုတ်ခနဲ အသံမြည်သွား၍ မာတ်မီးဖြင့် ထိုးကြည့် ကင်းမြီးကောက်ကြီး တစ်ကောင် အားရပါးရ ခြေမျက်စိကို ထိုးလိုက် သည်ကို တွေ့ရပါသည်။

သို့သော် ထိုးလိုက်သည့်အချိန်မှာ သာ "ဒုတ်ခနဲ" မြည်သွားသော်လည်း

www.burmeseclassic.com


မည်သို့မျှ နာကျဉ်ကိုက်ခဲခြင်း ဝေဒနာ မရှိသည်ကို အံ့သြစွာ တွေ့ရှိရပါသည်။

ငယ်စဉ်က ကင်းမြီးကောက် အထိုး ခံခဲ့ရသည့် အဆိပ်ဓာတ်က ခန္ဓာကိုယ်မှ တုံ့ပြန်မှုဓာတ် ဖြစ်လာပြီး "ပြီး"နေ၍ ယခု ကင်းမြီးကောက်ကိုက်သည့် ကင်းဆိပ်ဒဏ်ကို ခံနိုင်နေသည်ဟု မှတ်ယူရပါသည်။

ဤဖြစ်စဉ်နှင့် အလားတူသည့် ကင်းမြီးကောက်အဆိပ်ကို "ပြီး"စေသည့် နည်းတစ်မျိုးမှာ အာဖရိက လူမည်းများနှင့် အမေဇုန်တောတွင်း လူမျိုးစုများသည် ငယ်စဉ်အချိန်တွင် ယင်းတို့၏ ကလေးငယ်များကို လူမျိုးစုဆေးဆရာကြီးမှ ယင်းတို့ဒေသရှိ အဆိပ်အပြင်းဆုံး ကင်းမြီးကောက်တစ်ကောင်ကို ရွေးချယ်၍ ဖမ်းယူပြီး (၁၄,၁၅)နှစ်အရွယ် ကလေးများကို ထိုကင်းမြီးကောက်၏ အဆိပ်ဆူးဖြင့် ထိမိရုံ ကလေး လက်ဆကောင်းကောင်းဖြင့် ချိန်ဆ၍ (ကျောက်ဆေးခြစ်သလိုမျိုး) ကင်းမြီးကောက် အဆိပ်ဆူးဖြင့် ခြစ်ပေးလိုက်သည်။

ထိုအခါ အဆိပ်ဆူး အခြစ်ခံရသော ကလေးသည် (၃,၄)ရက် နာကျင်မှုဝေဒနာ ခံစားရပြီး ထိုနာကျင်မှုဒဏ်ကို ရိုးရာနည်းများဖြင့် သက်သာအောင် ပြုစုပေးကြပါသည်။ ထို(၃,၄)ရက် ကျော်လွန်သွားလျှင် လုံးဝ အခြေအနေကောင်းသွားပြီဖြစ်သည်။

အကယ်၍ ကင်းမြီးကောက်အဆိပ်သည် သဘာဝအတိုင်း ကင်းမြီးကောက် အရိုင်းကောင်မှ သဘောရှိ အဆိပ်ဆူးဖြင့် လူကို ထိုးလိုက်မိလျှင် ကင်းမြီးတွင်ရှိသော အဆိပ်ဆူးမှတစ်ဆင့် အဆိပ်များ လူ့ခန္ဓာကိုယ်ထဲသို့ အပြည့်အဝ ဝင်သွားလျှင် ချက်ချင်း လူကို သေစေနိုင်သည်အထိ ပြင်းထန်ပါသည်။



ဒါကို ဆေးဆရာလုပ်သူမှ ချိန်ဆ၍ "**ဗက်စင်း**"(Vaccine)ကဲ့သို့ ကင်းမြီးကောက်၏အဆိပ်ကို လူ့ခန္ဓာကိုယ်က တုံ့ပြန်ပြီး ခံနိုင်ရည်အား ရှိစေရန် အထက်ပါ **ဗက်စင်း**(Vaccine) ကာကွယ်ဆေး သဘောမျိုးနည်းဖြင့် အာဖရိက ရိုးရာနည်းကိုသုံးပြီး ကင်းမြီးကောက်အဆိပ်ကို "ပြီး"အောင် သူတို့၏ အရွယ်ရောက်ပြီး ကလေးများကို ပြုလုပ်ပေးထားကြပါသည်။

ထိုကလေးသည် တစ်သက်တာ ပတ်လုံး ကင်းမြီးကောက်၏ အဆိပ်ဒဏ်ကို ခံနိုင်ရည်အားရှိ၍ အဆိပ်ပြီးသွားပြီ ဖြစ်ပါသည်။ ထိုကင်းမျိုးစိတ်များထဲမှ သဘာဝဇီဇအရ နှစ်ချီ သက်တမ်းရှည်ပြီး ကြီးထွားလာကြသည့် ကင်းမျိုးမှာ ကင်းခြေများ ကင်းမျိုးပင် ဖြစ်ပါသည်။

ယင်း ကင်းခြေများကြီးများသည် တောတောင်များထဲတွင် သဘာဝ အလျောက် နှစ်သက်တမ်း(၃၀,၄၀)ခန့် နေထိုင် အသက်ရှင်ကြပြီး လူကြီး ပေါင်လုံးခန့် ကိုယ်ထည် တုတ်ခိုင်ကြီးမားပြီး (၄,၅,၁၀)ပေခန့် ရှည်လျားသော ကင်းခြေများကြီးများကို တွေ့ကြုံဖူးသည့် တောမုဆိုးကြီးများ ယခု သက်ရှိထင်ရှား ရှိနေကြပါသေးသည်။

ထိုကင်းခြေများ မျိုးနွယ်များသည် မြွေကဲ့သို့ အရေခွံလဲပြီး အသက်ဆက်၍ ရှင်နေနိုင်ကြသည့် ဇီဝသတ္တဝါထူးများ ရှိကြပါသည်။

ဤသို့ ကင်းခြေများ၊ ကင်းမြီးကောက်၊ ကင်းမလက်မည်း စသည့် ကင်းအမျိုးမျိုးတို့၏ သဘော သဘာဝနှင့် နေထိုင်ကျက်စား သွားလာပုံတို့ကို စာဖတ်သူ ပရိသတ်များ သိထားပြီးလျှင် ကင်းအမျိုးမျိုးတို့၏ အန္တရာယ်မှ ကင်းရှင်းအောင် ကြိုတင်ကာကွယ်နိုင်ပြီး အကယ်၍ မတော်တဆ တွေ့ကြုံ၍ ကင်းထိုးကင်းကိုက်မိ၍ အဆိပ်တက်ခဲ့သော်...

**မြန်မာ့ရိုးရာ**
**ကင်းဆိပ်ဖြေနည်းများမှာ**

(က) ကင်းကိုက်၊ ကင်းထိုး၊ ပင့်ကူကိုက် စသည့် ဒဏ်ရာကို ဆီ၊ ထောပတ် စသည်တို့ မထိမိ၊ မလိမ်းမိစေရန် ရှေးဦးစွာ အထူး သတိပေးလိုပါသည်။

ကင်းဆိပ်၊ ပင့်ကူဆိပ်တို့သည် ဆီ ထောပတ် စသည်တို့နှင့် ထိမိ၊ လိမ်းမိခဲ့လျှင် ပို၍ အဆိပ်ပျံ့မြန်ပြီး တစ်ခါ ချင်းပင် ဒဏ်ရာမှ ရောင်ကိုင်းကွဲအက် လာသည်ဖြစ်၍ အထူး သတိပြုကြပါသည်။

(ခ) ကင်းဆိပ်ထဲတွင် အပြင်းထန်ဆုံး ကင်းခြေများ ကိုက်ခဲ့၍ အဆိပ် တက်ခဲ့သော် ကင်းဆိပ်သည် အပူဓာတ်ပြင်း၍ ကင်းကိုက်သော ဒဏ်ရာကို လက်ဖြင့် စမ်းကြည့်လျှင် မူရှိန်နေသည်ကို တွေ့ရပါမည်။

ပြီးလျှင် ကိုက်သည့်နေရာသည် ထုံ၍လာပြီး နာကျင် ကိုက်ခဲ၍ မီးစနှင့် ထိုးထားသလို ပူနေတတ်သည်။

**မှတ်ချက်။ ။ ကင်းခြေများ ကိုက်... လျှင် ဒဏ်ရာ... သည် ကင်းခြေများ အကောင်**



www.burmeseclassic.com

www.burmeseclassic.com

**အကြီးအသေးကို ကိုက်ခဲ့သည့် အစွယ်ရာ(၂)ပေါက်၏ အကွာအဝေးကို ကြည့်ပြီး မှန်းဆနိုင်ပါသည်။**

ကင်းမြီးကောက် ထိုးလျှင်တော့ အစွယ်ရာ(၁)ပေါက်သာ တွေ့ရမည် ဖြစ်သည်။

ကင်းခြေများ၏ အဆိပ်ကို တန်ပြန်၍ ကုသသည့်နည်းမှာ ကင်းခြေများ အသေကောင်ကိုရလျှင် အခြောက်လှန်းထားပြီး အမှုန့်ပြု၍ ဖန်ပုလင်းထဲတွင် ထည့်၍ လေလုံစွာ သိမ်းထားပါ။

ကင်းခြေများ ကိုက်မိခဲ့လျှင် ယင်းကင်းခြောက်မှုန့်ကို ရှုပေးပါက ကိုက်သော ဒဏ်ရာမှ သွေးများစိမ့်၍ ထွက်လာလိမ့်မည်။ ရသမျှ ညှစ်ထုတ်ပေးပါ။

ပြီးလျှင် ရေကန်စွန်းရွက် သတ္တုရည်ရေထဲတွင် ပေါက်နေသည့် ကန်စွန်းရွက်ကိုယူပါ။]ဖြင့် ဒဏ်ရာကို သေချာစွာ ဆေးကြောပြီး ယင်း ရေကန်စွန်းရွက် ကြိတ်ဖတ်ဖြင့် ဒဏ်ရာကို အုံ့ထားပေးလျှင် တစ်ခဏချင်း ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။ ။ မြွေ၊ ကင်း စသည်တို့ ကိုက်သောအခါ ကိုက်သော ဒဏ်ရာနေရာမှ သွေးများကို စိမ့်ထွက်လာရန် အလွန် အရေးကြီးပါသည်။[အဆိပ်သည် အထက်သို့ သိပ်မတက်ဘဲ အောက်ဘက်သို့ ဆက်ဆင်းလာသည့်သဘော ဖြစ်ပါသည်။]**

အကယ်၍ သွေးမဆင်းဘဲ အစွယ်ရာလောက်သာ မြင်တွေ့နေရပါလျှင် အဆိပ်သည် အထက်သို့ တက်နေသည့် သဘောဖြစ်ပြီး ကုသရ အလွန် ခက်ပါသည်။

(ဂ) ရှောင်ချိုး (သို့မဟုတ်) တောဖော ဒကချိုးတို့ကို သံပရာရည်ဖြင့် စိမ်ထားသည့် ဆေးရည်ဖြင့် ကိုက်သောဒဏ်ရာ အထက်မှ ဖြူဆုံးကို "စုတ်" လုပ်၍ အထက်မှ အောက်သို့ စုတ်ဆေး ပေါက်ပေးပြီး ကွမ်းရွက် (၁,၂)ရွက်ကို မီးကင်၍ သံပရာစိမ်ဆေးရည်ကို ကွမ်းရွက် အချောဖတ်တွင် သုတ်လိမ်းကာ ဒဏ်ရာတစ်ဝိုက်ကို ကွမ်းရွက်အုပ်၍ ကပ်ထားပေးပါ။

ကွမ်းရွက် မကြာမီ ခြောက်သွေ့သွားမည်။ ကွမ်းရွက်ခြောက်လျှင် တစ်ဖန် အသစ်ပြန်ကပ်ထားပေးပါ။ မကြာမီ အဆိပ်ပြေလာမည်။

(ဃ) **ကင်းဆိပ်အားလုံးကို နိုင်သည့် ဆေးများမှာ...**

၁။ **ဥပသကာမြစ်**ကို သွေး၍ လိမ်းပေးပြီး ဝမ်းတွင်းသို့လည်း (၃,၄)ကြိမ်ခန့် ဟင်းစားဇွန်း(၁)ဇွန်းခန့် သွေး၍ တိုက်ပါ။

၂။ **ကင်းဂမုန်း**ကို ထိုထောင်း၍ ကိုက်သည့် ဒဏ်ရာတွင် အုံ့ထားပေးပါ။ သတ္တုရည်ကိုလည်း ဒဏ်ရာ အထက်မှ လိမ်းပေးပါ။

၃။ **မဟာကာကြံဆစ်ရွက်** ကိုလည်း ထုထောင်း၍ ဒဏ်ရာတွင် အုံ့ပေးထားပါ။ ယင်းအရွက် (၃,၄)ရွက်ကို (၂,၃)ကြိမ်ခန့် ဝါးစားပေးပါ။

၄။ **ကာသစ်မြစ်၊ ကစော့မြစ်၊ ကြောင်ပန်းမြစ်** ရရာတစ်ခုခုကို သွေးလိမ်းပေးပါက ကင်းဆိပ်ဟူသမျှ နိုင်ပါသည်။

၅။ ကိုက်သည့် အစွယ်ရာပေါ်တွင် **မန်ကျည်းစေ့**ကို အဖြူသားပေါ်အောင်သွေးပြီး ယင်းအဖြူသားနှင့် ကပ်ထားပါ။ *(အထက်တွင် ဖော်ပြပြီးသား ဖြစ်ပါသည်။)*

၆။ **ပင့်ကူဂမုန်းဥ**ကိုလည်း သွေး၍ လိမ်းပေးနိုင်သည်။

၇။ ကင်းခြေများ ကိုက်သည့်ဒဏ်ရာပေါ်သို့ ဖားပြုတ်တစ်ကောင်ကို ဖမ်းယူပြီး ယင်းဒဏ်ရာပေါ်သို့ တင်ပေးထားလျှင် နာရီဝက်အတွင်း ကင်းဆိပ်များ ဒဏ်ရာမှ သွေးနှင့်အတူ စိမ့်ထွက်လာပြီး သက်သာလာမည်။

ဖားပြုတ်သည် ကင်းခြေများကို နိုင်သည့်သတ္တိ ရှိပါသည်။

၈။ ကင်းခြေများ အကိုက်ခံရလျှင် ကိုက်သည့်ဒဏ်ရာတွင် **သဘော်သီးအစေ့နှင့် လူနို့ရည် ဆတူရောစပ်၍ သုတ်လိမ်းပေးပါက** မိနစ်ပိုင်းအတွင်း အဆိပ်ပြေသွားမည်။

ကိုက်လျှင်ကိုက်ခြင်း လိမ်းပေးပါက မည်သည့်ဝေဒနာမှ မခံစားရဘဲ သက်သာသွားမည် ဖြစ်သည်။

အကယ်၍ လူနို့ရည် အလွယ်တကူ မရလျှင်လည်း သဘော်သီး အစိမ်းကို ထိပ်ဘက်အညှာပိုင်းမှ ဖြတ်ပြီး ယင်းသဘော်သီး ထိပ်ဖြတ်စနှင့် ကင်းခြေများ၊ ကင်းမြီးကောက် ကိုက်သည့် ဒဏ်ရာကို ကပ်ပေးပါက အဆိပ်ပြေစေပါသည်။


၉။ ကင်းဖြူလေး ကိုက်မိလျှင် ထုံးတို့ပေးခြင်း၊ မန်ကျည်းစေ့ ကပ်ပေးခြင်းနှင့်ပင် ကိစ္စပြီးပါသည်။ သိပ်ပြဿနာ မရှိလှပါ။

**ရှေ့လတွင် ပင့်ကူအဆိပ်ဖြေနည်းနှင့် အခြားဖားမအဆိပ် အုပ်စုဝင် ဖီဝမျိုးစိတ်များ၏ အဆိပ်ဖြေနည်းများအကြောင်းကို ဆက်လက် တင်ပြပေးပါမည်။**

***သတ္တဝါတွေ အဆိပ်ဘေးမှ ကင်းဝေးကြပါစေ။***

**ဦးမင်းဇင်(ရွှေနဝင်း)**

www.burmeseclassic.com



၂၀၁၄ ခုနှစ်
ဧပြီလအတွက်

# ငွေကြေး လာဘ်လာဘ

ရှင်လန်းစေဖို့

ဧပြီလ အတာသင်္ကြန်ကာလတွင် အေးချမ်းပျော်ရွှင်စွာ လှူနိုင်တန်းနိုင်စေရန် ငွေကြေးလာဘ်လာဘများ အနှောင့်အယှက် အဟန့်အတား ကင်းရှင်းစွာ ဝင်ရောက်စေရေးအတွက် မိမိတို့ မွေးနှစ်အရ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်။

* * *

| မွေးနှစ် | ခုရေ | အရပ်မျက်နှာ | ကူညီမည့်ပုဂ္ဂိုလ် | လှူရန်နေ့ |
|---|---|---|---|---|
| ကြွက် | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| နွား၊ ကျား | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ယုန် | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| နဂါး၊ မြွေ | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| မြင်း | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| ဆိတ်၊ မျောက် | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| ကြက် | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ခွေး၊ ဝက် | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |

**ဥပမာ။** ။ ခွေးပုံရိပ်နှစ်တွင် မွေးဖွားသူသည် နိမိတ် ပညတ် ကောင်းမွန်သည့် အောင်သပြေ၊ ကံ့ကော်၊ ဩဇာ၊ စံပယ် တစ်မျိုးမျိုး၏ ပန်းပွင့် သို့မဟုတ် အညွန့်အခက်(၄)ခုကို လူအများကိုးကွယ်ပူဇော်သည့် ဘုရားစေတီ တစ်ဆူသို့ ကြာသပတေးနေ့တွင် သွားရောက်ကာ အရှေ့တောင်ထောင့် အင်္ဂါဂြိုဟ်တိုင်အနီးမှ ကပ်လှူလျက် ငွေကြေးလာဘ်လာဘ ရှင်လန်းစေဆာစေကြောင်း ဆုတောင်းရန်ဖြစ်သည်။

စက္ကူ၊ ပလတ်စတစ်တို့ဖြင့် ဖန်တီးပြုလုပ်သော ပန်းအတုကို မသုံးပါနှင့်။ တနင်္ဂနွေသားသမီးတစ်ဦးကို အဖော်ခေါ်သွားခြင်းဖြင့် ပိုမို ထူးခြားနိုင်ပါသည်။

*လာဘ်လာဘ ရှင်လန်းကြပါစေ။*

ထက်မင်းကျော်စွာ


၂၀၁၄-ခုနှစ်
ရှုလိုင်လသည်...
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏
(၂၈)နှစ်ပြည့်
အမှတ်တရ
အထူးထုတ်လ
ဖြစ်ပါသည်။
သို့ဖြစ်ပါ၍...
မည်သူမဆို
ပါဝင်
ရေးသားနိုင်ပါကြောင်း
ဖိတ်ခေါ်အပ်ပါသည်။

*လေးစားစွာဖြင့်...*

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၂၈၄။




www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အောင်စည် တိုင်းရင်းဆေးခန်း

# ဆရာ ဦးကျော်လှိုင်ဦး

(တဆ-၀၇၁၇)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# ဖျဉ်းရောဂါအကြောင်း

တစ်စေ့တစ်စောင်း

မြောင်းမြ မောင်ယဉ်တင့်



◆ ဆရာဦးကျော်လှိုင်ဦး(တဆ-၀၇၁၇)

ဖျဉ်းရောဂါဟာ လူတိုင်း မဖြစ်တတ်ပေမယ့် ကံ,စိတ်,ဥတု,အာဟာရဆိုတဲ့ သမုဋ္ဌာန်(၄)ပါးအနက် ကံသမုဋ္ဌာန်နဲ့ အာဟာရသမုဋ္ဌာန်(၂)ပါး လွန်,ယုတ်,လွဲမှား နေထိုင်စားသောက်မှုများရင် ကလေး,လူကြီး ဖြစ်တတ်တဲ့ရောဂါဖြစ်ပါတယ်။ အဲဒီဖျဉ်းရောဂါအကြောင်းတွေကို ဆွေးနွေးဖို့ တောင်ဥက္ကလာပမြို့နယ်မှာရှိတဲ့ ဆရာဦးကျော်လှိုင်ဦးနဲ့ တွေ့ဆုံခဲ့ပါတယ်။

ဆရာဦးကျော်လှိုင်ဦးဟာ ဆင်ဖြူကျွန်း ကျော်လှိုင်ဦး ကလောင်အမည်နဲ့ ဘာသာရေးဆောင်းပါးတွေ၊ တိုင်းရင်းဆေးဆောင်းပါးတွေကို ဂျာနယ်၊ မဂ္ဂဇင်းများမှာ ရေးသားလျက်ရှိပြီး ဆင်ရှားသော ဆရာတော်ကြီးများရဲ့ အဋ္ဌုပ္ပတ္တိလုံးချင်းစာအုပ်တွေ တည်းဖြတ်ထုတ်ဝေနေတဲ့ စာရေးဆရာတစ်ဦးလဲ ဖြစ်ပါတယ်။

ဆေးကုသက် နှစ်(၄၀)ခန့်ရှိနေပြီဖြစ်တဲ့ ဆရာဦးကျော်လှိုင်ဦးနဲ့ တွေ့ဆုံဆွေးနွေးမေးမြန်းခဲ့သမျှ ပြန်လည်တင်ပြလိုက်ပါတယ်။

❑ **'ဒီတစ်ပတ် ဆရာနဲ့ ဆွေးနွေးမှာကတော့ ဖျဉ်းရောဂါအကြောင်း ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဖျဉ်းရောဂါ ဘယ်နှမျိုး ရှိပါသလဲ ဆရာ'**

❍ 'ဖျဉ်းရောဂါ(၄)မျိုးရှိပါတယ်။ အဲဒါတွေကတော့ သွေးဖျဉ်း၊ ရေဖျဉ်း၊ လေဖျဉ်း၊ သလိပ်ဖျဉ်းတို့ ဖြစ်ပါတယ်။ အဲဒီကတစ်ဆင့် ထပ်မံခွဲခြားရင် (၁၅)မျိုးရှိပါတယ်။ ဒါပေမယ့် အဖြစ်အများဆုံးဟာ ရေဖျဉ်းရောဂါပဲ ဖြစ်ပါတယ်'

❑ **'ဖျဉ်းရောဂါ ဖြစ်စေတဲ့ အကြောင်းများကို ဆက်ပြီး ပြောပြပေးပါဦး'**

❍ 'ဖျဉ်းရောဂါဖြစ်ရခြင်းနဲ့ အကြောင်းရင်းကတော့ ဆီး,လေမာတ် အချုပ်များခြင်းကြောင့် ဖြစ်တာပါ။ ဆီးချုပ်ခြင်းကြောင့် ဆီးသွားရမယ့် အရည်မာတ်များ အောက်ကိုမကျဘဲ ဗိုက်တွင်းမှာ စုပြီး အရည်တွေများလာပြီး ရေဖျဉ်းဖြစ်လာခြင်း ဖြစ်ပါတယ်။

ရှေးဆေးကျမ်းများက ရေဖျဉ်းရောဂါ ဖြစ်ရခြင်းအကြောင်းကို တြိဒေါသနဲ့ ဝမ်းမီးဖောက်ပြန် ဖျက်ဆီးခြင်းကြောင့် ဖြစ်ရတယ်လို့ ဖော်ပြထားပါတယ်'

❑ **'ရေဖျဉ်းဟာ အများဆုံးဖြစ်တတ်ပါတယ်။ ဒါပေမယ့် လေဖျဉ်းနဲ့ သွေးဖျဉ်း ဖြစ်ပေါ်လာပုံကိုလဲ သိပါရစေ'**

❍ 'လေဖျဉ်းဟာအထူးသဖြင့် လေချုပ်ပြီး ဗိုက်တွင်းမှာ လေပြင်လေလုံး ဖြစ်လာပြီး တဖြည်းဖြည်း အလုံးကြီးပြီး ဗိုက်ပူလာတာကို လေဖျဉ်းလို့

www.burmeseclassic.com

ခေါ်တာ ဖြစ်ပါတယ်။

သွေးဖျဉ်းကတော့ ဆီး၊ ဝမ်း၊ လေ ချုပ်ခြင်းကြောင့် ဖြစ်ရတာပါ။ အထူးသဖြင့် လေချုပ်၍ သွေးပါချုပ်ပြီး လေလုံးအစိုင်အခဲ ဖြစ်လာကာ တဖြည်းဖြည်း အလုံးကြီးပြီး ဗိုက်ပူလာတာကို သွေးဖျဉ်းလို့ ခေါ်ခြင်း ဖြစ်ပါတယ်။ သွေးဖျဉ်းဟာ အမျိုးသမီးများမှာသာ ဓမ္မတာသွေးအကြောင်းပြုပြီး ဖြစ်လာတာ ဖြစ်ပါတယ်'

❒ **'ရေဖျဉ်းရောဂါဟာ လူကြီးများသာမက ကလေးများလဲ ဖြစ်တာ တွေ့ရပါတယ် ရှင်းပြပေးပါဦး ဆရာ'**

❍ 'လူသားများရဲ့ နေထိုင်မှု၊ သွားလာစားသောက်မှု မဆင်ခြင်မှုတို့ကြောင့် အသည်း၊ ကျောက်ကပ်တွေမှာ ရောဂါ ရလာရာမှ ကာလတာရှည်လာတဲ့အခါ ရေဖျဉ်းရောဂါအဖြစ် ထပ်ဆင့် ဖြစ်ပွားလာတဲ့ ရောဂါဖြစ်ပါတယ်။

အကြောင်း အမျိုးမျိုးကြောင့် ကျောက်ကပ်ရောင်ခြင်းမှ ရေဖျဉ်းသဏ္ဌာန်ဖြစ်လာရခြင်း ဖြစ်ပါတယ်။ အဲဒီရောဂါဟာ လူကြီးများထက် ကလေးများတွင် အဖြစ်များတတ်ပါတယ်။

လူကြီးများကတော့ အသားဝါရောဂါနဲ့ ဝမ်းကိုက်ရောဂါတွေ ဖြစ်စဉ်အခါက ဆေးဝါးမှန်မှန်မစား၊ ဆရာနဲ့ ကြပ်ကြပ်မတ်မတ် ကုသမှု မခံယူခဲ့ခြင်းကြောင့် နာတာရှည်ရောဂါများအဖြစ်သို့ ကူးပြောင်းလာခြင်းဖြင့် လည်းကောင်း၊ အရက်ကို စွဲစွဲမြဲမြဲ သောက်ခြင်းဖြင့် လည်းကောင်း အသည်းကြွပ်လာရာမှ ရေဖျဉ်းရောဂါအဖြစ် ပြောင်းလဲ ဖြစ်သွားရခြင်း ဖြစ်ပါတယ်။

အသည်းက အဆိပ်ဖြေပေးခြင်း၊ သွေးထုတ်လုပ်ခြင်းနဲ့ သွေးခဲစေခြင်း၊ အစာခြေပေးရန် သည်းခြေရည်များ ထုတ်ပေးခြင်းဖြင့် ခန္ဓာကိုယ်အတွင်းမှ လုပ်ငန်းအများဆုံး လုပ်ရတဲ့ အင်္ဂါအစိတ်အပိုင်းတစ်ခုအဖြစ် တာဝန်ယူလျက် ရှိပါတယ်။

အသည်းကြွပ်ပြီး ရေဖျဉ်းဖြစ်လာတဲ့အခါ အသည်းဟာ မိမိရဲ့ပုံမှန်လုပ်ငန်းများကို လုပ်ဆောင်ရန် အားနည်းလာတဲ့အတွက် ရေဖျဉ်းရောဂါ၌ သွေးအားနည်းခြင်း၊ အစားအသောက်ပျက်ခြင်း ဖြစ်တတ်တဲ့အပြင် ဆီးချုပ်ခြင်းနဲ့ ဝမ်းချုပ်ခြင်းတို့လဲ ယှဉ်တွဲ ဖြစ်ပေါ်လာတတ်ပါတယ်'

❒ **'ရေဖျဉ်းရောဂါ လက္ခဏာများကိုလဲ ဆက်ပြီး ပြောပြပေးပါဦး'**

❍ 'ရေဖျဉ်းရောဂါ လက္ခဏာတွေကတော့...

(၁) ဆီးဖြူခြင်း၊ နည်းခြင်း၊
(၂) လေချုပ်ခြင်း၊
(၃) ဓာတ်ချုပ်ခြင်း၊
(၄) အစားအနည်းငယ်ပျက်ခြင်း၊
(၅) အိပ်ပျော်ခြင်း၊
(၆) ရင်လေးခြင်း၊ ကျပ်ခြင်း၊
(၇) ချွေးမထွက်ခြင်း၊
(၈) ရေသောက်နည်းခြင်း

စတဲ့ လက္ခဏာတွေဟာ ရေဖျဉ်းရောဂါရဲ့ လက္ခဏာတွေ ဖြစ်ပါတယ်။ အထက်ပါ လက္ခဏာများဟာ အကြောင်းသီတတေဇောနဲ့ ပထဝီ၊ အာပေါလွန် လက္ခဏာများ ဖြစ်ပါတယ်'

❒ **'ရေဖျဉ်းရောဂါရဲ့ ကုထုံးကိုလဲ ဆက်ပြီး ပြောပြပေးပါဦး'**

❍ 'ရေဖျဉ်းရောဂါ ပျောက်ကင်းစေဖို့ အတွက်...

(၁) ဆီးများများသွားရန်၊
(၂) လေများများသက်ရန်၊
(၃) ဝမ်းများများသွားရန်၊
(၄) ချွေးထွက်ရန်

စတဲ့ အချက်များကို ချိန်ဆပြီး ဆေးတိုက်ကျွေးရင် သက်သာပျောက်ကင်းနိုင်ပါတယ်။

ဆီးများများသွားဖို့အတွက် ဆေးအမှတ်(၂၁) ဆီးဆေးဖြူကို တိုက်နိုင်ပါတယ်။ ဆီး၊ ဝမ်း၊ လေ သက်ဖို့အတွက် သက်ရင်းကြီးမြစ်၊ ဘင်္ဂလီဆားခါး ထန်းလျက်တို့ကို ချက်ပြီး တိုက်ရင် ဆီး၊ဝမ်း၊လေ သက်စေပါတယ်။ ဒါမှမဟုတ် ဆေးအမှတ်(၂၆) အပုပ်ချဆေးနဲ့ ဆေးအမှတ်(၃၃) လေပုပ်ထုတ်ဆေးတို့ ဆတူရောစပ်ပြီး တိုက်ကျွေးနိုင်ပါတယ်။

တစ်ခါတစ်ရံ မီးယပ်လေနိုင်ဆေးကို တစ်နေ့(၂)ကြိမ် တိုက်သင့်က တိုက်ပေးရပါမယ်။ လိမ်းဆေးအနေနဲ့ ယူကလစ်ဆီ၊ အရက်ပျံ၊ သံပရာရည်၊ နှမ်းဆီတို့ကို ဆတူ ရောစပ်ပြီး ဖန်ပုလင်းထဲထည့် သမအောင် ထည့်ခေါက်ပြီး ဖောတဲ့နေရာကို လိမ်းပေးရပါမယ်။ ချွေးထွက်စေရန် ချွေးထုတ်ပေးခြင်းများ ပြုလုပ်ပေးရပါမယ်။


ဓာတ်စာအနေနဲ့ ဆိတ်သား၊ ကြက်သားကို စဉ်းကောပြုလုပ်ပြီး ငရုတ်သီးစပ်စပ်၊ မဆလာနိုင်နိုင်နဲ့ ကြော်ကျွေးရပါမယ်။ ငါးဟင်းချက်ရင် ငရုတ်သီးစပ်စပ် ထည့်ချက်ပါ။ ရှောက်သီးသုပ်ရင် ပုစွန်ခြောက်များများ ငရုတ်သီးစပ်စပ်နဲ့ သုပ်ကျွေးရပါမယ်။ မြင်းခွာရွက်ကို ငရုတ်သီးစပ်စပ်နဲ့ သုပ်ကျွေးရပါမယ်။ ဒန့်သလွန်ရွက်ဟင်းခါးကို ငရုတ်ကောင်းနဲ့ ချက်တိုက်ရပါမယ်။ ကြာဟင်းရွက်ကြော်ချက် ချက်စားရပါမယ်။

အဲဒီလို ဆေးနဲ့ ဓာတ်စာပေးရင် ဆီးများများသွားကာ ဝမ်းမှန် လေသက်၊ ချွေးထွက်ခြင်းကြောင့် အကျဉ်းမိနေသော ရေဖျဉ်းရောဂါ သက်သာပျောက်ကင်းစေမှာ ဖြစ်ပါတယ်။


စာမျက်နှာ (၁၈၇) သို့
www.burmeseclassic.com

www.burmeseclassic.com

# သင်္ဘောကို ရုက္ခမှုဆား



၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ပြည့်ဖြိုးဝေ(လှိုင်ကော်)ရဲ့ "ရုက္ခမှုဆားဖြင့် ကင်ဆာရောဂါ ပျောက်ကင်းသူ" ဆောင်းပါးကို မိတ်ဆွေတစ်ဦးက ပြောပြလို့ ကျွန်တော် စာအုပ်ငှားပြီး ဖတ်ကြည့်ပါတယ်။ သဘောကျလို့ ဆောင်းပါးအစအဆုံး ကူးထားပြီး ဆားချက်ဖို့ စီစဉ်ပါတယ်။

ဆောင်းပါးထဲမှာ အပင် အသက်ကြီးမှ အာနိသင် ပိုရှိတယ်ဆိုတော့ လမ်းသွားရင်းနဲ့ အပင်မှာ ထွားဆိုင်သာသာရှိပြီး အပွင့်တွေ ဝေဝေဆာဆာနဲ့ တွေ့တော့ ကျွန်တော် တူးယူပြီး(၃)ပိုင်း ပိုင်းပြီး အိမ်ကို ယူခဲ့ရပါတယ်။

**ပြာချုံကတော့ သင်္ဘောခြောက်တွေကို (၁၀)လက်မ လုံးထဲထည့် အပေါ်က အိုးစွက်ပိတ်ပြီး မီးမှုတ်တော့ ပြာရပါတယ်။ အကြိမ်ကြိမ် မီးမှုတ်မှ သင်္ဘောခြောက်ကုန်တယ်။**

ပြာ နို့ဆီဘူး(၆)လုံးလောက် ရတယ်။ ဆားချက်တော့ ကြွေဇလုံဖြင့်ချက်တယ်။ ဒါလဲ အကြိမ်ကြိမ် ချက်ရတာပါပဲ။ ပရိုဗီမင်အားဆေး တစ်ပုလင်းလောက် ဆားရတယ်။

ပျားရည်နဲ့ ဆားကို ပုလင်းအဝ ကျယ်ကျယ်နဲ့ စပ်ပါတယ်။ **ပျားရည်တစ်ပုလင်းကို ရွှေးမျက်နှာမည်း တစ်ဝက်ခန့်သာ ထည့်ရပါမည်။** ပုလင်းထဲ နှံနှစ်ပြီး ပြန်မ,လိုက်တော့ ပျားရည် ကြွက်မြီးတန်းကျတယ်။ နောက် အစက်ကျတော့ (၁၀)စက်ကို သောက်မယ့် ခွက်ဖြင့်ခံ၊ ရေကျက်အေး ရောပြီးသောက်။ တစ်နေ့ တစ်ကြိမ် တစ်ခါသောက်၊ တစ်ကြိမ် (၁၀)စက်သာ ဖြစ်ပါတယ်။

ကျွန်တော်သောက်တာ (၆)လ လောက်ရှိပါပြီ။ နေ့စဉ်တော့ မဟုတ်ပါ။ ကျွန်တော် အသက်(၈၀) ပြည့်ပြီးပါပြီ။ ကျန်းမာသန်စွမ်းပါတယ်။ ဆေးအစွမ်းကိုတော့ မူလ ပြည့်ဖြိုးဝေရဲ့ ဆောင်းပါးကို ဖတ်ကြည့်ပါ။

**ဆရာတော်အား ဦးညွှတ်၍ ပြည့်ဖြိုးဝေအား အထူး ကျေးဇူးတင်ပါသည်။**

**မင်းရှိန်**
***(ထိန်တော၊ မိုးညို)***

---

စာမျက်နှာ (၁၈၆)မှ အဆက်

အလျှဉ်းသင့်လို့ ရေဖျဉ်းရောဂါ သက်သာပျောက်ကင်းစေတဲ့ ကျေးလက်ရိုးရာနည်းတစ်ခု ပြောပြချင်ပါတယ်။ အဲဒါကတော့ ရေဖျဉ်းဖြစ်နေသူရဲ့ ဗိုက်မှာ ပိန်းရွက်ကြီးကြီးတစ်ရွက် ရိုးတံဖြတ်ပြီး အချောဘက်မှ ညအိပ်ရာဝင်ချိန်မှာ ပတ်တီးနဲ့ စည်းပြီးအိပ်ရင် မနက်အိပ်ရာထမှာ ဗိုက်ဟာ သိသိသာသာ ပိန်သွားတာ တွေ့ရပါတယ်။ အဲဒီလို (၃,၄)ကြိမ်စည်းပြီး အိပ်ရင် ရေဖျဉ်းရောဂါ သက်သာပျောက်ကင်းကြောင်း သိရပါတယ်။

အဲဒီနည်းဟာ ဆေးရုံ,ဆေးခန်းနဲ့ အလှမ်းဝေးနေတဲ့ ရေဖျဉ်းရောဂါရှင်များအတွက် တင်ပြပေးတာပါ။

အထက်မှာ ပြောခဲ့တာတွေကတော့ ကျွန်တော့်ရဲ့ ဆေးကုသက် နှစ်(၄၀) အတွေ့အကြုံနဲ့ သဘာဝဓမ္မ ဆရာသန်း စီစဉ်ရေးသားသော ပြည်သူ့ကျန်းမာရေး လက်တွေ့ကုထုံးကျမ်းက ဖျဉ်းရောဂါကုထုံးကျမ်းကို ပေါင်းစပ်ပြီး ပြောခဲ့တာ ဖြစ်ပါတယ်'

□ 'အခုလို ဖျဉ်းရောဂါအကြောင်း ပြည့်ပြည့်စုံစုံ ဆွေးဆွေး ပြောကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာ'

○ 'ဆရာဦးကျော်လှိုင်ဦးနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...

**ဆရာ ဦးကျော်လှိုင်ဦး(ဒ.ဘ.ဗ)**
**အောင်စည်တိုင်းရင်းဆေးခန်း**
အမှတ်(၁၇၈/က)၊ (၄)လမ်း။
(၁၅)ရပ်ကွက်၊ မြင်သာဈေးအနီး
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၁–၅၆၉၄၀၁

**မြောင်းမြ မောင်ယဉ်အောင်**



www.burmeseclassic.com

www.burmeseclassic.com


စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

သရောကြီးဦးအောင်မြိုင်
(ဉပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။

* * *



ယခုလအတွက် **နံပါတ်(၁)** နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်က ရောဝတီတိုင်းဒေသကြီးဇာတိ **အသက်လေးဆယ်ကျော်အမျိုးသမီးတစ်ဦး** ဖြစ်ပါတယ်။ **"အေးချိုချို"**ဆိုတဲ့ နာမည်ကို မြန်မာအက္ခရာစာလုံးတွေနဲ့ လက်မှတ်ရေးထိုးထားတာပါ။

'လင်ကလဲ အားမကိုးရ၊ စီးပွားရေးလဲကိုယ်ပဲ၊ သားသမီးတာဝန်လဲ ကိုယ်ပဲ၊ လူရောစိတ်ပါ ပင်ပန်းခံရတယ်။ ငွေဝင်ကောင်းပေမယ့်လဲ ငွေထွက်များပြီး ငွေ မမြဲပြန်ဘူး။ ငွေမစုမိဘဲ အလုပ်တွေ၊ တာဝန်တွေ၊ စိတ်ညစ်စရာတွေပဲ စုမိနေတယ်'

ထိုအမျိုးသမီးက ညည်းညူခြင်း ဖြစ်ပါတယ်။ ထိုးမြဲလက်မှတ်ရဲ့အပေါ်မှာ လုံးတင်ကြီးကြီးက တာဝန်ပိ အလုပ်ပိ ဖြစ်စေတယ်။

လက်မှတ်အောက်မှာ မျဉ်းတစ်ကြောင်း ထိုးဆင်းတာက ( ⟋ )ငွေထွက်များခြင်း၊ ငွေမမြဲခြင်းကို ဖြစ်စေတယ်။

သူမရဲ့ **မွေးသက္ကရာဇ်က ၁၃၃၂ ခုနှစ်၊ တန်ဆောင်မုန်းလ၊ တနင်္ဂနွေနေ့ဖြစ်တယ်။** မူလ မဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင်စဉ်ချရင် အောက်ပါအတိုင်း တွေ့ရပါမယ်။



* * *

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

(မူလမဟာဘုတ်ခွင်)

| | |
|---|---|
| ၁ | |
| ၀ | ၆ |
| ၅ | ၄ |
| ၃ | ၂ |

(နာမက္ခရတိုင်)

တနင်္ဂနွေ အထွန်းဖွားဖြစ်သူကို **တနင်္ဂနွေ+တနင်္လာ** မွေးနံပေါ် အညွှန်းအုပ် နာမည်ပေးနည်းမှန်ပေမယ့် မူလမဟာဘုတ်မှာ **အထွန်း + ဘင်္ဂ= အောင်မြင်+ပျက်ပြား** ဖြစ်လို့ နာမည်ညံ့တယ်။

နာမက္ခရတိုင်စဉ် မှားတယ်။

ဒီနာမည်မျိုးမှာ နောက်ဆုံးစာလုံးနှစ်လုံးက "ချိုချို"ဆိုတဲ့ တနင်္လာနံ(ဘင်္ဂ အပျက်)ဆိုတော့ ငွေမမြဲခြင်း၊ စိတ်ညစ်စရာများခြင်း ဖြစ်တာ မဆန်းဘူး။ ခေါင်းကိုက်ရောဂါနဲ့ ကျောက်ကပ်ရောဂါလဲ ဒုက္ခပေးမယ်။

အထွန်းဌာနက အက္ခရာစာလုံးဖြစ်တဲ့ "အေး"တစ်လုံးတည်းကို လက်မှတ် ရွေးထိုးသင့်တယ်။



* * *

လက်မှတ်အောက်က မျဉ်းမသား... ဘူး။ ငွေအိတ်သင်္ကေတ တည့်တည့်... လှလှ ဆွဲရမယ်။ လက်မှတ်ရဲ့အညွှန်း... နေရာမှာ ပွင့်ဖတ်(၆)ခုပါတဲ့ ပန်းပွင့်... သင်္ကေတ ထည့်သင့်တယ်။ ဒါမှ ငွေဝင်... ခိုင်မြဲ၊ စိတ်ချမ်းသာပို ဖြစ်လာမယ်။

၂။

* * *



ယခုလအတွက် **နံပါတ်(၂)** နေရာ... မှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲ လက်မှတ်...



www.burmeseclassic.com

www.burmeseclassic.com

ပိုင်ရှင်က **တောင်ကြီးဇာတိ အသက် ငါးဆယ်ကျော် အမျိုးသားတစ်ဦး** ဖြစ်ပါတယ်။

**"စန်းမောင်"**ဆိုတဲ့ နာမည်နှစ်လုံးတွဲကို မြန်မာအက္ခရာစာလုံးနဲ့ လက်မှတ်တွဲထိုးထားခြင်းဖြစ်တယ်။

'ငယ်ငယ်တုန်းက အချစ်ရေးတွေမှာ စန်းပွင့်တယ်။ ချစ်သူများခဲ့တယ်။ အသက်ကြီးတော့ အိမ်ထောင်ရေးမှာလဲ စန်းပွင့်ပြန်တယ်။ အိမ်ထောင်မိန်းမများခဲ့တယ်။ မပြဘူး။ တည်ငြိမ်တဲ့ ဘဝတစ်ခုကို လိုချင်မိတယ်'


ထိုးမြဲလက်မှတ်ပိုင်ရှင် အမျိုးသားရဲ့ နှုတ်ခံစကားဖြစ်ပါတယ်။ မြန်မာလို **မွေးသက္ကရာဇ် ၁၃၂၀ ပြည့်နှစ်၊ ဝါခေါင်လ၊ ဗုဒ္ဓဟူးသားး**ဖြစ်လို့ မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင်စဥ်ချ ကြည့်ရင် အောက်ပါအတိုင်း တွေ့ရတယ်။

* * *

လက်မှတ်ကလဲ အောက်ခြေမှာ မျဥ်းပြိုင် အရှည်တစ်ခု၊ အတိုတစ်ခု (၂၊) ဘယ်ဘက်ကိုလဲ ခပ်စောင်း စောင်း ဖြစ်နေတော့ လက်မှတ်သကော်တလဲ ညွှံနေတယ်။


ဒီနာမည်မျိုးမှာ လက်မှတ်ရွေးထိုးရင် အထွန်းဌာနက "စန်း"ကိုသာ ရွေးချယ်ရပါမယ်။

* * *



(မြန်မာလို) (အင်္ဂလိပ်လို)

လက်မှတ်အောက်က မျဥ်းမသားရဘူး။ လက်မှတ်အောက်ခြေကို **ပစ်တိုင်းထောင်ပုံ၊ တြိဂံပုံနဲ့ ခပ်ဆင်ဆင် တည့်တည့်ကြီးကြီး ဆွဲသင့်**




(မူလမဟာဘုတ်ခွင်) (နာမက္ခရတိုင်)


ဗုဒ္ဓဟူး(ဘင်္ဂ) အပျက်ဌာနဖွားကို အဝိ+ **ကြာသပတေး**နံညှပ် နာမည်ပေးနည်းနဲ့ နာမည်ပေးထားတာ မမှားပါဘူး။ ဒါပေမယ့် **အထွန်း+ ပုတိ နာမည် = ဣန္ဒ + အနိဋ္ဌ** နာမည်အက္ခရာတိုင်စဥ်များဖြစ်လို့ နာမည်ညှံ့ပါတယ်။

ပုတိဌာနမှာရှိတဲ့ **ကြာသပတေးက** နာမည်နောက်ဆုံးစာလုံးမှာ ဖြစ်လို့ နံမတွေနဲ့ ရှုပ်ရှုပ်ထွေးထွေး နာမည်မှည့်စရာတွေ ကြုံတတ်တဲ့သူကို


**တယ်။** အောက်ခြေပြားနေတာ ပိုကောင်းတယ်။ ဒါမှ တည်တည်ငြိမ်ငြိမ် နိမိတ်ဖြစ်ပါတယ်။

၃။

* * *



ယခုလအတွက် နံပါတ်(၃) နေရာမှာ ဖော်ပြပေးလိုက်တာကတော့



**အသက်သုံးဆယ်ဝန်းကျင် အမျိုးသမီးတစ်ဦးရဲ့ ထိုးမြဲလက်မှတ်ပုံစံ** ဖြစ်ပါတယ်။

တောင်ငူဒေသဇာတိဖြစ်ပြီး **"မို့မို့နိုင်"**ဆိုတဲ့ နာမည်ကို **"မို့မို့"** နှစ်လုံးတွဲ လက်မှတ်ထိုးထားခြင်း ဖြစ်ပါတယ်။

'ဘယ်ကိစ္စဖြစ်ဖြစ် အယူဉ်အပြိုင်တွေ များတယ်။ အတားအဆီးတွေ များတယ်။ အထူးသဖြင့် အချစ်ရေး၊ စေ့စပ်လက်ထပ်ရေးကိစ္စတွေ ကံမကောင်းဘူး။ အိမ်ထောင်ရှိတဲ့ လူအိုတွေ၊ မိန်းမရှုပ်တတ်တဲ့ အမျိုးသားတွေနဲ့ပဲ ကြုံနေရတယ်'

သူမရဲ့ ပြောစကားကို ကြားရတာ အထူးအဆန်း မဖြစ်ပါဘူး။ ထိုးမြဲလက်မှတ်ပုံသဏ္ဌာန်က ဘယ်ဘက်ကို စောင်းနေတယ်။ အပေါ်ဘက်မှာ လဲ အပြိုင်သကော်တ၊ အောက်ဘက်မှာလဲ အပြိုင်သကော်တရှိတယ်။

ပြီးတော့ **"ဖို+မ"**ဒွိအက္ခရာဖြစ်တဲ့ **"မ"အက္ခရာစာလုံး"မို့မို့"** နှစ်လုံးတွဲကို သံပြတ်အက္ခရာနဲ့ နာမည်အပေးမှားခြင်းဆိုတာတွေက အသားဖြူတဲ့ သူမအတွက် အချစ်ရေး၊ အိမ်ထောင်ရေး ကံမကောင်းဖြစ်မယ့် နိမိတ်ပါပဲ။

**၁၃၄၇ခုနှစ်၊ ဝါဆိုလ၊ ကြာသပတေးနေ့**ဆိုတဲ့ သူမရဲ့ မွေးသက္ကရာဇ်ကို မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင်စဥ် ချကြည့်ရင် အောက်ပါအတိုင်း တွေ့ရမယ်။

* * *

www.burmeseclassic.com

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၀ | |
| ၂ ← | * ၅ | ၁ |
| ၆ | ၃ | ၄ |

| | |
|---|---|
| ၂ | |
| ၁ | ၇ |
| ၆ | ၅ |
| ၄ | ၃ |

ကြာသပတေး သိုက်ဖွားဖြစ်သူကို **ကြာသပတေး+ တနင်္လာ= သိုက်+ အထွန်း= ဣန္ဒ + ဣန္ဒ** နာမည်ပေးကောင်းပါတယ်။ နာမက္ခရတိုင်စဥ်လဲ မှန်တယ်။

ဒါပေမယ့် အသားဖြူသူကို "မ" **အက္ခရာနဲ့ နာမည် စတင် မပေးသင့်ဘူး။** ကြာသပတေး(သောမ)အက္ခရာကို သံရှည်နဲ့ နာမည်ပေးရမယ့်အစား သံတိုသံပြတ်နဲ့ နာမည် မပေးသင့်ဘူး။

ဒီနာမည်မျိုးမှာ **အထွန်းဌာနရှိ တနင်္လာနံ "ခိုင်"** ဆိုတဲ့ စာလုံးကို လက်မှတ် ရွေးထိုးသင့်ပါတယ်။



* * *

လက်မှတ်အောက်က မျဉ်းမသား... ပါ။ ငွေအိတ်သင်္ကေတ ကြီးကြီးလု... ဆွဲပါ။ လက်မှတ်ရဲ့ အညွန့်နေရာ... ပွင့်ဖတ်(၅)ခုပါတဲ့ ပန်းပွင့်ပုံထည့်...

အချစ်ရေး၊ စီးပွားရေး... ကိစ္စတွေ ကံကောင်းလာပါလိမ့်မယ်...

*ဤမျှနှင့်သာ ကျေနပ်နိုင်ကြပါစေ...*

*အောင်မြင်ကျော်ကြား ချမ်းသာ... ကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေသွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

# အစာအိမ်လေနာ

ပျောက်လိုလျှင်

အစာအိမ်လေနာ ဖြစ်နေသူတစ်ဦးကို အကြောင်းပြု၍ **ငယ်ဆရာဖြစ်သော အငြိမ်းစား ကျောင်းဆရာ ဦးမောင်မောင်ကြီး** ဆေးနည်းပေးနေသည်ကို ကြုံခဲ့ရပါသည်။

အစာအိမ်လေနာ ရောဂါရှင်များ အကျိုးအတွက် ရေးသားတင်ပြရန် တောင်းသောအခါ စာရေးသူအား ဆရာ ဦးမောင်မောင်ကြီးက ခွင့်ပြုခဲ့ပါသည်။

ဆေးနည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ကင်ပွန်းရွက်ကြမ်း(အရိုးနုပါ) (၁)ပိဿာကို ခြွေ၍ ရေ(၃)ပိဿာ ထည့်ထားသော မြေအိုးထဲထည့်ကာ သုံးခွက်တစ်ခွက်တင်အောင် ကျိုပါ။

၂။ ကျိုပြီး ရလာသော အရည်ကို ပိတ်စိမ်းပါးနှင့် စစ်၍ ပြည်ဝင်အိုးထဲ ထည့်ပါ။

၃။ ထန်းလျက် (အညို မှုန့်လုပ်ထန်းလျက်သန့်သန့်) (၆၀)ကျပ်သားကို ခြေ၍ ထိုပြည်ဝင်အိုးထဲ ထည့်ပါ။

၄။ စမုန်မျိုးငါးပါး တစ်ပါး (၅)မတ်သားစီ ထပ်ထည့်ပါ။

၅။ ရှောက်သီးတစ်လုံး အခွံနွာ၍ ညှစ်ထည့်ပါ။

၆။ သံပရာသီး (၄)လုံး အခွံနွာ၍ ညှစ်ထည့်ပါ။



၇။ ဖီးခြမ်း ငှက်ပျောသီး ပျော့ပျော့တစ်လုံးကို ခြေမွှ၍ ထည့်ပါ။

အားလုံးပြီးလျှင် ထိုပြည်ဝင်အိုးကို ပိတ်သန့်သန့်ဖြင့် အုပ်ပြီး ကြိုးဖြင့် ချည်နှောင်ပိတ်ပါ။ ယင်းအပေါ်မှ အိုးစလောင်းဖုံး ထပ်၍ အုပ်ပါ။

ရွှေ့လျားဖိတ်စဉ်ခြင်း မရှိအောင် ပြုလုပ်ပြီးနောက် ထိုအိုးကို စပါးလှောင်သောသော စပါးစေ့ကိုထောင်ထဲတွင် (၁၄–ရက်) နှစ်ပတ်ကြာ မြှုပ်နှံထားရမည်။

(၁၄)ရက်စေ့လျှင် ပြန်ဖော်ယူပြီး အရည်များကို ပိတ်စိမ်းပါးနှင့်စစ်ကာ ငှက်ပျောဖူးပုလင်းထဲသို့ ပြောင်းထည့်ရပါမည်။**(မှတ်ချက် ။ ။ (၄) ပုလင်းမျှ ရနိုင်ပါသည်။)**

ထိုပုလင်းများကို အဖုံးလုံရန်အတွက် ချိပ်ပိတ်ပေးရပါမည်။ ပုလင်း... ပြည့်အောင် မထည့်ရ၊ သတိထား...

နောက်ဆုံးအဆင့်ကား ချိပ်ပိတ်ပြီး... သော ပုလင်းများအား **မြေတွင်(တ... ပေ)အနက်မျှတူး၍ (၃)လကြာ... မြှုပ်နှံထားရပါမည်။** (၃)လပြည့်လျှင်... ဖော်ယူပါ။

**သောက်သုံးနည်း**

လက်ဖက်ရည် အကြမ်းပန်းကန်... တစ်လုံးတွင် ပျားရည်စစ်စစ် ထည့်...

ငှက်ပျောဖူးပုလင်းထဲမှ ပြုလုပ်ထား... အရည်ကို အကြမ်းပန်းကန်လုံးတွင် ထည့်... ထားသော ပျားရည်စစ်စစ်ထက် နှ... ထည့်၍ မွှေနောက်ပြီး သောက်ပါ။

နံနက်တစ်ကြိမ် ညတစ်ကြိမ် မှန်မှန်... သောက်က အနှစ်နှစ် အလလ... စွဲကပ်နေသော အစာအိမ်လေ... ရောဂါဆိုး ပျောက်ကင်းသွားပါလိမ့်... မည်။

*ဆေးနည်းပေးသော ဆ... ဦးမောင်မောင်ကြီးအား ကျေးဇူး အထူး... တင်ရှိပါသည်။*

**မင်းဆက်ဟိန်း**



www.burmeseclassic.com

www.burmeseclassic.com

# ဘုရားတင်သည့် ပန်း

## ကြာရှည်လန်းစေပြီး အနံ့ဆိုး ကင်းစင်နည်း


စာရေးသူ အပါအဝင် ဗုဒ္ဓဘာသာဝင် အပေါင်းတို့ဟာ မိမိတို့ရဲ့ အိမ်၊ ရုံး၊ ဆိုင် တွေ နေရာများရှိ ဘုရားစင်ပေါ်မှာ ကောင်းနိုးရာရာ တင့်တယ်သော ပန်း အမျိုးမျိုးတို့ကို ဈေးကြီးကြီးပေး ဝယ်ယူ ၍ ဘုရားပန်းအိုးမှာ ထိုးပြီး ဘုရားတင် ကပ်လှူလေ့ ရှိကြပါတယ်။

အများအားဖြင့် ဘုရားပန်းအိုး ဆေး ကြောပြီး ရေဖြည့်၊ အထဲမှာ ဘုရားကပ် လှူမယ့်ပန်းကို ပန်းအိုးအတွင်း ထိုး ထည့်ပြီး ဘုရားမှာ ကပ်လှူ ဒါလောက် ပါပဲ။

ခက်တာက ဈေးကြီးကြီး ဘယ် လောက်ပဲ ပေးရတဲ့ ပန်းပဲဖြစ်စေ ဘုရား ပန်းအိုးထိုးပြီးလို့ နှစ်ရက်၊ သုံးရက်ကြာ တစ်ခါ၊ ဒါမှမဟုတ် တစ်ရက်ခြား တစ်ခါ ပုံမှန် ရေလဲဖြစ်တယ် ထားဦးတော့ ပန်းတွေရဲ့ အခြေများ ပုပ်ရိသွားပြီး ပန်းအိုးထဲရှိ ရေနဲ့ ပန်းအိုးတို့မှာ အနံ့ဆိုး ဆိုး သစ်ပုပ်နံ့က ထွက်မြဲပါပဲ။

ကိစ္စများမြောင် လူတို့ဘောင် ဆိုတဲ့ အတိုင်း မအားလပ်တဲ့ကြားက အချိန် လေးပေးပြီး ဘုရားစင်ရှေ့အရောက် ချွမ်းလဲခြင်း၊ အမွှေးလေးထွန်းခြင်း၊ မီးလေးထွန်းခြင်း ပြီးတာနဲ့ ဘုရားရှိခိုး ကြည်အပြု ဒီပန်းအိုးအတွင်းက သစ်ပုပ် နံ့ဆိုးဆိုးက ဆီးကြိုနေလို့ ပန်းအိုးပါ ဆေးကြောရန် ဟန်ပြင်ပြီး နာရီကြည့်မိ တော့ အချိန်က မရလို့ စိတ်အနှောင့် အယှက် ဖြစ်ခဲ့ရတာမျိုးလဲ စာရှုသူတို့ ကြုံဖူးလိမ့်မယ်လို့ ထင်ပါတယ်။

ဒါကြောင့် ဘုရားတင်တဲ့ပန်း ကြာ



ရှည်လန်းပြီး အနံ့ဆိုးဆိုး သစ်ပုပ်နံ့ သက်သာကင်းစင်အောင် ဘယ်လို လုပ်ရပါ့မလဲဆိုတာ အမြဲတွေးနေမိပြီး စဉ်းစားလို့ရတဲ့အတိုင်း ပန်းသုံး၊ လေးမျိုး ကို စမ်းသပ်မိတော့ တော်တော်လေး အဆင်ပြေတာ တွေ့ရတယ်။

ဒီတော့ လွယ်ကူသော ဘုရားပန်းအိုး ထိုးနည်းလေးကို စာရှုသူများအတွက် အကျိုးရှိနိုင်မည်ဟု ယူဆမိခြင်းကြောင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် မျှဝေရေးသားတင်ပြလိုက်ပါတယ်။

ပန်း ကြာရှည်လန်းပြီး အနံ့ဆိုး ကင်းစင်ပြီး ခြင်ဝင်ဥခြင်းမှ ကင်းဝေးစေ သော ဘုရားပန်းအိုး ထိုးနည်းမှာ...

၁။ ပန်းအိုးထဲသို့ ရေအစား ထည့်ရန် မြစ်၊ ချောင်း သဲသန့်သန့်ကို ရေရှိသော ခွက်တစ်ခုခုအတွင်း ထည့်ပြီး ယင်းသဲများကို လက်ဖြင့်ယူကာ ဘုရားပန်းအိုးထဲသို့ ထည့်ပါ။ ပန်းအိုးအတွင်း သဲပြည့်သွားလျှင် တက်လာသော ရေကို ငှဲ့ပစ်လိုက်ပါ။

၂။ ပြီးလျှင် ဘုရားတင်လှူရန် ပန်းကို ရေစင် အောင်ဆေးကာ ယင်းပန်းအိုးထဲရှိ သဲထဲသို့ ထိုးစိုက်ကပ်လှူထားလိုက်ပါက ခဏခဏ ရေလဲရန် မလိုတော့ဘဲ ပန်းအိုးအတွင်း ခြင်ဥ ဥမှာလဲ မပူရ။ အနံ့ဆိုး မထွက်နဲ့ ပန်းများမှာ အခါတိုင်း ရေထည့်ပြီး ကပ်လှူထားတာထက် ကြာရှည်စွာ လန်းဆန်းနေတာကို တွေ့ရပါ မယ်။

၃။ ယင်း ပန်းအိုးထဲရှိ သဲသည် တစ်ခါသုံး မဟုတ်ပါ။ အထက်ပါနည်းအတိုင်း ရေဆေး ပြီး အမြဲတမ်း ပြန်လည် အသုံးပြု၍ ရပါ ကြောင်း။

***စာရှုသူအပေါင်း လိုရာဆန္ဒ ပြည့်ဝ နိုင်ပါစေ။***

**လင်းထင်**



www.burmeseclassic.com

www.burmeseclassic.com

# ဖောရောင်ခြင်း အတွက်



## လိမ်းဆေးနည်း တစ်နည်း

စာရေးသူရဲ့ဘကြီး ဦးချစ်မောင်တစ်ယောက် စီးပွားရေးအလုပ်များတွင်သာ နစ်မြုပ်နေခဲ့သည်မှာ အသက်(၅၀) တင်းတင်းပြည့်ခဲ့ပါပြီ။

ဒီလိုနဲ့ စီးပွားရေး အလုပ်များကြားနေရင်းမှ တစ်နေ့တွင် စာရေးသူ၏ဘကြီး ဦးချစ်မောင်ဟာ လူကြီးရောဂါပဲ ပြောရမလား မသိဘူး။ **တစ်ကိုယ်လုံး ဖောရောင်ပြီး အဆစ်အမြစ် ကိုက်တဲ့ရောဂါ ဖိစီး**ခဲ့ပါတယ်။

သို့နှင့် သူရဲ့ရောဂါကို ငွေကုန်ကြေးကျခံပြီး ဆရာစုံ ဆေးစုံနဲ့ ကုသခဲ့ပါတယ်။

အချိန်သာကုန်၊ ငွေသာ ကုန်ပြီး ရောဂါမသက်သာခဲ့တဲ့ ဘကြီးဟာ စိတ်ဓာတ်ကျလာပြီး စာရေးသူကို အားကိုးတကြီးနဲ့ ဆင့်ခေါ်ခဲ့ပါတယ်။ စာရေးသူ ရောက်သွားချိန်တွင်တော့ ဝမ်းသာအားရဖြင့်...

'လာ ငါ့တူ၊ ဘကြီး မင်းကို မျှော်နေတာ'

'ဟုတ်ကဲ့ ဘကြီး၊ ကျွန်တော်လဲ ဘကြီးဆီက စာရရချင်း လာခဲ့တာပါ။ ဒါနဲ့ ဘကြီးရောဂါ သက်သာရဲ့လား'

'ဆရာလဲ စုံပြီ၊ ဆေးလဲ စုံပြီ။ ဒါပေမယ့် မသက်သာပါဘူး ငါ့တူရာ။ သက်သာမယ်လဲ မထင်တော့ပါဘူးကွာ။ **သုံးခါဖော သုံးခါရောင်ရင် လာလမ်း ပြန်ကြရတယ်တဲ့ကွ'**

'ဒီလိုတော့လဲ မဟုတ်နိုင်သေးပါဘူး။ ဘကြီးရာ။ အနာနဲ့ဆေး မတည့်သေးလို့နေမှာပါ။ တဖြည်းဖြည်းတော့ သက်သာသွားမှာပါ'

'ထားပါတော့ကွာ။ ဒါနဲ့ မင်းကို ခေါ်ခိုင်းရတာက ငါ ဘုန်းကြီးကျောင်း တစ်ကျောင်းကို သွားပြီး ဝတ္တုငွေကပ်ရင်း သီလယူချင်လို့ မင်းကို လိုက်ပို့ခိုင်းမလို့ကွ။ မင်း လိုက်ပို့နိုင်ပါ့မလား'

'လိုက်ပို့နိုင်ပါတယ် ဘကြီးရယ်။ ကျွန်တော်လဲ အားနေတာပဲ၊ ဘယ်တော့သွားချင်လဲ ပြော'

'ကျေးဇူးတင်ပါတယ် ငါ့တူရယ်။ ခဏနေ သွားကြတာပေါ့'

ဒီလိုနဲ့ စာရေးသူတို့ တူဝရီးနှစ်ယောက် **တောင်ငူ မြို့ထောင့်ကျောင်း**ကို သွားခဲ့ပါတယ်။ ဝတ္တုငွေကပ်၊ ရေစက်ချပြီး ဘုန်းတော်ကြီးနဲ့ စကားလက်ဆုံကျရာက ဘကြီးရဲ့ ရောဂါအကြောင်း ရောက်သွားခဲ့ပါတယ်။

'တပည့်တော် ရောဂါကတော့ သေလမ်းနိမိတ်ပဲ ထင်ပါတယ်ဘုရား။ ဆရာလဲ စုံ၊ ဆေးလဲ စုံပါပြီ။ အခုထက်ထိ မသက်သာသေးပါဘူးဘုရား'

'ဘယ်ဟုတ်မလဲ ဒကာကြီး။ ဒီလို သုံးခါဖော၊ သုံးခါရောင်လို့သာ သေရမယ်ဆိုရင် ဘုန်းကြီးတို့ကျောင်းမှာ ရဟန်းသံဃာရှိမယ်တောင် မထင်ဘူး။

ဘုန်းကြီးတို့ကျောင်းမှာ **ကျောင်းထိုင်စဉ်ဆက် သုံးလာတဲ့ လိမ်းဆေးရှိတယ်။** အစွမ်းအတော်ထက်တယ်။ ဘုန်းကြီး ဆေးနည်းပေးလိုက်မယ်။ ကဲ...ဟိုဒကာလေး လိုက်မှတ်ပေးလိုက်ပါကွာ'

'တင့်ပါဘုရား'

စာရေးသူလဲ ဘုန်းတော်ကြီး မိန့်တဲ့အတိုင်း စာရွက်နဲ့ ဘောလ်ပင်ထုတ်ပြီး လိုက်မှတ်ခဲ့ပါတယ်။ ဆေးနည်းမှာ...

- ❖ တောရှောက်မြစ်၊
- ❖ သက်ရင်းကြီးမြစ်၊
- ❖ ပဲစင်းငုံမြစ်၊
- ❖ နဘဲခေါက်၊
- ❖ ကြောင်လျှာခေါက်၊
- ❖ လက်ပံခေါက်

တို့ကို ဆတူယူ၍ နုပ်နုပ်စဉ်းပြီး **မီးတောက် အရက်နှင့် နှစ်ညခန့် နှပ်၍ လိမ်းရမည်။**



စာရေးသူလည်း ဘုန်းတော်ကြီးမိန့်သည့်အတိုင်း ဆေးလိမ်းခါနီး နေ... အောင် ဆေး၍ တစ်နေ့ သုံးကြိမ်လိမ်း... ခဲ့ရာ တစ်နေ့တခြား ဖောရောင်ခြင်း... လျော့၍ ကိုက်ခဲခြင်းများလည်း သက်သ... လာပြီး (၇)ရက်ခန့်အကြာ သက်သာသွ... ခဲ့ပါသည်။

စာရေးသူ၏ ဘကြီးမှာ ဝမ်းသာလွန်း... စာရေးသူကို ပြောခဲ့တဲ့ စကားလေးတ... ခွန်းကို မကြာခဏ ကြားယောင်နေခဲ့မိ... သည်။

'ငါ့တူကြီးရာ၊ ဘကြီးဖြင့် ဒီရောဂါနဲ့ သေ... မှတ်နေတာ။ ဒါ ဘုရား၊ တရား၊ သံဃာ... သတိရမိတဲ့ အကျိုးကွ။ ဘကြီးတော့ ... လောက်အလုပ်များများ ဘုန်းကြီးကျောင်း... သုံးရက်တစ်ခါ သွားဖြစ်အောင် သွားတော့... ကွ။ မင်းကိုလဲ ကျေးဇူးတင်ပါတယ်ကွာ... ဘုရားပေးတဲ့ ဆေးကွ။ ဘုရားပေးတဲ့ဆေ...'

ပျော်ရွှင်အေးချမ်းနေတဲ့ ဘကြီးမျက်... ကို ကြည့်ပြီး ရင်ထဲတွင် ဖော်မပြနိုင်အော... ပီတိများစွာနဲ့ နားထဲတွင် ကြားယောင်... မိတာကတော့...

"ဘုရား ပေးတဲ့ ဆေး၊
ဘုရား ပေးတဲ့ ဆေး"

***ချမ်းသာသုခ ရနိုင်ကြပါစေ။***

**ဝင်းကျော်(ဗုဒ္ဓတူးသ...)**



www.burmeseclassic.com

# ပုဂ္ဂိုလ်ထူးကို

## ဖူးတွေ့ခဲ့ရသော်လည်း

နန္ဒကျော် (လ/သ)



၁၉၇၀ ပြည့်နှစ် ကျွန်တော် ပို့ဆောင်ရေးတာဝန်နှင့် ရခိုင်ပြည် သံတွဲမြို့သို့ ပြောင်းရွှေ့ခဲ့ရပါသည်။

သံတွဲမြို့နယ် ငပလီကမ်းခြေ ...င်းသာရွာတွင် အိမ်ခြေ (၆၀၀)ကျော်ရှိ၊ ပညာရေး၊ ကျန်းမာရေး ပြည့်စုံ...ည့်အပြင် ရွာဈေးပါ ရှိသောကြောင့် ...သားစု အိမ်ငှားရမ်းနေခဲ့ပါသည်။

ထိုရွာ၏ ရွာဦးထိပ်တွင် တောင်ပေါ်...စေတီတစ်ဆူရှိသောကြောင့် ရွာသူ...သားများ ဘာသာရေးကို အလေး...ကြောင်း ထင်ရှားနေပါသည်။

ကျွန်တော့်မှာ သွေးတိုးရောဂါရှိ...ကြောင့် ကျေးရွာ ကျန်းမာရေးမှူး အကြံပေးသည့်အတိုင်း ဆေးသောက်နေ့စဉ် လမ်းလျှောက်စေပါသည်။

လမ်းလျှောက်မထွက်မီ နံနက်ငါးနာရီခွဲ ရွာဦးဘုရားမှာ သစ်သီးဆွမ်းကပ်လှူ ဘုရားရှိခိုးပြီးမှ တောင်ပေါ်မှဆင်းလမ်းလျှောက်ထွက်ပါသည်။

ကျွန်တော်ဘုရားပေါ်တွင် ဘုရားရှိခိုး သုံးရက်မြောက်သောနေ့တွင် ဘုရားပေါ်ရှိဇရပ်မှ အသံတစ်ခုကြားရ၍ ကျွန်တော် ထင်ယောင်ထင်မှား သံသယစိတ်နှင့် ဇရပ်နားသို့ သွားပြီး ပြတင်းပေါက်မှ ချောင်းကြည့်လိုက်ရာ ဘုရားဘက်သို့ မျက်နှာမူပြီး တင်ပျဉ်ခွေထိုင်နေသော ပုဂ္ဂိုလ်တစ်ဦးကို မြင်ရသည်။

ကျွန်တော် မည်သို့မျှ ပြောဆိုခြင်းမပြုဘဲ အသာကလေးလှည့်ပြီး ပြန်လာကာ ဘုရားပေါ်မှဆင်းပြီး လမ်းလျှောက်ခြင်းကို ပြုလုပ်ပါသည်။ စိတ်ကတော့ ထင်ယောင်ထင်မှားဖြစ်နေမိသည်။

လမ်းလျှောက်ပြန်ပြီး ရွာဦးမှ ဦးထွန်းငြိမ်းအိမ်ဝင်ကာ အကျိုးအကြောင်း မေးမြန်းကြည့်ရာ...

'ကိုကျော်တို့လင်းသာမရောက်ခင် တစ်ပတ်ခန့်လောက်ကလို့ ထင်တာပဲ။ ဇရပ်ပေါ်မှာ တည်းခိုနေတာ တွေ့ရတယ်။ တို့ကလဲ ဘယ်နေရာ ဘယ်ဒေသလို့လဲ မမေးမိပါဘူး။ အားလဲ မအားဘူးလေဗျာ'

'ဦးပဥ္စင်းလား၊ ကိုရင်လား၊ ဖိုးသူတော်လား လူဆိုးလူကောင်း သိအောင်လို့တော့ လူကြီးတွေက မေးဖို့တော့ကောင်းတာပေါ့ဗျာ နော်'

'လူတွေမှာလဲ ကိုယ့်အလုပ်နဲ့ ကိုယ်ဆိုတော့ အရေးမလုပ်ကြတော့ဘူးလေ၊ ထူးခြားမှုလဲ မရှိဘူး မဟုတ်လား'

'ဒါနဲ့ အစားအသောက်ကိစ္စတော့ မြင်မိမှာပေါ့'

'အေး...ဒါကတော့ ထူးဆန်းတယ်ဗျ ဘာလို့လဲဆိုတော့ မနက်ကိုးနာရီကို ဆွမ်းခံထွက်တာ တစ်နေ့ကို ငါးအိမ်ပဲ ဆွမ်းရပ်တာ





www.burmeseclassic.com

www.burmeseclassic.com

တွေ့ရတယ်။ ငါ့အိမ်ထက်မပိုဘူး။ ကျွန်တော့် အိမ်ကတော့ ဆွမ်းကို မလောင်းဖူးသေးဘူး။ နောက်ပြီး ဒီနေ့ တောင်ပိုင်းဆို နောက် တစ်နေ့ မြောက်ပိုင်း အဲဒီလိုလဲ မဟုတ်ဘူး။ အရှေ့ပိုင်း ဖြစ်ချင်ဖြစ်နေတယ်။ ရွာလယ်ပိုင်း မှာလဲ တွေ့ချင်တွေ့ရတာပဲ။ ကြိုတင်စောင့် လို့မရဘူး။ အဲဒါ ထူးဆန်းတာပဲလို့ လေ့လာ မိတယ်ဗျာ'

ဆွမ်းရပ်တာ ပုံသေမဟုတ်လေတော့ ဆွမ်း ရချင်မှ ရမယ်။ ရတဲ့တိုင်အောင် လုံလောက် မယ်လို့ ကျွန်တော် မထင်မိဘူး'

'ဘယ်လိုပုဂ္ဂိုလ်လို့ ကိုထွန်းငြိမ်း ထင်သလဲဟင်'

'ငါတို့မှာလဲ အလုပ်အားတယ်လို့ မရှိတော့ တောင်ပေါ်ကိုတောင် မရောက်ဖြစ်ပါဘူးဗျာ။ နေပုံထိုင်ပုံ သွားလာပုံကတော့ ဣန္ဒြေရှိတယ်။ ဒါကြောင့်လဲ အမှတ်တမဲ့ နေကြတာ လေ'

ကျွန်တော် ဦးထွန်းငြိမ်းအိမ်က ပြန်လာပြီး အိမ်ရောက်သည်နှင့် ဇနီးကို အကျိုးအကြောင်း ပြောကာ ပိုက်ဆံ ယူ၊ ငှက်ပျောသီးလှလှ တစ်ဖီးဝယ်ပြီး ကျွန်တော် ဘုရားပေါ်သို့ တက်ခဲ့သည်။

ဇရပ်ပေါ်မှ ပုဂ္ဂိုလ်သည် ဆွမ်းခံ ထွက်ရန် သက်နှုံးရုံပြီး ဖြစ်နေသည်။ ကျွန်တော် ငှက်ပျောသီးကို ကပ်လှူ တော့ လက်ခံပြီး နှစ်လုံးကို ယူပြီး သပိတ်မှာထည့်ပြီး ကျန်သော ငှက်ပျော သီးကို ကျွန်တော့်အား ပြန်စွန့်သည်။

'နှစ်လုံးဆို လုံလောက်ပါပြီ ဒကာ ကြီး ကျန်တာကို ပြန်စွန့်ပါတယ်'

ကျွန်တော် အံ့ဩသွားပါသည်။ ဘာ ကြောင့် ငှက်ပျောသီးနှစ်လုံးကို ယူပြီး ကျန်သည့် ငှက်ပျောသီးကို ဘာကြောင့် စွန့်သနည်း။ နောက်တစ်နေ့ စားလို့ မရဘူးလားဟု ကျွန်တော် သံသယဖြစ် နေသည်ကို သိသည့်အလား...

'ဘာမှ သံသယမဖြစ်ပါနဲ့ ဒကာကြီး လှူတာ ကို လက်ခံပြီးပြီပဲ။ လုံလောက် မျှတအောင် ရရင် တော်ပြီပေါ့။ တစ်နေ့တာ စားသောက် လို့ ရတာကို တစ်နေ့တာအတွက်ပဲ လက်ခံရ တယ်။ နောက်တစ်နေ့အတွက် ထားရင် အပြစ်ဖြစ်တယ်'

ကျွန်တော် ဘာမှ ပြန်မပြောဘဲ သိလိုသည်ကိုသာ မေးမိသည်။

'အရှင်ဟာ ဦးပဉ္စင်းလား၊ ကိုရင် လား ဘုရား'

ပုဂ္ဂိုလ်သည် ပြုံးလိုက်ပြီး...

'အလှူခံပုဂ္ဂိုလ်တစ်ဦးပဲ ဒကာကြီး။ ဘာ ဖြစ်လို့လဲ ဦးပဉ္စင်း,ကိုရင် မဟုတ်ရင် အလှူ အထမမြောက်လို့ ထင်လို့လား ဝေဿန္တရာ သားသမီးကို လှူတာ ပုဏ္ဏားကိုပဲ လှူတာ မဟုတ်လား'

ကျွန်တော် နောက်ထပ်မေးရန် မရှိ တော့ပါဆို၍ ရှိခိုးပြီး ဘုရားပေါ်မှ ဆင်းခဲ့ပါသည်။

ကျွန်တော် အိမ်ရောက်ပြီး ကုလား ထိုင်မှာ ထိုင်ကာ စဉ်းစားမိသည်မှာ လုံးသာ–သံတွဲ ခရီးသည် ဆွဲနေသော ကားပိုင်ရှင် မောင်ထွန်း ပြောသည်ကို ကြားယောင်မိသည်။

'အစ်ကို ကျွန်တော် လင်းသာရွာဦး တောင်ခြေရင်းမှာ တာယာပေါက်လို့ တာယာ လဲနေတုန်းမှာ တောင်ပေါ်မှာ သပိတ်လွယ်ပြီး ဆင်းလာကာ သံတွဲကားလမ်းအတိုင်း သွား တာ မြင်လိုက်တယ်။ လမ်းမှာ ပေလီရွာကို သွားတယ်လို့ ထင်တာပဲ။

ကျွန်တော်လဲ တာယာလဲပြီးဖို့သာ အာရုံ ရောက်နေလို့ ဒီပုဂ္ဂိုလ်ကို သတိမထားမိတော့ ပါဘူး။ ကျွန်တော် တာယာလဲပြီးလို့ သံတွဲ ဘက် ထွက်လာတော့ လမ်းမှာလဲ ဒီပုဂ္ဂိုလ် ကို မတွေ့ဘူး။

ပေလီရွာမှာ ဆွမ်းခံဝင်နေတယ်။ ကျွန်တော် ထင်မိတယ်။ သံတွဲမြို့ကိုရောက်တော့ ဟော ဗျာ... သံတွဲမြို့မှာ ဆွမ်းခံနေတာ မြင်ရတော့

အံ့ဩစရာပဲ အစ်ကိုရာ'

ကျွန်တော်က မယုံသည်နှင့်...

'ဟုတ်မှဟုတ်ရဲ့လား မောင်ထွန်း တခြားဘုန်းကြီးတစ်ပါးပါးနဲ့ တူတာ ဖြစ်မှာပေါ့။ မင်း အထင်မှားတာ ဖြ မှာပါ။ ခြောက်မိုင်ခရီးကို မင်းကားထက် ခြေကျင်သွားတဲ့သူက အရင်ရောက် မတဲ့လား စဉ်းစဉ်းစားစားလဲ ပြော ကွာ'

သူက အတိအကျ ပြောပြန်သည်။

'ဟုတ်ပါပြီလား အစ်ကိုရာ သင်္ကန်း က တခြား ဘုန်းကြီးတွေလို မဟုတ် ဘူး။ ဖြူဖပ်ဖြူရော် ဖိနပ်ကလဲမပါ သပိတ်မှာလဲ အဖုံးအပေါ်က အနားကွပ် မရှိဘူး။ ရုပ်ရည်ရူပါကလဲ ပိန်ပိန်ပါးပါး ကျွန်တော် သေချာ မှတ်မိပါတယ် မမှားပါဘူး'

ဒီလောက် တိတိကျကျ ပြောမှတော့ တောင်ပေါ်မှ ပုဂ္ဂိုလ်ကို စိတ်ဝင်စားမိ သည်။ ကားသမား မောင်ထွန်း ပြောပြီး သည့်နောက်တစ်နေ့ ကျွန်တော် တောင်ပေါ်သို့ မရောက်ဖြစ်ခဲ့၊ အိမ်မှာ ပင် ဘုရားရှိခိုးပြီး ကျွန်တော်လမ်း လျှောက်ရင်း ပေလီမှတစ်ဆင့် သံတွဲမြို့ သို့ တောင်ပေါ်ပုဂ္ဂိုလ်အတွက် သင်္ကန်း ဝယ်ရန် ထွက်ခဲ့သည်။

ညနေဘက် ဝမ်းသွားသည်မှာ ကော်ဖီရောင်ဖြစ်နေ၍ ဆေးမှူးကို ပြောပြရာ ဆေးရုံတက်ရန် ညွှန်ကြား၍ ဆေးရုံမှာ သုံးရက်နေရသောကြောင့် တောင်ပေါ်သို့ မရောက်ဖြစ်ခဲ့။

ဆေးရုံမှ ဆင်းပြီးနောက် သင်္ကန်း လှူရန်၊ ဆွမ်းပါလှူရန် ဇနီး၏ ဆန္ဒ ကြောင့် သူဆွမ်းချက်နေစဉ် ကျွန်တော် ကုလားထိုင်မှာ ထိုင်ရင်း ပုတီးစိပ်နေ စဉ်...

'ဟော့ ဖိုးကျော် ဘာတွေစဉ်းစားနေ တာလဲကွ တံခါးဖွင့်ပါဦး'

www.burmeseclassic.com



အသံလာရာသို့ ကြည့်လိုက်ရာ သံတွဲမြို့မှ သူငယ်ချင်း ဓာတ်ပုံဆရာ မောင်မောင် အိမ်ရှေ့တံခါးဝမှာ ရပ်၍ အော်သည်ကို မြင်ရသည်။ ကင်မရာ တစ်လုံးကိုလည်း လွယ်ထားသည်ကို မြင်ရသည်။

'ဟော့ကောင် မောင်မောင် ထူးထူး ဆန်းဆန်း စောစောစီးစီး လင်းသာကို ဘာလာလုပ်တာလဲ။ ညှော်သည်တွေ ချိန်းထားလို့လား'

ကျွန်တော်ပြောရင်း အိမ်ရှေ့တံခါး ကို ဖွင့်ပေးလိုက်သည်။

'စောဆို မင်းနဲ့ တွေ့မှ တွေ့ပမလား လို့ စိတ်တထောင့်ထောင့်နဲ့ လာခဲ့ရ တာ'

'ကြိုတင် သတင်းပို့ရင် စောင့်နေမှာ ပေါ့ကွ။ ဒီနေ့တောင် လမ်းလျှောက် ထွက်လို့ တွေ့ရတာ မထွက်တာ ဆိုလဲ ပုဂ္ဂိုလ်ထူးတစ်ပါးကို သင်္ကန်း လှူသွားမလို့ မင်းအစ်မ ဆွမ်းပါ လှူချင်တယ်ပြောတာနဲ့ ဆွမ်းတော့ ချက်ပြီးပြီ။ ဆွမ်းပွဲပြင်နေတယ် ထင်ပါ ရဲ့။ နာရီလဲ ရှစ်နာရီထိုးပြီးပြီ။ မင်းလာ တဲ့ကိစ္စလဲ ပြောပါဦး။ ရေနွေးသောက် အချိန်းတော့ မရှိတော့ဘူး'

ဓာတ်ပုံဆရာမောင်မောင်သည် အိမ် ပေါ်တက် ကုလားထိုင်မှာ ထိုင်လိုက်ပြီး ကျွန်တော် မေးသည်ကို...

'ငါလဲ အဲဒီပုဂ္ဂိုလ်ထူးကို တွေ့ရ အောင် မင်းကိုခေါ်သွားမလို့ စောစော လာခဲ့တာ။ ခုတော့ အတော်ပဲ မင်းတို့ သင်္ကန်းလှူသွားရင် ငါပါ လိုက်ခဲ့မယ်'

'မင်းက ဘာကြောင့် တွေ့ချင်တာ လဲ'

သူက သူ့အတွေ့အမြင်ကို ပြောပြ သည်။

'ဒီလိုကွ ဒီပုဂ္ဂိုလ်က ဆန်းကို ဆန်း တယ် သိလား။ ဘာကြောင့်ဆိုတော့ ငါတို့ရပ်ကွက် ဆွမ်းလာရပ်တာ နေ့စဉ် မဟုတ်ဘူးကွ။ မေ့မှလျော့မှ တစ်ခါ တွေ့ရတာ သင်္ကန်းက အရောင်အဆင်း မရှိပေမယ့် သပ်သပ်ရပ်ရပ် သင်္ကန်းရုံ ထားပြီး ကုလားမြွေကြီးစွာနဲ့ လေးတောင် ခန့်သာ ကြည့်တယ်ထင်ပါရဲ့ကွာ။ အိမ် ရှေ့မှာ ကြာကြာရပ်တာ မတွေ့ရဘူး ကွ။

နောက်ပြီး ငါးအိမ်ပဲ ရပ်တာ တွေ့ ရတယ်။ ရတာ မရတာတော့ မသိဘူး။ ငါးအိမ်မရောက်ခင် နှစ်အိမ်လောက်က တစ်အိမ်က ဘာသာခြား။ အရေ အတွက် ငါးအိမ်ရှိပေမယ့် ဗုဒ္ဓဘာသာ လေးအိမ် ရှိတယ်။

ငါးအိမ်ပြီးတာနဲ့ ပြန်ရော၊ သူ ဘယ် ကလာလို့ ဘယ်သွားတယ်လို့ သိ အောင်လို့ စိတ်ကူးပေမယ့် မေ့မေ့သွား တယ်ကွ။

ဒါနဲ့ ထူးဆန်းတာပဲလို့ သတိရတာ နဲ့ ဓာတ်ပုံရိုက်လိုက်တယ်။ ဓာတ်ပုံ ကူးတော့ ဘာမှ မပေါ်ဘူး။ အဖြူပဲ တွေ့ရတယ်။ ဒါနဲ့ မကျေနပ်လို့ နောက် တစ်ခါတွေ့တော့ နှစ်ခါရိုက်လိုက်တယ်။ ဒါပေမယ့် ဓာတ်ပုံ မပေါ်ဘူးကွ။

ဒီပုဂ္ဂိုလ်ဟာ ထူးဆန်းတယ် စိတ်မှာ စွဲပြီး စုံစမ်းတော့ မင်းတို့ လင်းသာ တောင်ပေါ်က စေတီဇရပ်မှာလို့ သတင်းရတာနဲ့ မင်းကို သတိရလို့ အစောကြီး လာခဲ့တာပေါ့ကွ'

သူ ရှည်လျားစွာ ရှင်းပြပြီး ကင်မရာ ကို သေသေချာချာ စစ်ဆေးနေသည်။

'အေးကွာ ထူးတော့ ထူးတယ်ကွ။ ဒါကြောင့် သင်္ကန်းလှူချင်တဲ့ ဆန္ဒ ရှိတာကြောင့် သင်္ကန်းတစ်စုံ ဝယ်ထားတာ ဆေးရုံ မဝင်ခင် တစ်ခါတွေ့စဉ်ကပေါ့'

'ဘောဇနသပ္ပာယ မျှတပါသလားလို့ မေးတော့'

'မျှတပါတယ် ရောင့်ရဲခြင်းဟာ စိတ် ကို ချမ်းသာစေပါတယ်တဲ့ စကားရှည် ရှည်ဝေဝေ မပြောဘူး။ မေးမှ ပြော တယ်'

'အစ်ကိုရေ ဆွမ်းချူးပြီးပြီ သွားကြရ အောင်'

မီးဖိုချောင်မှ အသံပေးတာ ကြောင့်...

'ရှစ်နာရီလဲကျော်ပြီ ဒီပုဂ္ဂိုလ် ဆွမ်းခံ မထွက်ခင်သွားကြအောင်၊ သူငယ်ချင်း ကော လိုက်မယ်မဟုတ်လား'

ကျွန်တော် ဘုရားကျောင်းဆောင်မှ သင်္ကန်းကို ယူပြီး မောင်မောင်ကို ပေး လိုက်သည်။

'ဘယ့်နှယ်ပြောတာလဲကွာ ဒီပုဂ္ဂိုလ် နဲ့ တွေ့ချင်လို့ မင်းဆီကို လာပါတယ် ဆိုနေမှ ငါ ဒီပုဂ္ဂိုလ်ကို တောင်းပန်ပြီး ဓာတ်ပုံရိုက်ချင်လို့ လိုက်မှာပေါ့'

ရှစ်နာရီခွဲသည်နှင့် ကျွန်တော်တို့ သုံးယောက်သား ရွာဦးစေတီသို့သွား ကြသည်။ ဘုရားပေါ် ရောက်သည်နှင့် ဘုရားဝတ်ပြုပြီး ဇရပ်သို့ သွားကြပါ သည်။ ဇရပ်ပေါ်ရောက်သည်နှင့် ထူးဆန်းသည်က ပုဂ္ဂိုလ်နေခဲ့သော နေရာတွင် အနားများ ပျက်စီးနေသော ဖျာတစ်ချပ်ပေါ်တွင် ခေါင်းအုံး ပြုလုပ်ခဲ့ ဟန်တူသော ဝါးပိုးဝါးခြမ်းတစ်ခုကိုသာ တွေ့ရပါသည်။

ကျွန်တော်တို့ သုံးယောက်သား

နယုက္ကမ္ဘာရောင်ခြည်မဂ္ဂဇင်း ၁၉၅ (စာမျက်နှာ ၁၉၉) သို့

www.burmeseclassic.com

ထူးဆန်းအံ့ဖွယ်

# အုန်းသီးများ

မောင်သိန်းဝင်း (မာန်အောင်)





ရခိုင်ပြည်နယ်၏ မာန်အောင်မြို့နယ်သည် အုန်းသီး၊ အုန်းပင် အလွန်ပေါများသော မာန်အောင်ကျွန်း၊ ရဲကျွန်း၊ တိုက်ကျွန်းနှင့် လက်ထုတ်ကျွန်း(ဗိုက်မီးပြတိုက်တည်ရှိရာ) တို့ဖြင့် ဖွဲ့စည်းထားသည့် ကျွန်းစုမြို့နယ်တစ်ခု ဖြစ်သည်။

သို့သော် မိုးရာသီတွင် မေဃဝတီ မာန်အောင်ကျွန်း၌ အုန်းသီး ဈေးမကောင်းပါ။ ယခု မိုးတွင်းကာလတွင် အုန်းသီးတစ်လုံးကို ငွေ (၅၀)ကျပ် တောင်မရပါ။ အုန်းသီးများသည် အိမ်တိုင်း၊ ရွာတိုင်းတွင် တောင်ကဲ့သို့ ပုံနေပါသည်။ အုန်းသီးအများစုလည်း အပင်များပေါ်က်လျက် ရှိနေပါသည်။

တစ်နေ့တွင် စာရေးသူနေအိမ်သို့ မာန်အောင်မြို့နယ်၊ ပုန်းဆိုးကြီးရွာမှ ကိုချစ်မောင်နှင့် ခအုန်းမော်ရွာမှ ကိုကျော်သိန်းတို့နှစ်ဦး ရောက်ရှိလာပြီး လူမှုရေး၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေးတို့ကို ဝေဖန်ဆွေးနွေး ပြောကြားရင်းနှင့် စီးပွားရေးအကြောင်းတွင် အုန်းသီး ဈေးမရ၍ စားဝတ်နေရေး အဆင်မပြေသည့်ဘက် ရောက်သွားသည်။

ဤတွင် ကိုချစ်မောင်က စာရေးသူကို…

'ဆရာက နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ရေးနေတယ်ဆိုတော့ ကျွန်တော့်ကိုယ်တွေ့ ထွက်ပြေးတဲ့ အုန်းသီးအကြောင်း ပြောပြမယ်'

စာရေးသူ နားကြားလွဲသွားသလားမသိ၍…

'ဟင် ဘယ်လို… ဘယ်လို ထွက်ပြေးတဲ့အုန်းသီး၊ ဟုတ်ရဲ့လား ချစ်မောင်ရာ'

'ဟုတ်ပါတယ် ဆရာ၊ ကျွန်တော် ပြောပြပါ့မယ်'

ဆိုပြီး အောက်ပါအတိုင်း ပြောကြားလေသည်။

## ထွက်ပြေးတဲ့အုန်းသီး

တစ်နေ့သ၌ ည (၁၀)နာရီခန့်တွင် ကိုချစ်မောင်တို့ အိမ်ခေါင်းရင်းမှ တက်ခေါက်သံ ကြားရသည်။ နှစ်ကြိမ်၊ သုံးကြိမ်ခန့် အနည်းငယ်ခွာလျက် တက်ခေါက်နေ၍ ဆင်းကြည့်ရာ တက်ခေါက်သံသည် အုန်းသီးပုံထဲမှ ဖြစ်နေသည်ကို ထူးဆန်းစွာ သိလိုက်ရပါသည်။

နံနက်မိုးလင်းသည်နှင့် ကိုချစ်မောင်က အုန်းသီးပုံကြီးကို နှစ်ပုံခွဲ၍ ပုံထားလိုက်သည်။ ထိုည၌လည်း အုန်းသီးပုံမှ တက်ခေါက်သံ ကြားရပြန်သည်။ သို့သော် မည်သည့်အပုံမှ တက်ခေါက်သည်ကို မသိလိုက်၍ နောက်တစ်နေ့တွင် (၂)ပုံထဲမှ (၄)ပုံထပ်ခွဲရာ စတုတ္ထအပုံမှ အုန်းသီးတစ်လုံး တစ်လံကျော်ကျော် နှစ်လံနီးပါးခန့် ထွက်ပြေးသွားသည်ကို တွေ့လိုက်ရသည်။

ထိုအုန်းသီးကို လိုက်ဖမ်းပြီး ထုံးဖြင့် မှတ်သားကာ အောက်ဘက်၌ ထား၍ (၄)ပုံကို (၁)ပုံတည်း ဖြစ်အောင် ပြန်ပုံလိုက်ပါ သည်။

နောက်တစ်နေ့ နံနက်စောစော ညီအစ်ကို မသိတသိအချိန်တွင် ကိုချစ်မောင်၏ အိမ်ခေါင်းရင်းမှ…

'အမိရေ(အမယ်လေးဗျ)'

ဟု အော်ပြီး ငို၍ ပြေးလာသော (၇)နှစ်၊(၈)နှစ်အရွယ် ယောကျ်ားလေး တစ်ယောက်ကို…

'ဘာဖြစ်လို့လဲ မောင်ဖြူ'

ဟု မေးကြည့်ရာ…

'သား အုန်းသီးပုံဘေးက ဖြတ် အသွား တက်ခေါက်သံကျယ်ကျယ် တစ်ချက်ကြားလို့ လှည့်ကြည့်တာ အုန်းသီးပုံထဲက အုန်းသီးတစ်လုံး ပြေးထွက်လာပြီး သားဝမ်းဗိုက်ကို ဝင် ဆောင့်လို့ ကြောက်ကြောက်နဲ့ အော်မိ တာပါ'

ဟု ပြောပါသည်။

ထိုအုန်းသီးကို ယူကြည့်ရာ ထုံးဖြင့် မှတ်သားထားသည့် အုန်းသီးဖြစ် ကြောင်း သိလိုက်ရသည်။ ရွာမှ လူကြီး တွေက…

'ဒီ အုန်းအမြုတေ(ရခိုင်ဘာသာခေါ် အ

www.burmeseclassic.com

သော၊ မဒီဟုလည်း ခေါ်ကြသည်။) ဖြစ်မယ်'

ဟု ဆိုပြီး အုန်းသီးကို ဝါဂွမ်းနှင့်ပတ်ပြီး မီးရှို့ကြည့်ရာ မီးလောင်သည်ကို တွေ့ရသည်။ ထိုအုန်းသီးခွံပြီး အုန်းမှုတ်ခွံ(ရခိုင်အခေါ် ခတိုခွံ၊ မာလာခွံ)ကို ဗေဒင်ဆရာတစ်ယောက် ယူသွားကြောင်း ပြောပါသည်။

ခအုန်းမော်ရွာမှ ကိုကျော်သိန်းက...

'အုန်းသီးပုံထဲက ဂလုတ်၊ ဂလုတ်သံတွေ တက်ခေါက်သံတွေက ရိုးနေပါပြီး ညည တက်ခေါက်သံတွေ ညံနေတာပဲ။ အုန်းသီးရင့်လို့ ခြောက်ရင်(ရခိုင်အခေါ် ဒုအရည်ခြောက်အုန်းသီးတွေ)လဲ တက်ခေါက်တာပဲ'

ဟု ပြောပါသည်။ များသောအားဖြင့် လူခြေတိတ်ဆိတ်သော ညများ၌သာ အုန်းသီးပုံမှ တက်ခေါက်သံတွေ ကြားရတတ်ပါသည်။

ဆက်လက်၍ ထူးဆန်းအံ့ဖွယ် အုန်းသီးများကို စာရေးသူ လက်လှမ်းမီသမျှ စာဖတ်သူများ အုန်းသီးဗဟုသုတအလို့ငှာ တင်ပြလိုပါသည်။

## အုန်းသီးနှင့် ကန်တော့ပွဲများ

အုန်းသီးနှင့် အုန်းညွှန့်များသည် အောင်စေတတ်ဆောင်သည်ဟု ယုံကြည်မှုကြောင့် မြန်မာ့မှုအထွေထွေ ဆောင်ရွက်ရာတွင် ကန်တော့ပွဲ လှူဒါန်းခြင်း၊ ဘုရားပန်းကပ်ခြင်းတို့မှအစ ပါဝင်မြဲဖြစ်သည်။

အုန်းသီးသည် ကန်တော့ပွဲတိုင်းတွင် ပါရသည်။ အုန်းသီးပါသည့် ကန်တော့ပွဲများကို ဘာသာရေး အလှူဒါနတရားပွဲများ၊ မင်္ဂလာဆောင်အခမ်းအနားများမှအစ အသုဘချ ရှာပနအခမ်းအနားများအဆုံး တွေ့ရတတ်ပါသည်။



ကန်တော့ပွဲထိုးသည်။ ကန်တော့ပွဲထိုး၍ ပူဇော်သည်။ လှူဒါန်းသည်များမှာ မိမိထက် တစ်မိနစ်, တစ်နာရီ, တစ်ရက်, တစ်လ, တစ်နှစ်ကြီးသော ပုဂ္ဂိုလ်များအား လည်းကောင်း၊ ဆရာသမားများအား လည်းကောင်း ပူဇော်ခြင်း၊ ကန်တော့ခြင်း၊ လှူဒါန်းခြင်းသာ ဖြစ်သည်။

ဒါနတစ်ခု ပြုလုပ်ခြင်းပင် ဖြစ်သည်။ ထိုကန်တော့ပွဲဖြင့် ကန်တော့ခြင်း၊ လှူဒါန်းခြင်း၊ ပူဇော်ခြင်းသည် သက္ကစ္စဂါရဝနိဝါတ ဖြစ်ခြင်းကြောင့် ရိုသေခြင်း၊ အလေးဂရုပြုခြင်း၊ နှိမ့်ချရိုကျိုးခြင်း၊ အလေးအမြတ်ပြုခြင်း စသော အဓိပ္ပာယ်အမျိုးမျိုးကို ဆောင်ပါသည်။

## ထူးထူးခြားခြား ဆန်းဆန်းပြားပြား အုန်းသီးများ

### အုန်းပင်ပေါ်မှ အုန်းသီးအပင်ပေါက်ခြင်း

ရခိုင်ပြည်နယ် မေဃဝတီမာန်အောင်ကျွန်းတွင် မိုးရာသီ၌ အုန်းပင်များပေါ်မှ အပင်ပေါက်များကို နေရာတိုင်းလိုလို တွေ့ရှိရသဖြင့် အုန်းပင်ပေါ်မှ အုန်းသီး အပင်ပေါက်ခြင်းသည် ထူးဆန်းသည်ဟု မဆိုနိုင်ပါ။ ဖြစ်လေ့ဖြစ်ထမရှိသော နေရာများတွင် ထူးဆန်းသည်ဟု ဆိုကြပါမည်။

### အုန်းသီးတစ်လုံးမှ ပေါက်လာသော ထူးခြားအုန်း(၅)ပင်

၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ၊ အမှတ်(၂၃၅)၊ စာမျက်နှာ (၅၄) . နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် **"ဘားအံမြို့နယ်၊ ဘားကပ်ကျေးရွာအုပ်စု၊ တောကြီးကုန်းကျေးရွာနေ ဒေါ်ကာလီမာအိမ်၌ အုန်းသီးတစ်လုံးမှ အုန်းပင်(၅)ပင် ထွက်နေသည်"** ဟု ဓာတ်ပုံမှတ်တမ်းများဖြင့် ဖော်ပြခဲ့သည်ကို ထူးခြားစွာ သိရှိရပါသည်။

### နှစ်မြွှာအုန်းသီး

၂၀၀၇ ခုနှစ်၊ ဇွန်လ၊ အမှတ်(၂၅၁)၊ စာမျက်နှာ(၁၀၅) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် **ဆရာ ကျောင်းတော်ရာမောင်လှ၏ "ထူးခြားအုန်းသီးနှင့်......"** ဆောင်းပါး၌ ဗန်းမော်မြို့၊ မြနန္ဒာရပ်ကွက်၊ အမှတ်(၁၂)နေ အဘွား ဒေါ်အုန်းလှိုင်သည် ဆီသတ်ရန် အုန်းသီးတစ်လုံးခွဲရာ အုန်းသီးသည် အပြင်မှာ သာမန် အုန်းသီးတစ်လုံးကဲ့သို့ပင် ဖြစ်သော်လည်း အထဲမှာသူ့အလုံးအဆန် အရည်သီးသန့်နှင့် အလုံးဆန် နှစ်ဆန် ဖြစ်နေသည်ကို တွေ့ရသည်။

ထိုအဆန်နှစ်ခုကို ပြန်ဆက်လိုက်လျှင် ရင်ချင်းဆက်အမြွှာပုံစံမျိုး ဖြစ်နေတော့၏။ အုန်းသီးတို့သဘာဝ အထဲတွင် အလုံးဆန် တစ်ဆန်သာ ရှိသော်လည်း သာမန်ထက် ထူးပြီး နှစ်ဆန်ဖြစ်နေသည်ကို "အဘွားဒေါ်အုန်းလှိုင်နှင့် နှစ်မြွှာအုန်းသီး" ဟု ဓာတ်ပုံများနှင့်တကွ ဖော်ပြခဲ့သည်ကို ထူးဆန်းစွာ



www.burmeseclassic.com

www.burmeseclassic.com

သိရှိရပါသည်။

**အုန်းသီးအမြွှာတေများ**


ချိုးဥအမြုတေ၊ ဝါးအမြုတေ၊ အုန်းအမြုတေ စသည်ဖြင့် အမြုတေ အမျိုးမျိုး ရှိကြပါသည်။ အမြုတေ မှန်သမျှတွင် သူ့နည်းသူ့ဟန် သူ့ အတိုင်းအတာနှင့် ထူးဆန်းသော အစွမ်းသတ္တိများ ရှိနေကြသည်။ တကယ်စစ်မှန်သော အမြုတေဖြစ်ရန်သာ လိုသည်။

အချို့အမြုတေက နေလာဘသိဒ္ဓိဘက်၌ အကျိုးပြု၏။ အချို့က ပီယဘက်၌ လည်းကောင်း၊ အချို့က ကာယဘက်၌ လည်းကောင်း အကျိုးပြုကြောင်း သိရပါသည်။ အမြုတေ မှန်သမျှ အခြားအစွမ်းထက် ကာယသိဒ္ဓိဘက်မှာ ပို၍ အစွမ်းထက်ပြီးမြောက်ကြောင်း ကြားဖူးပါသည်။

စာရေးသူ ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့တွင် အမှုထမ်းစဉ်က ချိုးဥအမြုတေနှစ်လုံးကို တွေ့ခဲ့ဖူးပါသည်။ သံကဲ့သို့ မာပြီး လေးပါသည်။ ထိုဥနှစ်လုံးကို ထိပ်ချင်းဆိုင်ထားလျှင် လည်နေပါသည်။ ကြက်လည်ပင်းတွင် တွဲ၍ သေနတ်နှင့် ပစ်ကြည့်ရာ ကျည်မထွက်ပါ။ အခြားတစ်ဖက်ကို လှည့်၍ ပစ်ကြည့်ရာ ဒိုင်းခနဲ ကျည်ထွက်သွားပါသည်။

ထိုဥနှစ်လုံးကိုပင် တိုင်ထိပ်ပေါ်တင်ပြီး ပစ်လိုက်ရာ ဒိုင်းခနဲ ကျည်ထွက်သွားပြီး တိုင်ကို ထိမှန်ကာ ချိုးဥတစ်လုံး မည်သည့်နေရာသို့ လွင့်စဉ်ပျောက်ကွယ်သွားသည်ကို မသိလိုက်ကြပါ။

'အုန်းသီးအပြင်ခွံ(epicarp)က အနက်ရောင်၊ လှုပ်ကြည့်တော့ တချောက်ချောက်နဲ့ မြည်နေတယ်။ ခွဲကြည့်တော့ အလယ်ခွံ



အုန်းဆန်(mesocarp)လဲ အနက်ရောင်၊ အုန်းမှုတ်ခွံ(ရိုးရိုးအခေါ် မာလာခွံ(သို့မဟုတ်) ခတိုခွံ)(endocarp)ကလဲ အနက်ရောင်၊ အုန်းသား(endosperm)လဲ အနက်ရောင် အတွင်းသန္ဓေလုံးက ကျောက်ဒိုးကဲ့သို့ အနက်ရောင်ဖြစ်ပြီး မာကျောနေတယ်'

ဟု အုန်းအမြုတေနှင့် ပတ်သက်၍ **၂၀၁၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ၊ အမှတ်(၂၈၃)၊ စာမျက်နှာ(၂၅၁) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဆရာရောမြေကျော်ဝေက "အုန်းဓကမှတ်နှင့် အဆောင်ကောင်းတစ်ခု"** ဆိုသော ဆောင်းပါးတွင် ဖော်ပြခဲ့ပါသည်။

အုန်းသီးအမြုတေများနှင့် ပတ်သက်၍ အုန်းသီးကို လှုပ်ကြည့်လျှင် ဂလုတ်ဂလုတ်ဟုမြည်၍ အုန်းသီးထဲ၌ ဆီး(ဇီး)စေ့ခန့် မည်းနက်သော ပစ္စည်းတစ်ခု ဖြစ်သည်ဟူ၍ လည်းကောင်း၊ အုန်းသီးထဲမှ အုန်းသီးလေး တစ်လုံးသည် ကွမ်းသီးလုံးခန့်ရှိပြီး ကြွက်မြီးပင် ပါရှိသည်။

ထိုအုန်းသီးလေးကို အမွေးနံ့သာများ ပက်ဖျန်းထားရှိသဖြင့် စီးပွားလာဘ်လာဘ တက်သည်ဟူ၍ လည်းကောင်း ၂၀၁၀ ပြည့်နှစ်၊ ဧပြီလ အမှတ်(၂၈၅)၊ စာမျက်နှာ (၆၀) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဆရာ မောင်မောင်ထွန်း(မုံရွာ)၏ **"အုန်းသီးထဲမှ ရရှိသည့် အုန်းသီးအမြုတေ"** ဆောင်းပါးတွင် ဖော်ပြခဲ့သည်ကို တွေ့ရှိရပါသည်။

အုန်းသီးအမြုတေများ၏ ထူးခြားချက်မှာ ပြင်ပအုန်းသီးက မျက်စိ(၃)ပေါက်ဖြစ်ပြီး အတွင်းမှ အုန်းသီးငယ်က မျက်စိ(၁)ပေါက်သာရှိခြင်း၊ ပြင်ပအုန်းသီးက မျက်စိ(၁)ပေါက်သာရှိပြီး အတွင်းမှ အုန်းသီးငယ်က မျက်စိ(၃)ပေါက်ရှိနေခြင်းဟု အချို့ဂမ္ဘီရသုတေသီတို့က ဆိုပါသည်။

'အပြင်အုန်းသီး မျက်စိ(၁)ပေါက်၊ အတွင်းအုန်းသီးငယ်မှာ မျက်စိ(၁)ပေါက်ဆိုရင် အစွမ်းအထက်ဆုံးပဲ။ အပြင်အုန်းသီးက မျက်စိ(၃)ပေါက်၊ အတွင်းအုန်းသီးငယ်ကလဲ မျက်စိ(၃)ပေါက်ဆိုရင် အစွမ်း အလျော့ဆုံးလို့ သတ်မှတ်ရတယ်'

ဟူ၍ **၁၉၉၈ ခုနှစ်၊ ဇူလိုင်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင်** ဆရာ မောင်ထူး ရေးသားခဲ့ပါသည်။

အုန်းမှုတ်ခွံရှိ မျက်စိပေါက်များနှင့် ပတ်သက်၍ ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် ဆရာမန္တလာဦး၏ **"ထူးခြားသော ဂမုန်းအမျိုးမျိုး"** ဆောင်းပါးကို ကိုးကားလျက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ချစ်သူများအတွက် ဆက်လက်တင်ပြလိုက်ပါသည်။

**ဓကမှတ်**

အုန်းသီးလုံးရေ တစ်ထောင်ခန့်ကို စုပုံထားလျှင် အပေါ်ဆုံးရှိ အုန်းသီးများကို သတိထား၍ မှတ်သားပါ။



www.burmeseclassic.com

www.burmeseclassic.com

ထိုအပေါ်ဆုံးရှိ အုန်းသီးများကို ဆေး (သို့မဟုတ်) ထုံးဖြင့် မှတ်၍ အုန်းသီးပုံကြီး၏ အောက်သို့ ရွှေ့ထားလိုက်ပါ။

နံနက်မိုးလင်းလျှင် ဆေးဖြင့် မှတ်သားထားသော တစ်လုံးတည်းသော အုန်းသီးသည် သူ့အလိုအလျောက် အပေါ်ထိပ်သို့ ရောက်ရှိနေလိမ့်မည်။ ထိုအုန်းသီးကိုပင် သေချာစွာ မှတ်သားပြီး အုန်းသီးပုံကြီး အောက်သို့ ရွှေ့ကြည့်ပါ။ နောက်တစ်နေ့တွင် ထိုအုန်းသီးသည် အုန်းသီးပုံထိပ်သို့ပင် ပြန်ရောက်ရှိနေကြောင်း တွေ့ရလျှင် **"ကေမှုတ်"** ဖြစ်နေပြီဟု မှတ်ပါ။

**အုန်းခွံ အနက်ဆိုလျှင် ပိုစွမ်းသည်။**

မျက်စိပေါက် တစ်ပေါက်တည်းရှိသော အုန်းဖြစ်၍ ကေမှုတ်အုန်းဟု ခေါ်သည်။ ကာယသိဒ္ဓိနှင့် လာဘ်ပွင့်အဆောင်များ စီရင်ရာတွင် ပြုလုပ်လေ့ ရှိသည်။ ရှားပါးသဖြင့် တွေ့ရခဲသည်။

**ဒွိမှုတ်အုန်း**

မျက်စိပေါက် နှစ်ပေါက်ရှိသော အုန်းသီးဖြစ်သည်။ အထူးသဖြင့် နှစ်ကိုယ်တူ အချစ်ခိုင်မြဲစေရန်၊ ချစ်ခင်လာစေရန်၊ အများနှင့် သဟဇာတကျစေရန်အတွက် ပိယသိဒ္ဓိများကို စီရင်ရာတွင် အသုံးပြုသည်။ အုန်းမှုတ်ခွံ အပြားၤ၌ စမအက္ခရာများ ရေးသွင်းပြီး လည်ဆွဲပြား၊ လက်စွပ်တို့ကို ပြုလုပ်ဝတ်ဆင်ကြသည်။

**တြိမှုတ်အုန်း**

အုန်းသီးအများစုတွင် မျက်စိပေါက် (၃)ပေါက် ပါကြသော်လည်း ပီပြင်ထင်ရှားသော အကန့်(၃)ကန့်ကိုပေါ်လွင်စွာတွေ့မြင်ရသည်။ အုန်းခွံ (အုန်းမှုတ်ခွံ)သည် အဖြူရောင်ဖြစ်သည်။ အုန်းသီးအထောင်အသောင်းတွင် တစ်လုံးတွေ့ရန် မလွယ်ကူပေ။ ရှားပါးပါသည်။ ဆေးဝါးဖော်စပ်ရာ၌ အမှုန့်ကြိတ်သုံးစွဲလျှင် ထက်မြက်သော သတ္တိရှိကြောင်းသိရသည်။

**စတုမှုတ်အုန်း**

ရင်ချင်းဆက်အမြွှာအုန်းဟု ယူဆရပါမည်။ မျက်စိပေါက် (၄)ပေါက် ရှိ၏။ ထူးခြား၍ ရှားပါးပါသည်။

လာဘ်ပွင့်အစီအရင်အားဖြင့် အင်းရေးခြင်း၊ ပုတီးလုပ်ခြင်း၊ ရှင်သီဝလိပုံတော် ထုလုပ်ခြင်းတို့ကို စီရင်လေ့ရှိသည်။ ဈေးခေါ်အဖြစ်လည်း အသုံးပြုကြသည်။

မျက်စိပေါက် လုံးဝမပါသော အုန်းသီးနှင့် မျက်စိပေါက် (၅)ပေါက် ပါရှိသော အုန်းသီးများကိုမူ တွေ့ရှိသည်ဟု ပြောဆိုသံ မကြားမိပါ။ ရှိခဲ့လျှင်လည်း သာမန်အုန်းသီးနှင့် မတူသဖြင့် ထူးဆန်းသည်ဟု ဆိုရပါမည်။

**မောင်သိန်းတန်(မာန်အောင်)**

## စာမျက်နှာ (၁၉၅)မှ အဆက်

တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြီး ရေပ်ပေါ်မှဆင်းလာ ဘုရားတော်လည်း ရှာဖွေသော်လည်း အရိပ်အယောင်မှ မမြင်ရပါ။

ဘွမ်းခံ စောစောထွက်သွားသည်ဟု၍ ဆယ်နာရီထိုးသည်ထိ စောင့်ခဲ့ကြပါသည်။ ထူးခြားမှု မရှိသောကြောင့် ဆယ်နာရီခွဲ ဘုရားပေါ်မှ ဆင်းလာခဲ့ကြသည်။ မည်သည့်စကားကိုမျှ မပြောကြဘဲ စိတ်ကူးနှင့်ကိုယ် စဉ်းစားနေကြပါသည်။

ရွာဝင်နားမှ ဦးထွန်းငြိမ်းအိမ် ဝင်မေးတော့ ဒီပုဂ္ဂိုလ်ကို မမြင်ရတာ သုံးရက်ဆောက်ရှိပြီဟု သိရသည်။ ဦးထွန်းငြိမ်းအိမ်မှာ ထိုင်နေစဉ်...

'အဲဒီကိုရယ် ကျွန်မ ချူသတိရတယ်။ လွန်ခဲ့တဲ့ သုံးရက်ခန့်က ဘုန်းကြီးလို ထင်ရတဲ့ ပုဂ္ဂိုလ်တစ်ပါး ဘုရားပေါ်က အရှေ့ဘက်ကို သပိတ်လွယ်ပြီး တောင်းကင်းဆီက ကြွသွားတာကို အိမ်ဘက်မှာ ကျွန်မ ထင်ထင်ရှားရှား မြင်လိုက်ရတယ်'

ကျွန်တော် ဇနီးကိုကြည့်ကာ စောစောက မပြောကောင်းလားဟု ခေါ်သမျက်လုံးနှင့် ကြည့်နေသည်ကို ဓာတ်ပုံဆရာ မောင်မောင် မြင်သွားဟန်တူသည်။

'ဘယ်လိုမှ သဘောမထားပါနဲ့ကွာ ဘာတတ်နိုင်မှာလဲ။ ကုသိုလ်ရေစက်က ဒီလောက်ပဲ ပါတာကိုး။ တွေ့ခွင့်ပါတာကိုး။ လူ့အနိုး လိုတဲ့အခါ ရှိမယ့် လူ့နိမ့်ချွဲ့ ကံပါတာကိုး ကဲအခုမြန်ကြရအောင် ဘုန်းကြီးတစ်ပါးကို လှူလိုက်လဲ ကုသိုလ်ရပါတယ်ကွာ'

ဦးထွန်းငြိမ်းအိမ်မှ ပြန်လာခဲ့ကြပါတော့သည်။

**နန္ဒကျော်(လ/သ)**

[နှိုးဆော်ပါသည်။ ဤဆောင်းပါးကို ရေးရခြင်းမှာ ကျွန်တော်တို့မြန်မာနိုင်ငံအနှံ့မှာ တောတောင်များ ထူထပ်သော နေရာဖြစ်၍ ဒီလို ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ ရှိနိုင်ပါသောကြောင့် ထိုပုဂ္ဂိုလ်များသည် အတွင်းအချို့မျိုးနှင့် လှည့်လည်သွားလာနေကြပါ၍ ကာယကံ ဇီဇာ၊ မရောက်များနှင့် မပြစ်မှားမိကြပါရန် အသိပေးနှိုးဆော်ချင်း ဖြစ်ပါသည်။]

## စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့ . . .

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီး ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ သမိုင်းမှတ်တမ်းတင်ပြီး ဖြစ်ပါလိမ့်မည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်ကုသိုလ်တော် ယူကြပါရန်မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

လေးစားစွာဖြင့်. . .

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com





# လေးဖက်နာ

## သက်သာပျောက်ကင်းတဲ့ လိမ်းဆေး

ကျွန်မတို့ရွာရဲ့ အရှေ့စူးစူး မြစ်ကမ်းနဖူးက ရွာသစ်ကလေးဆိုတဲ့ . ကူးတို့ဆိပ်ရွာကလေးကို ထွက်လာခဲ့ပါတယ်။

အကြောင်းကတော့ ၊လေးဖက်နာ သက်သာပျောက်ကင်းတဲ့ လိမ်းဆေး အကြောင်းကို ကျွန်မတို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ဆောင်းပါးတစ်ပုဒ် ရေးထုတ်ဖို့ ကုန်ကြမ်းယူရင်း ဆိုကြပါစို့နော်။

ကိုကြီးကျော်သန်း ရွာလာတုန်းက...

'လက်တွေ့ကျကျ သိရမှ ရေးမယ်ဆိုရင် ရွာလာခဲ့'

ရယ်လို့ အမှာစကား ရှိထားတာကြောင့်ပေါ့ရှင့်။

သူတို့အိမ်ဝင်းထဲ ရောက်တော့ အသက်(၆၀)ကျော် အပျိုကြီး(၂)ယောက် (ဒေါ်ဒေါ် ဒေါ်ခင်လေး၊ ဒေါ်ခင်ထွေး)တို့နဲ့တွေ့ရပါတယ်။ မောင်းထောင်း ဆန်ပြာနေရာက ဆန်ကော၊ ဆန်ခါတွေ သိမ်းပြီး ဧည့်ခန်းကို ခေါ်သွားကြပါတယ်။

မြန်မာဓလေ့စဉ်လာ ပျူပျူငှာငှာနဲ့ လက်ဖက်၊ ဆေး၊ ကွမ်း၊ ရေနွေးကြမ်း၊ မုန့်၊ ပဲ၊ ကြံသကာ စုံလင်စွာ ဧည့်ခံကြပါတယ်။

မြစ်ကမ်းဆိပ်က ရေချိုးပြန်လာကြတဲ့ အတူနေ တူမ(ကိုကျော်သန်း+မသိန်းမေတို့)ဇနီးမောင်နှံလဲ ရောက်လာကြလို့ ဧည့်ခန်းမှာ စိုစိုပြည်ပြည်ပဲပေါ့ရှင့်။

တစ်ဦးနဲ့တစ်ဦး နှုတ်ခွန်းဆက် စကားများ ပြောကြပြီးတဲ့နောက် လာရင်းကိစ္စကို သိနေတဲ့ ကိုကြီးကျော်သန်းက...

'ကဲ ငါ့ညီမ ရှင်ပပ ညည်းက ဆေးဝါးတစ်ခု ဆောင်းပါးတစ်ပုဒ် ရေးတဲ့အခါမှာ လက်တွေ့ကျမှ ရေးချင်တာဆိုတော့ ညည်းရှေ့မှာ ထိုင်နေတဲ့ ဒေါ်ကြီး(ဒေါ်ခင်လေး)ကိုယ်တိုင် ဖြစ်တာအေ့။ ကာယကံရှင်ကို စုံစုံလင်လင် မေးပေတော့...'

'အေးပေါ့ဟယ် ငါ့တူမကို ဒေါ်ကြီး ပြောတတ်သလောက် ပြောရတာပနော။ ဒီလို အေရဲ့ စဖြစ်တာက **ဒူးဆစ်ကအေ့။ နောက်တော့ ခြေဆစ်၊ လက်ဆစ်၊ ပခုံးဆစ်တွေပါ** ရောက်သွားတာနော။ **ကိုက်တယ်၊ နာတယ်၊ ရောင်တယ်အေ့။ နောက်ဆုံးတော့ ဘယ်မှ မသွားနိုင်တော့ဘဲ အိပ်ရာထဲ** လဲတော့တာပါပဲအေနော။

ဒါနဲ့ ဟိုဟာလိမ်း ဒီဟာလိမ်း ပြောမဆုံးပေါင် တောသုံးထောင်ပါပဲ အေနော။ အဲဒါ(၆)လလောက် ကြာသွားတယ် ထင်တာပဲအေ။

မောင်ကျော်သန်း ဘယ်က ယူလာတယ်မသိဘူး။ သူ ဖော်ပေးတာ လိမ်းတာအေ့၊ တစ်နေ့(၃)ကြိမ်မကာဘူး။ အဲဒါ ရက်(၂၀)ကျော်ကျော် (၁)လနီးနီး နေမှာပေါ့အေ နော၊ ဒါနဲ့ ပျောက်သွားတာအေ့။

ခုတော့ လှုပ်နိုင် ရှားနိုင် ရေခွဲနိုင်တယ်အေ့။ ညည်းမြင်တဲ့အတိုင်း မောင်းထောင်းနိုင်တယ်။ ဆန်ပြာနိုင်တယ်။ အေးပေါ့ဟယ်။ ဆေးနည်းကိုတော့ မောင်ကျော်သန်းဆီ မေးသွားပါနော။

ကောင်းတယ်ဟဲ့ ငါ့တူမရဲ့'

'ကဲ ကိုကြီးကျော်သန်း ကျွန်မ ရိုး...
ပြောရရင် ခုအတိုင်းဆိုရင် ကြိုက်သွား...
ကိုကြီးကျော်သန်းကသာ ဆေးနည်း...
ပေတော့နော်'

'ပေးရမှာပေါ့ ပေးချင်လို့ ခေါ်ခဲ့တာ... ကွယ့် ငါ့ညီမရဲ့။ ကဲ...ကဲ ဘုတ်အု... ထုတ်လိုက်ဦး။ ဘောလ်ပင်ပါလာ... အေး...အေး လိုက်ရေး...လိုက်ရေး'

### လေးဖက်နာပျောက်တဲ့ လိမ်းဆေး

၁။ ပင့်ကူအုပ်ဆောင်း (ခေါ်) ပင့်ကူဦး... (ခေါ်) ပင့်ကူထိပ်ပိတ် အရွက် လက်(၁)ဆု... သတ္တုရည်၊

၂။ သုံးထပ်ပဒိုင်း (ခေါ်) ပန်းသုံးဆင့်ပဒိုင်း (ခေါ်) ခတ္တာပဒိုင်း (ခေါ်) ဆေးပဒိုင်း (ခေါ်) ပဒို... နက်အရွက် လက်(၁)ဆုပ် သတ္တုရည်

၃။ ဇာတိပ္ဖိုလ်သီး(၁)လုံးအမှုန့်

၄။ ပရုတ်အမှုန့်(၁)ကျပ်သား

၅။ မုန်ညင်းဆီ(၁၀)ကျပ်သား

ဆေး(၅)မျိုး ဒန်အိုးထဲထည့်၊ မီးကို... နဲ့ ဖြည်းဖြည်းကျို၊ နွေးနွေးလိမ်း၊ ကိုရ... ကြီး(ခေါ်)ကိုယ်ရံကြီးရွက် မီးကင် က... ထား၊ စည်းထားပါ။ လေးဖက်နာ သက်... သာပျောက်ကင်းတဲ့ လိမ်းဆေး ဖော်က... ပေး ပျောက်ရေး မခက်ပါ။

ကျေးဇူးစကား

**ဒေါ်ဒေါ်(ဒေါ်ခင်လေး၊ ဒေါ်ခင်ထွေး... တို့နှင့်တကွ (ဦးကျော်သန်း+ဒေါ်သိန်း... မေ)မိသားစုအားလုံးကို ကျေးဇူး... အထူး တင်ရှိပါကြောင်း မှတ်တမ်းတင်... အပ်ပါသည်။**

**ဝင်းပပအောင်**
**(တုံရွာ၊ ဆားလင်းကြီး)**



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပဟေဠိ


အဖြေညှိကြစို့

ဆရာကြီးဦးအောင်မြင့် (ဥပဒေအတွဲ့) လက္ခဏာဗေဒင်ပညာသုတေသီ

ယခုလအတွက် ဖော်ပြပေးလိုက်သော ညာလက်ဖဝါးပုံစံ ပိုင်ရှင်မှာ **အသက်ငါးဆယ်ဝန်းကျင် အမျိုးသားတစ်ဦး** ဖြစ်ပါသည်။လက္ခဏာပညာရှုထောင့်မှ သေချာစွာ. ကြည့်ရှုစစ်ဆေးပြီး အောက်ပါ မေးခွန်းများကို ဖြေကြည့်ပါ။

- ဘယ်မှာနေနေ ဘာလုပ်လုပ် အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားနိုင်ခြင်း ရှိ/မရှိ
- စပ်တူ ရှယ်ယာလုပ်ခြင်းနှင့် တစ်ဦးတည်းကိုယ်ပိုင်လုပ်ခြင်းတို့တွင် မည်သည်က ပိုပြီးအကျိုးပေး အောင်မြင်နိုင်မည်နည်း။
- ဘဝမှာ သူတစ်ပါး အကူအညီအထောက်အပံ့ကောင်း ရရှိမှသာ အောင်မြင်တိုးတက်နိုင်သူ ဖြစ်ပါသလား။
- အလုပ်အကိုင်တစ်မျိုးတည်းကို စွဲမြဲစွာလုပ်ကိုင်သူလား။ အလုပ်အကိုင်အမျိုးမျိုးကို တွဲလုပ်နေသူလား။
- မိသားစုနှင့်ခွဲအုပ်ချုပ်မှုစွမ်းရည် ကောင်း/မကောင်း။

မိမိတို့၏ အဖြေကို အကြောင်းပြချက်နှင့်တကွ သီးခြားစာရွက်လွတ်မှာ ရေးမှတ်ပြီးမှ ပဟေဠိအဖြေနှင့် ညှိနှိုင်းတိုက်ဆိုင်ကြည့်ဖို့ အကြံပေးအပ်ပါသည်။




ပဟေဠိ အဖြေများကို
စာမျက်နှာ(၂၀၆)တွင်ကြည့်ရှုပါရန်။


www.burmeseclassic.com

# သင်္ကေတများ၏

## ဘာသာစကား(၃၅)

ဟုကျင်ဇီ

### ပင်လယ်



သမုဒ္ဒရာထက်ငယ်သော ရေများစုဝေးရာနေရာ ဖြစ်သည်။ စီးဆင်းနေသောရေ(အထူးသဖြင့် သမုဒ္ဒရာအတွင်း လှည့်ပတ်နေသောရေ)သည် လေ၊ အငွေ့များကဲ့သို့ ပုံသဏ္ဌာန်မဲ့ ပစ္စည်းများနှင့် မြေကြီး၊ အစိုင်အခဲကဲ့သို့ ပုံသဏ္ဌာန်ရှိသော ပစ္စည်းများ နှစ်ရပ်အကြား ဆက်သွယ်ပေးသော ကြားခံနယ်ဖြစ်သည်။

**မွေးဖွားခြင်းအောတိနှင့် သေဆုံးခြင်းမရဏအကြား ဆက်သွယ်ထားသည့် ဘဝဖြစ်စဉ်နှင့် အလားသဏ္ဍာန် တူညီသည်။**

ထို့ကြောင့် သမုဒ္ဒရာသည် မွေးဖွားခြင်း၊ တည်မှီခြင်းကို သာမက သေဆုံးခြင်း၊ အဆုံးသတ် ပျောက်ကွယ်ခြင်းကိုလည်း ညွှန်းသည့်သင်္ကေတ ဖြစ်ကာ ပင်လယ်မှာ ချုပ်ငြိမ်းပျောက်ပျက်ခြင်း၊ မူလနေရာသို့ ပြန်ရောက်ခြင်းကို အဓိပ္ပာယ်ဖော်သည်။

ပင်လယ်ဆီသို့ ပြန်သွားသည်။ မိခင်ထံသို့ ပြန်သွားသည် စသည်တို့သည် **"သေသွားသည်၊ ကွယ်လွန်သည်"**ဟု အဓိပ္ပာယ်ရသော ဝေါဟာရသင်္ကေတဖြစ်သည်။

အရှေ့တိုင်း တရုတ်ဓလေ့တွင်ကား ပင်လယ်(Sea)နှင့် သမုဒ္ဒရာ(Ocean)ကို ခွဲခြား၍မဆို ဟိုင်ယန်(Hǎi Yǎng)ဟုသာ ခြုံငုံခေါ်ဝေါ်ကြကာ အထူးပြုရန် လိုအပ်ပါက **"ကြီးသော"**ဟူသော နာမဝိသေသန **"တာ့"**Dà ဖြင့် ဖော်ပြသည်။ **"တာ့ယန်"**Dà Yǎng ပင်လယ်ကြီးဟု တိုက်ရိုက် အဓိပ္ပာယ်သက်ရောက်သည်။

တရုတ်တို့၏ ပထဝီအနေအထားနှင့် ရှေးခေတ် ကူးလူးဆက်ဆံမှုများအရ ပင်လယ်သမုဒ္ဒရာ ရေလမ်းခရီးကို အဓိက အားပြုခဲ့ကြသဖြင့် အရပ်လေးမျက်နှာကို "စိရ်ဟိုင်"Sì Hǎi **ပင်လယ်လေးရပ်**ဟု သုံးနှုန်းကြသည်။


ပင်လယ်ကို ကျယ်ပြန့်ခြင်း၊ အဆုံးအစမရှိသော အနန္တကိန်း(∞)infinty အဖြစ် သင်္ကေတပြုကြသည်။ ကြီးကျယ်ခြင်း၊ များပြားခြင်းကိုလည်း ရည်ညွှန်းသည်။

"ရဲင်းဟိုင်"Rén Hǎi = လူပင်လယ်၊ လူတောဟု ဆိုလို၍ "ဟွော့ဟိုင်"Huŏ Hǎi= **မီးပင်လယ်၊ ဒုက္ခအခက်အခဲများပြားပြည့်နှက်နေခြင်း**ဟု ညွှန်းခြင်းဖြစ်သည်။

"ဟိုင်းခို"Hǎi Kǒu = ပင်လယ် +ပါးစပ်သည် **"ပင်လယ်ဝ"**ကို ညွှန်းဆိုသကဲ့သို့ **"တောင်လိုမောက်အောင် ကြီးကျယ်စွာ ကြွားဝါ၍ ပြောသော စကား"** ဟုလည်း အဓိပ္ပာယ်သက်ရောက်သည်။

**ထို့အပြင် ပင်လယ်သည် ပြည်ပ ရပ်ခြား၊ နိုင်ငံခြားဟူသော အဓိပ္ပာယ် အဖြစ်လည်း သုံးနှုန်းတတ်ကြသည်။**

### စည်းတံဆိပ်



အထိမ်းအမှတ်၊ အမှတ်အသား... ရိုက်နှိပ်၊ ခတ်နှိပ်သော "စည်း"(S... တံဆိပ်ဖြစ်သည်။ ဤသင်္ကေတသည်... ပိုင်ဆိုင်သူရှိကြောင်း ညွှန်ပြသော... သင်္ကေတဖြစ်သည်။

စည်းတံဆိပ် ခတ်နှိပ်ရာတွင် အသ... ပြုလေ့ရှိသော ချိပ်၊ ပျားဖယောင်း... စသည်တို့သည်ကား အပျိုစင်... သန့်စင်ခြင်းကို ရည်ညွှန်းသကဲ့သို့... အောင့်အည်းမျိုသိပ်ထားရသော ဆန္ဒ... ရင်တွင်းဝေဒနာနှင့် သဘောထား... ကျဉ်းမြောင်း သေးသိမ်ခြင်းကိုလည်း... အဓိပ္ပာယ်ဆောင်ပေးသည်။

ပြုပြင်ဖန်တီးထားခြင်း မရှိသည့်... မူလပကတိ အရိုင်းတုံးအခြေအနေ... ညွှန်ပြရာ၌လည်း အသုံးပြုလေ့ရှိ... သည်။

### အရိပ်



အလင်းရောင် ထိတွေ့ဖြစ်သန်... တွင် ဖြစ်ပေါ်လာသော အရိပ်ဖြစ်သည်... အလင်းရောင် ဖြစ်ပေါ်လာစေ... အဓိက အလင်းပေးသည့် အရာ... နေရောင်ခြည်သည် သတ္တဝါ... စိတ်ဝိညာဉ် ကိုယ်စားပြု... ဖြစ်သည် ဆို၏။





www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် အရိပ်သည် ယင်းနှင့် ဆန့်ကျင်ဘက် သဘောများဆောင်သည်။ ကိုယ်ခန္ဓာရှိ မကောင်းမှု အကုသိုလ်နှင့် ပယောဂ အနှောင့်အယှက်များ ကျက်စားရာ နယ်ပယ်ဖြစ်လေသည်။

အရိပ်သည် မကောင်းမှု ဒုစရိုက်များကို ကိုယ်စားပြုလေ့ရှိသော သင်္ကေတဖြစ်သည်။

အရိပ်နှင့်ဆင်တူသော တည်ငြိမ်သည့် ရေမျက်နှာပြင်ပေါ်မှ ပုံရိပ်နှင့် ကြေးမုံမှန်များ၌ ထင်ဟပ်သော ပုံရိပ်များကား သဘာဝ၊ အရိုးခံ အခြေအနေကို ညွှန်ပြသည်။

တစ်ဦးတစ်ယောက်၏ ကိုယ်ရေးအချက်အလက်များ ဟန်ဆောင်ခြင်း၊ ဟန်ဆာဆင်ခြင်း ကင်းမဲ့သော သဘာဝ ဓလေ့စရိုက်များနှင့် တစ်စုံတစ်ရာ ကြီးကျယ်မြင့်မြတ် အောင်မြင်သော အခြေအနေ မရောက်မီ ရှေးသမိုင်းဦးဖြစ်စဉ် (**မြန်မာမှုတွင် မင်း၊ ဘုရင်များတို့၏ အိမ်နိမ့်စံ ဘဝနှင့် သဘောချင်း တူညီသည်။**)တို့ကို ကြေးမုံရိပ်၊ ရေပြင်ပုံရိပ်ဖြင့် သင်္ကေတပြု ဖော်ပြတတ်ကြသည်။

အင်္ဂလိပ်စာပေတွင်ကား အရိပ် (Shadow)ကို နောက်ပါးမှ ထက်ကြပ်မကွာရှိနေခြင်း အဓိပ္ပာယ်ဖြင့် တင်စားသုံးနှုန်းသည်။ Keep a secret watch; follow all the movment of. လျှို့ဝှက်စောင့်ကြည့်သည်၊ ထက်ကြပ်မကွာ လိုက်လံကြည့်ရှုသည်ဟု အဓိပ္ပာယ်ရသည်။

တရုတ်ဓလေ့တွင်မူ အရိပ်ကို "**အရိပ်အယောင်၊ အစအန**"ဟု တင်စားသုံးနှုန်းသည့်အပြင် ခေတ်ပေါ်သုံးအဆောင်များ ဖြစ်ကြသော ဓာတ်ပုံ ရုပ်ရှင်တို့ကိုလည်း "**အရိပ်**" စာလုံးဖြင့် တွဲဖက်သုံးစွဲကြသည်။

တရုတ် "**ထိုက်ကျိ**"ရုပ်ပုံနှင့် ယင်းယန်းအယူအဆများအရ အရိပ်သည် "**ယင်း**"၏ သင်္ကေတလည်း ဖြစ်လေသည်။

## ကောက်လှိုင်းစည်း



စည်းနှောင်ခြင်း၊ အစည်းဟူသော သဘောကို ဆောင်သည်။ ဂျုံ ဘာလီ၊ စပါး စသည်တို့၏ အပင်အနှံတို့ကို စုစည်း ချည်နှောင်ထားပုံဖြင့် ဖော်ပြထားကြသည်။

ရှေးဟောင်း အီဂျစ်အရုပ်စာ သင်္ကေတတစ်ခုဖြစ်၍ **အနားသတ်ပေါင်ရှိခြင်း၊ တိကျသော စည်းကမ်း ပြဋ္ဌာန်းချက်ရှိခြင်း အဓိပ္ပာယ်ဖော်သည်။**

တရုတ်တို့က Shù "ရှူ"ဟု ခေါ်ဝေါ်၍ စည်းနှောင်ခြင်း တိုက်ရိုက်အနက်အပြင် "**ထိန်းချုပ်ခြင်း၊ ချုပ်တည်းခြင်း**"ဟူသော စိတ်ခံစားချက် ဝေါဟာရအဖြစ်လည်း သုံးနှုန်းကြသည်။ ဆင်ခြင်တုံတရား၏ သင်္ကေတဖြစ်သည်။

## သားရေ



တိရစ္ဆာန်တို့၏ အရေပြားဖြစ်သည်။ အထူးသဖြင့် ဝက်ဝံရေ၊ မိကျောင်းရေတို့ကို သင်္ကေတပြုလေ့ ရှိကြသည်။ သားရေသည် မွေးဖွားခြင်းနှင့် တစ်ဖန်ပြန်လည်မွေးဖွားခြင်း အနက်ဆောင်သည်။

အီဂျစ်တို့၏ ထုံးဓလေ့တွင် သားရေ(ကြိုး)ကို အထုံးသုံးခု ထုံးနှောင်ထားပါက "**မွေးဖွားသန့်စင်သည်**"ဟု အဓိပ္ပာယ် ဖော်ဆောင်သည်။ ယင်းအပြင် အခြေအနေ၊ အကြောင်းကိစ္စတစ်ရပ်ဖြစ်ပေါ်လာခြင်း၊ သယ်ဆောင်လာခြင်း၊ ပုံဖော်ဖြစ်တည်ခြင်းနှင့် ကလေးသူငယ် စသည်တို့ကိုလည်း ရည်ညွှန်းလေ့ရှိသည်။

ကလေးသူငယ်မှာ မွေးဖွားခြင်းကို ကိုယ်စားပြုခြင်း ဖြစ်သည်။ သက်ရှိလူသားအနေဖြင့် ရုပ်၊ နာမ်နှင့် ရှင်သန်မှု အသက်ဓာတ်တို့ကို ဖော်ဆောင်ထားခြင်းဖြစ်သည်။

[**ကျမ်းတွင်** the body, the soul and the spirit **ဟူ၍ ဖော်ပြထား၏။** soul= non material part of human being. **ရုပ်ဝတ္ထုမဟုတ်သော လူ့အစိတ်အပိုင်းဟု ဖွင့်ဆိုသဖြင့် နာမ်ဟူ၍လည်းကောင်း။**

spirit= supernatural being **ရုပ်ပိုင်းဆိုင်ရာ နိယာမလွန် ဘဝနေထိုင်မှုဟု ဖွင့်ဆိုသဖြင့် "ရှင်သန်မှုအသက်ဓာတ်"ဟူ၍ ဆီလျော်အောင် ပြန်ဆိုထားခြင်း ဖြစ်ပါသည်။]**

ရှေးဟောင်းကိုလံဘီယမ်၊ မက္ကစီကိုဒေသများတွင် လူသားယဇ်ကောင်ကို ယဇ်ပူဇော်သောအခါ ကိုယ်ခန္ဓာတွင် သားရေအကျီ သို့မဟုတ် သားရေခြုံထည်ကို လွှမ်းခြုံဝတ်ဆင်စေသည်။ အသစ်တစ်ဖန် ပြန်လည်မွေးဖွားခြင်း နိမိတ်ဆောင်ခြင်း ဖြစ်

www.burmeseclassic.com

သည်။

ရောမ ဒီဇီဖံတပ်များ၏ ရှေ့ပြေး အထူးတပ်ဖွဲ့ဝင်တို့သည်လည်း သားရေ ချပ်ဝတ်တန်ဆာကို ဝတ်ဆင်ခဲ့ကြသည်။ တစ်ဖန် မွေးဖွားခြင်း အဓိပ္ပာယ်ဆောင်၍ အသက်ကို ပဓာနမထားဘဲ ရွပ်ရွပ်ချွံချွံတိုက်ခိုက်ကြစေရန်ဖြစ်သည်။

## ဦးခေါင်းခွံ



ဦးခေါင်းခွံနှင့် ပတ်သက်၍ ကျယ်ပြန့်စွာ ဖွင့်ဆိုအသုံးပြုခဲ့ကြသည်။ (၁၆) ရာစုခေတ် ဂျာမန်လူ့အဖွဲ့အစည်းက သေဆုံးသွားသူ၏ ဝိညာဉ်ကို ရေပြည့်မှ လွတ်မြောက်ခွင့်ရစေရန် ကယ်ဆယ်စွမ်းဆောင်ပေးနိုင်သည့် နတ်ဘုရား၏ ကိုယ်ပိုင်သင်္ကေတ ဖြစ်သည်ဟု ယုံကြည်ခဲ့ကြသည်။

ဦးခေါင်းခွံသည် ခရုခွံကဲ့သို့ပင် အသက်ရှင်နေထိုင်သွားသူ တစ်ဦးတစ်ယောက်၏ ကြွင်းကျန်ရစ်သော ကိုယ်စား၊ အထောက်အထားပစ္စည်း ဖြစ်သည်။

ယင်းတွင် နေထိုင်ရှင်သန်မှု ဘဝနှင့် အတွေးအခေါ်များ ဆက်နွယ်ကိန်းအောင်းနေသည်ဆိုကြသည်။ အင်္ဂလိပ်ဆိုင်ရာ စာအုပ်စာပေများတွင်လည်း ဦးခေါင်းခွံကို ဖွင့်ဆိုချက် အမျိုးမျိုးဖြင့် သုံးစွဲခဲ့ကြသည်။

ဦးခေါင်းခွံနှင့် ပတ်သက်၍ နက်နဲသော ဂမ္ဘီရအယူအဆများစွာသည် လူသားစားဓလေ့ ထွန်းကားခဲ့သော ရှေးဦး အရိုင်းအစိုင်းဘဝနှင့် နိမိတ်အယူအစွဲ သည်းထန်လွန်းကဲသော ရိုးရာ ဓလေ့ထုံးတမ်းစဉ်လာများမှ အခြေခံခဲ့ကြသည်။

မည်သို့ပင် ဖွင့်ဆိုချက် များပြားကျယ်ပြန့်စေကာမူ လက်ရှိ ယနေ့ခေတ် အခြေအနေတွင် ဦးခေါင်းခွံနှင့် အရိုးကြက်ခြေခတ်ပုံ(Skull and crossbones) သည် အန္တရာယ်ရှိသည်ဟု သတိပေးထားသော ရိုးစင်းလှသည့် သင်္ကေတအဖြစ် လူတိုင်း နားလည်သိရှိကြ၏။

## ပက်ကျိ




မြွေကဲ့သို့ ခန္ဓာကိုယ်ကို တွန့်ရှုံ့ကာ ငြိမ်သက်နေသည်ဟု ထင်ရလောက်အောင် နှေးကွေးစွာ သွားလာလေ့ရှိခြင်းကြောင့် အမှောင်ထုမှ အလင်းရှိရာသို့ တွားသွားခြင်း၊ မလျှော့သော လုံ့လကြောင့် အောင်မြင်မှု ရရှိခြင်း၏ သင်္ကေတဟု ဖွင့်ဆိုကြသည်။

အဖိုမျိုးစေ့၊ ဘဝနေမှု အသက်ဓာတ်၏ မူလအစ ဟူ၍လည်း သညာပြုကြသည်။

အရှေ့တိုင်း တရုတ်ဓလေ့တွင်ကား မလှုပ်သာ မလွန့်သာ ကျပ်တည်းကျဉ်းမြောင်းလှခြင်းကို "ပက်ကျိအိမ်ခန်း" "ဝေါဖန်း" Wó Fángဟု တင်စားသုံးနှုန်းကြလေသည်။

## မီးခိုး



ရွှံ့နွံ၏ ဆန့်ကျင်ဘက် သ...
ဆောင်သည်။ ရွှံ့နွံသည် မြေနှင့် ...
၏ ပေါင်းစည်းမှု ဖြစ်စဉ်အကျိုး...
မီးခိုးမှာ မီးနှင့်လေတို့၏ ဆက်...
ကြောင့် ဖြစ်ပေါ်ရလေသည်။

ရိုးရာထုံးဓလေ့ဆိုင်ရာ ဒဏ္ဍ...
ပုံပြင်များစွာတွင် မီးခိုးသည် လူသား...
တိရစ္ဆာန်နှင့် သစ်ပင်လောကတို့...
ဖိစီးနှိပ်စက်လျက်ရှိသော ကြမ္မာ...
ဂြိုဟ်ဆိုး အစီးအနင်းမှ ကယ်...
ဖယ်ရှားပေး၍ ကောင်းကျိုးပြုနိုင်သော...
တန်ခိုးစွမ်းအင်နှင့် ပြည့်စုံသည်ဟု ...
ဖော်ပြတတ်ကြသည်။

မကောင်းဆိုးဝါး ပါပစွမ်းအင်များ...
ဖယ်ရှားနိုင်သည့် ပဉ္စလက်စွမ်းအင်...
ပိုင်ဆိုင်သည်ဆို၏။

**သင်္ကေတများ၏ ဘာသာစကား...**
**တွင်မူ** မီးခိုးသည် အင်အားကြီး...
သော ဆန့်ကျင်ဘက် အင်အားနှ...
၏ တောင်ကြားလမ်း ဖြစ်သည်...
ဖွင့်ဆိုသည်။

ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အ...
အဆဋ္ဌ ကောင်းကင်နှင့် မြေကြီးအ...
မှ ဆုံမှတ်ဖြစ်သည်။ ယင်းဆုံမှတ်...
မီးမှ တစ်ဆင့် ဖြတ်သန်းသွားရ...
လမ်းကြောင်းဖြင့် လမ်းညွှန်ကယ်...
ပေးနိုင်သည်။

မီးခိုးသည် ဒုက္ခအပေါ်...
ကယ်တင်ပေးသည်ဆို၏။ အနော...
တိုင်းအင်္ဂလိပ်ပညာရှင် ဂေဘား(Ge...
က **မီးခိုးသည် ခန္ဓာကိုယ်မှ ဝိညာ...**
**စွန့်ခွာသွားခြင်း၏သင်္ကေတ ...**
**သည်**ဟု ဖော်ပြခဲ့သည်။

အရှေ့တိုင်း တရုတ်ဓလေ့...
**မီးခိုးသည် မြေဓာတ်၏ ရွှေ...**
**နိမိတ်** ဖြစ်သည်ဆို၏။ သစ်သား...
နှင့်မီးဓာတ် ပေါင်းစည်းရာ...
ထွက်ပေါ်ခြင်းဖြစ်ရာ မီးဓာတ်...



www.burmeseclassic.com

www.burmeseclassic.com

မြေခေတ်ကို မွေးဖွားဖန်တီးခြင်း ဖြစ်စဉ်အရ မီးခိုးသည် မြေ၏ ရွေ့ပြောင်းနိမိတ်ဖြစ်ရသည်။

တရုတ် ထုံးတမ်းစဉ်လာတွင်လည်း မီးခိုးသည် ကောင်းကင်နှင့် မြေကြီးကို ဆက်သွယ်ပေးသည်ဟု ယူဆကြသည်။

ကွယ်လွန်လေပြီးသော မိဘဘိုးဘွား သံယောဇဉ်ရှိသူတို့အား အမှတ်ရ ကျွေးမွေးပူဇော်ရာ၌ ချက်ပြုတ်ထားသော စားဖွယ်များမှ အငွေ့များ၊ အမွှေးတိုင်မီးခိုးများ၊ ရွှေငွေစက္ကူများ မီးရှို့ရာမှ ပေါ်ထွက်သော မီးခိုးငွေ့များအားလုံး ကောင်းကင်သို့ တလူလူတက်သွားကာ ဆိုင်ရာပုဂ္ဂိုလ်တို့အား အသိပေး အကြောင်းကြားကြသည်။

မြေပြင်လောကတွင် ကျန်ရစ်သော မိသားစုနှင့် တမလွန်ရောက် အိမ်သားစုဝင်တို့ အကြားတွင် မီးခိုးက ထိရောက်စွာ ဆက်သွယ်ပေးသည်ဟု ယုံကြည်ကြသည်။

တရုတ်စာပေတွင် မီးခိုးကို "**ယန်း**" (Yán)ဟု ခေါ်ဝေါ်၍ ဆေးလိပ်၊ ဆေးရွက်ကြီးကိုလည်း "ယန်း"ဟုပင် အသံထွက်တူ၊ ရေးထုံးတူ သုံးနှုန်းသည်။

"**ယန်းဟွား**"(Yán hūa) = မီးခိုးပန်းဟု တိုက်ရိုက် အဓိပ္ပာယ်ရသော်လည်း အနက်ညွှန်းမှာ လိင်ဖျော်ဖြေရေးမယ် (ဗိမ်မယ်)ကို ဆိုလိုသည်။

**မီးခိုးကန့်လန့်ကာ** "**ယန်းမု**" (Yán Mù)ဟု ဆိုပါက လေလုံးထွားစွာ ညာဝါးဖြီးဖြန်းခြင်းဟု အဓိပ္ပာယ်ရပေသည်။

---

အဝိုင်းပုံသင်္ကေတ

---

2Dခေါ် လက်ကောက်ပုံသင်္ကေတ အဝိုင်းပြား၊ 3Dခေါ် ဘောလုံးပုံစက်လုံး



(အဝိုင်းလုံး) နှစ်ခုစလုံး ပါဝင်ပါသည်။

လုံးဝန်းခြင်း၊ ဝန်းဝိုင်းခြင်း သဘောကိုဆောင်သော သင်္ကေတဖြစ်သည်။ ကွင်းဝိုင်း(စက်ဝိုင်း)သည် လည်းကောင်း၊ ဘောလုံး(စက်လုံး)သည် လည်းကောင်း အဆုံးအစ ရှာ၍မရ၊ ဆက်ကာ ဆက်ကာ လည်ပတ်နေရသဖြင့်...

unchangeable = မပြောင်းမလဲ တည်ရှိခြင်း (နိစ္စ)သဘောဆောင်သည်။ ထိန်းညှိပုံဖော်၍မရ unregulated ဖြစ်သည်။

ဆန့်ကျင်ဘက်ဖြစ်သော ထောင့်ဖြတ်မျဉ်းများဖြင့် ဖွဲ့စည်းသော စတုဂံမှာကား Changeable = ပြောင်းလဲခြင်း (အနိစ္စ) သဘောဆောင်သည်။ ထိန်းညှိပုံဖော်၍ရသော regulated စည်းပေါင်း ရှိသည်။

ထို့ကြောင့် လေးထောင့်ပုံသင်္ကေတ စတုဂံ သို့မဟုတ် စတုရန်းပုံသည် "**ရုပ်ဒြပ်နှင့် အသက်ဝိညာဉ်၏ ကြားခံနယ်**"ဖြစ်သည်ဟု ဖွင့်ဆိုသည်။

ဘဝနေမှု ကာလတာတစ်ခုအတွင်း မွေးဖွားခြင်း၊ ကြီးမားခြင်း၊ အိုမင်းခြင်း၊ သေဆုံးခြင်း စသည် အစဉ်အမြဲ ပြောင်းလဲတတ်သော ရုပ်ဒြပ်နှင့် ခံစားသိမြင်တတ်သော အသက်ဝိညာဉ်သည် မလွဲမသွေပင် တစ်ခုသော အချိန်၌ အဆုံးသတ် ပြောင်းလဲရမည် ဖြစ်သည်။

ဘဝနေမှုသည် မွေးဖွားချိန်မှစ၍ ကွယ်လွန်ချိန်အထိ ပုံသေစည်းဘောင်အတွင်း တည်ရှိသဖြင့် လေးထောင့်ပေါင်ခတ်ထားသော စတုဂံပုံနှင့် သင်္ကေတပြုခြင်း ဖြစ်သည်။

အဝိုင်းပုံသင်္ကေတကား ယင်းလေးထောင့်ပုံသင်္ကေတနှင့် ဆန့်ကျင်ဘက် အဓိပ္ပာယ်ဖွင့်ကြသည်။ ရှေးအီဂျစ် အရုပ်စာပေဒမှ အစပြုကာ နှောင်းပိုင်းလူမှုအဖွဲ့အစည်းများစွာက ဤကဲ့သို့ယူဆ ဖွင့်ဆိုခဲ့ကြသကဲ့သို့ပင် အရှေ့တိုင်းတွင်လည်း စက်ဝိုင်းပုံကို မဆုံးနိုင်သော "ဘဝသံသရာ"အဖြစ် လည်းကောင်း၊ နတ်ဒေဝတာ တန်ခိုးရှင်များနှင့် ဆက်နွယ်သည့် သင်္ကေတအဖြစ် လည်းကောင်း သုံးနှုန်းဖွဲ့ဆိုကြလေသည်။

တရုတ်ဓလေ့တွင်လည်း အဝိုင်း(စက်ဝိုင်း၊ စက်လုံး)ပုံစံကို စဉ်ဆက်မပြတ် တည်ရှိခြင်း၊ အပြန်အလှန်ကူညီဖေးမခြင်း၊ နတ်ဒေဝတာ တမလွန်လောကနှင့် ဆက်သွယ်ပေးခြင်းသင်္ကေတအဖြစ် သုံးနှုန်းကာ လေးထောင့်ပုံစံကို အဆက်အသွယ်ပြတ်တောက်ခြင်း၊ ဘဝအခြေအနေခြားနားခြင်း၊ သီးခြားဖြစ်ခြင်း၊ ဖြောင့်မတ်ခြင်း သင်္ကေတဟု ယူဆကြသည်။

ဤတွင် အဝိုင်းပုံနှင့် လေးထောင့်ပုံစံတို့သည် ဆန့်ကျင်ဘက် သဘောဆောင်နေသော်လည်း "**ဖြောင့်မတ်ခြင်း**"ဟူသည်က သီးခြားသဖွယ် ပါဝင်နေသည်။

အနိစ္စသဘောကို ဆောင်သော ဘဝနေမှုတွင် အဆုံးသတ်ဖြစ်သော မရဏနယ်၏ အရှင်သေမင်းသည် အသက်ကြီးငယ်၊ ဆင်းရဲချမ်းသာ၊ လူစိမ်းလူကျက်၊ မျိုးယုတ်မျိုးမြတ်မရွေး

www.burmeseclassic.com

မုန်ကန်ဖြောင့်မတ်စွာ ကျင့်ကြံသည် သာဖြစ်၍ လေးထောင့်ပုံစံတွင် "ဖြောင့်မတ်ခြင်း" သဘောလည်း ပါဝင်ရသည် ဆိုလေသည်။

လက်တွေ့ဖြစ်စဉ်အရ မိဘဘိုးဘွား အိမ်သားတစ်ဦး ကွယ်လွန်ပါက ရုပ်ကလာပ်ရှေ့တွင် ပူဇော်ဖွယ်များ ပြင်ဆင်ပူဇော်ကာ ငွေစက္ကူ မီးရှို့၍ ကောင်းမှုတိုင်တည်ရသည်။ ထို့နောက် နှုတ်ဆက်ယမကာကို မီးရှို့ထားသော ပြာပုံအနီး ကန့်လန့်ဖြတ် သုံးကြိမ် အစက်ချ(လောင်းချ) စွန့်လှူပေးရသည်။

ဘဝအခြေအနေချင်း ခြားနားသွားပြီဟု စည်းသားလိုက်ခြင်းဖြစ်သည်။ ရုပ်ကလာပ်မြေကျ၍ (၄၉)ရက်၊ (၇)ရက်၊ (၁)လ စသဖြင့် ရက်လည်အထိမ်းအမှတ် ပူဇော်ကန်တော့ပြီးသောအခါ ထိုမှ နောက်ပိုင်းကာလ သူ၏ ကျေးဇူးဂုဏ်ကို အောက်မေ့ပူဇော်သောအားဖြင့် စားသောက်ဖွယ်များ ပြင်ဆင်ကန်တော့ရာ အကြိမ်တိုင်း ငွေစက္ကူ ပြာပုံကို ဝိုင်းသောပုံစံ သုံးကြိမ်တိုင်အောင် ယမကာ ဖြန့်လောင်းပေးရလေသည်။

မြေကျ(မြေမြှုပ်ပြီး)သွားသည့် ရုပ်အလောင်းအား ပူဇော်ခြင်းမဟုတ်၊ သူ့၏ ဂုဏ်ကျေးဇူးကို ပူဇော်ခြင်းဖြစ်သောကြောင့် **"ကျိုင့်ကျို"** (Jìng Jiǔ) အရိုအသေပြု ယမကာကို အဝိုင်းပုံစံ လောင်းလှူရခြင်း ဖြစ်သည်။ တစ်ပါးသောနယ်မြေ (တမလွန်လောက)နှင့် ဆက်သွယ်ပေးခြင်း နိမိတ်ဆောင်လေသည်။

ဟူရျင်းဖီ

စာမျက်နှာ (၂၀၁)မှ အဆက်

**လက္ခဏာပဓာန၌ အခြေများ**

**၁။ ဘယ်မှာနေနေ ဘာလုပ်လုပ် အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားနိုင်သည်။**

အဘယ်ကြောင့်ဆိုသော် လက်ဖဝါးအမျိုးအစားက လက်ဖဝါးရှည်- လက်ချောင်းတို တေဇောအမျိုးအစားဖြစ်သည့်အပြင် လက်သူကြွယ်အောက်တနင်္ဂနွေဂြိုဟ်ခုံမှာ သေသွယ် နက်ရှိုင်းအားကောင်းသော အောင်မြင်ရေးလမ်းကြောင်း ရှိခြင်းကြောင့် ဖြစ်သည်။

"ခ" အကွက်

* * *





**၂။ စပ်တူရှယ်ယာ လုပ်ခြင်းနှင့် တစ်ဦးတည်း ကိုယ်ပိုင်လုပ်ခြင်းတို့အတွက် တစ်ဦးတည်းကိုယ်ပိုင်လုပ်ခြင်းက ပိုပြီးအကျိုးပေး အောင်မြင်နိုင်မည်။**

အဘယ်ကြောင့်ဆိုသော် ဦးခေါင်းလမ်းကြောင်းအဖျားနှင့် အသက်လမ်းကြောင်းအဖျား အနည်းငယ်ဟနေခြင်းကြောင့် ဖြစ်သည်။

"င" အကွက်

* * *





**၃။ ဘဝမှာ သူတစ်ပါး အကူအညီ အထောက်အပံ့ကောင်း ရရှိမှသာ အောင်မြင်တိုးတက်နိုင်သူ မဟုတ်ပါ။ ကိုယ့်ဒူးကိုယ်ချွန် ကိုယ့်အားကိုယ်ကိုး ကြိုးစားလုပ်ကိုင် အောင်မြင်တိုးတက်နိုင်သူ ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် ကံလမ်းထီးရိုး လက်ဖဝါး အလယ်တည့်တည့်မှာ ထောင်တက်နေခြင်းကြောင့် ဖြစ်သည်။

"က" အကွက်

* * *




**၄။ အလုပ်အကိုင် တစ်မျိုးတည်းကို စွဲမြဲစွာ လုပ်ကိုင်နိုင်သူ မဟုတ်ပါ။ အလုပ်အကိုင် အမျိုးမျိုးကို တွဲလုပ်နေသူ ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် လက်ဖဝါးပြင် ကျယ်ပြန့်ကြီးမားပြီး လက်ဖဝါးစောင်းမှာ အပြင်ဘက် ကားထွက်နေခြင်းကြောင့်ဖြစ်သည်။ **တေဇောဝါယော** ပေါင်းစပ်လက်အမျိုးအစားဖြစ်သည့်အပြင် လက်ချောင်းထိပ်ဖျားများတွင်လည်း ကြိုးဖွေအမျိုးအစားများ ရှိခြင်းကြောင့်ဖြစ်သည်။

"ဂ" အကွက်

* * *




**၅။ စီမံခန့်ခွဲ အုပ်ချုပ်မှုစွမ်းရည် ကောင်းသူ ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံတွင် ဆော်လမွန်လက်စွပ်သင်္ကေတ ထင်ရှားရှိခြင်းကြောင့် ဖြစ်သည်။

"ဃ" အကွက်

* * *




မှတ်ချက် ။ ။ အထက်ပါ လက္ခဏာရှင်မှာ ကုမ္ပဏီ၊ ဓာတ်ဆီဒီဇယ်၊ မော်တော်ကား၊ စက်ပစ္စည်း စသည်တို့ အရောင်းအဝယ် လုပ်ကိုင်နေသော လုပ်ငန်းရှင်ကြီး ဖြစ်သည်။

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

ဆရာကြီး ဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ



www.burmeseclassic.com

www.burmeseclassic.com

# အကြောနှင့်ဆရာ ဆက်ဝပ်ပါ

မြန်စွာပျောက်ကင်းမှု

ဆရာဦးလှသိန်း
(အကြောပညာရှင်)
တံတားဦး၊ အင်းဝ

[လမ်းကောင်းစွာ မလျှောက်နိုင်ဘဲ
တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲပြီး
ညအိပ်လျှင် ခြေထောက်များ
အကြောဆွဲသလို လန့်လန့်နေသော်]

ကျွန်တော် မန္တလေးမြို့၊ (၃၈)လမ်း၊ (၈၂×၈၃)လမ်းကြား ဆေးခန်းဖွင့်လျက်ရှိရာ ဆေးခန်းသို့ ကျွန်တော်နဲ့ အလွန်ရင်းနှီးသော ရေဦးမြို့မှ ကျွန်တော်ရဲ့မိတ်ဆွေ ဦးလှမြင့်နဲ့အတူ အမျိုးသားတစ်ဦး ပါလာရာ...

'ဆရာ...သူကတော့ ကျွန်တော်ရဲ့ မိတ်ဆွေပါ။ လမ်းသွားရင်လဲ တုန်တုန်ချည့်ချည့်နဲ့ အမြဲတမ်းလိုလို ဖြစ်နေလို့ ဆရာ့ထံ လာရောက် ပြသခြင်း ဖြစ်ပါတယ်'

လို့ ပြောသဖြင့် ကျွန်တော်မှ အဲဒီ ဝေဒနာရှင်အား သေချာကျနစွာ စမ်းသပ်ပြီး သူ့ရဲ့ဖြစ်စဉ်များကို ကျွန်တော်က မေးပါတယ်။ ဝေဒနာရှင်မှ...

'ဆရာ ကျွန်တော် လမ်းကောင်းကောင်း လျှောက်လို့ မရဘူး။ ညအိပ်ရင်လဲ ခြေထောက်တွေက အကြောဆွဲသလို လန့်လန့်နေတယ်။ ပြီးတော့ တစ်ကိုယ်လုံး ညောင်းကိုက်နေတာပဲ'

လို့ ပြောတော့ ကျွန်တော်မှ အဲဒီ ဝေဒနာရှင်အား အကြောများ ပြုပြင်ပေးပြီး ကျွန်တော်ရဲ့မိတ်ဆွေ ဦးလှမြင့်မှ...

'ဆရာ အဲဒီရောဂါ ဘာရောဂါလဲ'


လို့ မေးတော့...

'သွက်ချာပါဒရောဂါ စ,ဖြစ်နေတာပဲ'

လို့ ပြောပြီး...

'ကိုလှမြင့်ရဲ့ ဒီဝေဒနာရှင်ဟာ (၁) ရက်တည်း အကြောပြုပြင်လို့ မရဘူး။ ခင်ဗျားကလဲ အကြောပညာ ဝါသနာပါတော့ ကျွန်တော်နှိပ်တဲ့ နှိပ်ကွက်တွေကို

ပုံ(၁)




၁။ မောက်ကြော

၂။ ပေါင်ဖရုံဆွဲကြော

သေချာကျနစွာ မှတ်သားပြီး ဝေဒနာရှင်ကို ကုသပေးပါ'

လို့ ကျွန်တော်က ပြောလိုက်ပါတယ်။ ကိုလှမြင့်မှ...

'ဆရာ ဒီလိုရောဂါဖြစ်တာ ဘာကြောင့်လဲ'

လို့ မေးတော့...

'မအောင့်အည်း သင့်သောအရာကို အောင့်အည်းလို့ ဖြစ်တာပဲ'

လို့ ပြောလိုက်ပါတယ်။ အဲဒီမှာ ကိုလှမြင့်က...

'ဆရာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းက မအောင့်အပ်တဲ့ အရာ (၁၃)မျိုးရဲ့ ဖြစ်တတ်တဲ့ အကြောင်းကို ရေးတဲ့ ကျွန်တော် ဖတ်ရပါတယ်။ ကုထုံးတော့မပါဘူး။ ဆရာ ကုထုံးလေးလဲ ထည့်ပြီး ပြောပါဦး'

လို့ ပြောပြလို့ ကိုလှမြင့် သိချင်ရင်တော့ ကျွန်တော် ပြောပြမယ်။

၁။ **အစာ စားလိုခြင်း။** ။ အစာစားလိုခြင်းကို အောင့်အည်းမှုကြောင့်ဖြစ်တဲ့ဝေဒနာအား ပျောက်ကင်းအောင် ကုသနည်းမှာ ရေအေး ချိုးခြင်း၊ အေးသောအရည်



www.burmeseclassic.com

www.burmeseclassic.com

အဖတ်တို့ကို သောက်ခြင်း၊ စားခြင်းတို့နဲ့ ကုသရမယ်။

၂။**ရေသောက်လိုခြင်း**။ ။ ရေသောက်လိုခြင်းကို အောင့်အည်းမှုကြောင့်ဖြစ်တဲ့ရောဂါကို ကြေလွယ်တဲ့အစာ၊ သိမ်မွေ့ပြေပြစ်ပြီး ပူနွေးသောအစာ၊ မများသော အစာကို ကျွေးရမယ်။

၃။**အိပ်စက်လိုခြင်း**။ ။ အိပ်စက်လိုခြင်းကို အောင့်အည်းမှုကြောင့်ဖြစ်တဲ့ဝေဒနာကို အနှိပ်၊ အနင်းခံခြင်း၊ သာယာစွာ ဆုပ်နယ်ခြင်း၊ ကောင်းစွာအိပ်စက်ခြင်းတို့နဲ့ ကုရမယ်။

၄။**ကျင်ကြီးစွန့်လိုခြင်း**။ ။ ကျင်ကြီးစွန့်လိုခြင်း အောင့်အည်းမှုကြောင့်ဖြစ်တဲ့ဝေဒနာကို ဆီနဲ့ လိမ်းခြင်းနဲ့ ကုသရမယ်။


၅။**ကျင်ငယ်စွန့်လိုခြင်း**။ ။ ကျင်ငယ်စွန့်လိုခြင်း အောင့်အည်းခြင်းကြောင့်ဖြစ်တဲ့ဝေဒနာကို ဆီးချူပြီး ကုသရမယ်။(တစ်နည်း) ထမင်းမစားမီ အစာကြေလောက်တဲ့အချိန်မှာ ထောပတ်ကို စားသုံးခြင်းဖြင့် ကုရမယ်။

၆။**ချေဆတ်လိုခြင်း**။ ။ ချေဆတ်မှုအောင့်အည်းခြင်းကြောင့် ဖြစ်တဲ့ဝေဒနာကို ထက်တဲ့အခိုးကို ရှူခြင်း၊ မျက်စဉ်းကို ခတ်ခြင်း၊ ချေဆတ်အောင် ပြုလုပ်ရမယ်။

၇။**ချောင်းဆိုးလိုခြင်း**။ ။ ချောင်းဆိုးလိုသည်ကို အောင့်အည်းမှုကြောင့်ဖြစ်တဲ့ဝေဒနာကို ဆေးကုနည်းဖြင့် ကုရမယ်။

၈။**မောပန်းလိုခြင်း**။ ။ မောပန်းနေသည်ကို အောင့်အည်းမှုကြောင့်ဖြစ်တဲ့ဝေဒနာကို အမောဖြေခြင်း၊

ပုံ(၂)




၁။ ပေါင်တွင်းသွေးအိမ်ကြော
၂။ ပေါင်တွင်းအာရုံကြော
၃။ နံ့ညင်းကြော

လေနှိမ်ဆေးအစာတို့နဲ့ ကုရမယ်။

၉။**သမ်းဝေလိုခြင်း**။ ။ သမ်းဝေနေသည်ကို အောင့်အည်းမှုကြောင့်ဖြစ်တဲ့ဝေဒနာကို လေကို နှိမ်စေတတ်တဲ့ဆေးနဲ့ ကုသရမယ်။

၁၀။**မျက်ရည်ထွက်လိုခြင်း**။ ။ မျက်ရည်ထွက်ခြင်း၊ အောင့်အည်းမှုကြောင့်ဖြစ်တဲ့ဝေဒနာကို ကောင်းစွာအိပ်ခြင်း၊ သာယာသောစကားကို နားထောင်ခြင်းတို့နဲ့ ကုရမယ်။

၁၁။**အော့အန်လိုခြင်း**။ ။ အော့အန်ကို ချုပ်တည်းမှုကြောင့် ဖြစ်သောဝေဒနာကို ဆားရည်ဖြင့် ပလုတ်ကျင်းခြင်း၊ ခြောက်သွေ့သောအစာကိုစားခြင်း၊ ဝမ်းနုတ်ခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်းဖြင့် ကုသရမယ်။

၁၂။**သုက်ထွက်လိုခြင်း**။ ။ သုက်ထွက်လိုခြင်းကို အောင့်အည်းမှုကြောင့် ဝေဒနာကို ကြက်သားနဲ့ သလေးထမင်းကိုစားခြင်း၊ ကြံရည်သောက်ခြင်း၊ ဆီးဆေးသောက်ခြင်းတို့နဲ့ ကုသရမယ်။

၁၃။**လေစုန်လိုခြင်း**။ ။ လေစုန်လိုသည်ကို အောင့်အည်းမှုကြောင့်ဖြစ်တဲ့ဝေဒနာကို ကြပ်ထုပ်ထိုးခြင်း၊ ဆီနဲ့လိမ်းခြင်းဖြင့် ကုသရမယ်လို့ ကျွန်တော် ပြောပြပါတယ်။

အဟုန်ကုထုံးတွေရဲ့ (၁၃)ချက်လဲ ပြောပြီးပြီ၊ ခင်ဗျားရဲ့ဝေဒနာရှင်အကြောပြင်နိုင်ကွက်တွေလဲ သေချာမှတ်သွား။ အဓိကအကျဆုံးကတော့...

၁။ ပေါင်ဖုံရုံကွဲ
၂။ ယောက်ကြော၊
၃။ နံ့ညင်းကြော၊
၄။ ပေါင်တွင်းသွေးအိမ်ကြော၊
၅။ ပေါင်တွင်းအာရုံကြောများ

ကို ခင်ဗျားဉာဏ်ရှိသလို ပြုပြင်ပေးပါလို့ ကျွန်တော်မှ ပြောပြီး ပြန်လွှတ်လိုက်ပါတယ်။

ဦးလှမြင့်မှ ယင်းဝေဒနာရှင် ပျောက်ကင်းသက်သာသဖြင့် ဝေဒနာရှင်များ၊ ဝါသနာရှင်များ အသုံးပြုနိုင်ရန်အတွက် ရုပ်ပုံကားချပ်နှင့်တကွ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တင်ပြလိုက်ပါသည်။

**ဆရာဦးလှညိမ်း**
***(အကြောပညာရှင်)***
***တံတားဦး၊ အင်းဝ***



www.burmeseclassic.com

www.burmeseclassic.com

သင့်မြတ်သော

# အိမ်ထောင်ဖက်

တွက်နည်းနှင့်အဟော

ဂေါင်းခွန် (သခွတ်မြေ)
ဝက်လက်



"အိမ်ထောင်မှု–ဘုရားတည်– အုံးမင်ရည်စုတ်ထိုး ဤသုံးမျိုး ကံမပိုင်လျှင် နှောင်ပြင်ရန် ခက်တဲ့ အမျိုး"ဟု ရှေးပညာရှင်တစ်ဦးက ဆိုကာနှင့် သတိပေးခဲ့၏။

ပြုမိလျှင် ပြင်၍မရသောကိစ္စများ ဖြစ်သဖြင့်လည်း ရှေးလူကြီးသူမတို့ သည် မပြုခင်က အတန်တန် တွက် ချက်ဝေဖန်၍ လေ့လာသုံးသပ်ပြီးမှ ဆုံးဖြတ်ချက်သောအမှုတို့ကို ပြုလုပ်လေ့ ရှိကြသည်။

လောကီလူ့ဘောင်၌ အိမ်ရာ ထူထောင်နှင်းခြင်းအမှုသည်လည်း ပြုမိ၍ ပြင်လျှင် ပြင်၍မရသော အမှားတစ်ခု ဖြစ်သဖြင့်လည်း ရှေးခေတ်က လူကြီး သူမ သားရှင်သမီးရှင်တို့သည် မိမိ တို့၏ သားသမီးတို့ကို အိမ်ထောင်ချ ပေးတော့မည်ဆိုလျှင် နေ့နံဇာတာ ခြင်း တိုက်ဆိုင်၍ တတ်သိနားလည် သူတို့အထံတွင် သင့်မသင့်မေးမြန်းလေ့ ရှိကြ၏။ သင့်တော်မှ အိမ်ထောင်ချ ပေးလေ့ရှိကြ၏။

ယခုခေတ်ကာလမှာတော့ ရာထူး ဂုဏ်သိန်နှင့် ငွေမျက်နှာကိုသာ ကြည့် ၍သော်လည်းကောင်း၊ ချစ်ခင် နှစ်သက်ခြင်း တစ်ခုတည်းကိုသာ အခြေခံတည်၍ သော်လည်းကောင်း အိမ်ထောင်ပြုလေ့၊ ပြုပေးလေ့ရှိကြ၏။

ထို့ကြောင့်လည်း သာယာပျော်ရွှင် ခြင်းကို ရင်ဝယ်ပိုက်ပြီး အကြောင်း ဆက် ပေါင်းဖက်ကြရသည့် အိမ်ထောင် များ အလွန်နည်းသလို စလယ်ဝင် ရည်းခင် ကွဲကြရနှင့် မကွဲသော် လည်း နေ့စဉ်နှင့်အမျှ တကျက်ကျက် ရန်ဘက်ပြိုင်နေကြရသော အိမ်ထောင်ရှင်တွေလည်း ဒုနဲ့ဒေးပင် ရှိကြ၏။

ထိုသို့ စိတ်မချမ်းသာစရာ အရေး

တွေကြောင့် ရှေးပညာရှိတို့မှ မှတ်သား ထားခဲ့သော လောကီပညာရပ်တို့ကို မိမိတို့ တတ်ကျွမ်းမှုမရှိ၍ နားမလည် သော်လည်း အဆင်မပြေမှု၊ မှားယွင်းမှု မရှိရ မတွေ့လေအောင် လိုက်နာသင့် သည်တို့ကို မှတ်သားနာယူ လိုက်နာ သင့်ကြပေ၏။

ယခု ကျွန်ုပ်ရေးသား တင်ပြမည်ဖြစ် သော အိမ်ထောင်ဖက်ရွေးရာ၌ အကျိုး အပြစ်တွက်နည်းသည် ခက်ခဲစွာ တွက် ယူရသည့်နည်း မဟုတ်ပါ။ သချာ အနည်းငယ်တတ်ရုံနှင့် တွက်သိနိုင် သောနည်း ဖြစ်ပါသည်။

အောက်ပါ တွက်နည်းဟောနည်း တေးထပ်လင်္ကာကို ဖတ်ကြည့်ပါ...

နံနှစ်ဆူ မှန်တူတကွ၊ ဉာဏ်ယူဆနှောပါ၊
ကံမူလဟောစရာငယ်၊ သဘောမှာပိုက်သိမ်း၊
မြှောက်လိုက်ပို့ ဖျည်းပဌာငယ်၊ လျှင်မကြာ
စားသတ္တကိန်း...

ကြွင်းကောစွဲမှတ်ဖွယ်၊ မွဲတတ်တယ်မယိမ်း၊
ရှိအမြင် ဒွိမြင်ကျိန်း၊ နှစ်သိန်းလောက်ကြွယ်
ရာ၊ ရွှေသီဟာစုံပုံမွေး၊ ဂုဏ်ဟန့်သေး ဆင်းရဲ
လိမ့်သာ...

လေးစတုထင်ရှားစွာ၊ ကြွယ်ဇီဝါဆင့်မြင်းပါ၊
ပူးမင်းက သူဌေးမှန်၊ ငြိမ်းလိမ့်နှစ်တန်၊ တစ်ဖုံ
ပသုညကျန်လျှင်၊ လုံမမောင်နံ့ အိုဆိုးနိုင်မျှ
လေး...

**အထက်ပါလင်္ကာထဲမှ တွက်နည်း မှာ...**

**တွက်လိုသူ သတို့သားနှင့် သတို့ သမီးတို့၏ မွေးနံနှစ်ခုကို ပေါင်းပါ။ ထိုပေါင်းပြီးကို (၅)နှင့် မြှောက်ပြီး (၇)နှင့်စားပါ။ အကြွင်းအတိုင်း အောက်ပါအဟောတို့၌ သင့်၏၊ မသင့်၏ကို ဖတ်ရှုကြည့်ပါ။**

အဟော

၁။ **တစ်ခုကြွင်းလျှင်** ထိုမောင်နှံတို့ တွင် စီးပွားဥစ္စာ ဖြစ်ထွန်း ကံမရှိ၊ ဉာဏ်ရှိတိုင်း မွဲတတ်၏။ အိမ်ထောင် ရေး တကျက်ကျက်ဖြစ်နေမည်။

၂။ **နှစ်ခုကြွင်းလျှင်** ပင်ပန်းစွာ အား မထုတ်ရဘဲ ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာမည်၊ အမွေအနှစ်တို့ ရတတ်၏။ အိမ်ထောင်ရေး သာယာ မည်။

၃။ **သုံးခုကြွင်းလျှင်** သူတစ်ပါးနောက် လိုက် အခိုင်းအစေ ဖြစ်တတ်၏။ မည်သည့်အလုပ်ဖြစ်စေ နောက်ပိုင်း မသိမ်း ဆင်းရဲနွမ်းပါးနေတတ်၏။

၄။ **လေးခုကြွင်းလျှင်** ဩဇာတိက္ကမ


စာမျက်နှာ (၂၁၁) သို့

www.burmeseclassic.com

# ကျေးဇူးအထူး နက္ခတ္တရဲ့ ဂုဏ်ထူး

မေထူး



## ကလေး ချက်မကြွေသော်

ရေးမယ်...ရေးဦးမယ်နဲ့ အားတင်းလာတာ နှစ်ပေါင်း တော်တော်ကြာလာပါပြီကော။ အစိုးရဝန်ထမ်းတစ်ယောက်ဖြစ်နေတော့ စိတ်ပဲ ကူးနိုင်တယ်။ တာဝန်များစွာထဲမှာ နှစ်နေတာလေ။ ဆေးပင်စင်လေးရမှာပဲ အကောင်အထည် ဖော်ရတော့မယ်။

ပြောရရင် သားကြီးမွေးတုန်းကပေါ့လို့ ဆိုပြီး အစချီရမှာ ဖြစ်ပါတယ်။ ဪ... မိတ်ဆက်ပေးရဦးမယ် မေထူးရဲ့မေမေကိုပါ။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ဘယ်လောက်ကြိုက်သလဲဆိုရင် တစ်အုပ် ကို(၂၅)ကျပ်နှုန်းကတည်းက တစ်လ တစ်အုပ် ဝယ်စုလာလိုက်တာ ဗီရိုကြီးနဲ့ (၃)လုံး။

မေမေရဲ့ အတွင်းပစ္စည်းရတနာတွေထဲမှာ အဲဒါလဲ တစ်ခုအပါအဝင်ပါ။ တစ်ခုခုဖြစ်ရင်၊ တစ်ယောက်ယောက်က ဘာဖြစ်လို့လို့ဆိုရင် သူ့ဗီရိုဖွင့်ပြီး တစ်အုပ်ချင်းကို တစ်ရွက်ချင်းရှာရော။

ဒီလိုနဲ့ လူပေါင်းများစွာကို နက္ခတ္တနဲ့ မေတ္တာညို ကုပေးနေတာ ဖေဖေကဆိုရင် မေမေ့ကို "နက္ခတ္တသန်းသန်း" တဲ့လေ။ မေမေ့ရဲ့ အိမ်နာမည်က ဒေါ်သန်းသန်းကိုး။

သားကြီးကို သကြန်ထဲက ဒုတိယအကြတ်နေ့မှာ မွေးခဲ့တာပါ။ မေမေတို့ဆီမှာ သွားမွေးတာလေ။ ဖြစ်ချင်တော့ ကလေးက "ချက်" မကြွေတော့ ရော...(၂၂)ရက်အထိ မကြွေဘဲ နီရဲရဲလေး ဖြစ်နေတာ။ ရေလဲ မချိုးပေးရဲဘူး။ ရေဖတ်ပဲ တိုက်ရတော့ ကလေးလေးမှာ အပူကန်တာ မပြောပါနဲ့။

အဲဒီအချိန်မှာ မေမေ့အစွမ်းပြတော့တာပေါ့။ သမီးအပျိုကြီး(၂)ယောက်ကိုပါ ချောဆွဲပြီး သူ့ဗီရို(၃)လုံးကို အပြိုင်အဆိုင် ရှာကြတော့တာပဲ။ မေမေက "တွေ့ပြီဟေ့...တွေ့ပြီ" ဆိုတဲ့ အော်သံကြားလိုက်ရပါတယ်။

**"ကလေး ချက်မကြွေသော်"** ဆိုတဲ့ ခေါင်းစဉ်လေးနဲ့ပါ။ ရေးတဲ့သူတွေ၊ စာအုပ်အမှတ်စဉ်တွေ မေ့ကုန်ပါပြီ။ နှစ်ပေါင်းကလဲ ကြာလာတော့လေ။ မေမေက အဲဒီထဲကပါတဲ့ ဆေးညွှန်းအတိုင်း သူ့သားသမီးတွေကို တာဝန်ခွဲပါတော့တယ်။

သားနှစ်ယောက်က ခြင်းတစ်လုံးယူပြီး လယ်ကွင်းထဲသွား၊ သမီးနှစ်ယောက်လဲ ခြင်းအသေးတစ်လုံးယူပြီး ငါးစိမ်းတန်းသွားတဲ့။

မေထူးက မီးနေသည်ဆိုတော့ သူတို့ ဘာလုပ်ကြမလဲပေါ့။ ပြီးတော့ **"ကလေးအမေပေါက်စ... ဒီနေ့ မနက်စာ ဘာမှမစားထားနဲ့၊ ဆာလဲ ခဏအောင့်ထား"** တဲ့။

ဈေးပြန်,ကွင်းပြန် တွေ့ဆုံပြီး မီး
ချောင်မှာ ဆေးကျိုပွဲကြီး ခြိမ့်ခြိမ့်
ကျင်းပနေတော့တာပေါ့။ မေထူး
ဆာလှပြီ၊ တဂွိဂွိနဲ့ပေါ့။ မနက်(၁၀)နာ
ဝန်းကျင်လောက်ရောက်တော့ အ
တထောင်းထောင်းနဲ့ ဟင်းပန်းကန်
တစ်လုံးနဲ့ အပြည့်ယူချလာပြီး "သ
အဝသောက်" တဲ့။ "ဗိုက်ကားသွ
အောင် သောက်" တဲ့လေ။

မေထူးလဲ ဆာနေပြီ မဟုတ်လာ
အားရပါးရသောက်ချတာ ကော
ကောင်း။ ငါးခေါင်းဟင်းချိုမှာ အရွ
စိမ်းလေးတွေ အုပ်ထားတာ မွှေးချို
တာ။ အဝကြိတ်ပြီးမှ မေမေ့ကို မေ
တော့တယ်။ ဘာဆေးလဲ၊ ဘာတွေ
လုပ်ထားတာလဲလို့။

ငါးခေါင်းက **"ငါးကြင်းခေါင်း"** တဲ
အရွက်စိမ်းစိမ်းလေးတွေက လ
ကွင်းထဲမှာပေါက်တဲ့ **"ကြိတ်
ရွက်"** တဲ့လေ။ အဲဒီနှစ်မျိုးက
ကလေးရဲ့အမေကို အဝတိုက်၊ ပြ
ကလေးကို နို့တိုက်။ ခဏခဏ





www.burmeseclassic.com

www.burmeseclassic.com

ရမယ်တဲ့။ သားကလဲ နို့ဆွဲသလား မေးနဲ့ မျက်လုံးလေးကို ပြူးလို့...

ငါးကြင်းခေါင်း (၃၀)သားလောက်ကို ခုတ်ထစ် ရေဆေးသန့်စင်ပြီး နနွင်း,ဆား နယ်ပါတယ်။ ပြီးတော့ အိုးကြီးကြီးနဲ့ ပြုတ်ပေါ့လေ။ ငါးနူးပြီဆိုရင် ရေစင်စင်ဆေးထားတဲ့ ကြိတ်မှုန်ရွက်တွေ အုပ်လိုက်ရုံပဲ မေမေက မွှေးလာအောင် ကြက်သွန်ဖြူလေး ဆားပြားရိုက်ထည့်ထားတယ်တဲ့။

မနက်စာ ထမင်းစားလဲ အဲဒီဟင်းနဲ့ ငါးကြော်နဲ့ပဲ စားရတယ်။ နေ့လယ် (၂)နာရီလောက်မှာ မေထူး ရေမိုးချိုးနေစဉ် ကလေးအဖေလက်သစ်က ကလေးကို ချီပြီး ရသမျှ သီချင်းတွေကို အများပြည်သူ နားမခံနိုင်အောင်)ဆိုပြီး သိပ်ပါတော့တယ်။

မေမေတို့အိမ်က အောက်ထပ်မှာ ခမ်းတလင်းခင်းထားတော့ လမ်းလျှောက်ပြီး ကလေးချီထားတဲ့ အဖေလက်သစ်ဆီက "ဂလောက်... ဂလောက်" ဆိုတဲ့ အသံကြားရတော့ ဘာပြုတ်ကျလဲဆိုပြီး ရှာကြတော့ မြေးဦးလေးဆိုတော့ ရှုးကြတာပေါ့လေ။

ဟော... တွေ့ပြီ၊ ချက်ကြွေချောက်လေး။ ကလေးလေးကို ပတ်ထားတဲ့ အနီးလေးကို ဝိုင်းဖြေကြတာ ချက်ကလေးက နီတီတီလဲမရှိဘဲ ပကတိ ချက်လေးအဖြစ်နဲ့ သားလေးလုပလို့ နေပါတော့တယ်။

ဝမ်းသာလိုက်တာ ပြောမပြတတ်အောင်ပါ။ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ပစ်ချလိုက်သလို ပေါ့ပါးသွားတဲ့ အရသာဟာ နက္ခတ္တရောင်ခြည်ရဲ့ ဂုဏ်ထူးတစ်ခုပါပဲ။

မေထူးရဲ့ဘဝမှာ ဘယ်တော့မှ မမေ့နိုင်တဲ့ ကိုယ်တွေ့။ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြောင့် ဆေးရုံတက် ခွဲစိတ်ဖြတ်တောက်ရတော့မယ့် ဘေးက ပျော်ရွှင်စွာနဲ့ ကင်းလွတ်သွားလို့ ကျေးဇူးတင်ပါသည် နက္ခတ္တရောင်ခြည်လို့ သူများတွေ ရေးသလို အားမရတော့တဲ့အတွက်ကြောင့် ဒီလိုလေးပဲ ဂုဏ်ပြုချင်ပါတယ်။

**"ကျေးဇူးအထူး နက္ခတ္တရဲ့ ဂုဏ်ထူး"** လို့ မေထူးက ပညာရှင်များကို အခါခါ ဂါရဝပြုနေပါတယ်။ ထာဝရ ကျေးဇူးပါ နက္ခတ္တရောင်ခြည်ရယ်...။

**(၆–၄–၂၀၁၁)နေ့မှာ ကွယ်လွန်သွားသော မေမေဒေါ်ခင်သန်းမြင့်အား ဤစာစုဖြင့် ကန်တော့ပါသည်။**

**မေထူး**

စာမျက်နှာ (၂၀၉)မှ အဆက်

ကြီးမားသော ခေါင်းဆောင်ကောင်းဖြစ်၍ နံမည်ဂုဏ်သတင်း ကျော်စောမည်၊ အလုပ်အကိုင်ကောင်းနှင့် ချမ်းသာသုခ ပြည့်စုံမည်။

(၂) **ငါးခုကြွင်းလျှင်** ရွှေငွေရတနာ ပြည့်စုံမည်၊ အလှူရေစက် လက်နှင့်မကွာပြုရ၍ အရောင်းအဝယ် အလုပ်တို့တွင် အကျိုးပေးမည်။

(၃) **ခြောက်ခုကြွင်းလျှင်** အမွေ ရှေးဉစ္စာပစ္စည်းတို့ ရတတ်၏၊ ထီပေါက်သောကံ ရှိမည်၊ အများ၏ ယုံကြည်ကိုးစားမှုကို ခံရမည်။

(၄) **သုည(၀)ကြွင်းလျှင်** ဒုက္ခပင်လယ်ထဲ၌ နစ်မွန်းနေရတတ်၏၊ ထင်မယားကွဲတတ်၏၊ အထက်လူကြီး အုပ်ထိန်းသူများနှင့် အဆင်မပြေ ဖြစ်တတ်သည်။

အထက်ပါ တွက်နည်းအတိုင်း ဥပမာ နမူနာအဖြစ် တွက်ပြပါမည်။

**ဥပမာ။ ။ ၁နေ့သားနှင့် ၅တေးသမီး၊ ၃ဂါသားနှင့် ၄ဟူးသမီးတို့ကို** ဥပမာပြု၍ တွက်ပြရလျှင်...

***

(၁) ၁ + ၅ = ၆
×၅
၇ ÷ ၃၀–၄ လဒ်မလို
၂၈
၂ အကြွင်း

(၂) ၃ + ၄ = ၇
×၅
၇ ÷ ၃၅–၅ လဒ်မလို
၃၅
၀ အကြွင်း

(၁) ၁နေ့သားနှင့် ၅တေးသမီးတို့ တွက်ကြည့်ရာ ၂–ခုကြွင်းဖြစ်သည့်အတွက် ချမ်းသာမည်။

(၂) ၃ဂါသားနှင့် ၄ဟူးသမီးတို့ တွက်ကြည့်ရာ ၀–သုညကြွင်း၍ ဆင်းရဲမည်ဟု တွေ့ရပါသည်။

***သုနက္ခတ္တံ ကောင်းသောနက္ခတ်နှင့်ကြုံ၍ ကောင်းကျိုးသုခ ရရှိကြပါစေ။***

**ကောင်းခန့် (သခွတ်မြေ)**
**ဝက်လက်**



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်

ဆရာကိုယ်တိုင်ပြ လက်တွေ့လုပ်ရပ်။ ကျမ်းကိုဖတ်၊ ဟပ်ကြည့်လိုက်တော့မှမြင်၊ မြင်ပြီးမှသိ၊ ကျမ်းနဲ့ညီညီပြီး ဖိုခွင်ဝင်။ အဲဒါတွေကို အက္ခရာတင်။

ကြားဆရာ၊ မြင်ဆရာ၊ သင်ဆရာ အပေါင်းတို့ကဖြင့် မောင်ဖိုးဟန်ရဲ့ ဆရာသခင်။

ဆိုရစေတော့ **"အန္တော ဒန်နာ လမ်းနှစ်ဖြာ"** ရွှေ ဖြစ်ကိုဖြစ်တာ။ ဆရာပုဏ်ဆိုတာ ကာကယ်ရှိခဲ့တာ။ ရသေ့တစ်ပါး။ အသရေ မချို့တဲ့ သရေခေတ္တရာ ပြည်မြို့က။ ကွယ်လွန်ခဲ့ ကြာတာပေါ့။ (၂၅)နှစ်ကျော်ပြီ။

ဆရာပုဏ် ကွယ်လွန်ပြီးလို့ တစ်နှစ်ကျော်ကျော်အကြာ အကြောင်းအားလျော်စွာ တိုက်ဆိုင်မှုတစ်ခုကြောင့် သူမြှုပ်ထားတဲ့ မြေပုံကိုတူးလို့ ခေါင်းကိုဖော်။ မြေပြင်ပေါ်ကို ခေါင်း,မတင် ခေါင်းက မလေး။ ပေါ့ပေါ့လေး… ပေါ့ပေါ့လေး။

တားမလေးနဲ့ ခေါင်းဖုံးကိုကော်။ ကော်…ကော်ပြီး ခေါင်းကိုဖွင့်။

မြင်သင့်တဲ့ ဆရာပုဏ်။ အရိုးလဲ မကျ၊ အရေလဲမတင်၊ ခေါင်းထဲတွင် မရှိ။ ယုတ်စွအဆုံး ရသေ့ဆရာပုဏ် ခေါင်းမှာပေါင်းတဲ့ ခေါင်းပေါင်းစလေး တောင်မရှိ။ ဘာမှမရှိ။

သိကြပြီနော်။ ဟာလာဟင်းလင်း။ ခေါင်းအတွင်းမြင်ရ။ ပျောက်ချက်က အထင်အရှား။ လက်ဖျားခါလောက်တဲ့ အဖြစ်။ နှစ်မချို့သေးတဲ့ အချိန်အခါ ကန်တော့်ဦး သုသာန်မှာ။

'ကဲ ဆရာပုဏ် ဘယ်ဆီရောက်၊ ပျောက်'



ရွှေတောင် ခင်မောင်ကြည်

ရှင်ကောဝိဒရဲ့

ဒန်နာ သု

ရှာ

(၂)

မေးပါရစေ တစ်ခွန်းလောက်။

အကြောင်းဆိုင်တုန်း ရေးလိုက်ပါဦးမယ်။

"အန္တော ဒန်နာ လမ်းနှစ်ဖြာ" မောင်ဖိုးဟန် ချန်ထားခဲ့တာလေးတွေ ရှိတယ်။ ကျန်ခဲ့တာလေးတွေရှိတယ်။ တောင်းပန်ပါတယ်။

ဖိုးဟန် ချန်ခဲ့လို့ ကျန်ခဲ့တာက သိကြလိမ့်မယ်ထင်လို့ပါ။

**"အန္တော"**က မီးတင်လို့ ထိုးနေစဉ် ကာလမှာ **လာဘ်တိတ်ပါတယ်။ လာဘ်ပိတ်ပါတယ်။** စီးပွားရေးလုပ်ငန်းရှင်များ ကိုယ်တိုင် ဓာတ်မကစားကြပါနဲ့လို့ မေတ္တာတရားရှေ့ထား စေတနာစကားလေး ဆိုရပါစေ။

အဲဒီအထဲမှာ အဂ္ဂိရတ်ထိုးလို့ ရိက္ခာထောက်လမ်း အားပြုကြသူ
အဖို့တော့ မောင်ဖိုးဟန် မရည်ညွှ
ဘူး။ ဆရာတို့ "ရွှေသို့ ချီတက်"
လက်ခုပ်တီးလို့ အားပေးပါရစေ

ကြေးနဲ့ခဲကိုသာ "ဝက်"ရ
ချက်။ ဝက်ချက်နေတဲ့ အချိန်
လာဘ်ကပိတ်တာ။ ပြဒါးနဲ့တွဲပြီး
လိုက်လို့ကတော့ ဖြစ်တယ်
**"အန္တော"**။ မပြောမရှိနဲ့။ မောင်ဖိုး
တာဝန်ခံပါတယ်။

လက်ကျလက်န ကောင်း
နည်းနည်းဖြစ်မယ်။ အဖြစ်နည်း

www.burmeseclassic.com

www.burmeseclassic.com

လက်ဆကောင်းရင် အများကြီးဖြစ်မယ်။ တွက်ခြေကိုက်တယ်။

ကြေးနီခွဲကို ဝက်ဖြစ်အောင် ချက်နေတဲ့အချိန် အဂ္ဂိရတ်သမားမှာ အလိုလို ဒေါသကြီးလာတတ်တယ်။ အပေါက်မရှိ အပေါက်ရှာ။ အပြစ်တွေရှာပြီး အိမ်သူအိမ်သားတွေကို ရန်ရှာတတ်တယ်။

အဂ္ဂိရတ်သမား ရတနာ(၃)ပါး ဦးထိပ်ထား။ မြတ်ဗုဒ္ဓရဲ့ ပရိတ်တော်တွေကို ရွတ်ဖတ်။ ဂါထာမြတ်တွေကို သရဇ္ဈာယ်။ မကောင်းမှုတွေဖယ်။ ကောင်းမှုတွေဆွယ်။ ကိုယ်, နှုတ်, နှလုံး (၃)ပါးကို ဆင်ခြင်။ စိတ်ကောင်းမွေးလို့ ဖြူစင်နေတယ်ဆိုရင်...

သူ့အိမ်က အိမ်သားတွေ စိတ်ဝမ်းကွဲပြား စကားများ။ ရန်များတောင်ဖြစ်တတ်ရဲ့။

အဲသလို မဟုတ်ရင် အရှေ့(၇)အိမ်၊ အနောက်(၇)အိမ်၊ မျက်နှာချင်းဆိုင်(၇)အိမ် တစ်အိမ်နဲ့တစ်အိမ် စကားများကြ ရန်ဖြစ်ကြလိမ့်မယ်။

ဒါမှမဟုတ် မီးလန့်မယ်။ လန့်ရုံလေးပဲ။ မလောင်ဘူး။ ထူးတယ်။ နောက်တစ်မျိုးက ရွာရိုးကိုးပေါက် လမ်းထဲမှာ အရက်မူးသမား လမ်းသလားလို့ အော်ဟစ်ရမ်းကား ဆဲသံဆိုသံများ ကြားရမယ်။

ယုတ်စွအဆုံး ခွေး(၂)ကောင်တော့ ကိုက်ကြမယ်။ အကြီးအကျယ်။

အဲဒါ နိမိတ်တွေပဲ။ နိမိတ်တွေသာပြရင် လက်ခမောင်းခတ်ပေတော့ "အန္တောလမ်းစဉ်" အောင်မြင်ပြီ။ ဖြစ်ပြီ။ ရှေ့ကိုသာဆက်။ ထွက်လာလိမ့်မယ် လို့ချင်တာ။

အန္တောက ကိတ်ကျဖို့ မောင်ဖိုးဟန် (၃)ကြိမ် ကစားခဲ့တယ်။ ညဉ့်အချိန်အထိ ဘဝတစ်သက်တာမှာ...



၁။ ပထမအကြိမ်က ဆရာပုဏ္ဏ လက်ထပ်သင်ပေးတဲ့အချိန်။ ရလာတဲ့ ဓာတ်သား မောင်ဖိုးဟန် ယူမထားလိုက်ပါဘူး။ ဆရာပုဏ္ဏကပေးပါတယ်။

ပထမဆုံးဖြစ်တဲ့ ဓာတ်သား သိမ်းထားတဲ့။ ဒါပေမယ့် မောင်ဖိုးဟန်က အတင်း ငြင်းပယ်။ ဆရာပုဏ္ဏကို ထိုက်ထိုက်တန်တန်လဲ ကန်တော့လိုက်ပါတယ်။ ကျေးဇူးအထူး။

၂။ ဒုတိယအကြိမ်ကတော့ အဂ္ဂိရတ်သမားကို လူများတကာ အထင်သေးကြတယ်။ မောင်ဖိုးဟန်က ဒကာမကြီး ဒေါ်မြရွှေကို လက်ကောက်တစ်ရံ ရိုက်ပေးလိုက်တယ်။ ဒေါ်မြရွှေလက်မှာ ယခုထက်တိုင်ဝတ်ဆဲ။ နှစ်ပေါင်း(၃၀) ကျော်ပြီပဲ။ နှစ်(၄၀)ကိုဝဲ။

၃။ တတိယအကြိမ် ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်းမြို့ကို အပြန် မောင်ဖိုးဟန် ခရီးစရိတ်ရှာခဲ့တယ်။ များများ မထင်လိုက်ကြပါနဲ့။ တစ်မတ်သားသာသာ။

ဖိုးဟန်ဘဝ တစ်သက်တာ (၃)ကြိမ် (၃)ခါ။ နောင်များမှာတော့ အခုအချိန်အထိ စိတ်တောင်မကူး။ ကုန်းကောက်စရာ မရှိအောင် ဆင်းရဲခဲ့တာတောင် မလုပ်ခဲ့ပါဘူး။

လျှို့ဝှက်နက်နဲ ခက်ခဲတဲ့ ပညာရပ်။ အဂ္ဂိရတ် ထူးခြားတဲ့အတတ် တတ်မြောက်ပြီပဲ။ ဘာလုပ်စရာ ရှိသလဲ။

အထက်တန်းပြဆရာ ဝင်ငွေကလေးနဲ့ အိမ်စရိတ်က မဝရေစာ။ ဝင်ငွေဆိုတာ အမြဲ ငရဲကတော့ အပ။

မဖြစ်ခင်ကပဲ ဖြစ်ချင်တာ။ ဖြစ်ပြီဆိုတော့ စိတ်လက်မပါ။ ဖြစ်ကို မဖြစ်ချင်တော့တာ။ မလုပ်တော့တာ။ ဘာသာလဝါ။

အချိန်ကုန်တယ်။ လူပင်ပန်းတယ်။ မီးပူတယ်။ အရင်းအနှီးကြီးတယ်။ မီးသွေးဖိုး၊ လုံဖိုး၊ ဓာတ်ဖိုး၊ နေ့တိုင်း လုပ်အားခ စရိတ်စက တွက်ချလိုက်တော့ နည်းရင်ကွဲပြီ။ ပြဒါးများမှ များများ ဖြစ်မယ်။ ပြဒါးများများတည်။

ပြဒါး တစ်ကျပ်သားလောက်သာ ရင်းနှီးပြီး ထိုးလို့ကတော့ လုပ်ရင်း နစ်သွားမယ်။

မောင်ဖိုးဟန် ရင်ကွဲမတတ် ခံစားရတဲ့ အချက်တစ်ချက် ရှိတယ်။ အဂ္ဂိရတ်ရွှေ။ မီးအတတ်နဲ့ ပြဒါးက ဖြစ်လာတဲ့ ရွှေ။ ဓာတ်သား။ အောက်သိဒ္ဓိ(၃)ပါးတော့ပြီးတယ်။ (၃)ပါးစလုံး မပြီးရင်တောင် (၁)ပါးကတော့ အသေအချာ။ မြေကြီးလက်ခတ်မလွဲ။ ပီယ၊ ကာယ၊ ဓန ကဲ...

ဒါပေမယ့် သိဒ္ဓိဆိုတာ ရွှေဆိုင်ကတော့ သိမှမသိဘဲ။

အောက်သိဒ္ဓိ တစ်ပါးပါးပြီးတဲ့ အဂ္ဂိရတ်ရွှေကြီး။ ရွှေဈေးနဲ့တော့ဖြင့် တကယ့်ကို မရောင်းနိုင်။ သိဒ္ဓိနဲ့ မမျှတဲ့ ငွေကြေး။ အဆမတန်ဈေး ဖိုးဟန်တို့ကတော့ ဝေးသေး။ အေးဆေး။

ပြော် အဖြစ်နည်းတဲ့ ရိက္ခာထောက် လမ်းကလေး။ တစ်ဖြာ။

မောင်ဖိုးဟန် ရွှေနတ်တောင်ကနေ ရွှေတောင်အိမ်ကို ပြန်အရောက် ကိုရင်



www.burmeseclassic.com

www.burmeseclassic.com

ကြီး လမ်းညွှန် ပြောပြလိုက်သမျှတွေကို ပြန်တွေးတယ်။ တွေးတွေးပြီး မှတ်စုစာအုပ်ကလေးထဲမှာ ရေးတယ်။ တိတိကျကျ အာစရိယဝါဒ။

တစ်လမဆိုင်း။ ရက်သတ္တပတ်သာသာ ကြာကြာဆိုင်းလို့ နောက်တစ်ပတ်စနေနေ့မှာ မောင်ဖိုးဟန် ဖိုခွင်ဝင်တယ်။ လေးထပ်ဖားဖိုလေး လှုပ်ရှားပြီ။

မနက်(၇)နာရီမှာ ဖိုခွင်ကိုပြင်ပြီ။ နှာပေါက်နဲ့ ဖောက်လုံနံပါတ်(၃) ခါးတိုက်အနေအထား။ ဖောက်လုံထဲမှာက ကြေးနီ(၁)ကျပ်သား။

ကြေးနီက ကြေးနီလက်ရိုက် ထမင်းအိုးကလေးရဲ့ဘေးသား။ ရွှေတောင်မြို့ တည်ကုန်း တာလမ်းကြီးမှာနေတဲ့ အစ်မဒေါ်သိန်းရှင် ဝယ်ပေးတာ။ အလေးချိန်က (၈၀)သား။ ပေးဝယ်လိုက်တာက (၈၀၀)ကျပ်။ အပြတ်တန်တယ်။ လက်ရိုက်အိုးကလေး။ ခုခေတ်မှာတော့ ရှာမှရှား။

အဲဒီ ကြေးနီအိုးကို ဖြတ်ယူလိုက်တဲ့ ဘေးသား (၁)ကျပ်သား။

ဖောက်လုံကို ဖိုခွင်ထဲမှာ မတည်ခင် ဖိုခွင်အောက်ခြေမှာ မီးသွေး တစ်ထပ်ခံတယ်။ မီးစွဲပြီး အရှိန်ရရင် ပိုပြီးတော့ မီးနာအောင်လို့။

ဖိုခွင်အောက်ခြေက မီးသွေးတွေအပေါ်မှာ ဖောက်လုံကိုတင်။ နှာပေါက်နဲ့ ခါးတိုက်ကျအောင် ညှိ။ ဖောက်လုံကို လုံငှားဖုံး ဖုံး။ ဘေးပတ်လည်မှာ မီးသွေးခဲတွေဖြည့်။ ပတ်ပတ်လည် ဝိုင်းရံ။

အဲဒီအပေါ်က မီးခဲ(၃)ခဲကို တြိဂံပုံတင်။ ဖိုကြိုးကိုဆွဲ။ လေပြည်လေညင်း ဖြည်းဖြည်းသွင်း။ မီးသွေးတစ်ခဲချင်း တစ်ခဲချင်း ထပ်ထပ်တင်။

လုံငှားဖုံးပေါ်မှာ မီးသွေးခဲကြီးကြီး



တစ်ခဲကိုဖိ။ ပတ်လည်ညှိပြီး မီးသွေးထည့်။ တဖြည်းဖြည်း မီးရှိန်မြင့်၊ လုံရဲလာတာနဲ့ ဖိုကြိုးကိုလွှတ်၊ လေကိုဖြတ်၊ လုံကိုလှည့်။ လုံကို မီးထဲမှာ နှပ်ထား။ လုံလန့်ပြီး ကွဲမသွားစေဖို့၊ ဓာတ်မီးနေစေဖို့။ တစ်ခဏအကြာ...

လုံနှုတ်ခမ်းလေး ညိုတာနဲ့ မီးမပြတ်ဆက်တိုက်ဆွဲ။ ဥဏှကနေ ပါစက၊ ပါစက,ကနေ ဒါဟ၊ မီးပြင်း၊ ကောလီမီးစုံ။

မီးပြင်းပြီး မီးကြီးပါမှ ကြေးနီပျော်မယ်။ ပျော်နှုန်းမြင့်တဲ့ ဓာတ်သား၊ သွားမစမ်းလေနဲ့။ တင်းထားပါမှ အတော်ကျ။

မီး(၅)အုပ်အကျမှာ လုံငှားဖုံးကို ဖွင့်ကြည့်တော့ ကြေးနီ မပျော်သေး။ ကြေးနီ အရည်လည်အောင် (၁)နာရီ ကျော်ကျော်ထိုးရ။

မီးသွေးမှုန့် မကျူဘူး။ ကျူလိုက်လို့ မြန်မြန်ပျော်သွားရင် အရည်တော့ ပျော်မယ်။ ပျော်ဟန်က မမှန်ဘူး။ မီးသွေးမှုန့်မကျူ သဘာဝ မီးအပူနဲ့ပဲ ထိုးတယ်။ မီးသွေးအုပ်တွေ ကျတာလဲ များသွားပြီ။ မီး (၁)အုပ် (၁)အုပ် ကျတိုင်း ဖွင့်ဖွင့်ကြည့်တယ်။

မီးသွေး(၁၀)အုပ် ကျော်ကျော်မှာ လုံငှားဖုံးလဲ ဖွင့်လိုက်ရော ကြေးနီ ပျော်ခါနီးနေပြီ။ ထိပ်တော့ မလင်းသေး။ အပေါ်ယံ အလွှာကလေးကတော့ တုန်နေပြီ။

မီးကလဲ အဝါရောင် နောက်တောက်တောက်။ မီးတောက်ကလဲ ဖြိုးဖြိုးဖြောက်ဖြောက်။ ကြေးနီပျော်ချိန် တန်လေပြီ၊ နောက်မီး(၁)အုပ်မှာ လေသွင်းပြီး တင်းတင်းကြီး ဖိုကြိုးကိုဆွဲလိုက်တော့ မီးရောင်က ပန်းနုရောင်အသွေး ဖြည်းဖြည်းလေး ပြောင်းသွားတယ်။

ကြေးနီပျော်ပြီ။ ဓာတ်ပျော်ပြီ။

ဖိုခွင်ဘေးမှာ ချထားတာက ကြေး ထမင်းစား ပန်းကန်ပြားတစ်ချပ်။ ဘော်ပေါက်ပေါက်ပွင့် (၁)ကျပ်သားက ပန်းကန်ပြားထဲမှာရှိနေ။ **(အကယ်၍ ဘော်ပေါက်ပေါက်ပွင့် မရပါက ဘော်ကို အပြားခတ် ရွှေကြီးတစ်ရွှေသားစီလောက် ကတ်ကြေးစာချ)**။

ဓာတ်ပျော်ပြီဆိုတာသိတော့ ဖိုးဟန်က ဖိုကြိုးဆွဲတာ လျှော့လိုက်တယ်။ လေရှိန်လဲ လျော့သွားတယ်။ မီးလဲ ပျော့သွားတယ်။ ဒါပေမယ့် မီးကတော့ မီးမှန်။

မီးမှန်ဆွဲရင်း ဖိုကြိုးကို တင်းထားတယ်။ ဘယ်လက်က ဖိုကြိုးလွှတ်။ ညာလက်က ညှပ်ကိုကိုင်၊ လုံငှားဖုံးပေါ်က မီးခဲတွေကို ညှပ်နဲ့ဆွဲ။ ဖိုခွင်အတွင်း နှုတ်ခမ်းကိုကပ်။ လုံငှားဖုံးကို ဖွင့်။ ဖိုခွင်နှုတ်ခမ်းပေါ်ကို တင်။

ကြေးနီဆိုတာ ပျော်နေလိုက်တာ ကြည်လို့ သောက်ရှူးကြယ်လိုဝင်း။ အရောင်အလင်းကလဲ လုံမှာတက် အလျှံထွက်။

မောင်ဖိုးဟန် ချက်ချင်းပဲ ညှပ်တိုနဲ့ ဘော်ပေါက်ပေါက်ပွင့် တစ်စကို ညှပ်ပြီးယူ။ မီးရဲနေတဲ့ လုံနှုတ်ခမ်းထိပ်အဝမှာ ခဏထား၊ အပူပေး။ ဖိုချက်ကို မှန်မှန်ဆွဲရာက ရပ်ထားတော့ ဖိုခွင်အပူကသေး၊ နည်းနည်းလေး။

ထိပ်လင်းပြီး ကြည်နေတဲ့ ကြေး ပျော်ရည်နဲ့ ဘော်စလေးကို ထိပြီး ညှပ်နဲ့ ညှပ်ထားတာကို ဖြည်းဖြည်း လေး ဟပေးလိုက်တယ်။ ဖိုတော့



www.burmeseclassic.com

www.burmeseclassic.com

မနားတမ်းဆက်ဆွဲ။ ဖိုဆွဲမပျက်။ လေကို အလျှော့အတင်းနဲ့ ကစား။ ရပ်တန့်ရပ်။

ကြေးပျော်ရည်ကို ဘော်သားထိတာနဲ့ ကြေးက ဘော်ကိုစားတယ်။ ဘော်က ကြေးပျော်ရည်ထဲကို ပျော့ပျော့ပျော်ပြီး ဝင်သွားတယ်။ လုံတွင်းက ကြေးပျော်ရည် ဘော်မြင်ကွင်းက ကျဉ်း ကျဉ်းသွားတယ်။ နောက်ဆုံးတော့ ငုပ်လျှိုးပျောက်ကွယ်။

ဖိုကိုဆွဲတယ်။ ဘော်နောက်တစ်စထပ်ထည့်ပြန်တယ်။ အဲဒီ ဘော်စလေးပျော်သွားတယ်။ ဖိုကို ဆက်ဆွဲတယ်။ ဘော်နောက်တစ်စ ထည့်ပြန်တယ်။ လုံကို လှည့်လိုက်။ ဘော်ထည့်လိုက်။ ဆက်တိုက်။

ဘော်ပေါက်ပေါက်ပွင့် (၁)မတ်သားလောက်ထည့်ပြီးတာနဲ့ လုံငှားဖုံးကိုဖုံး။ လက်သွက်သွက်နဲ့ ဖိုချက်ကျကျ။ ဒါဟာ မီးအရောက် မီးပြင်း။ တင်းတင်းကြီး ထိုးပြီးတာနဲ့ ဖိုဆွဲချက်ကိုချ။ **ဥဏှာ။**

ဥဏှာကနေ ဖြည်းဖြည်း လေသွင်းပါစက။

တင်းလိုက်၊ လျှော့လိုက်၊ ချော့လိုက် ခြောက်လိုက် ဓာတ်(၂)ပါး တစ်သားတည်းဖြစ်စေ။

မီး(၃)အုပ် ပြင်းပြင်းကြီးအကျ လုံကိုကြည့်လိုက်ရ၊ မကွဲမအက် အခြေအနေမပျက်။ ပကတိ မူလလုံအနေ။ လုံဟာတော့ တစ်လုံလုံးရဲ၊ မီးခဲ။

ရဲနေတဲ့ မီးခဲတွေကိုဖယ်၊ လုံငှားဖုံးကိုဖွင့် ဘယ်လက်နဲ့ ဖိုကြိုးကိုဆွဲနည်းနည်း နည်းနည်း လေကိုသွင်း၊ ကြေးပျော်နေတာကို ထောက်ပံ့ပေး ဆက်တိုက် ပျော်စေ ပျော်ပါစေ။

ပျော်နေတဲ့ ကြေးနီထဲကို ဘော်ပေါက်ပေါက်ပွင့် တစ်ပွင့်သွင်း၊ ပျော်စေစားစေ ဓာတ်(၂)ပါးနှစ်ထွေရော။



ဘော်ပေါက်ပေါက်ပွင့် တစ်ပွင့်ချင်းထပ်ထပ်ပြီးထည့် တစ်မတ်သား။ ဘော်ထည့်တာရပ်ထား၊ မီးဆက်ကစား။ လုံကို လှည့်လှည့်ပြီး ထိုးသွား။

လက်ကျန် ဘော်(၅)မူးသားကိုလဲ အဲဒီလိုပဲ ဆက်ဆက်ပြီး ကြေးနီထဲကိုသွင်း။

ကြေးနီထဲကို ဘော်(၁)ကျပ်သား ချင်းနင်းဝင်ရောက်သွားတာနဲ့ ကောလီမီးစုံကစား။ ဓာတ်(၂)ပါး ကောလီကြေအောင်လုပ်။ ကောလီ ကြေပါစေ။ လုံကိုကြည့် လုံခိုင်ရင် ဆက်ထိုး။

ဓာတ်ထိုးချိန် (၃)နာရီကျော်ပြီ။ မီးချိန်မညီတဲ့ ဓာတ်(၂)ပါးလဲ တစ်သားတည်းဖြစ်ပြီ။ ဖိုကြိုးကိုလွှတ် လေကိုရပ်။ ဖိုခွင်ကိုကြည့်...

မီးရဲနေတဲ့ ဖိုခွင် လုံငှားဖုံးကိုဖွင့် ဖိုခွင်နှုတ်ခမ်းပေါ်ကိုတင်၊ လုံနှုတ်ခမ်းညိုရောင်သန်းတဲ့ အချိန် လုံနှုတ်ခမ်းထိပ်ကချော် အပျော်ရပ်တဲ့အချိန်၊ ခဲသွားတဲ့ အချိန်...

လုံဖုံးအဟောင်းကို ပြန်မသုံး။ လုံဖုံးအသစ်နဲ့ဖုံး။ လုံးဝကို ပစ်ထားလိုက်။ ဖိုခွင်ထဲမှာ သူ့ဟာ သူနေ။ အလိုချမ်းစေ။

တနင်္ဂနွေနေ့ မနက်(၇)နာရီလောက်မှာတော့ ဖိုးဟန် ဖိုခွင်ဝင်ပြီး မနေ့က အလိုချမ်းထားတဲ့ လုံကိုထုတ်၊ သဲခွက်ထဲကိုထည့်၊ ဖိုတိုက်ကို ရှင်းလင်း၊ ဖိုနှာပေါက်အောက် လက်နှစ်လုံးလောက်အကွာ မီးသွေးအပြည့်ထည့်။

အဲဒီမီးသွေးပေါ်က လုံဖောက်နံပါတ်(၂) အကြီးတစ်လုံးကို တင်။

လုံထဲကို နာသန့် (၁)ကျပ်သားထည့်၊ လုံငှားဖုံးကိုဖုံး၊ လုံဘေးပတ်လည် မီးသွေးကျပ်၊ မီးတင်ပြီး ထိုးလိုက်တယ်။

မီး(၁)အုပ်မှာ နာက အရည်ပျော်ပြီ။ မီးခဲတွေဖယ် လုံငှားဖုံးကိုဖွင့် လုံကို သဲခွက်ထဲဆွဲချ။

ဣန္ဒာစရိယလုံ လုံပက်နံပါတ်(၄)ထဲကို ပြဒါး(၁)ကျပ်သားထည့်၊ လုံနှုတ်ခမ်းကို ညှပ်တိုလေးနဲ့ ညှပ် ဖိုခွင်မီးပေါ်မှာတင် ပူတံ ပူတံပေး။

ပြဒါးကို ပူတံပေးရင်း နာအေးချိန်ကိုစောင့်။ တစ်အောင့်လောက် အကြာမှာတော့ နာမျက်နှာပြင် တင်းပြီး အရောင်မှိုင်းသွားတာနဲ့ လုံနှုတ်ခမ်းကို ညှပ်နဲ့ညှပ်ပြီးကိုင်။ လှုပ်ကြည့်၊ လုံကို စောင်းပြီး လှုပ်ကြည့်။

နာအလိပ်လိုက် ခေါက်ရိုးကျိုးကျလာတာနဲ့ သဲခွက်ထဲမှာ လုံကို ပြန်တည်။ ပြဒါးကို ပူတံပေးပြီး စွပ်ခနဲလောင်းထည့်လိုက်တယ်။ နာထဲကို ပြဒါးတန်းဝင်သွားတာပဲ။ နာနဲ့ ပြဒါးတွဲသွားပြီ။ **နာတွဲပြဒါး။**

နာပြဒါးတွဲကို အအေးခံ၊ လုံအေးတာနဲ့ မီးပေါ်ပြန်တင်၊ အရည်ပျော်အောင် မစောင့်နဲ့၊ နာပြဒါးတွဲ ထိပ်လင်းတဲ့အထိ မစောင့်နဲ့။ ပြဒါးတွေ ထွက်ကုန်မယ်။

လုံထဲက နာပြဒါး မျက်တောင်များခတ်ရင်တောင် ပြဒါးထွက်သွားတာတော့ အသေအချာပဲ။

နာပြဒါးတွဲ ထိပ်တင်းတာနဲ့ သဲခွက်ထဲကို ဆွဲချ။ သဲခွက်ထဲက နာပြဒါးအရည်ပျော်၊ နာပြဒါးက ဖိုခွင်အပူနဲ့ လုံအပူဟိတ်ကြောင့် သဲခွက်ထဲမှာ အရည်ပျော်သွားတာ။ လုံပူရှိန်နဲ့ အရည်လည်း ထိပ်လင်းပြီ၊ ငုံ့ကြည့်တော့ အရိပ်ပေါ်။



www.burmeseclassic.com

www.burmeseclassic.com

အပလေအေးလေးက နာပြဒါး အရည်ပျော်နွှန်းကို ချုပ်ထားတယ်။ ပိုပြီး ပျော်စရာမရှိ။ ပျော်နွှန်းကျဖို့သာ ပဲရှိ။

အပျော်ရပ်တော့ ပြန်ခဲ၊ ခဲသွားတဲ့ နာပြဒါး မီးပေါ်ကို ပြန်တင်။ မပျော့ တပျော် ပျော့တပျော် သဲခွက်ထဲကို ပြန်ချ။

ခဲရင် မီးဖိုပေါ်ပြန်တင် ပျော်ရိပ်မြင် ရင် ပြန်ချ၊ ခဏခဏလုပ်ပေး။ အကြိမ် များလာတော့ နာပြဒါးခဲက မာလာ တယ်။ အမာသား နာပြဒါး။

စားပွဲပေါ်များ ပစ်ချလိုက်ရင် ချွင်ချွင် မြည်။ **ငွေဒင်္ဂါးသံပေါက်။**

နာပြဒါး ငွေဒင်္ဂါးသံများ ပေါက်လာ ပြီဆိုရင်ဖြင့် ခံရည်လော်င်းရမယ်။ ခံရည်ကလဲ ရေနွေးအဖြူကျိုက်ကျိုက် ဆူ၊ တခြားခံရည်မဟုတ်၊ ရေနွေးခံရည် နာပြဒါး မာမာသွားစေ။

နာပြဒါး အမာသား သွားနဲ့ ကိုက် ကြည့်လိုက်လို့ သွားရာလေးများ ထင် သွားရင် တော်၊ ခံရည်လောင်းတာရပ်။

နောက်နေ့မှာတော့ ဖိုခွင်ကိုရှင်း။ ဇောက်လုံနံပါတ်(၄)အတွင်း နာပြဒါး အမာသားကိုထည့်။ သူ့အပေါ်က ကြေးနီဘော်စပ်သားကိုတင်၊ နာပြဒါး အမာသားထဲက ပြဒါးမထွက်အောင်လို့ ထောင်းထားတဲ့ အန္တောချော်အမှုန့်တွေ ကို သိပ်သိပ်ပြီးထည့်၊ လုံငှားဖုံးကိုဖုံး။

နှာပေါက်အောက် နှုတ်ခမ်းထိပ်နဲ့ လုံငှားဖုံးကို တညီတည်းထား၊ လုံ ဘေးပတ်လည်မှာ မီးသွေးညှပ်၊ လုံငှား ဖုံးပေါ်မှာ (၂)လက်မသာသာ မီးသွေး ခဲကိုတင်၊ ဖိထား၊ သူ့ဘေးပတ်လည် မီးခဲ (၃)ခဲကပ်။ အပေါ်က မီးသွေး တစ်ထပ်တင်ထား မီးလှျံကစား။

ဖိုခွင်ထဲက တက်လာတဲ့ မီးရောင်ကို ကြည့် လုံပူပြီဆိုရင်တော့ မီးရောင်က အဝါနုရောင်ပြေး။ မီးတောက်အဆုံးမှာ



မီးခိုးလိုက်။ ရိုက်နေ၊ ဖိုဆွဲတာ ရပ်လိုက် ရင် မီးခိုးတွေထွက်။

ဒါဆိုရင် လုံဘေးပတ်လည်က မီးသွေးတွေ မီးခဲဖြစ်နေပြီ။ လုံပေါ်က မီးသွေးတချို့ကတော့ မီးခဲဖြစ်ဖို့ အား ယူနေတုန်း။ မီးသွေးအားလုံးတော့ မီးခဲ မဖြစ်သေး။

မီးသွေးတွေအားလုံး မီးခဲဖြစ်သွား ရင် မီးရောင် ပြောင်းသွားမယ်။ မီးခဲက အပူ လုံဆီကို ကူးပြီ။ လုံပူတာနဲ့ မီး ရောင် နောက်စပြုမယ်။ နောက် တောက်တောက် ဖြစ်လာပြီ။

လုံအပူက အန္တောချော်အမှုန့်တွေ ဆီကို အပူကူးပြီ။ ချော်မှုန့်တွေက အပူကို လက်ခံလိုက်တာနဲ့ မကြာဘူး (၃)မိနစ်အတွင်း လုံအတွင်းနှုတ်ခမ်း ဘေးက ချော်ပျော်ပြီ။ လုံငှားဖုံးလေး ဖွင့်ကြည့် တွေ့လိမ့်မယ်။

လုံငှားဖုံးကို ပြန်ဖုံး။ ဖိုကြီးဆက်ဆွဲ၊ လေဆက်သွင်း။ (၂)မိနစ်အတွင်း လုံ အလယ်က ချော်ပျော်ပြီ။

လုံထဲက ချော်အပေါ်ပိုင်းပျော်ပြီ ဆိုတာနဲ့ ဖိုကြီးကို လွှတ်၊ လေဖြတ်။ လုံငှားဖုံးပေါ်က မီးခဲကိုဖယ်၊ သူ့ဘေး က မီးခဲတွေကိုဖြို၊ လုံငှားဖုံးကိုဖွင့် ဖိုခွင် နှုတ်ခမ်းပေါ်ကိုတင်။

ချော်အပေါ်ပိုင်းပျော်တဲ့အပူနဲ့ လုံ အပူ (၂)ခုပေါင်းပြီး လုံရဲ့ အောက်ပိုင်း ကို အပူဆင်းသွားမယ်။ ဖိုဆက်ဆွဲရင် အဲဒီအပူက နာတွဲထားတဲ့ ပြဒါးကို ဒုက္ခပေးမယ်။

ဖိုရပ်ထားမှ ဓာတ်ငြိမ်မယ်။ ဖိုခွင် အပူကလဲ အောက်ကို ဆင်းမယ်။ ချော်ကြည်ရာ ကနေ နောက်သွားမယ်။ ချော်မျက်နှာပြင်မှာ အခွက်ရာ ကလေးပေးတာနဲ့ ဓာတ်(၄) ပါးဆီကို အပူစူးသွားပြီ။

လုံထဲက ချော်အောက်မှာ ရှိနေတဲ့ ဒန်နဲ့ ဘော်တွဲဓာတ်သား အရည် မပျော်ခင် နာပြဒါးအမာသားက အရင် အရည်ပျော်ပြီ။ မီးရောင်ကလဲ ပြောင်း သွားပြီ။

ဖိုခွင်ထဲက မီးရောင်က အဝါပျော့ ရွှေရောင်။ ဖိုခွင်ပေါ်တက်လာတဲ့ မီး တောက်ရဲ့ အဖျားမှာတော့ ပန်းရောင် ပျော့ပျော့လေး ကွပ်လို့၊ မီးတောက်က ပြွတ်ပြွတ်ပြီး တက်တယ်။ တဖျပ်ဖျပ်နဲ့ အသံမြည်တယ်။ ဖလပ် ဖလပ် နားထောင်လို့ကောင်း။

ဒီလို ဓာတ်ပျော်မီးကို မြင်ပြီဆိုရင် ဖိုကို ဆက်မဆွဲနဲ့ ချက်ချင်းရပ်။ ဖိုခွင်ထဲက မီးနဲ့ နှပ်ဖို့ပြင်။ နှပ်ထား ခဏနေ မီးခဲတွေကိုဖယ်။ လုံငှားဖုံး ကိုဖွင့်၊ ကြည့်။ ချော်က သွက်သွက်ခါ အောင် ပျော်နေ။

ဓာတ်လှုပ်ရှားမှု ရှိမ့်ရှိကို ကြည့်။ ချော်ငြိမ်ရင် ဓာတ်ငြိမ်မယ်။ ဓာတ်ငြိမ် ရင် ချော်ငြိမ်တယ်။ ဓာတ်မငြိမ်ရင် ချော်မငြိမ်ဘူး။ နည်းနည်းလေး ကြောင် လိမ်ခိုးတော့ တက်လာမယ်။ ကြောင် လိမ်ခိုးလေး၊ ကြောက်စရာ။

---

*ရွှေလ ဆက်ဖတ်ပါရန်*

---

**ရွှေတောင် ခင်မောင်ကြည်**



www.burmeseclassic.com

www.burmeseclassic.com





◆ နယ်လှည့်ဓမ္မကထိက
အရှင်ဘဒ္ဒန္တဝိမလ

◀ တစ်မူထူးခြားစွာ မျက်လွှာ
အောက်ချနေသည့်
သိုက်ဘုရား(သစ်သားဆင်းတု)

ကျိုက်ရှမ်းလန်မှ

# ရှမ်းသိုက်ဘုရား

မော်လမြိုင်မြို့နယ်၊ **သံလင်း** **ဆောင်ခေါ် နာဂဝံသတောင်ရိုးပေါ်မှ** **ဆံတော်ရှင် အံတော်ဓာတ်စေတီ** **ကြီးအား ကျိုက်သန်လန်ခေါ်** **ကျိုက်ရှမ်းလန်**ဟု ခေါ်တွင်ခဲ့ကြ သည်။

ရှေးယခင်အခါက မြန်မာနှင့် ရှမ်း (ယိုးဒယား–ထိုင်း)တို့ ဘုရားနှစ်ဆူ ယှဉ်ပြိုင်တည်ကြရာ ရှမ်းများတည် သော ဘုရားစေတီမှာ နောက်ကျမှ ပြီးသဖြင့် တပ်လန် ဆုတ်ခွာရခြင်းကို အကြောင်းပြု၍ ယင်းတို့ တည်သော စေတီအား **ကျိုက်ရှမ်းလန်စေတီ**ဟု ခေါ်တွင်ခဲ့ကြသည်။

ယင်းကုန်းတော်သည် တစ်ချိန်က ရှမ်းတိုင်းရင်းသားတို့ စတည်းချ နေထိုင် သွားခဲ့ရာ ရှမ်းသိုက်နန်းများလည်း အများအပြား တည်ရှိခဲ့သည် ဆိုလေ သည်။

**ယင်းသိုက်နန်းများရှိ ရုပ်ပွားတော် များမှာ မျက်လွှာတော် အောက်ချ၍ မြေအောက်သို့ ကြည့်ရှုတော်မူသည့်ဟန် ထုလုပ်ထားကြသည်။**

အခြားသော ရုပ်ပွားတော်များနှင့် မတူ တစ်မူထူးခြားသော သစ်သား ပန်းပု ရှမ်းသိုက်ရုပ်ပွားတော်တစ်ဆူ ကို **ကျိုက်ရှမ်းလန်စေတီ မြောက် ဘက်မုခ်ရှိ နယ်လှည့်သာသနာပြု တရားဟော ဓမ္မကထိက အရှင်ဝိမလ သီတင်းသုံးနေထိုင်သော ရွှေတောင် ကျောင်းတိုက်တွင်** ဖူးတွေ့ရလေ သည်။

ဝှခန်းယဲန်





www.burmeseclassic.com

www.burmeseclassic.com

# သျှစ်ေသာင်းပုထိုးေတာ်ကြီးမှ

## ေရှးေခတ် ရခိုင်ရိုးရာ ဝတ်ဆင်ထုံးဖွဲ့မှုနှင့် အခြားဒီဇိုင်းလက်ရာများ(၃)

ယခင်လမှ အဆက်

ပန်းချီထူးလှ
(ေရှးေဟာင်းသုေတသန)

* * *ပုံ(၇)

### ပန်းကလပ်ကိုင်ထားသည့် အမျိုးသမီး

သျှစ်ေသာင်း ပုထိုးေတာ်ကြီး၏ စတုတ္ထလိုဏ်ပတ် အဂ်ီေထာင့် အေရှ့ဘက်ခြမ်း ေကျာက်နံရံအဆင့်သုံးဆင့် အေပါ်ဆုံးအဆင့်မှ မိန်းမရုပ်လက်ရာပင် ဖြစ်ပါသည်။

နံပါတ်(၅)အရုပ်နှင့် နံပါတ်(၆) အေပါ်မှ အရုပ်လည်း ဖြစ်ပါ၏။ မိန်းမ ေကျာက်ဆစ်ရုပ်ကြွ သုံးရုပ်အနက် လက်ယာဘက်အဆုံးမှ ရုပ်ကြွကို ကူးယူေရးဆွဲထားေသာ ေြမာက်ဦးေခတ်လယ် ရခိုင်အမျိုးသမီး ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်း ေကျာက်ဆစ်ရုပ်ကြွ အမျိုးသမီးရုပ် အမြင့် (၄၇)စင်တီမီတာခန့်၊ အကျယ်(၃၉)စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၆)စင်တီမီတာခန့် ရှိပါသည်။ မိန်းမရုပ်ဒီဇိုင်းလက်ရာမှာ ဆံထုံးအဆင့် သုံးဆင့်ေတွ့ရှိရပြီး ဆံစင်းကို ေခါက်၍ အဖျားကို ေဘးတွင် ချထားသဖြင့် ဆံထုံးပုံစံ အေနအထားမှာ မိတ်ေခါက်ဆံထုံးပုံစံ အေနအထားမျိုး ေတွ့ရှိရပါသည်။

နားနှစ်ဖက်တွင်လည်း နားေတာင်းလုံးကြီးများ ဝတ်ဆင်ထားသည်ကို ေတွ့ရှိရပါသည်။ တဘက်(ပုဆိုးပိုင်း) အလယ်ကို ပခုံးနှစ်ဖက်တွင် တင်ပြီး တဘက်စ အဖျားနှစ်ဖက်ကို လက်ဝဲ၊

ပုံ-၇



လက်ယာ ဖြန့်ချထားပါသည်။ ဘယ်ဘက်လက်ဖြင့် တဘက်စကိုလည်း ကိုင်ထားသည်ကို ေတွ့ရှိရပါသည်။

ညာဘက်လက်ကို ေဘးသို့ထုတ်၍ တံေတာင်ဆစ်မှေကွးကာ လက်ဖျားေမြှာက်၍ ပန်းကလပ်ကေလးတစ်ခု ကိုင်ေဆာင်ထားသည်ကို ေတွ့ရှိရပါသည်။

လက်နှစ်ဖက်စလုံး လက်ေကာက်ဝတ်တွင် လက်ေကာက်ကွင်းကြီး တစ်ဖက်တစ်ကွင်း ဝတ်ဆင်ထားပါသည်။ ရင်သားတွင်လည်း ရင်ဖုံးအရာ ေဖာ်ထားသည်ကို ေတွ့ရှိရပါသည်။

အကျီကို တင်ပါးဖုံးေအာင် ညာဘက်ေဘးတပ်ရင်ဖုံးအကျီ ဝတ်ဆင်ထားသည်ကို ေတွ့ရှိရပါသည်။ ခါးကြိုးစ တစ်စကိုလည်း အ[...] ညာဘက် ေအာက်[...] တွင် ချထားပါသည်။

ထဘီကို ေခြချင်း[...] ထိ ဝတ်ဆင်ထားပါ[...] ထဘီ အဆင်တန်ဆာ[...] ေလးေထာင့်ကွက်က[...] များ ေဖာ်ကာ ထိုအကွ[...] ကေလးများ ေပါ်တွ[...] ပန်းပွင့်နှင့် ေလးေထာ[...] ေခွကေလးများဖြင့် တ[...] ဆာဆင်ထားသည်ကိုေ[...] ရှိ ရပါသည်။

**ဤပုံ(၇) ဒီဇိုင်းလက်ရာကို** မူ[...] ထက် အနည်းငယ် ပြင်ဆင်ပြီး ၂[...] ခုနှစ်ဆန်းပိုင်းတွင် ေြမာက်ဦးနန်း[...] ကုန်းရှင်မရုပ်တုကို ထုဆစ်ကြပါသ[...] ဤအမျိုးသမီးဝတ်ဆင်မှုမှာ ရိုးသ[...] လိုနှင့် ဆန်းပြားသည်ဟု ထင်မြင်[...] သည်။

* * *ပုံ(၈)

### ယပ်ေတာင်ကိုင်မိန်းမ

ဤဒီဇိုင်းလက်ရာသည်လည်း [...] (၇)ဒီဇိုင်းလက်ရာ မူရင်းေကျာက်[...] ရုပ်ကြွ လက်ယာဘက်မှ ယပ်ေတာ[...] ကိုင်မိန်းမ ေကျာက်ဆစ်ရုပ်[...] ကူးယူေရးဆွဲထားေသာ ဒီဇိုင်း[...] ပင်ဖြစ်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

မူရင်း ကျောက်ဆစ်ရုပ်ကြွ အမြင့် (၆၉)စင်တီမီတာခန့်၊ အကျယ်(၃၉)စင်တီ မီတာခန့် နှင့် ရုပ်ကြွအထူ(၁၀) စင်တီမီတာခန့် ရှိသည်ကို တွေ့ရှိရပါသည်။

ဤပုံ(၈) မိန်းမရုပ် ဒီဖိုင်းလက်ရာ၏ ဆံထုံးထုံးဖွဲ့ပုံမှာ လလယ်ယုံ ဆံထုံး ထုံးဖွဲ့ပုံ ပုံစံမျိုး တွေ့ရှိရပါသည်။ ဆံထုံးအောက်ဆင့်တွင်ပန်းပွင့်တစ်ပွင့် ပန်ဆင်ထားပြီး ပန်းပွင့်ကို ကြိုးဖြင့် ဆံထုံးပေါ် ပတ်ချိုင်ထားသည်ကို တွေ့ရှိရပါသည်။







နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများ ဝတ်ဆင်ထားပါသည်။ ညာဘက် လက်ကို တံတောင်ဆစ်မှ ကုပ်၍ ရင်တွင်ကပ်ကာ ယပ်တောင်ရိုးကို ကိုင်ထားပါသည်။

ယပ်တောင်ရိုးကို ဘယ်ဘက်ပခုံးပေါ် တင်ထားပြီး ယပ်တောင်ကို ဖြန့်ထားသည်ကို တွေ့ရှိရပါသည်။

ယပ်တောင်ကို ပန်းဖူး၊ ပွင့်ဖတ်၊ ရွှေလုံးကလေးများဖြင့် ပြန့်ကားစွာ တန်ဆာဆင် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။

တဘက်(ပုဆိုးပိုင်း)ကို ညာဘက်လက်မောင်းရင်းပေါ်တွင် ပတ်၍ တစ်စချထားပြီး နောက်တစ်စကို ကျောဘက်မှပတ်ကာ ဘယ်ဘက်လက်ဖြင့် ကိုင်၍ ဖြန့်ချထားသည်ကို တွေ့ရှိရပါသည်။

တဘက်ကို အစင်းကြောင်းများ၊ ထိုင်းတွန့်များဖြင့် ဖန်တီးအလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်စလုံး၏ လက်ကောက်ဝတ်တွင် လက်ကောက်ကြီး တစ်ဖက် တစ်ကွင်းစီ ဝတ်ဆင်ထားပါသည်။

ပုံ(၈)ဒီဖိုင်း၏ အင်္ကျီဝတ်ဆင်ထားသည့် အနေအထားမှာ ရင်ခွဲ၊ ရင်ဖုံး ညာတင်အင်္ကျီ တင်ပါးဖုံးထားသည့်အထိ ဝတ်ဆင်ထားပါသည်။ အင်္ကျီအောက်နားမှာ တင်ပါးဖုံးသည်သာမက ဒူးခေါင်းထိ ရောက်သည်ကို တွေ့ရှိရပါသည်။

အင်္ကျီပေါ်ရှိ အဆင်တန်ဆာများမှာ ချောမွတ်နေသည့် အနေအထား တွေ့ရှိရပြီး အနားစများတွင်သာ ဖောင်းတန်း၊ ရွှေလုံးများဖြင့် တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။

အင်္ကျီစအောက်ရှေ့ တည့်တည့်တွင် ခါးကြိုးစနှစ်စ ဖြန့်ချထားသည်ကို တွေ့ရှိရပါသည်။

ခါးကြိုးစ အောက်ခြေအဖျားကို ပန်ဖွားသဏ္ဍာန် ဖော်ထားပြီး ဖောင်း, ရာဇမတ်ကွက်များ၊ အစင်းကြောင်းကလေးများဖြင့် အလှ တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။

ထဘီကိုလည်း အနားသတ်ဖောင်းပြားများ၊ နှစ်ထပ်ရွှေလုံးလေးများနှင့် လေးထောင့်ကွက်များ တွေ့ရှိရပါသည်။

လေးထောင့်ကွက်များထဲတွင် နှစ်ထပ်ရွှေတစ်ဆုပ်ပွင့်များဖြင့် အလှဆင်ထားပါသည်။ **ပုံ(၈)**ဒီဖိုင်းလက်ရာ ယပ်တောင်ကိုင် မိန်းမရုပ် ဝတ်ဆင်ထုံးဖွဲ့မှုမှာ ယဉ်သလိုလိုနှင့် ဆန်းပြားသည့် လက်ရာတစ်ခုပင် ဖြစ်ပါသည်။

* * *ပုံ(၉)

ကြာဖူးကိုင် မိန်းမဒီဖိုင်းလက်ရာ

ဤပုံ(၉) ဒီဖိုင်းလက်ရာသည် ပုံ(၈)ဒီဖိုင်းလက်ရာ မူရင်း ကျောက်ဆစ်ရုပ်ကြွ လက်ဝဲဘက်မှ မိန်းမရုပ်ကို ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာပင် ဖြစ်ပါသည်။

မူရင်းကျောက်ဆစ်ရုပ်ကြွ အမြင့်(၇၆)စင်တီမီတာခန့်၊ အကျယ်(၃၈)စင်တီမီတာခန့်နှင့် ရုပ်ကြွအထူ (၁၅)စင်တီမီတာခန့် ရှိပါသည်။ ဤအမျိုးသမီး၏ ဆံထုံးပုံစံ အနေအထားမှာ သုံးပတ်ခွေဆံထုံးပုံစံ အနေအထားမျိုး တွေ့ရှိရပါသည်။

ဆံထုံးအဆင့် သုံးဆင့်၏ အောက်ဆင့်တွင် နှစ်ထပ်ပွင့်ဖတ်လေးဖတ်၊


www.burmeseclassic.com

www.burmeseclassic.com







ဝတ်ဆံတစ်ခုဖြင့် ပန်ဆင်ထားသည့် ပန်းပွင့်ကြီးတစ်ပွင့်ကိုလည်း တွေ့ရှိရပါသည်။

ပန်းပွင့်ကြီးကို ကြိုးဖြင့် ဆံထုံးကို ပတ်၍ ပန်ဆင်ထားပါသည်။ နားနှစ်ဖက်ကား၍ ရှည်ပြီး ပန်းပွင့်နားတောင်းကြီးများ ဝတ်ဆင်ထားပါသည်။

နားတောင်းပန်းပွင့်ကြီး တစ်ပွင့်ကို နှစ်ထပ်ပွင့်ဖတ် ခြောက်ဖတ်နှင့် အလယ် နှစ်ထပ်ဝတ်ဆံတစ်ခုစီဖြင့် ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။

တဘက်(ပုဆိုးပိုင်း)ကို ပခုံးပေါ်တင်၍ တဘက်စနှစ်ဘက်ကို အောက်သို့ ဖြန့်ချထားပါသည်။ တဘက်ကို ကန့်လန့်ဖြတ် အစင်းကြောင်းနှင့် ရပ်စောက် အစင်းကြောင်းများဖြင့် အလှဆင်ထားပါသည်။

ဘယ်ဘက်လက်တွင် ကြာဖူးတစ်ဖူးကို ပခုံးပေါ်တင်၍ ကိုင်ဆောင်ထားသည်။ လက်နှစ်ချောင်း၏ လက်ကောက်ဝတ်တွင် လက်ကောက်ကြီးတစ်ဖက်တစ်ကွင်း ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

အင်္ကျီကိုလည်း ရင်ခွဲ၊ ရင်ဖုံး ညာတင်၊ ညာတပ် ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီကို တင်ပါး ဖုံးသည်အထိ ဝတ်ဆင်ထားပါသည်။

အင်္ကျီအနားရစ်များကို ဖောင်းဆင့်နှစ်ဆင့်ဖြင့် တန်ဆာဆင်ထားပါ၏။ အင်္ကျီညာဘက်အောက်တွင် ခါးကြိုးစတစ်စ ချထားသည်ကို တွေ့ရှိရပါသည်။

ခါးပတ်ကြိုးစကို ရပ်စောက် အစင်းကြောင်းဖြင့်သာ အလှဆင်ထားပါသည်။

ထဘီ(လုံချည်)ကို ခြေမျက်စိဖုံးအောင် ဝတ်ဆင်ထားပါသည်။ ထဘီအနားရစ်ကလေးများလည်း ဖော်ထားပါ၏။ အနားရစ် အထက်တွင် နှစ်ထပ်ပွင့်ဖတ်ကလေးများဖြင့် ထိပ်တိုက် အစီအရီ တန်ဆာဆင်ထားပါသည်။

ထဘီအလယ်တွင်လည်း လေးထောင့်ကွက်ကလေးများ ဖော်၍ လေးထောင့်ကွက်ထဲတွင် ပွင့်ဖတ်ငါးဖတ်၊ ဝတ်ဆံတစ်ခု ပါသော ပန်းပွင့်များနှင့် ရပ်စောက်အစင်းကြောင်း၊ ကန့်လန့်ဖြတ် အစင်းကြောင်းကလေးများဖြင့်သာ အကွက်စိပ်စိပ် တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။

ထဘီ တချို့နေရာတွင် မူလကျောက်ဆစ်ရုပ်ကြွ၏ စဥ့်အပြာရောင်များ ကပ်ကျန်နေသေးသည်ကိုလည်း တွေ့ရှိရပါသည်။

ပုံ(၉)မိန်းမရုပ် ဒီဇိုင်းလက်ရာ... လည်း ယဥ်၍ ခံ့ညားမှု ရှိသည်... တွေ့ရှိရပါသည်။ ပုံ(၇၊ ၈၊ ၉)... လက်ရာများ၏ မူရင်းကျောက်... လက်ရာများကို နှံရံ၌ တစ်တန်း... တွေ့ရှိနိုင်ပါသည်။

* * *ပုံ(၁၀)

ပုံ(၁၀)ဒီဇိုင်းလက်ရာ၏ မူ... ကျောက်ဆစ်ရုပ်ကြွကို ပုံ(၉)... လက်ရာ၏ မူရင်းကျောက်ဆစ်ရု... အောက်တွင် တွေ့ရှိနိုင်ပါသည်။

အလယ်ဆင့်မဟာပိန္နဲ လက်ဝဲ... မှ ကပ်လျက်အရုပ်ပင် ဖြစ်ပါသည်... ပုံ(၁၀)ဒီဇိုင်းလက်ရာ မူရင်းကျော... ဆစ်ရုပ်ကြွအမြင့်(၄၀)စင်တီမီတာ... အကျယ်(၂၇) စင်တီမီတာ... ရုပ်ကြွအထု (၇)စင်တီမီတာ... ပါသည်။ မူရင်းကျောက်ဆစ်ရုပ်ကြွ... စဥ့်အဖြူရောင် အနည်းငယ် တွေ့... သေးသည်။

ပုံ(၁၀)ဒီဇိုင်းလက်ရာ၏ ဆံထုံး... မှာ ဦးစွန်းဆံထုံးပုံစံ ထုံးထား... ဖြစ်ပါသည်။ ဆံထုံးအဆင့်မှာ... သာ ပါရှိ၏။

နားနှစ်ဖက်တွင် ပန်းနားတော... ဝန်းကြီးတစ်ဖက် တစ်ကွင်း ဝတ်... ထားပါသည်။ ညာဘက်လက်တွင်... ကလပ်ကလေးတစ်ခု ကိုင်ဆောင်... ပါ၏။

တဘက်ကို ညာဘက်ပခုံး... တင်၍ ဘယ်ဘက်ချိုင်းအောက်... တွင်စည်းကာ တဘက်စတစ်ခု... ထုတ်ထားပါသည်။ တဘက်ကို အ... ကြောင်းကလေးများဖြင့် အလှ... ထားပါ၏။

အင်္ကျီကို တင်ပါးကျော်အောင်... ဝတ်ဆင်ထားပါသည်။ အင်္ကျီ...



www.burmeseclassic.com

www.burmeseclassic.com

ဖောင်းပြားတစ်ခု ခံထားပြီး အင်္ကျီ အလယ်သားကို အစင်းကြောင်းကလေး များဖြင့် အလှဆင်ထားပါသည်။

ထဘီ(လုံချည်)မှာ အဆင်တန်ဆာ မရှိဘဲ အချောသာ တွေ့ရှိရပါသည်။ ပုံ(၁၀)ဒီဖိုင်းလက်ရာသည် ရိုးရိုးလေး ဝတ်ဆင်ထုံးဖွဲ့ထားသည့် လက်ရာ တစ်ခုပင် ဖြစ်ပါသည်။

* * *ပုံ(၁၁)

**ပုံ(၁၁)**ဒီဖိုင်းလက်ရာ၏ မူရင်း ကျောက်ဆစ်ရုပ်ကြွကို ပုံ(၁၀)၏ မူရင်း ကျောက်ဆစ်ရုပ်ကြွ လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ ပုံ(၁၁)မူရင်း ကျောက်ဆစ်ရုပ်ကြွအမြင့် (၄၆)စင်တီမီတာခန့်၊ အကျယ် (၂၉)စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၅)စင်တီမီတာခန့် ရှိပါသည်။

**ပုံ(၁၀,၁၁)**အရုပ်တို့သည် ကျောက်နံရံအဆင့်သုံးဆင့်မှ အလယ်ဆင့်မှ အရုပ်များပင် ဖြစ်ပါသည်။ ဤအရုပ်တွင်လည်း စဉ့်အဖြူရောင် အနည်းငယ် ကပ်ကျန်နေသည်ကို တွေ့ရှိရပါသေးသည်။

**ပုံ(၁၁)** ဒီဖိုင်းလက်ရာ၏ ဆံထုံးထုံးနည်း ဖွဲ့စည်းပုံမှာ "က"ယင်ဆံထုံးဖွဲ့ဆည်းပုံထုံးနည်းနှင့် တူသည်ကို တွေ့ရှိရပါသည်။ နားနှစ်ဖက်တွင် နားတောင်းလုံးများ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

တဘက်ကို ပခုံးတွင်တင်၍ လက်ဝဲ၊ လက်ယာ ဖြန့်ချထားပါသည်။ တဘက်ကို လက်ရှိအခြေအနေ၌ အချောသာ တွေ့ရှိရပါသည်။

လက်နှစ်ဖက်တွင် လက်ကောက်ကွင်းကြီး တစ်ဖက်တစ်ကွင်းကို ဝတ်ဆင်ထားပါသည်။ နို့နှစ်ဖက်ကို ဖုံးထားသည့် ရင်စည်းကိုလည်း တွေ့ရှိရပါသည်။




အင်္ကျီကို တင်ပါးဖုံးသည်သာမက ဒူးသို့ဖုံးအောင်ထိ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပါသည်။ အင်္ကျီမှာ ညာဖုံး ရင်ကွဲအင်္ကျီပုံစံမျိုး တွေ့ရှိရပါသည်။

အင်္ကျီအနားကို အစင်းကြောင်းကလေးများ၊ ဖောင်းပြားဖြင့် အနားသတ်ထားသည်ကို တွေ့ရှိရပါသည်။ ထဘီ(လုံချည်)ကိုလည်း ခြေမျက်စိဖုံးအောင်ထိ ဝတ်ဆင်ထားပါသည်။

ထဘီတွင် အဆင်တန်ဆာများ မတွေ့ရှိရဘဲ အောက်အနားရစ် တစ်ခုသာ တွေ့ရှိရပါသည်။ ဤပုံ(၁၁)ဒီဖိုင်းလက်ရာ ဝတ်ဆင်ထုံးဖွဲ့မှုသည် ရိုးရိုးနှင့် ယဉ်ကျေးသိမ်မွေ့စွာ ဝတ်ဆင်ထားသည့် လက်ရာမျိုးပင် ဖြစ်ပါသည်။

* * *ပုံ(၁၂)

## စည်းလိုက်၍ ကခုန်နေဟန်ရုပ်

**ပုံ(၁၂)မူရင်း** ဒီဖိုင်းလက်ရာမှာ ပုံ(၁၁)မူရင်း ဒီဖိုင်းလက်ရာ၏ လက်ဝဲဘက်တွင် တွေ့ရှိနိုင်ပါသည်။ နံရံမှ အဆင့်သုံးဆင့်တွင် အောက်ဆုံးဆင့်မှ အရုပ်ပင် ဖြစ်ပါသည်။

**ပုံ(၁၂)** မူရင်း ကျောက်ဆစ်လက်ရာ အမြင့် (၄၅)စင်တီမီတာခန့်၊ အကျယ် (၁၆)စင်တီမီတာခန့်နှင့် ရုပ်ကြွအထု (၆)စင်တီမီတာခန့် ရှိသည်ကို တွေ့ရှိရပါသည်။ ဤ ပုံ(၁၂) ဒီဖိုင်းလက်ရာ၏ ဆံထုံးဖွဲ့စည်းပုံမှာ နှစ်ဆင့် တွေ့ရှိရပြီး အပေါ်ဆင့်တွင် လက်ယာဘက်၌ အဖျားစ ပေါ်ထားပြီး အောက်ဆင့်တွင်လည်း ဆံဖျားစတစ်စ ဖော်ထားသည်ကို တွေ့ရှိရပါသည်။

နားနှစ်ဖက်တွင် နားတောင်းဝန်းကြီးများ ဝတ်ဆင်ထားပါသည်။ လက်နှစ်ဖက်ကို ထက်,အောက် ညှပ်၍ စည်းလိုက်နေဟန် အနေအထား တွေ့ရှိရပါသည်။

ခါးတွင် ခါးပတ်သုံးဆင့် ပတ်ထားပြီး ကွန်ခြေကာကို ခါးပတ်ပေါ်မှ ခပ်စောင်းစောင်းအပြားလိုက် ညာဘက်ပေါင်ပေါ်တွင် ချထားပါသည်။ ကွန်ခြေကာပြားကို ခပ်စောင်းစောင်း အစင်းကြောင်းနှင့် ထောင်လိုက် အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားပါသည်။

ဘယ်ဘက် ဒူးခေါင်းအထက်တွင် ပုဆိုးရစ်တစ်ရစ် ဖော်ထားပါသည်။ ပုဆိုးအောက်စကို ခြေမျက်စိအထက်တွင် အပြားလိုက် ဖော်ထားပါသည်။

ဤပုံ(၁၂) ဒီဖိုင်းလက်ရာ စည်းလိုက်၍ ကခုန်နေဟန်အရုပ် ဝတ်ဆင်ထုံးဖွဲ့ပုံမှာ ရိုးရှင်းလှသည်ကို တွေ့ရှိရပါသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ပန်းချီထူးလှ**
***(ရွှေတောင်းသုတေသန)***



www.burmeseclassic.com

www.burmeseclassic.com

### တနင်္ဂနွေ

**စီးပွားရေး** ။ ဌာနဆိုင်ရာများနှင့် ပူးပေါင်းလုပ်ကိုင်ရလိမ့်မည်။ နိုင်ငံခြားကုမ္ပဏီများနှင့်လည်း ဖက်စပ်လုပ်ကိုင်ရလိမ့်မည်။ စီးပွားရေး အခြေမြင့်မည်။ အထည်ချုပ်လုပ်ငန်းများ အဆင်ပြေမည်။

**ဝန်ထမ်းရေးရာ** ။ လုပ်ငန်းများ အချိန်မီ မပြီးစီး၍ အပြစ်တင်ခြင်းကို ခံရလိမ့်မည်။ သည်းခံစိတ်လျှော့ပြီး လုပ်ကိုင်ပါ။

**အိမ်တွင်းရေး** ။ မိသားတစ်စု အဆင်ပြေကောင်းမွန်မည်။ အိမ်ထောင်စု၏ ကြီးပွားရေး၊ စီးပွားရေးများ အောင်မြင်မည်။ မရွှေ့မပြောင်းနိုင်သော ပစ္စည်း ရောင်းချရ၍ ဝင်ငွေသိန်းချီ၍ ရဦးမည်။

**အချစ်ရေး** ။ အချစ်ရေးတွင် သာယာမည်။ လက်ထပ်လိုသူများ မိုးအေးအေးထဲတွင် လက်ထပ်နိုင်သောကာလ ဖြစ်ပါသည်။

**ပညာရေး** ။ နိုင်ငံခြားပညာတော်သင် လျှောက်ထားပါက သွားခွင့်ကြုံလိမ့်မည်။ အဆင့်မြင့်ပညာများ တတ်ကျွမ်း၍ အလုပ်အကိုင်တွင်ပါ အဆင်ပြေလိမ့်မည်။

**ကျန်းမာရေး** ။ ဝမ်းရင်တွင် ရောဂါရတတ်သည်။ နားလည်တတ်ကျွမ်းသောသူများနှင့် ပြသကုသပါ။

**ဆောင်ရန်ရက်များ** ။ ၃၊ ၄၊ ၈၊ ၁၃၊ ၁၇၊ ၁၉၊ ၂၂၊ ၂၄၊ ၂၈၊ ၂၉။

**ရှောင်ရန်ရက်များ** ။ ၂၊ ၅၊ ၇၊ ၁၁၊ ၁၅၊ ၂၀၊ ၂၃၊ ၂၆၊ ၂၇။

**ထီထိုးရန်ရက်များ** ။ ၃၊ ၆၊ ၉၊ ၁၂၊ ၁၆၊ ၁၈၊ ၁၉၊ ၂၂၊ ၂၄၊ ၂၈၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ၁၊ ၃၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ သရက်သီးမှည့်(၆)လုံးကို ရဟန်းတစ်ပါးပါးကို ကပ်လှူပါ။

### တနင်္လာ

**စီးပွားရေး** ။ လုပ်ငန်းသစ်များ တိုးချဲ့လုပ်ကိုင်နိုင်သည်။ လက်ရှိလုပ်ငန်းများ အောင်မြင်မည်။ မျှော်မှန်းထားသည်ထက် အမြတ်ငွေ ပိုမိုများပြားမည်။

**ဝန်ထမ်းရေးရာ** ။ လုပ်ငန်းဆိုင်ရာ ကိစ္စများတွင် အောင်မြင်မည်။ နိုင်ငံခြားသားများနှင့် ပူးတွဲလုပ်ကိုင်ရမည်။

**အိမ်တွင်းရေး** ။ သားသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ကောင်းမည်။ အိမ်ထောင်ဖက်လည်း ငွေဝင်ကောင်းမည်။

**အချစ်ရေး** ။ ကြားလူကို သတိထားပါ။ ကြားလူပြောတိုင်း မယုံပါနှင့်။ ချစ်သူတို့နှစ်ယောက်ကြားတွင် ခလောက်ဆန်မည့်သူ ပေါ်လာလိမ့်မည်။

**ပညာရေး** ။ ပညာသင်ကြားနေစဉ် အချစ်ရေးကြောင့် ဒုက္ခရောက်ရတတ်သည်။ အချစ်ရေး အဆင်မပြေတာနှင့် ပညာရေးကို မထိခိုက်ပါစေနှင့်။

**ကျန်းမာရေး** ။ ရောဂါဆိုးကြီးများ မခံစားရသော်လည်း သွားကိုက်သွားနာ ဖြစ်တတ်သည်။ သွေးတိုးရောဂါ အခံရှိသူများ သွေးပြန်တိုးတတ်သည်။

**ဆောင်ရန်ရက်များ** ။ ၄၊ ၆၊ ၁၁၊ ၂၀၊ ၂၄၊ ၂၆၊ ၂၇၊ ၂၉။

**ရှောင်ရန်ရက်များ** ။ ၅၊ ၇၊ ၁၀၊ ၁၂၊ ၁၆၊ ၂၁၊ ၂၅၊ ၂၈။

**ထီထိုးရန်ရက်များ** ။ ၂၊ ၈၊ ၉၊ ၁၃၊ ၁၅၊ ၁၇၊ ၁၉၊ ၂၂၊ ၂၆၊ ၂၇၊ ၂၉၊ ၃၀။



၂၀၁၄ ခုနှစ်၊ ဇွန်လ (၁)ရက်မှ (၃၀)ရက်နေ့အထိ ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျော်မြင့်









**ထီထိုးရန်ဂဏန်းများ** ။ ၁၊ ၃၊ ၉၊ ၀ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ကိုးကန်း မှို ငွေးတို့ကို အစာကျွေး ကလေးများကို မုန့်ကျွေးပါ။

### အင်္ဂါ

**စီးပွားရေး** ။ စီးပွားရေးတွင် အပြိုင်အဆိုင်များ ပေါ်လာ လိမ့်မည်။ အားကြီးသူက အားနည်းသူကို ဝါးမျိုသလို စီးပွားရေးအင်အား ကောင်းသူတွေက ဝါးမျိုလိမ့်မည်။ မိမိက ကျောထောက်နောက်ခံ ရှာထားပါ။

**ဝန်ထမ်းရေးရာ** ။ မိမိလုပ်ငန်းများ သတ်မှတ်ချိန်ထက် စောပြီး၍ လူကြီးများ အားရကျေနပ်လိမ့်မည်။ နေရာ ကောင်းနှင့် တာဝန်သစ်များ ပူးတွဲရလိမ့်မည်။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေး အဆင်ပြေမည်။ ခင်ပွန်း အိမ်ထောင်ဖက် စီးပွားရေးလုပ်ငန်းတွင် အခက်အခဲရှိသည်။ မိမိက အားပေးပါ။

**အချစ်ရေး** ။ ကြားလူများ ရှုပ်ထား၊ ခြေထိုးထားသည့်ကိစ္စများ အဆင်ပြေသွားပါလိမ့်မည်။ လက်ထပ်ဖို့ အဆင်မပြေသေးပါ။

**ပညာရေး** ။ ကြိုးစားသည်ထက် ပို၍ အောင်မြင်မည်။ ခေတ်မီပညာရပ် များ သင်ယူခွင့်ကြုံလိမ့်မည်။

**ကျန်းမာရေး** ။ ဗိုက်နာခြင်း၊ လေအောင့်ခြင်း ဖြစ်တတ်၍ ဗိုက်အောင့် စာများ၊ ဝမ်းသွားစာများ၊ လေစာများကိုရှောင်ပါ။

**ဆောင်ရန်ရက်များ** ။ ၂၊ ၅၊ ၉၊ ၁၉၊ ၂၅၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၃၊ ၄၊ ၁၀၊ ၁၅၊ ၂၆၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ၂၊ ၆၊ ၈၊ ၁၂၊ ၁၄၊ ၁၈၊ ၂၄၊ ၂၈။

**ထီထိုးရန်ဂဏန်းများ** ။ ၁၊ ၅၊ ၇၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ကုံကော်ညွန့်(၁၇)ညွန့်ကို နေအိမ်ရှိ ဘုရားတွင် ကပ်လှူ ပူဇော်၍ လိုရာဆုတောင်းပါ။

### ဗုဒ္ဓဟူး

**စီးပွားရေး** ။ ငွေရေးကြေးရေး အကျပ်အတည်း တွေ့မည်။ ပေးစရာရှိ ရမည့်ငွေများ နှောင့်နှေးနေမည်။ လကုန်ခါနီးတွင် ကူညီမည့်သူပေါ်၍ အားလုံး အဆင်ပြေသွားမည်။

**ဝန်ထမ်းရေးရာ** ။ လုပ်ငန်းဆိုင်ရာ ခရီးထွက်ရလိမ့်မည်။ နိုင်ငံခြား စီစဉ်ထားလျှင် ထွက်ရလိမ့်မည်။ အောင်မြင်သောခရီးဖြစ်မည်။

**အိမ်တွင်းရေး** ။ ငွေကြေးသုံးစွဲမှုနှင့် ပတ်သက်၍ အိမ်ထောင်

www.burmeseclassic.com

www.burmeseclassic.com

ကောင်းပြောအဆင်မပြေဖြစ်မည်။ သားသမီး၏ နိုင်ငံခြားခရီး အောင်မြင်မည်။

**အချစ်ရေး** ။ အချစ်ရေး အဆင်ပြေမည့်ကာလဖြစ်မည်။ သို့သော် လက်ထပ်ဖို့ အဆင်မပြေသေးပါ။

**ပညာရေး** ။ အချစ်ရေးနှင့် ပညာရေးနှစ်ခုစလုံး ကံဇာတာ တက်နေချိန်မှာ အချစ်ရေးကြောင့် ပညာရေးကို မထိခိုက်ပါစေနှင့်။

**ကျန်းမာရေး** ။ သွေးတိုးရောဂါ အခံရှိသူများ၊ နှလုံးရောဂါ အခံရှိသူများ ရောဂါပြန်ထတတ်သည်။

**ဆောင်ရန်ရက်များ** ။ ၃၊ ၅၊ ၆၊ ၁၁၊ ၁၅၊ ၂၀၊ ၂၄၊ ၂၆၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၂၊ ၄၊ ၇၊ ၁၀၊ ၁၂၊ ၁၆၊ ၂၃၊ ၂၅၊ ၂၇၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ၁၊ ၃၊ ၅၊ ၈၊ ၉၊ ၁၃၊ ၁၄၊ ၁၇၊ ၁၈၊ ၁၉၊ ၂၂၊ ၂၈။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၅၊ ၆၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ မွေးနေ့နံနက်(၁၀ နာရီခွဲမှ ၁၂ နာရီအတွင်း) အိမ်ရှိဘုရားတွင် စံပယ်ပန်း (၂၇)ပွင့်ကို ကပ်လှူပူဇော်ပါ။



## ကြာသပတေး

**စီးပွားရေး** ။ ယှဉ်ပြိုင်ဘက်များနှင့် တွေ့ရမည်။ စီးပွားရေးအရ သူ့ကို နိုင်နိုင်မည့် နည်းလမ်းများကို စဉ်းစား။ ကျွမ်းကျင်သူကို ဆရာတင်၊ စီးပွားရေးဗျူဟာကျင်းပါ။

**ဝန်ထမ်းရေးရာ** ။ လုပ်ငန်းဆိုင်ရာ ခရီးထွက်ရလိမ့်မည်။ လုပ်ငန်းလည်း ပြီးအောင်မြင် ချီးကျူးလည်း ခံရမည့်ခရီးဖြစ်သည်။

**အိမ်တွင်းရေး** ။ အိမ်ထောင်ဖက်နှင့် ပတ်သက်၍ ငွေအလုံးအရင်း ဝင်မည်။ အိမ်တွင် ငွေကြေး မိသားစု၏ ပညာရေး စီးပွားရေးများ ကောင်းမွန်၍ ပျော်ရွှင်စရာကောင်းသောကာလ ဖြစ်ပါသည်။

**အချစ်ရေး** ။ ချစ်သူ၏ အထင်လွဲခြင်းကို ခံရတတ်သည်။ လက်ထပ်ဖို့ မိသားစုများကြောင့် အဆင်မပြေ ဖြစ်နေဦးမည်။

**ပညာရေး** ။ မမျှော်လင့်ဘဲ ခေတ်မီခေတ်ပေါ် ပညာရပ်သင်တန်း တစ်ခုခု တက်ရလိမ့်မည်။ နည်းနည်းကြိုးစားလိုက်ရုံဖြင့် များများကြီး အောင်မြင်ပါလိမ့်မည်။

**ကျန်းမာရေး** ။ ရောဂါဟောင်းများ ထတတ်သည်။ အစားအသောက် အနေအထိုင် အအိပ်အနေ သတိထားပါ။ ကြိုတင်ကာကွယ်ပါ။

**ဆောင်ရန်ရက်များ** ။ ၂၊ ၅၊ ၆၊ ၁၅၊ ၁၉၊ ၂၄၊ ၂၆၊ ၂၉၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၃၊ ၄၊ ၁၁၊ ၁၆၊ ၂၅၊ ၂၈။

**ထီထိုးရန်ရက်များ** ။ ၂၊ ၆၊ ၁၂၊ ၁၄၊ ၁၇၊ ၂၀၊ ၂၃၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၅၊ ၆၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ သက်တော်ရှိတော်ကြီး ရဟန်းတစ်ပါးပါးအား အုန်းနို့ ထမင်း ကပ်လှူပါ။ ကလေးများကို အုန်းနို့ထမင်းကျွေးပါ။

## သောကြာ

**စီးပွားရေး** ။ စီးပွားရေးတွင် ကြိုးကြိုးစားစား လုပ်ကိုင်ရမည့်ကာလဖြစ်သည်။ ပြိုင်ဘက်ရှိမှ တိုးတက်မည်ဟု သဘောထားပါ။ နိုင်ငံခြား ကုမ္ပဏီများနှင့် အဆက်အသွယ်ရမည်။

**ဝန်ထမ်းရေးရာ** ။ မိမိအား ဒုက္ခရောက်အောင် နာမည်ပျက်အောင်လုပ်မည့် အတွင်းရန်များ ရှိနေသည်။

**အိမ်တွင်းရေး** ။ အိမ်ထောင်ဖက်ကြောင့် စိတ်ချမ်းသာရပါလိမ့်မည်။ သားသမီးများ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတို့ ကောင်းပါသည်။

**အချစ်ရေး** ။ ချစ်သူမရှိသေးသူများ ချစ်သူတွေ့၍ ချစ်သူရှိပြီးသူများ ချစ်သူသစ် ထပ်တွေ့ရကိန်းရှိနေသည်။

**ပညာရေး** ။ မသင်ကြားဘူးသေးသော ပညာတစ်ရပ်ရပ်ကို သင်ယူခွင့် ရလိမ့်မည်။ အောင်မြင်တတ်မြောက်မည်ဖြစ်သည်။

**ကျန်းမာရေး** ။ ကျန်းမာချမ်းသာ၍ ရန်အတိုက်အခံတို့ကို အောင်မြင်ရန် နံနက်အိပ်ရာထတိုင်း "**သမ္ဗုဒ္ဓေ၊ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ**" ဂါထာကို (၉)ခေါက် ရွတ်ပွားပါ။

**ဆောင်ရန်ရက်များ** ။ ၄၊ ၆၊ ၁၀၊ ၁၃၊ ၁၈၊ ၂၄၊ ၂၆၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၂၊ ၃၊ ၅၊ ၁၁၊ ၁၅၊ ၁၇၊ ၁၉၊ ၂၅၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ၄၊ ၈၊ ၁၂၊ ၁၄၊ ၁၆၊ ၂၀၊ ၂၆၊ ၂၈။

**ထီထိုးရန်ဂဏန်းများ** ။ ၁၊ ၄၊ ၆၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ သွားရန် ဆောင်ရွက်ရန် တွေ့ဆုံရန် ပြောကြားရန် ယှဉ်ပြိုင်ရန် ကိစ္စများရှိလျှင် "ပုဒ္ဓေါဝတ္တိ ဂန္ဓဝတ္တိ မြတ်စွာဘုရား လိုတရ၏" ဂါထာကို အနည်းဆုံး တစ်ခေါက်ရွတ်ပါ။ အချိန်ရလျှင် (၉)ခေါက်ရွတ်ပါ။

## စနေ

**စီးပွားရေး** ။ စီးပွားရေး၊ ကြီးပွားရေး အလုပ်အကိုင်တို့ ကောင်းသောကာလဖြစ်သည်။ စီးပွားရေးနှင့် ပတ်သက်၍ နိုင်ငံခြားခရီး သွားရကိန်းရှိသည်။ နိုင်ငံခြားသားများနှင့် ပူးတွဲလုပ်ကိုင်ခွင့် ကြုံလိမ့်မည်။

**ဝန်ထမ်းရေးရာ** ။ မိမိ၏ ရိုးသားကြိုးစားမှုကြောင့် ရာထူးတိုးမည်။ သို့မဟုတ် နေရာကောင်းသို့ ပြောင်းရွှေ့ရမည်။

**အိမ်တွင်းရေး** ။ အိမ်ထောင်ဖက်၏ အသုံးအစွဲကြီးမှုကြောင့် စိတ်ညစ်ရတတ်သည်။ ရန်မဖြစ်ပါနှင့်။ ပို၍ ဆိုးသွားမည်။ ခွင့်လွှတ်ရှင်းပြပေးပါ။

**အချစ်ရေး** ။ မျက်နှာများသည့် ချစ်သူကြောင့် ရင်ပူနေရမည်။ သဝန်တိုတွေ မပြလိုက်ပါနှင့်။ ခွင့်လွှတ်သည်းခံလိုက်ပါ။

**ပညာရေး** ။ ပညာရေးဆိုင်ရာ သင်တန်း၊ အသက်မွေးမှုနှင့် ပတ်သက်သော သင်တန်းတို့သို့ တက်ခွင့်ကြုံလိမ့်မည်။

**ကျန်းမာရေး** ။ ဝမ်းရင်နှင့် ပတ်သက်သောရောဂါ ဖြစ်တတ်သည်။ ဝမ်းနူးစာ၊ လေအောင့်စာများကို ရှောင်ပါ။

**ဆောင်ရန်ရက်များ** ။ ၂၊ ၃၊ ၅၊ ၆၊ ၉၊ ၁၁၊ ၁၅၊ ၂၀၊ ၂၄၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၄၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၆၊ ၁၉၊ ၂၃၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၁၊ ၂၊ ၃၊ ၅ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ သင်္ဃိကြီးဝါကြီးများအား ဆေးဝါးလှူဒါန်းပါ။ စာအုပ်လှူဒါန်းပါ။

*ကျန်းမာ ချမ်းသာကြပါစေ။*


**ဆရာ ရောင်ခြည်**



www.burmeseclassic.com

www.burmeseclassic.com

# သူ ဘယ်လိုလူမျိုးလဲ




ကြည့်ပါ။

✧ **လက်ဖဝါး ဝိုင်းနေတယ်။ (က.က)**

ဒါကတော့ ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ နေတတ်တဲ့ အကျင့်ကိုပြတယ်။

✧ **လက်သန်းနဲ့ လက်သူကြွယ်ကြား မှာ ဗွေတစ်လုံး တွေ့ရတယ်။ (ခ.ခ)**

ဒါကတော့ ဉာဏ်ရွှင်ပြီး ရယ်စရာ ပြောတတ်တဲ့ အကျင့်ပါ။ ဟာသဉာဏ် ပါ,ပါတယ်။

✧ **အင်္ဂါဗိုကစတဲ့ ဉာဏ်လမ်း ပါ,ပါ တယ်။(ဂ.ဂ)**

ဒါကတော့ အစအနောက် သန်တဲ့ အကျင့်ပါပဲ။

✧ **လက်သန်း တိုပါတယ်။(ဃ.ဃ)**

ဒါကတော့ နှိုက်နှိုက်ချွတ်ချွတ် ပြောတတ်တဲ့ ဉာဥ်ပါပဲ။

ဒါကြောင့်လဲ ခဏခဏ ပြဿနာ ကြုံရတာပေါ့။

ကဲ ဒါဆိုရင်...

သူ ဘယ်လို လူစားလဲဆိုတာ သိနိုင်လောက်ပါပြီ။

*အေးပါစေ၊ အောင်ပါစေ။*

**သန်းပညာ**



www.burmeseclassic.com

www.burmeseclassic.com

# သိဒ္ဓိတန်ခိုး

မြေတိုလျှိုးလို့ မိုးတိုပျံ

ရွှေတောင်
ကြည်မောင်အေး



ကြာတော့ ကြာပြီ။ နှစ်ပေါင်း (၄၀) ...ကျော်ပြီ။ အံ့သြဖွယ် အဖြစ်ဆန်းကို ...ဆန်း ကြားခဲ့ရတယ်။ ဒေသက ...ပေါင်းတည်မြို့၊ နေရာက လက်ဖက် ...ဆိုင်တစ်ဆိုင်မှာ။

...ဆရာညိုက ကျေးဖူးရှင် ဖခင်ကြီး ...နေရတဲ့ ကင်ဆာရောဂါကို ...ကင်းချမ်းသာအောင် ကုသပေး ...ယ့် ဆရာကို ရှာနေတဲ့အချိန်၊ ...သီကြီး။

...ဆရာကြီး ဦးကံစိန်ဆိုတာက မြန်မာ သမားတော်ကြီး။ ပေါင်းတည်မြို့ မှတ်တိုင်သွားတဲ့လမ်းမှာ ဆေးခန်းဖွင့်ထားတယ်။ ဆေးကုသမှု အလွန်တော်တယ်။ ရောဂါ တော်တော်များများ ပျောက်တယ်။

သက်သာရုံမက အမြစ်ပြတ်သွားကြတယ်။ စေတနာလဲ အရမ်းကောင်းတယ်ဆိုတဲ့ ကောင်းသတင်းက မောင်းကြေး နင်းခတ်စရာမလိုဘဲ ဆရာညို့ဆီ မွှေးပျံ့သင်းထုံခြင်းနဲ့အတူ ရောက်လာတယ်။

ဆရာညို တစ်ချက်စဉ်းစားမိပြီ။ ပေါင်းတည်ဆိုတော့ မစိမ်းဘူး။ ပေါင်းတည်မှာ အလယ်တန်းပြဆရာ ဦးစိုးတင်ဆိုတာ ရှိတယ်။ သူ့မိဘတွေက ဝါး၊ တိုင်၊ မျော၊ သက်ငယ်နဲ့ နှီး စတာတွေ ရောင်းတယ်။ ဦးစိုးတင်နဲ့ အလယ်တန်းကျောင်း တစ်ကျောင်းမှာ ဆုံခဲ့ကြဖူးတယ်။ ခင်လဲ ခင်တယ်။

အဲဒီတုန်းက ဆရာညိုက ဒေသခံကျောင်းဆရာ၊ ဦးစိုးတင်က ညွှန့်သည့်ကျောင်းဆရာ။ ဆရာညို့အိမ်က ဦးစိုးတင်နဲ့ ဦးအောင်ရွှေတို့ရဲ့ စားအိမ်သောက်အိမ်လို ရင်းနှီးကြတယ်။ ပြောမနာ ဆိုမနာ မိသားစုပမာ။

စိတ်ရေအလျဉ်မှာ အတွေးစဉ်မျော ပြီး နောက်တစ်နေ့မှာတော့ ဆရာရှာ

www.burmeseclassic.com

ခရီး ထွက်ခဲ့တယ်။ ပေါင်းတည်ကို ရောက်တယ်ဆိုရင်ပဲ ဦးစိုးတင်ကို တာပွန်လမ်း သူ့အိမ်မှာ တွေ့ရတယ်။ မြင်မြင်ချင်းပဲ အိမ်ထဲက ပြေးထွက်လာပြီး...

'ဆရာညို ကျွန်တော့်ဆီကို ဘယ်တုန်းကမှ ခြေဦးတောင် မလှည့်တဲ့လူ အခုမှပဲ ပေါ်လာတော့တယ်။ အကြောင်းထူးရှိပြီ ထင်ရဲ့'

ဆရာညိုရဲ့ ဘယ်လက်မောင်းကို သူ့ညာလက်ဖဝါးနဲ့ ဆုပ်ကာဆုပ်ကာ အားရှိပါးရှိ မေးတယ်။ မျက်နှာတစ်ခုလုံး အပြုံးပန်းတွေ ဝေလို့...

'အကြောင်းထူးဆို အဖေ နေမကောင်းလို့ ဆရာ လာရှာတာ။ ဆရာကြီး ဦးကံစိန်ဆိုတာ သိသလားဗျ'

'သိပ့်ါဗျာ ရင်းရင်းနှီးနှီးကိုသိတာ။ ဆရာညိုသိတဲ့အတိုင်း ကျွန်တော်ကလဲ ဩဇာရှိက သုခုမလေ ဆရာရဲ့'

'ဟန်ကျလိုက်လေ။ ဘုရားသိကြားမ,တာပဲ။ ကဲ အဲဒီသွားကြစို့'

'နေ... နေပါဦးဗျာ၊ အိမ်ထဲဝင်ပါဦး၊ နားပါဦး'

'မနားတော့ဘူးဗျာ။ ဆရာကြီးဆီ သွားမယ်'

ဆိုကာ ဆရာစိုးကို အတင်းဆွဲခေါ်ပြီး နှစ်ယောက်သား ထွက်လာကြတယ်။

ဆရာကတော်ကတော့...

'ဘယ်လိုကြီးလဲဟ'

လို့ တွေးမယ်ထင်တယ်။ ရေနွေးလေးတောင် မတိုက်လိုက်ရလို့ စိတ်မကောင်းဖြစ်ပုံ ပေါ်တယ်။

ပြည်–ရန်ကုန် ကားလမ်းမကြီးပေါ် ရောက်တော့...

'ခင်ဗျား အိမ်မှာလဲ ဘာမှ မစားဘူး။ အိမ်ထဲတောင် ဝင်မထိုင်ဘူး။ လက်ဖက်ရည်သောက်ကြမယ်'

တဲ့။



ဆရာညို မငြင်းနိုင်ဘူး။ ဦးစိုးတင်နောက်က ကောက်ကောက်ပါအောင် လိုက်သွားရတယ်။ ဆိုင်အတွင်းဘက် ထောင့်ကျကျစားပွဲမှာ ထိုင်ကြတယ်။ လက်ဖက်ရည်နှစ်ခွက်မှာတယ်။ နံပြား၊ စမူဆာနဲ့ အီကြာကွေးတွေ ရောက်လာတယ်။

လက်ဖက်ရည်ခွက်ကို ကောက်ကိုင်ပြီး သောက်တော့မယ့်အလုပ်...

'ဆရာလေး'

တဲ့။ ခေါ်သံတစ်သံ ကြားလိုက်ရတယ်။

မော့ကြည့်လိုက်တော့ အဘိုးကြီးတစ်ယောက် အသက် (၆၀)ကျော် (၇၀)လောက်တော့ ရှိပြီ။

လက်ဖက်ရည် ငုံ့သောက်နေတဲ့ ဦးစိုးတင် မော့ကြည့်ပြီး အံ့အားသင့်သွားတာပါ။ နှုတ်ကလဲ...

'ဟာ ဦးလေးတင့် လာ လာ ထိုင်'

ဦးလေးတင့်က ခပ်ယို့ယို့လေး ဝင်ထိုင်တယ်။ ကြည့်ရတာ ဦးစိုးတင်ကို ကျောင်းဆရာတစ်ယောက်အနေနဲ့ လေးစားပုံပဲ။ တော်တော် ရင်းနှီးပုံပဲ။ ခင်မင်မှုအတိုင်းအတာ ကြီးပုံရတယ်။

'မြင်တာနဲ့ ဝင်လာတာ။ အားလုံး နေကောင်းကြတယ် မဟုတ်လား။ မတွေ့တာလဲကြာပြီ'

ဦးလေးတင့်က လေအေးလေး... ပြောတယ်။

'အားလုံး ကောင်းကြပါတယ်... ဦးလေးလဲ ကောင်းတယ်မဟုတ်လား...'

ဦးလေးတင့်က ခေါင်းညိတ်... တယ်။

လက်ဖက်ရည်မှာထားတာ ရော... လာတော့...

'သောက်... သောက် ဦးလေး... သောက် မုန့်လဲစား'

ပြောပြောဆိုဆို အီကြာ... တစ်ချောင်း ဦးလေးတင့်လက်ထဲ... ထည့်ပေးတယ်။

သူတို့နှစ်ယောက် နေကော... ကျန်းမာ ငွေအသပြာ ချမ်းသာ... အကြောင်းတွေ မေးကြ၊ ပြော... တယ်။ ဆရာညိုက နားထောင်သ...

လက်ဖက်ရည်နဲ့ မုန့်တွေ စား... သောက်ကြပြီး ခဏကြာတော့...

'ဦးလေးပြန်မယ်။ ဗိုက်ကို ကား... တာပဲ။ ဝ,သွားပြီ'

ဦးစိုးတင်က ချက်ချင်းပဲ နှစ်ဆ... တန်တစ်ရွက် ဦးလေးတင့်အိတ်... ထည့်လိုက်တယ်။ ဦးလေးတင့်... ဘာမှတော့ မပြောဘူး။ ငြင်းလဲ မငြ... ဘူး။

ဒါပေမယ့် သူ့မျက်ဝန်းမှာ ကျေး... တင်တဲ့ပုံရိပ်တွေ တဖျတ်ဖျတ် ပေါ်... တယ်။ ကျေးဇူးရှင်ကို ကျေးဇူးတင်... မျက်လုံးက ဆရာညို့ရင်ကို ဖော... ထွင်း စူးဝင်သွားတယ်။ တစ်ကိုယ်... အေးမြသွားတာပဲ။

တရွေ့ရွေ့နဲ့ ထွက်သွားတဲ့ ဦးလေး... တင့်ကိုကြည့်ပြီး ပြန်လှည့်လိုက်တော့... ဆရာစိုးက...

'ခင်ဗျား သိချင်နေပြီ မဟုတ်လ...'

'သိပါရစေ ဆရာရယ်'

ဆရာညိုက မျက်နှာငယ်လေး... လေပျော့လေး သုံးလိုက်တယ်။





www.burmeseclassic.com

www.burmeseclassic.com

'ပြောရရင် အရှည်ကြီးဗျာ'

'တစ်ညအိပ် စောင့်ရမလား၊ နှစ်ညအိပ်လား'

'ခင်ဗျား အပြောပဲ၊ အခုပဲပြန်ချင်နေပြီ'

တဟဲဟဲနဲ့ ဆရာစိုးက ရယ်သွမ်းသွေးတယ်။

'ကဲ ဆိုဗျာ'

လို့ ဆရာညိုက ပွဲတောင်းလိုက်တော့...

'ဦးလေးတင့်ရဲ့ အဖြစ်က စိတ်ဝင်စားစရာ အလွန်ကောင်းတယ်။ ခင်ဗျားအမြင်ပဲ။ ရိုးရိုးအေးအေးကြီး အဲဒီလူကြီးမှာမှ တွေ့ကြုံရတဲ့ အဖြစ်ဆန်း။ ဒီဆန်းကြယ်တဲ့ ဖြစ်ရပ်ကြောင့် ဦးလေးတင့် စိတ်ဝေဒနာ ခံစားခဲ့ရတယ်။ သလောက်ဆို မပြောဘူး။ နှစ်ချီတယ်။ အကြာကြီး'

ဆရာညို စိတ်မကောင်း ဖြစ်သွားတယ်။ မေးမိတာ မှားပြီလို့ တွေးမိတယ်။ ဒါပေမယ့် သိချင်တယ်။ ဆရာစိုးက ဆက်ပြောတယ်။

'ဇာတ်လမ်းအစမှာ ခင်ဗျားစိတ်ပင်ပန်းရမယ် ဆရာညို။ အေး ဇာတ်လမ်းသယ်မှာတော့ လောကကြီးမှာ မဖြစ်နိုင်ဘူးလို့ ထင်ရတဲ့ ကြည်နူးချမ်းမြေ့မှုယ် ရသကို ခံစားရမယ်။

အဲဒီလို ပီတိတွေ ခနေတုန်း ဖြုန်းခနဲ ပြောင်းပြန်လည်ပြီး ပြောင်းလဲသွားတဲ့ အဖြစ်ဆိုးဗျ။ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်မယ်။ ဝမ်းနည်းကြေကွဲရမယ်။ ဖြစ်ရပ်မှန်ရဲ့ တန်နဲ့ စူးဝင်ချက်ကြောင့် ခင်ထဲမှာ နာကျင်ပြီး တလှိုက်လှိုက်နဲ့ စိတ်မောလူမော ဖြစ်သွားမယ်'

'ညွှန်းလှချည့်လား ဆရာရဲ့'

လို့ ဆိုတော့...

'ကျွန်တော်တို့နဲ့ ဦးလေးတင့်နဲ့က မိသားဖက်တွေဗျ။ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းခြင်းရာကို ဦးလေးတင့် ပြောပြခဲ့တဲ့အတိုင်း ကျွန်တော်



တစ်ဆင့် ဖောက်သည်ချမယ်။ ကြားချင်တယ် မဟုတ်လား။ နားဆင်ဗျာ'

တဲ့။

*　*　*

ကိုတင့်က လူပျိုကြီး။ အိမ်ထောင်မရှိဘူး။ တစ်ကိုယ်ရေ တစ်ကာယသမား။ အဖေက သူငယ်ငယ် လူမှန်းသိစမှာ ကွယ်လွန်သွားတယ်။ ဘုန်းကြီးကျောင်းထွက်။ ဆယ်စောင်တွဲ တစ်အုပ် ကုန်ခဲ့တယ်။

အမေတစ်ခု သားတစ်ခု။ ပူမှုကလဲ ဆယ်ကုဋေနဲ့ အလယ်ရိုးမရဲ့ အနောက်ဘက်အစပ်က ရွာကလေးတစ်ရွာမှာ နေတယ်။ မြို့နယ်အစွန်အဖျား ရွာသိမ်ရွာငယ်လေးပါ။

တောသူတောင်သားတို့ဘာဝ လူပျိုပေါက်အရွယ် မရောက်တရောက်မှာ ကျပန်း အလုပ်ကြမ်းမှန်သမျှ လုပ်နေရပြီ။ လုပ်တတ်ကိုင်တတ်နေပြီ။ နွားမရှိ လှည်းမရှိ။ ခြေဖဝါး လက်ဖဝါး လယ်လုပ်လက်စား။ ဘဝပေး ကုသိုလ်က သူ့ဘက်မှာ ကံမရှိဘူး။ ခေလိုက်တဲ့ကံ။ ဒါပေမယ့်...

အလုပ်ကို စိတ်ဝင်စားတယ်။ ရိုသေတယ်။ တာဝန်ကျေတယ်။ ဖင်မြဲတယ်။ အခစားသမား။ ပျိုးကြဲတယ်။ ပျိုးထမ်းတယ်။ ပျိုးနုတ်တယ်။ သူရင်းတိုင် အိမ်မှာ သူရင်းငှားဝင်တယ်။ စိုက်ချိန် ပျိုးချိန်သာမက ကောက်မြေတလင်းပြတ်ပြီးတော့ ကျည်ဝင်တဲ့အထိ နေတယ်။ သူရင်းငှားခ နှစ်ဆရပြီပေါ့။

ဒါလဲ လွယ်တာမဟုတ်၊ သူရင်းတိုင်က သဘောကျပါမှ၊ ကိုယ်ကလဲ အဲဒီအိမ်မှာ ဆက်နေချင်ဦးမှ နှစ်ဦးနှစ်ဝသဘော ကြိုက်ညီကြရတယ်။ အလုပ်ကို လာဘ်မြင်ရတယ်။ ဖင်ပေါ့ရတယ်။ သူရင်းတိုင်ပြောစကား အကြားမထိုးနိုင်အောင် လုပ်ငန်းအဝဝကို နိုင်နင်းရတယ်။

သူရင်းငှား ခေါင်းဆောင်နဲ့ နောက်လိုက် အဲဒီမှာ ကွဲပြားသွားတာပဲ။ ခေါင်းဆောင်နဲ့ နောက်လိုက် စပါး (၅)တင်း အနည်းလေးကွာတယ်။

မိုးသူရင်းငှားခ စပါး (၂၀)၊ ဆောင်းသူရင်းငှားခ စပါး(၂၀)။ နှစ်ရာသီအလုပ်ခွင်နှစ်ခုက စပါးလေးဆယ်ရပြီ၊ ဒါပေမယ့် အမေက ကြမ်းကြမ်းတမ်းတမ်း မလုပ်နိုင်တော့ဘူး။ ထိုင်စား။ ထသွားထလာတောင် အနိုင်နိုင်။ ယိမ်းယိုင်ပြီး လဲပြိုတော့မတတ်။

မစားဘဲ .မနေနိုင်တော့ စပါးပေးယူရတယ်။ တစ်တင်းယူလိုက်၊ နှစ်တင်းယူလိုက်၊ တတိတိနဲ့ သူရင်းတိုင်အိမ်ကလဲ ထွက်ရော ကိုတင့်လက်ထဲမှာ တစ်ပဲတစ်ပြားတောင် မကျန်ဘူး။

အဲသလောက် အလုပ်မှန်သမျှ မနေမနား ကျားစီး ငါးစီး သည်းကြီးအူခါး လုပ်ခဲ့ရှာတယ်။ ချမ်းသာမှုကင်းဆင်းရဲတွင်းကလဲ နက်ခဲ့တယ်။

ကိုတင့် သူရင်းတိုင်အိမ်ဝင်တာနဲ့ သူ့အိမ်အလုပ်ကို ပြန်လှည့်မကြည့်နိုင်တော့ဘူး။ အိုကြီးအိုမ သူ့အမေ ထမင်းဟင်း ချက်တာကအစ အိမ်ဗာဟီရတွေအဆုံး အိုမင်းကုန်းကွလုပ်ရပြီး ကိုယ်ထူကိုယ်ထ၊ ကိုယ့်အားကိုယ်ကိုး။

ဒီတော့ သူရင်းတိုင်အိမ် ဝင်နေတဲ့ သူရင်းငှားကိုတင့် နောက်ဆုံးငနေ ပြီ။



www.burmeseclassic.com

www.burmeseclassic.com

အိမ်ကို စိတ်မချဘူး။ အမေ့အတွက် ရတက်မအေးဘူး။ အိမ်ပြန်လို့ကလဲ မဖြစ်။ နောက်တော့ ရိုးမတက်ပြီး ဝါးခုတ်တော့တယ်။

ရိုးမတက်တယ်ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး။ လွယ်လွယ်မှတ်လို့။

ရိုးမတောထဲမှာ ကျားရှိတယ်။ဆင်ရှိတယ်။ မြွေရှိတယ်။ ဝက်ဝံရှိတယ်။ တောဝက်ရှိတယ်။ ကြောက်စရာကောင်းတဲ့ တောရိုင်းတိရစ္ဆာန်တွေ တွေ့ရင် အသက်သေနိုင်တယ်။ ငှက်ဖျားကလဲ အချိန်မရွေး မိနိုင်တယ်။

ရိုးမတက်ရင် ရက်ကြာတယ်။ အသွားရက်၊ အပြန်ရက်၊ ဝါးခုတ်တဲ့ရက်၊ ဝါးဖောင်ဖွဲ့တဲ့ရက်၊ မျှောတဲ့ရက် အဲဒါတွေ ထည့်တွက်ရတယ်။ ရက်ကြာတာနဲ့အမျှ စားနပ်ရိက္ခာ ဖူလုံဖို့ လိုတယ်။ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ငါးခြောက် လုံလောက်အောင် ပါရတယ်။

ဘာတော့ ပါမလာဘူး။ ဘယ်ဟာကတော့ ကျန်နေတယ်ဆိုရင် ရိုးမထဲမှာ ဈေးဆိုင်ရှိတာ မဟုတ်ဘူး။ ဘယ်သွားဝယ်မလဲ။ မရှိရေးချမရှိ။ ငတ်သွားနိုင်တယ်။

ရိုးမက တောကြီးတယ်။ တောကြီးတော့ တောကြီးမာယာ၊ တောခြောက်တယ်။ တောမှောက်တယ်။ တောပိုင်၊ တောင်ပိုင်၊ ကွင်းပိုင်၊ နယ်ပိုင်တွေကို တင်နိုင်၊ မြှောက်နိုင်ပါမှ။

ကိုတင့်အဖို့တော့ ဒါတွေက ရိုးနေပြီ။ စားဦးစားဖျားတော့ တင်လိုက်၊ မြှောက်လိုက်တာပဲ။ ပ,လိုက်၊ သ,လိုက်တာပဲ။ လုပ်ရိုးလုပ်စဉ် သမားစဉ်ဖောက်ရင် ခံရမယ်။

ရွာဦးကျောင်းဆရာတော် ကျေးဇူးကြောင့် မမေ့မလျော့ မထစ်မငေါ့ ညက်ညက်ကြေအောင် အာဂုံဆောင်ခဲ့တဲ့ ပရိတ်ကြီး (၁၁)သုတ်ကို ရွတ်တယ်။ မေတ္တာပို့တယ်။ အမျှအတန်း



ဝေတာ နေ့စဉ်အလုပ်။

မေ့လို့ မရွတ်မိတာ တစ်ရက်မှ မရှိဘူး။ နိစ္စဓူဝ အာစိဏ္ဏကံ။

ရိုးမထဲရောက်လို့ ဝါးတွေခုတ်ကြပြီဆိုရင် သူ့အကွက်၊ ကိုယ့်အကွက် ငန်းတာလေးတွေသတ်မှတ်ပြီး ခုတ်ကြရတယ်။ သူ့နေရာ ကိုယ်မရောက် သလို ကိုယ့်နေရာလဲ သူမလာဘူး။ ဒါ စည်းကမ်းပဲ။

တစ်နေ့တော့ ကံအလှည့်အပြောင်းက ကိုတင့်အတွက် ကောင်းဖို့ဖန်လာတယ်။

အဲဒီနေ့က ကိုတင့်ခုတ်ကွက်မှာ ဝါးကောင်းဝါးသန့်တွေ များတယ်။ ဝါးချောတယ်။ ဖြောင့်တယ်။ အကွေးအကောက် အပိန်အညှက်ဆိုတာ တစ်လုံးတောင် ရောယှက်ပါမလာဘူး။

သူ့ခုတ်ကွက်ထဲမှာ သုံးခွဆုံ ကညင်ပင်ကြီးဘေးမှာပေါက်နေတဲ့ ဝါးရုံက ဝါးတွေက ပိုပြီး အလုံးကြီးတယ်။ ဝါးတစ်ပြန်စာဆိုရင် အရင်းနဲ့ အဖျား ဝါးနှစ်လုံးစာ ထွက်မယ်။

ကိုတင့် အဲဒီဝါးရုံကြီးကို မျက်ကဲကျပြီ။ ခုတ်ပြီ။ တစ်လုံးပြီးတစ်လုံး။ မနားနိုင်ဘူး။ ခုတ်လိုက်၊ ရှောင်လိုက်၊ ဆွဲချလိုက်၊ ဝါးဖျားဖြတ်လိုက် လက်မလည်ဘူး။ ထောင့်ကိုစေ့လို့။ သယ်ဟယ်ပိုးဟယ် နေရာချဟယ်နဲ့ မမောနိုင်မပန်းနိုင် ဒယိမ်းဒယိုင် ကိုတင့်။

ဝါးဆယ်လုံးလောက် ခုတ်ပြီးတော့ ကျန်နေတဲ့ ဝါးတွေထဲမှာ ကြွတ်မပါ။

အမျက်အနာကင်းတဲ့ ဝါးတစ်လုံး... သွားတွေ့တယ်။ ဓားမဝင်သာဘူး။ ... တူးရွှင်းလေးနဲ့ ထိုးရတယ်။ အော... ခြေ တစ်တောင်လောက်က ပြတ်... ဝါးပင်အဖျားက ကညင်ပင်ကြီးကို သွား... ခိုင်းတယ်။

ကိုတင့် ဝါးပင်ကို မ,ဆွဲတယ်... ပင့်ဆွဲတယ်။ မရဘူး။ နှိမ့်ဆွဲတယ်... နဲ့ဆွဲတယ်။ ဘယ်လိုမှမရဘူး။ ဝါး... တွေ ကြားမှာ ညပ်နေတယ်။

ဝါးပင်အဖျားကို သပ်ချမှ ရ... မယ် ထင်ပါရဲ့လို့ တွေးတယ်။ က... ကယာ ခါးတောင်းမြှောင်အောင်ကျို... ပြီး ဓားမခါးထိုး ကညင်ပင်ကြီး... ပေါင်တံထိုးပြီး ဖက်တက်မယ် ... တယ်။ ဘယ်ရလိမ့်မတုန်း။

ကညင်ပင်ကြီးရဲ့ ပင်စည်က ကို... လက်နှစ်ဖက်စာမက လက်လေး... ဖက်စာမက ဖြစ်နေတယ်။ ပင်... တုတ်တယ်။ ကဲ ဘယ့်နှယ် ကြံမ...

အပေါင်းအဖော် ခုတ်ဖော်ခုတ်... တွေကို အူပြီး ခေါ်ပြန်ရင်လဲ အ... ပျက်ကြမယ်။ မတရားဘူး။ ခက်တာ... ဝါးရုံမှာရှိတဲ့ ဝါးပင်တိုင်းက ကညင်... ကြီးကို မှီပြီး ခိုင်းနေကြတယ်။

ကိုတင့် အတွေးတစ်ချက် ပေါ်... သွားပြီး ဒီဝါးပင်တော့ တွေ့ကြ... တာပေါ့။ ကညင်ပင်ကြီးရဲ့ ခွဆုံ... ရောက်ရင် သူ့အဆင်ပြေပြီ။ ခိုင်းနေ... ဝါးပင်တွေကို ဟိုအပင်ဆွဲလိုက်၊ ဒီ... တက်လိုက်၊ ဒီအပင်ဆွဲလိုက်၊ ဟိုအပ... ကို တက်လိုက်နဲ့ ပုဆိုးတစ်ထည် အ... အညီယူပြီး ကညင်ခွဆုံနားကို ကို... ရောက်သွားတယ်။

မောမောနဲ့ ခွဆုံမှာထိုင်ပြီး နားလို... မဟဲ့လို့တွေးပြီး ကြည့်လိုက်ပါ... တော့ ဟောဗျာ...

ရွှေလ ဆက်ဖတ်ပါရန်

ရွှေတောင် ကြည့်မောင်အေး...



www.burmeseclassic.com

www.burmeseclassic.com

# သစ်မင်းရဲ့အစွမ်း

အုံ့မခန်း

မင်းရဲထွန်းမြင့်
(မြစ်သား)

သစ်မင်းသည် သစ်ကြမ်းကိုနိုင်သည်ဟု ဖတ်ခဲ့မှတ်ခဲ့ရဖူးပါသည်။ သစ်နှင့် ဆောက်လုပ်ထားသော အိမ်၊ ကျောင်း စသည့် အဆောက်အအုံတို့တွင် မသန့်ရှင်းသောသစ်များ ပါဝင်ခဲ့ပါက ယင်းသစ်နှင့်ပတ်သက်၍ စိတ်အနှောင့်အယှက် ဖြစ်ဖွယ်ရာများ ကြုံတွေ့တတ်ကြပေရာ ထိုအနှောင့်အယှက်များအတွက် သစ်မင်းကို အသုံးပြုခြင်းအားဖြင့် ချေဖျက်နိုင်ကြောင်း သိရပါသည်။

သစ်မင်းသည် မသန့်ရှင်းသော သစ်ကြမ်းကို နိုင်သည်ဆိုသော စကားရပ်နှင့် ပတ်သက်၍ ကိုယ်တိုင်တွေ့ကြုံခဲ့ဖူးခြင်းမရှိသဖြင့် သစ်မင်း၏အစွမ်းအပေါ် ကျွန်ုပ်အနေနှင့် အထင်မသေးဝံ့သည်မှာ အမှန်ပင် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သစ်မင်း၏အစွမ်းကို အခြားသောတစ်နည်းတစ်လမ်းအရ ကျွန်ုပ်ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ရသောကြောင့် ဖြစ်ပေသည်။

တစ်ခုသောနေ့ရက်တွင် ကျွန်ုပ်မွေးမြူထားသော နွားသားအမိအတွက် မြက်ရိတ်ထွက်ရပါသည်။ နွားစာမြက်ကို ရေမြောင်း၏ကမ်းစပ်တွင် ပေါက်နေသော မြက်ပင်များအားရိတ်ယူရခြင်းဖြစ်ရာ နွားစာရိတ်ရင်းတန်းလန်းတွင် ချောင်းအတွင်းရှိ ဆူးကိုင်းကို နင်းမိရာက ကျွန်ုပ်၏ခြေဖနောင့်မှာ ဆူးဝင်သွားပါသည်။

ကျွန်ုပ်မှာ ခြေထောက်တွင် စူးဝင်နေသော ဆူးကိုင်းကို အသာအယာနှင့် ခြေထောက်ကိုကြွကာ ဖြည်းဖြည်းချင်း ဖြုတ်လိုက်ပြီး ကမ်းပါးပေါ်သို့ တက်ခဲ့ရသည်။

ကမ်းပါးပေါ်ရောက်၍ ဆူးစူးသော ခြေထောက်ကိုကြည့်ရာ ဆူးဝင်သွားသော ခြေဖနောင့်နေရာသည် ချက်ချင်းပင် နီရဲပြီး ခဲခဲမာမာကြီး ဖြစ်နေသည်ကို မြင်ရပါသည်။

အိမ်ရောက်သည်နှင့် ဇနီးသည်ကို ပြကြည့်ရာ ဇနီးသည်က ခြေဖနောင့်အတွင်း ဆူးကျန်နေမည် စိုးရိမ်ပြီး သူတတ်သလောက်၊ မှတ်သလောက်နှင့် ပြုစုရှာပါသည်။

ကျွန်ုပ်လည်း ယခင်ကလည်း ဆူးစူးနေကျဖြစ်၍ ယခုဆူးစူးသည်ကို အထူးအဆန်း လုပ်မနေတော့ဘဲ မေ့မေ့ပျောက်ပျောက်ထားကာ လုပ်စရာရှိတာကို ဆက်လုပ်နေခဲ့ပါသည်။


ဆူးစူးသောဒဏ်သည် နေ့ခင်းပိုင်းတွင် ထူးခြားမှုမရှိသော်လည်း ညပိုင်းရောက်သည်နှင့် နာကျင်ကိုက်ခဲ့သည့်ဒဏ်ကို စတင်ခံစားရပါတော့သည်။ ညဥ့်နက်လေ အခံရခက်လေဖြစ်ကာ ဆူးစူးထားသော ခြေဖနောင့်နေရာသည် တစ်စတစ်စနှင့် ရောင်ကိုင်းလာတော့သည်။

နံနက်မိုးလင်း အိပ်ရာအထတွင် ဆူးစူးခံထားရသော ခြေဖနောင့်အားကြည့်ရာ ခြေဖနောင့်တစ်ခုလုံး ညိုမည်းနေပြီ ဆူးစူး၍ ဝင်သွားသော အပေါက်တည့်တည့်မှ ဆီးစေ့ခန့်ရှိသော အရည်အိတ်လုံးကြီး ထွက်နေသည်ကို အံ့သြဖွယ်ရာ မြင်လိုက်ရပါသည်။

ထိုအရည်အိတ်ကြီးအား အပ်နှင့်ဖောက်လိုက်ရာ အရည်များထွက်ကျလာပါသည်။ ကျွန်ုပ်သည် တောသူတောင်သားတစ်ဦးဖြစ်၍ တောလုပ်ငန်းများ လုပ်ကိုင်ရင်း မကြာခဏဆူးစူးခံရဖူးပါသည်။

သို့သော် ယခုကဲ့သို့ ဆူးစူးသောနေရာမှ အရည်ကြည်ဖုထွက်ခြင်းနှင့် ဒဏ်ရာတစ်ဝိုက်တွင် ညိုမည်းလာခြင်းမျိုးကိုတော့ တစ်ခါမှမတွေ့ဖူး၊ မဖြစ်ဖူးသည်မှာ အသေအချာဖြစ်ပါသည်။

ကျွန်ုပ်၏ဇနီးက ကျွန်ုပ်၏ဒဏ်ရာကို





www.burmeseclassic.com

ကြည့်၍ **ကန္တာရဆူး စူးတာဟု** မှတ်ချက်ပေးပါသည်။ ကန္တာရဆူးဆို၍ ကျွန်ုပ်မှာ အထိတ်တလန့် ဖြစ်မိပါသည်။

အကြောင်းမှာ ကျွန်ုပ် တပ်ထဲတွင် အမှုထမ်းစဉ်က ကျွန်ုပ်၏ ရဲဘော်ငယ်တစ်ယောက်မှာ ကန္တာရဆူး စူးသည်ကို အလေးမထားဘဲနေခဲ့ရာမှ နောက်ဆုံးတွင် ခြေတစ်ဖက်လုံး ဖြတ်ပစ်ရသည်ထိ ခံခဲ့ရသည်ကို ကျွန်ုပ်ကိုယ်တိုင် မြင်ခဲ့ရ၍ဖြစ်သည်။

ကျွန်ုပ်၏ဇနီးက ကျွန်ုပ်၏ ဒဏ်ရာကို ရေနွေးပူပူနှင့် သန့်စင်ဆေးကြောပြီး ကျောက်ပျဉ်ထက်တွင် သူသွေးထားသောဆေးရည်ကို ယူလာ၍ အနာဝကို လုပ်ကာ ဆေးလူးပေးပါသည်။

ဆေးရည်မှာ မည်းမည်းပျစ်ပျစ်မို့ ဘာဆေးမှန်းမသိ၍ ဇနီးသည်အား မေးကြည့်ရာ သစ်မင်းကို သွေးယူလာပြီး လိမ်းပေးနေတာဟု ပြောပါသည်။ ထိုဆေးလိမ်းပြီးနောက်ပိုင်း ညအိပ်ရာဝင်ချိန်တွင် ခြေထောက်ဒဏ်ရာမှ ကိုက်ခဲခြင်း၊ နာကျင်ခြင်းမရှိသည်ကို သတိပြုမိပါသည်။

နံနက်ပိုင်း အိပ်ရာထတွင် ခြေဖနောင့်တစ်ဝိုက် ရောင်ရမ်းနေခြင်းကို လုံးဝမတွေ့ရတော့ဘဲ ဒဏ်ရာပတ်ပတ်လည်တွင် အစောပိုင်းဖြစ်စက ညိုမည်းနေသောအသားမှာ နဂိုမူလ အဖြူရောင်အသားအရေသို့ ပြောင်းနေသည်ကို မြင်ရပါသည်။

ကျွန်ုပ်အနေနှင့် ဆူးစူးသောနေရာကို (၃)ရက်မျှ သစ်မင်းကို သွေး၍ ရသောဆေးရည်ကို လိမ်းပေးရာ ဒဏ်ရာမှာ နာကျင်ခြင်းမရှိတော့ဘဲ သက်သာ ပျောက်ကင်းခဲ့ပါသည်။ ဤ သည်မှာ ကျွန်ုပ်ကိုယ်တိုင် တွေ့ခဲ့ သော သစ်မင်း၏အစွမ်း ဖြစ်ပါသည်။

ဆူးဆိုသည်မှာ သစ်ပင်မှဖြစ်ထွ လာသော အစိတ်အပိုင်းတစ်ခုသာဖြ ပေရာ သစ်မင်းသည် သစ်ပင်တို့နှ ပတ်သက်၍ ဆက်နွယ်ဖြစ်ပေါ်လာ သော မည်သည့်ဆူး၊ မည်သည့်ဆူး ကျိုး မှန်သမျှကိုမဆို လုံးဝ ကင်းစ အောင် ဖယ်ရှားပေးနိုင်သောကြောင့် သာ သစ်ပင်တကာတို့ထက် သာလွ ၍ "သစ်မင်း"ဟု ခေါ်ဆိုသည်မှာ အံ့သြဖွယ်ရာ မဟုတ်ပါကြောင်း ကျွန် ကောင်းကောင်းကြီး သဘောပေါက် လိုက်မိပါတော့သည်။

**မင်းရဲထွန်းမြင့် (*မြစ်သား*)**

---

# သွေးတိုးရောဂါ

### သက်သာပျောက်ကင်းသည့် ဒန့်သလွန်ခေါက်

ဇာတိမြေသို့ အလည်ရောက်ခိုက် ဆရာဒါယကာရင်းဖြစ်သော ဆရာတော်ထံသို့ အဖူးအမြော် ရောက်သွားခဲ့သည်။

ဆရာတော်၏ ပင်မကျောင်းဆောင် အတွင်း၌ အသက်(၆၀)ခန့် ဒါယကာတစ်ဦး ရောက်နှင့်နေသည်ကို တွေ့ရသည်။

'ဘယ်တုန်းက ပြန်ရောက်သလဲကွယ့်'

'မနေ့ကပါ ဘုရား'

'အလုပ်အကိုင် အဆင်ပြေရဲ့လား'

'တင်ပို့ အလုပ်ကတော့ အဆင်ပြေပါတယ်။ ခေါင်းက မူးနောက်နောက်နဲ့သွေးတိုးလို့ ပြောတာပဲ ဘုရား'

ထိုစဉ် ထိုင်နေသော ဘကြီးက...

'သွေးတိုးဖြင့် ကြောက်စရာမရှိပါဘူး။ ဘကြီးကိုယ်တိုင် အနှစ်(၂၀)ကျော်က ခံစားခဲ့ရတာ ဒန့်သလွန်အခေါက် လက်တစ်ဝါးလောက်ကို သုံးရေ တစ်ရေ ပြုတ်သောက်ရုံနဲ့ သုံးရက်အတွင်း သိသာသပျာ။ တစ်နေ့တစ်ခေါက် သောက်ပေးရုံဖြင့် အပန်းမကြီးပါဘူးကွယ်'

ဒီတစ်ခေါက် ဇာတိမြေ အလည်ခရီးတွင်မူ အာရောဂျလာဘ်ကြီးကိုပါ ဝမ်းမြောက်ဝမ်းသာ ပိုင်ဆိုင်ရရှိခဲ့လေသည်။




**စိုးသော်တာ**



www.burmeseclassic.com

www.burmeseclassic.com

# ကျွဲ၊ နွားများ





## ငှက်ဖျားရောဂါနှင့် နာစေး အအေးမိရောဂါ ကုသနည်း

နတ်မောက် ဖိုးနော်

(၂၆-၂-၂၀၁၁) စနေနေ့တွင် နတ်မောက်မြို့ မြောက်ဘက် ရှစ်မိုင်ခန့် ဝေးကွာသော လေးအိမ်ကျေးရွာ နွားပွဲဈေးသို့ ရောက်ဖြစ်ခဲ့ပါသည်။

နွားဈေးမှာ ရောင်းလိုသူ၊ ဝယ်လိုသူ များနှင့် စည်ကားနေသော်လည်း ရောင်းလို့၊ ဝယ်လို့မကောင်းဘူးဟု အသံစကားများ ထွက်နေပါသည်။

ဈေးအတွင်းသို့ နွားတစ်ကောင် ဝင်ရောက်ချရောင်းလျှင် (ခွာချခဟု ခေါ်သည်။) ရောင်းရသည်ဖြစ်စေ၊ မရောင်းရသည်ဖြစ်စေ ဝင်ကြေးငွေ သုံးထောင်ကျပ် ပေးရသည်ဟု ပြောပါသည်။

အရောင်းအဝယ် ဖြစ်လျှင်လည်း နွားလက်မှတ်ထောက်ခံချက် ခုနစ်ထောင်ပေးရသည်ဟု ဆိုပါသည်။

ထိုနေ့ နွားဈေးတွင် သားပေါက် နွားမကြီးများ မွေးမြူ၍ နွားအရောင်းအဝယ် လုပ်ကိုင်နေသော **ဦးဝင်းသီးနှင့် ဦးငွေထွန်း**ဆိုသော ညီအစ်ကို နှစ်ဦးနှင့် တွေ့ကြုံရပြီး နွားများတွင် ဖြစ်တတ်သော **'ငှက်ဖျားရောဂါ'**နှင့် **'အအေးမိနာစေးရောဂါ'**ကုသနည်းကို ပြောပြသဖြင့် စာစီပြု ရေးခြယ် တင်ပြလိုက်ပါသည်။

ဦးဝင်းသီးမှ ပြောပြသည်မှာ...

'ဒီလိုရှိတယ် ကိုလှမြင့်ရဲ၊ လူတွေမှာသာ ငှက်ဖျားရောဂါ ဖြစ်တတ်တာ မဟုတ်ဘူး။ နွားတွေမှာလဲ ငှက်ဖျားရောဂါ ဖြစ်တတ်ပါတယ်။ သူတို့မှာလဲ သွေးနဲ့သားနဲ့ပဲဗျာ၊ ငှက်ဖျားခြင်ကြောင့် ဖြစ်တတ်သလို သောက်ရေမသန့်၊ ရှူရှိုက်ရတဲ့လေ မသန့်ရင် ငှက်ဖျားဖြစ်တတ်တာပါပဲ။

နွားတွေမှာ ရောဂါဖြစ်ရင် ထင်ထင်ရှားရှား သိရပါတယ်ဗျ။ **ထင်ရှားတဲ့ရောဂါ လက္ခဏာတွေကတော့ဗျာ** အဖျားဝင်ပြီး အပူရှိန် တိုးလာမယ်။ ဆီးအရောင် နီမယ်။ သိသိသာသာ ဆီးနီတာ မြင်ရမယ်။ မျက်လုံးအရောင်နဲ့ ပါးစပ် အဝါရောင် ဖြစ်နေမယ်။ ရောဂါ အလွန်ပြင်းရင် အစာ လုံးဝမစားတော့ဘူး။ ပါးစပ်ကနေ သွားရည်တွေကျပြီး နာခေါင်းပေါက် နှစ်ပေါက်က အမြှုပ်တွေ တစီစီကျမယ်။

အဲဒီလက္ခဏာတွေဟာ နွားတွေ၊ ကျွဲတွေ ငှက်ဖျားဖြစ်ရင် သိသာမြင်သာတဲ့ အချက်အလက်တွေပါပဲ။

အဲဒီလို နွားမှာ ငှက်ဖျားရောဂါ ထင်ရှားလာပြီဆိုရင် အမြန်ဆုံး ကုသရပါ့မယ်။

ဆေးနည်းက မခက်ပါဘူး။ မသိရင်တော့ ခက်တာပေါ့။ သိတော့ လွယ်တာပေါ့ ဟဲ ဟဲ ဟဲ ဟဲ။

ခင်ဗျားတို့၊ ကျုပ်တို့ ငါးပိချက်နဲ့ တို့မြုပ်စား၊ ဆိတ်သားဟင်းထဲမှာ ထည့်ချက်တဲ့ **'ပင်စိမ်းရွက်'** သိတယ် မဟုတ်လား။ အဲဒီပင်စိမ်းရွက်ကို လက်တစ်ဆုပ်လောက်ခူး၊ ရေစင်အောင်ဆေး။ ပြီးရင် ငရုတ်ကောင်းစေ့ အလုံးလေးတွေ နှစ်ဆယ်စေ့နဲ့ ရောထောင်းပြီး ကျွေးပေးရမယ်။ ရောဂါအခြေအနေအရ တစ်နေ့ နှစ်ကြိမ်၊ သုံးကြိမ် သင့်သလို တိုက်ပေးပေါ့။

နွားအကောင် အသက် အကြီးအငယ်လိုက်ပြီး လိုတိုး၊ ပိုလျှော့ ပြုလုပ်တိုက်ပေးနိုင်ပါတယ်။ လိုတယ်၊ ပိုတယ်တော့ မရှိပါဘူး။ ဆေးမှားတယ်လို့လဲ မရှိပါဘူး။ **(ဘေးထွက်ဆိုးကျိုး မရှိပါဟု ဆိုလိုဟန်ရှိပါသည်။ *စာရေးသူ*)**

တကယ်လို့ ပင်စိမ်းတွေက အရွက်ကျနေတဲ့ ရာသီမို့ ပင်စိမ်းရွက်မရှိရင် အပင်ကို နုတ်ယူပြီး အမြစ်ကိုယူ၊ ပင်စိမ်းမြစ် တစ်ဆယ်သားလောက်ကို ရေစင်စင်ဆေး ထုထောင်းစဉ်းပြီး ရေသုံးဖလားနဲ့ ကျို၊ တစ်ဖလားစာကျန်ရင် အအေးခံပြီး တိုက်ပေးရပါမယ်။

သုံး၊ လေးရက် အလွန်ဆုံး တစ်ပတ်၊ ဆယ်ရက်လောက် ဂရုစိုက်တိုက်ကျွေး ကုသလိုက်ရင် သက်သာပျောက်ကင်းတာပါပဲ'

'ဟုတ်ကဲ့ ကျေးဇူးပါပဲ ကိုဝင်းသီး'

**ဦးငွေထွန်းမှ ပြောပြသည်မှာ...**

**'နွားတွေ အအေးမိနာစေးဖြစ်ရတဲ့အကြောင်းက** ဒီလိုရှိတယ်



www.burmeseclassic.com

www.burmeseclassic.com

ကိုလှမြင့်ရဲ၊ အလွန်အအေးများတာ၊ အလွန်စိုစွတ်တာ၊ ဒါမှမဟုတ် ရုတ်တရက် အပူအအေးကြီးမား ပြောင်းလဲတာတွေကြောင့် ဖြစ်ရတာပါပဲ။ တင်းကုပ်အရိပ်မှာ နွေးထွေးလုံခြုံစွာနေထိုင်ရာကနေ အပြင်မှာထုတ်ပြီး ခိုင်းစေရာမှာ အအေးမိသွားတာမျိုးပေါ့ဗျာ။

အအေးမိနှာစေးတာကို အမှတ်တမဲ့သခင်က မသိဘဲ နွားမှာ ရောဂါအနုအရင့်လိုက်ပြီး နှာခေါင်းချိုင့်မှာရှိတဲ့ အမြှေးအကာဟာ အနည်းနဲ့အများ သိသာစွာ ရောင်ရမ်းနေတတ်ပါတယ်။

**ထင်ရှားသိသာစေတဲ့ ရောဂါလက္ခဏာတွေကတော့** ရောဂါဖြစ်စမှာ နွားရဲ့ နှာခေါင်းချိုင့်နဲ့ မျက်စိအမြှေးအကာတွေဟာ ခြောက်သွေ့ပြီး နီလာတတ်ပါတယ်။ နွားဟာ မှိုင်တွေနေပြီး လှုပ်ချင်ရှားချင်စိတ်မရှိဖြစ်နေတတ်ပါတယ်။

နှာခေါင်းပေါက်က နှာရည်ထွက်ပြီး အစမှာ နည်းနည်းထွက်ပြီး ကြာလာတဲ့အခါမှာ **အဝါနုရောင်၊ ကန့်ဝါရောင်ပျစ်ပျစ်တွေ များများ**ထွက်လာပါတယ်။

အမွေးတွေ ထောင်ထနေပြီး အစာကို တို့ကနန်း ဆိတ်ကနန်းပဲ စားမယ်။ အစာစားမှု သိသာနည်းလာတယ်။ တဖြည်းဖြည်း ရောဂါပြင်းထန်လာရင် ချမ်းပြီး တုန်လှုပ်ခါလာမယ်။ ဝမ်းချုပ်ပြီး ချောင်းပါ ဆိုးလာပါ့မယ်။ မကုဘဲကြာရှည်ထားရင် ရောင်ရမ်းလာပြီး ပျက်စီးတဲ့အထိ ဆိုးရွားထိခိုက်တတ်ပါတယ်။

ကုသပြီဆိုရင် လေတိုက် အအေးမိရေထိခြင်း မရှိအောင် ခြောက်သွေ့နွေးထွေးတဲ့နေရာမှာ ခွဲထားပါ။ အလုပ်ခွင်ထုတ်ပြီး ခိုင်းခြင်းကို အနားပေးထားရပါ့မယ်။ ဖွဲနု၊ ယာဂုပြုတ်၊ ပျော့ပျောင်းနူးညံ့တဲ့ အစာကို ကျွေးပေးရမယ်။ အဲဒီအစာနဲ့အတူ ပင်စိမ်းရွက်ကျခြောက်ကို ထည့်ကျွေးပေးရတယ်။

သောက်ရေထဲမှာ ပရဆေးဆိုင်က ဝယ်လို့ရတဲ့ **'ယမ်းစိမ်း' တစ်မတ်သားလောက်** ထည့်တိုက်ပေးရတယ်။

ထွက်လာတဲ့ နှာရည်က ပျစ်ပြီး ချောင်းလဲဆိုးနေရင် တာပင်တိုင်ဆီ၊ ပရုတ်မှုန့်ကို ရေနွေးနဲ့ ရောမွှေပြီး အငွေ့ကို ရှူစေရပါတယ်။

ဝမ်းချုပ်နေရင် ဆပ်ပြာနဲ့ ရေနွေးဖျော်ပြီး ဝမ်းချူပေးရပါတယ်။ အလွန်ချောင်းဆိုးနေရင် အသက်ရှူပြွန်နဲ့လည်ချောင်းတွေ သိသိသာသာ ရောင်လာတတ်ပါတယ်။ အဲဒီလို ရောင်လာရင် ပင်စိမ်းရွက်ကို ချူးပြီး အဝတ်နဲ့ထုပ်၊ ရေနွေးငွေ့ခံပြီး ကြပ်ထုပ်ထိုးပေးရတယ်။

တိုက်ဖို့ဆေးကတော့ ခုနလိုပါပဲ။ **ပင်စိမ်းရွက် လက်တွင်း (၂)ဆုပ်နဲ့ ချေတ်ကောင်းစေ့ကတော့ အစေ့နှစ်ဆယ်ပါပဲ။** ရောထောင်းပြီး တိုက်ပေးရပါတယ်။

ဂရုတစိုက် သုံးရက်လောက် အနားပေးဂရုစိုက် ကုလိုက်ရင် သက်သာပျောက်ကင်းသွားတာပါပဲ။ ဂရုမစိုက်မကုသရင်လဲ ပျက်စီးတတ်တဲ့အပြင် အခြားတိရစ္ဆာန်များကိုပါ ကူးစက်ထိခိုက်တတ်ပါတယ်။ ဒါကြောင့် ဂရုစိုက်ကုပါလို့ပဲ ပြောပါရစေ'

'ကျေးဇူးပါပဲ ဦးငွေထွန်း'

***တိုးတက် ကြီးပွားကြပါစေ။***

**နတ်မောက် မျိုးနော်**

၂၀၁၄-ခုနှစ်
ရှလိုင်လသည်...
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏
(၂၈)နှစ်ပြည့်
အမှတ်တရ
အထူးထုတ်လ
ဖြစ်ပါသည်။
သို့ဖြစ်ပါ၍...
မည်သူမဆို
ပါဝင်
ရေးသား
နိုင်ပါသည်။

*လေးစားစွာဖြင့်...*

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၂၈၄



www.burmeseclassic.com

www.burmeseclassic.com

# လူခြောက်ကလေးတွေရဲ့အကြောင်း

တစေ့တစောင်း

စလင်းဦးကျော်

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၇)ရက် နေ့မှာ ကူတိုရွာရဲ့တောင်ဘက် အဖျား ပိုင်း ပြွန်သုံးလုံးတွင် နေထိုင်သော ကိုပြေအေးတစ်ယောက် ကျွန်တော်ထံ ရောက်လာပါတယ်။

ပြွန်သုံးလုံးဆိုတာ **စလင်းမြို့ တောင်ဘက် (၂)မိုင်ခန့်အကွာမှာ ရှိပါတယ်။** မင်းဘူး-စလင်း လမ်းမ ကြီးရဲ့ အရှေ့ဘက်နဲ့ အနောက်ဘက် များမှာ အိမ်များ တည်ရှိပါတယ်။

အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်များသို့ သွားလာနိုင်သော လမ်း ဆုံလဲ ဖြစ်ပါတယ်။ အချို့က တာဂွ(ခွ) လို့ ခေါ်ကြပြန်ပါတယ်။ ကိုပြေအေးရဲ့ အတိချက်ကြွေ မွေးရပ်မြေကတော့ ငွေတောင်ရွာ ဖြစ်ပါတယ်။ စလင်းမြို့ရဲ့ အရှေ့တောင်အရပ် (၇)မိုင်ခန့်အကွာ မှာ **ငွေတောင်ရွာ** တည်ရှိပါတယ်။

ယခု သူရဲ့မိသားစုဟာ ပြွန်သုံးလုံး မှာနေပါတယ်။ ကျွန်တော်ရဲ့ ကိုပြေ အေးတို့ဟာ ညီအစ်ကိုလို ခင်မင်ကြသူ ပါ။ လက်ဖက်ရည်ကြမ်းဝိုင်းမှာ စကား ပြောကြပါတယ်။ လက်ဖက်ရည်ကြမ်း ဝိုင်းမှာ ကိုပြေအေးက ဂမ္ဘီရဆန်သော လူခြောက်ကလေးတွေရဲ့ အကြောင်း အောက်ပါအတိုင်း ပြောပြပါတယ်။

လွန်ခဲ့တဲ့ (၄၅)နှစ်ကျော်ကာလက ကျွန်တော်တို့ရဲ့ရွာမှာ ဦးဘစံနဲ့ ဒေါ်ကံ ရင်လို့ခေါ်တဲ့ ဇနီးမောင်နှံရှိခဲ့ပါတယ်။ သူတို့မှာ မောင်လူအေးနဲ့ မဝိုင်းမို့ သားသမီးနှစ်ယောက်ရှိပါတယ်။

မောင်လူအေးက အကြီးဆုံးသား ဖြစ်ပြီး မဝိုင်းမို့က သမီး အငယ်ပါ။ မောင်လူအေးက မဝိုင်းမို့ထက် (၃)နှစ် ကြီး ပါတယ်။ ကျွန်တော် (ဦးပြေအေး)နဲ့မောင်လူအေး ဟာ အိမ်နီးနားချင်း ကစား ဖော်ကစားဖက် သူငယ်ချင်း တွေပါ။

မောင်လူအေး (၆)နှစ် အရွယ် ရောက်သည့်အထိ ဦးဘစံနဲ့ ဒေါ်ကံရင်တို့ လင်မယား ဆင်းရဲရှာကြပါ တယ်။ သူတို့အိမ်ကို ဘယ် ဘက်က ကြည့်ကြည့် အိမ်ပေါ်မှာနေတဲ့ လူကို မြင်ရပါတယ်။



◆ လူခြောက်ကလေးများအကြောင်းကို ပြောပြသော ဦးပြေအေးနှင့်သူ့မိသားစု

အိမ် အကာအရံများ မလုံခြုံပါဘူး။ နေ့စာ,ညစာ မနည်း ရှာကြံ ရှန်းကန်နေ ရပါတယ်။ အဲဒီလို စားဝတ်နေရေး မပြည့်စုံတဲ့အထဲ ဒေါ်ကံရင်မှာ.ကိုယ်ဝန် ရှိလာပြန်ပါတယ်။

သန္ဓေသားကို ကိုးလလွယ်ပြီး ဆယ်လထဲမှာ အရပ်လက်သည်ခေါ်ပြီး ဖွားပါတယ်။ ဖွားမြင်လာတဲ့ကလေး ဟာ သာမန်လူသားကလေးငယ် မဟုတ်ဘဲ လူခြောက်ကလေး ဖြစ်နေ ပါတယ်။ လူခြောက်ကလေးက ယောက်ျားကလေးပါ။

လူခြောက်ကလေးမွေးပြီး မီးတွင်း ထဲ နေ့လယ်ပိုင်းမှာ ဒေါ်ကံရင်တစ် ယောက် အသံထွက်ပြီး **"အင်း ငါ ကလဲ သွေးနုသားနု ဘာမှလဲ မလုပ် နိုင်ဘူး။ မီးဖိုချောင်မှာလဲ ဆီ၊ ဆန်၊ ဆား၊ ငါးပိ၊ နနွင်းမှုန့် ဘာမှ မရှိ ဘူး။ ဘယ်လိုလုပ်ရပါမလဲ"** ဟု ညည်းတွားမိတယ်။ စိတ်အားငယ်စွာနဲ့ မှေးခနဲ အိပ်ပျော်သွားတယ်။

'အမေ... အမေ အားမငယ်ပါနဲ့ သားရယ် နော။ အမေတို့အဖေတို့ကို သား မ,ဖို့လာခဲ့ တာပါ။ မီးဖိုချောင်ထဲမှာ ဆီ၊ ဆန်၊ ဆား ငါးပိ နနွင်း လိုအပ်တာတွေ သားထားပြီးပါပြီ။ ထမင်းဟင်းချက်ဖို့ မီးဖိုချောင်အသုံးအဆောင် တွေ အဆင်သင့်ပါ'

ဒေါ်ကံရင်ရဲ့နားထဲမှာ ကလေးငယ်

www.burmeseclassic.com

တစ်ယောက်က ပြောလိုက်သလို ကြားလိုက်ရလို့ အိပ်ရာမှ နိုးလာပါတယ်။ တကယ်လိုလို၊ အိပ်မက်လိုလို ဇဝေဇဝါ ဖြစ်နေတယ်။ အနီးမှာ အိပ်နေတဲ့ သမီးငယ်မပိုင်းမှီကို "ပိုင်းမှီ...ပိုင်းမှီ ထစမ်း" လို့ နှိုးလိုက်တယ်။

သမီးငယ် မပိုင်းမှီ အိပ်ရာမှ နိုးလာလျှင်...

'ပိုင်းမှီ...မီးဖိုချောင်ထဲ ဆီ၊ ဆန်ဆား၊ ငါးပိ၊ ကြက်သွန်တွေ ရှိသလား သွားကြည့်စမ်း'

အိပ်ချင်မူးတူးနဲ့ မပိုင်းမှီ ထကြည့်တယ်။

'အမေ ဆန်အိုး၊ ဆီပုလင်းတွေထဲမှာ ဆန်ဆီတွေ အပြည့်ရှိတယ်။ ဆား၊ ငါးပိ၊ ကြက်သွန်တွေလဲ အစုံရှိပါတယ်'

ဟု ပြန်ပြောတယ်။

ဒေါ်ကံရင် ဝမ်းသာမိတယ်။

ညအိပ်ချိန်ရောက်တော့ "မီးဖိုချောင်သုံး ဆီ၊ ဆန်၊ ဆား၊ ငါးပိ၊ ကြက်သွန်တွေတော့ လုံလောက်သွားပြီ၊ မွေးဖွားစရိတ် လက်သည်ခ မရှိသေးဘူး" ဟု ဒေါ်ကံရင် အသံထွက် ညည်းတွားကာ အိပ်ပျော်သွားတယ်။

"အမေ... အမေ လက်သည်ခ အတွက် စိတ်မပူပါနဲ့၊ အမေ့အိပ်ရာဘေးမှာ သား ငွေတွေ ထားပြီးပါပြီ" လို့ နားထဲမှာ ကြားလိုက်ရလို့ ဒေါ်ကံရင် အိပ်ရာမှ နိုးလာတယ်။ မီးခွက်ထွန်းပြီး အိပ်ရာဘေးကို ကြည့်တယ်။ လက်သည်ခ ပေးရန်အတွက် ငွေများကို တွေ့ရတယ်။

ဒေါ်ကံရင် ဝမ်းအသာကြီး သာပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်။ ဒီလိုနဲ့ ဦးဘစံနဲ့ ဒေါ်ကံရင်တို့မှာ သားကြီးမောင်လူအေး၊ သမီးလတ်မပိုင်းမှီနဲ့ သားငယ် မောင်လူခြောက်ကလေးတို့ သားသမီးသုံးယောက် ရှိလာပါတယ်။ မိသားစုငါးယောက်ဖြစ်လာပြီပေါ့။

ဒေါ်ကံရင်တို့မှာ သားကြီးနဲ့ သမီးအလတ်ကို အဝတ်အစားဆင်ရင်သားငယ် မောင်လူခြောက်ကလေးကိုပါ ဆင်ရပါတယ်။ အသက်အရွယ်အလိုက် အကျီ၊ ပုဆိုး၊ ဘောင်းဘီ၊ ဖိနပ်၊ ဦးထုပ်တို့ကို ချုပ်လုပ်ပြီး သူ့အနားမှာ ထားရပါတယ်။

**"ဒီပစ္စည်းတွေဟာ သားလေးအတွက်လို့လဲ ပြောရပါတယ်"** ဦးဘစံနဲ့ ဒေါ်ကံရင်တို့မှာ တစ်နေ့တခြား ဒီရေအလား စီးပွားတက်လာပါတယ်။ အကာအရံ မလုံခြုံရတဲ့ အိမ်ကလေးကနေ လေးပင်အိမ်ကြီး ဖြစ်လာပါတယ်။ ရွှေမရှားငွေမရှားတဲ့ အခြေအနေကို ရောက်လာပါတယ်။

မောင်လူအေးဟာ သူ့ရဲ့မိဘတွေမရှိခိုက် လူခြောက်ကလေးအား ကျွန်တော်(ကိုပြေအေး)ကို ပြပါတယ်။ ဖန်ပေါင်းချောင်ကလေးနဲ့ အုပ်ထားတာပါ။ အရွယ်အစားက တစ်ညှိုးသာသာလေးပါ။ ညိုမည်းမည်းအရောင်ကလေးရှိပြီး သေးသေးလေးပါ။

တစ်နေ့ ဒေါ်ကံရင် ရေနံချောင်းမြို့ကို သွားဖို့အကြောင်း ပေါ်လာပါတယ်။ ညအိပ်ခရီး သွားရမှာပါ။ ငွေတောင်ရွာက ရေဝတီမြစ်ကြီးရဲ့ အနောက်ဘက်ကမ်းမှာပါ။ ငွေတောင်ရွာနဲ့ ရေဝတီမြစ်ကမ်းဟာ နှစ်မိုင်ခန့် ကွာဝေးပါတယ်။

ရေနံချောင်းမြို့က ရေဝတီမြစ်ကြီးရဲ့ အရှေ့ဘက်ကမ်းမှာ ရှိပါတယ်။ ဒေါ်ကံရင်သွားရမယ့်ခရီးက ငွေတောင်ရွာကနေ နွားလှည်းစီးပြီး ရေဝတီမြစ်ဆိပ် (သပြေရိုးရွာဆိပ်ကမ်း)ကို အရောက်သွားရမှာပါ။

သပြေရိုးရွာဆိပ်ကမ်းမှ ရေမော်တော်စီးပြီး ရေဝတီမြစ်ကြီးကို ဖြတ်ကာ ရေနံချောင်းမြို့ကို သွားရ
ဖြစ်ပါတယ်။

ခရီးမထွက်ခင် ဒေါ်ကံရင် သမ
မပိုင်းမှီကို မှာခဲ့တာက...

'သမီး ပိုင်းမှီ'

'ရှင်'

'အမေ ရေနံချောင်းမြို့ကို ခရီးသွာ
မလို့ ဒီကနေ့ည ရေနံချောင်းမြို့မှာ
ညအိပ်မယ်။ နောက်တစ်နေ့မှာ သ
သည်စီး ရေမော်တော်နဲ့ ပြန်လာခဲ့မယ
မောင်ကလေး (လူခြောက်ကလေး)ကို
မကိုင်နဲ့နော။ သမီးကြားလား'

'ဟုတ်ကဲ့ပါ အမေ... မောင်ကလေး
ကို မကိုင်ပါဘူး'

ဒေါ်ကံရင် ရေနံချောင်းမြို့ပေ
ရောက်လို့ မွန်းလွဲပိုင်းအချိန်မှာမပိုင်း
စဉ်းစားမိသည်။

'အင်း...ငါ့မောင်လူခြောက်ကလေးနဲ့ မ
ဘက်ကလေးတွေ သွားတွေပေါက်ပြီ
ငါ့မောင်ကလေး သွားပေါက်,မပေါ
ကြည့်ဦးမှ'

ဟု ဆိုကာ လူခြောက်ကလေးရဲ့
ပါးစပ်နေရာကို သူ့ရဲ့လက်ကလေးတွေ
နဲ့ ဖြဲသယောင် လုပ်ပါတော့တယ်။

ချက်ချင်းပဲ ရေနံချောင်းမြို့ပေါ်မှာ
ရှိတဲ့ မိခင်ဒေါ်ကံရင် နားထဲကြားရတာ
ကတော့...

'အမေ...အမေ အစ်မကြီးက ကျွန်တော့်
ပါးစပ်ကို လက်နဲ့ ဖြဲနေပါတယ်။ ကျွန်တော်
ဒုက္ခ ရောက်ရပါလိမ့်မယ်၊ အမေ အမြန်
ပြန်လာခဲ့ပါ'

ဒေါ်ကံရင် စိတ်ပူလာကာ မနေနိုင်
မထိုင် ဖြစ်လာတယ်။ **"ငါ့သားလေး
တော့ ဒုက္ခရောက်ချေရဲ့"** ဟု ရေရွတ်
ကာ ညောင်လု ရေမော်တော်ဆိပ်
မော်တော်စင်းလုံးငှားကာ သပြေ
ဆိပ်ကမ်းသို့ အရောက်လာခဲ့ပါတယ်။

သပြေရိုးဆိပ်ကမ်း ရောက်ရင်





www.burmeseclassic.com

www.burmeseclassic.com

ရေမော်တော် ငှားရမ်းခပေးပြီး ငွေတောင်ရွာသို့ ခြေကျင်သုတ်ခြေတင်ခဲ့တယ်။ ည မီးခွက်ထွန်းချိန်မှာ ငွေတောင်ရွာကို ရောက်ပါတယ်။

ညအိပ်နေမယ့် ဒေါ်ကံရင် အိမ်ပြန်ရောက်လာလို့ ဦးဘစံ၊ သားမောင်လူအေးနဲ့ သမီးမဝိုင်းမှီတို့ အံ့သြဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါတယ်။ ဦးဘစံမှ...

'ဟယ်...ငါ့မိန်းမ ပြန်လာပြီ'

မောင်လူအေးမှ...

'ဟော...အမေ ရေနံချောင်းမြို့မှာ ညမအိပ်ဘဲ ပြန်လာတယ်'

မဝိုင်းမှီမှ...

'အဟယ်ဟယ် တို့အမေကံရင် ပြန်လာပြီဟေ့'

အိမ်မှာ ကျန်ရစ်ခဲ့တဲ့မိသားစုက ဆီးကြိုနှုတ်ဆက်ကြတယ်။ ဒေါ်ကံရင် တစ်ယောက် မရယ်မပြုံးနိုင်ပါ။ ဘာကြောင့်လဲဆို သားလူခြောက်ကလေး အတွက် စိုးရိမ်နေခြင်းကြောင်း ဖြစ်ပါတယ်။

ဒေါ်ကံရင်ဟာ လူခြောက်ကလေး ထားတဲ့ အိပ်ခန်းထဲကို ကမန်းကတန်း ဝင်ပြီး ဖန်ပေါင်းချောင်ကလေးကို လှပ်ကြည့်တယ်။ လူခြောက်ကလေးရဲ့ ခြေလက်အင်္ဂါများ ပြည့်စုံစွာရှိတာကို တွေ့မှ စိတ်ချမ်းသာသွားတယ်။

ပါးစပ်မှလဲ သားလေးရေ... မင်းပြောတာ အမေကြားလို့ ပြန်လာခဲ့တာကွယ့်။

ဒေါ်ကံရင် အိမ်ခန်းအပြင်ဘက် ထွက်လာပြီး...

'ဟဲ့...ဝိုင်းမှီ ရေနံချောင်းမြို့သွားခါနီး မောင်လေး(လူခြောက်ကလေး)ကို မကိုင်ပါနဲ့လို့ နင့်ကို မမှာခဲ့ဘူးလား'

'မှာခဲ့ပါတယ် အမေ'

'ဘာလို့ ကလေးကို ကိုင်ရတာလဲ'

'ကျွန်မ မ,မကိုင်ပါဘူး'

'နင် ငါ့ကို လိမ်ညာမယ်မကြံနဲ့။ ကလေးကို သွား ပေါက်,မပေါက် ပါးစပ်နေရာကို လက်နဲ့ ဖြဲကြည့်တယ် မဟုတ်လား။ ငါ့သားကလေးက ချက်ချင်းပြောလို့ ရေနံချောင်းမြို့မှာ ညမအိပ်ဘဲ ရေမော်တော် စင်းလုံးငှားပြီး ပြန်ခဲ့တာ။ ကလေးကို မကိုင်ဘူးလား၊ ကိုင်သလား မှန်မှန်ပြောစမ်း'

'မောင်လေး သွားပေါက်ပြီလားလို့ ကျွန်မကိုင်ကြည့်မိပါတယ် အမေ'

'ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်။ နောက်ကိုင်ရင် နာဖို့သာ ပြင်ထား'

ဒေါ်ကံရင်သည် လူခြောက်ကလေးကို နောက်မကိုင်ရန် မဝိုင်းမှီအား ကြိမ်းမောင်းလိုက်ပါတယ်။ လူခြောက်ကလေး မွေးပြီးကတည်းက ဦးဘစံနဲ့ ဒေါ်ကံရင်တို့မှာ စီးပွားဥစ္စာများ တစ်နေ့တခြား သိသိသာသာ တိုးတက်လာတယ်။ မျှော်မှန်းသမျှ ရည်ရွယ်သမျှတွေ ဖြစ်လာတာက များပါတယ်။

ဒါကြောင့် ငွေတောင်ရွာမှာ ဆင်းရဲတဲ့မိသားစုကနေ ချမ်းသာတဲ့မိသားစု ဖြစ်လာပါတယ်။ ဒီလိုနဲ့ မောင်လူအေးနဲ့ မဝိုင်းမှီတို့ဟာ အပျိုလူပျိုများ ဖြစ်လာကြတယ်။

မောင်လူခြောက်ကလေးလဲ (၁၆) နှစ်၊ (၁၇)နှစ်ရှိလာတယ်။ မောင်လူအေးနဲ့မဝိုင်းမှီဟာ ခန္ဓာကိုယ်ကို ဆွတ်ရန် ရေမွှေးပုလင်းကို ဝယ်ကြတော့ လူခြောက်ကလေးကလဲ သူ့ကို ရေမွှေးပုလင်းဝယ်ပေးပါရန် သူ့အမေ ဒေါ်ကံရင်ကို အိပ်မက်ပေး ပူဆာပါတယ်။

ဒေါ်ကံရင်ဟာ လူခြောက်ကလေး အတွက် သူ့အစ်ကိုအစ်မတွေရဲ့ ရေမွှေးပုလင်းတွေထက်ငယ်တဲ့ ရေမွှေးပုလင်းလေးကို ဝယ်ပေးတယ်။ ည ရောက်တော့ အစ်ကိုအစ်မတို့ရဲ့ ရေမွှေးပုလင်းတွေနဲ့ အရွယ်တူ ရေမွှေးပုလင်းကို ဝယ်ပေးရန် ညကျတော့ အိပ်မက်ပေးတယ်။

ဒါကြောင့် ရေမွှေးပုလင်းကို တန်းတူ ရွယ်တူဝယ်ပေးရတယ်။ လူခြောက်ကလေးဟာ တန်းတူရည်တူ အခွင့်အရေးတူကို ခံစားလိုသော သဘောဆန္ဒရှိပါတယ်။

လူခြောက်ကလေးဟာ ရေမွှေးကို အကြိုက်ဆုံး သုံးလေ့ရှိပါတယ်။ ရေမွှေးပုလင်းအသစ်များ မကြာခဏ ဝယ်ပေးရပါတယ်။ ညအခါ လူခြေတိတ်အချိန် ရွာထဲ လျှောက်လည်လေ့ရှိပါတယ်။

သူတို့အိမ်မှ အရှေ့သို့ ထွက်လည်ရင် အရှေ့အတိုင်း တောက်လျှောက် ခွေးတွေ ဟောင်သွားပါတယ်။ သူတို့အိမ်မှ အနောက်သို့ထွက်လာရင် အနောက်အတိုင်း တောက်လျှောက် ခွေးများ ဟောင်လေ့ရှိပါတယ်။

အိမ်လည်ရာမှ ပြန်လာရင်လဲ ခွေးများ ဟောင်လေ့ရှိပါတယ်။ ညအချိန် ရွာထဲက လူတွေ အိမ်လည်ရာမှ ပြန်လာရာ လမ်းတွင် ရေမွှေးအနံ့များ ရှူရှိုက်ရတတ်ပါတယ်။

အဲဒီလို ရေမွှေးနံ့ရရင် ဒေါ်ကံရင် သားမောင်လူခြောက်နဲ့ အနီးကပ် ရှောင်လိုက်ရကြောင်း လူတိုင်း သိကြပါတယ်။ လူခြောက်ကလေးသွားတိုင်း ရေမွှေးနံ့ဆွတ်သွားလေ့ရှိပါတယ်။

ညအခါ အိမ်လည်ရာမှ ပြန်ရောက်တိုင်း ဖိနပ်သံ၊ ခြေသံ၊ အဝတ်အစား လဲပြီး အဝတ်ဖုန်ခါသံများ အမြဲကြားရပါတယ်။ အဲဒီအသံကြောင့် အိမ်က မိသားစု အိပ်ရာမှ နိုးကြလေ့ရှိပါတယ်။

တစ်နေ့မှာ ဦးဘစံက...

'ကံရင်... နင့်သားလူခြောက် ကလေးကို ည အိမ်လည်ရာက ပြန်ရင်

www.burmeseclassic.com

အသံတွေ ဆူဆူညံညံမလုပ်နဲ့လို့ ပြောလိုက်စမ်း။ တစ်ညလဲမဟုတ်၊ နှစ်ညလဲမဟုတ် အိပ်ရေးပျက်ပေါင်းက များပြီးငါ(...)တယ်။

အဲသလို ဖခင်ဦးဘစံက ငါ...ကိုင်ချတော့ ညအိပ်ချိန်မှာ ဒေါ်ကံရင်ကို အိပ်မက်ပေးတယ်။

'အမေ့ယောက်ျားကြီးကို ဒီလို မပြောပါစေနဲ့။ အဖေက ကျွန်တော့်ကို အထင်သေးတယ် ထင်တယ်။ ကျွန်တော့်အစွမ်းကို ပြရသေးတာပေါ့

ဒေါ်ကံရင်မှ အစွမ်းမပြပါနဲ့ သားရယ်လို့ ချော့တယ်။

ဒေါ်ကံရင်ခမျာ ယောက်ျားကို တစ်မျိုးပြောရတာကတော့...

'ကိုဘစံ သားလူခြောက်ကလေးကို မဆူမဆဲပါနဲ့။ သူ မ,လို့ ကျုပ်တို့ ဒီလို အခြေအနေမျိုး ရောက်လာရတာမဟုတ်လား။ နောက်ပြောရင် သူ့အစွမ်းကို ပြမယ်တဲ့'

ဦးဘစံမှ...

'နင့်သား လူခြောက်က ဘာတွေများ စွမ်းနေလို့လဲ။ ပြလိုက်စမ်းဗျာ ကြီးကျယ်လို့'

ဦးဘစံနဲ့ ဒေါ်ကံရင်တို့လင်မယား အချီအချပြောတဲ့နေ့ ညရောက်တော့ ဦးဘစံကောင်းစွာ မအိပ်ရတော့ပါ။ ဦးဘစံရဲ့နားထဲမှာ မြင်းခွာသံတွေ ကြားနေရတယ်။

လူတစ်ယောက် မြင်းစီးပြီး ဒုန်းစိုင်းကာ အိမ်ပတ်ချာလည် ပြေးနေတယ်လို့ သူထင်နေတယ်။ မြင်းနဲ့လူကိုလဲ မမြင်ရပါ။ မြင်းခွာသံများ နားထဲစူးဝင်ပြီး လုံးဝ အိပ်မရတော့။ မြင်းခွာသံများဟာ နားကွဲမတတ် ဖြစ်လာတယ်။ ဦးဘစံ သဘောပေါက်လာတယ်။ လူခြောက်ကလေး အစွမ်းပြတာလို့ သိလာတယ်။

ဦးဘစံက...

'ဟဲ့...ကံရင်...ကံရင်...ကံရင်'

'တော်'

'တော်မနေ ထစမ်း၊ ဒီလောက် မြင်းခွာသံတွေ ဆူညံနေတာ အိပ်အိပ်နိုင်လွန်းတယ်'

'ကျုပ်နားထဲတော့ ဘာမှ မကြားရပါလား ကိုဘစံ'

'နင့်သား လူခြောက်ကလေး လက်ချက်နေမှာပဲ။ နားကွဲမတတ် မြင်းခွာသံတွေ ကြားရတယ်။ ငါ့ကို ပညာပြတာဖြစ်မှာပဲ။ ငါအိပ်မရလို့ မြင်းခွာသံတွေ ရပ်တော့လို့ ပြောလိုက်'

ဒေါ်ကံရင်ဟာ လူခြောက်ကလေးရှိတဲ့ အိမ်ခန်းထဲသွားပြီး...

'သားလေးရေ ကျေနပ်ပါတော့ကွယ်။ မင်းရဲ့အစွမ်းကို မင်းအဖေ သိသွားပါပြီ။ မင်းအဖေ အိပ်ရေးပျက်နေလို့ တော်ပါတော့ကွယ်'

အဲဒီတော့မှ တခြားသူများ မကြားရဘဲ ဦးဘစံတစ်ယောက်တည်းသာ ကြားရတဲ့ မြင်းခွာသံများ ပျောက်ကွယ်သွားတယ်။

တစ်နေ့မှာ လူခြောက်ကလေးက သူ့အမေဒေါ်ကံရင်ကို အိပ်မက်ပေးတယ်။

'အမေ ကျွန်တော် မိန်းမယူချင်ပြီ တောင်းရမ်းပေးပါ'

မနက်ရောက်တော့ ဒေါ်ကံရင်မှ...

'သားယူမယ့် မိန်းကလေးက ဘယ်သူတဲ့လဲ၊ ဘယ်သူ့သမီးလဲ၊ ဘယ်ကလဲ'

ညရောက်တော့ အိပ်မက်ပြန်ပေးတယ်။

'ကျွန်တော့်ချစ်သူက တခြားက မဟုတ်ပါဘူး။ တို့ရွာအနောက်ပိုင်းက ဦးအုံးပေရဲ့မြေး ဒေါ်ငွေရင်ရဲ့သမီး လူခြောက်မလေးပါ။ ကျွန်တော်နဲ့ ချစ်ခင်စုံမက်နေတာကို အိပ်မက်ပေးကာ လမ်းဖောက်ပြီးပါပြီ။ နေ့ကောင်းရက်သာရွေးပြီး တောင်းရမ်းပေးပါ အ

မနက်လင်းလျှင် ဒေါ်ကံရင်

ခင်ပွန်းဖြစ်သူကို အကျိုးအကြော

ပြောပြပြီး စေ့စပ်ကြောင်းလမ်း

ပြုလုပ်ကြပါတယ်။

ဦးဘစံနဲ့ ဒေါ်ကံရင်တို့ဟာ ဦး

ရဲ့မြေး ဒေါ်ကံရင်ရဲ့သမီး လူခြော

မလေးကို မိသားဖသားပီပီ

ရမ်းပေးကြပါတယ်။

လူခြောက်ကလေးဟာ

တောင်းပြီး မကြာမီ ရက်တစ်ရ

မိခင်ဒေါ်ကံရင်ကို . အိပ်မက်ပေ

တယ်။

'အမေ ကျွန်တော့်ငနီးရဲ့ (လူခြောက်မ

ရဲ့)အမေဒေါ်ငွေရင်အိမ်ကို ကျွန်တော် အ

အပိုင်လိုက်သွားပါပြီ၊ အမေနဲ့အ

မိသားစုကို နှုတ်ဆက်ခဲ့ပါတယ်'

အဲသလို ဒေါ်ကံရင် အိပ်မက်မက်

တဲ့ နောက်ပိုင်းမှာ ခါတိုင်းလို လူခြော

ကလေးရဲ့ အရိပ်အရောင်၊ အသံ

မကြားရတော့ပါ။ ဆိတ်ငြိမ်းနော

သွောင်ပါသွားပါတော့တယ်။

ချစ်ကြသူတိုင်း ညားကြ၍ ညား

သူတိုင်း ချစ်ကြပါစေဟု ဆန္ဒပြု

ပါသည်။

**မှတ်ချက်။ ။ ဤဆောင်းပါး**

**ပါဝင်သော မြို့၊ ကျေးရွာ၊**

**နာမည်များမှာ အမှန်အကန်**

**ဖြစ်ပါသည်။ လူခြောက်ကလေး**

**အကြောင်းကိုပြောပြသော**

**သုံးလုံးမှ ဦးပြေအေးအား ကျေ**

**တင်ပါကြောင်း မှတ်တမ်းတင်**

**ပါသည်။**

**စလင်းဦးကျော်**




www.burmeseclassic.com

www.burmeseclassic.com

အသာပေါင်း

# ရှေးဟောင်းဗေဒင်

ကျော်မိုးလွင် (ဝါးခယ်မ)



မိုးပုလဲ လက်ဖက်ရည်ဆိုင်တွင် ထိုင်နေခိုက် ဖြစ်၏။ မအူပင်(ခေါ်) ဖော်ဖော်ဝင်း သူ့အမျိုးသမီးနှင့်အတူ ဆိုင်ကယ်စီးကာ ရောက်လာခဲ့သည်။

'ဆရာမိုး နေကောင်းတယ်နော်'

မအူပင်က ခပ်ဖြီးဖြီးမျက်နှာနှင့် နှုတ်ဆက်လာသည်။

'နေကောင်းလို့ ထိုင်ဇီနေတာပေါ့။ နေမကောင်းရင် ဒီဘက်ကမ်းတောင် ကူးလာစရာမရှိဘူး'

ကျွန်ုပ်က ပြန်ပြောလိုက်တော့ စားပွဲထိုးကောင်လေးက ကျွန်ုပ်အပြော ကို သဘောကျ ရယ်လိုက်သည်။

ခွပ်ခနဲအသံကိုလည်း ကြားလိုက်ရ၏။ လက်ကကိုင်လာသော လက်ဖက်ရည်ခွက် လွတ်ကျသွားခြင်းပင် ဖြစ်တော့သည်။ မအူပင်က ဒါကိုကြည့်ကာ လိုက်ရယ်သည်။

ကျွန်ုပ်က လိုက်မရယ်နိုင်ပါ။

အင်္ဂဝိဇ္ဇာနည်းအရ အနိဋ္ဌသဘော ကို တွေးမိလိုက်၏။ ကျွန်ုပ် အတွေး မဆုံးမီမှာပင် မအူပင်မေးခွန်းက နားဝ ကို ဝင်တိုးလာပါတော့သည်။

'ဆရာမိုးရောက်ရောက်ချင်းဆောက် နဲ့ ထွင်းတယ်လို့ သဘောမထားပါနဲ့။ ကျွန်တော် အလုပ်က ပြောင်းရမလို ဖြစ်နေပြီ။ မပြောင်းချင်ဘူး ဆရာ မိုးရာ လုပ်ပေးပါဦး'

မအူပင်နှင့် ကျေးတောစောလှိုင်ကို ကျွန်ုပ် နားလည်ခွင့်လွှတ်ပြီး ဖြစ်ပါ သည်။

ထို့ကြောင့် မအူပင်၏ မေးခွန်းနှင့် လုပ်ဆောင်ရမည့် အချက်ကို လွယ်ကူသော်လည်း နက်နဲသော ရှေးဟောင်း ဗေဒင်နည်း စနစ်တစ်ခု အသုံးပြုကာ ဖြေရှင်းပေး လိုက်ရပါတော့သည်။

လက်ာမှာ...

'အ၊ သာ၊ ပေါင်း။ နောင်၊ လာ၊ ခေါ်ဆို'

၁ ၆ ၅ ၀ ၄ ၂၃

* * *

| | | | |
|---|---|---|---|
| အ | သာ | ၁ | ၆ |
| ခေါ်ဆို | ပေါင်း | ၂၃ | ၅ |
| လာ | နောင် | ၄ | ၀ |

အသက်တည့် (၆)နှင့်စား။

အကြွင်းမွေးနံရှိရာမှ လက်ယာရစ်ရေ။

ရောက်ရာဂြိုဟ်ကြည့်ကာ ဆုံးဖြတ်ပေးရန် ဖြစ်သည်။

**အသက်(၃၂)နှစ်ရှိပြီ ဖြစ်သော မအူပင်**ကိုတွက်ကြည့်လျှင် အောက်ပါ အတိုင်း တွေ့ရမည်ဖြစ်သည်။

၃၂ ÷ ၆ = ၅ = (၂)ကြွင်း။

**အင်္ဂါသားဖြစ်၍** မွေးနံရှိသော ခေါ်ဆို(၂၃)မှ (၂)အကြွင်းကိုရေလျှင် (အ)(၁)ကို ရောက်သည်။

သက်ရောက်ဟောကိန်း

၁ **(အ)** တနင်္ဂနွေသက်ရောက် လျှင် တစ်ရပ်တစ်ရွာပြောင်းရမည်။ မပြောင်းလိုလျှင် ခရီးယာယီထွက်ပေး ပါ။

၆ **(သာ)** သောကြာသက်ရောက် လျှင် စုတ်,လာဘ်ဝင်မည်။ ရွှေ,ငွေ မနေဝင်မည်။

၅ **(ပေါင်း)** ကြာသပတေး သက် ရောက်လျှင် မြေ,လယ်ယာ,ဥယျာဉ် ဝင်မည်။ ကွဲနေသော မိတ်ဆွေများ နှင့် ပြန်ဆုံမည်။

၀ **(နောင်)** စနေသက်ရောက်လျှင် လင်မယား သေကွဲ ရှင်ကွဲ ကွဲတတ် သည်။ နေအိမ် မီးလောင်တတ်သည်။ လူလိမ် လူကောက် နှိပ်စက်ခံရတတ် ၏။ **(ဘာသာရေးလုပ်ရန်လိုသည်။)**

၄ (လာ) ဗုဒ္ဓဟူးသက်ရောက်လျှင် ပစ္စည်းဥစ္စာဆုံးပါးတတ်၏။ စွပ်စွဲ ခံရတတ်သည်။ အမှုအခင်းတွေ့ရတတ် ၏။ အကြွေအစီ လွဲချော်တတ်သည်။

၂၃ **(ခေါ်ဆို)** တနင်္လာအင်္ဂါ သက်ရောက်လျှင် ခရီးဝေးမသွားနှင့် ဒုက္ခတွေ့ရတတ်သည်။

မအူပင်ကို ဤနည်းအရ တွက်ပြ လိုက်သောအခါ...

နဂါးရောင်ခြည်မဂ္ဂဇင်း ၂၃၇ (စာမျက်နှာ (၂၄၀) သို့)

www.burmeseclassic.com



ခင်ကြင်ပန်း

# အိမ်မှားသွားလို့ပါ

မန္တလေး–မြစ်ကြီးနား မီးရထားလမ်း ဖြတ်သန်းသွားရာ နယ်မြို့လေးတစ်မြို့ရဲ့ မီးရထားဝင်းတစ်ခု။ (၂)ခန်းတွဲ မျက်နှာချင်းဆိုင် မီးရထားကွာတာဆိုတော့ မိသားစု(၄)စု စုပေါင်းနေထိုင်ကြရတာ ဖြစ်ပါတယ်။

အိမ်ခန်းအမှတ် (၅/က)မှာက ဦးကြည်ဝင်း၊ သူနဲ့တွဲလျက် ဘေးခန်း (၅/ခ)မှာက ဦးစိန်အောင်တို့ မိသားစုများ နေထိုင်ကြပြီး မျက်နှာချင်းဆိုင် အိမ်ခန်းအမှတ်(၅/ဂ)မှာက ဦးတင်ထွန်း၊ သူနဲ့တွဲလျက် ဘေးခန်း(၅/ဃ) မှာက ဦးကိုကိုမောင်တို့ မိသားစုများ စုပေါင်းပြီး ရင်းနှီးချစ်ခင်စွာ နေထိုင်ကြပါတယ်။

တစ်နေ့မှာတော့ အိမ်အမှတ်(၅/က) မှ လက်မှတ်စစ် ဦးကြည်ဝင်းရဲ့ဇနီး ဒေါ်စုစု မီးဖိုခန်းထဲတွင် ချက်ပြုတ်နေတုန်း…

'မမစုရေ…မမစု လုပ်ပါဦး မမစုရယ်၊ ညီမအစ်ကိုကြီး ဆုံးလို့ လက်ပံတန်း လိုက်သွားရမယ် မမစုရယ်… ဟင့်…မာင့်'

လို့ ငိုယိုပြီး အပြေးအလွှား ရောက်လာတာကတော့ ဒေါ်စုစုတို့နဲ့ မျက်စောင်းထိုး အိမ်ခန်းအမှတ်(၅/ဃ)မှ ဂတ်ဗိုလ် ဦးကိုကိုမောင်ရဲ့ဇနီး နီလာထွေးရယ်ပါ။

ဒေါ်စုစုလဲ ဆီသတ်နေတဲ့ ဝက်သားအိုးထဲ ရေမြုပ်အောင် လောင်းထည့်လိုက်ရင်း အဖုံး ဖုံးလိုက်ပါတယ်။ ပြီးတော့မှ ရေအိုးစင်မှ သောက်ရေတစ်ခွက် ခပ်ပြီး နီလာထွေးကို ကမ်းပေးလိုက်ပါတယ်။

နီလာထွေးကတော့ ထမင်းစားပွဲပေါ် လက်ထောက်ရင်း အားပါးတရ ငိုနေရှာပါတယ်။

'ရော့ နီလာ ရေအေးလေးသောက်လိုက်၊ ကဲ ပြောပါဦး ဘယ်လိုဖြစ်ရ တာလဲ ညီမရယ်၊ မမစု ရင်တွေ တုန်လိုက်တာကွယ်'

'ဟင့်…ဟင့်…ရှုတ်…အင့်…အင့်'

နီလာထွေး မျက်ရည်ကိုသုတ် နှာရည်ကိုညှစ် တစ်ချက်ငိုရှိုက်လိုက်ရင်း…

'ညီမတို့မှာက မောင်နှမနှစ်ယောက်တည်း ရှိတာပါ မမစုရယ်၊ ဒီအစ်ကိုကြီးကပဲ ညီမကို ကျွေးမွေးစောင့်ရှောက်ခဲ့တာပါ။ ညီမကို သိပ်ချစ်တာ၊ လူပျိုကြီးပေါ့ မမရယ်၊ ရပ်ဆွေရပ်မျိုးတွေနဲ့ပဲနေရင်း လယ်လုပ်နေတာ။ အသက်က (၅၀)ပဲ ရှိပါသေးတယ်။ ဟိုးတလောကတောင် အိမ်လာသွားသေးတယ်လေ၊ ခဏပဲနေပြီး ပြန်သွားတာ'

နီလာထွေး ပြောပြတာများကို ဒေါ်စုစု ခေါင်းတညိတ်ညိတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

နားထောင်နေပါတယ်။ နီလာထွေးက ဒေါ်စုစု ခပ်ပေးထားသော ဖန်ခွက်ထဲမှ ရေကို တစ်ငုံသောက်လိုက်ရင်း စကားစဖြတ်ကာ တအင့်အင့်ဖြင့် ဆက်၍ ငိုရှိုက်နေပါတော့တယ်။ ဒေါ်စုစုမှ သက်ပြင်းတစ်ချက် ချလိုက်ရင်း...

'ဟင်း... ကံတရားပေါ့ ညီမရယ်၊ ဘယ်တတ်နိုင်ပါ့မလဲကွယ်၊ ဒါနဲ့ ဘာရောဂါနဲ့ ဆုံးသွားတာတဲ့လဲ ညီမ'

ဒေါ်စုစု ထမင်းစားပွဲမှ ကုလားထိုင်လေး ရွှေ့သို့ဆွဲတိုးရင် နီလာထွေးနားကပ်၍ မေးလိုက်ပါတယ်။

'အဟင့်...ဟင်'

နီလာထွေးတစ်ယောက် လက်ကိုင်ပဝါလေးနဲ့ မျက်ရည်သုတ် ငိုရှိုက်ရင်း ဒေါ်စုစုမျက်နှာကို တည့်တည့်ကြည့်လိုက်ပါတယ်။

'သွေးတိုးပေါ့ မမရယ်၊ အစ်ကိုကြီးက ဝက်သားသိပ်ကြိုက်တယ်လေ။ အဲဒါ ဝက်သားဟင်းတွေ တဝစားပြီး ညနေဘက် မူးတယ်၊ မူးတယ် ပြောရင်း လဲကျပြီး သတိလစ်သွားရာက အသက်ပါ ပါသွားတာတဲ့ မမရယ် အဟင့်...ဟင့်'

ဒေါ်စုစုအမေးကို ပြန်ဖြေရင်း နီလာထွေး ဝမ်းနည်းစွာဖြင့် တရစပ် ငိုပါလေတော့တယ်။ ဒေါ်စုစုလဲ ထမင်းစားပွဲကုလားထိုင်မှာ ထိုင်နေရာမှ ထရပ်ပြီး နီလာထွေးပခုံးလေးကို သူမရင်ခွင်ဆွဲသွင်းလိုက်ပါတယ်။ နီလာထွေးရဲ့ ဦးခေါင်းထက်မှ ဆံစလေးများအား ပွတ်သပ်ပေးရင်း နှစ်သိမ့်ပေးနေမိပါတော့တယ်။

တစ်မိနစ်ခန့် တိတ်ဆိတ်တိတ်ငြိမ်သက်သွားပြီးတဲ့ အခါမှာတော့ နီလာထွေး ဒေါ်စုစု ရင်ခွင်တွင်းမှ ရုန်းထွက်၍ မတ်တတ်ထရပ်လိုက်ပါတယ်။



ဒေါ်စုစုဘက် မျက်နှာလှည့်၍ ဒေါ်စုစု လက်မောင်းနှစ်ဖက်ကို သူမ လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ရင်း...

'မမစု ညီမတို့ မိသားစု ဒီနေ့ လက်ပံတန်း လိုက်သွားကြရမယ်။ အဲဒါ လာပြောတာ။ ညီမ ခရီးသွားဖို့ သွားပြင်လိုက်ဦးမယ်နော်။ ညီမတို့ အခန်းလေးတော့ ကြည့်ထားပေးပါဦး မမရယ်'

ဒေါ်စုစု နီလာထွေးကို ပြုံးကြည့်လိုက်ပြီး....

'စိတ်ချပါ ညီမလေးရယ်၊ မမစု ကြည့်ထားပေးမှာပါ။ ကဲ...သွား သွား လမ်းမှာ စားဖို့ ထမင်းချိုင့် ထည့်ပေးလိုက်မယ်နော်'

နီလာထွေး ကျေးဇူးတင်သော အကြည့်များဖြင့် ဒေါ်စုစုကို ကြည့်လိုက်ပြီး နှုတ်မှလဲ...

'ကျေးဇူးတင်လိုက်တာ မမရယ်'

လို့သာ ပြောလိုက်ပါတော့တယ်။

ဦးကိုကိုမောင်၊ မနီလာထွေးတို့ မိသားစု အိမ်ခန်းသော့ပိတ်ပြီး လက်ပံတန်း လိုက်သွားကြပါတော့တယ်။ အဲဒီနေ့ညက မိုးလေးတဖွဲဖွဲနဲ့ ရာသီဥတုက အေးစိမ့်နေပါတယ်။ ကွာတာရှေ့ လူသွားလမ်းလေးမှာလဲ တိတ်ဆိတ်လျက်။ လူသွားလမ်း တစ်ဖက်မှာရှိတဲ့ ဂန္ဓာရုံဘုန်းကြီးကျောင်းမှာလဲ ညို့ညို့ဆိုင်းဆိုင်း အုံ့မှိုင်းလျက်။

ကွာတာထဲရှိ အိမ်တိုင်းလိုလိုပင် တံခါးများပိတ်ကာ အိမ်တွင်း အောင်းနေကြပါတယ်။ အိမ်ခန်းအမှတ်(၅/က) မှ ဦးကြည်ဝင်း၊ ဒေါ်စုစုနဲ့ (၁၀)တန်းကျောင်းသူ သမီးကြီးသန္တာ၊ (၅)တန်းကျောင်းသူ သမီးငယ် နန္ဒာတို့ မိသားစုလေးဦး ည(၇း၀၀)နာရီမှာ ထမင်းဝိုင်းစားဖြစ်ကြပါတယ်။

ဦးကြည်ဝင်းတို့ အိမ်ခန်းအမှတ် (၅/က)မှာ ထောင့်ခန်းဖြစ်ပြီး ခေါင်းရင်းမှာ ပေ(၂၀)လောက်ကျယ်တဲ့ ခြံဝင်းရှိပါတယ်။ ခြံစည်းရိုးကို ဝါးကပ်ဖြင့် လုံခြုံစွာ ကာရံထားပါတယ်။ ထမင်းစားခန်း ပြတင်းပေါက်မှာတော့ တစ်ဖက်ဖွင့်ထားတဲ့ သွပ်ကာထားတဲ့ ပြတင်းပေါက်ကလေးရယ်ပါ။ မိုးလေးဖွဲဖွဲရွာနေတာကြောင့် အိမ်ထဲမှာ ရေပက်မှာစိုးပြီး တံခါးတွေ အလုံအခြုံ ပိတ်ထားကြပါတယ်။

'ဝူ...အူ...အူ...အူ'

မိသားစုလေးဦး ထမင်းစားပြီးချိန်မှာတော့ ဂန္ဓာရုံဘုန်းကြီးကျောင်းဘက်မှ ဆွဲဆွဲငင်ငင် အူလိုက်တဲ့ ခွေးအူသံကို စောစောစီးစီးပဲ ကြားလိုက်ကြရပါတယ်။

'ခွေးကလဲဟယ် စောစောစီးစီး အူရတယ်လို့'

အကြီးမသန္တာက စားပြီးသား ပန်းကန်များ ဆေးကြောရင်း နှုတ်ခမ်းလေးမဲ့ပြီး ပြောလိုက်ပါတယ်။ အဲဒီ အချိန်မှာပဲ...

'ဝုန်း...ဝုန်း...ဒုန်း...ဒုန်း...ဒုန်း... ဒုန်း...ဒုန်း...'

ဆိုတဲ့ ထမင်းစားခန်း သွပ်ပြတင်းပေါက်ကို အားပြင်းပြင်းနဲ့ လာထုတဲ့



www.burmeseclassic.com

www.burmeseclassic.com

အသံကြီး ကြားလိုက်ရပါတော့တယ်။

'အမယ်လေး လုပ်ကြပါဦး

လို့ ဒေါ်စုစုရဲ့ ကြောက်လန့်တကြား အော်ဟစ်သံနဲ့အတူ သမီးငယ် နန္ဒာက ဒေါ်စုစုကို အတင်းဖက်တွယ်ထားပါတော့တယ်။

ဦးကြည်ဝင်းတစ်ယောက် ရေချွေး ကြမ်း သောက်နေရာမှ ဝုန်းခနဲ ထရပ်ပြီး မီးဖိုခန်းထဲမှ တွေ့ရာ ဓားမဆွဲပြီး ခေါင်းရင်းဘက်ကို တံခါးမကြီးဖွင့်ပြီး ပြေးထွက်သွားပါတော့တယ်။ သမီးကြီး သန္တာလဲ ဖခင်နောက်က အပြေးလေး လိုက်ပါသွားပါတယ်။

ခေါင်းရင်းခြံထဲ အရောက်မှာတော့ စွပ်ကျယ်လက်စကအဖြူနဲ့ ထွားထွား ကျိုင်းကျိုင်း အမျိုးသားတစ်ဦး ဦးကြည်ဝင်းတို့ကို ကြောင်ကြည့်နေပါတယ်။ ဦးကြည်ဝင်းက ဓားမနဲ့ ရွယ်လိုက်တဲ့ အခါမှာတော့ မထင်မှတ်တဲ့ အဖြစ်ကို သားအဖနှစ်ယောက် တွေ့လိုက်ရပါတော့တယ်။

အဲဒီအမျိုးသားဟာ လုံခြုံသေသပ်စွာ ကာရံထားတဲ့ ဝါးခြံစည်းရိုးကို ဖြတ်ပြေး ပျောက်ကွယ်သွားပါတော့တယ်။ ဦးကြည်ဝင်းလဲ လက်ထဲက ဓားမကို လွှတ်ချရင်း အတော်လေးပဲ လန့်သွားရှာပါတယ်။ သန္တာကလဲ ဖခင်လက်မောင်းကို ဆုပ်ကိုင်ထားရင်း ကြောက်နေရှာပါတော့တယ်။

'ဘာဖြစ်တာလဲ အစ်ကိုကြီး'

ဦးတင်ထွန်းမှ လှမ်းမေးလိုက်ပါတယ်။ ဦးစိန်အောင်ကလဲ...

'ဦးကြည်ဝင်း ဘာဖြစ်ကြတာတုန်းဗျ'

'အစ်ကို ဘာဖြစ်တာလဲ၊ ဘာတွေ့လိုက်လဲ၊ ဘယ်သူ လာထုတာလဲ ပြောဦးလေ'

ဒေါ်စုစု စိုးရိမ်တကြီး အမေးကို မဖြေနိုင်ဘဲ ဦးကြည်ဝင်း ငိုင်နေပါတယ်။ ဦးကြည်ဝင်း အိမ်ရှေ့ကွပ်ပျစ်ပေါ် ဖြည်းညင်းစွာ ထိုင်ချလိုက်ပြီးမှ "သရဲခြောက်တာဗျ" လို့သာ ပြောလိုက်မိပါတော့တယ်။

တစ်ပတ်လောက် ကြာတဲ့အခါမှာတော့ ဦးကိုကိုမောင်တို့ မိသားစု လက်ပံတန်းက ပြန်လာကြပါတော့တယ်။ နီလာထွေးက ဒေါ်စုစုတို့အတွက် လက်ဆောင်များ လာပေးရင်း နာရေးကိစ္စတွေ ပြောပြရှာပါတယ်။

'မမစုရယ် အစ်ကိုကြီး အသုဘချတဲ့ညက ဦးကိုကိုမောင် အိပ်မက်မက်တယ် သိလား'

ဦးကြည်ဝင်း ပက်လက်ကုလားထိုင်မှာ သတင်းစာဖတ်ရင်း နီလာထွေး ပြောတဲ့စကားများကို နားစွင့်ထားလိုက်မိပါတယ်။ ဒေါ်စုစုကတော့ နီလာထွေး မျက်နှာလေးကိုကြည့်ရင်း...

'အေး... ဘယ်လိုမက်လဲ ပြောစမ်းပါဦး'

'အစ်ကိုကြီးကလေ ညီမတို့နဲ့တွေ့ချင်လို့ လိုက်လာရှာတာတဲ့။ ဒီရောက်တော့ ဘယ်အိမ်ခန်းလဲ မမှတ်မိဘူး ဖြစ်နေတာတဲ့။ ဒါနဲ့ တွေ့ရာအခန်း ပြတင်းပေါက် ထုမိတာ လူတစ်ယောက်က ဓားနဲ့လိုက်လို့ ထွက်ပြေးရတာ မောလိုက်တာကွာတဲ့'

'ဟောတော်'

ဒေါ်စုစု အလန့်တကြား ထအော်လိုက်သလို ဦးကြည်ဝင်းလက်ထဲမှ ဖတ်လက်စ သတင်းစာလဲ ဘုတ်ခနဲ ပြုတ်ကျသွားပါတော့တယ်။

**"လက်စသတ်တော့ အိမ်မှားသွားတဲ့ ဝိညာဉ်ပါလား"** လို့သာ ဦးကြည်ဝင်း တွေးရင်း ပြုံးလိုက်မိပါတော့တယ်။

အင်ကြင်းပန်း

စာမျက်နှာ (၂၃၇)မှ အဆက်

၁ (အ)မှာကျွန်ု...

'ကဲ ဗေဒ်နည်းအရ ပြောင်းရမယ်လို့ ဆိုနေပြီ... မင်း ဘယ်ပြေးမလဲ မိချို'

ကျွန်ုပ်က ရယ်မောကာ မအူပင်ကို နောက်လိုက်ပါတော့သည်။ နောက်တာထက် နှောက်လိုက်ခြင်းပင်ဖြစ်ပါ၏။

'အဲဒါမှ ဒုက္ခပဲ ဆရာမိုးရာ'

'ကျွန်ုပ်တော်နဲ့ လက်ရှိအလုပ်က ဟပ် ထိနေတာ ဆရာမိုးရဲ'

မအူပင် ခေါင်းကုတ်နေသည်မှာ မျောက်တစ်ကောင်နှင့် တူနေပါတော သည်။

တစ်ခွက်သောက်ဖူး သူ့ကျေးဇူးက လောလေဆယ် ကျွန်ုပ်အပေါ်မှာ ရှိ နေသည်။ ထို့ကြောင့် အဆိပ်ဖြေဆေး ပေးလိုက်ပါတော့၏။

'ပူမနေပါနဲ့ မအူပင်ရာ ဒီအလုပ်က မပြောင်းချင်ရင် ခရီးယာယီထွက်ပေး ပါလို့ ဆိုထားတယ်လေ။ ခရီးယာယီ ထွက်ပေးပေါ့'

မအူပင်၏မျောက်မျက်နှာ ပုံမှန်ပြန် ရောက်သွားခဲ့သည်။

'ဟီး...ဟီး... တော်ပါသေးရဲ့ ဆရာမိုးရာ။ တပေါင်းမှာ ချစ်ဇနီးနဲ့ ချောင်းသာ အပျော်ခရီးသွားမလို့ ရည်ရွယ်ထားတာ ဆရာမိုးရဲ'

ကျွန်ုပ်၏ စာရှုသူများ ဤနည်းနှင့် တစ်နှစ်တာ ကံကြမ္မာကို ဆန်းစစ်ကြည့် ကြပါကုန်။

*လေးစားစွာဖြင့်...*

ကျော်မိုးလွင် (ဝါးခယ်မ)



www.burmeseclassic.com



သိလေးငယ်
(လယ်တော်)

# ဆရာ မနိုင်သော

ပယောဂ

လွန်ခဲ့သော (၅)နှစ်ကျော်ကာလက ...ရုပ်မှန်ဇာတ်လမ်းတစ်ခု ဖြစ်ပါ ...သည်။

အောင်ကြီး၊ ဇော်လွမ်း၊ ဖိုးညာဏ်နှင့် ...ဆောင်တို့ (၄)ယောက်သည် ...ဆုန်လဆုတ်ပိုင်းကာလ၌ သစ်ခုတ်၊ ...ခုတ်ရန်အတွက် ယင်းတို့၏ရွာနှင့် ...(၅၀)ကျော် ဝေးသော မုံမြင်ရွာသို့ ...ရောက်ခဲ့ကြပါသည်။

မုံမြင်ရွာသည်ကား စာရေးသူတို့ ရပ်စောက်မြို့၏ နယ်နိမိတ်အစပ် ဖြစ်ပြီး မြို့နှင့် မိုင်(၆၀)နီးပါး ဝေးပါ သည်။ အရပ်မျက်နှာအနေဖြင့် မြို့၏ အနောက်မြောက်ထောင့် အရပ်တွင် တည်ရှိပါသည်။

ဝေးလံခေါင်ဖျားသော နေရာဖြစ်၍ ယနေ့တိုင် လမ်းကောင်းကောင်း မပေါက်သေးပါ။ ရှမ်း၊ ဓနု တိုင်းရင်း သားများ အများစု နေထိုင်ကြပြီး တောင်ယာလုပ်ခြင်း၊ လယ်လုပ်ခြင်း၊ သစ်ခုတ်ဝါးခုတ်ခြင်းများ အသက်မွေး ဝမ်းကျောင်းပြုသူများ ဖြစ်သည်။

လွန်ခဲ့သော နှစ်အနည်းငယ်ကဆို လျှင် ထိုရွာက လူများ မြို့ပေါ်သို့ ဈေးသုံးသွားလိုပါက လမ်းပေါက်သော နေရာသို့ မြင်းများဖြင့် သွားကြရသည်။ လမ်းကောင်းသောနေရာ ရောက်မှ

www.burmeseclassic.com

စက်ကြိုးများစီးကာ မြို့သို့ ခရီးဆက်ကြရပါသည်။

မြို့သို့ရောက်လျှင် လိုအပ်သည်များ ဝယ်ခြမ်းပြီး တစ်ညအိပ်ရသေး၏။ နောက်နေ့ နံနက်လင်းမှ ပြန်ကြရာ ရွာသို့ ညနေ မိုးစုန်းစုန်းချုပ်မှ ပြန်ရောက်တတ်ပါသည်။

ထိုမုံမြင်ရွာ၏ အနောက်ဘက်တွင် ရေချောင်းကြီးရှိပြီး ထိုရေချောင်းကြီး အတိုင်း စုန်ဆင်းသွားပါက မန္တလေး၊ ကျောက်ဆည်မြို့များသို့ ရောက်သည်ဟု ဒေသခံများ၏ ပြောပြချက်များအရ သိရပါသည်။

သို့သော် လမ်းမပေါက်သဖြင့် ကုန်းလမ်းခရီးဖြင့် သွား၍မရဘဲ ရေစီးအတိုင်း မျှောတုံးများ၊ ကားတာယာများဖြင့် ခက်ခဲကြီးစွာ သွားရသည်ဟု သိရ၏။

ထိုသို့သွားရာတွင် မိုးရာသီ၌ ရေကြီးတတ်သောကြောင့် နွေရာသီရောက်မှ သွားကြရပါသည်။ သို့သော် အသက်အန္တရာယ် စိုးရိမ်ရသော လမ်းခရီးဖြစ်ပါသည်။

ထိုသို့ ဝေးလံခေါင်ဖျားလှသော နေရာ ဖြစ်သော်လည်း ရှေးယခင်နှစ်ပေါင်းများစွာကတည်းက လူတွေ ရှင်သန်နေထိုင်ခဲ့ကြပါသည်။

ရှေးယခင်က ထိုရွာ(အရပ်ဒေသ) တွင် နေထိုင်ကြသူများသည် မည်သည့် မြို့ရွာများသို့မှ ကူးလူးသွားလာတတ်ခြင်း မရှိတတ်ကြဘဲ မိမိတို့ နေရာတွင်သာ ရိုးမြေကျ နေထိုင်သွားကြသည်။

မိမိတို့နေရာများတွင် ဆန်စပါး၊ ကောက်ပဲသီးနှံများ စိုက်ပျိုးပြီး ဟင်းစားအတွက် တံငါလုပ်ခြင်း၊ တောလည်အမဲပစ်ခြင်း စသည်ဖြင့် ရှင်သန်နေထိုင်ကြသည်။



ထူးခြားသည်မှာ ထိုစဉ်က လူများမှာ လူတိုင်းနီးပါး အသက်(၉၀)ကျော် (၁၀၀)အထိ အသက်ရှင် နေထိုင်သွားကြရပါသည်။ ယင်းတို့၏ လောဘ၊ ဒေါသ၊ မောဟ ကင်းစင်သော ရောင့်ရဲစိတ်များကြောင့်ပင် ဖြစ်ပါလိမ့်မည်။

ထိုမုံမြင်ရွာ၏ ဘေးပတ်လည်တွင် ကြီးမားနက်ရှိုင်းလှသော တောကြီးများ ရှိပါသည်။ ထိုတောကြီးများထဲတွင် သားကောင်မျိုးစုံရှိပြီး သာမန်အားဖြင့် နက်ကြီးသောတော ဖြစ်ပါသည်။

ထို့ကြောင့် ထိုတောတွင် တောပစ်ထွက်ကြသော မုဆိုးများမှာ လွန်စွာသတိထားရ၍ တော၏ စည်းကမ်းကိုလည်း လိုက်နာရပါသည်။

မုဆိုး၏ တောစည်းကမ်းဟု ဆိုရာတွင် အကြီးမားဆုံးသော စည်းကမ်းသည်ကား တောမပစ်ခင် တောစောင့်နတ်ကို ပထမဆုံး ပူဇော်ပသရ၏။ ထို့နောက် မိမိပစ်မည့် သားကောင် အရေအတွက်ကို တောင်းပန်ပြောဆိုရ၏။

ဥပမာ သားကောင်(၂)ကောင် ပစ်မည်ဆိုပါက (၂)ကောင်၊ (၃)ကောင် ပစ်မည်ဆိုပါက (၃)ကောင် စသည်ဖြင့် ဖြစ်၏။ ထို့ထက် ပိုပစ်ပါက ဒုက္ခရောက်တတ်ပါသည်။

ထိုတောထဲတွင် သစ်များ၊ ဝါးများ လွန်စွာပေါ၏။ ထို့ကြောင့် စာရေးသူ တို့ရွာမှ လူများသည်လည်း နွေရာသီ အလုပ် ပါးချိန်များ၌ ထိုမုံမြင် တောသို့ သွားရောက်ကြကာ သစ်ခုတ်ခြင်း၊ ဝါး ခုတ်ခြင်းများ ပြုကြ၏။

ထိုသစ်များ ဝါးများကို လမ်းပေါ် သော နေရာအထိ ပင်ပန်းကြီးစွာ သယ်ဆောင်ယူ၍ ဝယ်သူများအား ရောင်းချကြပါသည်။

စာရေးသူတို့ရွာမှ ထိုရွာသို့ သွား ပါက မိုင်(၅၀)ကျော်ဝေးသော တော လမ်းခရီးကို ခြေကျင်သွားရပါသည်။ ထိုသွားလမ်းခရီးတွင် လူကြီးအ (၁၀)လံလောက် ကျယ်သော ရေချောင်းများကို ဆင်းကူးရ၏။

ထိုရွာသို့ မရောက်မီ ထိုသို့ ရေချောင်း ပေါင်း(၃၆)ချောင်းတိတိကို ကူးဖြတ် ပါသည်။ ထိုသို့ ရေချောင်းကြီး (၃၆) ချောင်းတိတိ ကူးဖြတ်ပြီးမှ ထိုရွာ ရောက်ပါသည်။

ထို့ကြောင့် စာရေးသူတို့အရပ်က လူများက ထိုလမ်းခရီးအား သွားရ ကို မိဘကျေးဇူးမဆပ်သူများဟု ခေ ဆိုသမုတ်လေ့ ရှိကြ၏။ မိဘအ ကျေးဇူး မသိတတ်၍ မိဘကျေးဇူး မဆပ်၍ ဤမျှ ခက်ခဲပင်ပန်းလှသော လမ်းခရီးကို သွားရသည်ဟု ဆိုလို ဖြစ်၏။

သို့သော် စာရေးသူတို့ ရွာဘက် ဆင်းရဲသော လူများအဖို့ ထိုရွာ မဖြစ်မနေ သွားကြရပါသည်။ လ လှုပ်မှ ဝမ်းလှုပ်ရသော စာရေးသူ ရွာမှ ဆင်းရဲသား တောင်သူများအ နွေရာသီ အလုပ်ပါးချိန်များ၌ လူ ထိုတောကြီးသို့သွားကာ သစ် ဝါးခုတ်ခြင်းများ ပြုကြရ၏။

ထိုသို့ လူစုသွားရာ၌ အနည်း (၃)ယောက် အများဆုံး (၁၀)ယော





www.burmeseclassic.com

www.burmeseclassic.com

ကျော်အထိ စုပြီး သွားတတ်ကြပါသည်။

အောင်ကြီး၊ ဖော်လွမ်း၊ ဖိုးညာဏ်နှင့် မြင့်ဆောင်တို့အဖွဲ့မှာ ယခုနှစ် နွေရာသီ၌ ထိုတောသို့ မသွားတော့ဟု ဆုံးဖြတ်ထားကြသော်လည်း ကဆုန်၊ နယုန်လတွင် စိုက်ပျိုးမည့် မျိုးစေ့မျိုးဆန်အတွက် ငွေလိုသောကြောင့် ပျင်းနေသော စိတ်များကို ဖြေဖျောက်ကာ ထွက်လာခဲ့ကြရပါသည်။

လက်လှုပ်မှ ဝမ်းလှုပ်ရသော ဆင်းရဲသား လူတန်းစားများအဖို့ ပျင်းနေဖို့လည်း အခွင့်မသာကြပါချေ။

အောင်ကြီးတို့အဖွဲ့သည် တောသို့ရောက်သော် ယာယီတဲထိုး၍ စခန်းချကြ၏။ အောင်ကြီးတို့ ရောက်နေသော တောမှာ မုံမြင်ရွာ၏အလွန် (၃)မိုင်ကျော်ကျော်လောက်တွင် ဖြစ်ပါသည်။

ထိုတောအစပ်တွင် အောင်ကြီးတို့နည်းတူ ယာယီတဲထိုး၍ လာရောက်လုပ်ကိုင်နေကြသူများလည်း ရှိပါသည်။ သို့သော် တစ်တဲနှင့် တစ်တဲမှာ အတော်ပင် ဝေးကွာပြီး သစ်ခုတ်၊ ဝါးခုတ်သော တော(နေရာ)များမှာလည်း မတူကြပေ။

နေ့စဉ်နှင့်အမျှ သစ်ကောင်း ဝါးကောင်းရဖို့ အရေး လုံးပန်းနေကြရဖြစ်၍ တစ်တဲနှင့်တစ်တဲ လူများ တွေ့ဆုံနိုင်ကြဖို့ မလွယ်ကူလှပေ။

အောင်ကြီးတို့အဖွဲ့မှာ တောထဲဝယ် သစ်ကောင်း၊ ဝါးကောင်းရှိသော နေရာများကို ရှာဖွေရင်း (၃)ရက်မြောက်သောနေ့မှ နေရာကောင်းကို တွေ့ရှိခဲ့ကြပါသည်။ ဤသို့ဖြင့် နောက်တစ်နေ့တွင် သစ်များ၊ ဝါးများ စတင် ခုတ်ယူကြသည်။

ထို့နောက် နေရာလွတ်တစ်ခုတွင်



စုပုံထားပြီး ထိုသစ်များ၊ ဝါးများကို ဝယ်ယူသူထံ အရောက် မသယ်တော့ဘဲ မုံမြင်ရွာမှ ဝယ်မည့်သူ တစ်ဦးထံ လျှော့ဈေးဖြင့် အပုံပြတ် ရောင်းချမည်ဟု ဆုံးဖြတ်ထားကြသည်။

ဤသို့လျှင် အောင်ကြီးတို့အဖွဲ့မှာ သစ်များ၊ ဝါးများ ခုတ်ကြရာ (၁၀)ရက်ပင် ကျော်လာ၏။ သစ်တော၊ ဝါးတော နေရာကောင်း တွေ့ထား၍ ခုတ်ပြီးသား သစ်ပုံ ဝါးပုံကြီးမှာလည်း ရေမအပုံကြီးပင် ဖြစ်နေလေပြီ။

သို့သော် ဝယ်မည်ဟု အာမခံထားသူက ယခုထိ ရောက်မလာသေး။ အောင်ကြီးတို့ (၄)ယောက်အဖွဲ့မှာ ဖွဲ့နပဲဖြင့် ကြိုးစား၍ ခုတ်ထားကြသော်လည်း ဝယ်သူက မလာသေးသောကြောင့် စိတ်ဓာတ်များ ကျလာသည်။

ထိုအချိန်၌ တောတောင်၏ မိုးကောင်းသည့် ထုံးစံအတိုင်း နယုန်လဆန်းပိုင်းသာ ရှိသေးသော်လည်း မိုးက ရွာချေပြီ။ တဝေါဝေါ အော်နေသော မိုးမင်းကြီးကြောင့် တောတောင်တစ်ခုလုံး မှောင်မည်းသွား၏။

ရွာနေသော မိုးများကြောင့် အောင်ကြီးတို့အဖွဲ့ အတော်ပင် စိတ်ညစ်သွားကြရသည်။ မည်သို့ဆိုသော် တောတောင်တွင်ရွာသော မိုးများ၏ ထုံးစံအတိုင်း ရက်ပေါင်းများစွာ ဆက်တိုက်ရွာနေမည် စိုးသောကြောင့် ဖြစ်ပေသည်။

တောလမ်းခရီးဝယ် မိုးများ ရွာပါက ခုတ်ပြီးသား သစ်များဝါးများကို အပြင်ထုတ်ဖို့ မလွယ်ကူပါ။ သို့ဖြစ်၍ ဝယ်မည်ဟု အာမခံထားသူကလည်း စိတ်ပြောင်းသွားနိုင်ပါသည်။ ထို့ထက် ဆိုးသည်က အောင်ကြီးတို့အပြန် လမ်းခရီးတွင် ဖြတ်ကူးရမည့် ချောင်းများ ရေကြီးနေမည်စိုးသောကြောင့် ဖြစ်ပေသည်။

မိုး ဆက်တိုက်ရွာနေခြင်းကြောင့် ချောင်းရေကြီးနေပါက အပြန်ခရီးတွင် ဒုက္ခရောက်နိုင်၏။ ကံတရားက သတ်မှတ်ပေးသော မိုးမင်းကြီးကိုသာ အောင်ကြီးတို့ စောင့်ရမည် ဖြစ်ပေသည်။

တခြားတဲများမှ လူများမှာ နွေဆန်းခါစ အချိန်ကတည်းက ရောက်နေကြသူများ ဖြစ်ကြ၍ ခုတ်ပြီးသား သစ်များ၊ ဝါးများကို ရောင်းချပြီး အသီးသီး ပြန်ကုန်ကြပြီးဖြစ်၏။

ဤတောထဲဝယ် အောင်ကြီးတို့အဖွဲ့သာ ကျန်မည်ဟု ထင်ပါသည်။ သစ်ဝါးဝယ်မည်ဟု အာမခံထားသူကို အောင်ကြီးတို့ မိုးသည်းထဲဝယ် မုံမြင်ရွာသို့ သွားတွေ့ကြသော်လည်း ဝယ်မည့်သူ မြို့ပေါ်သွားနေသည်ဟု သိရ၏။

အောင်ကြီးတို့အဖွဲ့မှာ စိတ်ညစ်ညစ်နှင့် တဲဆီ ပြန်လာကြပြီး (၄)ယောက်သား စိတ်ညစ်စရာ ကိုယ်စီနှင့် နှုတ်ဆိတ်နေမိကြသည်။ ခဏကြာမှ အဖွဲ့ထဲက ဖော်လွမ်းက...

'ကိုအောင်ကြီး ကျွန်တော်တို့ ဒီအတိုင်း ဆက်နေလို့တော့ မဖြစ်တော့



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ မိုးသာ ဒီအတိုင်း ဆက်ရွာနေရင် ကျွန်တော်တို့ အပြန်ခရီးအတွက် ဒုက္ခရောက်လိမ့်မယ်နော်'

'ဟုတ်တယ်ဗျ... ပါလာတဲ့ ရိက္ခာတွေကလဲ သိပ်ကျန်တော့တာ မဟုတ်ဘူး'

'နေပါဦးကွာ ငါ စဉ်းစားပါဦးမယ်။ မင်းတို့ ပင်ပင်ပန်းပန်း ခုတ်ထားတဲ့ သစ်တွေ၊ ဝါးတွေကို ဒီအတိုင်း အဆုံးရှုံးခံနိုင်လို့လား'

ဇော်လွမ်းနှင့် မြင့်ဆောင်တို့၏ စကားကို အောင်ကြီးက စိတ်တိုသလို ငေါက်မေး မေးလိုက်သဖြင့် တစ်ခုခု ပြောဖို့ ဟန်ပြင်နေသော ဖိုးညာဏ်မှာလည်း နှုတ်ဆိတ်သွားရသည်။

ခက်ခက်ခဲခဲ ခုတ်ထားသည့် သစ်တွေ၊ ဝါးတွေကို မည်သူက အဆုံးရှုံးခံနိုင်ပါမည်နည်း။ ခုတ်ပြီးသား သစ်ဝါးတွေကလည်း မနည်းမနောဘဲကိုး။

ဤသို့ဖြင့် အောင်ကြီးတို့အဖွဲ့ ဝယ်မည့်သူကို နောက်ထပ်နှစ်ရက် ထပ်စောင့်လိုက်ကြပြန်ပါသည်။ ထိုအချိန်မှာတော့ မြို့ပေါ်သွားသော သစ်ဝါးဝယ်မည့်သူလည်း ပြန်မလာသေးသည့်အပြင် မိုးမှာလည်း လင်းဖို့ အရိပ်အရောင်ပင် မမြင်ရသေး။ ထိုနေ့ဆိုမိုးရွာတာ (၅)ရက် ရှိပါပြီ။

နောက်ဆုံး၌ အောင်ကြီးတို့အဖွဲ့မှာ ဆုံးဖြတ်ချက်ကိုယ်စီချပြီး ခုတ်ပြီးသား သစ်များ ဝါးများကို နှမြောစွာ ထားခဲ့၍ အပြန်လမ်းကို မျှော်မှန်းက ပြန်ခဲ့ကြရပါတော့သည်။

အောင်ကြီးတို့အဖွဲ့ ကံကောင်းသည်က ထိုနေ့ မိုးလင်းနေ၏။ သို့သော် ပင်ပန်းကြီးစွာ ခုတ်ထားသော သစ်များ၊ ဝါးများကို ထားခဲ့ရ၍ မည်သူမှ စိတ်မကောင်းနိုင်ကြပါ။ အဖွဲ့တွင် အောင်ကြီးက အသက်(၄၀)ကျော်အရွယ်



အကြီးဆုံးဖြစ်၍ ကျန်လူများမှာ အသက်(၃၀)ဝန်းကျင်များ ဖြစ်ကြသည်။

ဤသို့ဖြင့် အပြန်လမ်းခရီးကို တိတ်ဆိတ်စွာ ပြန်လာခဲ့ကြသည်။ အလာလမ်းခရီးတွင် အလုပ်ကြိုးစားမည်ဟူသော စိတ်ဖြင့် သူတို့ တက်ကြွပျော်ရွှင်ခဲ့ကြသော်လည်း ယခုလို အပြန်ခရီး၌ သူတို့ အားအင်များ ချည့်နဲ့ကုန်ကြသည်။

အပြန်လမ်းခရီးမှ ရေချောင်းကြီးများတွင် ရေမကြီးနေခြင်းကလည်း အောင်ကြီးတို့ ကံကောင်းပါ၏။ သို့သော် သူတို့စိတ်ထဲတွင် အရာရာကို မတင်မကျဖြစ်ကာ စိတ်တိုနေလျက်ရှိကြ၏။

ဤသို့လျှင် လမ်းခရီး တစ်နေရာအရောက်၌ မိုးရွာထား၍ ရေတိုက်စားထားသောကြောင့် လူသွားလမ်း ကျဉ်းကျဉ်းလေးမှာ မြက်ရိုင်းပင်များ အမြစ်မှလှန်၍ လဲပြိုလျက်ရှိ၏။ ထို့ကြောင့် မြက်ရိုင်းပင်များကို ဖယ်ကာ ဖယ်ကာ သွားနေရသည်။

ထိုသို့ သွားရင်း တစ်နေရာအရောက်တွင် ဖားများ၊ ငါးများနှင့် စာကလေးငှက်ငယ်များကို အရေခွံစုတ်၍ တံစို့ဖြင့် သီထားသော သီတံတစ်[...] တွေ့ရှိခဲ့ကြသည်။

ထိုအခြင်းအရာကို တွေ့လိုက်[...] သော အောင်ကြီးတို့မှာ ကျတ်[...] လောကသား) လုပ်ထားခြင်း[...] ကြောင်း သိလိုက်ကြသည်။ ထို့ကြော[...] အောင်ကြီးတို့မှာ သီတံကို လုံး၀[...] ဘဲ ရှောင်ကွင်းသွားကြသည်။

သို့သော် အဖွဲ့ထဲမှ ဇော်လွမ်း[...] သီတံကို ခြေထောက်နှင့်ကန်[...] နင်းခြေလိုက်၏။ အောင်ကြီးတို့[...] တားဆီးချိန်ပင် မရလိုက်[...] အောင်ကြီးက သီတံဖြင့် သီထားသော[...] ဖား၊ ငါးနှင့် စာကလေးငှက်များ[...] နင်းခြေနေသော ဇော်လွမ်းကို ပြော[...] သလဲ...

'ဟေ့ကောင် ဇော်လွမ်း သွားမလုပ်နဲ့ [...] ကျတ်လုပ်ထားတာကွ။ သွားဖျက်ရင် [...] ပယောဂမိတတ်တယ်'

'သွားစမ်းပါ ကိုအောင်ကြီး[...] ကြောက်ကို မကြောက်တတ်တာ။ [...] လုပ်လို့ ကျွန်တော်တို့ အလုပ် အဆ[...] မပြေတာ ဖြစ်မယ်'

ဟု ဆိုကာ နှုတ်က ကြမ်းတမ်း[...] သော စကားလုံးများဖြင့် ဆဲဆို[...] ထိုသီတံဖြင့် သီထားသော ဖား၊ ငါး[...] ငှက်များအား သေး(ကျင်ငယ်ရည်)[...] မိုက်ရိုင်းစွာ ပန်းလိုက်ပါတော့သည်။

အောင်ကြီးတို့မှာ ဇော်လွမ်း[...] လုပ်ရပ်ကြောင့် လွန်စွာ ကြောက်လ[...] သွားရသည်။ ဇော်လွမ်းအား [...] မကောင်းဆိုးဝါး အန္တရာယ်ပြုမှာ[...] လည်း စိုးရိမ်သွား၏။ ဇော်လွမ်း[...] တော့ စိတ်ကြိုက်ပြုမူပြီးသော် စိတ်[...] ကျေနပ်သွားဟန်ဖြင့် ခရီးဆက်[...] သည်။

အားလုံးမှာ ဇော်လွမ်းအတွက် [...] ထိတ်လန့်မှုဖြင့် စကားပင် မပြော[...]

www.burmeseclassic.com

www.burmeseclassic.com

ကြဘဲ ည(၈)နာရီကျော်လောက်တွင် အိမ်သို့ ရောက်ရှိခဲ့ကြပါသည်။

ဇော်လွမ်း အိမ်ပေါ်သို့ တက်ချိန်၌ အမွေးရှိသော တိရစ္ဆာန်တစ်ကောင် မိုးရေစိုထားသည့် စိမ်းရွှေရွှေအနံ့မျိုး နှာခေါင်းထဲ ဝင်ရောက်လာပြီး ဇော်လွမ်း၏ (၃)နှစ်သားသမီးလေးမှာလည်း တစ်စုံတစ်ခုကို ကြောက်လန့်သလို ငယ်သံပါအောင် ထအော်ငိုပါတော့သည်။

အချိန်အတော်ကြာမှ အငိုတိတ်သွား၏။ ဇော်လွမ်းမှာလည်း ခရီးပန်းလာသည်ဖြစ်၍ ကလေးအငိုတိတ်ကတည်းက မှေးခနဲ အိပ်ပျော်သွားခဲ့ပါတော့သည်။

ဇော်လွမ်း အိပ်ပျော်နေစဉ် အမွေးအမှင်များဖြင့် သာမန်လူ (၃)ကိုယ်စာလောက်ရှိသော လူကြီးတစ်ဦးသည် သူ့အပေါ် ခွတက်၍ သူ့အား လည်ပင်းညစ်နေသည်ကို အိပ်မက်လိုလို အပြင်မှာလိုလို သူ ခံစားမိ၏။ ထို့ကြောင့် ကြောက်အားလန့်အားဖြင့် ကူပါကယ်ပါ ထအော်မိတော့သည်။

အိမ်ရှိ သူ့ဇနီးက ဘာဖြစ်တာလဲဟု မေးကြည့်သောအခါ အထက်ပါ အကြောင်းအရာများကို တစ်လုံးမကျန် ပြန်ပြောပြ၍ ညအမှောင်အောက်ဝယ် အိမ်ထရံများကို ဟိုကြည့်ဒီကြည့် ကြည့်ကာ ကြောက်ပါတယ်။ ကူပါကယ်ပါ ထအော်ပြန်လေသည်။

ဤသို့လျှင် ထိုနေရာမှစပြီး ကိုဇော်လွမ်းတစ်ယောက် နေ့စဉ်နှင့်အမျှ ကူပါ၊ ကယ်ပါ အော်ပြီး အရူးတစ်ယောက်လို ထမင်းစားရမှန်း၊ ရေသောက်ရမှန်းပင် မသိတော့ပါချေ။

အောင်ကြီးတို့ (၃)ယောက်ကတော့ ဇော်လွမ်း ကျုတ်လုပ်ထားသော ဖားငါး၊ ငှက်များ သိတ်ကို လွှင့်ပစ်ပြီး



ညစ်ညမ်းစွာ ဆဲဆိုပြုကျင့်သောကြောင့် ပယောဂ ကပ်ငြိနေခြင်းဖြစ်ကြောင်း သိကြသည်။

ထို့ကြောင့် စာရေးသူတို့ ရွာတစ်ကြောတွင် နာမည်ကြီးသော ပယောဂဆရာကြီး ဆရာမြိုင်ထံ ဇော်လွမ်းကို ခေါ်ဆောင်သွားကြပါသည်။ ဆရာမြိုင်မှာ အသက်(၅၀)ကျော်အရွယ်ရှိပြီးဖြစ်ပြီး အိမ်ထောင်မရှိပါ။ မုဆိုးမ ညီမဖြစ်သူနှင့် တူ၊ တူမများနှင့်အတူ နေထိုင်ပါသည်။

ဆရာမြိုင် အိမ်ရောက်သော် ဆရာကြီးက အကြောင်းစုံကို မေးမြန်းပြီး သူ ကုနေကျပုံစံအတိုင်း ဆိုင်ရာပိုင်ရာများကို ပွဲပေး၍ အကြမ်းစီးဖြင့် ကုလေ၏။ ဆရာ ကုသရာတွင် ဇော်လွမ်းမှာ ထူးထူးခြားခြား ထဖောက်ပြန်ခြင်း လုံးဝ မရှိဘဲ အတော်အတန် တည်ငြိမ်နေပါသည်။

ထို့နောက် ကုသမှု ပြီးစီးပြီ ဖြစ်သဖြင့် အောင်ကြီးတို့လည်း ဇော်လွမ်းကိုခေါ်၍ အိမ်သို့ ပြန်ခဲ့ကြပါတော့သည်။

ထိုညတစ်ညလုံး ဇော်လွမ်းတစ်ယောက် နှစ်ခြိုက်စွာ အိပ်ပျော်ခဲ့သော်လည်း ဇော်လွမ်း ပယောဂကို ကုသပေးသော ဆရာမြိုင်မှာ လုံးဝ မအိပ်နိုင်ပါ။ တစ်ညလုံး အိမ်ထဲတွင် လမ်းလျှောက်၍ တစ်ခုခုကို စိုးရိမ်သဖြင့် ပူတီးစိပ်နေ၏။

ထို့ကြောင့် ဆရာမြိုင်၏ ညီမဖြစ်သူက ဘာကြောင့် မအိပ်ကြောင်း မေးကြည့်လေသည်။ ထိုအခါ ဆရာမြိုင်က ညီမဖြစ်သူကို စိုးရိမ်ကြီးသော မျက်နှာဖြင့်...

'ငါ မှားသွားပြီ။ ဒီတစ်ခါတော့ ငါ့အလှည့်ဖြစ်ပြီ။ ငါကံနိမ့်နေခိုက်နဲ့ ကြုံသွားလို့ ငါ ခံရတော့မယ်'

ဟု ပြောလေသည်။

ဇော်လွမ်းတစ်ယောက် ပယောဂကောင်းသွားသော်လည်း ထိုနေ့နံနက် အရုဏ်တက်ချိန်လောက်တွင် ဆရာမြိုင် ဆုံးသွားလေသည်။ ဆရာမြိုင်မနေ့ညက ပြောခဲ့သော စကားအရ ပယောဂ ကပ်ငြိသူတိုင်းကို အောင်နိုင်စွာ ကုသပေးခဲ့ဖူးသော်လည်း ယခုအခါ ဆရာမြိုင် ကံနိမ့်နေ၍ ပြန်ခံခဲ့ရကြောင်း သိရှိရပါသည်။

ဆရာမြိုင်အတွက် စာရေးသူတို့ ရွာတစ်ကြောလုံး မည်သူမှ စိတ်မကောင်းနိုင်ကြပါ။ ပယောဂကုရာတွင် အားကိုးရသော ဆရာတစ်ဆူဖြစ်သည့်အတွက်လည်း နှမြောမိပါ၏။

ဆရာမြိုင်ဆုံးသွားသော နံနက်၌ ဆရာမြိုင်၏ အိမ်တလင်းတွင် ဖား၊ ငါးနှင့် စာကလေးငှက်များကို အရေခွံနွာ၍ သိထားသော သိတ်အား ထူးခြားစွာ တွေ့ရှိခဲ့ရပါသည်။

[ဖြစ်ရပ်မှန်ကို အမည်များ လွဲပြောင်းရေးဖွဲ့ပါသည်။]

***စာရှုသူများအား အစဉ်လေးစားလျက်***

ညီလေးငယ်(လယ်တော်)



www.burmeseclassic.com

www.burmeseclassic.com

ခွေးမဟောင်နိုင်တဲ့

# ဗု–ဓိ–ဓာ အစွမ်းမှာ



ကျင့်စဉ်

မျိုးတင့်
(ညောင်လေးပင်)



လွန်ခဲ့သော(၁၀)နှစ်ကျော်က ကျွန်ုပ်သည် ညောင်လေးပင်မြို့တွင် နေထိုင်ခဲ့သည်။

ရုပ်ရှင်ရုံကြီးတစ်ခုကို ကန်ထရိုက်စနစ်ဖြင့် ငှားရမ်း၍ ရုပ်ရှင်ပြသခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပြုခဲ့သည်။

ရုပ်ရှင်ပြီးချိန် ညဉ့်နက်ကာလ (၁၁) နာရီနှင့် (၁၂)နာရီတွင် မိမိအိမ်သို့ ပြန်မြဲဖြစ်သည်။

ပြန်ချိန်မှာ လူခြေတိတ်ဆိတ်ပြီး အားလုံးလိုလို အိပ်မောကျနေချိန်ဖြစ်သည်။ တစ်ခါတစ်ရံ လျှပ်စစ်မီးပျက်သော အမှောင်ညများနှင့် ကြုံရသည်။

တစ်ကိုယ်တည်း စက်ဘီးနင်းရင်း နှစ်တောင့်ထိုး ဓာတ်မီးကလေးကို အဖော်ပြု၍ ပြန်ရသည်မှာ ကြက်သီးထဖွယ်ကောင်းသည်။ အမှောင်ထုလွှမ်းခြုံသော ညဉ့်များသည် ချောက်ချားစရာ ကောင်းတတ်ကြောင်း ခရီးသွားဖူးသူတိုင်း သိကြပါသည်။

ကျွန်ုပ်၏နေအိမ်မှာ **ညောင်လေးပင်မြို့၊ မြို့မ(၂)ကြားတောရလမ်း** မှာရှိသည်။ ရန်ကုန်–မန္တလေး ကားလမ်းမကြီးမှ စာတိုက်လမ်းသို့ဝင်ပြီး ကြားတောရလမ်းသို့ တပ်မတော်တပ်ရင်းခြံကြီး တစ်ခုကို ကျော်ဖြတ်သွားရသည်။

နွေဦးရာသီဖြစ်၍ ကုက္ကိုသီးများ တဖြောက်ဖြောက် ကြွေနေသည်။ လေသုတ်လိုက်သောအခါ ရွက်ကြွေများသည် မျက်နှာနှင့် ကိုယ်လုံးများကို ထိတိုက်ရင်း မြေသို့ သက်ဆင်းကြသည်။

ပြန်နေကျလမ်းလည်းဖြစ် သဘာဝ အနေအထားကို လေ့ကျက်မိပြီးဖြစ်၍ စိုးရိမ်စိတ် မရှိလှသော်လည်း မှောင်မိုက်ညများကမူ စိတ်ကို လေးလံ ထိုင်းမှိုင်းစေခဲ့ပါသည်။

ကျွန်ုပ်သည် ဓာတ်မီးအလင်းရောင်နှင့် စက်ဘီးကို မှန်မှန်နင်းရင်းမှ မမျှော်လင့်ဘဲ ဓာတ်မီးမှာ လျှာကပ်ပြီး ရှေ့သို့ ထိုး၍မရအောင် ဖြစ်သွားသည်။ အမှောင် ပိန်းပိတ်အောင် မှောင်သော အမှောင်၊ ကြယ်တစ်ပွင့်တလေပင် မလင်းလက်ဘဲ ထိုနေ့ညက ထူးခြားစွာ မှောင်အတိကျခဲ့ခြင်းနှင့် ကြုံရသည်။

ခန့်မှန်းခြေအားဖြင့် တပ်ဦးအောင်ချမ်းသာ ဘုန်းတော်ကြီးကျောင်းအနီး မရောက်တရောက်ဖြစ်သည်။ ကျွန်ုပ်သည် အမှောင်ကို အားပြုရင်း မှန်းဆ၍ စမ်းတဝါးဝါး လျှောက်လာသည်။

ထိုစဉ်တွင် ဝုတ်ခနဲခွေးကြီးတစ်ကောင်၏ အောင်မြင်သော ဟောင်သံကြီး ဟိန်းထွက်လာသည်။ ပြီးသော် ခွေးပေါင်းများစွာတို့ တဝုတ်ဝုတ် ဟောင်သံများနှင့် ခွေးနံ့များကို ခံစားလိုက်ရသည်။

အမှောင်ကြောင့် ကြောက်ရွံ့စိတ်များသည် ခွေးပေါင်းများစွာ၏ ပိတ်ဆို့ ဟိန်းဟောက်သံများကို ကြားရသောအခါ ဆောက်တည်ရာမဲ့သလို ဖြစ်သွားသည်။ ကြောက်စိတ်များကြား တွင် အတွေးတစ်ခု လက်ခနဲ ဝင်လာသည်။

ကျွန်ုပ် အောင်ချမ်းသာ တပ်ဦးဘုန်းတော်ကြီးကျောင်းရှေ့သို့ ရောက်နေခြင်းဖြစ်သည်။ ထိုကျောင်းတွင် ရွာတွင်းမှ ခွေးများကို ပိုလျှံသော ဆွမ်းများကို ကျွေးထား၍ ခွေးပေါင်းများစွာတို့ စုဝေးမိကြသည်။

ထိုခွေးအုပ်စုကြီးသည် လမိုက်ည



www.burmeseclassic.com

www.burmeseclassic.com

ညဥ့်သန်းခေါင်ယံအချိန်တွင် ကျွန်ုပ်ကို ဝိုင်းဝန်းကိုက်ဆွဲတော့မည့် အနေ အထားမျိုးဖြစ်သည်။ ခွေးတို့၏ သဘာဝမှာ ညဥ့်ကာလများတွင် မည်းမည်းမြင်တိုင်း ဟောင်ကြသည်။ အူကြသည်။

လူတို့ မမြင်နိုင်သော ပရလောက များကိုလည်း ခွေးတို့ မြင်နိုင်စွမ်းကြ သည်။ ထိုအခြေအနေများကြောင့်ပင် မှောင်မိုက်သော ညဥ့်များနှင့် ခွေးတို့ ၏ သဘာဝမှာ တွဲဖက်ဆက်နွှယ်နေ ပြီး ကြောက်မက်ဖွယ်ရာ ရှိနေတတ် သည်။

ကျွန်ုပ် သရဲ မကြောက်ပါ။ ခွေးများ ကိုတော့ ကြောက်ပါသည်။ သို့သော် လက်ခနဲပေါ်လာသော ကျွန်ုပ်၏ အတွေးနှင့်အတူ မိမိကြောက်စိတ်များ ကို ပြန်လည် မောင်းထုတ်နိုင်လိုက် သည်။

* * *

ကျွန်ုပ် မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ရွှေပေါ်ကျွန်း စေတော်ဝင် ဘုန်းတော် ကြီးကျောင်းသို့ မကြာခဏ ဆိုသလို ရောက်ရှိခဲ့ဖူးသည်။

ဆရာတော်ကြီး၏ ကုန်းသတ္တဝါ ရှောင်ကြဥ်ရေး ကျင့်စဉ်ကို လက်ခံ ကျင့်သုံးသူဖြစ်ပြီး စရဏကျင့်စဉ်များ ကိုလည်း အားထုတ်ခဲ့ဖူးသည်။

ထိုစဉ်က ဆရာတော်ကြီး၏ တပည့် အဘိုးသိန်းခေါ် လူသူတော်ကြီး ပေး ထားသော ဂါထာတော်(မန္တန်)တစ်ပုဒ် ရရှိထားသည်။

ထိုမန္တန်ကြောင့် ကျွန်ုပ် အားတက် သွားသည်။ လက်တစ်ကမ်းတွင် သရဲ ခြောက်နေသလို တဝုတ်ဝုတ်နှင့် ဝိုင်းကြီး ပတ်လည် ဆူညံဟောင်ပွက်နေသော ခွေးများအလယ်တွင် ကျွန်ုပ်သည် ထိုမန္တန်ကို အားမာန်ထည့်၍ ဌာန် ကရိုဏ်းကျကျ တတွတ်တွတ် ရွတ်ဆို လိုက်သည်။

ဂါထာရွတ်ဆို၍ (၂)ခေါက်, (၃)ခေါက် အရောက်တွင် ခွေးသံများ တစ်စတစ်စ အားပျော့လျော့နည်းသွား သည်။ တဖြည်းဖြည်း တိုးရာမှ တိတ် သွားသည်။

နောက်ဆုံးတွင် ကျွန်ုပ်အပါးမှ သူတို့ ထွက်ခွာသွားကြသည်ကို အံ့သြစွာ တွေ့ရလေတော့သည်။

ထိုဂါထာမှာ လွယ်လွန်းသည်။ တို လွန်းသည်။ သို့သော် သဒ္ဓါစိတ်အား ကောင်းဖို့လိုသည်။ ယုံကြည်လျှင် ရဲရင့် သည်ဟူသော စကားရှိသည်။

ကျွန်ုပ်က ရွှေပေါ်ကျွန်း ဝေနေယျ ပီပီ အဘိုးသိန်းကိုလည်း ယုံသည်။ ဂါထာတော်ကိုလည်း ယုံကြည်ပါ သည်။

ဤတွင် ကျွန်ုပ် ဂါထာကို တင်ပြပါ မည်။ ယုံကြည်ရဲရင့်စွာ ကျင့်သုံးရွတ်ဆို ဖို့တော့လိုသည်။ ဂါထာမှာ...

ဦ ပု-ဒီ-အာ။ ဦ ပု-ဒီ-အာ။ ဦ ပု-ဒီ-အာ။

ဟူ၍ ခွေးဟောင်ခြင်း မရပ်သရွေ့ အရှိန်ကောင်းကောင်းနှင့် အသံထွက် ရွတ်ဆိုပွားများရန်သာ ဖြစ်ပါသည်။

* * *

**"ပု ဒီ အာ"**ဆိုသော ဉာဏ်တော် မြတ်သုံးဆူကို ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ ဝင်တိုင်းလိုလို ကြားဖူးကြသည်။



**"ပု ဒီ အာ"**မှာ မြတ်ဗုဒ္ဓ၏ ဉာဏ်တော် သုံးပါးကို အတိုကောက် မှတ်သားထား ခြင်းဖြစ်သည်။

ဂမ္ဘီရနယ်ပယ်တွင် မပါမပြီး အလွန် ခရီးရောက်သော အက္ခရာ(၃)လုံး ဖြစ် သည်။ အလွန် အစွမ်းထက်သည်။

အဘယ်မျှ အစွမ်းထက်သနည်း ဆိုသော် သုံးစွဲသူ၏ သီလ၊ သမာဓိ၊ ပညာကို လိုက်၍ လိုတိုင်းရ တတိုင်းဖြစ် ကူဋ္ဌာသယအစွမ်းဟုပင် ဆိုရပါမည်။

အင်းအိုင်, ခါးလှည့်, လက်ဖွဲ့, အစီအမံများ၊ ဆေးဝါးမန္တန်များတွင် အမျိုးမျိုး အသုံးပြုသော သိဒ္ဓိမြောက် အက္ခရာစာလုံးများဖြစ်သည်။

ကျွန်ုပ် ရွှေပေါ်ကျွန်းကို ရောက်ခဲ့စဉ် က **အဘိုးသိန်း၏ (၈၀ဝ၀)အက္ခရာ များနှင့် စီမံတည်ဆောက်ထားသော မဟာအင်းဝဆောင်တွင် အကြိမ် ကြိမ် တည်းခိုခဲ့ဖူးသည်။** ထိုစဉ်က အဘိုးသိန်းက ကျွန်ုပ်ကို **"ပု ဒီ အာ" မန္တန်**အကြောင်း ပြောပြခဲ့ဖူးသည်။

'ဒီလိုကွယ့် ဖိုးမြေရဲ့ ဟိုးရှေးကာလတုန်းက ရွှေပေါ်ကျွန်း သာသနာကြီး မပွင့်လင်းသေး ခင်မှာ အဘိုးဟာ ကျောင်းသားလိုကပ္ပိယလို အမျိုးမျိုး သရုပ်ဆောင်ပြီး ဆရာတော်ရဲ့ ပါရမီကို ဖြည့်ခဲ့ရတာပေါ့။

တစ်ရွာလုံးကို ဆွမ်းအုပ်တို့ ဆွမ်းချိုင့်တို့ လိုက်ပို့ရတာလေ။ ဒီတော့ ခွေးတွေနဲ့ မတိုး ချင်လို့ မရဘူး။ အဲဒီနဲ့ ဆရာတော်ကြီးက ဖိုးကို "ပု-ဒီ-အာ"မန္တန်ကို ဌာန်နဲ့မာန်နဲ့ရွတ်ဖို့ သင်ပေးခဲ့တာကွယ့်။

"ပု-ဒီ-အာ"ဆိုတာ နည်းနည်းနောနော စွမ်းတာ မဟုတ်ပါဘူး။ တို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး သဗ္ဗညုတဉာဏ်တော် ကြီးကို မရမီ ရှေ့ပြေး ရရှိခဲ့တဲ့ ဉာဏ်တော် ကြီးတွေပဲ။ မင်း အဓိပ္ပာယ် သိတယ်မဟုတ် လား'

'မိန့်ပါဦး အဘိုးရယ်'



www.burmeseclassic.com

www.burmeseclassic.com

'တို့မြား ဘုရားရှင် အလောင်းတော် မြတ်ကြီးဟာ အပရာဇိတပလ္လင်တော် ပေါ်မှာ မဟာဗောဓိပင်ကို နောက်ခံပြု ပြီး အရှေ့ဘက်အရပ်ကို မျက်နှာမူလို့ ထက်ဝယ်ဖွဲ့ခွေ နေတော်မူရင်း မာရ် နတ်မင်းကို ပါရမီတော်အစွမ်းနဲ့ ခုခံ နှိမ်နင်းတော်မူခဲ့တယ်ကွယ့်။

ပြီးမှ ဝိပဿနာတရားတော်ကို ဆရာမကူ သယမ္ဘူဉာဏ်နဲ့ ရှုပွားတော် မူခဲ့တယ်။

ညဉ့်ဦးယံအချိန်မှာ မိမိ သူတစ်ပါးတို့ ရဲ့ ရှေးဘဝများကို သိမြင်နိုင်စွမ်းတဲ့ "**ပု**"ဆိုတဲ့ **ပုဗ္ဗေနိဝါသဉာဏ်တော်** ကို ရတော်မူတယ်။

သန်းခေါင်ယံမှာ အနီးအဝေးမဟူ နတ်မျက်စိပမာ ထိုးဖောက်မြင်နိုင်စွမ်း တဲ့ "**ဒိ**"ဆိုတဲ့ **ဒိဗ္ဗစက္ခုဉာဏ်တော်** ကို ရတော်မူတယ်။

မိုးသောက်ယံလို့ခေါ်တဲ့ အရုဏ် တက်ချိန်မှာတော့ သစ္စာလေးအင်ကို သိမြင်တော်မူရာ "**အာ**"ဆိုတဲ့ **အာသဝက္ခယဉာဏ်တော်**လို့ ခေါ်တဲ့ အရဟတ္တမဂ်ဉာဏ်တော်ကြီးကို ရတော် မူခဲ့တာကလား'

အဘိုးသိန်းနှင့် ကျွန်ုပ်သည် ရွှေပေါ် ကျွန်း၏ ဆောင်းတွင်း နံနက်ခင်းတစ်ခု တွင် အညာကောက်ညှင်းပေါင်းနှင့် ဗယာကြော်တို့ကို လက်ဖက်ရည်ကြမ်း နှင့် စားသောက်ကြရင်း စကားကောင်း နေခဲ့ကြသည်။

အဘိုးသည် ရေနွေးကြမ်းတစ်ခွက် ကို သောက်ရင်းမှ စကားဆက်ပြန်ပါ သည်။

'မင်းကြားဖူးမှာပေါ့။ ရွှေပေါ်ကျွန်း ဆရာတော်ကြီးရဲ့ ကျင့်စဉ်တစ်ခုမှာ **ဆည်းဆာသုံးချက် ကောင်းကျိုး တက်**ဆိုတဲ့ ကျင့်စဉ်တော်ထဲမှာ **ညဉ့်ဦး ယံ(နေဝင်ချိန်)၊ နောက် သန်းခေါင် ယံ ညဉ့်(၁၂)နာရီကျော်စအချိန်နှင့် မိုးသောက်ယံ နံနက်အရုဏ်တက်စ အချိန်**တွေမှာ မြတ်ဗုဒ္ဓရဲ့ဉာဏ်တော် (၃)ပါးဖြစ်တဲ့ "**ပု-ဒိ-အာ**"မန္တန်ကို မိမိတို့စွမ်းနိုင်သလို အဓိဋ္ဌာန်တင်ပြီး ပုတီးပတ် ပွားများရတယ်။

**ပွားများပုံက** ပထမ ညဉ့်ဦးယံမှာ "**ပုဗ္ဗေနိဝါသဉာဏသမ္ပန္နော**" လို့ ပွား၊ ညဉ့်သန်းခေါင်ယံကျတော့ "**ဒိဗ္ဗ စက္ခု ဉာဏသမ္ပန္နော**" မိုးသောက်ယံ မှာ "**အာသဝက္ခယဉာဏသမ္ပန္နော**" ပေါ့။ ဒီလို ပွားများရင် လောကီ လောကုတ္တရာ မဖော်ပြနိုင်တဲ့ အကျိုး တရားတွေကို ရနိုင်တယ်ဗျ။

"ပု–ဒိ–အာ"ဆိုလို့ ခွေးမကိုက် ခွေးမဟောင်တဲ့ အကျိုးလောက်သာ ပေးတဲ့ ဂါထာဆိုပြီး မင်း ပေါ့ပေါ့ ကလေးတွေးမိမှာစိုးလို့ အဘိုးက ရှင်းပြ တာကွယ်။

အဖိုး မဖြတ်နိုင်ဘူး။ အသေးအဖွဲ ကလေးကစပြီး အကြီးကျယ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာရောက်အောင် ပို့ဆောင် ပေးနိုင်တယ်လို့ မှတ်ကွယ့်'

ဟူ၍ ရှည်လျားစွာ ရှင်းပြနေခဲ့ပါ သည်။

'အေး တစ်ဆက်တည်း မင်းကို ပြောဖို့ ကျန်တာလေး ပြောရဦးမယ်။ ခွေးတွေနဲ့တွေ့လို့ ဒီဂါထာကို ရွတ်ရင် ခွေးတွေဟာ အာစီးထည့်ထားသလို ဖြစ်ပြီး နှုတ်ပိတ်သွားကြတယ်နော်။

ခွေးတွေ မဟောင်လို့ သူတို့နဲ့လွတ် တဲ့နေရာရောက်ရင် "**ဦး အာ–ဒိ–ပု**" လို့ ဂါထာပြန်ကို အပြန်အလှန် ရွတ် ပေးရသကွယ့်။ ဒါမှသာ သူတို့တွေ လွတ်လွတ်ကျွတ်ကျွတ် သဘာဝ အတိုင်း ပြန်ဟောင်နိုင်ကြတယ်။

နို့မို့ရင် တော်တော်နဲ့ မဟောင်တတ် သလိုမျိုး ဖြစ်နေတယ်လေ။ မယုံမရှိ နဲ့ ကိုယ်တွေ့ဗျ'

ကျွန်ုပ် ဘိုးတော်သိန်း၏ ပု-ဒိ-အာ နှင့် ပတ်သက်သော စွမ်းအင်ထူးများ ကို အမှတ်တရ သတိရှိစွာ ပြန်လည် အသုံးချနိုင်မိ၍ ခွေးတို့၏ အန္တရာယ်မှ လွတ်ကင်းခဲ့ရသည်မှာ ကိုယ်တွေ့ ဖြစ် ပါသည်။

* * *

ကျွန်ုပ် ဖော်ပြခဲ့သည့်အတိုင်း ညကြီး မင်းကြီး ညဉ့်နက်သန်းခေါင် အမှောင် ကြီးထဲ၌ ကျွန်ုပ်သည် ခွေးများနှင့် ရင်ဆိုင်ခဲ့ရသည်။

ထိုအချိန်တွင် မြို့နယ်မီးသတ် မျှော်စင်ကြီးမှ အချက်ပေးသံချောင်း ခေါက်သံ (၁၂)ချက်တိတိ ထွက်ပေါ် လာသည်။ ကျွန်ုပ်သည် ဝမ်းမြောက် ပေါ့ပါးစွာ ရပ်နေရာမှ ခြေလှမ်းသစ်ကို လှမ်းရန် ပြင်လိုက်သည်။

ကံအားလျော်စွာ လျှာကပ်နေသော လက်နှိပ်ဓာတ်မီးသည် ပြန်၍ လင်းလာ သည်။ ကြယ်ကလေးများ ကောင်းကင် ထက်မှ မှိတ်တုတ်မှိတ်တုတ်နှင့် လင်းလက်လာကြသည်။

ညဉ့်ယံသည် တိတ်ဆိတ်ငြိမ်သက် သော်လည်း ရတနာသုံးပါး၏ ဂုဏ် ကျေးဇူးကြောင့် ကျက်သရေမင်္ဂလာ အပေါင်း ခညောင်းလျက်ရှိသည်။

ကျွန်ုပ်သည် ရွှင်လန်းတက်ကြွစွာ စက်ဘီးကို မှန်မှန်နင်းရင်း တပ်ဦး အောင်ချမ်းသာ ဘုန်းကြီးကျောင်းရှေ့မှ ဖြတ်ကျော်ခဲ့ပါသည်။

ထိုစဉ်တွင် "**ဦး အာ–ဒိ–ပု**" ဆိုသော ဂါထာပြန်ကို ကျွန်ုပ် မမေ့ မလျော့ ရွတ်ဆိုခဲ့ပါသည်။


***မေတ္တာရှည်လျက်...***

**မျိုးတင့်(ညောင်လေးပင်)**



www.burmeseclassic.com

www.burmeseclassic.com





မိုင်း (ရှမ်းမောမြေ)

# မြေကိုနိုင်သော ဂမ္ဘီရပညာ

ကျွန်မရောက်နေတဲ့ နေရာကတော့ **ညီမြို့နယ်၊ ပေါင်းတလည်အုပ်စု က နွောကုန်းရွာကလေးပါ။** ဒီရွာကို တိုက်ရိုက်ဖြန့်စနစ်နဲ့ သြဂဲနစ် သဘာဝ ဓာတ်မြေသြဇာ ဖြန့်ဖြူးဖို့ ရောက်လာခြင်းပါ။

ဓာတုဗေဒ ဓာတ်မြေသြဇာနဲ့ ပိုးသတ်ဆေးတွေရဲ့ ဆိုးကျိုးက ဓာတုဓာတ်ကြွင်းအန္တရာယ်ရှိလို့ လူတွေကို အဆိပ်အတောက် ဖြစ်စေတတ်ပါတယ်။ ရောဂါမျိုးစုံလဲ ရစေတတ်ပါတယ်။

သြဂဲနစ် သဘာဝဓာတ်မြေသြဇာက အဆိပ်အတောက်လဲ မရှိဘူး။ ပိုးသတ်ဆေးလဲ သိပ်မလိုလို့ လူတွေရဲ့ ကျန်းမာရေးကို အထောက်အကူပြုစေနိုင်ပါတယ်။

ဓာတုဆိုးကျိုးတွေကြောင့် အဆိပ်သင့်နေတဲ့ ကမ္ဘာကြီးထဲက လူသားတွေကို ကယ်တင်ခွင့်ရတဲ့ လုပ်ငန်းမို့ ဒီလုပ်ငန်းကို ကျွန်မ သဘောကျမိပါတယ်။ ဒါပေမယ့် အဆိပ်အားလုံးကိုတော့ ကျွန်မ မဖယ်ရှားပေးနိုင်ပါဘူး။

ကျွန်မရဲ့ လုပ်ငန်းသဘောအရ ရွာစဉ် ဟောပြောပွဲတွေ လုပ်ပေးရင်း ကြားခဲ့ရတဲ့ သတင်းကတော့ မြွေဆိုးအန္တရာယ်တွေ ရှိနေတယ်။ ဆေးမမီဘူး။ အသေအပျောက် များတယ်တဲ့။ စပါးသိမ်းချိန်မှာရော၊ စပါးစိုက်ဖို့ ရေလွှတ်ချိန်မှာရောတဲ့။

ကျွန်မလဲ ဒီအန္တရာယ်ကိုတော့ အလွန် ကြောက်မိပါတယ်။ ဒီအတွက်လဲ လူကြီးသူမတွေ ပြောလို့ ပရိတ်ကြီး (၁၁)သုတ်လုံး မရွတ်နိုင်တောင် ခန္ဓသုတ်ကိုတော့ အလေးပေး ရွတ်ဆိုပါတယ်။ ခန္ဓသုတ်က အဆိပ်ရှိသော





www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါများဘေးက ကင်းအောင် နဂါးမျိုးနွယ်စုတွေနဲ့ အဆိပ်ရှိတဲ့ သတ္တဝါတွေကို မေတ္တာပို့တဲ့ သုတ်ပါပဲ။

ဒီအဆိပ်က လွတ်ကင်းအောင် ခန္ဓသုတ်တော်အပြင် ဘာတွေများ ရှိလေဦးမလဲလို့ သွားလာရင်း စနည်းနာမိတော့ **သာယာဝတီ ဆရာစံနယ်မြေက မြွေဆရာတစ်ဦးအကြောင်း သတင်းရခဲ့မိပါတယ်။**

ဒါကြောင့် ကျွန်မလုပ်ငန်းအရ နယ်မြေသစ်မှာ မိတ်သစ်များလဲ ရှာရင်း မြွေဆိပ်ကို ဖယ်ရှားပေးနိုင်တဲ့ ပညာဗဟုသုတလဲ ရှာမှီးချင်တာနဲ့ **အဲဒီ မြွေဆရာရှိတဲ့ သာယာဝတီအနောက်ပိုင်း၊ မြစ်မခမြစ် အနောက်ဘက် ကမ်းနဖူးက အိပ်လဟာဆိုတဲ့ ရွာလေးက တိုင်းရင်းဆေးဆရာ ဦးခင်သောင်း**ရဲ့ အိမ်ကို ရောက်သွားခဲ့ပါတယ်။ ဆရာနဲ့ သိချင်တာလေးတွေ မေးဖြစ်ခဲ့ပါတယ်။

'ဆရာက တိုင်းရင်းဆေးဆရာနော်'

'ဟုတ်ပါတယ်'

'ဘာရောဂါတွေကို အဓိကထားပြီး ကုသပါသလဲ'

'အကြောနဲ့ ပတ်သက်တဲ့ ဝေဒနာနဲ့ ပိုးထိ(မြွေကိုက်)တဲ့ လူနာတွေပါ'

'ပိုးထိတဲ့လူနာတွေ အတော်များများ ကုသပေးခဲ့ပြီပေါ့နော်'

'ဟုတ်ကဲ့ လူနာအတော်များများ ကုသပေးခဲ့ရပါတယ်။ ခုထိတော့ တစ်ယောက်ပဲ အဖိတ်အစဉ် ရှိပါသေးတယ်။ အဲဒါလဲ လူနာက ကျွန်တော် မသိလိုက်ဘဲ မစားသင့်တဲ့ အစာတွေ စားမိလို့ ဖြစ်သွားရတာပါ'

'ဒါဆို ဆရာ့ပညာက အတော်စွမ်းတာပဲ'

'ကျွန်တော့်ပညာလို့ မယူဆရဲပါဘူး ခင်ဗျာ၊ ကျွန်တော့်ကို ဒီပညာပေးတဲ့ဆရာ ရှိနေပါတယ်။ ကျွန်တော့်ဆရာရဲ့ ပညာပါ'

'ဟုတ်လား။ ဒါဆို ဆရာ့ဆရာက အတော်စွမ်းမှာပေါ့နော်။ တွေ့ဖို့ လွယ်ရင်တော့ တွေ့ချင်ပါသေးတယ်'



'အတော်ပါပဲ ခင်ဗျာ။ ကျွန်တော့် ဆရာ ရွာဦးဘုန်းတော်ကြီးကျောင်းမှာ အဓိဋ္ဌာန်လာဝင်နေတာ မနေ့ကပဲ အဓိဋ္ဌာန်ရက် ပြည့်တယ်။ ကျောင်းမှာ တစ်ရက်၊ နှစ်ရက်ဆက်နေဦးမယ်ဆိုပြီး ရှိနေပါတယ်။ ဆရာမ တွေ့ချင်ရင် လိုက်ပို့ပေးပါမယ်'

'ဟုတ်လား။ ဒါဆို အတော်ပဲ ကျွန်မကို လိုက်ပို့ပေးပါ'

မြစ်မခကမ်းနဖူးအတိုင်း လျှောက်ပြီးတာကို ကျော်လိုက်တာနဲ့ ရွှေရောင်ဝင်းနေတဲ့ စေတီတော်နဲ့ ပန်းရနေတဲ့ ဘုန်းတော်ကြီးကျောင်းကို ဖူးမြင်တွေ့လိုက်ရပါတယ်။

ကျောင်းကိုရောက်တော့ ဆရာ ကျောင်းနားက ကွမ်းခြံထဲမှာဆိုလို့ ခြံထဲအထိ လိုက်သွားပြီး မိတ်ဆက်စကား ပြောရပါတယ်။ ကျွန်မအမည်နဲ့ ကျွန်မလုပ်ငန်းအကြောင်းလဲ ပြောပြလိုက်ပါတယ်။

'တွေ့ရတာဝမ်းသာပါတယ်ဆရာမ။ ကျွန်တော့်နာမည် **ဖော်ဟီထီး**ပါ။ ဆရာမရဲ့ "ရွက်စိမ်း" သဘာဝ ဓာတ်မြေဩဇာက အပင်တွေကို အဆိပ်အတောက် ကင်းစေတာပေါ့နော်'

'အဲ ကျွန်မဆေးတွေကို စိတ်မဝင်စားနဲ့ဦး။ အဲဒီအကြောင်း နောက်မှမေး။ အခု ဆရာ့ဆီလာတာက ကျွန်မက လူသားအားလုံးကို အဆိပ် ကမ္ဘာက ကယ်တ မယ်လို့ ကြွေးကြော်နေတ ဒါပေမယ့် ရွာတွေရောက်တေ မြွေအန္တရာယ်၊ မြွေဆိပ်အကြောင် အများကြီး ကြားခဲ့ရတယ် အဲဒီ အဆိပ်ဘေးက လွတ်အော ဘယ်လို ကာကွယ်ရမလဲ၊ ဘယ် ကုသရမလဲ။ အဲဒီ ပညာရပ် ကျွန်မတို့လို သာမန်လူ လေ့လာလိုက်စားလို့ရမလာ အဲဒါတွေ သိချင်လို့ လာခဲ့တာပါ ဆ

'လူတိုင်း သိသင့်တဲ့ ပညာရပ်ပါ လူတိုင်း သင်ယူလွယ်တဲ့ ပညာရပ်ပါ ဒီအကြောင်းတွေ ပြောပြရမယ်ဆိုရ အချိန်နည်းနည်း ယူပြီးမှ ဖြစ်လိမ့်မယ်'

'ကျောင်းဆရာ ညှိသည်ခေါ်ပြ ကျောင်းပေါ်လာလေ။ ရေနွေးသောက် ရင်း စကားပြောကြပေါ့'

'ဟော ဆရာတော် ခေါ်နေပြီ ကျောင်းပေါ်သွားရအောင် ဆရာ ကျောင်းပေါ်မှာ ပြောပြပါ့မယ်'

'နေပါဦး၊ ဆရာက ဆေးဆရာလား ကျောင်းဆရာလား'

'ကဲ ဦးခင်သောင်းရေ ကျုပ် မေးခွန်းကို ဘယ်လိုဖြေရမလဲ'

'ကျွန်တော်တို့ဆရာက ကျောင် ဆရာလူထွက် မြွေပညာသင်ပေးတဲ မြွေဆရာပါ'

'နှစ်ထပ်ကိန်းရင်းနဲ့ ဆရာပေါ့'

'ဟာ ဆရာက နှစ်ထပ်မကဘူ ဆယ်ထပ်လောက် ရှိမလားပဲ'

'ညွှန်းလှချည့်လား ဆရာ ဦးခင် သောင်းရဲ့'

'အဟုတ်ပျ။ ကျွန်တော် ကြွားမပြော ဘူး။ တတ်ထားတဲ့ ပညာတွေ အများကြီးပဲ'

'အများကြီးဆိုတာ ဘာခေါင်း



www.burmeseclassic.com

www.burmeseclassic.com

တွေလဲ မသိရသေးတော့ စိတ်မဝင်စားသေးဘူး။ အခုသိထားတဲ့ ဆေးမြွေပညာအကြောင်းပဲ ပြောပြပေးပါ ဆရာ။ ကျောင်းဆရာတစ်ဦးက ဘယ်လိုဘယ်ပုံ မြွေပညာရပ်ကို စိတ်ဝင်စားသွားတာလဲ'

'ကျွန်တော် ၁၉၈၀ပြည့်နှစ်က ဒီနယ်က ရွာတစ်ရွာမှာ တာဝန်ကျတုန်းကပေါ့။ ကျွန်တော့် တပည့်လေးနှစ်ယောက် ပိုးထိပြီး အသက်ဆုံးခဲ့ကြတယ်။ မြို့နဲ့ အလှမ်းဝေးတယ်။ လမ်းကြမ်းတယ်။ ငွေကြေး မပြည့်စုံဘူး။ ပြီးတော့ အားကိုးလောက်တဲ့ ဆရာသမားလဲ မရှိဘူး။ တပည့်လေးတွေရဲ့ အ,သုဘမှာ ချုံးပွဲချပြီး ငိုခဲ့ရပါတယ်။

အဲဒီမှာတင် တောမှာနေရတိုင်း၊ ငွေမရှိတိုင်း၊ ဆေးရုံဆေးခန်းနဲ့ အလှမ်းဝေးတိုင်း ဒီမြွေအန္တရာယ်ကြောင့် အသက်တွေ ဆုံးရှုံးရတော့မှာလား။ မြွေပညာကို ငါ မရမနေ လိုက်စားပြီး လူတွေရဲ့ အသက်ကို ကယ်တင်မယ်လို့ သန္နိဋ္ဌာန်ချပြီး ဒီပညာရပ်နောက်ကို လိုက်ခဲ့တော့တာပါပဲ'

'မြွေပညာယူခဲ့တဲ့ ဆရာတွေကို သိခွင့်ရှိမလား ဆရာ'

'ပထမလက်ဦးဆရာကတော့ ပဲခူးတိုင်း၊ သာယာဝတီမြို့နယ်၊ သဲဖြူကျေးရွာ၊ ဝေဇယန္တာကျောင်းထိုင် ဆရာတော် ဦးဉတ္တမသာရပါ။

ဒုတိယဆရာကတော့ ရန်ကုန်တိုင်း၊ လှိုင်သာယာက ဆရာကြီး ဦးမောင်မောင်ပါ။ အမှန်က ဆရာကြီးဟာ မြွေဆရာ မဟုတ်ပါဘူး။ နာမည်ကြီး သိုင်းဆရာပါ။ မြတ်စောညီနောင် သိုင်းအဖွဲ့ချုပ်ရဲ့ ဦးဆောင်ဆရာကြီးပါ။

တတိယဆရာတွေကတော့ ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ်၊ ဘုန်းတော်ကြီးအုပ်စု၊ ဈော်ဖြူကုန်း ဆရာကြီးဦးစံတင်နဲ့ ဆရာမကြီး ဒေါ်ခင်ကြည်တို့ပါပဲ'



'မြွေ ဆရာဖြစ်ယူပုံ အသေးစိတ်ကို ရော ဗဟုသုတအဖြစ် ပြောပြနိုင်မလား ဆရာ'

'ရပါတယ်။ ၁၉၉၀ ပြည့်နှစ် နွေမှာ သဲဖြူက ဝေဇယန္တာ ဆရာတော်ဆီ ရောက်ပါတယ်။ ဆရာတော်ဆီမှာ ပညာယူတော့ ပွဲတစ်ပွဲပြင်ပြီး မြွေဆေးကို မြန်မာနှစ်ခွ စုတ်နဲ့ တစ်ကိုယ်လုံး အနှံ့ ပေါက်ရပါတယ်။ မြွေဆေးမှာ မြွေဆိပ်ပါတော့ အဖျားတက်သလို ဖြစ်ပြီး မှိုင်းကျသွားတာပဲ။ ပြီးတော့မှ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေ ပင့်ပြီး အပ်ပါတယ်။ ဆရာဖြစ်အောင် အမိန့် (ပြုလုပ်ပိုင်ခွင့်) အပ်တာပေါ့။

နောက်ပိုင်းမှာ မကြာခဏ ကျောင်းဝင်းအတွင်းက မြေသန့်မှာ ကန်တော့ပွဲပြင် ရာဇာမတ်ကာပြီး ဆေးပွဲ ထပ်တက်တာမျိုး၊ ကန်ထဲမှာ ဖောင်လုပ်ပြီး ဖောင်ပေါ် ပွဲပြင် ဆေးထပ်တာမျိုးတွေ လုပ်ပေးပါတယ်။ အဲဒီလို ပွဲကြီးမျိုးတွေမှာ ပုဂ္ဂိုလ်အတွက် ပွဲတွေသာမက အနောက်မယ်တော်ပွဲတွေ၊ ကွင်းအတွက် ပွဲတွေပါ ပြင်ရပါတယ်။ မြွေနဲ့ ပတ်သက်သမျှသော ပုဂ္ဂိုလ် အားလုံးအတွက် ပွဲပြင်ပေးရတယ် ဆိုပါတော့။

ပြီးတော့မှ မြွေကိုက်လူနာကို ကုသတာ စာတွေ လက်တွေ့သင်ရပါတယ်။ ဆိုပါတော့ မြွေပွေးအဆိပ်က သွေးကို အဓိက ဖျက်ဆီးတယ်။ သွေးယိုစီးမှု ဖြစ်တတ်တယ်။ သူက အကုခံတယ်။ မြွေဟောက်အဆိပ်က အာရုံကြောကို အဓိက ထိခိုက်စေတယ်။ လျှာလေးအာလေး ဖြစ်လာတာ၊ ခြေလက်တွေ ကျွေးကောက်တာ ဖြစ်တတ်ပါတယ်။ နာရီဝက်အတွင်း လူကို ဒုက္ခဖြစ်သွားစေနိုင်တယ်။

အဲဒီမှာက စပါးရိတ်ချိန်ဆိုရင် မြွေကိုက် လူနာတွေ ကျောင်းမှာ မပြတ်ဘူး။ ကျွန်တော့်အဖို့ လက်တွေ့ကုထုံးတွေ အများကြီး ရခဲ့ပါတယ်။ ဝေဒနာကို တစ်သမတ်တည်း ပုံသေမှတ်လို့ မရပါဘူး။ မြွေပွေးအကိုက်ခံတာချင်း အတူတူ ဖြစ်စဉ် မတူနိုင်ပါဘူး။ လက္ခဏာချင်းလဲ တူချင်မှ တူတာ၊ အခြေအနေကို လိုက်ပြီး ကုထုံး ပြောင်းရပါတယ်။ ကျွန်တော်က ကုရင်းသင်၊ သင်ရင်း ကုပေါ့။

မြွေဆရာဟာ မြွေကိုလဲ နိုင်ရပါတယ်။ ပယောဂကိုလဲ နိုင်ရပါတယ်။ လူတစ်ယောက် မြွေကိုက် ခံလိုက်ရတာနဲ့ အများအားဖြင့် အ,ပမှီ သွားတတ်ပါတယ်။ မကောင်းဆိုးဝါး ကပ်သွားတာပေါ့လေ။ ပယောဂမနိုင်ရင် မြွေမကိုင်နဲ့လို့တောင် စကားရှိပါတယ်။

အဲဒီမှာ လူနာတစ်ယောက် လာရင် မန်းမှုတ်ပြီး အ,ပခွာရပါတယ်။ အဆိပ်ဘယ်နေရာ ရောက်နေပြီလဲဆိုတာ လက်ချောင်းကလေးတွေနဲ့ လက်ပြန်စမ်းရပါတယ်။

အဆိပ်ရှာတွေ့ရရင် အဲဒီအဆိပ်ကို အကိုက်ခံထားရတဲ့နေရာ ခြေဖြစ်စေ၊ လက်ဖြစ်စေ ပြန်ဆွဲချပါတယ်။ ကိုယ်လိုချင်တဲ့ဆီ အဆိပ်ရောက်ပြီဆိုရင် တွင်စုပ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဟို စုပ်ခွက်နဲ့ စုပ်တာပေါ့လေ။ ဒဏ်ရာဝန်းကျင်ကို သန့်စင်ထားတဲ့ အပ်နဲ့ ဖောက်ပြီး စုပ်တာပေါ့။ တွင်မစုပ်ခင် မြွေဆေးကို မန်ကျည်းစေ့လောက် (၂-ပဲသားလောက်) ကျွေးရပါတယ်။ ဆေးကို နာရီဝက် တစ်ကြိမ် ကျွေးရပါတယ်'

'လူနာတစ်ယောက်ကိုဘယ်နှစ်ရက်လောက် ကုရလဲဆရာ'

'ကုသတာ မြန်တယ်ဗျ။ မနက်က အထမ်းနဲ့ လာတဲ့ လူနာကို ညနေဆိုရင်ပဲ လမ်းလျှောက် ပြန်လွှတ်လိုက်တာ။ သိပ်အရေးကြီးတဲ့ လူနာမှ (၃,၄)ရက်ပဲ ကြာပါ'


'ကုသစရိတ်ရော ဘယ်လိုရှိလဲ ဆရာ'

'ဝေဇယန္တာမှ လူနာတွေကို **တကယ့်ကို အခမဲ့ ကုပေးတာ၊ လူနာနဲ့ လူနာစောင့်တွေကိုပါ အိပ်စရာ၊ စားစရာ ပေးပြီး ကုတာပါ။** လူနာတစ်ယောက်ကို လက်ခံလိုက်တာနဲ့ သူ့ဆီက ဆေးလိပ်တစ်ဖွာ၊ ကွမ်းတစ်ယာတောင် မစားရပါဘူး။ ဝေဒနာပျောက်လို့ ပြန်ရင်တောင် လမ်းစရိတ် မရှိရင် ဆရာတော်က ထုတ်ပေးသေးတယ်။

အဲဒီလိုနဲ့ ဆရာတော်ထံပါးမှာ တပည့်ခံရင်း ပညာယူခဲ့ရပါတယ်။ (၇) နှစ်လောက်ရှိမှ လူနာက သဒ္ဓါလို့ ပေးရင် ယူ၊ ကျွေးရင် စားနိုင်တယ်လို့ ခွင့်ပြုပါတယ်။

တပည့် အတော်များများကို ပညာပေးထားပြီမို့ ခုဆို ဆရာတော်က ကုသတဲ့ အလုပ်ကို မလုပ်တော့ပါဘူး။ ကျွန်တော် အပါအဝင်ပေါ့လေ တပည့်တွေကပဲ ဒီတာဝန်ကို ဆက်လက်ယူကြပါတယ်'

'နောက် ဒုတိယအကြိမ် ပညာသင်



ယူခဲ့ရပုံကရော ဆရာ'

'ဟုတ်ကဲ့ ဒုတိယမြောက်က ဆရာကြီး ဦးမောင်မောင်ဆီမှာပါ။ တကယ်တမ်းပြောရရင် ဆရာ့ဆီမှာ မြွေပညာစဉ် တက်ခဲ့တာပါ။ နဝလောကုတ္တရာဂိုဏ်းရဲ့ အလမ္ပာယ(၁၂)ခွင် ပညာပါ။ အဲဒါက မြွေပညာပါ။ ပွဲ(၅)ပွဲ ပြင်ပြီး အင်းတွေ ပြာချ သောက်ခဲ့ရပါတယ်။

နောက် စွယ်ပေါင်း မြွေဆေးကို ငယ်ထိပ်ကစပြီး ကျော၊ လက်၊ ခြေအထိပေါ့လေ အနှံ့ပေါက်ရပါတယ်။ ဒါ ညပိုင်းမှာ ပညာစဉ် တက်တာပါ။ ပွဲအပ်တာပါ။ မနက်အရုဏ်လာတော့ ဦးရှင်ကြီး တင်ရပါတယ်၊ ထုံးစံအတိုင်း ကောက်ညှင်း၊ ငှက်ပျော၊ အုန်းသီးစိတ်၊ လက်ဖက်တို့နဲ့ပေါ့။

ထူးခြားတာကတော့ ဦးရှင်ကြီးစင်ကို ဝါးနဲ့ ပြုလုပ်ပြီး မြေကြီးမှာ နိုင်နေအောင် စိုက်ထားတာပါပဲ။ ဆရာလုပ်သူက ဦးရှင်ကြီးကို ပင့်လဲ ပြီးရော ပညာယူတဲ့ တပည့်က စင်ကို ဓားနဲ့ လက်ပြန် ပိုင်းချလိုက်တာပါပဲ'

'ဒီပညာပေးပုံက တစ်မျိုး ထူးခြားနေတယ်နော် ဆရာ။ ဦးရှင်ကြီးကို ပင့်ပြီး စင်ကို ဓားနဲ့ ခုတ်တာဆိုတော့ ကြောက်စရာနော်။ စင်ပေါ်က ဆွမ်းတွေလဲ လွင့်စဉ်ကုန်မှာပဲ'

'ကျွန်တော်လဲ တစ်ခါမှ မကြုံဖူးတော့ နည်းနည်းတော့ လန့်သွားတယ်။ သူ့ပညာထုံးစံပဲကိုး။ စင်ဘေး မြေပေါ်မှာတော့ ဆွမ်းတော်တင် ကျလာ[...] သန့်ရှင်းအောင် ပတ်ပတ်လည်[...] ပလတ်စတစ်စ သန့်သန့်တွေ ဖြန့်[...] ထားပါတယ်။ စင်ပေါ်က ကျလာ[...] ဆွမ်းတွေကို စတိဖြစ်ဖြစ် ကော[...] စားရပါတယ်။

အဲဒီတုန်းက ကျွန်တော် စင်[...] ဓားနဲ့ ခုတ်လိုက်တာ တိခနဲ ပြတ်[...] မြေပေါ်ကို စင်က တည့်တည့် ကျတာ[...] ဝါးအချွန်စက မြေမှာ စိုက်သွားတယ်[...] စင်အပေါ်က ဆွမ်းတွေ အောက်[...] ဖိတ်ကျမသွားဘူး။ အဲဒါက ၂၀၀[...] ပြည့်နှစ်ကပါ'

'ဒီပညာကတော့ အံ့သြစရာပဲနော်[...] မြွေပညာလို့ ဆရာ ပြောသွားတယ်[...] မြွေပညာစဉ်ဆိုတာ ဘယ်လိုမျိုး[...] ဆရာ။ ပြီးတော့ ကုထုံးကရော ဘယ်[...] ခြားနားလဲ'

'မြွေပညာစဉ်နည်းတွေက အများ[...] ရှိပါတယ်။ ပြောရရင်တော့ ရေကို ဖြစ်[...] ဆီကို ဖြစ်စေ အစားအစာ တစ်ခုခုကို[...] ဂါထာ နဲ့ မန္တန်နဲ့ မန်းမှုတ်ပြီး စားသောက်[...] လိမ်းကျံတာ၊ အင်းတွေကို ပြာချပြီး သော[...] တာ စတာတွေကို ရက်အကန့်အသတ်[...] ကျင့်ကြံ လုပ်ဆောင်ရပါတယ်။

ဗိန္ဒောဆေးပညာမှာတော့ မြွေကိုက်[...] လူနာကို ဆေးကျွေးမယ်၊ ဆေးတိုက်[...] မယ်၊ ဆေးလိမ်းမယ်၊ မှိုင်းတိုက်မယ်[...] နှာမှုတ်မယ်၊ နောက် တွင်စုပ်မယ်[...] ဆေးကို အဓိကအားပြုပြီး ကုသ[...] တယ်။

မြွေပညာကတော့ ရောဂါကို အမိန့်[...] ကုသတာပါ။ လိုအပ်ရင် အင်းပ[...] ရိုက်ချတာ၊ သစ်ခက်နဲ့ရိုက်တာ၊ ရေမ[...] ဆီမန်းနဲ့ ကုတာပါ။ သူက အမိန့်[...] အဓိက အားပြုပြီး ကုသတာပါ။ [...] ပညာလို့ ပြောလို့ရမယ် ထင်ပါတယ်[...]

'ဩော် မြွေပညာကုထုံးက အ[...]



www.burmeseclassic.com

www.burmeseclassic.com

ကုသခြင်းကိုး။ ဟုတ်ကဲ့ ဆရာနှစ်ဦး ဆီက ပညာယူခဲ့တာကို သိရပါပြီ။ တတိယဆရာတွေဆီက ပညာယူခဲ့ပုံ အကြောင်း ဆက်ပြောပါဦး ဆရာ'

'၂၀၀၁ခုနှစ် နှစ်ဆန်းပိုင်းမှာ ဆရာကြီး ဦးမောင်မောင်ကို ခွင့်ပန်ပြီး ဆရာကြီး ဦးစံတင်နဲ့ ဆရာမကြီး ဒေါ်ခင်ကြည်တို့ရှိတဲ့ လှော်ဖြူကို ထွက်ခဲ့ပါတယ်။ နဝလောကုတ္တရာ ဂိုဏ်း အလမ္ဗုတ (၁၂)ခွင် ပညာနဲ့ မူလဌာန ချုပ်ပေါ့။ ဆရာကြီး ဦးမောင်မောင်က အဲဒီက ပညာရခဲ့တာလေ။

ဒါကြောင့် ကျွန်တော်က မူရင်းကို လိုက်ခဲ့တာပါ။ အဓိကကတော့ မူလဌာနချုပ်ကို ရောက်ဖူးချင်တာရယ်၊ ဆရာကြီး၊ ဆရာမကြီးတွေကို မြင်ဖူး၊ တွေ့ဖူးချင်လို့ ကန်တော့ချင်လို့ပါ။

လှော်ဖြူကုန်းကို **အဘဆရာကျော်ကုန်း**လို့လဲ ခေါ်ပါတယ်။ အဘဆရာကျော် ဒီ နဝလောကုတ္တရာဂိုဏ်းရဲ့ ဦးသျှောင်လေ။ မြွေနဲ့၊ အဆိပ်နဲ့ ပတ်သက်ပြီး ရောဝတီတိုင်း၊ ပုသိမ်မြို့ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ ဌာနချုပ်က ပေးအပ်ထားတဲ့ ဝိသတိကိစ္စက ဝိဇ္ဇာဘွဲ့ဂုဏ်ထူးဆောင် လက်မှတ်နဲ့ နိုင်ငံတော် ဂိုဏ်းပေါင်းစုံ ညီညွတ်ရေး ဆေးဆရာများ ဗဟိုအဖွဲ့ချုပ် ရန်ကုန်က ချီးမြှင့်တဲ့ ဗိန္ဒော၊ ပယောဂနဲ့ အလမ္ဗုတ နဝလောကုတ္တရာ ဂိုဏ်းတော်ကြီးကို ပေါက်မြောက် အောင်မြင်သဖြင့် မြွေအစရှိသော အဆိပ်ကုပညာကို စွယ်စုံ ပါမောက် ကဝိမြောက်လို့ ဝိသတိကိစ္စက ဝိဇ္ဇာဘွဲ့ကို ရထားသူပါ။

အဘဆရာကျော် မရှိတော့တဲ့ နောက်ပိုင်း ဂိုဏ်းတော်နဲ့ ပညာတွေကို သိမ်းဖြစ်တဲ့ ဆရာမကြီးဒေါ်ခင်ကြည်နဲ့ ဆရာကြီးဦးစံတင်တို့က ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ခဲ့ပါတယ်။



ဆရာမကြီးတို့ဆီ ရောက်ပြီး အကြောင်းသင့်တာနဲ့ ဒီအလမ္ဗုတ(၁၂)ခွင်ပညာရပ်ကိုပဲ ထပ်တက်ခဲ့ပါတယ်'

'အဲဒီ ဆရာတွေဆီက မြွေပညာစဉ် တက်ခဲ့ပုံကိုလဲ သိပါရစေ ဆရာ'

'အဆင့် (၂)ဆင့် ရှိပါတယ်။ ပထမအဆင့်က ပွဲ(၁၅)ပွဲပြင်ပြီးပွဲအပ်ပါတယ်။ သစ္စာဆိုရပါတယ်။ နဂါးစမ, အင်းတွေ သောက်ရပါတယ်။ အဲဒီ အဆင့်က မြွေကို နိုင်ဖို့ပါ။

ဒုတိယ အဆင့်မှာ ပွဲ(၉)ပွဲ ပြင်၊ ပွဲအပ် သစ္စာဆို၊ ကုမ္ဘဏ်တစ်ထောင် အင်းတွေ သောက်ရပါတယ်။ ဒီအဆင့်က ပယောဂကို နိုင်ဖို့ပါ။ နောက် စွယ်ပေါင်းစုံ မြွေဆေးနဲ့ တစ်ကိုယ်လုံး အနှံ့ ဆေးပေါက်ပါတယ်။ ဆေးက စွယ်ပေါင်းဆိုတော့ အဆိပ်ပါလို့ အဆိပ်တက်ပါတယ်။

နောက်မနက် အရုဏ်တက်မှာ ထုံးစံအတိုင်း ဦးရှင်ကြီး ဆွမ်းတင်ပြီးကွမ်းစင်ကို ဓားနဲ့ ခုတ်ရပါတယ်။ နောက် ဆရာကြီးက ဆေးတော် အပ်ပါတယ်။ မြွေပညာစဉ်နှစ်ဆင့် တက်ပြီး ဆေးတော်အပ်တာဟာ စားပိုင်၊ စင်ပိုင်နဲ့ ဆရာဖြစ်ပြီ၊ ဒီပညာနဲ့ ကုသပေတော့ ဆိုပြီး ဘွဲ့ပေးလိုက်တာပါပဲ'

'ဒါဆိုရင် ဆရာ တတ်မြောက်ခဲ့တာ ပညာရပ်နှစ်ခုပေါ့နော် '

'ဟုတ်ပါတယ်။ နှစ်ခုပါ'

'အဲဒီ ပညာရပ်နှစ်ခုရဲ့အားသာချက်၊ အားနည်းချက်တွေကို ဆရာ ဘယ်လို လက်ခံထားပါသလဲ'

'ပညာတွေ အားလုံးကတော့ သူ့နည်းသူ့ဟန်နဲ့ ကောင်းကြပါတယ်။ ပထမပညာရပ်က ဆေးကို အဓိက ကျွေးပြီး အဆိပ်ကို တွင်စုပ် ကုတာကြောင့် အသားကို အပ်နဲ့ ဖောက်ပြီးမှ အဆိပ်ကို စုပ်ရတာဆိုတော့ နာတာပေါ့လေ။

ပြောရရင် သူက ဆေးနဲ့ စုပ်ခွက် ရှိမှ ကုသနိုင်တယ်။ အဲ မြွေဆိပ်ကို လက်ချောင်းလေးတွေနဲ့ ရှာတာ၊ တားတာ၊ ဆွဲတာတွေကတော့ အားသာတဲ့ အချက်ပေါ့။

မြွေပညာစဉ်ကတော့ အမိန့်နဲ့ ကုတာဆိုတော့ အင်းပဝါနဲ့ သစ်ခက်နဲ့ ရေမန်းနဲ့တင် ကုသလို့ ရပါတယ်။ နောက်ဆုံး လက်နှစ်ဖက်နဲ့ ရေရှိရင်ပဲ ကုလို့ ရနေပါပြီ။ မြွေပညာစဉ်က မြွေကို အလွှန်နိုင်ပါတယ်။ မြွေကို ခေါ်နိုင်ပါတယ်။

မြွေပညာရပ်တွေဟာ မြွေကို နိုင်တယ်။ မြွေအန္တရာယ် ကာကွယ်ပေးနိုင်တယ်။ မြွေကိုက်လူနာကို ကုနိုင်တယ်။ နောက်ဆုံး မြွေကို ခေါ်နိုင်တဲ့ အဆင့်ကတော့ အမြင့်ဆုံးပေါ့လေ'

'ဒါဆိုရင် ဆရာ မြွေကုတဲ့အခါ ဘယ်ပညာရပ်ကို အဓိကထား ကုပါသလဲ'

'ကျွန်တော်က ပညာတွေကို တစ်စုစီခွဲ မသုံးပါဘူး။ ပညာရပ်နှစ်ခုစလုံးစီက ကောင်းတဲ့အချက်၊ အားသာချက်တွေကို ပေါင်းပြီး ကုထုံးတစ်ခု လုပ်ထားပါတယ်။ အဲဒီကုထုံးနဲ့ ကုပါတယ်'

'ဆရာ့ကုထုံးကို ပြောပြလို့ရမလား ဆရာ'

'ဟုတ်ကဲ့ ရပါတယ်။ မြွေကိုက်လူနာ တစ်ဦးကို ကုသရပြီဆိုရင်...



www.burmeseclassic.com

www.burmeseclassic.com

၁။ မြွေကိုက်ခံရစဉ်က ဝတ်ထားတဲ့ အဝတ်တွေကို လဲခိုင်းပါတယ်။ လက်ဖွဲ့တို့ လိပ်ပြာချုပ်တို့ စသဖြင့် ချည်နှောင်ထားတာ ဖြေပစ် ချွတ်ပစ်ရပါတယ်။

၂။ လူနာကို အိမ်ပေါက်ဝကို ခြေဆင်းပြီးထိုင်ခိုင်းပါတယ်။ အိမ်ပေါက်ဝမှာ လူတွေပိတ်ဆို့မနေရပါဘူး။

၃။ အင်းပဝါနဲ့ လူနာရဲ့ ခေါင်း၊ ကျောတစ်လျှောက်ရိုက်ပြီး တောထုတ်ပါတယ်။ အ,ပခွာယူရပါတယ်။

၄။ လူနာရဲ့ ခေါင်းကို ကိုင်ပြီး...

"(ဦ) သွားတော် လေးဆယ်၊ စွယ်တော်လေးချောင်း၊ ဓာတ်တော်အပေါင်း အထက်ရှင်ဘုရား တန်ခိုးတော် မေတ္တာရောင်ဖြင့် ငြိမ်းစေသတည်း" (၇)အုပ် ရွတ်ပါတယ်။

⚙ လူနာရဲ့ ခေါင်းကို ဘယ်လက်ဝါးနဲ့ "မတက်နဲ့" (၃)ခါပြောပြီး (၃)ကြိမ် ရိုက်ပါတယ်။

⚙ ဘယ်လက်နဲ့ ဒဏ်ရာအထက်ကနေပြီး "ဆင်း၊ ဆင်း"ဆိုပြီး သပ်ချပါတယ်။

၅။ ရေသန့်တစ်ခွက်ထဲကို ဆေးတော် အမှုန့်ကျတယ် ဆိုရုံလေး ခြစ်ထည့်ပြီး "(ဦ) ဣပလဝ, လဿနဿ ဗုဒ္ဓေါ၊ မဟာပလဝ, လဿနဿ ဗုဒ္ဓေါ၊ ဗုဒ္ဓေါ၊ ဗုဒ္ဓေါ၊ ဗုဒ္ဓေါ၊ မေသတ္တပါကာ့ရေ"(၉) အုပ်။

"(ဦ)ဗုဒ္ဓေါ ဗုဒ္ဓေါ၊ မေမ္မာ မေမ္မာ၊ သံဃော သံဃော ရတနာသုံးပါး ဦးထိပ်ထား၍ ဘုရားရှင်ရွှေပလ္လင် အောင်မြင်သည်ကို မဟုတ်တုံလော။ (ဦ)ဗုဒ္ဓံပြေ ဓမ္မံပြေ သံဃံ ပြေ ပြေဆာပြေ"(၉)

ရွတ်ပြီး လူနာကို ရေမန်းတိုက်ပါတယ်။ ဦးခေါင်းကနေ ခြေအထိ ရေမန်းနဲ့ တောက်ပါတယ်။

၆။ တမာခက်(၉)ခက်၊ တမာ မရခဲ့ရင်လဲ တခြားဆူးမရှိတဲ့ ပင်ယောင်နွယ်ယောင် မဟုတ်တဲ့ သစ်ခက် (၉)ခက်ကို ကိုင်ပြီး အမိန့်တော်ပြန်ပြီးရင် "(ဦ) ဣပလဝ"မန္တန် (၉)ခေါက်



ရွတ်ပြီး သစ်ခက်တစ်ခက်စီနဲ့ လူနာခေါင်းကနေ ခြေအထိ ရိုက်ချပါတယ်။

ဒါဆိုရင် ကုသမှု ဆုံးသွားပါပြီ'

'ဆောင်စရာ၊ ရှောင်စရာတွေရော ရှိသေးလား ဆရာ'

'ဩော် ဟုတ်ကဲ့။ ကုသမှု ပြုနေတဲ့ အချိန်မှာ လူနာဟာဆေးလိပ်မသောက်၊ အရက်မသောက်၊ ကွမ်းမစားရပါဘူး။ အစားအစာကိုလဲ ခေတ္တ ဖြတ်ထားပါတယ်။ လူနာ စိတ်ချရမှ စားခိုင်းပါတယ်။အဲဒီရက်တွေမှာတော့ အမဲသား၊ နွားနို့၊ ကင်ပွန်းချဉ်ဟင်းများကို ရက်အတန်ကြာ ရှောင်ခိုင်းပါတယ်။နောက် ချေး (နွားချေး) မကိုင်တွယ်ရပါဘူး။ ခြေနဲ့လဲ မနင်းစေရပါဘူး'

'ကျွန်မ သိရသလောက် **ကိုယ်ဝန်သည် မြွေကိုက်ခံရရင် ချက်ချင်း အဆိပ်မတက်ဘဲ ကလေးမွေးတော့မှ အဆိပ်တက်တယ်ဆိုတာ** ဟုတ်သလား ဆရာ'

'ဟုတ်ပါတယ် ခင်ဗျာ။ ကိုယ်ဝန်သည်က အဆိပ်တက်ခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင် ဆရာတော့်ဆီမှာ နေခဲ့ရတုန်းက ကြုံခဲ့ဖူးပါတယ်။ မိန်းမရွယ်တစ်ဦး မြွေကိုက်လို့ ရောက်လာတော့ ကျွန်တော်တို့ လက်သင်ဆရာလေးတွေ ဝိုင်းကုပေးရပါတယ်။ လုံးဝပျောက်ကင်းသွားပါတယ်။

အဲဒီ မိန်းကလေးက အိမ်ထောင်ကျစ၊ ကိုယ်ဝန်ရှိစ ကျွန်တော်တို့ မသိဘူး။ သတိမထားမိဘူး။ နောက်ရွာမှ မီးဖွားတဲ့ အချိန်ကျမှ အဆိပ်တက်ပြီး မီးတွင်းထဲမှာတင် ဆုံးသွားတယ်။ သူ့ခင်ပွန်းလေး လာပြီး အကြောင်းကြားမှ သိရတယ်။ တစ်သက်စာကို ပညာရသွားတာပဲ'

'ဒါဆိုရင် ကိုယ်ဝန်သည်လူနာကို ဘယ်လို ကုသရသလဲ ဆရာ'

'လောလောဆယ်မှာ အထူး ဝါယ[...] စိုက်ပြီး ကုပါ။ ဆိုလိုတာက အဆိပ်စင် အောင် ကုသပါ။ မွေးဖွားကာနီး ဆရာ့ဆီ တစ်ခေါက် ပြန်လာပြီး ကုသ[...] တစ်ကြိမ် ခံယူရပါမယ်'

'ဆရာရှင်းပြတာ အကြောင်းအရာ[...] တွေ အတော်လေး စုံလင်ပါတယ်။ ဗဟုသုတတွေလဲ အများကြီး ရ[...] တယ်။ ထပ်ပြီးတော့ သိချင်တာလေး တွေလဲ မေးပါရစေ'

'ဟုတ်ကဲ့ မေးပါ ဆရာမ'

'ဆရာ့ပညာရပ်တွေ ပြန်ပြီး ကျယ်ကျယ်ပြန့်ပြန့်ပေါ့လေ။ လက်ဆင့်ကမ်း ပေးဖို့ အစီအစဉ်ရှိပါသလား။ ပညာ အမွေ ဆက်ခံသူ ဘယ်နှစ်ယောက်[...] သွားပြီလဲ ဆရာ'

'ဟုတ်ကဲ့ ဒီပညာတွေကို တကယ် စိတ်ဝင်စားတဲ့သူ၊ လူတွေကို မေတ္တာ စေတနာ အပြည့်နဲ့ ကယ်တင်ချင်[...] တယ် ဆိုတဲ့သူ ဘယ်သူမဆို ပေါ့[...] ပညာပေးဖို့ အမြဲ အဆင်သင့်ပါ[...] တစ်ခုတော့ ရှိပါတယ်။

ကျွန်တော်တို့ မြန်မာ့ပညာရပ်[...] ဟာ စည်းကမ်းတွေ၊ ကျင့်ဝတ်[...] ကျင့်စဉ်တွေ၊ ဥစ္စာတွေ၊ စရဏဆို[...] တွေနဲ့ အနားသတ်ထားတဲ့အ[...]



www.burmeseclassic.com

www.burmeseclassic.com



ပညာယူတာ လွယ်ပြီး ထိန်းသိမ်းဖို့ ခက်ပါတယ်။ ကိုယ့်ကိုယ်ကို မထိန်းနိုင်ရင် ဆေးအတွက် လေးတတ်ပါတယ်။

ခုထိတော့ ကျွန်တော့်ပညာကို ဒီနယ်မှာ ဟောဒီ ဆရာဦးခင်သောင်း အပါအဝင် တပည့်(၅)ယောက်၊ ကရင်ပြည်နယ်၊ ဘားအံ၊ လွန်းညှ ကျေးရွာအုပ်စုက ကရင်တိုင်းရင်းသား တပည့်(၃)ယောက် စုစုပေါင်း (၈)ယောက်ကိုတော့ ပညာပေးခဲ့ပြီးဖြစ်ပါတယ်။

နောက်ပြီး ဒီပညာရပ်တွေနဲ့ ကုသမှု အတွေ့အကြုံတွေကို မဂ္ဂဇင်းစာမျက်နှာတွေပေါ်က တစ်ဆင့် တစ်ပြည်လုံး အများသိရအောင် ရေးသား တင်ဆက်ဖို့ စိတ်ကူးရှိပါတယ်'

'ကောင်းပါတယ်ဆရာ။ နောက်ဆုံး အနေနဲ့ပေါ့လေ မြွေကိုက် မခံရအောင် မြွေအန္တရာယ်ကို ကာကွယ်လို့ရသလား ဆိုတာလေးတော့ သိပါရစေဆရာ'

'မြွေအန္တရာယ်ကို ကာကွယ်လို့ ရပါတယ်။ ပထမဆုံးကတော့ မြွေနဲ့တကွ အဆိပ်ရှိတဲ့ သတ္တဝါအားလုံးကို ဒုက္ခမပေးပါနဲ့ မညှဉ်းဆဲပါနဲ့ မသတ်ဖြတ်ပါနဲ့ မေတ္တာထားပါလို့ ပြောချင်ပါတယ်။ နောက် ခန္ဓသုတ်တော်ကို အမြဲ ရွတ်ဖတ် သရဇ္ဈာယ်ပါ။ ဖြစ်နိုင်ရင် စနေသန်း၊ စနေပြည့်၊ စနေကွယ်တဲ့ လမှာ တစ်လလုံး ကိုယ်စားသောက်တဲ့ အရာမှန် သမျှ ကွမ်း၊ ဆေးလိပ်က အစပေါ့ဗျာ။ ပါးစပ်ထဲ ထည့်တဲ့ အရာမှန်သမျှ ခန္ဓသုတ်ရွတ်ပြီး စားပါ။ ဒါ ကျွန်တော် တကယ် သက်တွေ့ပါ။ မြွေအန္တရာယ် ကင်းပါတယ်။ နောက် မြွေကို အာချုပ်တဲ့ ဂါထာ၊ မြွေလမ်းလွှဲတဲ့ ဂါထာ၊ မြွေဟန့်တဲ့ ဂါထာတွေ ရှိပါတယ်။ အဆောင် လက်ဖွဲ့ကောင်းတွေ ဆောင်ထား

ရင်၊ မြွေဆေးတွေ ပေါက်ထားထိုးထားရင်လဲ မြွေအန္တရာယ်ကို ကာကွယ်လို့ ရပါတယ် ဆရာမ'

'အခုလို ကျွန်မသိလိုသမျှကို စိတ်ရှည်လက်ရှည်နဲ့ အသေးစိတ် ရှင်းပြပေးတဲ့ **ဆရာဦးဇော်ဟိဏ်းနဲ့ ဆရာဦးခင်သောင်း**တို့ကို အထူးပဲ ကျေးဇူးတင်ပါတယ်'

'ကျွန်တော်ကလဲ အခုလို မြန်မာ့ မြွေပညာရပ်တွေကို ဒီအထိ တကူးတကလာပြီး တလေးတစား ဂရုတစိုက် လေ့လာ ဆွေးနွေးမေးမြန်းဖော်ရတဲ့ ဆရာမကို အထူးပဲ ကျေးဇူးတင်ပါတယ်'

ပြောမယုံ ကြုံဖူးမှသိ ဆိုသလိုပါပဲ။ ပြောပြရင်တော့ မယုံနိုင်စရာပါ။ မြန်မာ့ ပညာရပ်တွေကို အထင်သေးကြသူတွေ တစ်ပုံကြီး ရှိကြပါတယ်။ ဒါကလဲ ပညာကို အလွဲသုံးစား လုပ်ကြတဲ့ ဆရာတု၊ ဆရာယောင်တွေနဲ့ ပညာတု၊ ပညာယောင်တွေကြောင့်ပဲ ဖြစ်မှာပေါ့နော်။

ပညာရပ်တစ်ခုခုရဖို့ဆိုတာ ပေးဆပ်ခြင်းက အဓိကပဲ ထင်ပါတယ်။ ကျွန်မ သိတဲ့ ပေးဆပ်ခြင်းက ပညာရပ်ပေါ်မှာ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ခြင်းပါပဲ။ ဒီပညာရပ်ကို လူသားအားလုံး အသက်ချမ်းသာရဖို့အတွက် သင်ယူချင်တဲ့စိတ်နဲ့ စေတနာအားအတွက် ကျင့်ကြံနိုင်တဲ့ သူမှ အစွမ်းထက်တဲ့ မြန်မာ့ပညာရပ် အစစ်ဟာ ကိုးကွယ်ရာ ပီသနိုင်မယ်လို့ ထင်ပါတယ်။

ဘုန်းတော်ကြီးကျောင်းက အပြန်လမ်းမှာ မြစ်မခမြစ်ရဲ့ လေနုအေးကြောင့် ကျွန်မရင်ဟာ လန်းဆန်းခဲ့ရသလို အဆိပ်များစွာ အနက်က လူတွေ ပိုပြီး ကြောက်နေကြတဲ့ မြွေဆိပ်နဲ့ ပတ်သက်လို့ သိချင်တာတွေ သိခွင့်ရလို့ ကျွန်မ အများကြီး ကျေနပ် အားရခဲ့တယ်။

ကျွန်မတို့နိုင်ငံက မြွေပေါတော့ မြွေအန္တရာယ်နဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တာတွေကို ရောက်ရာ အရပ်မှာ ပညာပေးရမယ်။ သတင်းပေးရမယ်။ လုပ်ငန်းတူ မိတ်ဆွေတွေလဲ သတင်းပေးရမယ်။

ဒီပညာရပ်တွေ လေ့လာလိုက်စားကြတော့ ဘာသာရေးနဲ့ လူ့ဘောင်ကိုလဲ ပိုမို သာယာစေမယ်။ သတ္တဝါတွေလဲ လွတ်လပ်စွာ သွားလာခွင့်ရမယ်။ မေတ္တာပေးတော့ မေတ္တာရမယ်။ စီးပွားရေးသောင်းကျန်းသူတွေအတွက်ကတော့ ကိုယ့်စေတနာ ကိုယ့်အကျိုးပေးကြမှာပါပဲ။

'မာမံ အပါဒကောဟိံသိ မာမံဟိံသိ ဒွိပါဒကော၊ မာမံ စတုပ္ပဒေါ ဟိံသိ မာမံ ဟိံသိ ဗဟုပ္ပဒေါ'

ခြေမရှိသော သတ္တဝါများ၊ ခြေနှစ်ချောင်း ရှိသော သတ္တဝါများ၊ ခြေလေးချောင်း ရှိသော သတ္တဝါများ၊ ခြေများစွာ ရှိသော သတ္တဝါများ ငါ့အား မညှဉ်းဆဲ မနှိပ်စက်ကြဘဲမေတ္တာထားနိုင်ကြပါစေသတည်း။

**ဆရာနေတဲ့ လိပ်စာကတော့...**

**ဦးဇော်ဟိဏ်း**

တိုက်(၃၈)၊ အခန်း(၂၀၃)၊ ဒုတိယထပ်

စီဘာလောက် (၂)လမ်း၊


ယုဇနဥယျာဉ်မြို့တော်၊

တောင်ဒဂုံဆိပ်ကမ်းမြို့နယ်၊

ရန်ကုန်တိုင်း။

**မနိုင် (ရှမ်းမောင်)**

www.burmeseclassic.com





မကောင်းကြံစည်ခြင်းမှ

လွတ်မြောက်စေသော

# နေ့လဂါထာ

ရွှေပြည်သာမြို့သို့ တာဝန်တစ်ခုဖြင့် ရောက်ရှိခဲ့စဉ်အခါက ကျွန်ုပ်၏ အစ်ကိုကြီး ဦးတင်ဝင်းပေးလိုက်သော ဂါထာ (၂)ပုဒ်အား စာဖတ်သူများထံသို့ လက်ဆင့်ကမ်း တင်ပြလိုက်ပါသည်။

အစ်ကိုကြီး ဦးတင်ဝင်းက…

'မင်းက ဝန်ထမ်းလောကထဲမှာပဲ ကျင်လည်နေရသေးတယ် ဆိုတော့ အခု ငါပေးလိုက်မယ့် ဂါထာကို ရွတ်ဆိုဖို့ လိုတယ်။ ဘာကြောင့်လဲဆိုတော့ ဝန်ထမ်းအချင်းချင်း အတိုက်အခိုက်ဆိုတာ ရှိတတ်တယ်။

အတိုက်အခိုက်ဆိုတာက ကိုယ့်နေရာကို ဝင်လုချင်တာမျိုး၊ ကိုယ်အဆင်ပြေနေတာကို မနာလို မရှုဆိတ်ဖြစ်နေတာမျိုး၊ ဒါမှမဟုတ် ကိုယ့်ကိုချောက်တွန်းပြီး သူ့အတွက် မျက်နှာလိုမျက်နှာရ လုပ်ပြရင်း အခြားနေရာကောင်း ရှာတတ်တာမျိုးကို ပြောတာပါ။

တချို့က နေရာကောင်း ဌာနကောင်းတွေကို လိုချင်တယ်။ ဒါပေမယ့် ကိုယ်ပိုင်အရည်အချင်းက မရှိလေတော့ ဘာမှလဲ မည်မည်ရရ လုပ်ပြဖို့ သိပ်မရှိဘူး။ ဒီအခါ သူတစ်ပါးရဲ့ အားနည်းချက်၊ ပျော့ကွက်ဟာကွက်၊ ချို့ယွင်းချက်တွေကို ရှာကြံပြီး လူကြီးနားအထိ မရောက် ရောက်အောင် လုပ်ပြတော့တာပါပဲ။

ပုထုဇဉ် လူသားတွေပဲကွာ။ ဘယ်မှာ ခြောက်ပြစ်ကင်းပြီး သဲလဲစင်ဆိုတာ ရှိနိုင်ပါ့မလဲ။ အနည်းနဲ့အများဆိုသလို တစ်ကြိမ်မဟုတ် တစ်ကြိမ်၊ တစ်ခါမဟုတ် တစ်ခါမှာတော့ ရှိလာနိုင်တယ်။ ဖြစ်လာနိုင်တယ်။

ဒီလိုအခါမျိုးမှာ ခုနက ငါပြောခဲ့တဲ့ သိပ်ပြီး အရည်အချင်းမရှိသူ၊ လုပ်ပြကိုင်ပြဖို့ မည်မည်ရရ မရှိပါဘဲ နေရာကောင်းကို အကွက်ချောင်းနေသူတွေက ကိုယ့်အောက်ခြေမှာတင် ပြီးနိုင်တဲ့ ကိစ္စကို အပြီးမခံဘူး။ လူကြီးနားအထိ မရောက် ရောက်အောင် လုပ်ပြကိုင်ပြတော့တာပဲ။

သူ့ဘက်ကတော့ နေရာကောင်း ဌာနကောင်းကို ရောက်မရောက် မသေချာပေမယ့် ခံရတဲ့ ကိုယ့်ဘက်ကတော့ အထိနာဖို့ များတယ်။

အဲဒီလိုမျိုး ကိုယ့်အပေါ်ကို မကောင်းကြံစည်နေတဲ့သူ မရှိဘူးလို့ ဘယ်သူက အာမခံနိုင်မလဲ။ ရှိများရှိခဲ့ရင်တော့ အဲဒီသူများရဲ့ အကြံအစည်တွေ ပပျောက်သွားအောင် အခု ငါပေးမယ့် နေမင်းဂါထာကို နေ့အခါမှာ (၇)ခါ ရွတ်ပါ။ ညအခါမှာ လမင်းဂါထာကို (၇)ခါ ရွတ်ဆိုပါ။

ကိုယ့်အပေါ် မကောင်းကြံစည်လိုသူတွေရဲ့ အကြံအစည်တွေ ပျောက်ပျက်သွားပါလိမ့်မယ်။ မရွတ်ဆိုခင် သတ္တဝါအားလုံးကို မေတ္တာပို့ ရွတ်ဆိုပြီးတဲ့အခါ ဝေနေယျသတ္တဝါ အားလုံးကို အမျှအတန်း ပေးဝေပါ။ က…

လိုက်မှတ် လိုက်ရေးပေတော့…

နေမင်းဂါထာ

ဉ္ဈနေမင်းဖခင် ကျွန်ုပ်အင် ရင်ခွင်ပိုက်…လော့၊ ကျွန်ုပ်ရန်သူ ကြံသောသူ နေ… ပျောက်စေသော်။

လမင်းဂါထာ

ဉ္ဈလမင်းမိခင် ကျွန်ုပ်အင် ရင်ခွင်ပိုက်ပါလော့… ကျွန်ုပ်ရန်သူ ကြံသောသူ လဝင်ပျောက်… သော်။

မကောင်းကြံတယ်ဆိုတာ အချင်း… ချင်းလဲ ရှိနိုင်တယ်။ အထက်နဲ့အောက်… အပြန်အလှန်လဲ ရှိနိုင်တယ်။ ဒါမျိုး… တာက ဝန်ထမ်းလောကမှာသာ ရှိနိုင်… တာ မဟုတ်ဘဲ ဝန်ထမ်းမဟုတ်… အခြားလောကမှာလဲ ရှိတတ်စမြဲ… ကဲ ရေမိုးသွားချိုးတော့ ပြီးရင် ထမင်း… စားမယ်'

***ဆင်းရဲလိုခြင်း အချင်းချင်း***

***ကင်းရှင်းကြပါစေ။***

**ချစ်ဆိုင်**



www.burmeseclassic.com

www.burmeseclassic.com

# မိကျောင်း

## ကိုးကွယ်ကြသူများ၏ရွာ

ကိုရွှေဒိုး



ကိုယ်တွေ့ ဖြစ်ရပ်မှန်

ယုံကြည်ကိုးကွယ်မှု အမျိုးမျိုး ရှိကြ ည့်အနက် မိကျောင်းသတ္တဝါကိုမှ ကွယ်နေကြသူများလည်း ရှိပါ ည်။ မယုံမကြည့် မရှိကြစေလိုပါ။ န်တော်ကိုယ်တိုင် မိကျောင်း ပူဇော်ပွဲ ပါဝင်ခွင့် ကြုံခဲ့ရပါသည်။

ကျောင်း ကိုးကွယ်သူများ၏ ရွာစု မှာ ရန်ကုန်မြို့နှင့် ခရီးမိုင်များစွာ ဝေးလှသော အရပ်ဒေသတွင် တည်ရှိပါသည်။ ရန်ကုန်နှင့် အနီးတစ်ဝိုက်တွင် လက်သမားအဖြစ် အသက်မွေးကြသော ရွာ၊ အိမ်အကူအလုပ်ကို အဓိကထား လုပ်ကိုင်ကြသော ရွာများ ရှိနေခဲ့ပါသည်။

မိကျောင်းကိုသာ ကိုးကွယ်ပါသည်။ အခြား ဘုရား၊ နတ် စသည်များတို့ မသိပါဟု ပြောပြသူမှာ ထိုအချိန်က ကျွန်တော့်အိမ်တွင် ရောက်ရှိနေခဲ့သော အိမ်အကူ မိန်းကလေး ဖြစ်ပါသည်။

ယင်းမိန်းကလေးမှာ ကျွန်တော့်ဆီ ရောက်ခါစက စာ လုံးဝမတတ်၊ အရွယ် ရှိင်းစိုင်းသော ရောဂါသည် လေး

www.burmeseclassic.com



တစ်ယောက်သာ ဖြစ်ခဲ့ပါသည်။ ကျွန်တော့်မှာ သူ၏ အသက်သခင် ဖြစ်ရုံတင်မက အရေးအဖတ်၊ အတွက် အချက်ပါ တတ်မြောက်အောင် သင်ကြားပေးထားခဲ့သူဖြစ်ပြီး၊ ပြန်စရာ ဒေသမရှိ အိမ်မရှိဖြစ်နေသူကလေးကို လုပ်အားခ သတ်မှတ်ပေးကာ အိမ်တွင် စောင့်ရှောက်ထားခဲ့သူ ဖြစ်ပါသည်။

မိန်းကလေးမှာ ကျန်းမာရေး ပြည့်စုံလာသည်နှင့်အမျှ အသားအရေ ဝင်းပ ပြည့်ဖြိုးလာပါသည်။ သို့သော် ယခု ဒီဇင်ဘာ လဆန်းပိုင်းလောက်မှ စ၍ အနေအထိုင် မှုမမှန်သလို ခန္ဓာကိုယ်မှလည်း ညှီစို့စို့အနံ့ရသလို ထင်မိပါသည်။

ဤကိစ္စများကို မေးမြန်းရာမှ သူနှင့်တကွ သူ့မိဘများသည် မိကျောင်းအဆက်အနွယ်၊ မိကျောင်းကိုးကွယ်သူများဖြစ်ကြောင်း သိလာရပါသည်။

ယခုအချိန်သည် သုံးနှစ်တစ်ကြိမ် မိကျောင်းကို အစာကျွေးရမည့် အချိန်ဖြစ်ကြောင်း အလိုလို သိလာသည်ဟု ပြောပါသည်။

ဤအခြေအနေကြောင့် ရွာသို့ ပြန်ချင်ကြောင်း ဖြစ်နိုင်ပါက လိုက်ပို့ပေးရန် ပန်ကြားပါသည်။ သို့ဖြင့် မိကျောင်းအစာကျွေးပွဲကြီးကို အနီးကပ် လေ့လာနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ မိန်းကလေး ကျွန်တော့်ထံ ရောက်ရှိလာပုံမှာ ဤသို့ ဖြစ်ပါသည်။

အရောင်းအဝယ်ကိစ္စ တစ်ခုကြောင့် ဆိပ်ကြီးခနောင်တိုမှ တစ်ဆင့် စက်တပ်သမ္ဗန် စင်းလုံးငှားပြီး ကိုယ်လုပ်တော် ကျေးရွာအသွားတွင် ဖြစ်ပါသည်။

စက်သမ္ဗန်မောင်းသမားမှာ အလွန်စကားပြောချင်သူ ဖြစ်ပါသည်။ တွံတေးကူးအလွန် ချောင်းကျယ်အတွင်း အတန်ငယ် ဝင်မိသည်နှင့်...

'ဒီအစုမှာ မကောင်းဆိုးဝါး မှီတွယ်နေတဲ့ ကောင်မလေးတစ်ယောက် ရှိတယ် ဆရာ'

ဟု ဆိုရာက ထိုအစုလေး ဝင်ရောက် စပ်စုမိရာက စတင်ပါသည်။ ရွာဆိုသော်ငြား ခနော်ခနဲ့ တဲပုတ်ကလေး အလုံးနှစ်ဆယ်ခန့်သာ ရှိပါသည်။

မိန်းမများမှာ အားလုံးလိုလို ထဘီရင်ရှားနှင့်ဖြစ်ပြီး ဆံပင်များမှာ ရှုပ်ထွေးပွရောင်းနေပြီး မွဲခြောက်နေကြပါသည်။ ယောက်ျားအများစုမှာ အင်္ကျီဝတ်ဆင်မထားကြပါ။ ရုပ်အဆင်းများမှာ ကြမ်းတမ်းလှပြီး ညအချိန်သာ တွေ့ပါက မကောင်းဆိုးဝါးဟု ယူဆလောက်ပါသည်။

ရောက်မိမှ မထူးပြီမို့ သတ္တိမွေးကာ မကောင်းဆိုးဝါး မှီတွယ်နေသောအိမ်သို့ လေ့ဆရာ၏ ဦးဆောင်မှုဖြင့် သွားကြပါသည်။ တွေ့ပါပြီ။ မညီညာသော ဝါးကြမ်းပြင်ပေါ်တွင် လူဟု ယူဆရသော အရာတစ်ခု လဲလျောင်းနေပါသည်။

ထိုလူနာမှာ များစွာ ပိန်ချုံးနေပြီး မျက်တွင်းဟောက်ပက်နှင့် မြင်တွေ့ရပါသည်။ ကျွန်တော်တို့ လူစိမ်းများကို မြင်သောအခါ မှေးမှိန်နေသော မျက်လုံးများမှာ အရောင်လက်လာပါသည်။

ထိုကဲ့သို့ အရောင်လက်လာသည့် ကိုပင် သူငယ်မ၏ ဖခင်နှင့် မိခင် ဖြစ်ဟန်ရှိသူတို့က...

'ဟဲ့(...) ဘာ အကဲထ,ဦးမလို့လဲ (...)'

ဟု ဆဲကြသည်။

'ကျွန်မ မကောင်းဆိုးဝါး မဟုတ်ရပါ ဘူး။ လူ့အသက်တစ်ချောင်းဟာ ရေ... ပါတယ်၊ ကယ်နိုင်ရင် ကယ်ကြပါဦး ရှင်'

ဟု တိုးတိုးလေးသာ ပြောနိုင်ပါ သည်။

'နင် ငါတို့နဲ့ ဘာမှ မဆိုင်တော့ဘူး နင့်ကို နှင်မယ့်ဆရာတွေ ရောက်လာ ပြီ'

ဟု မာန်မဲကြပြန်ပါသည်။ သူငယ်မ မှာ ဘာမှ ပြန်မပြောတော့ဘဲ မျက်ရည် ပေါက်ပေါက်သာ ကျလာပါသည်။

အိမ်ရှင်နှင့် ဒေသခံများမှာ ကျွန်တော် နှင့် လေ့ဆရာကို သူတို့ကိစ္စအတွက် လာရောက်ကြသော ဆရာများဟု ထင်နေဟန်ရှိသည်။

ယခုမှတော့ အခြေအနေက ချော်... ရောထိုင်ရမည့်ကိန်း ဆိုက်နေပြီ ဖြစ် သည်။ လေ့သမားကို သူတို့ မမြင် အောင် လက်ကုတ်ပြီး...

'ကိုင်း... ဆရာ့အစွမ်းလဲ တ... ကြီး သိသားပဲ။ ကဲ... အစွမ်းပြရ... တာပေါ့'

ဟု ဆိုသောအခါ...

'ဆောင်ရွက်ပါဆရာ၊ အလိုရှိ... လုပ်ကိုင်ပါ။ ဒီမကောင်းဆိုးဝါးမ ထွက် သွားရင် တော်ပါပြီ'


ဟု ဆိုကြပါသည်။ "ကြာပြီလား" ဟု မေးကြည့်သောအခါ ရက်နှစ်ဆ... ကျော်ပြီဟု ပြောကြသည်။

"မည်သည့် အစားအစာများ ... ပါသလဲ"ဟု မေးရာ ဘာမှ မ... ကြောင်း၊ အိပ်ရာထဲ မလဲ... ညအခါ လူခြေတိတ်မှ ... နီး...



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ပြောပြသည်။ လူနာမှာ အပြင်းဖျားရာက အားအလွန်နည်းပြီး အာဟာရ ပြတ်နေကြောင်း မှန်းဆရပါသည်။

'ကိုင်း... ဆရာက စကားကို တိုတိုပဲ ပြောမယ်။ မင်းတို့ သိပ်ကံကြီးတယ်။ ဆရာသာ ရောက်မလာရင် မင်းတို့ တစ်အိမ်လုံး အခက်တွေ့ပြီမှတ်။ ဒီတော့ သူငယ်မကို ဆရာ့ကို လှူမလား။ ဒီမှာ မကောင်းဆိုးဝါး ထုတ်လို့တော့ မဖြစ်ဘူး၊ ကြိုက်တာရွေးကြ'

ဟု ဟန်နှင့်မာန်နှင့် ပြောရာ...

'ဒီ(...)ကို ဆရာ ခေါ်သွားမယ်ဆိုရင် မြန်မြန်သာ ခေါ်သွားပါ'

ဟု အလောတကြီး ဆိုနေကြရာ...

'ကိုင်းသဟာဖြင့် အားလုံး မျက်လုံးမှိတ်ထားပြီး နောက်ကျောခိုင်းနေကြ၊ စက်သံကြားမှ မျက်လုံး ပြန်ဖွင့်ကြ နားလည်ကြရဲ့လား'

ဟု ပြောလည်းပြော သူငယ်မကိုလည်း ညင်သာစွာ ပွေ့ယူပြီး လှေအရောက် အမြန်သွားကြရပါသည်။ လှေသမားမှာ ပါးနပ်လှပါသည်။ ကျွန်တော် လှေပေါ်ရောက်သည်နှင့် စက်နှိုးပြီး ကမ်းမှ ခွာပါတော့သည်။

အတိုချုပ် ပြောရလျှင် ရန်ကုန်တွင် အချိန်ယူ ဆေးကုလိုက်သောအခါ ရောဂါများ ပျောက်ကင်းပြီး လူကောင်းပကတိ ဖြစ်လာပါတော့သည်။

ကျန်းမာလာပြီး သူမနာမည် ဘယ်လိုခေါ်ပါသလဲဟု မေးကြည့်တော့ ကောင်မဟုသာ ခေါ်ကြကြောင်း သိ၍ နာမည် မရှိသေးပါကလားဟု စိတ်မကောင်းစွာ သိရပြန်ပါသည်။

ကျွန်တော်လည်း ရော်ဘင်ဆင်ကရူးဆိုးက သူ့တပည့်ကလေးကို သောကြာနေ့မှာ တွေ့ရသောကြောင့် မောင်သောကြာဟု အမည်ပေးသည်ကို သတိရပြီး ကလေးမကို **"မမြူနှင်း"** ဟု အမည်ပေးလိုက်ပါသည်။ ကလေးမကို ကယ်တင်လာသောနေ့က မြစ်အတွင်း မြူနှင်းများ ဆိုင်းနေသောကြောင့်ပါတည်း။

မမြူနှင်းက ပြောပြသည်မှာ သူ့မိဘများ ငယ်စဉ်က လူနှစ်ဦး လက်ခတ်လှေကို ငှားပြီး မြစ်လယ်ကို ပို့ခိုင်းကြောင်း၊ မြစ်လယ်အရောက်တွင် အဝတ်အစားများ အားလုံးချွတ်ပြီး ရေထဲ ခုန်ဆင်းသွားကြကြောင်း၊ ခုန်ဆင်းသွားသူများမှာ မိကျောင်းက လူယောင်ဆောင်ထားသူများဖြစ်ကြောင်း ဆိုပါသည်။ မိကျောင်းလာမည့်ရက် နီးလာလျှင် မြစ်ရေမှာ အလွန်ညှီလာကြောင်း ပြောပါသည်။

ထူးခြားသည်မှာ မမြူနှင်းမှာ တစ်သွေးတစ်မွေး ဖြစ်နေသော်လည်း ယခုရက်ပိုင်းတွင် ငါးညှီနံ့လို အနံ့မျိုး သူ့ထံမှ ရနေခြင်းပင်။

ထို့ကြောင့် မမြူနှင်း၏ ရွာသို့သွားပြီး မိကျောင်းကြီး လာ,မလာနှင့် ကျွေးထားသောအစာကို စား,မစား သိရအောင်၊ မြင်ရအောင် သွားမည်ဟု ပြောလိုက်ရပါသည်။

မြူနှင်း မိန်းကလေးကိုလည်း သူပိုင်ဆိုင်သမျှ အဝတ်အစားများ အကုန်ယူခဲ့ဖို့ပြောပြီး၊ သူ၏ လုပ်အားခ တစ်လလျှင် နှစ်သောင်းကျပ်ကို သုံးနှစ်စာ ရှင်းပေးလိုက်ပါသည်။ မရှင်း၍ မဖြစ်ပါ။

မမြူနှင်းမှာ သမီးအရင်းနှင့်မခြား နေခွင့်ရသော်လည်း ပင်ကိုဗီဇ အကျင့်ဆိုး မပျောက်ပါ။ စားပါဆိုလျှင် အတူတကွ မစားပါ။ လူလစ်မှ ခိုးစားတတ်သော အကျင့်ကလည်း ရှိပြန်ပါသည်။ မိကျောင်းပွဲ သွားကြည့်ပြီးလျှင် မိန်းကလေးကို သူ့ရွာမှာ ထားခဲ့ရပါမည်။ ပွဲပြီးလျှင် မီးသေရပါမည်။

မမြူနှင်းကို ခေါ်ဆောင်လျက် ဆိပ်ကြီးခနောင်တိုသို့ ပြေးဆွဲသော စက်တပ်သမ္ဗန်ဆိပ်သို့ လာခဲ့ကြပါသည်။ ထိုဆိပ်ကမ်းမှ စက်တပ်သမ္ဗန်တစ်စီးကို စင်းလုံး အသွားအပြန် ငှားပြီး ခရီးဆက်ခဲ့ကြပါသည်။

မိန်းကလေး၏ ရွာစုသို့ ရောက်သော် သူကပင် ဦးဆောင်ပြီး သူ၏ မိဘများ တဲဆီသို့ အပြေးတစ်ပိုင်း သွားပါတော့သည်။

ကျန်းမာဖြိုးပြီး ကောင်းမွန်သော အဝတ်စားသစ်နှင့်အတူ အတန်အသင့် ငွေထုပ်လေးနှင့် ပြန်လာသူလေးကို မိဘအရင်းများကပင် မိမိတို့ထက် အဆင့်မြင့်သူ တစ်ဦးအလား ဆက်ဆံနေကြသည်ကို တွေ့ရပါသည်။

မိန်းကလေး ပြောသည့်အတိုင်းပင် မြစ်ရေမှာ ညှီနံ့ဖြင့် လွှမ်းနေပါသည်။ ပထမရက်များတွင် မည်သို့မျှ မထူးခြားပါ။ ဒုတိယနေ့တွင်လည်း ပထမနေ့ကဲ့သို့ပင် ဖြစ်ပါသည်။

တတိယမြောက်နေ့တွင် မိကျောင်းကြီးကို မြင်လိုက်ရသူ ရှိလာသဖြင့် ညနေပိုင်း ရေတက်ချိန်တွင် အရှင်ကြီး လာလိမ့်မည်ဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ထိုအစုမှ သက်ကြီးများက ပြောပြကြပါသည်။

ကြို့တင် ပြင်ဆင်ထားသော မောင်းဆိုင်းနှင့် နဲ့ဆရာတို့ မြစ်ကမ်းစပ်မှ ခဲတစ်ပစ်လောက် အကွာအဝေးတွင် အထိုင်ချနေကြပါသည်။ ရေပြည့်ကမ်းစပ်မှ ပေငါးဆယ်လောက်တွင် ကြက်ဖိုနှင့် ကြက်မကို ငုတ်ရိုက်ပြီး ကြိုးနှင့် ချည်ထားပါသည်။

မြစ်ရေမှာ အလွန်ပင် အနံ့ဆိုးလာပါပြီ။ ဒီရေလည်း ပြည့်ပါပြီ။ မောင်းဆိုင်းသံနှင့် နဲ့သံတို့ကို ကြားရပါပြီ။ ထိုရွာအစုမှ လူကြီး၊ မိန်းမ၊ ကလေးမကျန် မောင်းဆိုင်းနှင့် နဲ့ဆရာတို့ တစ်ဝိုက်တွင် စုရုံးပြီး ငြိမ်သက်စွာ မြစ်ကမ်းစပ်သို့ ကြည့်နေကြပါတော့သည်။

များမကြာမီ မောင်းဆိုင်းမှ သွက်လက်စွာ တီးသံနှင့်အတူ ရေစပ်မှ ကြီးမားလှသော ရေချို့၊ ရေငန်စပ် မိကျောင်း၏ ဦးခေါင်းပိုင်းကြီးကို မြင်ရပါတော့သည်။

ထမင်းအိုး တစ်လုံးချက်ခန့် ငြိမ်သက်စွာ နေပြီးမှ ဖြည်းဖြည်းချင်း ကုန်းမြေပေါ်သို့ တက်လာဟန်မှာ ကြောက်မက်ဖွယ် ကောင်းလှပါသည်။ ကြက်ဖိုနှင့် ကြက်မမှာ ကြောက်ရှာလွန်း၍ ထွက်ပြေး လွတ်မြောက်ရန် ကြိုးပမ်းကြပါသေးသည်။

မိကျောင်းကြီး နီးကပ်လာသောအခါ ကြောက်ရှာလွန်း၍ ထင်ပါသည်။ ဖျပ်ဖျပ်လူးပြီး ငြိမ်သက်သွားပါတော့သည်။ မိကျောင်းကြီးမှာ ကြက်သေနှစ်ကောင်ရှိရာသို့ တန်းတန်းမတ်မတ်သွားပြီး ကြက်သေကောင်များကို တစ်ကောင်ချင်း ကိုက်မျိုလိုက်ပြီးနောက် လူအုပ်ရှိရာဘက်သို့ စူးရှစွာ ခေတ္တမျှ ကြည့်နေပါသည်။

လူအုပ်ကြီးမှာ မြေပြင်တွင် ထိုင်၍ အရိုအသေပေးကြသည်ကို မြင်ရပါသည်။ ကျွန်တော် တစ်ယောက်တည်း ငေါင်စင်းစင်း မတ်မတ်ကြီး ရပ်နေသည်ကို မိကျောင်းကြီးက အလိုမကျသည့် အလား ထင်မိသဖြင့် အမြန်ထိုင်လိုက်ရပါသည်။

ထိုအချိန်မှာပင် မိကျောင်းသည် တရွေ့ရွေ့ဖြင့် မြစ်ထဲသို့ ပြန်ဆင်းသွားသည်ကို မြင်လိုက်ရမှ စိတ်အေးပြီး ပေ့ါပါးသွားပါတော့သည်။

လူနှင့် မိကျောင်းတို့ မည်သို့ ဆက်စပ်မှု ရှိလေသနည်း။ မျက်ဝါးထင်ထင် တွေ့လိုက်ရသည်မှာ အမှန်ဖြစ်သော်ငြား အိပ်မက်ပမာ ခံစားရပါသည်။

ကျွန်တော်၏ ခြင်ထောင်၊ စောင်နှင့် ရိက္ခာခြောက်၊ သောက်ရေပုလင်းများတို့ သွားမယူတော့ပါ။ လူအုပ်စုမကွဲခင် ကမ်းစပ်ကို အသော့နှင်ပြီး မြစ်တွင်းမှ လက်ခတ်သမ္ဗန်တစ်စီး ခေါ်ယူပြီး ပြန်ခဲ့ရပါသည်။

မည်သူကမျှလည်း ကျွန်တော့်ကို သတိမထားကြပါ။ စိတ်ဝင်စားဟန်လည်း မရှိကြပါ။ ဤရွာအစုကလေးမှ ရွာသားများ မည်သည့်အလုပ်နှင့် အသက်မွေး ဝမ်းကျောင်းကြသည်ကို စာဖတ်သူများ သိလိုကြပေလိမ့်မည်။

တစ်ရွာလုံး တောင်းရမ်းစားသောက်ကြသောရွာ ဖြစ်ပါသည်ခင်ဗျား။ မမြူနှင်းနှင့်လည်း ထိုနေ့ ထိုရက်မှ စပြီး မတွေ့ဆုံမိတော့ပါ။

ပြီးခဲ့သော နာဂစ်မုန်တိုင်းကြီး အပြီးတွင် ထိုရွာမှာ မရှိတော့ဟု ကြားသိရပါသည်။

ကိုရွှေမိုး

မည်
သူ
မ
ဆို
ပါ
ဝင်
ရေးသား
နိုင်ပါသည်...

စာမူပို့ရန်...
ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့၊



www.burmeseclassic.com


www.burmeseclassic.com

# သူ့အရပ် သူ့ဒေသ

ထူးဇဇ
(ပေါင်)

နှင့်

## ရိုးရာဓလေ့များ



အမှန်တကယ် ရှိတယ်ဆိုတာ စာရေးသူအနေနဲ့ အကြွင်းမရှိ လက်ခံယုံကြည်မိပါတယ်။ ဘာကြောင့်လဲဆိုတော့ ထူးခြားဆန်းကြယ်လွန်းပြီး မယုံနိုင်စရာကောင်းတဲ့ အဖြစ်အပျက်တွေနဲ့ စာရေးသူကိုယ်တိုင်ရော မိဘများပါ ကြုံတွေ့ကြဖူးလို့ပါပဲ။

**"နတ်နဲ့နဂါး မလှည့်စားနဲ့"** ဆိုတဲ့ ရှေးလူကြီးတွေရဲ့စကား မှန်မမှန်ဆိုတာ စာရေးသူ ယခု တင်ပြမယ့် ဖြစ်ရပ်လေးကို ဖတ်ပြီးရင် စာရှုသူများ ကိုယ်ပိုင်အသိနဲ့ လက်ခံမိကြမှာပါ။

လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်ကျော်ခန့်က ဖြစ်ပါတယ်။ တိတိကျကျ ဆိုရရင် ၂၀၀၁ ခုနှစ်ရဲ့ မိုးရာသီလေးမှာ ဖြစ်ပွားခဲ့တာပါ။ စာရေးသူရဲ့မိခင်ဟာ အလယ်တန်းပြဆရာမတစ်ဦးလဲ ဖြစ်ပါတယ်။ စာရေးသူကတော့ အဲဒီတုန်းက မိခင်ဖြစ်သူ တာဝန်ထမ်းဆောင်နေတဲ့ အ.ထ.က(...)မှာ ပဥ္စမတန်း တက်ရောက်နေတာ ဖြစ်ပါတယ်။

စာရေးသူတို့ မိသားစုက မွန်တိုင်းရင်းသားများ ဖြစ်ကြပါတယ်။ မွန်တိုင်းရင်းသားများဟာ ဘာသာတရားကို အင်မတန်မှ ယုံကြည်ကိုင်းရှိုင်းကြသလို ရိုးရာနတ်ကိုလဲ ယုံကြည်ကိုးကွယ်တဲ့ ဓလေ့လဲရှိပါတယ်။ စာရေးသူတို့ မိသားစုကိုးကွယ်တဲ့ အဘိုးနတ်ကိုတော့ ပုဏ္ဏားတိုင်နတ်လို့ပဲ သိထားပါတယ်။

### နတ်နဲ့နဂါး မလှည့်စားကောင်းပါ



စာရေးသူတို့ နေထိုင်တဲ့ လောကကြီးမှာ သာမန်လူတို့ မျက်စိနဲ့ မမြင်နိုင်၊ မမြင်အပ်တဲ့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များ၊ နာမ်ဝိညာဉ်လောကသားများ၊



www.burmeseclassic.com

www.burmeseclassic.com

အဲဒီတုန်းက အဘိုးနတ်ကို ခြံဝင်းထဲမှာ နတ်စင်လေး ဆောက်ပေးထားပါတယ်။ အစဉ်အလာအရ ပူဇော်ပသချိန်ရောက်ရင် ငှက်ပျောသီး၊ အုန်းသီး၊ ကွမ်း၊ လက်ဖက်၊ မုန့်ပိန္နဲစေ့၊ နှမ်းပျစ်နဲ့ အဓိကမုန့်ဖြစ်တဲ့ မုန့်ဖိုင်းတောင့်တို့နဲ့ ပူဇော်ပသ ဆုတောင်းကြရပါတယ်။

အဘိုးနတ်ကို ပူဇော်ပသတဲ့နေရာမှာလဲ မိသားစုကလွဲရင် အပြင်လူ၊ ဆွေမျိုး စတာတွေ လုံးဝ မပါဝင်ရပါဘူး။ အဘိုးနတ်စင်ရှေ့မှာ ဖျာခင်းပြီး မိသားစုလေးယောက်ဖြစ်ရင် မုန့်ပွဲလေးပွဲ၊ ငါးယောက်ဖြစ်ရင်တော့ ငါးပွဲစသဖြင့် ထားပေးရပါတယ်။ နတ်စင်ပေါ်မှာတော့ နံ့သာရည်ခွက်တစ်ခွက်၊ အုန်းရည်သန့်သန့် တစ်ခွက်နဲ့ ဆီမီးများထွန်းထားပေးရပါတယ်။

အဲဒီနောက်မှာတော့ မုန့်ပွဲများရဲ့နောက်က လွတ်နေတဲ့ ဖျာပေါ်မှာ မိသားစုအားလုံး ဝင်ထိုင်ရပါတယ်။ မိသားစုအားလုံး စုံပြီဆိုရင် ဖခင်ဖြစ်သူက ဖျာပတ်ပတ်လည်က မြေကြီးကို တုတ်ချောင်းနဲ့ခြစ်ပြီး စည်းသားပါတယ်။ စည်းဝိုင်းထဲ ရောက်ပြီးသွားရင် အပြင်ကို ထွက်ခွင့်မရှိပါဘူး။

အပြင်က ဆွေမျိုးတွေနဲ့လဲ စကားလှမ်းပြောလို့ မရပါဘူး။ ဖခင်ဖြစ်သူက နတ်စင်ထဲမှာ ထည့်ထားတဲ့ အဘိုးနတ်ရဲ့ အဆင်တန်ဆာဖြစ်တဲ့ ပိတ်ဖြူစတွေကို အင်္ကျီပေါ်က ထပ်ပြီးဝတ်ဆင်ရပါတယ်။ပြီးရင်တော့ အဘိုးနတ်ကို အုန်းရည်၊ မုန့်ပွဲတွေနဲ့ ပူဇော်ပသပါတယ်။

တအောင့်လောက် ကြာရင်တော့ စွန့်ယူပြီး မိသားစုအားလုံး စည်းဝိုင်းထဲမှာပဲ ကိုယ့်ဖို့ သတ်မှတ်ထားတဲ့ မုန့်ပွဲကို အသီးသီး စားရပါတယ်။



ကောင်းသော အလိုဆန္ဒမှန်သမျှ ပြည့်ဝပြီး ကျန်းမာရေးလဲ ကောင်းမွန်မယ်လို့ ယုံကြည်ကြပါတယ်။ ဒါက အဘိုးနတ်ကို နတ်စင်လေးဆောက်ပေးထားတဲ့အတွက် အိမ်ရှေ့ထောင့် နတ်စင်ရှေ့မှာ စာရေးသူတို့မိသားစု ပူဇော်ပသ ဆုတောင်းပုံကို တင်ပြထားခြင်းပါ။

နောက်ပိုင်း နတ်စင်နဲ့ မထားတော့ဘဲ အိပ်ခန်းမှာ ထားပေးထားပါတယ်။ ပူဇော်ပသချိန် ရောက်ရင်တော့ အိပ်ခန်းကို ရှင်းလင်းပြီး ထုံးစံအတိုင်း ပူဇော်ပသ ဆုတောင်းကြပါတယ်။

**အရေးကြီးဆုံး သတိထားရမယ့် အချက်ကတော့ အဘိုးနတ်ကို ပူဇော် တဲ့ မုန့်ပွဲမှာ အဓိက မပါလို့ မဖြစ်တဲ့ မုန့်ဖိုင်းတောင့်တစ်မျိုးကို အဘိုးနတ် ကို ကန်တော့တဲ့ နေ့ကလွဲရင် ကျန်နေ့ တွေမှာ လုံးဝ မစားရဘူးဆိုတာပါပဲ။**

မိဘများကလဲ စာရေးသူတို့မောင်နှမတွေကို လုံးဝ ဝယ်မစားရဘူးလို့ တားမြစ်ထားပါတယ်။ စားရင် ဘာဖြစ်မလဲဆိုတာ စာရှုသူများအနေနဲ့ တွေးစရာဖြစ်နေမှာပါ။ ဘာဖြစ်လို့ မစားစေတာလဲဆိုတဲ့ အကြောင်းရင်းမှန်ကိုလဲ သိချင်နေကြမှာပါ။ စာရေးသူကိုယ်တိုင်လဲ အဲဒီမုန့်ကို ဘာကြောင့် မစားစေသလဲဆိုတာ အတိအကျ မသိရှိသလို မိဘများလဲ မသိရှိကြပါဘူး။

အဘိုးနတ်က မကြိုက်ဘူးလို့ပဲ အကြမ်းဖျင်း သိထားကြတာပါ။ အဘိုးနတ်မကြိုက်တဲ့ အရာကို အမှတ်တမဲ့ မေ့လျော့ လုပ်ဆောင်မိခြင်းရဲ့ အကျိုးဆက်ကိုတော့ ကောင်းကောင်းကြီး သိခဲ့ပါတယ်။

တစ်နေ့မှာတော့ စာရေးသူမိခင်နဲ့ စာရေးသူတို့ကျောင်းကို အတူလာ တယ်။ မိခင်ဖြစ်သူက မိကျောင်းဘီ လေးကိုနင်းပြီး စာရေးသူကတော့ နောက်ကနေ ထိုင်လိုက်လာတာပါ နေ့လယ် ကျောင်းဆင်းချိန်ရောက် တော့ စာရေးသူမိခင်က အပြင်ကို စက်ဘီးလေးနဲ့ ခဏထွက်သွားတာ တွေ့ပါတယ်။

ကျောင်းတက်ခေါင်းလောင်း ထိုး တော့ စာရေးသူတို့ စာဆက်သင်ပါ တယ်။ စာရေးသူမိခင် အပြင်က ပြန်ဝင် လာမလာလဲ မသိပါဘူး။ အဲဒီအချိန်မှာ "ဗုန်း" ဆိုတဲ့ ကြောက်မက်ဖွယ် အသံ ကျယ်ကြီးကို တစ်ကျောင်းလုံး ကြား လိုက်ရပါတယ်။

'ဟယ်... ဆရာမတစ်ယောက်ပေါ် ကို အုန်းသီးကြွေကျတယ်'

ပြတင်းပေါက်နားမှာ ထိုင်တဲ့ အတန်းဖော်တစ်ယောက်ရဲ့ အထိတ် တလန့် အော်သံကြောင့် စာသင်နေတဲ့ ဆရာမ အပါအဝင် အားလုံးနီးပါး အဲဒီနေရာကို ပြေးသွားကြတယ်။ စာရေးသူလဲ အဲဒီနေရာဆီ အပြေး ရောက်သွားတယ်။

အဲဒီကိုရောက်မှ အုန်းသီးမှန်တာ စာရေးသူရဲ့ မိခင်မှန်းသိရတယ်။ ကံကောင်းသေးတယ်လို့ ဆိုရမယ် စာရေးသူရဲ့ မိခင်က မိုးကာအင်္ကျီ ဝတ်ပြီး ခမောက်ကို ဆောင်းထားတာ ကြောင့် အုန်းသီးနဲ့က ဦးရေပြား တိုက်ရိုက်မမှန်ဘဲ ဖြစ်သွားတာပါ။

အုန်းသီးကလဲ အရွယ်အစား သိပ် မကြီးသလို အုန်းသီးခြောက်လဲ ဖြစ် တာမို့ စာရေးသူရဲ့မိခင် သက်သာ သွားတာပါ။ နို့မို့ဆို မတွေးဝံ့စရာ ခေါင်းကဒဏ်ရာ သက်သာသလော ရှိမှ စာရေးသူ မိခင်က စာရေးသူ

(စာမျက်နှာ ၂၆၄)




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဇွန်လအတွင်း
ပုံရိပ်ရှင်တို့၏

# ကံကြမ္မာ

ဟူကျင်းဇီ (Hu Jin Zhi)



÷ ကြွက်နှစ်ဖွား



လုပ်ငန်းဆောင်တာများ ပိုမိုသွက်လက် အဆင်ပြေလာမည်။ မိတ်ဆွေဟောင်းများနှင့် ပြန်လည်ဆုံစည်း ဖြစ်မည်။

လုပ်ဖော်ကိုင်ဖက်၊ မိတ်ဆွေသားချင်းများ၏ သာရေးနာရေးကိစ္စများတွင် အားသွန်ခွန်စိုက် ကူညီ လုပ်ကိုင်ပေးရတတ်သည်။

လျှပ်စစ်ပစ္စည်းများ အကျိုးပေးသန်သောကာလဖြစ်သည်။ အိမ်တွင်းရေးအေးချမ်းသာယာသောကာလ ဖြစ်သည်။

÷ နွားနှစ်ဖွား



ငွေကြေး အသင့်အတင့်ဝင်နိုင်သည်။ လေ့လာတတ်သိထားသော နှုတ်မှုလက်မှု အတတ်ပညာများမှလည်း ငွေစကြေးစကလေးများ ဆောင်ကြဉ်းပေးနိုင်လိမ့်မည်။

အဖွေးနုံ့သာများ လက်ဆောင်ရတတ်သည်။ ကြွေထည်၊ မြေထည်၊ စဉ့်ထည်ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးအမြတ် ခံစားရဖွယ်ရှိသည်။

÷ ကျားနှစ်ဖွား



အသည်းနှင့် သည်းခြေဆိုင်ရာ ရောဂါများ ခံစားရတတ်သည်။ အသိပညာ ဗဟုသုတနှင့် ပတ်သက်၍ နှိုင်းချ ပြောဆိုခြင်း ခံရကိန်းရှိသည်။

ဤလတွင် ငွေကြေးကိစ္စအပါအဝင် အခက်အခဲကြုံရပါက ကူညီပံ့ပိုးသူနည်းပါး ကြန့်ကြာနိုင်သဖြင့် တစ်ကိုယ်တော် ဖြေရှင်းရလိမ့်မည်။ ကြိုတင်ဆင်ခြင်ပါ။ စက္ကူ၊ အထည်အလိပ်များမှ ငွေကြေးအချို့ ရရှိနိုင်ပါသည်။

÷ ယုန်နှစ်ဖွား



ပြောစကားဆိုစကား အောင်မြင်၍ ပတ်ဝန်းကျင်နှင့် ဆွေမျိုးအသိုင်းအဝန်းတွင်းရှိ ကိစ္စပြဿနာများကို ခုံသမာဓိ လူကြီးအဖြစ် ဖျန်ဖြေဆုံးဖြတ်ပေးရတတ်သည်။

စိတ်ရွှင်လန်း အားတက်ဖွယ် ကြွေဒြာရုံမြင်ကွင်း အဖြစ်အပျက်များ ကြုံတွေ့ရကိန်းရှိသည်။

သစ်တောထွက်ပစ္စည်း အကျိုးပေးမည်။ မိခင်၏သားချင်းများအတွင်း သုမင်္ဂလကိစ္စ ပေါ်ပေါက်နိုင်သည်။

÷ နဂါးနှစ်ဖွား



စည်းစိမ်ဥစ္စာ တိုးပွားနိုင်သည်။ ကံတိုက်လုပ်ငန်းများအကျိုးပေးသန်သောကာလဖြစ်သည်။

နေအိမ်တွင် ကြွက်၊ ခြ၊ ကြမ်းပိုးစသည့် ပိုးမွှားတိရစ္ဆာန် အဖျက်အဆီးများ လျော့ပါးသွားနိုင်သည်။

စည်သွတ်စားဖွယ်များ လက်ဆောင်ရတတ်သည်။ နဂါးအမျိုးသားတို့မှာ ဇနီးဝင်ကိန်းရှိသည်။

÷ မြွေနှစ်ဖွား



အမည်မကောင်းသတင်း ကျော်ကြားတတ်သည်။ လုပ်ငန်းတွင် လစ်ဟာပျက်ကွက်မှုများ ပေါ်ပေါက်နေမည်။

စိတ်မချမ်းမြေ့ဖွယ် သတင်းစကား၊ အသံဗလံများ ကြားနာရဖွယ်ရှိသည်။ နေအိမ်တွင်း ပရိဘောဂများ၊ ဖိမ်ခံပစ္စည်းများ ပျောက်ဆုံးပျက်စီးနိုင်သည်။

မြောက်အရပ်သို့ အပန်းဖြေအလည်ခရီးသွားခြင်းဖြင့် စိတ်အပြောင်းအလဲဖြစ်စေသင့်သည်။

÷ မြင်းနှစ်ဖွား



နေထိုင်မှုအဆင့်အတန်း မြင့်မားလာမည်။ ဝန်ထမ်းများမှာ ရာထူး တိုးတက်နိုင်သည်။ ငါးပိငါးခြောက် ရေထွက်ပစ္စည်း၊ ပင်လယ်ထွက်ပစ္စည်းများနှင့်ပတ်သက်၍ ငွေကြေးအမြတ်အစွန်း ရရှိတတ်သည်။

ဆီးနှင့် ကျောက်ကပ်ဆိုင်ရာ ဝေဒနာ ခံစားနေရသူများ သက်သာပျောက်ကင်းသွားမည်။ မြင်းလုံမေတို့ ခင်ပွန်းရရှိတတ်သည်။

÷ ဆိတ်နှစ်ဖွား



ရတနာပုံဆိုက်ကိန်းကြုံသော ကာလဖြစ်သည်။ ငွေကြေးအမြောက်အမြား ရရှိနိုင်သည်။

စည်းစိမ်ဥစ္စာ တိုးပွားမည်။ ဖခင်၏မွေးချင်းများအတွင်း သုမင်္ဂလ သာရေးကိစ္စများ ပေါ်ပေါက် ကူညီရဖွယ်ရှိသည်။

ရွှေ၊ ငွေ၊ ကြေး၊ သံ သတ္တုပစ္စည်းများနှင့် ပတ်သက်၍ အမြတ်အစွန်း ရရှိနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

✣ မျောက်နှစ်ဖွား



ကြံစည်တွေးခေါ်မှုများ မှားယွင်းတတ်သည်။ ကတိကဝတ် ပျက်ကွက်မှုကြောင့် မလိုလားအပ်သော ပြဿနာများ ကြုံရဖွယ်ရှိသည်။

ကျောက်ခဲ၊ အုတ်ခဲများ ထိရှ၍ သွေးသံထွက်ယိုမှုများ သတိထား ကာကွယ်ပါ။ ငွေအရင်းအနှီးများစွာဖြင့် စွန့်စားရသောကိစ္စများကို ရွှေ့ဆိုင်းထားသင့်သည်။



✣ ကြက်နှစ်ဖွား

အလုပ်အကိုင်အသစ်၊ စီးပွားရေးလုပ်ငန်းအသစ်များမှ ငွေကြေး အမြတ်အစွန်း ရရှိနိုင်ကြသည်။ ကြံစည်လုပ်ကိုင်သမျှ အောင်မြင်မှုများသော ကာလဖြစ်သည်။

မရွှေ့မပြောင်းနိုင်သော ပစ္စည်း၊ ဓာတုဗေဒပစ္စည်းများ အကျိုးပေးနိုင်သည်။ အိမ်၊ ခြံ၊ မြေ ဝင်ကိန်းရှိသည်။ ပျိုရွယ်သူတို့ နှလုံးသားရေးရာတွင် ကြည်နူး ဝမ်းမြောက်စရာ ကြုံရဖွယ်ရှိသည်။



✣ ခွေးနှစ်ဖွား

ငွေကြေးဥစ္စာ အတန်အသင့် ရရှိနိုင်ကြသည်။ ယာဉ်ရထားဝင်ကိန်းရှိသည်။ စက်ဘီး၊ ဆိုက်ကား၊ အပ်ချုပ်စက်ကဲ့သို့ စွမ်းအင်မဲ့စက်များနှင့် ပတ်သက်၍ ငွေကြေးအမြတ်အစွန်း ရရှိနိုင်သည်။

ထီနှင့် ကံစမ်းမဲများကို အလွန်အမင်း အားကိုးခြင်း ဆင်ခြင်သင့်သည်။ မိမိလုပ်အား စိုက်ထုတ်ထားသော အသီးအပွင့်များကိုသာ ခံစားနိုင်ကြပါမည်။



✣ ဝက်နှစ်ဖွား

ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲ ပြဿနာများ ပြေလည် ကင်းရှင်းသွားမည်။ ရည်ရွယ်ချက်အချို့ အကောင်အထည် ပေါ်လာမည်။ ရှေးဟောင်း သမိုင်းဝင်နေရာဒေသများသို့ သွားရောက်ရတတ်သည်။

မိတ်ဆွေ တိုးပွားနိုင်သည်။ ထင်း၊ မီးသွေး၊ စက်သုံးဆီလောင်စာများနှင့် အကျိုးပေးသန်သောကာလ ဖြစ်သည်။

ဤလတွင် ကံကြမ္မာ နိမ့်ပါးနေသူတို့သည် သက်ကြီးပိုင်းအမျိုးသားတစ်ဦးအား စည်သွတ်စားဖွယ်တစ်ခု လှူဒါန်းပါ။ သောကြာနေ့တွင် လှူဒါန်းသင့်သည်။ ကံအဆိုးပါးစွမ်းအင်များ လျော့ပါး အဆင်ပြေလာပါလိမ့်မည်။

*ကြံဆောင်သမျှ အောင်မြင်ကြပါစေ*

ဟူဂျင်းဇီ *(Hu Jin Zhi)*

**စာမျက်နှာ (၂၆၂)မှ အဆက်**

ပြောပါတယ်။ အဲဒီနေ့က ကျောင်းအပြန်မှာ ဆရာမတစ်ယောက်နဲ့ မုန့်ပိုင်းတောင့်ကို မေ့လျော့ပြီး ဝယ်စားမိပါတယ်တဲ့။

ညောင်မြစ်တူးတော့ ပုတ်သင်ဥပေါ်ဆိုတဲ့ အကြောင်းအချက် ကွင်းဆက်တွေကို ဆက်စပ်ပြီး တွေးကြည့်တော့မှ မမျှော်လင့်ဘဲ အဲဒါကို သွားသတိရတယ်။ မဆိုင်ပါဘူး။ ဒါ တိုက်ဆိုင်မှု သက်သက်ရယ်လို့တော့ မငြင်းရဲပါဘူး။ အဖြစ်အပျက်တွေက မယုံနိုင်လောက်အောင် ဆန်းကြယ်လွန်းတဲ့ ဖြစ်တော့ဖြစ်ခဲ့ဖြစ်ရပ်တွေ ဖြစ်လို့ပါ။

မိခင်ဖြစ်သူ ကျောင်းဝင်းထဲ စက်ဘီးနင်းဝင်လာတဲ့ အချိန်ကွက်တိ အုန်းသီးကြွေကျတာပါ။ ကျောင်းတက်ခေါင်းလောင်းထိုးပြီးချိန်ဖြစ်လို့ အနီးအပါးမှာ ကလေးတစ်ဦး တစ်ယောက်မှ ရှိမနေခဲ့ပါဘူး။ ဦးခေါင်းကို တည့်တည့်မှန်ပေမယ့်လဲ ခမောက်ဆောင်းထားလို့ ကြီးကြီးမားမား ဒဏ်ရာမရခဲ့ပါဘူး။ အချို့ကတော့ ကံကောင်းတယ်လို့ ပြောကြတယ်။

ဒီအကြောင်းတွေကို စာရေးသူအနေနဲ့ ဘယ်သူ့ကိုမှ မပြောပြခဲ့ပါဘူး။ ယုံချင်မှလဲ ယုံကြမှာကိုး။ အခု ဘာကြောင့် တင်ပြရသလဲဆိုရင် မမြင်နိုင်၊ မမြင်အပ်တဲ့ နာမ်ဝိညာဉ် လောကသားတွေကို မယုံမကြည်လို့ဖြစ်စေ၊ မေ့လျော့မိလို့ဖြစ်စေ အမှတ်မထင် အမှားအယွင်း တစ်ခုခု ကျူးလွန်မိရင် သတိပေးခံရမယ်ဆိုတဲ့ အကြောင်း သိစေချင်လို့ပါပဲ။ ပြောမယုံ ကြုံဖူးမှသိဆိုသလို စာရေးသူလဲ ကြုံဖူးမှသာ သိခဲ့ရကြောင်း...။

**ထူးမမ(ပေါင်)**

၂၀၁၄-ခုနှစ် ဇူလိုင်လသည်... နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏ (၂၈)နှစ်မြောက် အမှတ်တရ အထူးထုတ် ဖြစ်ပါသည်။ မည်သူမဆို ပါဝင် ရေးသားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

လေးစားစွာဖြင့်
ဦးကျော်မိုးဆိမ်း
စာတည်းချုပ်
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၂၈၄။



www.burmeseclassic.com

www.burmeseclassic.com

ပဲခူးရိုးမတောင်တန်းမှ ညို့ညို့စိမ်းနေသော သစ်ပင်များ လှိုင်းထနေကြသည့် ရိုးမတောင်တန်းကြီးသည် မှိုင်းညို့ညို့တန်းလျက် တောင်တန်းများကို ကြည့်လိုက်ပါက တိမ်တစ်သင်းတို့သည် ခါးပတ် ပတ်ထားသကဲ့သို့ ရစ်ပတ်လိပ်ခွေလျက် ရှိကြသည်။

တောင်ခိုးများသည် ဝေ၍ မြူများကလည်း ဆိုင်းလျက်ရှိကြသည်။ တိမ်တစ်သင်းတို့သည် အရောင်အဆင်းအမျိုးမျိုးတို့ကို ဖန်ဆင်းကာ ရုပ်ချင်းပြောင်းလျက် အလှတန်ဆာဆင်လျက်ရှိကြသည်။ ကြည်ပြာလဲ့လျက်ရှိသော တောင်တန်းကြီးများကို ကြည့်၍မဝပေ။

ပဲခူးရိုးမတောင်ခြေ ဖောင်အိုင်ရွာတွင် အလွန်ဆင်းရဲသော ကိုမှုံနှင့် မယ်သုန်တို့ လင်မယားသည် နေထိုင်စရာ အိုးအိမ်ဆောက်လုပ်၍နေရန် မြေနေရာမရှိကြပေ။ ကိုမှုံနှင့် မယ်သုန်တို့သည် အမြင့်ပေ သုံးထောင်ခန့်ရှိသော သံမှိုတောင်ခြေရင်း တစ်ခေါ်လောက်ရှိ မည်သူမျှ မနေရဲသော ဤကုန်းသို့ ဖြစ်လိုရာ ဖြစ်ပစေတော့ ဆိုပြီး လင်မယားနှစ်ယောက် တဲကလေးထိုး၍ သွားရောက် နေထိုင်ကြလေသည်။

ဖောင်အိုင်ရွာမှ လူများသည် ဒီလင်မယားနှစ်ယောက် တဲကလေးထိုး၍ သွားရောက် နေထိုင်ကြလေသည်မှာ ဘယ်တော့ ဒုက္ခရောက်မလဲဟူသော သတင်းကိုသာ နားတစွင့်စွင့်ဖြင့် စောင့်စား နားထောင်နေကြလေသည်။

* * *

ကိုမှုံနှင့် မယ်သုန်တို့သည် ဤကုန်းသို့ စတင် ပြောင်းရွှေ့သည့်နေ့ ညနေနေဝင်ရီတရောအချိန်တွင် ကိုမှုံသည်





မောင်မောင်ဘိုန်း
(သတင်းထောက်- ဇီးကုန်း)

ပရလောကသား

# ဘုရားဒါယကာ ဦးကျော်

မိမိတို့ စားရန် ချက်ထားသော ထမင်းအား ကျွန်းရွက်ကြီး တစ်ရွက်ခူးပြီး ကျွန်းရွက်ထဲတွင်ထည့်၍ ကုန်းထောင့် တစ်နေရာသို့ သွားရောက်ပြီး…

'ဤကုန်းတွင် နေထိုင်ကျက်စားကြကုန်သော ပရလောကသားများနှင့်တကွ မြင်အပ်မမြင်အပ်သော ပုဂ္ဂိုလ်များ ကျွန်ုပ်တို့ စားဦးစားဖျားများအား လာရောက် အလှူခံနိုင်ပြုပါသည်။ ဆေးဝါး မခတ်ပါ။ ဤအလှူခံ ထမင်းအား စိတ်လက်ကြည်ဖြူစွာ သုံးဆောင်

www.burmeseclassic.com

ကြပါ'

ဟူ၍ ကိုမှုံသည် ပြောဆိုပြီး ကျွန်းရွက်ထဲတွင် ထည့်ထားသော ထမင်းဖြူအား ချထားပြီး ပြန်ခဲ့လေသည်။

ကိုမှုံသည် လတပေါင်း၏ ညတစ်ည လသာသာတွင် တဲရှေ့၌ ဝါးကပ်ခင်းလျက် တုံးလုံးလှဲနေလျက်ရှိသည်။ ကောင်းကင်ယံမှ ငွေစန္ဒာလမင်းကြီးမှာ ကြယ်အပေါင်း ဝန်းရံလျက် သြကာသလောကကြီးအား အေးမြသော အလင်းတန်းများ ပက်ဖျန်းလျက် ရှိလေသည်။ သို့နှင့် အိပ်ပျော်ခြင်းသို့ ရောက်သွားသည်။ ထိုစဉ် အိပ်မက်, မက်ခဲ့သည်။

အိပ်မက်ထဲတွင် ခံ့ညားတည်ကြည်သော အသက်(၅၀)ခန့် လူကြီးတစ်ယောက်သည် ပုဆိုးကွက်ထောက်ကြီးအား ဝတ်လျက်၊ ယောလွယ်အိတ်ကြီးအား လွယ်ထားလျက် ကိုမှုံရှိရာ တဲရှေ့သို့ ရောက်လာပြီး...

'မင်းတို့ အလိုက်သိတယ်၊ မင်းတို့နဲ့ နေရတာ ပျော်တယ်။ ဒါပေမယ့် မင်းတို့ ချက်ကျွေးတဲ့ ဆန်က ကြမ်းတယ်။ ဟင်းလေးလဲ ထည့်ပါဦးကွ'

ဟု ပြောသောအခါ ကိုမှုံမှ...

'ကျွန်တော်တို့မှာ အင်မတန် ဆင်းရဲတဲ့အတွက် ကျွန်တော်တို့တောင် ဟင်းနဲ့ မစားနိုင်ပါဘူး'

ဟု ကိုမှုံက ပြောသောအခါ...

'ဒါက လွယ်ပါတယ်ကွာ နံနက် ဝေလီဝေလင်း အချိန်မှာ ခြံထောင့်က သရက်ပင်အောက်မှာတူး'

ဟု ပြောဆိုပြီး ပြန်လည် ထွက်ခွာသွားလေသည်။

* * *

ငှက်ကလေးများ နံနက် အရုဏ်တက်ချိန်တွင် သစ်ပင်များပေါ်မှ အော်မြည်သီဆို ဟစ်ကြွေးနေလျက်ရှိရာ ကိုမှုံသည် အိပ်ရာမှ နိုးလာပြီး အရှေ့လောကဓာတ်အား ကြည့်လိုက်သောအခါ ရောင်နီများ ပျိုး၍ အရုဏ်ကျင်းပေတော့မည်။

ကိုမှုံသည် ညက တကယ်လိုလို၊ အိပ်မက်လိုလို တွေ့မြင် ပြောဆိုခဲ့သည်များအား အမှတ်ရပြီး ဟုတ်လိုဟုတ်ငြား မဟုတ်တော့လည်း အရင်းပေါ့ဟု ဆိုပြီး ဓားတစ်ချောင်းအား ယူခဲ့ပြီး ကုန်းထောင့်ရှိ သရက်ပင်ကြီး၏ အောက်တွင် တူးရာ တစ်ထွာသာသာခန့် အနက်အရောက်တွင် ဖြူဖွေးဝင်းလက်သော ငွေဒင်္ဂါးသုံးပြား ရရှိလေသည်။

ကိုမှုံသည် ငွေဒင်္ဂါး သုံးပြားအား ရောင်းချပြီး အမဲသားဟင်းများနှင့် ကောင်းမွန်စွာ ချက်၍ ညနေချမ်း နေဝင်ရီတရောအချိန်တွင် ခြံထောင့်သို့ သွားရောက်ပြီး ပြောဆို ကျွေးမွေးလေသည်။ ကိုမှုံတို့လည်း ညစာ စားသောက်ကြပြီး ညချမ်း အိပ်ရာဝင်ခဲ့ကြလေသည်။ အိပ်မက်ထဲတွင် ည(၂)နာရီခန့် ရှိသောအခါ ပုဆိုးကွက်ထောက်ကြီးနှင့် လူဝကြီး ရောက်ရှိလာပြီး...

'မင်းမိန်းမလက်ရာ ကောင်းတယ်။ ငါ့လူတွေကလဲ အရမ်း သဘောကျနေတယ်။ နေ့တိုင်း ချက်ကျွေးဖို့ ငါ့လူတွေကလဲ တောင်းဆိုနေကြတယ်။ ငါတို့ မင်းတို့ကို တစ်လစာပေးမယ်။ မင်းတို့ အိမ်နောက်ဘက် ကျွန်းပင်ခြေရင်းကို နံနက် ဝေလီဝေလင်း သွားတူး'

ဟု ပြောဆိုပြီး လူဝကြီး ပြန်လည် ထွက်ခွာသွားလေသည်။

နံနက် ဝေလီဝေလင်း အရုဏ်တက်ချိန်တွင် ကိုမှုံသည် ကျွန်းပင်ကြီးအောက်သို့ သွားရောက်တူးရာ တစ်ထွာသာသာခန့် အနက်တွင် ဖြူဖွေးဝင်းလက်သော ငွေဒင်္ဂါးပြား (၁၅)ပြား တွေ့ရှိရလေသည်။

ဖောင်အိုင်ရွာမှ ရွာသားများသည် ကိုမှုံတို့လင်မယား ဒုက္ခရောက်မည့် သတင်းကိုသာ စောင့်မျှော်နေကြရာ ကိုမှုံတို့ ဇနီးမောင်နှံနှစ်ယောက်သည် ပြုံးရွှင် ကျန်းမာစွာဖြင့် အေးအေးလူလူ လုပ်ကိုင်စားသောက်နေသည်ကို မြင်ရသောအခါ ဖောင်အိုင်ရွာမှ လူအများတို့မှာ အတွေးရခက်လျက် ရှိနေလေသည်။

ယခင်က ဤကုန်းတွင် နေဖို့ရန် စိတ်ပင်မကူးရဲကြဘဲ ဤကုန်းတွင် မတော်မလျော် မှားလုပ်မိခဲ့လျှင် ဘေးဒုက္ခနှင့်သာ တွေ့ကြရလေသည်။ ယခုတော့ ကိုမှုံတို့ ဇနီးမောင်နှံမှာ ဘေးမသီ ရန်မခဘဲ အေးချမ်းပျော်ရွှင်စွာ လုပ်ကိုင်စားသောက်နေထိုင်လျက် ရှိကြလေသည်။

* * *

တောင်လေသုတ်ဖြူးကာ မိုးသားကျူးသည့် တန်ခူးလရာသီသို့ပင် ရောက်ခဲ့လေပြီ။ တစ်လပြည့်ပြန်သောအခါ ပုဆိုးကွက်ထောက်ကြီးနှင့် ပုဂ္ဂိုလ်ကြီးမှ လာရောက်၍ အိပ်မက်ပေးပြန်သည်မှာ...

'မင်း အလုပ်မလုပ်ဘဲ စားနေရင် ပတ်ဝန်းကျင်က ရိပ်မိလာမယ်။ မင်းအဲ့ မကောင်းဘူး။ ငါတို့မှာလဲ အန္တရာယ်ရှိတယ်။ ဒါကြောင့် ကုသိုလ်လဲရ ဝမ်းလဲဝအောင် မင်း ဆေးဆရာလုပ်ရမယ်'

ဟု ပြောသောအခါ ကိုမှုံမှ ထိုလူကြီးအား ပြန်လည် ပြောကြားသည်မှာ...

'ကျွန်တော် ဆေးဆရာလုပ်ဖို့ ဆေးအကြောင်း ဘာမှ နားမလည်ဘူး'

ဟု ပြောလေရာ ပုဆိုးကွက်ထောက်ကြီးနှင့် လူဝကြီးမှ...

'ဟော့ကောင် မင်း လုပ်မှာသာ... မင်းအနားမှာ ငါရှိတယ်။ ငါကူညီ...


www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောပြီး ထွက်သွားလေသည်။ ကိုမှုံသည် အိပ်ရာမှ နိုးလာပြီး ထို ပုဂ္ဂိုလ်ကြီး ပြောသွားသော စကားများ အား ကြားယောင်ပြီး ပြန်လည် စဉ်းစား မိလေသည်။

ထိုအချိန်တွင် အရှေ့လောကဓာတ် မှ ဘာနုရာဇာနေမင်းကြီးကား ရိုးမ တောင်တန်းပေါ်မှ ပေါ်ထွက်လာချေပြီ။ သစ်ပင်တန်းများပေါ်မှ ကျေးငှက်သာရ ကာများမှာ အိပ်တန်းထ၍ ဘာသာ ဘာဝ တွန်ကျူး၍ အစာရှာဖွေရန် အဝေးသို့ ထွက်ခွာ ပျံသန်းသွားကြလေ သည်။

*　*　*

နံနက် နေထန်းတစ်ဖျားခန့် မြင့် သောအခါ ဖောင်အိုင်ရွာထဲမှ ကိုအေးကျော် ရောက်ရှိလာပြီး...

'ကိုမှုံရေ သန်းကြိုင်တော့ မန်ကျည်း ချက်နု တက်ခူးတာ မန်ကျည်းပင်ပေါ် က လိမ့်ကျပြီး ခြေသလုံးရိုး ကျိုးသွား တယ်'

ဟု ပြောဆိုသွားလေသည်။ ကိုမှုံ သည် ပုဆိုးကွက်ထောက်ကြီးနှင့် ပုဂ္ဂိုလ်ကြီးပြောသော စကားအား ပြန် လည် ကြားယောင်မိပြီး မိမိနားထဲတွင် ပုဆိုးကွက်ထောက်ကြီးနှင့် ပုဂ္ဂိုလ်ကြီး ပြောလာသော ဆေးနည်းအား ကြား နေရသဖြင့် တောထဲသို့သွား၍ ဝံအူမြစ် အား တူးယူပြီး ဝံအူခေါက်များအား ခွာ၍လာခဲ့ပြီး သန်းကြိုင်တို့ အိမ်သို့ ရောက်သောအခါ ဝံအူမြစ်အား အရက် ကောင်းကောင်းနှင့် သွေးကာလိမ်းပေး ပြီး ဝံအူပင်၏ အခေါက်အား ထောင်းထု ကာ ကျိုးသွားသော ခြေသလုံးရိုးအား ဆွဲဆန့်ပြီး ပတ်တီးစည်း၍ ပေးထား လေသည်။

ကိုမှုံသည် သန်းကြိုင်၏ ခြေသလုံး ရိုးအား တစ်နေ့တစ်ခါ ဆေးလိမ်းခြင်း၊



ပတ်တီးစည်းခြင်းများ သွားရောက် ပြု လုပ်ပေးနေရာ သန်းကြိုင် ခြေသလုံးရိုး ကျိုးသွားသည်မှာ (၁၅)ရက်ခန့် ကြာ သောအခါ ကောင်း၍သွားလေသည်။

ကိုမှုံသည် အနီးဝန်းကျင်ရွာများနှင့် ပတ်ဝန်းကျင်များတို့အား ပုဆိုးကွက် ထောက် ပုဂ္ဂိုလ်ကြီး၏ အကူအညီဖြင့် ဆေးကုသ၍လာခဲ့ရာ တစ်နေ့ထက် တစ်နေ့ နာမည်ကြီးလာပြီး ဆေးဆရာ ကြီး ဆရာမှုံ ဖြစ်လာလေသည်။

ဆရာမှုံသည် မရှိဆင်းရဲသားများ အား ဆေးဖိုးဝါးခမယူဘဲ ကုသ၍ ပေးရာ ဆရာမှုံအား ရွာသူရွာသားများ နှင့် အနီးဝန်းကျင်တို့မှ အထူး အားကိုး အားထားပြုနေကြရာ ဆရာမှုံတို့မှာ ယခင်ကနှင့် မတူတော့ဘဲ ငွေကြေး လာဘ်လာဘများ အထူးပေါ်များပြီး တင့်တယ်စွာ မတောင့်မတ မကြောင့် မကြ နေနိုင်လာလေသည်။

*　*　*

အနီးဝန်းကျင်ရွာများမှ လူတချို့တို့ သည် ဆရာမှုံထံသို့ တပည့်အဖြစ် ခံယူရန် လာရောက် ပြောဆိုကြသော် လည်း ဆရာမှုံသည် မည်သူ့ကိုမျှ တပည့်မမွေးဘဲ တစ်ကိုယ်တည်းပင် လိုက်လံ၍ ဆေးကုသပေးလျက် ရှိ သည်။

တစ်နေ့သောအခါ ဆရာမှုံသည် ဉာဏ်လယ်ကျေးရွာသို့ ဆေးကုသွားရာ ဉာဏ်လယ်ရွာတွင် အသက်(၂၀)ခန့် စိန်ကုလား ခေါ်သည့် လူတစ်ယောက် သည် ဥတစ်လုံး တစ်ကောင်ကြွက် ဖြစ်သောကြောင့် ခိုကိုးရာမဲ့ စိန်ကုလား အား မိမိအိမ်တွင် တောက်တိုမည်ရ ပြုလုပ်ရန်နှင့် မိမိနှင့်လည်း အဖော်ရရှိ ရန် ခေါ်လာခဲ့လေသည်။

စက္ကန့်နာရီတို့မှာ တရွေ့ရွေ့ဖြင့် ရွေ့လျားလာခဲ့ရာ ရက်မှလ, လမှနှစ်သို့ ပင် ကူးပြောင်းခဲ့လေပြီ၊ ဆေးဆရာကြီး ဦးမှုံမှာလည်း အိမ်မှာ နေရသည်ဟူ၍ မရှိဘဲ နေ့စဉ်နှင့်အမျှ ခရီးထွက်၍ လူနာများနှင့် နပန်းလုံးနေရလျက် ရှိသည်။

ဆရာကြီး ဦးမှုံသည် ကျောက် စောင်းရွာတွင် လူမမာတစ်ဦးအား ဆေးကုသပြီး၍ ပြန်လာပြီး ညချမ်း သောအခါ ပင်ပန်းနွမ်းနယ်သဖြင့် အိမ် ရှေ့ကွပ်ပျစ်တွင် ညလသာသာ ပုတီး စိပ်၍ နေရာမှ မှေးခနဲ ငိုက်မျဉ်းသွား လေသည်။

ထိုအချိန်တွင် ပုဆိုးကွက်ထောက် ကြီးနှင့် ပုဂ္ဂိုလ်ကြီး ရောက်ရှိလာပြီး ဆရာကြီး ဦးမှုံ၏ရှေ့တွင် ရပ်လျက်...

'မင်းမိန်းမ မရှိဘူး၊ လေ့လာ အကဲ ခတ်ဦး'

ဟု ပြောသောအခါ ဆရာကြီး ဦးမှုံ မှ...

'ကျွန်တော့်မိန်းမ ရှိပါတယ်။ မရှိ တုန်းကလဲ ဒီအတိုင်းပါပဲ'

ဟု ပြန်လည်ပြောသောအခါ ပုဆိုး ကွက်ထောက်ကြီးနှင့် ပုဂ္ဂိုလ်ကြီးမှ...

'မင်း တော်တော်ခက်တဲ့အကောင်ပဲ



www.burmeseclassic.com

www.burmeseclassic.com

မင်း နောက်မှ သိလိမ့်မယ်'

နံနက် မိုးသောက် အလင်းသို့ ရောက်သောအခါ ဆရာကြီး ဦးမှုံသည် ညက ပြောသွားသော ပုဂ္ဂိုလ်ကြီး၏ စကားအား အပြန်ပြန် စဉ်းစားလျက် စိတ်မကောင်းစွာဖြင့်ပင် ပြုနေကျ ဗုဒ္ဓဝေယျာဝစ္စတို့အား မချို့ယွင်းရလေအောင် ကောင်းမှုစရာတို့အား ပြုကျင့်လျက် ရှိလေသည်။

* * *

ဆရာကြီး ဦးမှုံသည် နံနက်အချိန် ရေနွေးကြမ်းသောက်နေစဉ် အိမ်ဝိုင်းထဲသို့ လူတစ်ယောက် ဝင်လာပြီး ဆရာကြီး ဦးမှုံအား...

'ဆရာကြီး ခင်ဗျား ကျွန်တော့်ဇနီးသည် မမာမကျန်း ဖြစ်နေတာ ကြာပါပြီ။ ကျွန်တော့်မိန်းမရဲ့ ကျန်းမာရေးအား ဆရာကြီးကို အားကိုးအားထားပြုပြီး လာရောက်ပင့်တာပါ ခင်ဗျား'

ဟု ညော့်သည်မှ ပြောသောအခါ ဆရာကြီးမှ...

'အမောင်က ဘယ်ရွာကလဲကွယ့်'

ဟု မေးလေသည်။ ညော့်သည် လူစိမ်းမှ...

'ဆရာကြီး ခင်ဗျား ကျွန်တော် နတ်စင်စု ကျေးရွာကပါ'

ဟု ပြောလေသည်။ ဆရာကြီး ဦးမှုံသည် လိုအပ်သည့် ဆေးဝါးများအား ပြင်ဆင်ပြီး ဆေးကွမ်းအစ် ထည့်ထားသော လွယ်အိတ်ကြီးအား လာခေါ်သော ညော့်သည် လူစိမ်းအား ပေးပြီး နတ်စင်စုကျေးရွာသို့ ထွက်လာခဲ့လေသည်။

နတ်စင်စုကျေးရွာနှင့် ဖောင်အိုင်ကျေးရွာသည် ကြားတွင် တောင်ကုန်းခြားလျက်ရှိရာ တစ်တောင်တက် တစ်တောင်ဆင်းဖြင့် လာခဲ့ကြရာ ဆွမ်းခံချိန်လောက်တွင် နတ်စင်စုကျေးရွာသို့ ရောက်ရှိလေသည်။

ဆရာကြီးသည် ထိုလူခေါ်ရာရွာသို့ ရောက်ရှိပြီး ရွာလယ်ရှိ အိမ်တစ်အိမ်ပေါ်သို့ တက်ခဲ့ကြလေသည်။ ဆရာကြီးသည် နတ်စင်စုကျေးရွာသို့ရောက်ရှိပြီး လူမမာအား ဆေးကုသနေလျက်ရှိရာ ရက်(၂၀)ခန့်ရှိသောအခါ လူနာ အမျိုးသမီးမှာ နေကောင်းသွားလေသည်။

ဆရာကြီး ဦးမှုံသည် နောက်တစ်နေ့ နံနက်စောစော နတ်စင်စုရွာမှ လူနာအမျိုးသမီး၏ ခင်ပွန်း လိုက်ပို့သဖြင့် နေအိမ်သို့ ပြန်လာခဲ့ရာ နေ ထန်းတစ်ဖျားခန့်တွင် နေအိမ်သို့ ရောက်ရှိလေသည်။

ဆရာကြီး ဦးမှုံသည် နေအိမ်သို့ ရောက်ရှိသောအခါ ဇနီးသည် မယ်သုန်အား မတွေ့ရှိရသကဲ့သို့ တပည့်ဖြစ်သူ စိန်ကုလားအား ရှာဖွေရာ မတွေ့ရသဖြင့် အိမ်ထဲသို့ဝင်၍ အခြေအနေအား အကဲခတ် ကြည့်ရှုစစ်ဆေးရာ အိမ်တွင်းရှိ အဖိုးတန်ပစ္စည်းများနှင့်တကွ ပစ္စည်းဥစ္စာများလည်း မရှိတော့ပေ။

ဆရာကြီး ဦးမှုံ သဘောပေါက်ချေပြီ။

* * *

ဆရာကြီး ဦးမှုံသည် စိတ်မကောင်းစွာဖြင့်ပင် တစ်မိုးချုပ်ခဲ့လေပြီ။ ညအိပ်ရာဝင်သောအခါ အိပ်၍မပျော်ဘဲ ရှိသဖြင့် ဘယ်လူးညာလိမ့်ဖြင့် နံနက် (၄)နာရီခန့် ချောက်ကြိုမြောင်ကြားမှ တောကြက်များပင် တွန်ချေပြီ။ ထိုအချိန်မှ ဆရာကြီး ဦးမှုံသည် မှေးခနဲ အိပ်ပျော်သွားလေသည်။

ထိုအချိန်တွင် ပုဆိုးကွက်ထောက်နှင့် ပုဂ္ဂိုလ်ကြီး ရောက်ရှိလာပြီး...

'မင်း... ငါပြောတာကို မယုံဘူး၊ တချို့မိန်းမတွေဟာ ပစ္စည်းရှိတဲ့ဒက်ကို မခံနိုင်ဘူး။ မင်းမှာ တတ်ထားတဲ့ ဆေးပညာနဲ့ တစ်ပြည်လုံးကို လှည့်လည်ပြီး လူတွေကို ကယ်ရမယ်။ အခု မင်းမှာ ဘာအပူအပင်မှ မရှိတော့ဘူး။ ရောက်တဲ့နေရာ ဘုရားတိုင်းမှာ ကုသိုလ်ကောင်းမှုများ ပြုလုပ်ပြီး စေတီပျက်များ ရှိရင်လဲ ပြန်လည် ပြုပြင်မွမ်းမံ တည်ထားရမယ်။ ဘုရားတည်တဲ့ အခါတိုင်းမှာ ဘုရားဒကာဟာ ဦးကျတ်ပဲ ဖြစ်ရမယ်'

ဟု ပြောသောအခါ ဆရာကြီး ဦးမှုံမှ...

'ဘုရား ဒါယကာနာမည် ကျွန်တော့်နာမည် မထည့်ရဘူးလား'

ဟု မေးသောအခါ ပုဆိုးကွက်ထောက်နှင့် ပုဂ္ဂိုလ်ကြီးမှ...

'မင်းနာမည် မထည့်ရဘူး။ ဂန္ဓာရီ လှည့်တဲ့အခါမှာ အဆင်ပြေအောင် မင်းအနားက လိုက်ပြီး ငါကူညီမယ်။ ပထမ သွားရမှာကတော့ ပြည်မြို့ ရွှေဆံတော်ဘုရား တန်ဆောင်းမှာ ငါသင်ပေးလိုက်တဲ့ ဂါထာနဲ့ (၉)ခေါက် ရွတ်ပြီး "သော ဘဂဝါ ဣတိပိ သတ္တာဒေဝမနုဿာနံ"အား ပုတီး (၉)ပတ်စိပ်ရမယ်'

ဟု ပြောဆိုပြီး ထွက်သွားလေသည်။

* * *

ဆရာကြီး ဦးမှုံသည် ပထမဦးစွာ ပြည်မြို့ ဂန္ဓာရီခရီး ထွက်လာကာ ပြည်မြို့သို့ ရောက်သောအခါ ပထမဦးစွာ ရွှေဆံတော်ဘုရား ကုန်းတော်ပေါ်သို့ တက်ရောက်ပြီး တန်ဆောင်းထောင့်တွင် နေရာယူပြီး အဓိဋ္ဌာန်ပုတီး မစိပ်မီ...

ဘဂ္ဂရာဂေါ ဘဂ္ဂဒေါသော၊
ဘဂ္ဂ မောဟော အနာသဝေါ။
ဘဂ္ဂါဿ ပါပကာ ဓမ္မာ၊
ဘဂဝါ တေန ဝုစ္စတိ။

**အနက်**

**အဿ** – ထိုမြတ်စွာဘုရားသည်



www.burmeseclassic.com

www.burmeseclassic.com

**ဘဂ္ဂရာဂေါ** – ချိုးဖျက်အပ်ပြီးသော ရာဂရှိတော်မူ၏၊ **(ဝါ)** ရာဂကို ချိုးဖျက်တော်မူပြီးဖြစ်၏။ **ဘဂ္ဂဒေါသော–** ဒေါသကို ချိုးဖျက်တော်မူပြီးဖြစ်၏၊ **ဘဂ္ဂမောဟော**–မောဟကို ချိုးဖျက်တော်မူပြီးဖြစ်၏၊ **အနာသဝေါ**–အာသဝတရားတို့ ရှိတော်မမူ၊ **အသာဘဂဝတော–** ထိုမြတ်စွာဘုရားသည်၊ **ပါပကာ**–အပါယ်ဆင်းရဲ မလွဲမဖောက်ရောက်စေတတ်စွာ ယုတ်မာကုန်သော၊ **ဓမ္မာ**–အကုသိုလ်တရားတို့ကို၊ **ဘဂ္ဂါ–** ချိုးဖျက်အပ်ကုန်ပြီ၊ **တေန**–ထိုသို့ ကိလေသာတရား အကုသိုလ်တရားတို့ကို ချိုးဖျက်တော်မူပြီးသော အကြောင်းကြောင့်၊ **ဘဂဝါ**–ဘဂဝါ ဟူ၍၊ **ဝုစ္စတိ**–ဆိုအပ်ပါပေ၏။

**(ပါဠိကို အဋ္ဌကထာရှိတိုင်း ပြင်ဆင်ပြီး အနက်ပြန်ဆိုလိုက်ပါသည်။)**

*[ဤဂါထာတော် ပါဠိအနက်ကို နကွတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး၊ ဦးသန်းအောင်ရွှေ မွှာစရိယ(မဟာဝဏ္ဏိဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။]*

ဤဂါထာတော်၏ အကျိုးမှာ ဘာတ်လာဘ ရှင်၏။ အခြွေအရံ ပေါများ၏။ အရောင်းအဝယ် ပွင့်လန်း၏ ပြောသမျှစကား အောင်မြင်၏။

ဆရာကြီး ဦးမှုံသည် ဤဂါထာအား (၃) ခေါက် ရွတ်ဆိုပြီးမှ **"သော ဘဂဝါ ဣတိပိ သတ္တာဒေဝမနုဿာနံ"** အား ပုတီးစိပ်၍ နေလေသည်။

ပုတီး ငါးပတ်ပြည့်သောအခါ လူ ယောက်တို့သည် ဆရာမှုံ ပုတီးစိပ်နေသည့် နေရာသို့ ရောက်ရှိလာပြီး ထိုယောက်ထဲမှ ခပ်ဝဝ အမျိုးသမီး



တစ်ယောက်သည် ငွေကြေးအချို့အား လာရောက်လှူဒါန်းပြီး ပြောဆိုသွားသည်မှာ...

'ငါတို့ဆန္ဒ ပြည့်ဝပြီ'

ဟု ပြောဆိုသွားကြပြီး မကြာမီ နောက်ထပ် အမျိုးသမီး သုံးဦး ဆရာကြီး ဦးမှုံ ပုတီးစိပ်နေသည့်နေရာသို့ လာရောက်ပြီး ငွေသားများနှင့်တကွ စားဖွယ်သောက်ဖွယ်များတို့အား လာရောက် လှူဒါန်းကန်တော့ပြီး ထွက်သွားလေသည်။

ဆရာကြီး ဦးမှုံသည် ဤမြင်ကွင်းများအား အံ့သြနေမိသည်မှာ...

'ငါသည် ရဟန်းသံဃာလဲမဟုတ်၊ သူတော်စင်လဲ မဟုတ်ဘဲ အဘယ်ကြောင့် လာရောက် လှူဒါန်းနေကြသနည်း'

ဆိုသည်ကို စဉ်းစားလျက်ရှိပြီး အဓိဋ္ဌာန်ပြီး၍ ထိုမှတစ်ဖန် ရွှေဆံတော်ကုန်းတော်ပေါ်မှ ဆင်းလာပြီး ဖိုးဦးတောင်ဘုရားသို့ တက်၍ အဓိဋ္ဌာန်ဝင်ရန် ဆက်လက်၍ ထွက်ခွာလာခဲ့လေသည်။

ဆရာကြီး ဦးမှုံသည် ဖိုးဦးတောင်ပေါ်တွင် အဓိဋ္ဌာန်ဝင်နေသည်မှာ ယနေ့ သုံးရက်မြောက်နေ့ နံနက်သို့ပင် ရောက်ရှိလာလေပြီ။ ဆရာကြီး ဦးမှုံသည် မိမိ၏ အဓိဋ္ဌာန်အား (၉) ရက်ပြည့်ရန် ဆက်လက်၍ အဓိဋ္ဌာန်ဝင်သွားမည် ဖြစ်သည်။

ထိုအချိန်တွင် တောင်ပေါ်သို့ ယောကျ်ား၊ မိန်းမ (၁၅)ယောက်ခန့်သည် လှူဖွယ်ပစ္စည်းများတို့ဖြင့် ရောက်ရှိလာပြီး ဖိုးဦးတောင်ပေါ်မှ ကပ္ပိယကြီးအား...

'ကပ္ပိယကြီး ဒီရက်အတွင်းမှာ ဒီကုန်းတော်ပေါ်ကို တရားထိုင်သူ လာပါသလား'

ဟု မေးရာ ကပ္ပိယကြီးမှ...

'လူတစ်ယောက်တော့ လာပြီး တရားထိုင် ပုတီးစိပ်နေတာ ကနေ့နဲ့ပါဆိုရင်တော့ သုံးရက်ရှိသွားပြီ'

ဟု ပြောရာ ထိုလူများမှ...

'အဲဒီပုဂ္ဂိုလ်ကို ဒီပစ္စည်းတွေ လှူချင်လို့ လာခဲ့ကြတာပါ'

ဟု ပြောဆိုပြီး ဆရာကြီး ဦးမှုံအား ငွေသားများနှင့်တကွ စားသောက်ဖွယ်ရာများတို့ကို လှူဒါန်းလေသည်။ ထိုအခါ ဆရာကြီး ဦးမှုံမှ...

'အမောင်တို့ ဘာကြောင့် အခုလို လာရောက် လှူဒါန်းကြတာလဲ'

ဟု မေးသောအခါ ထိုအဖွဲ့ထဲမှ အသက်(၅၀)ခန့်ရှိ ခေါင်းဆောင်ဖြစ်ဟန်ရှိသူ လူတစ်ယောက်မှ...

'ကျွန်တော်တို့ ဇီးအိုင်ရွာမှ လူများအားပုဆိုးကွက်ထောက်ကြီးနှင့် ပုဂ္ဂိုလ်ကြီးတစ်ဦးမှ အိပ်မက်ပေးသည်မှာ "ဒီ ဖိုးဦးတောင်ဘုရားအား ယခုရက်ပိုင်းအတွင်း လာရောက်တရားထိုင်သူ ပုဂ္ဂိုလ်အား သွားရောက်လှူဒါန်းပါက အကျိုးထူးပေးလိမ့်မည်။ ထိုသူသည် ဘုရားများအား ပြန်လည် ပြုပြင်မွမ်းမံနေသည့် ပုဂ္ဂိုလ် ဖြစ်သည်"

ဟု အိပ်မက်ပေးသောကြောင့် ယခုလို လာရောက် လှူဒါန်းဖြစ်ပါတယ်'

ဟု ပြန်လည် ရှင်းပြပြီး ထိုသူတို့လည်း ဘုရားဖူးပြီး တောင်အောက်သို့

www.burmeseclassic.com

ပြန်လည် ဆင်းသွားကြလေသည်။

* * *

ဆရာကြီး ဦးမှုံသည် ဘုရားများအား လှည့်လည်၍ အဓိဋ္ဌာန်ဂန္ဓာရီခရီး လှည့်ရာမှ ရရှိလာသော ဝတ္ထုငွေကြေးများအား ဦးကျတ်နာမည်ဖြင့် ဘုရားများအား လှူဒါန်းခြင်း၊ ဘုရားပျက် စေတီပျက်များအား ပြန်လည် ပြုပြင်မွမ်းမံ တည်ထားခြင်းများဖြင့် (၉) တောင်ပြည့် စေတီများအား တည်ထားလျက် ရှိလေသည်။

ဆရာကြီး ဦးမှုံသည် နရသီဟပတေ့မင်း တည်ထားခဲ့သည့် ဘုရား(၈) ဆူအနက် ဘူးကန်ချောင်း တောင်ကမ်းထိပ်တွင်ရှိသော "ရဲင်"ဘုရားအား ပြန်လည် ပြုပြင် မွမ်းမံ တည်ထားပြီး ယခုဘုရားသည် (၉) ဆူမြောက်ဘုရား ဖြစ်လေသည်။

ဘုရားတည်ပြီး၍ ယနေ့ နံနက် ထီးတင်ရန် ဆရာကြီး ဦးမှုံသည် ပရိသတ်များနှင့် ရှိနေစဉ် ခန္ဓာကိုယ်မည်းခြောက်ပိန်လှီပြီး အဝတ်အစားများမှာလည်း စုတ်ပြတ်ပေရေနေသော အသက် (၃၅)နှစ်ခန့်ရှိ လူတစ်ယောက်သည် ဆရာကြီး ဦးမှုံရှေ့သို့ ရောက်ရှိလာပြီးလျှင် ဆရာကြီး ဦးမှုံအား ဝတ်ဖြည့်ကန်တော့လျက် ရှိလေသည်။

ဆရာကြီး ဦးမှုံသည် ထိုသူအား စေ့စေ့စပ်စပ်ကြည့်ပြီး စဉ်းစားနေစဉ် တစ်ချိန်က မိမိတပည့်ဖြစ်သူ မိမိ၏ မိန်းမအား ခိုးယူသွားသူ စိန်ကုလားဖြစ်နေသည်ကို သိရှိရသောအခါ ဦးစွာ ပထမ ဒေါသဖြစ်သွားပြီး ထ၍ရိုက်ရန် တောင်ဝှေးကို ကိုင်လိုက်လေသည်။

ထိုအခါ ဆရာကြီး ဦးမှုံ၏ စိတ်ထဲသို့ အသိတစ်ခု ဝင်လာသည်မှာ ရန်,ရန်ချင်း မတုံ့နှင်းတော့ဘဲ ဒုက္ခတွေ့နေသူအား သနားစွာဖြင့် ကယ်တင်ရန်



စဉ်းစား ဆုံးဖြတ်လိုက်လေသည်။ စိန်ကုလားသည် ဆရာကြီး ဦးမှုံအား ပြောပြသည်မှာ...

'ဆရာကြီး ခင်ဗျား ကျွန်တော်မှားပါတယ်။ ယခုလဲ မယ်သုန်ဟာ ရှိပစ္စည်းများကို ယူဆောင်ပြီး နောက်ယောကျ်ားတစ်ယောက် နောက်ကို လိုက်သွားပါတယ် ခင်ဗျား'

ဟု ပြောလေသည်။

စိန်ကုလားသည် ဆရာကြီး ဦးမှုံအား ဆက်၍ ပြောသည်မှာ...

ဆရာကြီးခင်ဗျား ကျွန်တော် ဆရာကြီးနောက်မှလိုက်၍ ရေပူရေချမ်း ကမ်းလျက် ဝတ်ကြီးဝတ်ငယ် ပြုပါရစေ။ ဆရာကြီးရဲ့ ကျေးဇူးအား အသက်ထက်ဆုံး ပြန်လည် ဆပ်ပါရစေ'

ဟု ပြောဆိုကာ တောင်းပန်လေသည်။

ဆရာကြီး ဦးမှုံသည် (၉) ဆူမြောက်ဖြစ်သော "ရဲင်" စေတီတော်အား ပြန်လည် ပြုပြင်တည်ထားပြီး၍ ထီးတော်အတွက်တင်ပြီးသော် ပုဆိုးကွက်ထောက်ကြီးနှင့် ပုဂ္ဂိုလ်ကြီးနှင့်တကွ ပရလောက၌ ရှိကြသော မြင်အပ် မမြင်အပ်သော ပုဂ္ဂိုလ်များနှင့်တကွ ပရလောကသားများအား အမျှပေးဝေလေသည်။

ထိုအချိန်တွင် လေပြည်လေညင်းကလေးများ တိုက်ခတ်လာပြီး "ရဲင်" စေတီတော်အထက် ထီးတော်မှ ငွေဆည်းလည်းကလေးသည် တချွင်ချွင်မြည်လျက် ရှိလေတော့သည်။ ထို အချိန်တွင် သင်းပျံ့သော ပန်းရနံ့များ တို့သည် လေပြည်လေညင်းနှင့်အတူ မွှေးကြိုင်သင်းပျံ့ ထုံမွှေးလျက် ရှိလေ သည်။

ဆရာကြီး ဦးမှုံသည် ဘုရား(၉) ဆူ အား ဦးကျတ်နာမည်ဖြင့် ပြန်လည် ပြုပြင်မွမ်းမံ၍ တည်ထားပြီး ထီးတော် အတွက်တင်ထားပြီး၍ အမျှပေးဝေ သည့်နေ့မှစ၍ ပုဆိုးကွက်ထောက်နှင့် ပုဂ္ဂိုလ်ကြီးအား မတွေ့ဆုံရတော့ချေ။

ဆရာကြီး ဦးမှုံသည် ဒုက္ခများမြောင် သော လူ့ဘုံခန်းဝါကြီးအား လောက တရားများနှင့် အမျိုးမျိုး ရင်ဆိုင်ပြီး တရားသံဝေဂများစွာ ရရှိစွာဖြင့် ဆက်လက် လုပ်ဆောင် လျှောက်လှမ်း ရမည့် ဂန္ဓာရီခရီးစဉ်အား ရဟန်းဝတ်ပြီး လှည့်လည် ပြုလုပ် ဆောင်ရွက်လျက် ရှိလေသည်။

**ဦးကျတ်ဘုရားများသည် နတ်တလင်း မြို့နယ် အရှေ့ဘက် သံချိတောင်... ယခုထိတိုင်ရှိပြီး လွန်ခဲ့သော နှစ်... (၃၀)ခန့်က ဖြစ်ရပ်မှန်များတို့သည် ... အခါ ဒေသခံဂိုဏ်ဝင်များ ရှိပါသော်လည်း ဖြစ်ရပ်အမှန်ဖြစ်ပါကြောင်း (၉) တောင် ပြည့် ဦးကျတ်စေတီကလေးများမှ သက် သေခံလျက် ရှိပါသည်။**

နတ်တလင်းမြို့ အရှေ့ဘက် (...) မိုင်ခန့် ကွာဝေးသော ပဲခူးရိုးမတောင် ခြေရင်းရှိ ကရင်ဆင်ဆွဲရွာသို့ ... သွားရောက်ခဲ့ကြသော ဝေဒနာ... ပညာရှင် ဆရာရဲဖော်အား ဤစာ... သတိရစွာ ဂုဏ်ပြုအပ်ပါသည်။

**ဤဖြစ်ရပ်မှန်အား နာမည်များ လွှဲပြောင်းထားပါသည်။**


***သုခီ အဖွဲ့ဘာန် ပရိပာရှန်***

**မောင်မောင်သိန်း**
***(သတင်းထောက်–ဖီးကုန်း...)***



www.burmeseclassic.com

www.burmeseclassic.com



စေရွှေမိုး (တောင်ငူ)

# လယ်ကွက်ထဲက

## ကလေးငိုသံ

ဤ ဖြစ်ရပ်မှန်ဇာတ်လမ်းလေးသည် လွန်ခဲ့သော **နှစ်ပေါင်း(၂၅)နှစ်ခန့်က** စာရေးသူ၏ ရွာထဲမှ ကိုသိန်းဟံနှင့် ကိုဇော်ကြီးတို့ အမှန်တကယ် ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်မှန်ဇာတ်လမ်း ကလေး ဖြစ်ပါသည်။ ထိုသူနှစ်ဦးမှာ လူငယ်များ ဖြစ်ပြီး ယခုတိုင် ရွာမှာ ရှိနေပါသေး သည်။

နေရာကား **တောင်ငူမြို့၏ တောင်ဘက် အစွန်ဆုံး (၁၈)ရပ်ကွက် ငွေလှံ့ရပ်၏ ငွေလှံ့သချိုင်းကုန်းအနီး** တောင်ဘက်ရှိ လယ်ကွင်း။

ဤလယ်ကွင်းကို ကျွန်တော်တို့နေသည့် ပဲပုပ်ကျေးရွာဘက်က လာမည်ဆိုလျှင် ပထမဆုံး သရက်တောသုန်းတော်ကြီးကျောင်းဝန်းကို ဖြတ်ရပါသည်။

ထို့နောက် **ဇောတိကျေးရွာကို** ဖြတ်ပြီးလျှင် ဇောတိကျေးရွာ၏ မြောက်ဘက်ရှိ အင်းကြီးနံဘေး ကားလမ်းအတိုင်း သွားပြီးနောက် အင်းကြီး၏ မြောက်ဘက် ကန်သင်းပေါ်တွင် သင်းပင်နှင့် ကျီးပင်များ ပေါက်ရောက်ပြီး ယင်းထန်းပင်အနီးတွင် လူသေကောင်းများ မီးသင်္ဂြိုဟ်သည့်နေရာ ဖြစ်သည်။

ကန်သင်း၏ မြောက်ဘက်တွင် ကြာနီပန်းများ များစွာပွင့်သည့် ကြာနီကန်ကြီးတစ်အိုင် ရှိပါသည်။ ဇောတိရွာ၏ အနောက်ဘက်ဘေးမှာ ဖြစ်ပါသည်။

ထို့နောက် လမ်းအတိုင်း မြောက်ဘက်သို့ ဆက်သွားလျှင် လမ်း၏ ဘယ်ဘက်တစ်ချက်တွင် လယ်ကွင်းကြီး တစ်မျှော်တစ်ခေါ် ရှိပါသည်။ ရှေ့ဆက်သွားပါက ကိုချိုတဲတားဟုခေါ်သော အုတ်တဲတားလေးကိုရောက်ပါသည်။ အုတ်တဲတား၏ ပြွန်ပေါက်အကျယ်မှာ ဆယ်ပေခန့်ကျယ်ပါသည်။ ယင်းအုတ်တဲတားကို လွန်သော် ခြေလှမ်း နှစ်ဆယ်ခန့်တွင် ငွေလှံ့သချိုင်းကို ရောက်ပါသည်။

မိုးတွင်းကာလ နေ့တစ်နေ့၏ ညနေပိုင်းတွင် ငါးဆင်းမိုးဟုခေါ်သော မိုးကြီးသည်းထန်စွာ ရွာသွန်းပါသည်။ ည (၁၁)နာရီခန့်တွင် မိုးစဲသွားပြီး လ,ကလေး ထွက်လာပါသည်။

ထိုလ,ကလေးကို မိုးတိမ်အနည်းငယ်က ဖုံးသွားလိုက်၊ ပြန်လင်းလာလိုက်ဖြင့် ရှိနေစဉ် ပဲပုပ်ကျေးရွာတွင် နေထိုင်သော ကိုသိန်းဟံနှင့် ကိုဇော်ကြီးတို့သည် ကြိုတင်စီစဉ်ထားကြသည့်အတိုင်း ငါးများတံကိုယ်စီဖြင့် ပလိုင်းများလွယ်ကာ ကိုချိုတဲတားသို့ ငါးမျှားထွက်ကြပါသည်။

ကိုချိုတဲတားသို့ ရောက်သည်ဆိုလျှင်ပဲ နှစ်ဦးသား နေရာယူကြပါသည်။ တံတား၏ တောင်ဘက်မှာ ကိုဇော်ကြီးက နေရာယူပြီး တံတား၏ မြောက်ဘက် ထိပ်မှာ ကိုသိန်းဟံက နေရာယူကြပါသည်။

ယင်းနောက် အနောက်ဘက်ရှိ လယ်ကွင်းဘက်သို့ မျက်နှာမူထိုင်ကြပြီး ငါးမျှားဖို့ ပြင်ဆင်ကြပါသည်။

တံတားပေါ်မှာတော့ ရေများ အနောက်ဘက်မှ အရှေ့ဘက်သို့ တဝေါဝေါနှင့် စီးသံကြားနေရပြီး ငါးများလည်း သူ့ထက်ငါ တိုးဝှေ့ဆင်းနေကြသည်ကို ကြားနေရပါသည်။

www.burmeseclassic.com

သူတို့၏ ငါးမျှားကြိုးများတွင် ဖော့မပါဘဲ ခဲသီးနှင့် ငါးစာသာပါပြီး စပါးပင်များကြားတွင် ချမျှားကြပါသည်။ ငါးခူ၊ ငါးရံ့၊ ငါးပြေမ၊ တလားဗီးယား စသည့် ငါးများ တစ်ကောင်ပြီးတစ်ကောင် ဆွဲတင်နေကြပါသည်။

ဤလိုနှင့် ညဥ့်(၁၂)နာရီထိုးပြီးလောက်တွင် ကိုသိန်းဟံသည် ကြောက်စိတ်မရှိသော်လည်း စိတ်ထဲမှာ မလုံသလိုဖြစ်လာပြီး ခပ်လှမ်းလှမ်းရှိ သင်္ချိုင်းကုန်းဘက်သို့ လှမ်းလှမ်းကြည့်နေမိပါသည်။

သင်္ချိုင်းကုန်းလမ်းတွင် လျှပ်စစ်မီးတစ်ပွင့် ထွန်းထားသော်လည်း လမ်း၏ တစ်ဖက်တစ်ချက်တွင် မကြာခဏထပ်ထပ်ပြီး မြှုပ်လေ့ရှိသော မြေပုံများကို တွေ့မြင်နေရပါသည်။

တစ်ချက်တစ်ချက် ညှီစို့စို့အနံ့လည်း ရလာပါသည်။ မြန်မာသင်္ချိုင်းနှင့် တစ်ဆက်တည်း အနောက်ဘက်တွင် တရုတ်သင်္ချိုင်းရှိပါသည်။ ထို တရုတ်သင်္ချိုင်းမှာ အုတ်ဂူများနှင့် ပြည့်နှက်နေပြီး ပတ်ပတ်လည်တွင် အုတ်တံတိုင်းကြီး ပတ်ထားပါသည်။

အနောက်ဘက်စည်းရိုးတွင် ကုက္ကိုပင်ကြီးများ အုပ်ဆိုင်းနေပြီး ကုက္ကိုပင်တစ်ပင်မှာ တစ်ပင်လုံး ကိုင်းခြောက်များဖြင့် ငေါင်းစင်းစင်းကြီး ရှိနေပါသည်။

သို့နှင့် တစ်ချိန်တွင် ကိုးသိန်းဟံ၏ ငါးမျှားကြိုးတွင် ငါးကြီးကြီးတစ်ကောင် မိနေပြီး ကုန်းပေါ်သို့ တော်တော်နှင့် ပါမလာဘဲ ရေထဲမှာပဲ တဘွမ်းဘွမ်းနှင့် ဖြစ်နေပြီး ကိုသိန်းဟံမှ အားကုန်ဆွဲမြှောက်လိုက်ရာ တစ်တောင်ခန့်ရှိသော ငါးပတ်ကြီးတစ်ကောင် ပါလာသည်ကို လရောင်ဖြင့် ဖွေးဖွေးကြီး လှမ်းမြင်လိုက်ရပါသည်။



ငါးမျှားကြိုးနှင့် အတန်မှာ ဆယ့်ငါးပေခန့်ရှည်သဖြင့် သင်္ချိုင်းကုန်းဘက်သို့ သွားကောက်ရပါသည်။ ကိုသိန်းဟံသည် လက်နှိပ်ဓာတ်မီးဖြင့်ထိုး၍ သွားရောက်ရာတွင် ငါးမျှားချိတ်၌မိနေသော အကောင်မှာ ငါးပတ်ငါး မဟုတ်ဘဲ မျက်လုံးပြူးပြူးနှင့် ပုတ်သင်ညိုကြီး တစ်ကောင်မိနေတာကို အံ့သြစွာ တွေ့ရသဖြင့် ရုတ်တရက် ကြက်သီးများပင် ထသွားမိပါသည်။

ဟိုဟိုဒီဒီ ဓာတ်မီးဖြင့် ထိုးကြည့်သော်လည်း ငါးပတ်ငါးကို မတွေ့ရပါ။ ကိုသိန်းဟံ သဘောပေါက်သွားပါပြီ။ ထိုအချိန်မှာ အပုပ်နံ့ကလည်း နှာခေါင်းထဲ တိုးဝင်လာသဖြင့် သင်္ချိုင်းကုန်းဘက်သို့ ဓာတ်မီးဖြင့် တစ်ချက် ထိုးကြည့်မိပါသည်။

ကိုသိန်းဟံက ရဲဆေးတင်သည့် အနေဖြင့် "ငါ...ပုတ်သင်ညိုကလဲ" ဟုဆဲကာ ပုတ်သင်ညိုကို ဓားပြားနှင့် ဖိ၍ဖြတ်ပြီး တံတားနားကို ပြန်လာကာ ငါးထပ်မျှားပါသည်။

ကိုဇော်ကြီးက...

'ကိုသိန်းဟံ ငါးပတ်ကြီးရတယ် မဟုတ်လား'

ဟု မေးရာ ကိုသိန်းဟံက...

'ငါးပတ် မဟုတ်ပါဘူးကွာ ပုတ်သင်ညိုကြီး ပါလာတာ'

ဟု ပြန်ပြောပြရာ ကိုဇော်ကြီးက...

'ဒါဆို သိပ်မရှိးဘူးနော် ကိုသိန်းဟံ သတိတော့ ထားမှ...'

ဟု ပြောနေတုန်း ကိုးသိန်းဟံ၏ ရှေ့ခပ်လှမ်းလှမ်းရှိ လယ်ကွက်ထဲမှ "အူဝဲ... အဲဟဲဟဲ" "အူဝဲ...အဲဟဲဟဲ" ဆိုသည့် ကလေးငိုသံကို ကြားလာရ ပါသည်။ အပုပ်နံ့ကလည်း တိုး၍ တိုး၍ နံလာပါသည်။

ကိုသိန်းဟံမှ...

'ဟော ကိုဇော်ကြီး ကလေးငိုသံ ကြားလား'

ဟုမေးရာ ကိုဇော်ကြီးမှ...

'ကြားတယ် ကိုသိန်းဟံ ကလေးငိုသံက... ရောက်တုန်းကတော့မကြားဘဲ အခုမှ ဘယ်က ကလေးကရောက်လာပြီး ကြားရ... တုန်း။ ငိုသံကလဲ ကလေးငိုသံနဲ့ မတူ... အစ်အောက်အောက်ကြီး ကိုသိန်းဟံ ကျွန်တော်တို့တော့ သူရဲခြောက်နေပြီ ပြန်... ရအောင်'

ဟု ပြောရာ ကိုသိန်းဟံကလည်း အတွေ့အကြုံအရ သူရဲခြောက်တာ... သေချာနေပြီဖြစ်၍ နှစ်ဦးသား ခပ်သုတ်... သုတ်သိမ်းပြီး ပြန်ခဲ့ကြပါတော့သည်။ လမင်းကြီးကိုလည်း တိမ်များ ဖုံးလွှမ်း... ၍ နေပါပကော။

တစ်ချိန်က ငွေလုံသင်္ချိုင်းကုန်း... မှာ ယခုအခါမှာတော့ အလွန်စည်ကား... သည့် ငွေတောင်ဦးကွက်သစ်ကြီး... ဖြစ်၍နေပါပြီ။

ဇောတိကျေးရွာအင်းကြီးနှင့် ထ... ပင်များ၊ ကျီးပင်နှင့် ကြာနီအိုင်ကြီး... လယ်ကွင်းများ၊ ကိုချိုတံတားတို့... တော့ ယခုတိုင် ရှိနေပါသေးသည်။

ဤဇာတ်လမ်း အဖြစ်အပျက်... ကလေးကို ပြောပြပေးကြသော **ကိုးသိန်းဟံနှင့် ကိုဇော်ကြီးတို့အား** အထူးပင် ကျေးဇူးတင်ရှိပါကြောင်း... မှတ်တမ်းတင်အပ်ပါသည်။

**စန္ဒာမိုး (တောင်ငူ)**



www.burmeseclassic.com

www.burmeseclassic.com



နေဖြိုးအောင်လင်း
(စလေ)

# သစ်အစွဲနှင့်

## ထူးခြားဖြစ်ရပ်များ

ဤလောကအတွင်း၌ နာနာဘာဝဟု ခေါ်ဝေါ်နေကြသော ပရလောကသားများ အမှန်တကယ် ရှိနေသည်ကို ဘုရားဟောဇာတ် ခုဒ္ဒကနိပါတ် ပါဠိတော်များကို ဖတ်ရှု သိရှိနိုင်ပေသည်။ ယခုစာရေးသူ တင်ပြမည့်အကြောင်းအရာမှာ ပါဠိစာပေအားဖြင့် "**ပေတ**"၊ အရပ်သုံးစကားနှင့် ပြောရလျှင် "**အစွဲ**"ပင်ဖြစ်ပါသည်။

အပါယ်လေးဘုံသားဖြစ်သော ပြိတ္တာအမျိုးအနွယ်တွင် ပါဝင်ကာ သစ်ပင်ကြီးသယ်တို့ကို အမှီပြုနေထိုင်ပြီး မိမိ မှီခိုရာသစ်ပင်တို့သဘာဝ ရာသီဥတုဒဏ်ကြောင့် လဲပြိုသေကျေပျက်စီးသော်လည်း မိမိ မှီခိုနေထိုင်သည့် သစ်ပင်အားစွန့်လွှတ်နိုင်ဘဲ အစွဲလမ်းကြီးကြီးနှင့် ကာလ ရှည်ကြာ စွဲလမ်းအမှီပြုနေသည့် **သစ်အစွဲ သစ်ပြိတ္တာ**ကို ဆိုလိုပါသည်။

---

**ကလေးထိန်းကောင်းသော သစ်စွဲ**

---

ရေလယ်သောင် ရွာကလေးသည် ဧရာဝတီမြစ်ကမ်းနံဘေး မြေနုကျွန်းပေါ်တွင် ရွာတည်ထားပြီး အိမ်ခြေ(၅၀)ကျော်ရှိကာ ကိုင်းလုပ်ငန်း လုပ်ကိုင်သူ များလေသည်။

ကိုမြင့်အောင်+မသန်းစိန် ဇနီးမောင်နှံတို့သည် နှစ်ဖက်မိဘ လက်ထက်မှ စတင်ကာ ကိုင်းလုပ်ငန်းကို ဇောက်ချလုပ်ကိုင်သူများဖြစ်ကြကာ နှစ်ဖက်မိဘများ ကွယ်လွန်သွားကြပြီဖြစ်၍ ကံတူအကျိုးပေးဟုလည်း ဆိုနိုင်လေသည်။

နံနက် ဝေလီဝေလင်းကတည်းက ထမင်းချက်ပြုတ်ပြီး လှည်းတစ်စီးနှင့် လင်မယားနှစ်ယောက်စလုံး ကိုင်းထဲထွက်ကြရသည်။ တစ်ရံတစ်ခါ နေကုန်နေကြ၍ တစ်ရံတစ်ခါ နံနက်စာ ပြန်စားပြီး အိမ်ရှိ လုပ်ကိုင်စရာရှိသည်များ လုပ်ဆောင်၍ ညနေစောင်းတွင် တစ်ယောက်တော့ အနည်းဆုံး ကိုင်းထဲ မဖြစ်မနေ ပြန်ထွက်ရသေးသည်။

အိမ်ထောင်သက် နှစ်နှစ်ကျော်တွင် သားဦးလေး မောင်မြင့်စိန် ရရှိလာသဖြင့် ကလေးထိန်းတာဝန် ပိုလာလေသည်။ သို့သော် အလုပ်များသဖြင့် မထိန်းနိုင်ကြဘဲ နံနက်စောစော နို့တိုက် ထမင်းခွံ့ပြီးလျှင် ပုခက်တွင် သိပ်ထားခဲ့ပြီး ကိုင်းထဲ အလုပ်ဆင်း၍ နေကုန်မှ ပြန်ရသည်ကား များလှလေသည်။

ကလေးမှာ ပုခက်ထဲ သိပ်ထားရင်း နိုးနေပြီး ပုခက်မှ ထွက်ကျနေသော်လည်း ကွပ်ပျစ်ပေါ်မှ အောက်သို့ လိမ့်ကျကာ ငိုကြီးချက်မ ငိုယိုနေသည်ကို မတွေ့ရပေ။ ဆော့ကစားနေသည်ကိုသာ တွေ့ရသည်။ လေးဖက်သွား မတ်တတ်ရပ်စ, အချိန်တွင် တစ်နေ့သောအခါ ကလေးနိုးနေပြီး အိမ်အောက်

www.burmeseclassic.com

ဆော့ကစားနေစဉ် အနား၌ ခွေးကြီး
ာစ်ကောင် တွေ့ခဲ့ရသော်လည်း ကိုက်
င်း မရှိပေ။ အိမ်၌ လူကြီးမရှိစဉ်
ားခဲ့သော်လည်း ငိုယိုသည်ကို လုံးဝ
ဝတွေ့ရသလောက်ပင်ဖြစ်သည်။

ကိုမြင့်အောင်တို့ ယခုနေသော
မ်ကြီးသည် မိဘများ လက်ထက်တွင်
မြင့်အောင် ငယ်စဉ်အခါ ယောချောင်း
ကြီးသောနှစ်၌ ချောင်းအတွင်းမှ
ယ်ယူခဲ့သော သစ်တို့နှင့် ဆောက်ခဲ့
်းဖြစ်သည်။ မိဘများလက်ထက်
လည်း ထိုအိမ်ကြီးအနေနှင့် မိသားစု
န်းမာရေး၊ စီးပွားရေး မထိခိုက်ခဲ့ပေ။
ယခု သားဦးလေး မောင်မြင့်စိန်
စ်နှစ်မြောက်မွေးနေ့တွင် သံဃာတော်
းအား ဆွမ်းကပ် လှူဒါန်းခဲ့သည်။
ခ်းကျွေးပွဲအပြီး လူစုကွဲချိန်၌ သက်
ာ်ဝါတော်ကြီး ဆရာတော်ကြီး
ပ်ါးမှ ကိုမြင့်အောင်ကို ခေါ်၍...

'ဒကာရဲ့အိမ် ကြွင်းတိုင်က သစ်မှာ အစွဲ
ါလာတယ်။ အဲဒီအစွဲနဲ့သစ်ကို လဲပေး လိုက်ပါ'
ဟု မိန့်မှာသွားခဲ့လေသည်။

ထိုနှစ် ကိုင်းသိမ်းပြီးချိန်တွင် အခြား
းတစ်လုံးဝယ်၍ အစားလဲလှယ်ကာ
အားလည်း ဝိုင်း၏အပြင်ဘက် ခရီး
ဘွင် ယူချင်တဲ့သူ ယူသုံး ဆိုပြီး ပစ်
းလိုက်လေသည်။

သစ်စွဲမို့ မည်သူမျှ ယူမသုံးဝံ့။ ထိုနှစ်
းရတက်ချိန်တွင်လည်း သစ်စွဲမှာ
းတွင် မျောပါခြင်း မရှိခဲ့ပေ။ အိမ်တိုင်
ပစ်ထားခဲ့စဉ် သစ်စွဲက သူတို့
ယားကို အိပ်မက်ပေးခဲ့သေးသည်။

နင်တို့လင်မယား ရက်စက်တယ်။ ငါ့မှာတော့
တို့ကလေးကို အိမ်မှာ ထားခဲ့တဲ့အခါ
က်ထဲက လိမ့်မကျ မငိုရအောင် ထိန်းပေး
တယ်။ တစ်ခါကလဲ ခွေးရူးကြီး ကလေး
ကိုက်မယ်လုပ်လို့ ငါကပဲ တားပေးခဲ့ရ
ယ်။ ငါ့အပေါ်ကျတော့ အိမ်မှာမနေရအောင်
င်ပါချွတ်ပြီး နတ်လွှင့်လိုက်တယ်'

ပ်မက်ပေးပြီး နောက်ရက်ပိုင်းတွေ

မှာ သစ်စွဲကို သူတို့ ကောင်းမှုကုသိုလ် ပြုတိုင်း ကုသိုလ်အဖို့ဘာဂကို အမျှပေးဝေခဲ့သည်။ သုံးနှစ်မြောက် ရေကြီးသော အခါ အိမ်တိုင်သစ် မျောပါသွားခဲ့လေတော့သည်။ သစ်စွဲ ကျွတ်လွတ်သည်၊ မကျွတ်လွတ်သည်ကိုတော့ သေချာ မပြောနိုင်ပေ။ ပြောနိုင်သည်ကတော့ **"ကလေးထိန်းကောင်းသည့် သစ်စွဲ"** ဟူ၍ပင် ဖြစ်လေ၏။

## အမယ်လေး တ,တဲ့ သစ်စွဲ

စာရေးသူတို့ ကျေးရွာသည် မြစ်ကမ်းပါးနီးတွင် ရှိလေရာ ဧရာဝတီ မြစ်ရေကြီးချိန် မိုးတွင်းကာလတွင် အထက်မြစ်ညာဘက်မှ လာသည့် ချောင်းတို့မှတစ်ဆင့် သစ်၊ ဝါး၊ ထင်း စသည်တို့ကို မြစ်တွင်းသို့ မျောပါလာချိန် ဆယ်ယူလေ့ ရှိကြပါသည်။

ထိုသို့ ဆယ်ယူကြရာတွင် အမှတ်မထင် ထင်းတုံးကြီးတစ်ခုကို ရေထဲမှ ဆယ်ယူ၍ ရေချိုးဆိပ်ကမ်းပေါ် တင်ထားလိုက်သည်။ ရက်ကြာ၍ ထင်းခြောက်သောအခါ ဖိုးပေသီးဆိုသူမှ လက်ဆော့၍ ပုဆိန်နှင့် ပေါက်လိုက်ရာ **"အမယ်လေးတော့"**ဟု အော်လေ



သည်။ ပထမတွင် မည်သူမျှ မသိသော်လည်း နောက်တော့ ရွာတွင်းရှိ ကလေး လူကြီးမကျန် "အမယ်လေး တ,တ" အော်သံကို ကြားချင်၍ ဟိုလူက ဆင်းပေါက်၊ ဒီလူက ဆင်းပေါက်နှင့် ထင်းတုံးကြီး လည်း တဖြည်းဖြည်းနှင့် ကုန်သွား လေ၏။ ထိုကဲ့သို့ လူများ ပုဆိန် စသည်နှင့် မကြာခဏ လာပေါက်သော်လည်း မည်သူ့ကိုမျှ အထိတ်တလန့်ဖြစ်စေရန် ခြောက်လှန့် ကိုယ်ထင်ပြခြင်း မရှိဘဲ ထင်းတုံးကုန်သွားမှသာ အော်သံလည်း ပျောက်သွားလေ၏။ ဤဖြစ်ရပ်မှာ စာရေးသူတို့အား လူကြီးမိဘတို့ ပြောပြ ခဲ့သော အမယ်လေးတ,တဲ့သစ်စွဲ အကြောင်းပင်ဖြစ်၏။

## နေရာမရွေ့ ယနေ့တိုင်ရှိသော သစ်စွဲ

နေရာမရွေ့သော သစ်ပင်လဲကြီး အား **ချောက်မြို့နယ်၊ ပခန်းငယ်အုပ်စု ရွာငယ်ကန် မြင်သာကုန်းကျေးရွာ ရေချိုးဆိပ်ချောင်းဝတည့်တည့်၊ စလေ ပခန်းငယ် မြစ်ရေတင်စီမံကိန်း၊ ရေ အရင်းအမြစ် ပန့်ကျင်း၏ အနောက် မြောက်ဘက်ကပ်လျက် ဧရာဝတီမြစ် ကမ်းနံဘေးတွင် တွေ့နိုင်ပါသည်။**

**ထိုသစ်ပင်ကြီးအား အသက်(၈၀)အရွယ် ရှိ လူကြီးတို့ပင် ချောင်းကမ်းပါးမှ လဲ... ဘာလား၊ မြစ်ညာအသေမှ မျောပါလာခဲ့... လား၊ မည်သူမျှ အသေချာ မပြောနိုင်... သက်နှံနက်သားဟု တစ်ဆင့်စကား... လာရောက် လေ့လာရာတွင်လည်း... မဟုတ်၍ မြင်သွားကြသူတွေလည်း ... ပင်။**




www.burmeseclassic.com

www.burmeseclassic.com

# ပရန္နဝါအားဆေး

(၉၆)ပါးရောဂါ ကင်းဝေး



နတ်မောက်မြို့နယ်၊ စည်ရွာသို့ ရောက်ရှိစဉ်က ဆရာဦးပေါက်ဆိုသူနှင့် တွေ့ဆုံ စကားပြောစဉ် ရရှိခဲ့သော ဆေးနည်း တင်ပြအပ်ပါသည်။

ဆရာဦးပေါက်မှာ ဆေးသမားမျိုး ရိုးဟု ဆိုရပါမည်။ သူ၏ **အဘိုးဆရာကြီး ဦးကျောက်တိုင်၊ သူ၏ ဖခင်ဆရာကြီး ဦးရွှေလှိုင်**တို့မှာ ရှေးမြန်မာ ဆေးသမားကြီးများဖြစ်ပြီး ပညာအမွေကို သားလေးယောက်တွင် ယင်း ဦးပေါက်တစ်ဦးတည်း ဆက်ခံရရှိပြီး ဆေးကုသနေသူ ဖြစ်ပါသည်။

'ဆေးကုခြင်းသက်သက်နဲ့ ထမင်း ရှာစားနေတာ မဟုတ်ပါဘူးဗျာ။ စိုက် ပျိုးရေး၊ မွေးမြူရေးတွေ လုပ်ပါတယ်။ ဆေးဖော်၊ ဆေးပေး၊ ဆေးကုတယ် ဆိုတာက ကုသိုလ်ဖြစ်သဘောပါ။ စေတနာသက်သက် မေတ္တာစွက်ပြီး ကရုဏာစိတ်ဖက်လို့ ကုသပေးနေတာပါ။ တောင်သူလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း က ရရှိသမျှ ပိုငွေကို ဆေးဖော်တာ များပါတယ်။ ဗီဇိတဒါနပဲပေါ့ဗျာ'

ဟု ပြောပါသည်။

ဆရာဦးပေါက်နှင့် စပ်မိပြောမိ ဆွေးနွေးခဲ့သည့် ဆေးနည်း ဆေးစွမ်း အမျိုးမျိုးထဲမှ ပရန္နဝါအားဆေးကို သဘောကျမိသဖြင့် ရေးသားအပ်ပါသည်။

ပရန္နဝါပင်တစ်ပင်လုံး(ပွင့်၊ ငုံ၊ ပါး) နုတ်ယူပြီး နုပ်နုပ်စဉ်းကာ အခြောက်ခံ အမှုန့်ပြုရ သည်။ ထို့နောက် ပျားရည်၊ ထောပတ်ကို သိပ်မပျစ်ပျစ်နယ်၍ ရသည်အထိ ထည့်မွှေပြီး ရွှင်း လေလုံသော ပုလင်းတွင် ထည့်ပိတ် ထားပါ။

တစ်ပတ်ခန့်ရှိလျှင် ဆေးအသားကျပြီဖြစ်၍ နေ့စဉ် နံနက်တွင် လက်ဖက်စားတစ်ဇွန်း စားပြီး နွားနို့ပူပူ မှိဝဲပေးရပါသည်။

ပျောက်ကင်းနိုင်သော ရောဂါများမှာ ဒူးနာ၊ ခါးနာ၊ ခြေလက်ထုံကျဉ်၊ ဆံဖြူ သွားကျိုး၊ ကိုယ်လက်လေးလံ ထိုင်းမှိုင်းခြင်း၊ သွေးအားနည်း၊ သုက်သွေး အားနည်း၊ အရေပြားတွန့်ရှုံ့ခြင်း၊ မျက်စိမှုန်ခြင်း၊ အသုတ်မကောင်းခြင်း၊ မြင်းသရိုက်ရောဂါ၊ ကိုယ်ဖောကိုယ် ရောင်ခြင်း၊ ခံတွင်းပျက်၍ လေထိုး လေအောင့်ခြင်း၊ နားလေး၍ မောပန်း ခြင်း ဝေဒနာများ တစ်လမျှ စွဲစားလျှင် အားလုံး သက်သာ ပျောက်ကင်းစေပါ သည်။

အနားသတ်အနေဖြင့် (၉၆)ပါး ဝေဒနာများကို ပရန္နဝါအားဆေးတစ်ဖုံ နှင့်ပင် လိုသလို သုံးစားပျောက်ကင်း စေနိုင်သည်ဟုပင် ဖြစ်ပါသည်။

ပရန္နဝါပင်မှာ ဒေသများစွာတွင် အလေ့ကျ ပေါများစွာ ပေါက်ရောက် ပါသည်။ ရှေးဆရာစဉ်ဆက် အသုံးပြု ခဲ့သော လက်စွဲဆေးပင် ဖြစ်ပါသည်။

**နတ်မောက် မျိုးနော်**

---

**ဗာမျက်နှာ (၂၇၄)မှ အဆက်**

ထူးခြားသည့် အချက်ကတော့ **သစ်တုံးကြီးပေါ်သို့ အဝတ်၊ ထဘီလျှော် ဖွပ်ခြင်းကို လက်မခံပါ။ မည်သူမှ လည်း မလျှော်ဖွပ်ဝံ့ပါ။** တစ်ခါက လည်း သစ်တုံးကြီးအနီး ဆိုက်ကပ်ထား သော သစ်ဖောင်သမားများသည် ထမင်းချက်ရန်အတွက် တုံးကြီးကို ထင်း ပေါက်ယူပြီး ဖောင်ပေါ်တင်ထားရာ နံနက် ဖောင်ထွက်မရ ဖြစ်သဖြင့် ထင်း များကို ပြန်ထားခဲ့လေသည်။

သစ်တုံးကြီး ကန့်လန့်ခံသောနေရာသည် ချောင်းဝ မြစ်ရေကြီးချိန်တွင် ရေစီး အလွန် သန်၍ ကြမ်းသောနေရာ ဖြစ်သော်လည်း မူလနေရာမှ နည်းနည်းမျှ ရွေ့သွားခြင်းမရှိခဲ့ပါ။

မြစ်ရေတင် စီမံကိန်းအတွက် မြင်သာ ကုန်းရွာ ကမ်းနားစပ်ထိုင်ရန် ပန့်ကျင်း တူး၊ ကွန်ကရစ်လောင်းဖို့ မြေတူးမြေ ကော် ဘူဒိုဇာ၊ စက်များ အဆင်းလမ်း မလွတ်သည်နှင့် မြေထိုးစက်နှင့် ကော် ပက်ချခဲ့သဖြင့် မူလနေရာထက် အနောက်ဘက် အနိမ့် စောက်ထဲ ကျ သွားခဲ့လေသည်။

မြစ်ရေကြီးချိန်တွင် ရေအောက် (၁၀) တောင်ခန့် အနက်ရောက်နေပြီး နွေ ရာသီ မြစ်ရေနည်းချိန် ကမ်းစပ်ကပ် လျက် မြင်တွေ့နိုင်ပါသည်။ ထိုပန့်ကျင်း နေရာကလည်း ရေစီးသန်သဘော ကြောင်းဖြစ်သဖြင့် အခြားသစ်ပင်လဲ ဆိုလျှင် နေရာမှ မရွှေ့ဘဲမနေနိုင်။ ရေစီး တွင် မျောပါရမည် ဖြစ်ပါသည်။

သို့သော် ထိုသစ်တုံး၊ သစ်ပင်လဲကြီး ကား တုတ်တုတ်မျှပင် မရွှေ့။ ကျောက် စိုက်ကျောက်ခဲထက်ပင် နေရာမြဲနေခြင်း မှာ သူ့ရဲ့နေရာကိုပင် အစွဲလမ်းကြီးနေ သော သစ်စွဲပင် ဖြစ်ပါတော့သတည်း။

**နေအောင်လင်း(စလေ)**



www.burmeseclassic.com

www.burmeseclassic.com

အဘိုးငယ် ပြောလက်စ စကားကို ရပ်ထားလိုက်ပြီး အားလုံးကို တစ်ယောက်ချင်း အကဲခတ်ကြည့်သည်။

'ပြောပါ အဘိုးငယ်... ကျွန်တော်တို့ အဘိုးငယ် စကားတွေက မှတ်သားစရာ တွေမို့ ကျွန်တော်တို့အားလုံး စိတ်ဝင်စားကြပါတယ်'

'အေး...အေး၊ အေးကွယ့်... အဘိုး ပြောတာတွေက အဘိုးရဲ့အတွေ့အကြုံ တွေချည်းပဲ။ မောင်တို့လို ပညာတတ်တွေ မဟုတ်တော့ စာအကြောင်း ပေအကြောင်း တွေ မပြောတတ်ပေဘူး။ နို့ပေမယ့် ဖြတ်သန်းခဲ့တဲ့ နှစ်များစွာ ကာလအတွင်းမှာ တွေ့ကြုံခဲ့ရ၊ မှတ်သား မိခဲ့တာတွေကို ပြောပြရတာပေါ့၊ ဗဟုသုပေါ့ကွယ်'

'အဘိုးငယ်ကလဲ ဗဟုသုတဆိုတာထက် ကျွန်တော်တို့အတွက် မှတ်သားစရာတွေချည်းပါပဲ။ ကဲ... ဆက်ပြောပါဦး အဘိုးငယ်ရယ်'

အားလုံးအကြည့်တွေက အဘိုးငယ်ဆီ ရောက်သွားကြသည်။ ပြောင်းဖူးဖက် ဆေးလိပ်တိုကြီးကို မီးညှိ ဖွာရှိုက်ရင်း ဆက်ပြောလေသည်။

'အဘိုးတို့ငယ်ငယ်က တောတောင်တွေထဲ ခဏခဏသွား အလုပ်လုပ်ရတယ်။ သိပ်ဝေးတဲ့ တောနက်ကြီးတွေထဲ သွားကြပြီဆိုရင် အပြန်ခရီးတွေမှာ မှောင်မှောင်သွားတတ်ပြီး မျက်စိလည်တာတို့၊ လမ်းမှားတာတို့ မကြာမကြာ



အေးချမ်းအောင် (ရမည်းသင်း)

ဘိုးငယ်၏ တောတွင်းအတွေ့အကြုံများနှင့်

# ပျားရည်ခိတ်ဆိုးခြင်း

ကြုံရလေ့ ရှိတယ်။

အဲဒီလို ဖြစ်ဖန်များတော့ သစ်စုန်း ဖြစ်နေတဲ့ သစ်ပင်က သစ်ခွံခြောက် ခေါက်တွေ ခွာ၊ နွေမှာဆိုရင် ရေစိမ်၊ မိုးတွင်းမှာဆို ရေစိမ်စရာမလို...

အဲ...လမ်းမှားနိုင်တဲ့နေရာ... သစ်စုန်းခွံလေးတွေ နည်းနည်း... ဖဲ့ချပြီး ထားခဲ့၊ အပြန်လမ်း...



www.burmeseclassic.com

www.burmeseclassic.com

လောက်မှောင်မှောင် သစ်စုန်းခွံလေးတွေ ကြည့်သွားရုံပဲ။ မျက်စိလည်နေလဲ လမ်းမမှားတော့ဘူး'

'ဒါနဲ့ အဘိုးငယ်... သစ်စုန်းသစ်ခွံတွေက ဘယ်လို အကျိုးပြုလို့လဲ'

'သူက ညမှောင်ရင် ပိုးစုန်းကြူးအလင်းရောင်နဲ့တူတဲ့ အလင်းရောင်တွေ လင်းတယ်။ နေ့ခင်းဘက်တော့ သစ်ခွံပဲ၊ မှောင်မှ လင်းတာ။ ဒါကြောင့် သစ်စုန်းလို့ ခေါ်ကြတာ။ ကိုယ်ချထားခဲ့တဲ့ သစ်စုန်းသစ်ခွံလေးတွေရဲ့ ညမှောင်မှောင်မှာ အလင်းရောင်လေးတွေ အတိုင်း လိုက်သွားရုံပဲ။

သစ်စုန်းကို အဘိုးတို့ မသိခင်ကတော့ အချိန်မီ နေရောင်နဲ့ ပြန်ရတယ်။ ကိုယ်သွားတဲ့လမ်းပေါ်က သစ်ပင်တွေကို ဓားနဲ့ ထစ်ထစ်ပြီး သွားကြတာ၊ နေ့ခင်း အပြန်လမ်းက ဓားထစ်ထားတာ ကြည့်သွားရင် အဆင်ပြေပေမယ့် ညခင်းမှာ အဆင်မပြေပြန်ဘူး။

တောင်ပေါ် သစ်တောတွေဆိုတော့ လမ်းဆိုတာ ရှိတာမှ မဟုတ်တာ၊ ကိုယ်သွားတဲ့လမ်းကို လမ်းလို့ ပြောရတာ။ တောင်ပေါ်မှာ နေတဲ့သူတွေက ပြလို့ အဘိုးတို့ သစ်စုန်းဆိုတာ သိရပြီး အဲဒီနောက် ညဖြစ်လဲ ပြန်လို့ရပြီ'

'ထူးဆန်းတယ်နော် အဘိုးငယ်... သစ်ပင်မှာပဲ သစ်စုန်းရှိတာလား။ အခြားအာတွေမှာ တွေ့ဖူးသေးလဲ'

'အဲ...ရှိတော့ ရှိတယ်။ အလွန်ပဲ ရှားသတယ်။ အမြွှတ်စိုနေတဲ့ ကြသောင်း၊ အင်း စတဲ့ ဝါးခြောက်ဝါးပင်တွေမှာ တွေ့ဖူးခဲ့တယ်'

'အဲဒီသစ်စုန်းကို ဆေးဝါးဘာညာ သုံးကြတာ တွေ့ဖူးလား အဘိုးငယ်'

အဖွဲ့ထဲမှတစ်ယောက်က မေးတော့ အဘိုးငယ်က အတန်ကြာ တွေးနေပြီး



'အဘိုးတော့ သုံးတာ မတွေ့ဖူးဘူး။ နို့ပေတဲ့ ဂမ္ဘီရပညာရှင်တွေ သုံးမလား မသိဘူး။ အဘိုးတွေးမိတာ ပြောရတာ ပညာရှင်တွေမှ သိကြမှာပဲ။ အသုံးတော့ ရှိမှာပဲလေ။ နွယ်မြက်သစ်ပင် ဆေးဖက်ဝင် စကားရှိမို့လား'

'နောက်ထပ် တောတောင်တွေထဲမှာ တွေ့ရတတ်တာတွေရှိရင် ပြောပြပါဦး အဘိုးငယ်'

အားလုံးက ဝိုင်းတောင်းဆိုကြပြန်သည်။

'အင်း... ရှိသပေါ့ကွယ်။ တောထဲတောင်ထဲသွားရင် အထူးသဖြင့် ခရီးဝေးဝေး တောတောင်တွေထဲ သွားရင် အိမ်မှာ မွေးထားတဲ့ခွေးက တောဝါသနာပါပြီး သူ့သခင် တောဝင်ရင် သူတို့က သခင်မသိအောင် ခိုး,ခိုးလိုက်လာတတ်ကြတယ်။ ခွေးပါလာရင်တော့ ဒုက္ခရောက်တော့တာပဲ'

'ဘာပြုလို့လဲ အဘိုးငယ်'

'သစ်နံ့ရရင် ခွေးဟာ ငုတ်တုတ်ထိုင်ပြီး တအီအီ အော်နေတော့တာပဲ။ သစ်နံ့ရလို့ အော်နေတဲ့ခွေးဟာ ဘယ်မှ မသွားနိုင်တော့ဘူး။ လူကိုကြည့် အော်နေတော့တာပဲ အားကိုးတာပေါ့။ စပါးကြီးညှို့မိထားသလိုပဲ၊ ဒီလိုဖြစ်နေတဲ့ ခွေးကို နှမြောရင် အားလုံး နောက်ပြန်လှည့်၊ ထားခဲ့ရင်တော့ သစ်စာဖြစ်သွားပြီ။ များသောအားဖြင့် ညဘက်အချိန်တွေမှာ ဖြစ်တတ်တာ များတယ်။

တိရစ္ဆာန်တွေဟာ သဘာဝနဲ့ လေထဲမှာ ဖြစ်ပျက်နေတာ လူတွေထက် ပိုသိတတ်တာကလား။ ဒါနဲ့ အဲဒီခွေးကို ပွေ့သယ်တဲ့သူက သယ်၊ ကျန်တဲ့သူတွေက ကိုယ်နဲ့ လက်တစ်ကမ်းမှာရှိတဲ့ သစ်ပင်ချုံပုတ်တွေကို ခဲတွေ၊ တုတ်တွေနဲ့ ပစ်ပုတ်ပြီး တစ်လမ်းလုံးလုပ်ပြန်ရတယ်။

ပါတဲ့လက်နက်ကိုလဲ အသင့်ပြင်ကိုင်ထားရတယ်။ လူ့ပါတော့ ရုတ်တရက် မလုပ်ရဲဘူးပေါ့။ နို့ပေတဲ့ သိပ်အစာငတ်နေတဲ့ အကောင်ဆိုရင် ခွေးပွေ့ထားတဲ့လူကို ဝင်လုံးပြီး ခွေးကို လုယူတတ်တယ်။

ကျားသစ်ကလဲ ခွေးနံ့ရတာနဲ့ လူတွေနဲ့ ရင်ပေါင်တန်း နေရာ ခပ်လှမ်းလှမ်း တောထဲက တောက်လျှောက်လိုက်နေတတ်တာ တောခုံးအောင်ကို မကာဘူး။ ချုံပုတ်ငယ်လေးတွေ ကွယ်ကွယ်ပြီး ရွာနားအထိအောင် လိုက်တတ်တဲ့ ကောင်တွေ။

အင်း...ခုတော့လဲ ဒီကောင်တွေ လူတွေနဲ့ဝေးရာ တောနက်ပိုင်းဘက် ပြောင်းကုန်၊ တောတွေကလဲ အရင်ကလို မရှိတော့ဘူးလေ။ အဲဒီအကြောင်း ပြောတော့ ပျားတောကို ပြန်သတိရသေးရဲ့'

'ဘယ်လို အဘိုးငယ်... ပျားတောဆိုတာ'

အဘိုးငယ်က အားလုံးကို ပြုံးကြည့်လိုက်သည်။ ပြီးမှ ခေါင်းကို တွင်တွင်ညိတ်ကာ ဆက်ပြောလေသည်။

'ဩော်...မောင်တို့ နားရှင်ကုန်ပြီ



www.burmeseclassic.com

www.burmeseclassic.com

ထင်ရဲ့။ ပျားတောဆိုတာ ပျားအုံတွေစုပြီး သစ်ပင်တိုင်းလိုလို စွဲတဲ့ တောကို ပျားတောလို့ ခေါ်တာ။ ပျားအုံ ရှာစရာမလိုဘူး။ နေရာတိုင်း၊ သစ်ပင်တိုင်းမှာ ရှိတယ်။ ပျားရည်ကို ထမ်းနိုင်,သယ်နိုင်ဖို့ပဲ လိုတယ်။


လူသူ အရောက်အပေါက်နည်း၊ တောကလဲဝေး ပန်းမျိုးစုံ(၁၂)ရာသီ ပွင့်ဖူးနေတဲ့ တောဆိုတော့ ပျားတွေပျော်တာပေါ့။ အဲဒီ ပျားတောထဲ ဝင်မိလိုက်တာနဲ့ မွှေးရနံ့တွေဟာ တစ်တောလုံး ကြိုင်လှိုင်လို့ပေါ့။

စကားလုံးအဖြစ်နဲ့ တင်စားမယ်ဆိုရင်တောင် စာဖွဲ့လို့ ပြည့်စုံမယ် မထင်ပါဘူး။ အဲဒီလောက် အမွှေးရနံ့ ပေါင်းစုံတောတောင်ကြီး ခုတော့လဲ အဲဒီနေရာတွေ လူတွေရောက်ပြီး တောင်ယာတွေလုပ်နေကြတော့ နာမည်ပဲ ရှိတော့တယ်။ တောနေရာ ယာခင်းတွေဖြစ်လို့ နှောင်းလူတွေ နာမည်တောင် ကြားဖူးသူ မရှိသလောက် ဖြစ်ကုန်ကြပြီ’

‘ဟုတ်တယ်နော် အဘိုးငယ်... ကျွန်တော်တို့ဆို အဘိုးငယ်ပြောပြမှ ကြားရ,သိရတာ ဆက်ပြောပါဦး အဘိုးငယ်’

‘ပျားတွေ ပျော်တဲ့တောဆိုတာ သိပ်ရှားတာ။ အဘိုးတို့ရွာနဲ့လဲ လမ်းမှာ တစ်ညအိပ်ခရီး နောက်နေ့ညနေမှ ရောက်တာ။ တန်ဆောင်တိုင်ပွဲမှာ သုံးဖို့ အဘိုးတို့ လူငယ်တွေ(၁၀)ယောက်စုပြီး ပျားတောကို စားနပ်ရိက္ခာအပြည့်နဲ့ ဘက်ခဲ့ကြတယ်။

မြစ်ရေနဲ့အပြိုင် ပျားရည်ပေါတဲ့ တော်သလင်း၊ သီတင်းကျွတ်လထဲမှာ ပေါ့။ အဲဒီမှာ မောင်သိန်းရဲ့ ခွေးတွေ ပါလာတာ ခရီးထက်ဝက်ကျော်မှ သိရတာ။ ပါလာတာမှ တစ်ကောင်တည်း မဟုတ်ဘူး သုံးကောင်။ တောလိုက်



ဝါသနာပါတဲ့ ခွေးတွေဆိုတော့ လူမသိအောင် တိတ်တိတ်လေး ခိုးလိုက်လာကြတာ။

အဲဒီတောက တောကောင်တွေ သိပ်မရှိဘူး။ တောကောင်တွေ့လဲ ဖြစ်ချင်ရာဖြစ်ဆိုပြီး လူငယ်ပီပီ နောက်ပြန်လှည့်ဖို့ မစဉ်းစားဘူးပေါ့။ အဖွဲ့ကလဲ ကောင်းတာကိုး။ ပျားရည်ဖိုးနဲ့ ကထိန်ပွဲမှာ ပျော်ရမယ့် အိပ်မက်လေးတွေ အပျက်မခံနိုင်ကြဘူး။

လမ်းမှာ တစ်ညအိပ်ကြတယ်။ ယုန်နှစ်ကောင် ခွေးတွေက ရှာပေးတယ်။

ဟင်းစား ပေါပေါရတာပေါ့။ မနက်လင်းတော့ ခရီးဆက်၊ ပျားတောရောက်တော့ ပြဿနာက စ,ပါလေရော။ မောင်သိန်း ခွေးသုံးကောင်က ဗန်းဆန်ကောလောက်ရှိတဲ့ ပျားအုံမည်းမည်းကြီးတွေက မြေကြီးနား ကပ်စွဲနေကြတာကို မမြင်ဘူးတဲ့ ခွေးသုံးကောင်ဟာ အထူးအဆန်းဖြစ်ပြီး ဝိုင်းဟောင်ကြတယ်။

ခွေးတွေ တရုန်းရုန်းလုပ် ဟောင်နေတော့ ပျားတွေက တစ်ပြိုင်တည်း “ရှဲ”ခနဲ တောင်ပံခတ် အသံပေး ခြောက်လှတ်၊ ခွေးက လန့်ပြေး၊ တစ်ခါပြန်ဟောင်၊ ပြန်ခြောက်လှတ် ပြန်ဟောင်၊ ပျားအုံဆွပေးသလိုဖြစ် အဘိုးတို့ကလဲ လွှယ်လွှယ်နဲ့ရတဲ့ အဲဒီပျားအုံတွေဖွပ်၊ ပျားတွေက ခွေးတွေကို လိုက်ကိုက်ပေါ့။

ခွေးတွေက ပျားကိုက်ခံရတော့ ပျားအုံကိုမုန်း၊ နောက်တစ်အုံတွေ့ ဟောင်ပြန်။ အဲဒီလိုနဲ့ ခွေးတွေ ရှာပေးတဲ့ ပျားအုံတွေပဲ ဖွပ်ဖြစ်ခဲ့ကြတယ်ဆိုပါ တော့ ရတဲ့ပျားရည် ပါလာတဲ့ ဘူးတွေ ထဲထည့် တစ်နိုင်ရပြီဆိုတော့ ပြန်ကြတာပေါ့လေ

အိမ်မှာစားဖို့ **ပျားချေး (ပန်းဝတ်မှုန်စုပြီး ပျားရည် မဖြစ်သေးသည့် အစိုင်အခဲများ)**ဖက်နဲ့ထုပ်၊ လွယ်အိတ်ထဲကိုယ်စီထည့်၊ ပျားသလက်နဲ့ ပျားကောင်နုတွေကိုတော့ မယူကြဘူး။ နည်းနည်းပါးပါးပဲ ပျားနို့ညှစ်ကြော် စားကြတာပဲ ရှိတယ်။ ပျားရည်ဘူးတွေ ကိုယ်စီထမ်းပြီး တပျော်တပါး မြန်လာခဲ့ကြတာပေါ့လေ’

အဘိုးငယ်က ပြောပြီး မီးငြိမ်းနေသည့် ပြောင်းဖူးဖက် ဆေးလိပ်တိုကြီးကို မီးညှိဖွာနေပြန်သည်။ ပြီးမှ ဆက်ပြောလေသည်။

‘ပျားရည်ပုံးတွေ၊ ဘူးတွေ ကိုယ်စီထမ်းပြန်လာ၊ ပျားရည်တွေ ပုံးတွေထဲမှာ တလှုပ်လှုပ်နဲ့ ဘောင်ဘင်ခတ်ပေါ့။ ကြာတော့ ပျားရည်တွေ အားလုံး စိတ်ဆိုးလာကြတာ မသိကြဘူး’

‘ဘယ့်နှယ်... အဘိုးငယ် ပျားရည်တွေ စိတ်ဆိုးတယ် ဟုတ်လား။ ကျွန်တော်တို့ မကြားဖူးပါဘူး။ အဘိုးငယ်ပြောမှပဲ တကယ်လား အဘိုးငယ်’

အထူးအဆန်းဖြစ်ပြီး သူ့ထက်ငါ အံ့သြစွာ ဝိုင်းမေးကြတော့...

‘ဟုတ်တယ်ကွယ့်၊ ပျားရည်စိတ်ဆိုးတယ်ဆိုတာ ရှိတယ်ကွယ့်၊ ပျားရည်စိတ်ဆိုးတယ်ဆိုတာ ဘာနဲ့တူသလဲဆိုရင် ခုခေတ် မောင်တို့ မြင်ဖူးကြတဲ့ ဘီယာတို့၊ အချိုရည်တို့လိုပေါ့။ ခွက်ထဲ ကြည့်လိုက်ရင် တရှဲရှဲနဲ့ အမြှုပ်တွေ ထွက်လာပြီး ခွက်ပြည့်သွားတယ်လေ



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို အမြုပ်တွေဖြစ်တာ၊ ပျားရည်က စိတ်ဆိုးရင် ဆိုးသလောက် အမြုပ်တွေဖြစ်ပြီး အရည်တစ်စက်မှ မရှိတော့ဘဲ အမြုပ်တွေအားလုံး ဖြစ်ကုန်ပြီး ကော်ဘူးတွေဆို ကွဲထွက်သွားတဲ့ထိ စိတ်ဆိုးတတ်ကြတယ်။

ဘူးဆို့ ဘယ်လောက်ကောင်းကောင်း ထွက်စရာမရှိရင် ပေါက်ကွဲပြီး ထွက်သွားတတ်တာ။ အဲဒီလိုပဲ အဘိုးတို့ထမ်းလာတဲ့ ပျားရည်ဘူးတွေ အားလုံး ကွဲထွက်ကုန်ရော၊ အဘိုးထမ်းလာတဲ့ သံဘူးတစ်ဘူးပဲ ကျန်တယ်။ နောက်ဆုံး အဲဒါလေးခွဲယူပြီး ရိက္ခာလဲ မရှိတော့လို့ ရွာပြန်ခဲ့ရတယ်'

'ထူးဆန်းတယ်နော်... အဲဒီလို ပျားရည်စိတ်ဆိုးရင် စိတ်မဆိုးအောင် လုပ်တဲ့နည်းများ မရှိဘူးလား အဘိုးငယ်'

အားလုံးက သိချင်နေကြသည်။ တစ်ယောက်က ထမေးသည်။ အဘိုးငယ်က အားလုံးကို ကြည့်လိုက်ပြီး ခေါင်းတစ်ချက်ညိတ်ကာ...

'အဲဒီတုန်းကတော့ မသိခဲ့ဘူး။ နောက်ကြာမှ အဘိုးရဲ့အဘိုးက ပြောပြလို့ သိရတာ။ ပျားရည်များများကို ခရီးဝေးဝေး သယ်ယူတော့မယ်ဆိုရင် ဒန်အိုးကြီးကြီးထဲ ရေနည်းနည်းထည့်၊ မီးဖိုပေါ်တည်၊ ပျားရည်ကို ခွက်တစ်ခုခုထဲထည့်ပြီး တည်ထားတဲ့ ရေနွေးအိုးထဲ ပျားရည်ထည့်ထားတဲ့ ပန်းကန်ကို အသာချထားလိုက်ရုံပဲ။

တဖြည်းဖြည်း ရေနွေးပွက်လာတော့ ပန်းကန်ကတစ်ဆင့် အပူက ပျားရည်ကိုကူးပြီး ပျားရည်ထဲက အမြှုပ်လေးတွေနဲ့အတူ ဖယောင်းဖတ်လေးတွေ တက်လာမယ်။ သန့်ရှင်းသွားအောင် ဖယ်ပြီးတော့ ရေနွေးအိုးထဲက ပျားရည်ပန်းကန်ပြန်ယူ၊ နောက် ကျန်တဲ့ပျားရည် ဒီအတိုင်း [illegible]

တချို့က ဒါကို အသိ[illegible] ကြတယ်။ အဲဒီလိုလုပ်ပြီး [illegible] လဲ ဘယ်လောက်လှုပ်လှုပ် ပျားရည် [illegible] ခြင်း မရှိတော့ဘူး။ ပျားရည်က ပျား[illegible] ဘူး။ ပုလင်းတစ်လုံးထဲလဲ ဒီလို စိတ်ဆိုး[illegible] တွေ ဖြစ်တတ်တာကိုလဲ မှတ်သွား[illegible] ကွယ်။ နောက်တစ်ခါမှပဲ အဘိုး [illegible] တွေ ဆက်ပြောပြပေးတော့မယ်။ [illegible] တော့ အဘိုးလဲ ဘုရားဝတ်ပြု[illegible] ပြီ မောင်တို့ရေ'

အဘိုးငယ်က ပြောပြီး ဘုရား[illegible] ဝင်သွားလေသည်။ ကျွန်တော်[illegible] လည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး ပြုံးတူ ထပြန်ခဲ့ကြလေတော့သည်။

( အေးချမ်းအောင် (ရမည်းသင်း) )

**စာမျက်နှာ (၂၈၀)မှ အဆက်**

ဆရာတို့ မဂ္ဂဇင်းကိုတော့ ယုံကြည်လေးစားလို့ ထုတ်ပြောတာပါ'

ဒေါ်ခင်မြင့်အေး အမေးပုစ္ဆာကို ရန်ကုန်တွင် အသာထား၍ ထမ်းဆောင်ရမည့် တပေတာဝန်အတွက် စစ်ကိုင်းသို့ ခရီးဆက်ခဲ့ရသည်။ စစ်ကိုင်းတွင် တစ်ပတ်ကြာ သောင်တင်နေစဉ်အတွင်း ရွှေမင်းဝံတောင်ရိုး မိုးညှင်းချောင်တွင် သီတင်းသုံး နေထိုင်သော သီလရှင်ကြီး ဒေါ်သုမင်္ဂလာအား ဖူးတွေ့ခွင့်ရခဲ့ရာ ဤအကြောင်းများ မေးလျှောက်ကြည့်သည်။

'ဝိဇ္ဇာမယ်သော်တာဆိုတာ ပုဂံခေတ်က ကျင့်စဉ်စခန်း ပြီးခဲ့တာကွယ်။ ရေမသောက် အစာမစား အဟာရသိဒ္ဓိ ပြီးမြောက်တယ်၊ ဆံပင်ကလဲ အထူးဆောင်းဆိုပဲ။ မတ်တတ်ရပ်နေရင်တောင် မြေပေါ်မှာ ဆံပင်ခွေပုံကျနေသတဲ့'

'ဒါဖြင့်ရင် ဝိဇ္ဇာမှာလဲ. အမျိုးသမီးဝိဇ္ဇာတွေ ရှိသပေါ့နော်'

'မင်းနှယ် အရန်ကော လူလေးရယ်၊ ငါမရှိရင် နင်မရှိဘူး။ ဝိဇ္ဇာဖြစ်မှတော့ နင်,ငါ [illegible]သလို ယောကျ်ား,မိန်းမဆိုတာကော ရှိပါဦးမလားကွယ်'

'ဟို ကျွန်တော်တို့ ရာမညတိုင်းမှာ နဂါးမနဲ့ဝိဇ္ဇာဇိုရ် ယဉ်ပါးပြီး သားသမီးတွေရကြ[illegible]သား ဖတ်ဖူးလို့ပါ'

'အဲဒါ ငါရှိလို့ နင်ရှိရတာ။ ငါ မရှိရင် နင်လဲ မရှိဘူးပေါ့ကွယ်။ နားလည်ရဲ့လား' 'ဒီလိုဖြစ်ရင် ဝိဇ္ဇာဆိုတာလဲ ကံသုံးပါးအကျိုးဆက်ကို မလွန်မြောက်နိုင်ဘူးပေါ့အမေ'

'ဟဲ့ ဝိဇ္ဇာဆိုတာ နိဗ္ဗာန်မျက်မှောက်ပြုသူတွေမှ မဟုတ်တာ။ ကံစီမံရာကို လွန်ဆန်လို့ မရဘူးလေ' ဤသို့လျှင် ဖြေကြား ရှင်းလင်းပေးတော်မူလေသည်။

[illegible]တ်သိပညာရှင်များ သိရှိနားလည်ပါလျှင် ထပ်လောင်းဆွေးနွေး ဖြေကြားကြစေလို[illegible]သည်။

( ခရီးသည် သုတေသီ )

၂၀၁၄-ခုနှစ် ဇူလိုင်လထုတ်သည်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏
(၂၈)နှစ်ပြည့် အမှတ်တရ
အထူးထုတ်လ ဖြစ်ပါသည်။
သို့ဖြစ်ပါ၍...
မည်သူမဆို ပါဝင်
ရေးသားနိုင်ပါကြောင်း
အသိပေးအပ်ပါသည်။

လေးစားစွာဖြင့်...
ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့၊
ဖုန်း-၀၁ ၂၄၂၀၄။



www.burmeseclassic.com

အဖြေ မပြီးမသတ်သေးသည့်

# ပုဗ္ဗဇာတ်ပုံ

ဆိုးသည်ဘုတောသိ

'ဆရာတို့မဂ္ဂဇင်းမှာ ထူးဆန်းနက်နဲတဲ့ အကြောင်းအရာတွေကို ဆောင်းပါးရေးပြီး သိနားလည်သူများ ဖြေကြားပေးပါရန်လို့ မေးမြန်းကြတာတွေ ဖတ်ရတယ်။ ကျွန်မလဲ နှစ်ပေါင်းလေးဆယ်လောက် မရှင်းလင်းခဲ့တဲ့ ကိစ္စလေးတစ်ခု မေးချင်ပါတယ်။ ဒါပေမယ့် စာမရေးဘူးတော့ အခက်တွေ့ရတယ်'

**လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ(၃) လမ်းမှ ဒေါ်ခင်မြင့်အေးက** သူ သိလိုသည်ကို စုံစမ်းမေးမြန်းနေခြင်း ဖြစ်သည်။

'ကျွန်တော် တတ်နိုင်ရင် ကူညီပါ့မယ် ပြောသာပြောပါ'

'ကျွန်မ (၁၃,၄)နှစ်သမီးအရွယ် လွန်ခဲ့တဲ့ နှစ်လေးဆယ်လောက်က မိဘနှစ်ပါးနဲ့အတူ ပုပ္ပါးကို ဘုရားဖူးသွားကြပါတယ်။ ပုပ္ပါးရောက်တော့ တောင်ကလပ်ခြေရင်းက ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ တည်းတယ်။ ဆရာတော်ကြီးက...

**"ကလေးတွေ ဟိုဆောက်လက်စဇရပ်တွေနား မသွားကြနဲ့နော်၊ မပြီးသေးတာမို့ ထိမိ နိုက်မိတတ်တယ်"**

လို့ သတိပေးတော်မူပါတယ်။ အဲဒီအချိန်က သုံးထပ်ဇရပ်ကြီးတွေ ဆောက်လုပ်ဆဲပါ။ အကြမ်းထည် ပြီးပါပြီ။ လှေကားလက်ရန်းတွေတော့ မလုပ်ရသေးဘူး။ **(ထိုဇရပ်ကြီးများမှာ ၂၀၀ ပြည့်လွန်နှစ်များတွင် မြေပြိုသဖြင့် ပျက်စီးသွားပြီဖြစ်သည်။)**

ကလေးသာသာအရွယ် မလုပ်နဲ့ဆိုရင် သိပ်လုပ်ချင်တာကိုး။ လူကြီးတွေ အလစ်မှာ အဲဒီဇရပ်တွေဘက် သွားကြည့်မိတယ်။ စကြံ အတက်လှေကားသုံးထစ်ကို ကျော်၊ စကြံတစ်လျှောက် မှန်ပြတင်းကနေ အတွင်းကို ချောင်းကြည့်တယ်။ သစ်တိုသစ်စ အင်္ဂတေစ အုတ်ကျိုးစတွေ တွေ့ရတယ်။

ဒီလိုပဲ လျှောက်ကြည့်လိုက်တာ တစ်နေရာရောက်တော့ ဘုရားခန်းတစ်ခု တွေ့ရတယ်။ ဆောက်လက်စ မပြီးသေးဘူးသာဆိုတယ် ဘုရားခန်းက ပန်းတွေ ဝေဝေဆာဆာနဲ့ ရုပ်ပွားတော်ကလဲ သပ္ပါယ်လိုက်တာ။ ဒါနဲ့ ပြတင်းတံခါးကို အသာတွန်းပြီး သေသေချာချာ ဖူးပစ်လိုက်တယ်။

အောင်မယ် ဘုရားရုပ်ပွားတော်ရှေ့မှာ လက်အုပ်ကလေးချီပြီး ရှိခိုးနေတဲ့ မိန်းကလေးရုပ်ကလေးလဲ ပါတယ်။ တစ်ပတ်လျှိုထုံးထားတာတောင်မှ ဆံပင်တွေက တင်ပျဉ်ခွေထိုင်တဲ့ တင်ပါးကိုဖုံးပြီး ကြမ်းပြင်ပေါ် ပုံကျနေတယ်။

ကြည့်နေတုန်းမှာပဲ မိန်းမရုပ်တုကလေး ခေါင်းကလေးလည်လာပြီး ကျွန်မဘက် လှည့်ပြုံးပြတယ်။ တစ်ခါမှ မတွေ့ဘူးတဲ့ ကျက်သရေရှိလိုက်တဲ့ အလှကလေးပဲ။ ဒါပေမယ့် ဖြုန်းဆို အသိဝင်လာတယ်။ ဒါဟာ အရုပ်ကလေးပဲ။

ဒီလို အတွေးပေါက်တာနဲ့ တစ်ပြိုင်နက် လန့်ဖျပ်ပြီး အပြေးထွက်ခဲ့တာ စကြံလှေကားမှ ဟပ်ထိုးလဲကျပါလေရော။



ဒေါ်ခင်မြင့်အေး

နဖူးတွေ၊ ဒူးတွေ၊ မေးစေ့တွေ ကွဲရှပြီး သွေးသံတရဲရဲနဲ့ အပြေးပြန်လာတာ မြင်တော့ လူကြီးတွေက စိုးရိမ်တကြီး ပြ... မေးမြန်းကြတယ်။ ရုတ်တရက် စကား မပြန်နိုင်ဘူး။ ရေတစ်ခွက်သောက်ပြီး အတော်ကြာအောင် နားနေရတယ်။

နောက်တော့မှ ဖြစ်ကြောင်းကုန်စင် ပြောပြတဲ့အခါ ကျောင်းက သီလရှင်ကြီးက...

"မဖြစ်နိုင်ပါဘူး လာ ငါနဲ့အတူ သွား... ကြည့်မယ်"

လို့ ခေါ်ပါတယ်။ ကျွန်မ မလိုက်ခဲ... တော့ဘူး။ ဒါနဲ့ သီလရှင်ကြီးတစ်ပါးတည်း... သွားကြည့်ပြီး ပြန်လာတဲ့အခါ...

"ဘာမှ မရှိပါဘူး။ ဘယ့်နှယ် ဇရပ်မှ မပြီးသေး... တာ ဘယ်က ဘုရားစင်တို့ ပန်းတို့ ဆိုး... ရုပ်ပွားတော်တို့ရှိရမှာလဲ။ ဓာတ်လှည့်နတ်... ဝိဇ္ဇာလှည့်ဆိုတာ ရှိတတ်ပါတယ်။ အပြော... အနေအထိုင် ဆင်ခြင်ရင် ဒုက္ခမတွေ့... သမီးရယ်"

လို့ ဖျောင်းဖျတယ်။

ကျွန်မက အဲဒီအချိန်တုန်းက တ... ဘာဝနာ မလိုက်စားရသေးပေမယ့် မ... ဝါဒလုံတယ်။ မလိမ်တတ်ဘူး။ တက... အမှန်ကို တွေ့ရတာပါလို့ ကျိန်လုမတ... ပြောတော့ ငြိမ်ပြီး နားထောင်နေတဲ့ ဆ... တော်ကြီးက မိန့်တော်မူတယ်။

"အကာယလေး ဝိဇ္ဇာယ် သော်တာနဲ့ တွေ့... ပြီထင်တယ်။ ပဋ္ဌာန်းဆက်ရှိလို့ တွေ့ခွင့်... ကမ္ဘာနာ်ဘာဝနာကလေး စီးဖြန်း အ... ပေါ်ကွယ်"

အဲဒီအချိန်ကစပြီး ဘာသာရေး... အထူးပဲ ကိုင်းရှိုင်းခဲ့ရတာပါ။ ကျွန်မ သိ... တာက အမျိုးသမီးဝိဇ္ဇာဆိုတာ ရှိသ... ဝိဇ္ဇာမယ်သော်တာဆိုတာ ရှိခဲ့သ... လို့ပါ။ တခြားလူတွေ မေးကြည့် ... စိတ်မကျန်းမာသူရယ်လို့ ... 





www.burmeseclassic.com

www.burmeseclassic.com



# ဘဝဟောင်းက

## ချစ်ကြိုးတစ်မျှင် (၁)

ဘုန်းနောက်သား
(စစ်တွေ)

စာကိုဖတ်ပြီး ကျွန်တော် သက်ပြင်းရှည်တစ်ချက် မှုတ်ထုတ်ရင်း စားပွဲပေါ်တွင် အစုလိုက် အပုံလိုက် ဖြစ်နေသည့် စာရွက်စာတမ်းများ၊ လယ်ဂျာစာအုပ်များကို လှမ်းကြည့်မိသည်။ စစ်ဆေးပြီး လက်မှတ်ထိုးပေးရမည်။ နေ့စဉ် လုပ်ငန်းကို အကြွေးထား၍ မရပါ။

ရုံးချုပ်၏ ယာယီပြောင်းရွှေ့ အမိန့်အရ ကျောက်တော်မြို့သို့ ကျွန်တော် ရောက်ရှိနေသည်မှာ တစ်ပတ် ရှိပါပြီ။ မိတ်ဟောင်း ဆွေဟောင်းများထံသို့ အလည်အပတ် မသွားဖြစ်သေးပါ။ အလုပ် လွှဲပြောင်းလက်ခံပြီး အသားကျပြီးမှ အေးအေးဆေးဆေး လည်ပတ်မည်ဟု စိတ်ကူးထားသည်။

မြသူဇာမှာ ကျွန်တော့်၏ မိတ်ဟောင်းဆွေဟောင်း တစ်ယောက် ဖြစ်သည်။ သူငယ်ချင်းထက် ပိုမိုရင်းနှီးခဲ့ရသူဟူ၍ ဆိုချင်က ဆိုနိုင်သည်။ သူနှင့် မတွေ့ဖြစ်သည်မှာ နှစ်ပေါင်း (၂၅၀)ခန့် ရှိခဲ့လေပြီ။

မြသူဇာသည် ရုပ်ချောသလောက် လက်ရေး လက်သားများမှာလည်း အလွန်ပင် သေသပ်လှသည်။ ကျွန်တော်သည် မြသူဇာ၏ စာကို တစ်ခါဖတ်ရုံနှင့် အားမရသေးဘဲ သုံး, လေးကြိမ် ဖတ်မိသည်။ မကြာမီ တစ်နေ့တာလုပ်ငန်း ပြီးစီး၍ ဝန်ထမ်းများ ပြန်ကြလေပြီ။ ကျွန်တော့်မှာ ရုံးတွင်နေသူဖြစ်၍ တစ်ယောက်တည်း

ကျွန်တော် အစည်းဝေးမှ ပြန်ရောက် ရောက်ချင်း (ဒု)ကြီးကြပ်ရေးမှူး ဒေါ်မသန်းက စာတစ်စောင် လာပေးချင်း ပြုံးစိစိမျက်နှာနှင့်...

'အမျိုးသမီး ချောချောလှလှ တစ်ယောက်က ဆရာ့အတွက် စာတစ်စောင် လာပေးသွားတယ်'

ဟု ပြောသည်။

စာအိတ်ပေါ်က လက်ရေးကို ကြည့်သောအခါ တစ်ချိန်တစ်ခါက ကျွန်တော် မြင်ဖူးသည့် လက်ရေးဖြစ်ကြောင်း စိတ်ထဲခံစားမိသည်။ စာအိတ်ကို ကာမန်းကတန်း ဖောက်ဖတ်ကြည့်မိသည်။

**အစ်ကိုမောင်...**

**သူဇာ အစ်ကိုမောင့်ကို တစ်နာရီလောက် စောင့်နေခဲ့တယ်။ သူဇာတို့မြို့ကို အစ်ကိုမောင် ရောက်နေတယ် ကြားလို့ တွေ့ချင်တာလဲ ပါတယ်။ ဆွေးနွေးတိုင်ပင်စရာ ကိစ္စတစ်ခုလဲ ရှိနေတယ်။ ရောက်တုန်းရောက်ခိုက် ထမင်းလဲ ကျွေးချင်တယ် ဆိုပါတော့။ အစ်ကိုမောင် တော်တော် သူစိမ်းဆန် တာပဲနော်။ အိမ်ကို အလည်မလာတာ သူဇာ စိတ်ဆိုးတယ် သိလား။**

**လာမယ့် တနင်္ဂနွေနေ့မှာ သူဇာတို့ အိမ်ကို လာဖြစ်အောင် လာခဲ့ပါ။ မနက်စာရော ညစာပါ စီစဉ်ထားမယ်။**

***တစ်ရုံရောအခါက...***

**မြသူဇာ**

www.burmeseclassic.com

ကျန်ခဲ့လေသည်။

ညနေ(၆)နာရီခန့်တွင် ကစ္ဆပနဒီ ကမ်းနဖူးပေါ်မှ စားသောက်ဆိုင် တစ်ခုသို့ ကျွန်တော် ရောက်ရှိလာသည်။ မြစ်ထဲတွင် လှေသမ္ဗန်များ၊ စက်တပ်ရေယဉ်များ အစုန်အဆန် သွားလာနေကြသည်။ **သေလာဂီရိတောင်ပေါ်မှ စေတီတော်ကို** လှမ်းမြင်နေရသည်။ တစ်ဖက်ကမ်းမှ စိမ်းညိုညိုကျေးရွာများကို မြင်တွေ့ရသည်။

ကောင်းကင်မှာ မှိုင်းပျပျမှုန်ရီနေသည်။ ခပ်ဝေးဝေးတွင် ဘဲတစ်အုပ် ပျံသန်းသွားကြသည်။ ဆိုက်ဘေးရီးယားဘဲဟု ခေါ်သည်။ ဆောင်းတွင်း၌ စပါးစားရန်အတွက် အလည်ရောက်လာတတ်သော နိုင်ငံခြားမှ ဧည့်သည် ဘဲအုပ်များ ဖြစ်သည်။ ထောင်သောင်းမက တွေ့ရတတ်သည်။

မြစ်ကိုဖြတ်၍ တိုက်ခတ်လာသော ဆောင်းလေအေးကြောင့် ကျောထဲ စိမ့်ခနဲ အေးသွားသည်။ ဘရန်ဒီ တစ်ကျိုက်သောက်ပြီး ကြက်သားကြော် တစ်ဖဲ့ကို ဝါးလိုက်သောအခါ တစ်ကိုယ်လုံး နွေးသွားသည်။

အိတ်ထဲ ထည့်ယူလာသော စာကို ထုတ်ဖတ်ဖြစ်သည်။ **"တစ်ရံရောခါက မြသူဇာ"**တဲ့။ သူ့ အစ်ကိုမောင်လို့ ခေါ်နိုင်သေးတယ်နော်။ ကျွန်တော် အတွေးရေစီးထဲ မျောပါသွားလေသည်။

* * *

မြသူဇာနှင့် ကျွန်တော် ရှမ်းရွာဘုန်းကြီးကျောင်းတွင် စတင် တွေ့ဆုံခဲ့သည်။ ယင်းအချိန်က ကျွန်တော်သည် ဌာနတစ်ခုတွင် စာရေးအဖြစ် လုပ်ကိုင်နေသည်။ **မြသူဇာက မူလတန်း ကျောင်းဆရာမတစ်ယောက်** ဖြစ်သည်။ ကျွန်တော်တို့ နှစ်ယောက်



စလုံးမှာ အသက်(၂၀)ကျော်စအရွယ်သာ ရှိသေးသည်။

တန်ဆောင်မုန်းလပြည့်နေ့ လမင်း ထိန်ထိန်သာနေသည်။ **ကျောက်တော်မြို့ ကုလားတန်မြစ်ကမ်းခြေတွင် လူများ ကြက်ပျံမကျ စည်ကားနေသည်။** ရခိုင်လူမျိုးတို့၏ ထုံးတမ်းစဉ်လာအရ တန်ဆောင်မုန်းလပြည့်နေ့တွင် ဆီမီးဖောင်မျှောပွဲ ကျင်းပနေခြင်း ဖြစ်သည်။

တစ်ချိန်တည်းမှာ ရှမ်းရွာဘုန်းကြီးကျောင်း၌ မသိုးသင်္ကန်းရက်ပြိုင်ပွဲ ကျင်းပနေလေသည်။ ကျောင်းဝင်းထဲတွင် မသိုးသင်္ကန်းရက် ပြိုင်ပွဲဝင်နေသူများ၊ ပွဲကြည့်ပရိသတ်များနှင့် ကြိတ်ကြိတ်တိုး စည်ကားနေသည်။

ရှမ်းရွာဘုန်းကြီးကျောင်းမှာ ကုလားတန်မြစ်ကမ်းခြေ ရှမ်းရွာအနီးတွင် တည်ရှိသောကြောင့် ဆီမီးဖောင်မျှောပွဲနှင့် မသိုးသင်္ကန်းရက်ပြိုင်မှာ တစ်ဆက်တစ်စပ်တည်း ဖြစ်သွားလေသည်။ ယင်းကြောင့် ကမ်းနားလမ်း တစ်လျှောက် လူတွေပြည့်ကျပ်နေခြင်း ဖြစ်လေသည်။

ကျွန်တော်သည် မိတ်ဆွေများ ဖြစ်ကြသော ကိုဦးထွန်း၊ ကိုသာဒိုးတို့နှင့် အတူ ကိုသာဒိုး၏နေအိမ်တွင် ထမင်းပေါင်းချက်စားကြပြီး အပြန်တွင် ဘုန်းကြီးကျောင်းဝင်းထဲသို့ ဝင်ရောက်ခဲ့ကြလေသည်။

ပြိုင်ပွဲဝင် ရက္ကန်းစင်များမှာ ကျောင်းဝင်းတစ်ခုလုံး ပြည့်နေသည်။ တစ်နေရာတွင် မိန်းကလေး သုံး,လေးယောက် ချည်ပတ်နေကြလေသည်။ ကျွန်တော်တို့လည်း လျှောက်လည်ကြည့်နေကြသည်။

'ဟူး...မောလိုက်တာ၊ ဒီလိုအချိန်မျိုးမှာ ကူဖော်လောင်ဖက် တစ်ယောက်ယောက် ရှိမယ်ဆိုရင် ဘယ်လောက် ကောင်းမလဲနော်'

ချည်ပတ်နေသော မိန်းကလေး တစ်ယောက်က ဦးခေါင်းကို နောက်သို့ လှန်ပြီး လက်နှစ်ဖက်ကို အညောင်းဆန့်ရင်း သူ့အဖော်များကို ပြောလိုက်ခြင်းဖြစ်သည်။

'ကျွန်တော် ကူလုပ်ပေးမယ်လေ။ မတို့ သဘောတူမယ်ဆိုရင်ပေါ့'

သူက ခစ်ခနဲ တစ်ချက်ရယ်ပြီး ကျွန်တော့်အား လှမ်းကြည့်ကာ...

'လုပ်တတ်လို့လား'

ဟူ၍ မေးသည်။

'ဟင်း ချည်ပတ်တာလောက်တော့ အပျော့ပေါ့။ ဘာခက်တာမှတ်လို့'

ကျွန်တော်က သူတို့ရှေ့သို့ တိုးသွားပြီး ရင်ကော့ကာ ပြောလိုက်၏။ ကိုသာဒိုးနှင့် ကိုဦးထွန်းတို့က တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ မျက်စိမှိတ်ပြ၏။ မိန်းကလေးတွေက ကျွန်တော့်ကို ယုံကြည်ပုံမရ။ မူးမူးရူးရူးနှင့် သူတို့ကို လာရစ်နေသည်ဟူ၍ အထင်ရောက်နေကြသည်။

'အစ်ကိုက တကယ်လုပ်တတ်လို့လား မတတ်ဘဲ လုပ်ရင်တော့ ချည်ခင်တွေ ရှုပ်ထွေးသွားမှာနော်'

ကျွန်တော့်ဟန်ပန်ကို အကဲခတ်ပြီး သူတို့အထဲမှ တစ်ယောက်က ပြောလိုက်ခြင်းဖြစ်၏။

'ကျွန်တော် ကျွမ်းပါတယ်။ ဆရာ





www.burmeseclassic.com

www.burmeseclassic.com

စမ်းကြည့်လေ'

'ကောင်းပြီ စမ်းကြည့်ရသေးတာပေါ့။ ဟော့ သူဇာ နင် ဖယ်ပေးလိုက်။ ဒီလူ လုပ်ပါစေ'

ကျွန်တော် ချည်ပတ်သည်ကို ကြည့်ပြီး မိန်းကလေးများ တခစ်ခစ် ရယ်မောနေကြလေသည်။ ယင်းညမှ စ၍ သူဇာဟုခေါ်သော မြသူဇာနှင့် ကျွန်တော် ခင်မင်ရင်းနှီးသွားကြလေသည်။

ယင်းအချိန်က ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်ထား၏။ ရပ်ကွက်အလိုက်၊ မြို့နယ်လိုက် အားကစားပွဲများ ကျင်းပကြရ၏။ တနင်္ဂနွေနေ့များကို လူထုစုပေါင်း လမ်းလျှောက်ပွဲနေ့ဟူ၍ သတ်မှတ်ထား၏။

ကျောက်တော်မြို့တွင် တနင်္ဂနွေနေ့တိုင်း တစ်ဖက်ကမ်း လမ်းမတော်ကျေးရွာမှ မဟာမုနိဘုရားထိ လမ်းလျှောက်ကြရ၏။ ခြောက်မိုင်ဝေး၏။ ကျွန်တော်နှင့် မြသူဇာတို့မှာ ဝန်ထမ်းများဖြစ်၍ လမ်းလျှောက်ပွဲများတွင် မဖြစ်မနေ ပါဝင်ကြလေသည်။

မြသူဇာနှင့်အတူ လမ်းလျှောက်ရခြင်းအတွက် ကျွန်တော် အလွန်ပျော်ရွှင်ခဲ့၏။ **"လတိုင်း ဒီဇင်ဘာလဖြစ်ပါစေ။ နေ့တိုင်း တနင်္ဂနွေနေ့ဖြစ်ပါစေ"**ဟူ၍ မဟာမုနိဘုရားတွင် ကျွန်တော် ဆုတောင်းနေခြင်းကို တွေ့ရှိသွားသော မြသူဇာသည် ကလေးတစ်ယောက်ပမာ အူတက်မတတ် ရယ်မောပြီး...

'ဟင်း... ဟင်း... ဟင်း... အစ်ကိုမောင်နော် တော်တော်ရယ်ရတယ်။ ကလေးတစ်ယောက်လိုပဲ'

မြသူဇာက ကျွန်တော့်ကိုကြည့်ပြီး မဟာမုနိဘုရား ရင်ပြင်ပေါ်တွင် ဤသို့



မှတ်ချက်ချခဲ့၏။ သွယ်လျလျ သူ့မျက်နှာပေါ်မှ အပြုံးရိပ်များ၊ ပါးချိုင့်ကလေးများ၊ ပြုံးလေတိုင်း လေးကိုင်းသဏ္ဌာန် ကွေးညွှတ်နေသော ချယ်ရီနှုတ်ခမ်းသားများ...

ဝင်းဝါစိုပြည်သော အသားအရေ၊ ညို့ငင်အားပြင်းထန်သော မျက်လုံးများထဲမှ မျက်နက်ကလေးများ ထောင့်ကပ်ပြီး အတန်ကြာ စူးစိုက်ကြည့်တတ်သည့် သူ့ပုံရိပ်များသည် ကျွန်တော့်ရင်ထဲမှာ အသစ်တစ်ဖန် ရှင်သန်လာကြလေပြီ။

မြသူဇာသည် အလွန် စေ့စပ်သေချာသည့် မိန်းကလေးတစ်ယောက် ဖြစ်၏။ မဟာမုနိဘုရားအနီး သရက်တစ်ပင်ကျေးရွာတွင် မြသူဇာ၏ ဆွေမျိုးအချို့ နေထိုင်ကြ၏။ ယင်းကြောင့် ကျွန်တော်တို့သည် အခြားလမ်းလျှောက်သူများနှင့် အတူမပြန်ကြဘဲ သရက်တစ်ပင်ရွာတွင် ကျန်ရစ်ခဲ့ပြီး နံနက်စာ စားပြီးမှ ညနေပိုင်းတွင် လိုင်းကားဖြင့် အိမ်ပြန်လေ့ ရှိကြသည်။

မြသူဇာသည် အချက်အပြုတ် အလွန်တော်၏။ ဆွေမျိုးအိမ်တွင် သူကိုယ်တိုင် ချက်သည်က များသည်။ **ရခိုင်ငါးပိချက်နှင့် တို့စရာစုံ၊ ဆတ်သား၊ ချေသား၊ တောဝက်သား၊ တောင်ပို့မှိုနှင့် ကြက်အသည်းအမြစ်ကြော်**တို့မှာ မြသူဇာ၏ မငြီးငွေ့နိုင်သော လက်ရာများ ဖြစ်၏။ ကျွန်တော်တို့သည် ကြက်သားဟင်းကို ရံဖန်ရံခါသာ စားဖြစ်ကြလေသည်။

ငယ်စဉ်ဘဝက ပျော်ရွှင်ခဲ့သည့် နေ့ရက်များ၊ တက်ကြွခဲ့သည့် အချိန်များမှာ အဝေးကြီးတွင် ကျန်ရစ်ခဲ့လေပြီ။ တွေးမိလေတိုင်း မယုံကြည်နိုင်စရာ ပုံပြင်တစ်ပုဒ်ပမာသာတည်း။ လူ့ဘဝဟူသည် တိုတောင်းလွန်းလေစွ။

'ဦးလေး ဦးလေး ခေါက်ဆွဲကြော် ရပါပြီ'

စားပွဲထိုး လူငယ်၏ အသံကြောင့် ကျွန်တော် လန့်ဖျပ်သွားသည်။ အတွေးနယ် လွန်ခဲ့ချေပြီ။ ပတ်ဝန်းကျင်မှာ အမှောင်ဖုံးနေပြီဖြစ်ကြောင်း သတိထားမိသည်။ ဆိုင်ထဲတွင် လူသုံး၊လေးယောက် စကားပြောနေသံမှတစ်ပါး တိတ်ဆိတ်နေသည်။ ကျောက်တော်ဆောင်းညသည် ရိုးတွင်းခြင်ဆီထိအောင် အေးစိမ့်နေလေသည်။

အငွေ့တထောင်းထောင်း ထနေသော ခေါက်ဆွဲကြော်တစ်ပွဲနှင့် ဝက်အူချောင်းကြော်တစ်ပွဲ၊ ဆယ့်နှစ်မျိုးဟင်းချိုတစ်ပွဲကို စားပွဲထိုးလူငယ်က စားပွဲပေါ် စနစ်တကျ ချပေးသည်။

'နောက်ထပ် လိုတာရှိရင် ပြောပါဦးလေး'

'အေး ကောင်းပြီကွ'

စားပွဲထိုးလူငယ် ထွက်ခွာသွားသည်။ ဖန်ခွက်ထဲမှ လက်ကျန်ကို မော့ချလိုက်ရင်း ညနေစာအဖြစ် ခေါက်ဆွဲကြော်ကို အားရပါးရ စားသောက်လိုက်သည်။

ကျွန်တော် ရုံးသို့ ပြန်ရောက်ချိန်တွင် ည(၁၀)နာရီထိုးရန် မိနစ် အနည်းငယ် လိုတော့သည်။

* * *

တနင်္ဂနွေနေ့ နံနက်(၁၀)နာရီခန့်တွင် မြသူဇာတို့အိမ်သို့ ကျွန်တော် ရောက်



www.burmeseclassic.com

www.burmeseclassic.com

ရှိသွားသည်။ သူတို့အိမ်မှာ ရွာမ ရပ်ကွက်ထဲတွင် ရှိသည်။ ကျွန်တော့်အား ခြံဝမှ ဆီးကြိုရင်း...

'စောင့်သာစောင့်နေရတယ်၊ လာမှ လာပါ့မလားလို့ စိတ်တထင့်ထင့်နဲ့'

သူက အပြုံးတစ်ဝက်နှင့် ဆိုသည်။ မြသူဇာမှာ အနည်းငယ် ဝ,လာသည်မှအပ ငယ်ရုပ်မပျောက်သေး လှတုန်းလှဆဲပင်။

'လာရမှာပေါ့ သူဇာရယ်၊ မိတ်ဟောင်းဆွေဟောင်းတွေပဲဟာ'

သူ ဖျတ်ခနဲ မျက်စောင်းထိုးသည်။ အိမ်ပေါ်သို့ တက်လာခဲ့ကြသည်။ အိမ်မှာ တိုက်ခံနှစ်ထပ်အိမ်ကြီး ဖြစ်သည်။ အိမ်ကြီးမှာ ယခင်ကကဲ့သို့ပင် သပ်သပ်ရပ်ရပ် ရှိနေသည်။ ဧည့်ခန်းမှာ ခမ်းနားထည်ဝါသည် ဟူ၍ မဆိုသာသော်လည်း သူ့နေရာနှင့်သူ စနစ်တကျ ရှိနေသည်။

အိမ်ဖော်မိန်းကလေး လာချပေးသော ကော်ဖီနှင့် မုန့်ကို စားရင်း ရှေးဟောင်းနှောင်းဖြစ်များကို တဝကြီး ပြောဖြစ်ကြလေသည်။

'သူဇာက အခု ကျောင်းအုပ် ဖြစ်နေပြီလား၊ ဒီမြို့မှာပဲလား'

'သူဇာ အလုပ်က ပင်စင်ယူလိုက်ပြီ အစ်ကိုမောင်၊ အထက်တန်းပြအဆင့်နဲ့ နယ်ပြောင်းတယ်။ အမေက လေဖြတ်ခံထားရတော့ တစ်ယောက်တည်း ထားခဲ့လို့လဲ မဖြစ်ဘူး။ နယ်ကို ခေါ်သွားဖို့လဲ မဖြစ်နိုင်ဘူး။ စောသူဇာကလဲ သူ့အိမ်ထောင်နဲ့သူ ရှမ်းရွာမှာနေတယ်။ သူ့မှာလဲ ကလေးတွေက များတော့ အမေ့တာဝန်ကို မယူနိုင်ဘူး။ ဒီတော့ သူဇာပဲ အနစ်နာခံလိုက်ရတာပေါ့'

'အခေါ် လေဖြတ်သွားတာ ကြာပြီလား'

'ဆယ်နှစ်ကျော်ပါပြီ။ လူထူလူထပါပဲ'



ကျွန်တော်က လက်ကျန်ကော်ဖီကို အပြီးသတ် မော့သောက်ရင်း...

'စိတ်မကောင်းစရာပါပဲနော်'

'ဘယ်တတ်နိုင်မလဲလေ၊ လောကမှာ သတ္တဝါတစ်ခု ကံတစ်ခုပါပဲ'

အတန်ကြာ တိတ်ဆိတ်သွားသည်။ အိမ်ဖော်မိန်းကလေးက ကော်ဖီခွက်များ၊ မုန့်ပန်းကန်များကို သိမ်းဆည်းသွားသည်။ မြသူဇာမှာ လက်ဝါးနှစ်ဖက်ကို ပွတ်သပ်နေသည်။ သူ့မျက်နှာမှာ တည်ကြည်ရင့်ကျက်နေသည်။ သူ့စိတ်ကတော့ သရက်တစ်ပင်ရွာနှင့် မဟာမုနိဘုရားသို့ လွင့်ပျံ့သွားလေပြီ ထင်သည်။

'ဒီတော့ သူဇာက အခု ဘာလုပ်နေလဲ'

ကျွန်တော်က သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း မေးလိုက်သည်။ ကျွန်တော့်စကားကြောင့် သူ့အတွေးမျှင်များ ပြတ်တောက်သွားပုံရသည်။ သူ့ခန္ဓာ သိမ့်ခနဲ တုန်ခါသွားပြီး သူ့မျက်နှာပေါ်တွင် ရှက်ပြုံးတစ်ခု ဖူးပွင့်သွားလေသည်။ သူ့မျက်နှာကို တည်ငြိမ်အောင် ကြိုးစားရင်း...

'အလုပ် မလုပ်ရင် ဘာနဲ့ စားမလဲ အစ်ကို

မောင်၊ သူဇာ ဈေးထဲမှာ အထည်ဆိုင်ဖွင့် ထားတယ်။ အခြေအနေက မဆိုးဘူး ဆိုရမှာပဲ'

'ဪ တော်သေးတာပေါ့'

'ဒါနဲ့ စကားမစပ် ပြောရဦးမယ်၊ သူဇာတို့ ပြဿနာတစ်ခု ဖြစ်နေတယ်။ လူတိုင်းကို မပြောရဲဘူး။ အစ်ကိုမောင်က နှံ့စပ်တဲ့ လူတစ်ယောက်လဲဖြစ်တယ်၊ ဟို...ဟို...သူဇာတို့နဲ့ ရင်းနှီးတဲ့ လူတစ်ယောက်လဲ ဖြစ်တယ် ဆိုတော့ တိုင်ပင်ချင်တယ်။ အကြံကောင်း ဉာဏ်ကောင်း ရနိုင်မယ်လို့လဲ သူဇာ ယုံကြည်မိပါတယ်'

ကျွန်တော့်သဘောထား ဘယ်လို လဲဟူသော အကြည့်မျိုးနှင့် မြသူဇာ ကျွန်တော့်ကို လှမ်းကြည့်သည်။ ကျွန်တော်က နေရာရွှေ့ထိုင်ပြီး မြသူဇာ ဆက်ပြောမည့် စကားကို မျှော်လင့်နေ မိသည်။ ကျွန်တော့်ဘက်သို့ အနည်း ငယ် ရွှေ့ထိုင်ရင်း သူက...

'စောသူဇာကိစ္စပဲ အစ်ကိုမောင်၊ အ အဖျက်ကတော့ မယုံနိုင်စရာပါပဲ'

သူ တိုင်ကပ်နာရီကို လှမ်းကြည့် ပြီး...

'ဪ...နေပါဦး စကားကောင်း လိုက်တာ ဆယ့်တစ်နာရီထောင် ကျော်သွားပြီပဲ။ အစ်ကို့မောင်ကို အာ နာလိုက်တာ။ ခုလောက်ဆို အိစ် မောင် ဆာနေရောပေါ့နော်'

'ရပါတယ် ပြောသာပြောပါ မဆာ သေးဘူး'

'မဖြစ်သေးဘူး၊ ဇာတ်လမ်းက တော်တော်ရှည်တယ်။ ထမင်းစားပြီး ပြောတာ ကောင်းမယ်။ အစ်ကိုမောင် ခဏလေးစောင့်ပါ။ သူဇာ ထမင်း ပြင်လိုက်မယ်'

ပြောပြောဆိုဆို မြသူဇာ ထ သည်။ ကျွန်တော်လည်း မြသူဇာ ညီမဖြစ်သူ စောသူဇာအကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com

စဉ်းစားနေမိလေသည်။ စောသူဇာမှာ အလွန် အေးအေးတည့်ငြိမ်သော မိန်းကလေးတစ်ယောက် ဖြစ်သည်။ ရိုးသားသည်။ ယဉ်ကျေးသည်။ အစ်မ ကဲ့သို့ ရုပ်ရည်ချောမောသူတစ်ဦးလည်း ဖြစ်သည်။ သူ့မှာ ဘာပြဿနာရှိနေလို့ လဲ။ ကျွန်တော် အပြန်ပြန်အလှန်လှန် သုံးသပ်နေမိလေသည်။

ထမင်းစားပွဲတွင် ဝင်ထိုင်လိုက်သော အခါ ကျွန်တော် များစွာအံ့ဩသွား သည်။ ရောမ ဗွီအိုင်ပီထမင်းပွဲကဲ့သို့ မြသူဇာ ပြင်ဆင်ထားသည်။ ဟင်းခွက် များက စားပွဲကြီးတွင် ပြည့်နေသည်။ ကျွန်တော်သည် အလွန်အားနာသော မျက်နှာနှင့် မြသူဇာကို လှမ်းကြည့် ရင်း...

'ဘယ်လို လုပ်လိုက်တာလဲ သူဇာ ရယ်၊ အစ်ကိုမောင်တော့ စားတောင် မစားရက်တော့ဘူး။ ကိုယ့်လူရင်းတွေပဲ ဒီလောက် များများစားစားလုပ်ဖို့ မလို ဘူးလေ။ အသားတစ်ပွဲ၊ ငါးတစ်ပွဲ ဆိုရင် တော်လောက်ပြီပေါ့။ ခုတော့...'

ကျွန်တော့်စကားမဆုံးခင် မြသူဇာ က ကြားဖြတ်ပြီး...

'လူချင်း မတွေ့ရတာ ကြာပြီဆို တော့ အတိုးချ ကျွေးချင်လို့ပါ။ ဒါနဲ့ တောင် သူဇာ အားမရသေးဘူး သိ လား။ ဘာမှ အားမနာနဲ့ ဝ,အောင်သာ စားပါ။ ညနေစာပါ စားပြီးမှ ပြန်ရမယ် နော်'

သူ့မျက်နှာပေါ်တွင် အပြုံးပန်းများ ဖူးပွင့်နေလေသည်။ သူသည် အသက် (၂၀)ကျော် အရွယ်ကကဲ့သို့ တက်ကြွ ပျော်ရွှင်နေလေသည်။

ထမင်းစားပြီးချိန်တွင် မြသူဇာ ပြောပြသော စောသူဇာ၏ အောက်ပါ အတိုင်း ဖြစ်သည်။

*  *  *



စောသူဇာသည် လှပချောမောသူ တစ်ယောက်ဖြစ်၍ လိုချင်သူ အများ အပြားထဲမှ ရှမ်းရွာမှ ကုန်သည်တစ်ဦး နှင့် အကြောင်းပါခဲ့လေသည်။ အကြီး အကျယ် ချမ်းသာသူ မဟုတ်သော် လည်း စီးပွားရေး ကောင်းမွန်သဖြင့် ချောင်ချောင်လည်လည် နေနိုင်ခဲ့ကြ သည်။ သားသမီးငါးယောက် ထွန်းကား ခဲ့သည်။ ယင်းသို့ပင် မိသားစု အေးအေး ချမ်းချမ်း ရှိနေခဲ့သည်။

အချိန်ကား ၁၉၉၃ ခုနှစ်၊ ဥဿလင်း စေတီကို ပြန်လည် တည်ဆောက်ရန် အတွက် နိုင်ငံတော်အစိုးရ၏ ကမကထ ပြုမှုဖြင့် ဂေါပကအဖွဲ့မှ ကြိုတင်ပြင် ဆင်မှုများ ပြုလုပ်နေသည့် အချိန်အခါ ဖြစ်လေသည်။ **ဥဿလင်းစေတီမှာ** ရခိုင်မင်းအဆက်ဆက် တည်ထားကိုး ကွယ်ခဲ့သော စေတီတစ်ဆူဖြစ်သည်။ ပြိုပျက်နေသည်မှာ နှစ်ပရိစ္ဆေဒ ကြာ မြင့်ခဲ့လေပြီ။

ဥဿလင်းစေတီမှာ ပလက်ဝ မြို့နယ်၊ တရွှန်အိုင်ကျေးရွာအနီး ကုလားတန်မြစ်၏ လက်ဝဲဘက်ကမ်း တောင်ကုန်းတစ်ခုပေါ်တွင် တည်ရှိ သည်။ ကျောက်တော်မြို့မှ ပလက်ဝ မြို့ထိ မိုင်(၄၀)ဝေးသည်။ ပလက်ဝမြို့ မှ တရွှန်အိုင်ကျေးရွာအထိ မိုင်(၃၀)ခန့် ဝေးသည်။

ကုလားတန်မြစ်ကြောင်းဖြင့် သွား ရောက်နိုင်သည်။ တရွှန်အိုင်ကျေးရွာမှ လှေဖြင့် နာရီဝက်ခန့် လှော်ခတ်လျှင် တစ်ဖက်ကမ်း စာတီကိုင်းကျေးရွာသို့ ရောက်သည်။ စာတီကိုင်းရွာမှ ဖြတ်၍ တောင်ကုန်းပေါ်သို့ တက်သွားလျှင် ဥဿလင်းစေတီကို ဖူးမြော်နိုင်မည် ဖြစ်သည်။

စေတီကို ပြန်လည် ပြုပြင် တည် ဆောက်နိုင်ရေးအတွက် ချုံနွယ်ပိတ် ပေါင်းများကို ရှင်းလင်းရသည်။ စေတီ အကျိုးအပဲ့များကို ဖယ်ရှားရသည်။

ဥဿလင်းစေတီ တောင်ခြေတွင် ဥဿလင်းမြို့ဟောင်း ရှိခဲ့ဖူးသည်ဟု တရွှန်အိုင်မှ လူကြီးတချို့က ပြောကြ ၏။ တချို့ကလည်း တရွှန်အိုင်နှင့် မလှမ်းမကမ်းတွင် တည်ရှိသော မီးဇာ ကျေးရွာအနီးတွင် ဥဿလင်းမြို့ ဟောင်း ရှိခဲ့ဖူးသည်ဟု ဆိုကြသည်။

**နေရာနှစ်ခုစလုံးတွင် ရှေးလူများ အသုံးပြုခဲ့သော မြေအိုးတော(ပန်းတွေ) အကျိုးအပဲ့များ၊ မြေအိုးခြမ်းကွက်များ၊ မြေပြင် ပြုလုပ်ထားသော ရေ တခေါင်း အကွဲများကို တွေ့ရ၏။**

ဥဿလင်းစေတီ အနီးဝန်းကျင်မှ **ထူးဆန်းသော အဖြစ်အပျက်များ သည် ယင်းနေရာတွင် ရပ်တန့်မနေ ဘဲ** ကျောက်တော်မြို့မှ စောသူဇာနှင့် ပတ်သက်လာခြင်းကြောင့် မိသားစု တစ်ခုလုံး တုန်လှုပ်ချောက်ချားသွားရ ခြင်းဖြစ်၏။

ရွှေလ ဆက်ဖတ်ပါရန်

**အနောက်သား**
*(စစ်တွေ)*



www.burmeseclassic.com

www.burmeseclassic.com



သက်ဦးမောင်
(နမ့်စန်)

# ထင်းခွေပြန် သင်ခန်းစာ

ရေးဖြစ်ဟောင်း အောက်မေ့ဖွယ် ဆိုဆို သက်ကြီးစကား သက်ငယ်ကြားလို့ပဲ ပြောပြော၊ ငယ်ရွယ်နုနယ်စဉ် ဘဝက ကြီးသောသူတို့သည် မိမိတို့ထက် တစ်ရက် တစ်မနက်၏ အတွေ့အကြုံ ခံစားသိရှိခဲ့ကြောင်း တင်ပြလိုပါသည်။

၁၉၇၃ခုနှစ်ဝန်းကျင် ရှမ်းပြည်နယ် တောင်ပိုင်း၊ နမ့်စန်မြို့၌ တပ်ရင်း တစ်ရင်း အသစ်ဖွင့်လှစ် ဖွဲ့စည်းစဉ် မြစ်ဝကျွန်းပေါ် ပုသိမ်တပ်မှ လည်းကောင်း၊ ရှမ်းပြည်နယ် လဲချား၊ လွိုင်လင်တပ်များမှ စိနီယာများ အဆင့်တိုးများဖြင့် ခလရ(...)သို့ဒေသအသီးသီးရှိတပ်များမှ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် စုစည်း ရောက်ရှိခဲ့ကြပါသည်။

တပ်ရင်းတစ်ရင်း၏ ဖွဲ့စည်းပုံအရ ယေဘူယျအားဖြင့် ဌာနချုပ်တပ်ခွဲ၊ တပ်ခွဲ (၁၊ ၂၊ ၃၊ ၄၊ ၅)ခွဲ အပြင် မော်တော်ယဉ်တပ်စု၊ ဆေးတပ်စု၊ ဆက်သွယ်ရေးတပ်စုများ ပါဝင်ဖွဲ့စည်းထားပါသည်။

ကျွန်တော်သည် ဆက်သွယ်ရေး တပ်စုတွင် တာဝန်ထမ်းဆောင်ပါသည်။ ယခုလောလောဆယ် နောက်တန်းတွင် ဆက်သွယ်ရေး ထပ်စု တပ်ကြပ်ကြီး အပါအဝင် စစ်သည်လေးဦး အလှည့်ကျ တစ်ရက်ဝင် တစ်ရက်နား ဂျူတီဝင်ခဲ့ရပြီး ယနေ့ ကျွန်တော် ဂျူတီနားရက် ဖြစ်ပါသည်။

ကျွန်တော်တို့နေသော လိုင်းခန်းသည် လိုင်းတစ်လိုင်းတွင် အခန်း ခြောက်ခန်း ရှိပါသည်။ နားရက်တွင် ဇနီးသည်နှင့် ထင်းခွေသွားရန် စီစဉ်ထားပါသည်။ ယနေ့ ထင်းခွေထွက်ရန်

ထမင်းဟင်းများ ကြိုတင် ချက်ပြုတ်လျက် ကြိုးနှင့်ဓား အဆင်သင့် ပြင်ဆင်ပြီး နံနက်ရှစ်နာရီခန့်တွင် ထမင်းစားနေပါသည်။ ထိုစဉ် တစ်ဖက်ခန်းမှ မကျင်၊ မနုတို့ရောက်လာကာ သူတို့ပါ ထင်ခွေလိုက်လိုကြောင်း လာပြောပါသည်။ သူတို့၏ ခင်ပွန်းများမှာ ရှေ့တန်းတွင် သွားရောက်တာဝန် ထမ်းဆောင်နေချိန်ဖြစ်၍ ရဲဘော်ရဲမေများမှလည်း ခင်ရာဆွေမျိုး ဆိုသမို့လား သဘောတူ

လက်ခံခဲ့ပါသည်။

ကျွန်တော်တို့ ထမင်းစားသော... မကျင်၊ မနု၊ ကျွန်တော် ဇနီး ... သမီးသုံးဦးနှင့် ကျွန်တော်ဦးဆော... ထင်းခွေရန် တပ်မြောက်ဘက်... တန်းသို့ ထွက်ခဲ့ပါသည်။

တောဟုဆိုသော်လည်း အင်... ပင်၊ ထင်းရှူးပင် တစ်ပင်နှစ်ပင် ... ကျဲတဲပေါက်နေပြီး ဆီးဖြူပင် အ... ပေါက်၍ အောက်ခြေရှင်းသော ... တော ဖြစ်ပါသည်။

တပ်နှင့် တစ်မိုင်ခန့်သာ ... သည်။ တောသို့ဝင်ပြီး ဆီး... ငွေးတောက်ရွက်များ လ...

www.burmeseclassic.com

ဆွတ်ခြွေခူးယူကာ လွယ်အိတ်ထဲထည့်ပြီး တစ်ယောက်နှင့်တစ်ယောက် မလှမ်းမကမ်းတွင် ဆီးဖြူသား ထင်းများ ခုတ်ကြပါသည်။

တစ်နာရီခန့်အကြာတွင် ကျွန်တော်မှ...

'မနုတို့ရေ ရကြပြီလား။ ကျွန်တော်တို့တော့ တစ်ယောက်တစ်စည်း ရပြီ'

ဟု လှမ်းအော်ရင်း ထင်းစည်းစုစည်းထားလိုက်ပါသည်။

ခဏအကြာ မကျင်မှ...

'ငါတို့တော့ ရပြီ လာကြဟေ့ သွားကြမယ်'

မကြားဘူးထင်၍ ထပ်မံကာ "လာကြဟေ့ သွားကြမယ်" ဟု လှမ်းအော်သဖြင့် မကျင်၊ မနု၊ ကျွန်တော်၊ ဖနီး အမျိုးသမီးသုံးဦး ထင်းစည်းများ ကိုယ်စီရွက်လျက် တပ်ဘက်သို့ ဦးတည်သွားမှ ကျွန်တော်နောက်က ထင်းစည်းထမ်းလျက် လိုက်ပါခဲ့ပါသည်။

ကျွန်တော်တို့ ထင်းခွေနေရာမှ တပ်အဆောက်အအုံများကို လှမ်းမြင်နေရပါသည်။

လိုင်းခန်းသို့ရောက်၍ မိမိတို့အခန်းရှေ့များတွင် ထင်းစည်းများချကာ ကျွန်တော်မှ မိမိအခန်းတွင် ဆီးဖြူသီး လွယ်အိတ်ထားခဲ့ပြီး ရေတစ်ခွက်သောက်ကာ မကျင်အခန်းဘက် ကူးသွားခဲ့ပါသည်။

မကျင်မှ ခြေထောက်ဆင်းလျက် ခေါင်းငိုက်ဆင်းကာ ဆံနွယ်များ ပြေလျော့ပြီး ခြေပစ်လက်ပစ် မောနေဟန် မြင်တွေ့ရပါသည်။ မနု၊ ကျွန်တော်နှင့် ဖနီးတို့မှ ဆီးဖြူသီးပေါ်ကြောင်း၊ မော၍ အကောင်းကြောင်း ပြောလျက် ဖနီးသည်မှ ပခုံးထက်ရှိ ထင်းစည်းရွက်လာသော ပုဆိုးပိုင်းဖြင့် မျက်နှာချွေးများ



သုတ်နေစဉ် မကျင် အခြေအနေ ထူးခြားနေ၍ "မကျင် မောနေပြီလား" ဟု မေးလိုက်ပါသည်။

ခေါင်းငိုက်နေသော မကျင် ခေါင်းထောင်လာပြီး ပြေနေသော ဆံနွယ်များကြားမှ မျက်ထောက်နီလျက် ကျွန်တော့်ကိုကြည့်စဉ် ကျောထဲ နည်းနည်းစိမ့်သလို ခံစားလိုက်ရပါသည်။

**'မကျင် မောနေပြီလား'**

ဟု စူးစမ်းသလို ထပ်မေးတော့...

**'မကျင် မဟုတ်ဘူး'**

ဟု ပြောပါသည်။ သို့နှင့်...

**'ဘယ်သူလဲ'**

ဟု မေးတော့...

**'တပ်နားက'**

ရွာဘက် လက်ညှိုးထိုးပြလျက်...

**'ဟိုရွာက မြနှင်း'**

ဟု ပြောပါသည်။

အမျိုးသမီးနှစ်ယောက်လည်း ရွံ့တွန့်တွန့်၊ ကျွန်တော်လည်း ဘာလုပ်လို့ လုပ်ရမှန်းမသိဘဲ ခေါင်းမော့ ဟိုဒီကြည့်လိုက်စဉ် ဆရာကြီးကတော် ဒေါ်ရင်ရွှေ လာနေတာတွေ့၍ အမူအရာပြခေါ်ပြီး ကြည့်ခိုင်းပါသည်။

ဒေါ်ရင်ရွှေက တွေးတွေးဆဆနှင့် **"ဘယ်သူလဲ ဘယ်ကလဲ ဘာလုပ်မှာလဲ"** မေးတော့ ထမင်းဆာကြောင်း ပြောပါသည်။ ကျွန်တော်လည်း အခန်းဘက် ပြန်ပြီး မနက်ကကျန်သည့် ထမင်းခဲကို သံပန်းကန်ပြားထဲထည့် ဟင်းမရှိ၍ ငါးပိရည်ပဲ လောင်းထည့် ယူလာပေးလိုက်ပါသည်။

ငူငူငိုင်ငိုင်နှင့် ပန်းကန်ကိုင်ကြည့်နေရာ ဒေါ်ရင်ရွှေက **"မြန်မြန်စား ခဏနေ ဆရာကြီးလာရင် မလွယ်ဘူး"** လို့ ပြောမှ ပလုတ်ပလောင်းစားတာ ကုန်သွားပါသည်။

ဖနီးသည်က ရေတစ်ခွက်ပေးတာကို သောက်ပြီး မျက်ထောက်နီနှင့် လူတွေကို ဝေ့ဝဲကြည့်နေပါသည်။ ဒေါ်ရင်ရွှေက **"သွားတော့ သွားတော့"** ဟုပြောမှ ခေါင်းငိုက်ကျသွားရာမှ မကျင် ခေါင်းပြန်မော့ပြီး **"မောလိုက်တာ အိပ်ပျော်သွားတယ်ထင်တယ်"** ဟု သူ ဖြစ်ပျက်တာ ဘာမှ မသိခဲ့၍ ပြောနေပါသည်။

ဒေါ်ရင်ရွှေက...

'နင်တို့ တောထဲတောင်ထဲသွားလို့ လူစုကွဲသွားရင် ဝူးဝူးလို့ ဆက်သွယ် အသံပြုရတယ်။ အေး လူချင်းမကွဲဘဲ ပြန်ကြသွားကြမယ်ဆိုရင် နာမည်တပ်ခေါ်မှ နင်တို့က လာကြဟေ့ ပြန်ကြမယ်လို့ နာမည်မတပ်မိတော့ ပရလောကသားတွေက သူတို့ခေါ်တယ်ထင်ပြီး လိုက်လာတာပေါ့။

လူတို့ မမြင်အောင်းတဲ့ တမလွန်ဘဝဆိုတာ ရှိနေတာပဲလေ။ အပ်မိလာတာပေါ့။ နောင် တောထဲ ထင်းခွေသွားကြရင် သွားသတိ လာသတိနဲ့ ဆင်ဆင်ခြင်ခြင် ပြောဆိုကြ'

လို့ ဆုံးမခဲ့ဖူးကြောင်း အမှတ်မထင် အဖြစ်အပျက်တစ်ခုအား အမှတ်တရအဖြစ် တင်ပြရေးသားလိုက်ရပါတော့သည်။

**သက်ဦးမောင် (နမ့်စန်)**




www.burmeseclassic.com

www.burmeseclassic.com

နာနတ်သီးမှည့်

# အစာကြေဆေး



လွန်ခဲ့သော ဝါဆိုလဆန်းလောက်က စာရေးသူ၏ မိခင်ကြီး ရန်ကုန်ကို ရောက်လာသည်။

အမေသည် ခရီးဝေးက လာရသော်လည်း ပင်ပန်းဟန်မပြ။ သား၊ ချွေးမနှင့် မြေးများ၏ မျက်နှာတွေကို မြင်လိုက်ရတော့ ဝမ်းသာကျေနပ်နေပုံ ရပါသည်။ ရောက်မဆိုက်ပင် ယူဆောင်လာသည့် လက်ဆွဲခြင်းကြီးထဲက စားစရာများကို တစ်မျိုးပြီးတစ်မျိုး ထုတ်ပေးနေတော့သည်။

'ရော့ သမီးရေ ငါ့သားကြီးရော ကလေးတွေပါ စားလိုက်ရအောင် ဒီ နာနတ်သီးကို ခွဲလိုက် သမီး'

ဟု ဆိုကာ ကျွန်တော့်ဇနီးအား ထုတ်ပေးပါတော့သည်။ နာနတ်သီးကြီးတွေက ကြီးလိုက်တာ။ ပြီးတော့ တစ်လုံး,နှစ်လုံးမဟုတ်။ ငါးလုံးတောင်။

ရောက်လျှင်ရောက်ချင်း ချွေးကိုမှ မသုတ်အားဘဲ ယူလာသည့် စားစရာတွေကို ဝမ်းပန်းတသာ ထုတ်ပေးနေသော အမေ့ကို မြင်တော့ စာရေးသူ ရင်နင့်စွာ ခံစားလိုက်မိသည်။

ဟော...အခုလို ကိုင်းထဲအလုပ် နားတော့ မြေးတွေကို တွေ့ချင်၍ ရန်ကုန်ကို လာသေးသည်။

ညနေပိုင်း ထမင်းစားပြီးချိန်တွင် နာနတ်သီးမှ အပင်အတက်ကလေးများကို အိမ်ရှေ့မြေကွက်လပ်၌ အမကိုယ်တိုင် စိုက်နေသည်။

ထို့နောက် နာနတ်သီးအခွံများကို မြေအိုးသစ်တစ်လုံးထဲတွင် ထည့်၍ ရေစင်အောင် ဆေးနေတော့သည်။ ထို့နောက် ကျွန်တော်၏ဇနီးနှင့် ကျွန်တော့်အား ခေါ်ကာ ဆေးလုပ်ပုံကို အသေးစိတ် ညွှန်ကြားပါတော့သည်။

သို့သော် ထိုဆေးကား ချက်ချင်းဖော်စပ်၍ မရပေ။ ရက်သတ္တ နှစ်ပတ်ခန့်(၁၄–ရက်ခန့်)ကြာမှ ပြီးလေတော့သည်။ ထိုအခါ ကျွန်တော့်အား ထိုဆေးကို တစ်နေ့တစ်ကြိမ် ညနေ သုံးနာရီနှင့် လေးနာရီခန့်အတွင်း နေ့စဉ်သောက်စေခဲ့သည်။

ထူးခြားသည်က ယခင်က ညနေပိုင်း ထမင်းမစားချင်၊ စားပါကလည်း များများ မစားနိုင်သည့် ကျွန်တော်သည် ထမင်းလည်း စားကောင်းလာတော့သည်။ စားသမျှ အစာလည်း ကြေညက်သည် ထင်ပါသည်။

ယခင်က အစာမကြေသော ဝေဒနာကို ခံစားနေရသော ကျွန်တော့်မှာ ညနေပိုင်းတွင် ထမင်းမစားသည်က များလှသည်။ ထို့ကြောင့် လူမှာ ကျန်းမာရေး မကောင်းခဲ့။

ယခုတော့ အမေ ဖော်စပ်ပေးသော ဆေးရည်ကို တစ်နေ့တစ်ကြိမ် **လက်ဖက်ရည်အကြမ်းပန်းကန်လုံး တစ်ဝက်ခန့် (ဟင်းခပ်စတီးဇွန်းသုံးဇွန်း) ခန့်ကို ညနေပိုင်း(၄)နာရီခန့်** တစ်နေ့တစ်ကြိမ် သောက်လာသောအခါ အစာမကြေ၍ ရင်တောင့်သော ဝေဒနာ မခံစားရတော့ပေ။ အသားအရေလည်း စိုပြည်လာတော့သည်။

ထို့ကြောင့် အမေ သင်ပြထားခဲ့သော ဆေးနည်းကို စာရေးသူကဲ့သို့ အ... မကြေ ရင်ပြည့်ရင်ကယ် ဖြစ်နေသူ... အတွက် နည်းကောင်းတစ်သွယ်အ... တင်ပြလိုက်ရပါသည်။

## နာနတ်သီးမှည့် အစာကြေဆေး

နာနတ်သီးမှည့်အခွံများကို သောက်... (မြေအိုး)သန့်သန့်တွင် ထန်းလျက်နှင့် ... ရောထည့်ပါ။ ပြီးလျှင် ထန်းလျက်၊ ... သီးခွံ နှစ်မျိုးပေါင်း အလေးချိန်၏ (... ရေထည့်၍ နေပူပူတွင် နေလှန်းပါ။

နှစ်ပတ်ခန့်(၁၄–ရက်ခန့်)ကြာလျှင် ... ပါးဖြင့် အရည်ကို စစ်ယူ၍ ပုလင်း... ထည့်ထားပါ။ ထို့နောက် ရေတ်ကောင်း... အနည်းငယ် (သို့မဟုတ်) စမုန်ညို... လှော်၍ ထောင်းထားသော အမှုန့်... ငယ်ကို ထိုဆေးရည်တွင် ထည့်ပြီး ... တစ်ကြိမ် ညနေ(၄)နာရီခန့်တွင် ... ပန်းကန်တစ်ဝက်ခန့် (သို့မဟုတ်) ... ဇွန်း(၃)ဇွန်းခန့် နေ့စဉ် မှန်မှန်သော... ပါက ဝမ်းမီးညံ့သောရောဂါ၊ အစာ... ဝေဒနာ၊ မူးဝေခြင်းဝေဒနာ၊ လေနာ... တို့ကို သက်သာပျောက်ကင်းစေ... ဤဆေးနည်းပါးဖြင့် မိခင်ကြီး...

**ဒေါ်သောင်းကြည်၊ ကွယ်လွန်... သော ဖခင်ကြီး ဦးကျော်ရှင်နှင့် အ... ဦးစံမြ (တိုင်းရင်းမြန်မာဆေးဆရာကြီး... လက်ပံခုံကျေးရွာ၊ မိုးညိုမြို့နယ်)... အား ကန်တော့ပါသတည်း။**

*သတ္တဝါအားလုံး ကျန်းမာ ချမ်း... ကြပါစေ။*

ဆရာဝင်း

www.burmeseclassic.com



(မြန်မာစာ)

# မီးမတောင်းသျှိုက်

စာရေးသူ ငယ်စဉ်ဘဝက ညအိပ်ရာ
င်ပုံပြင်အဖြစ်လည်းကောင်း၊ ဒဏ္ဍာရီ
အဖြစ်လည်းကောင်း သိရှိ ကြားနာခဲ့
သော အကြောင်းအရာတစ်ခု တင်ပြ
ချင်ပါသည်။ စာရေးသူတို့ ကလေးဘဝ
တွင် အရပ်ထဲရှိ လူကြီးသူမများ
ပြောကြသောအခါ ကလေးပီပီ
နားလျက်ခဲကိုက်ရင်း၊ ပဲလှော်ဝါးရင်း၊
နွေးကြမ်းကို ကပ်သောက်ရင်း
ထောင်ကြရသည်မှာ အလုပ်တစ်ခု
လို ဖြစ်နေတတ်တော့သည်။

စာရေးသူ၏အဘိုး (စာရေးသူ
ဖခင်၏ အဖေ)က နယ်ချဲ့အင်္ဂလိပ်နှင့်
ဖက်ဆစ်ဂျပန်ခေတ်မှ (၂၀)ရာစု နှောင်း
ပိုင်းကျော်ထိတောင် မီခဲ့သော ရှေးလူ
ကြီးတစ်ဦး ဖြစ်ပါသည်။

အဘိုးက မြေးများနှင့် တွေ့တိုင်း၊
ဆုံတိုင်း ထိုခေတ်ထိုအခါက တွေ့ကြုံ
ခဲ့ရဖူးသော အတွေ့အကြုံများကို ပြော
ပြလေ့ရှိသည်။ ထိုအခါ အဘွားက…

'သူ့အဖေတွေအကြောင်း ပြောနေ
တာပဲ ငါ့မြေးတွေ နားမထောင်ကြနဲ့'
ဟု မြည်တွန်လေ့ ရှိသည်။ ပြောတာ
လည်း ဟုတ်ပါသည်။ အဘိုးသည်

www.burmeseclassic.com

ဖက်ဆစ်ဂျပန်ခေတ်တုန်းက ဖက်ဆစ်ဂျပန်များနှင့် များစွာ ရင်းနှီးခဲ့ဖူးသော လူတစ်ယောက် ဖြစ်ခြင်းကြောင့် အမျိုးကိုချစ်သော အဘွားက ဖက်ဆစ်ဂျပန်များအကြောင်းကို အပြောမခံခြင်းပင်။ ယခုအခါ အဘိုးရော, အဘွားရော မရှိကြတော့ပါ။

အဘိုး ပြောပြဖူးသော ကိုယ်တွေ့ဖြစ်ရပ်များထဲမှ ယခု ရေးသား ဖော်ပြမည့်အကြောင်းမှာ အင်မတန် လျှို့ဝှက်ပြီး ဂမ္ဘီရဆန်သော အကြောင်းအရာ တစ်ခုပင် ဖြစ်ပါသည်။ အဘိုး ပြောပြစဉ်က ငယ်လွန်းသောကြောင့် ခုချိန်မှာ မမှတ်မိသော အကြောင်းအရာများအား မွေးသဖခင် ကျေးဇူးရှင်ကြီးအား ထပ်မံ မေးမြန်း၍ ဇာတ်လမ်းသဘော ဆောင်စေရန်အတွက် လိုအပ်သည်များကို စိတ်ကူးဖြင့် ဖြည့်စွက်ကာ ပုံဖော်ထားခြင်း ဖြစ်ပါသည်။

ဤအဖြစ်အပျက်ကို သိခွင့်ရခဲ့သော ရှေးမီနောက်မီ လူကြီးများ ရှိနေခဲ့သေးသော် တစ်ဆင့်နားထောင်ပြီးမှ စိတ်ကူးဖြင့် ရေးသားထားခြင်း ဖြစ်သောကြောင့် လိုအပ်နေသည့် နေရာလေးများ မြင်တွေ့ရလျှင် နားလည် ခွင့်လွှတ်ပေးကြဖို့ တောင်းပန်လိုက်ရပါသည်။

မြန်မာနိုင်ငံတွင် နယ်ချဲ့အင်္ဂလိပ်တို့ နေသားကျစ ပြုနေချိန် မြန်မာနိုင်ငံ၏ တစ်နေရာတွင်ရှိသော ကာဘိုးရွာလေးသည် ပကတိ တည်ငြိမ်အေးချမ်းလို့နေသည်။ ကျေးလက်တောရွာ ဖြစ်ခြင်းကြောင့်လည်း ရိုးသားကြရှာသော ရွာသူ,ရွာသားများက ဘုရားရိပ်၊ တရားရိပ်နှင့် မဝေးကွာကြပေ။

ကာဘိုးရွာလေးသည် အိမ်ခြေ သိပ်မများသော ရွာငယ်လေး ဖြစ်သည်။ တောရကျောင်းလေးတစ်ကျောင်း ရှိပြီး ရွှေဂူကြီးတောရဟု အမည်တွင်လေသည်။ ကျောင်းထိုင်ဆရာတော်၏ ဘွဲ့အမည်က ဆရာတော် ဦးသုတ၊ မျက်စိ



နှစ်ကွင်း အလင်းမရရှာသော ဆရာတော်တစ်ပါး ဖြစ်သည်။

ထိုတောရကျောင်းလေးသည် ရွာနှင့် အလှမ်းဝေးပြီး ကျောင်း၏ အရှေ့, အနောက်နှင့် မြောက်ဘက်တွင် သစ်ရိပ်, ဝါးရိပ်များ, ချုံပင်များဖြင့် အုပ်ဆိုင်းနေလေသည်။ ကျောင်း၏ တောင်ဘက်တွင် ကာဘိုးရွာ တည်ရှိလေသည်။ ကျောင်းနှင့် အတန်ငယ် အလှမ်းဝေးသော အရှေ့မြောက် ခပ်ယွန်းယွန်းတွင် အင်ပင်များစွာ စုဝေးပေါက်နေသောကြောင့် ရွာသားများက အင်ပင်တောဟုသာ ခေါ်ကြသည်။

ထိုအင်ပင်တောသည် နတ်ကြီးသည်ဟု တချို့က သတ်မှတ်ထားကြ၏။ ဆရာတော်၏ ဆွမ်းကွမ်းကိစ္စများကို ရွာတွင်းသို့ ဘုန်းကြီးကျောင်းသားများ ဆွမ်းခံထွက်၍ လည်းကောင်း၊ ဒကာ,ဒကာမများက ဆွမ်းအုပ်ပို့၍ လည်းကောင်း အဆင်ပြေရလေသည်။

ရွာသူ,ရွာသားများကလည်း လယ်ယာ၊ ကိုင်းကျွန်း လုပ်ကိုင်ကြသူများ ဖြစ်ကြပြီး ဟင်းစားအလို့ငှာ ကြက်, ဘဲများ မွေးမြူထားကြသည်။ ဟင်းသီးဟင်းရွက် လိုအပ်လျှင်လည်း သူ့အခင်း၊ ကိုယ့်အခင်း ခွဲခြားနေစရာမလို ချက်ပြုတ် စားသောက်ရန်လောက်သာ သူတစ်ပါး၏အခင်းမှ ခူးယူ၍ရသည်မို့ လောဘလည်း မကြီးတတ်ကြပေ။ တစ်ဆုပ်စာလိုအပ်လျှင် တစ်ဆုပ်စာပင်။ ထို့ထက်ပိုပြီး မယူကြပေ။

ထိုသို့ အေးချမ်းသော ကာဘိုးရွာလေးသို့ လူစိမ်း သုံးယောက် ရောက်လာတော့သည်။ ဂါထာ, မန္တန်များ လောကီအတတ်ပညာများဖြင့် ရှေးဟောင်း အဖိုးတန် ရတနာများအား ရှာဖွေနေကြသော ဝိသမလောဘ သမားများ ဖြစ်ကြသည်။

ဘယ်ကနေ ဘယ်လို ရလာမှန်း မသိသော စာညွှန်းတစ်ခုကြောင့် ကာဘိုးရွာသို့ ရတနာပစ္စည်းများ ရှာဖွေရန် ရောက်လာကြခြင်းပင်။ ဆရာဖြစ်ဟန်တူသူက ရွှေဂူကြီး တောရကျောင်းနှင့် မနီးမဝေးတွင် (၃) ရက်ခန့် အကဲခတ် လှည့်လာပြီး ကျောင်း၏ အရှေ့မြောက်ယွန်းယွန်းတွင် ရှိသော အင်ပင်တောကို ပစ်မှတ်ထားကာ လုပ်ငန်း စတင်တော့သည်။

ရွာသူ,ရွာသားများပင် မသိသော ဘုရားသမိုင်းအကြောင်းကို သိထားကြပြီး နောက်နေ့ မနက်မှာဘဲ လုပ်ငန်း စတင်လေတော့သည်။ လိုအပ်သော ငှက်ပျောပွဲ, အုန်းပွဲ, ဖယောင်းတိုင် စသည့် ပစ္စည်းများ အစုံအလင်ဖြင့် ဂါထာမန္တန်များ စတင် ရွတ်တော့သည်။

တပည့်ဖြစ်ဟန်တူသူ နှစ်ဦးက ဆရာ စေခိုင်းသမျှ လုပ်ဆောင်ပေးရန် အသင့်အနေထားဖြင့် စောင့်နေကြသည်။ တပည့်နှစ်ယောက်မှာ စာညွှန်းတဘောင် တစ်ခုကြောင့် ဆရာ၏ အမိန့်ကို နာခံကာ ခံတွင်းချဉ်၍ ဆေး(?)ဖွာရန်ပင် မီးမတောင်းဝံ့ကြပါ။ ပစ္စည်းထားရာမြေကို တွေ့၍ ထိုပစ္စည်းများ ပေါ်ထွက်လာလျှင်သော် လည်းကောင်း၊ တူးနေစဉ်တွင်သော်လည်းကောင်း "မီးမတောင်းရ" ဟု စာညွှန်းတဘောင်က ဆိုထားလေသည်ဟူ၏။

ထို့ကြောင့် ဆရာ, တပည့် အားလုံးက ယောင်၍ပင် မီးမတောင်းမိ(?) စတင်တူးရာမှာ တခြား ဘာအနှောင့်





www.burmeseclassic.com

www.burmeseclassic.com

အယုက်မှ မပေါ်ခဲ့ပေ။ မပေးကြချေ။ အချိန်က တဖြည်းဖြည်း မြင့်တက်လာခဲ့ပြီး ဆွမ်းစားချိန်သို့ပင် ရောက်ခဲ့လေပြီ။ ဆရာ၏ နှုတ်မှ ဂါထာရွတ်နေသံမှာလည်း မြန်လာခဲ့ပြီး ဇောချွေးများလည်း ပြန်လို့နေသည်။

မကြာမီ စည်းအတွင်းမှ ရွှေလှေတစ်စင်း၏ ဦးပိုင်းသဏ္ဍာန် ပုံရိပ်တစ်ခု ထင်ဟပ်လာတော့သည်။ တဖြည်းဖြည်းနှင့် လှေဦးသဏ္ဍာန် ပီပြင်လာခဲ့ပြီး လှေဦးတွင် ရွှေမောင်းလေးတစ်လုံး ချိတ်ဆွဲထားသည်ကို မြင်တွေ့လိုက်ရသည်။

ဆရာဖြစ်သူလည်း ဂါထာရွတ်ခြင်းမှ ရပ်တန့်လိုက်ပြီး တပည့်နှစ်ဦးနှင့်အတူ လှေနားသို့ တိုးကပ်သွားကြလေသည်။ ရွှေမောင်းလေးက ရွှေရောင်များ ဝင်းအိနေပြီး တီးချင်စဖွယ် တီးလှည့်ပါဟု ဖိတ်ခေါ်နေသယောင်။

ဆရာဖြစ်သူသည် ထိုမောင်းလေးနားသို့ ကပ်သွားပြီး တင်းပုတ်လေးကို ကောက်ကာ ရှုတ်တရက် တီးလိုက်လေတော့သည်။ ထိုမောင်းသံ တနောင်နောင် ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက် မြေပြင်သည် ချောင်အဖြစ် ပြောင်းလဲသွားပြီး လှေဦးသာပေါ်သော လှေကြီးသည် မတုန်မလှုပ် ရှိနေရာမှ အသက်ဝင်လာကာ အင်ပင်တောမှ ထွက်ကာ တနင်္ဂနွေထောင့်ဆီသို့ လှော်ခတ် ပျောက်ကွယ်သွားလေတော့သည်။

ဆရာဖြစ်သူနှင့် တပည့်(၂)ဦးသည်လည်း လောဘနောက်သို့ လိုက်ပြီး မြေပြင်ကို ချောင်ထင်၍ အားကြိုးမာန်တက် ကူးခပ်ကာ ရွှေလှေကြီးနောက်သို့ လိုက်ကြလေတော့သည်။

စာသွန်းတဘောင်၏ အနက်ကို အလွယ်ဆုံးနှင့် အခက်ဆုံး စီမံထားခြင်းပင် ဖြစ်သည်ဟု ဆိုကြသည်။

"**မီးမတောင်းရ**"ဟု တားမြစ်ထား



ခြင်းသည် "**မောင်းမတီးရ**"ဟူသတတ်။ "မီးမတောင်းရ" ဟူသောကြောင့် ဆေးလိပ်မီးပင် မတောင်းဝံ့ရှာကြသော ဆရာတပည့်(၃)ဦးမှာမြေပြင်ရေလျှဉ်ကြောမှာ ကူးခပ်နေရလေပြီ။

* * *

ဆရာတော် ဦးသုတသည် နံနက်စာဆွမ်းဘုဉ်းပေးနေစဉ် အချိန်အားဖြင့် နံနက် (၁၀)နာရီခွဲခန့် ကျောင်း၏ အရှေ့မြောက်ဘက်ရှိ အင်ပင်တောဆီမှ စီခနဲ, စီခနဲ အော်သံများကို ကြားလိုက်ရသည်။ ထို့ကြောင့် ကျောင်းသားများကိုခေါ်ကာ အင်ပင်တောစပ်သို့ သွားရောက် ကြည့်နိုင်းလေတော့သည်။

ကျောင်းသားများ ပြန်လာသောအခါ အကြောင်းစုံ သိရ၍ ထိုနေရာသို့ လိုက်ပို့နိုင်းလေသည်။ ဆရာတော် ရောက်သွားတော့မှ ဆရာတော်က...

'ယိုက်သားတွေ သေကုန်ကြတော့မှာပဲ ဘုရားပစ္စည်းကို မကြံအပ်မစည်ရာ လာလုပ်ကြတာကိုး။ ထကြစမ်း... ထကြစမ်း' ဟု ဆိုပြီး တစ်ဦးချင်းကို တောင်ဝှေးဖြင့် လိုက်ထိုးလေရာ မြေပြင်ကို ချောင်ထင်ပြီး ကူးခပ်နေရာမှ အသိဝင်ပြီး ဆရာတော်အား ဦးနှိမ်ဝတ်ချ ကန်တော့ကြလေတော့သည်။

ထိုအချိန်မှစ၍ ပျောက်ကွယ်သွားခဲ့သော "မီးမတောင်းသိုက်"သည် တွေ့ဖူးကြုံဖူးသူများ အပြောအရ ယခုအခါထိ ထိုနေရာ၌ တစ်ခါတစ်ရံ အမျိုးသမီးငယ်လေးများကို တွေ့ရတတ်သည်ဟု ဆိုကြသည်။ ခုတော့ ထိုနေရာဒေသ ပတ်ဝန်းကျင်သည် လူနေအိမ်ခြေများဖြင့် စည်ကားလှသော ရပ်ကွက်ကြီးတစ်ခု ဖြစ်နေလေပြီ။

ထို"မီးမတောင်းသိုက်" လှေဦးပေါ်ရာ နေရာတွင် ချိုင့်ခွက်သဏ္ဍာန် ဖြစ်နေပြီး ခုချိန်ထိ မိုးရာသီတွင် ရေများစွာဝပ်နေတတ်သည်။ ရွှေဂူကြီးတောရကျောင်းသည်လည်း လူနေအိမ်ခြေများပြားလာသည်နှင့်အမျှ ခမ်းနားသော ရွာလယ်ကျောင်းကြီးတစ်ဆောင်ဖြစ်နေလေပြီ။

မြန်မာနိုင်ငံ လွတ်လပ်ရေး ရခဲ့သလို ဆရာတော် ဦးသုတသည်လည်း ပျံလွန်တော်မူသွားခဲ့လေသည်။ လှော်ခတ်ထွက်သွားသော ရွှေလှေကြီးသည်လည်း နေရာရွှေ့ပြောင်းသွားတာလား၊ ဘယ်ဘုရားကို ရွှေ့သွားတာလဲ ဆိုတာ စာရေးသူကိုယ်တိုင်လည်း ခုထက်ထိ လက်လှမ်းမမီနိုင်ခဲ့ပါ။ ရွှေဂူကြီးကျောင်းသည်လည်း ဆရာတော် အဆက်ဆက် လက်ဆင့်ကမ်းလာခဲ့ရာ ခုလက်ရှိ ကျောင်းထိုင်နေသော ဆရာတော်၏ လက်ထက်သို့ တိုင်ခဲ့လေပြီ။

ဘုန်းကြီးကျောင်းသား ဖြစ်ခဲ့သော အဘိုး ကွယ်လွန်ခဲ့တာလည်း (၅) နှစ်တင်းတင်း ပြည့်တော့မည်။ စာရေးသူ၏ ဖခင်သည်လည်း အဘိုး ငယ်စဉ်က ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များ၊ အကြောင်းအရာများအား အားလပ်ချိန်တိုင်း ပြောပြပါသည်။

နောင် အလျှဉ်းသင့်သည့်အခါ အဘိုး ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်များအား စာဖတ်ပရိသတ်ကြီး သိရှိစေရန်အတွက် ရေးသား ဖော်ပြပေးပါဦးမည်။ စာရေးသူအား ဤအဖြစ်အပျက်ကို ထပ်ဆင့် ပြောပြသော ဖခင်ကြီးအားလည်းကောင်း၊ မှတ်သားစရာများဖြစ်အောင် ချန်ထားရစ်ခဲ့သော စာရေးသူ၏ အဘိုးအားလည်းကောင်း ဤစာစုဖြင့် ဦးညွှတ် ကန်တော့ပါသည်။

**အေးမေ(မြန်မာစာ)**



www.burmeseclassic.com

www.burmeseclassic.com



မောင်မြော
(ရာမည)

# လာလိုသူ ခိုးခိုးခေသော်လည်း

**စာခဉ်း (၁)**

လောကီ လူ့ဘောင်ထဲ၌ ကျင်လည်နေစဉ် ကာလ တစ်လျှောက် ထူး၍ မဆန်းသောအဖြစ်၊ ဆန်း၍ မထူးသော အဖြစ်အပျက် များစွာကို ကြုံတွေ့ခဲ့ရဖူး၏။ ထိုအထဲမှ သင့်လျော်သလို မဂ္ဂဇင်းအချို့၌ ရေးသား တင်ဆက်ခဲ့ပြီး ပါပြီ။ သို့ပေသော်ငြား မကုန်သေးပါ။ ရှေ့ဆက်လည်း ထိုထို အဖြစ်အပျက်တွေအား တွေ့မြင် ခံစားရပါဦးမည်။

ယခုအကြိမ် ရေးသား တင်ပြမည့် အကြောင်းအရာလေးသည်လည်း ဘဝ အတွေ့အကြုံ များစွာထဲမှ အမှတ်တရ ကောက်နုတ်ချက်တစ်ခုသာ ဖြစ်ပါ၏။ အချိန်ကား **၁၉၉၄ ခုနှစ်ကုန်ပိုင်း** ကာလ ဖြစ်သည်။

ထိုအချိန်တုန်းက စာရေးသူ၏ မိခင်သည် သားလေးယောက်တိတိကို မွေးဖွားပြီး ဖြစ်သည်။ စာရေးသူအထက် အစ်ကိုတစ်ယောက်ရှိ၍ အောက်တွင် ညီနှစ်ယောက်ရှိ၏။ အချို့က လူခုတင် ဟုခေါ်ကြောင်း၊ ခိုက်တတ်ကြောင်းတွေ ပြောကြ၏။ ဘယ်သို့ဆိုစေ ထိုကာလတုန်းက မိသားစုအားလုံး သိုက်သိုက်ဝန်းဝန်းနှင့် တစ်စုတစ်စည်းတည်း ရှိခဲ့ကြသည်။ ဘေးဥပဒ်လည်း မဖြစ်။ အားလုံး ကျန်းကျန်းမာမာပင်။ ဤသို့ ရှိစဉ် တစ်နေ့သ၌ ဝမ်းသာစရာ သတင်း တစ်ခုကို အမေ့နှုတ်ဖျားက ကြားလိုက် ရ၏။

'အမေ တကယ်လား ဒါဆို သား



www.burmeseclassic.com

www.burmeseclassic.com



ညီလေး၊ ညီမလေး ရပြန်ပြီပေါ့'

အမေက ရှက်ဝဲဝဲနှင့် ခေါင်းညိတ်ရင်း ပြုံးနေ၏။ အငယ်ဆုံး ညီလေးက သုံးနှစ်သားအရွယ်ခန့်မျှ ချစ်မဝသေး။ ယခု တစ်ယောက် တိုးလာမည်ဆိုတော့ ဝိုင်းချစ်ကြဦးမည့်အဖြစ်။ အဖေကမှု သားသမီးတွေ တစ်စု တစ်စည်းနှင့်မို့ ပိုပျော်မည်။

စာရေးသူ ဖခင်က ဝန်ထမ်း တစ်ဦးမို့ ဝန်ထမ်းတန်းလျားတွင် နေထိုင်ရ၏။ အဖေ၏ မလောက်မင လစာလေးအပြင် အမေ၏ အမြော်အမြင်ဖြင့် ဝက်တွေ၊ ကြက်တွေမွေး၍ မိသားစု ကျပ်ကျပ်တည်းတည်း အိမ် မဖြစ်။ သားသုံးယောက် ကျောင်းသားတွေချည်း။ ဒါပေမယ့် အဖေ့ရည်မှန်းချက်အတိုင်း တစ်စက်ကလေးမှ မျက်နှာအငယ်မခံဘဲ ကျောင်းနေပျော်ဖို့ သားတွေကို ဆုံးမပဲ့ပြင်ပြီး မြေတောင်မြှောက်ပေးသည်။

စာရေးသူက ထိုအရွယ်ကတည်းက ကျောင်းစာတင်မက အပြင်စာတွေ ဖတ်သည်။ ဘယ်မှမသွားဘဲ တကုပ်တည်းကုပ်နေသည်။ စာအုပ်ပုံတွေကို ကြည့်ပြီး အဖေကတော့ မှတ်ချက်ချသည်။ ဘာတဲ့...

'ကြီးရင် ဘာဖြစ်မယ့်ကောင်လည်းတော့ မသိဘူး။ ဖတ်လိုက်သမျှ စာကြီးပေကြီး'

တဲ့။ ရှုတ်ချကဲ့ရဲ့တာမဟုတ်၊ ဂုဏ်ယူအပြုံးနှင့် အဖေ့စကားသံရယ်ပါ။ အစ်ကိုကတော့ အနည်းအကျဉ်းသာ ဖတ်သည်။ ဒီလိုနှင့် အမေ့ကိုယ်ဝန် ငါးလထဲ ရောက်လာသည်။

ကိုယ်လေးလက်ဝန်နှင့်မို့ ထမင်းဟင်းချက်၊ ရေခပ်၊ ချက်ပြုတ်လျှော်ဖွပ်ပြီးမှ စာရေးသူတို့တစ်တွေ ကျောင်းတက်၏။ ညီတွေကို မွေးတုန်းကလည်း အမေ့ထဘီတွေ (အညစ်အကြေးများနှင့်)ကို မရွံ့မရှာ စာရေးသူ လျှော်ဖွပ်၏။ မရွံပါ။ မွေးသမိခင် ကျေးဇူးရှင်မို့ ရွံရကောင်းမှန်းတောင် မသိခဲ့။ အများကမေးရင် တစ်ခွန်းတည်းဖြေသည်။

'ကိုယ့်ကိုတောင်မှ အသက်နဲ့လဲပြီး မွေးလာခဲ့ရတာ ကိုယ်ကရွံရင် ကိုယ်ဘာဖြစ်မလဲ'

ဟုသာ ဖြေစမြဲ။ ယခုလည်း အမေမီးဖွားလျှင် စာရေးသူ လျှော်ဖွပ်ပေးဦးမည်။ အမေက မလျှော်ခိုင်းပါ။ ဒါပေမယ့် ခိုးလျှော်ခဲ့တာချည်းပါ။ ဒီလိုနှင့် ကိုယ်ဝန်ရင့်မာလာတော့ ထူးခြားမှုတွေ စဖြစ်လာ၏။

မကြာခဏ ငွေတွေ အလုံးအရင်းနှင့် ဝင်လာခြင်းပင်။ အမေ့အပြောအရ ဗိုက်ထဲမှာ ယောက်ျားလေးဖြစ်ကြောင်း၊ အိပ်မက်ထဲမှာ ခဏခဏ တွေ့ရကြောင်း၊ အသားဖြူဖြူလေးနှင့် ချက်ချက်ချာချာလေးဖြစ်ကြောင်း၊ သူကပင် အမေ့ကို ကံစမ်းဖို့ အကြံဉာဏ်ပေးကြောင်းပင်။ ဟုတ်လည်းဟုတ်သည် မယုံမရဲနှင့် ကံစမ်းတိုင်း အကျိုးအမြတ်ရှိခဲ့သည်ချည်းပင်။ လာဘ်လာဘနှင့် လာသော ကလေးပင်တည်း။

ယခုတော့ မိသားစုတွေ အဆင်ပြေလာ၏။ အမေ့ကို ရွှေတွဲလွဲ ငွေတွဲလွဲနှင့် စာရေးသူတောင် ဟန်ချိန်း လက်စွပ် သေသည်တို့ ဝတ်ဆင်ခွင့်ရပြီ။ ထို့အပြင် အခြား လာဘ်လာဘတွေလည်း တစ်ပုံတစ်ပင် ရလာ၏။

တောင်းမရ၍ ဆုံးနေသည့် အကြွေးတွေပင် လာ,လာဆပ်သည်မှာ ထူးခြားပါဘိ။ မလိုမုန်းထားရှိသူ အချို့၏ မသင်္ကာမှုကိုပါ တစ်ခါတစ်ရံ ရင်ဆိုင်ရဖူးသည်လေ။ လူဆိုသည်မှာ နိမ့်လွန်းလျှင်လည်း အ,တာကိုး၊ ပျင်းတာကိုး၊ အလှူအတန်းမှ မရှိခဲ့တာ၊ ဉာဏ်မှ မရှိခဲ့တာ ဘာညာဖြင့် နှိပ်ကွပ်တတ်သည့် ဓမ္မတာအပြင် သူတို့ထက် နှာတစ်ဖျားသာသွားသည် ဆိုရင်ဖြင့် လာဘ်စားတာကိုး၊ မရိုးသားတာကိုးဟု ပြစ်တင်လာကြပြန်သည်ကော။

လူ့အသိုင်းအဝိုင်းထဲမှာ နေသည်မို့ လူနှင့်တူအောင် မဝတ်မစားရဲချင်စရာ။ သူတို့က ကဲ့ရဲ့ပြစ်တင်လေလေ၊ အိမ်စီးပွားက တိုးတက်လေလေပင်။ ထို ကတည်းက ထူးခြားခဲ့သည်မှာ အံ့သြစရာပင်။

## စာစဉ် (၂)

'မိန်းမရေ လမ်းလေးဘာလေး လျှောက်ဦးဟေ့'

'လျှောက်ပါတယ် အစ်ကိုရယ် ခုန ကမှ နားတာ'

အဖေက ရုံးယူနီဖောင်းကို လဲလှယ်ရင်း သတိပေးသည်။ စာဖတ်နေရာက အသာထသွားပြီး...

'အဖေ'

'ဟေ'

'သား စက်ဘီးအသစ်တစ်စီး လိုချင်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ကျောင်းသွားရတာ ခြေညောင်းတယ်'

'အေး... နေဦး အဖေ ဈေးမေးပြီး စုလိုက်မယ် ဟုတ်လား'

'ဟာ... အဖေကလဲ စုရင် ကြာမှာပေါ့။ သားက အခုလိုချင်တာ'

'ဟာကွာ မင်းကလဲ ရွှေတွေ ဆင်ပေးထားတာပဲဟာ ရောင်းပြီး ဝယ်လဲရသားနဲ့'

ဘယ်အချိန်က ပြန်ရောက်လာသည် မသိ။ အစ်ကိုက ရေတစ်ခွက်ခပ်ပြီး လှမ်းပြောသည်။

'ကဲ... မပူနဲ့နော် သား။ အဖေ ဝယ်ပေးမယ်'

'တကယ်နော် အဖေ'

'အေးပါကွ'

ထိုစဉ်က ဆိတ်ငါးကောင်တံဆိပ် ယောက်ျားစီး စက်ဘီးတစ်စီး ငွေငါးထောင်သာသာပဲ ရှိသည်။ အဖေ့လစာက ရာဂဏန်း။ ဒါကို မမျှမတ ပူဆာသည့် စာရေးသူ အလွန် ပျော်ရွှင်သွားရ၏။ စိတ်ကူးထဲ ပြောင်ပြောင်လက်လက် ခွေများနှင့် စက်ဘီးတစ်စီးကို ပြေးမြင်၏။

ရွယ်တူ သူငယ်ချင်း အချို့မှာမူ အတန်ငယ်လှမ်းသော ကျောင်းကို ခြေကျင်လျှောက်ကြရ၏။ အရင်က စာရေးသူတို့လည်း ခြေကျင်ပါပဲ။ လူဆိုတာ အခက်သား။ ရွှေတိုရွှေစနှင့် အရောင်ထွက်လာတော့ သင့်တင့်ရာ အဆောင်အယောင်တွေ ထပ်လိုချင်ရပြန်သည်လေ။

စာရေးသူ ပျော်နေပေမယ့် အဖေ့ခမျာ ပေးပြီးသားကတိကြောင့် ခေါင်းကိုသာ တဗျင်းဗျင်း ကုတ်၍ကျန်ခဲ့၏။ တစ်ပတ်မျှမကြာ ပြုံးပြုံးရွှင်ရွှင်နှင့် အဖေ ရုံးကပြန်လာ၏။ သုံးနာရီကျော်ကျော် လေးနာရီနီးပါးပဲမို့ ရုံး အစော



ကြီး ဆင်းတာပဲဟု ထင်လိုက်မိသည်။ အိမ်ရှေ့ လှေကားရင်းနား ရောက်တော့...

'သားအတွက်ရပြီ'

ဟု ပြော၏။ ဒီအထိ ဘာမျှ နားမလည်သေး။

'ညက ဗိုက်ထဲကသားလေး အိပ်မက်ပေးတယ်။ အမေက ညည်းတာပေါ့။ စက်ဘီးဝယ်ဖို့ ငွေမှမရှိတာ ဘာညာနဲ့ အဲဒီမှာတင် (ဗိုက်ကို ပုတ်ပြလျက်) သားလေးက သူ အကြံပေးတဲ့အတိုင်း လုပ်ပါ။ အမေတို့ အဆင်ပြေလိမ့်မယ်တဲ့။ သား အပြင်ရောက်ရင် ဒီထက်မက စီးပွားတက်မယ်တဲ့။ သားကိုချစ်ပါ။ မစွန့်ပစ်ပါနဲ့ အမေရယ် နော်တဲ့'

ဒီလို အစွမ်းအစပြလာတဲ့ အမေ့ဗိုက်ဟာ တစ်နေ့တခြား ကြီးကြီးလာပါတော့တယ်။ အရင်ညီလေးတွေ မွေးတုန်းကလိုပါပဲ။ နောက်တစ်ခု ထူးတာက အမေဟာ ညီလေး ကိုယ်ဝန်လွယ်စဉ်ကစလို့ အသားတွေ ရှောင်သွားတာပါ။ အသီးအရွက်နဲ့ ပဲ, အာလူး ဟင်းချည်းစားတာ။ ညီလေး ကူညီမှုကြောင့် ကျောင်းဆိုလည်း စက်ဘီးနဲ့ ကြော့ကြော့မော့မော့ သွားနိုင်ပြီလေ။ စက်ဘီးသစ်ကလေးကို အများက အားကျကြတယ်ပေါ့။

အခုခေတ် ဆိုင်ကယ်စီးရတဲ့ ကလေးတွေလိုပါပဲ။ ပွိုင့်တွေတက်လို့ ဒီလိုနှင့် အမေ မွေးဖွားရက် နီးလာ၏။ တစ်ပတ်မျှပင် မကြာတော့ဟု ပြောသံတွေ ကြားနေရ၏။ ဒီအချိန်ထိ အမေ ကျန်းမာနေ၍ အဖေ စိတ်ချနေသည်။ လိုအပ်တာတွေ ကြိုတင် ပြင်ဆင်ထားကြတာများ အားလုံး တက်တက်ကြွကြွပင်။ အငယ်ဆုံး ကောင်လေးက လူလည်လေး။ မမွေးသေးသည့်ဗိုက်ကို မျက်စောင်းထိုးပြီး စိတ်ကောက်လိုက်၊ စိတ်ဆိုးလိုက်။ အင်းလေ သူက လက်ရှိ အငယ်ဆုံးမို့ အားလုံး ဝိုင်းချစ်တာ ခံရနေတော့ ယခုမွေးမည့် ကလေးအတွက် နေရာမပေးချင်။ သူ့ကို လူကြီးတွေ မချစ်တော့ဟု မြင်ကာ ဂျစ်တိုက်သည်။

ဒါကို စာရေးသူတို့ ဝိုင်းစနောက်ကြတော့ ခမျာ ငိုလိုက်တာ မနည်းကို ချော့ယူရ၏။ တိုးပွားလာမည့် လာဘ်ရွှင်ကောင်လေးကို အားလုံးက ဝမ်းပန်းတသာ ကြိုဆိုနေမိကြတာ ယခုထိမြင်ယောင်နေမိသေးသည်။ မမွေးခင်ကတည်းက ထူးခြားမှုတွေ ပြနေသည့် ကလေးကို အမေ့ဗိုက်နားကပ် နားထောင်လိုက်၊ စမ်းကြည့်လိုက်နှင့် အပျော်ကြီးပျော်ပြီး မျှော်လင့်ခဲ့ကြတာ။

စာစဉ် (၃)

အမေ ဗိုက်နာနေသည်မှာ တော်တော်ကြာ၏။ ညကတည်းက နာလိုက်တဲ့ဗိုက် မနက်ရောက်တော့လည်း မမွေးသေး။ အော်ဟစ် ညည်းညူ

www.burmeseclassic.com

www.burmeseclassic.com

တွေကြားတိုင်း အဖေ့ခမျာ အခန်းနားမှာ တောင်ပြေးမြောက်ပြေး။ စာရေးသူတို့ ညီအစ်ကိုလေးယောက်လည်း တက်ကြွသော မျက်လုံးတွေနှင့် အူဝဲဟူသော အသံကို ငံ့လင့်၏။

မိခင်တစ်ယောက်၏ သားသမီးအပေါ်ထားသည့် စွန့်လွှတ်မှု၊ အနစ်နာခံမှု၊ ပင်ပန်းမှုတွေကို ဒီဠ ကြုံတွေ့ရတော့ သနားလည်း သနားမိကြ၏။ သားဖွားဆရာမအပြင် ဝင်းထဲမှ အမျိုးသမီးတွေလည်း တစ်ညလုံး မအိပ်ရသေး။ ဒါပေမယ့် တတ်နိုင်သမျှ ပြုစုကာ စောင့်ရှောက်ကြ၏။

စာရေးသူက ရေနွေးအိုး မီးပြေးထိုးလိုက်၊ အခန်းဝနားက အဖေ့ဆီ ပြေးလိုက်နှင့် ဘာမှ မည်မည်ရရ မရှိ။ အဖေက လမ်းလျှောက်ရင်း အင်္ဂုလိမာလသုတ်ကို ရွတ်ဖတ်နေသည်မှာ အခေါက်ပေါင်း မရေနိုင်။

'ဟယ်... မွေးပြီ'

'ဟာ'

'ဟင်'

'အို'

'အမယ်လေး'

အူဝဲဆိုသည့် ငိုသံကို မကြားရ။ အဖေက သုတ်ခနဲ အတွင်းခန်း ဝင်ပြေးကြည့်၏။ ခမျာ နေမထိ ထိုင်မသာ ဖြစ်နေသည့်ကိုး။

'ဟာ... ဘာ... ဘာလဲ'

'ဟင့်အင်း... မသိဘူးလေ'

အတွင်းခန်းမှ အသံစုံကြောင့် ညီအစ်ကိုတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မေးဆတ်ပြကြသည်။ အငယ်လေးကမူ အိမ်အောက်ဆင်းဆော့နေပြီ။ ခဏအကြာ တိတ်ဆိတ်နေသော အခန်းထဲမှ အဖေထွက်လာသည်။ မျက်နှာမကောင်း။ အားလုံးကလည်း ဘာမှ မသိ၊ မမြင်ကြရ၍ မေးချင်နေပြီ။ ခါတိုင်းဆိုကလေးလေး၏ အူဝဲသံလေးတွေ စည်နေပြီ။ ယခု...

'သားကြည့်ချင်တယ် အဖေ'

အဖေက စာရေးသူတို့ကို မမြင်ဖူးသလိုကြီး စိုက်ကြည့်နေသည်မှာ အကြာကြီး။ အတန်ကြာမှ "ဟင်း" သက်ပြင်းရှည်ကြီး ချပြီး...

'ကြည့်မနေပါနဲ့တော့ သားရယ် ကလေးက အသက်မှ မပါလာတာ'

'ဗျာ'

'ဟင်... ဘယ်... ဘယ်လို'

'ဟုတ်တယ် ယောကျ်ားလေးပဲ အသက်ပါမလာဘူး'

'ကျွတ်... ကျွတ်၊ ဖြစ်မှ ဖြစ်ရလေဗျာ'

အစ်ကိုကြီးက ငိုသံပါနှင့် စုတ်သပ်သည်။ စာရေးသူရင်ထဲ တစ်စုံတစ်ရာ လပ်ဟာသွားသလို ခံစားလိုက်ရသည်လေ။ ခဏအကြာ အဖေ အထဲပြန်ဝင်သွား၏။ (၁၅)မိနစ်ခန့် ကြာတော့မှ တစ်စုံတစ်ခုကို ပိုက်ပြီး ပြန်ထွက်လာသည်။ ဟင်... အနီးဖြူလေးနဲ့ ထုပ်လို့ပါလား။ စာရေးသူ အပြေးသွားပြီး အဖေ့လက်ထဲက အနှီးထုပ်ကို အလျင်စလို ဖြေကြည့်မိတော့ လားလား။

အရိုးပေါ် အရေတင် ပိန်လှီခြောက်ကပ်နေသည့် ကလေးရုပ်အလောင်းလေးတစ်ခု။ အရပ်က ခုနစ်လက်မ၊ ရှစ်လက်မခန့်သာသာ။ အနီးစတွေကြား ရွှေပန်းလေး ငေါက်တောက်ကိုပါ ပီပီမြင်ရတော့ ရင်ထဲဆို့သွားရ၏။

ဒီတင်မှာပဲ မကြုံဖူးတာ ထပ်ကြုံလိုက်ရ၏။ အခြားတော့ မဟုတ်။ စာရေးသူရော အစ်ကိုကြီးရောပါ ပြိုင်တူ ငုံ့ကြည့်စဉ်အခိုက် ကလေးမျက်လုံးတွေ စက္ကန့်ပိုင်းမျှ ဖွင့်ပိတ် လုပ်ပြလိုက်ခြင်း။

'ဟိုက်'

'အလိုလေး'

ဒီတော့ ကြောက်ကြောက်နှင့် ငိုမိပါတော့၏။ အဖေကမူ ငူတုတု ငိုင်တိုင်တိုင် ရပ်နေဆဲ။ ဤမြင်ကွင်းကို မြင်လိုက်ဟန်မတူ။ လူ့ခန္ဓာနှယ် ခန္ဓာဗေဒ ဖွဲ့စည်းပုံအပြည့် ဖြစ်သော်လည်း ညိုညစ်ညစ် ပိန်ခြောက်ခြောက်ရုပ်နှင့် ဝိညာဏ ကင်းမဲ့သည်မို့ အဖေက...

'သား... သားတို့ပေါက်တူးယူ၊ ယူခဲ့ကြကွယ်'

ဟု ပြောလိုက်တော့မှ အုံ့ညြမှင်တက်သည့် စက်ကွင်းက ကင်းလွတ်ခွင့်ရ၏။ အဖေ ရှေ့ဆောင်မှုနောက်လိုက်လာရင်း တစ်နေရာအရောက် မေးဆတ်ပြသည်မို့ ရပ်လိုက်သည်။ မျက်ရည်ဝဲ အံကြိတ်နေသည်မို့ စောဒက မတက်လိုတော့။ နေရာက ဌာနဝင်းနှင့် တောစပ်နေရာ။ ဟိုဘက်မှာ လူနေအိမ်ခြေ မရှိတော့ဘဲ သချိုင်းဟောင်းတစ်ခုသာ ရှိတော့သည့်နေရာ။ ပေါက်တူးနှင့် နှစ်တောင်အနက်၊ အကျယ် တစ်တောင်အဝ တူးပြီးသည့်ခဏ...

'ရပြီသား။ ကဲ... ကဲ သားလေးရေ နောက်နောင်ဘဝ ဒီလိုအဖြစ်ဆိုးနဲ့ မကြုံဆုံပါနဲ့ကွယ်။ အဖေတို့ဆီ ကောင်းကောင်းမွန်မွန်ဘဝနဲ့သာ ပြန်လာနိုင်ပါစေ၊ အဖေပြုခဲ့ဖူးတဲ့ ကောင်းမှုအစုစုကို အမျှဝေပါတယ်။ အမျှ... အမျှ... အမျှ'

အဖေက တွင်းလေးထဲကို အနှီးထုပ်လေး အသာချသည်။ ညင်ညင်သာသာပင်။ ပြီးသည်နှင့် မြေကြီးဖို့ကာ အပေါ်မှ အခြားနေရာက ကျောက်ခဲအချို့ကိုပါ စီထပ်ကာ သင်္ချိုင်ခဲ့၏။

ပြဿနာကား အိမ်ရောက်တော့မှ စ,သည်။ အခြားမဟုတ် အိမ်ပေါ်မှာ

www.burmeseclassic.com

ဌာနက အကြီးအမှူးနှင့် ဖနီး၊ အခြား ဝန်ထမ်းမိသားစုတွေပါ အုံနှင့်ကျင်းနှင့်မို့ ရုတ်တရက် စာရေးသူပင် ကြောင်သွားရ၏။ ဌာနမှူးက...

'ကဲ... ဆရာ ဘယ်မလဲဗျ ခင်ဗျား သားလေး ပြစမ်းပါဦး။ ကျုပ် ကြားဖူးထားတာက အဲဒီလို မွေးလာတာကို သားခြောက်လို့ခေါ်တယ်တဲ့။ မိဘတွေကို သိပ်အကျိုးပေးတာတဲ့။ ကြားဖူးတာတော့ ကြာပါပြီ ခုမှ မြင်ဖူးရတော့မယ်'

'မရှိတော့ဘူး ဆရာ'

'ဗျာ'

'ရှင်'

'ဟုတ်တယ် တောစပ်မှာ သဂြိုဟ်ခဲ့ပြီ'

'ခင်ဗျားဗျာ ဒါ သာမန်မဟုတ်ဘူးဗျ။ အလွန်ရခဲတာ'

'ဟုတ်တယ်'

အနားက လူတွေက ထောက်ခံလာကြပြီ။ အဖေ့မျက်နှာကား ညိုနေတုန်းပင်။

'သေချာသိမ်းထုပ်ပြီး အရွယ်နဲ့အမျှ အဝတ်တန်ချိန် အဝတ်၊ အဆင်တန်ချိန် အဆင်တဲ့ဗျ။ ပြီးတော့ ဒီလောက် အကျိုးပေးခဲ့တာ ခင်ဗျား အမြင်ပဲလေ။ ဒီထက် စီးပွားတက်ဖို့ ရှိသေးတယ်။ နားလည်တဲ့သူတွေနဲ့ တိုင်ပင်ပြီး ဆက်လုပ်ရမှာပဲ။ ကဲ... လိုက်ပြဗျာ။ ပြန်ဖော်ကြမယ်။ ဒါ ကြုံတောင့်ကြုံခဲတဲ့ သဘာဝလွန်ဗျ'

အထူးအဆန်းဆို အလွန် ဝါသနာကြီးသည့် ဌာနမှူးက ရှင်းပြ တိုက်တွန်းပြီးသည်နှင့် အဖေ ချာခနဲ ပြန်လှည့်ကာ ပြေးပြီ။ စာရေးသူက ပေါက်တူးထမ်းလျက်နှင့် ရောယောင် ပြေးလိုက်သွား၏။ နောက်မှာတော့ တစ်အုပ်တစ်ပြုံကြီးမှန်း လှည့်ကြည့်စရာမလို။ လူစုံရောက်လာပြီး မြေပုံငယ်လေးကို ဝိုင်းကြည့်ကြ၏။



ကျောက်ခဲတွေ ပြန်ဖယ်ချပြီး အသာယက်ထုတ်ကာ မြေစာဖယ်သည်။ လူအုပ်ကြီးမှာ ဘာစကားမှ မပြော။ အားလုံး စိတ်ဝင်တစားနှင့် ငြိမ်သက်နေကြ၏။

'ဟာ'

'ဟင်... ဘယ်လိုဖြစ်'

'အလို'

'ဘာလဲဗျ၊ ဘာဖြစ်လို့လဲ'

'မ... မရှိ၊ မရှိတော့ဘူးဆရာ'

'ဗျာ'

'အေးဟ ဘယ်ရောက်သွားပါလိမ့်'

ခြေရာလက်ရာလည်း မပျက်ပါ။ ခွေးတွေဘာတွေ တူးထားတာလည်း မရှိ။ အရင်အတိုင်း ခြေရာလက်ရာ မပျက်ပါဘဲနဲ့ တွင်းထဲမှာ အနီးတစ်စသာ ကျန်တော့၏။ အနီးစ အလယ်လောက်မှာ သွေးစက်အချို့ကို တွေ့နေရသေးသည်။ အားလုံးက သူ့ထက်ငါ တိုးဝင်ကြည့်ကြကုန်ပြီး တစ်ယောက်တစ်ပေါက် ထင်မြင်ချက်အမျိုးမျိုး ပေးနေကြဆဲ။

'အမေ'

'ဟင်... သား... သားလေး၊ သားလေး ပြန်လာတယ်နော်'

'မဟုတ်ဘူး အမေ၊ သား အမေတို့ကို လာနှုတ်ဆက်တာပါ။ သားဟာ အရင်က အမေတို့ကို ကောင်းစားစေချင်လို့ ဆန္ဒအားကြီးပြီး ကူညီခဲ့တာပါ။ ဒါကို အဖေက ရက်စက်တယ်။ သားကို အရှင်လတ်လတ် မြေမြှုပ်တယ်။ သား... သား သွားတော့မယ် အမေ၊ သားသွားတော့မယ်'

'သား... သား နေဦး၊ နေပါဦး သား... သား'

ထိုညတွင်းချင်းပင် အမေ အိပ်မက်မြင်မက်၏တဲ့။ အိပ်မက်ထဲမှာ အသားဖြူဖြူ ချစ်စဖွယ်ကလေးက ငိုယိုပြီး နှုတ်ဆက်သွားသည်တဲ့။ ထိုကတည်းက စီးပွားရေး လုံးပါးပါးလာခဲ့ရသည်မှာ ယခုအထိပင်။

စာရှုသူ မိတ်ဆွေများ ခင်ဗျား ဤစာစုသည် တစ်ဆင့်ကြား မဟုတ်ပါ။ စာရေးသူကိုယ်တိုင်ရော၊ အနီးအနားက လူအားလုံးလိုလိုပါ ကြုံတွေ့ခဲ့ကြရတဲ့ အဖြစ်မှန်လေးပါ။ မသိနားမလည် ဗဟုသုတ မကြွယ်ခဲ့ကြလို့ မမှားသင့်တာ မှားခဲ့ဖူးတဲ့ ဖြစ်ရပ်မှန်လေး... မိဘတွေကိုယ်စား ကျွန်တော် ရေးသားခဲ့ခြင်းပါ။

မိတ်ဆွေတို့မှာရော အခုလို ဖြစ်... ကလေးတွေ မရှိခဲ့ကြဘူးလား ခင်ဗျာ... ရှိခဲ့ရင်တော့ဖြင့် ရေးသား တင်ဆ... ဖော်ထုတ်စေလိုပါတယ်ခင်ဗျား။

**(ဤစာစုဖြင့် သက်ရှိထင်ရှား မ... နှစ်ပါးအား ဦးညွှတ်ရင်း မြစ်ဝကျွ... ပေါ်ဒေသရှိ မိတ်ဆွေများအား သ... တရ ဖြစ်ရပါကြောင်း)**

***လေးစားစွာဖြင့်...***

**မောင်ဇရာ(ရာမည)**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့၏ရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ ဥက္ကံမြို့နှင့် ပဲခူးတိုင်းဒေသကြီး သုံးဆယ်မြို့ ယင်းမြို့နှစ်မြို့၏ အလယ်တွင် တည်ရှိပါသည်။

ကျွန်တော်တို့ရွာသည် အရှေ့ရွာမ အနောက်ရွာမဟု နှစ်ရွာဖြစ်၍ ရွာနှစ်ရွာ၏ အလယ်တွင် ပြည်–ရန်ကုန် ကားလမ်းမကြီးလည်း ရှိပါသည်။


ကျွန်တော်တို့၏ ရွာမှ မြောက်ဘက်သို့ ကားလမ်းအတိုင်းသွားလျှင် သုံးဆယ်မြို့သို့ ငါးမိုင်ခရီး ဖြစ်ပါသည်။

ထိုသုံးဆယ်မြို့သို့ မရောက်မီ လမ်းတွင် ကျွန်တော် ရေးလိုသော ဂျပန်ရိုးဟု ခေါ်တွင်သော ကားလမ်းအောက်မှ ချောင်းရေဖြတ်စီးသည့် ရိုးပေါက်တစ်ခု ရှိပါသည်။

ယင်းနေရာကို **အလယ်ရိုး**ဟုသည်းကောင်း၊ **ဂျပန်ရိုး**ဟူ၍သည်းကောင်း ယနေ့တိုင် ခေါ်ဝေါ်သူက် ရှိကြ၏။

ဂျပန်ရိုးဟူ၍ တွင်ရစ်နေခြင်းမှာ တိုးတစ်ချိန်က ကမ္ဘာစစ်ဖြစ်သောအခါ ကာလတွင် မြန်မာများမှ ဂျပန်များကို ပြန်လည် တိုက်ထုတ်ကြသည့်အချိန်တွင် မြန်မာ့တပ်မတော်သားများ၊ ကျေးရွာကာကွယ် စောင့်ရှောက်ရေး အပ်သားများ၊ ရွာများမှ ရွာသူရွာသားများ တညီတညွတ်တည်း မိသားစု စိတ်ဓာတ် အပြည့်အဝဖြင့် ဂျပန်စစ်သားများကို တွန်းလှန်တိုက်ခိုက်ခဲ့ကြပါသည်။

ထိုကဲ့သို့ တွန်းလှန်တိုက်ခိုက်ကြသည့်အခါ ယခု ဂျပန်ရိုးဟုခေါ်တွင်သောသော နေရာတွင် ဂျပန်စစ်သားများသည် အမြောက်အမြား ကျဆုံးခဲ့ကြသည်ဟု ကျွန်တော်တို့၏ မိသားစုရှိရှင် လူကြီးများက ပြောပြခဲ့ဖူးပါသည်။



မြလေးကျော်

# ဂျပန်ရိုးမှ

## တွေ့ကြုံခဲ့ရသော ဖြစ်ရပ်ဆန်း

ဤဂျပန်ရိုး၏ တောင်ဘက်တွင် **ဒါးပီးချောင်း၊** မြောက်ဘက်တွင် **သုံးဆူချောင်း**ဟူ၍ ရှိ၏။ ထိုဂျပန်ရိုးသည် ချောင်းနှစ်ချောင်း၏ အလယ်တွင်ရှိ၍ **အလယ်ရိုး**ဟူ၍လည်း ခေါ်ကြပါသည်။

ယင်းဂျပန်ရိုးတွင် ဟို လွန်ခဲ့သော နှစ်ပေါင်း(၄၀)ကျော် (၅၀)ခန့်လောက် အတော်ကြမ်းတမ်းသော နေရာတစ်ခုဖြစ်၍ ကားများ၊ ရထားများ ဤနေရာတွင် တိမ်းမှောက်ကြ၍ လူများ သေဆုံးရခြင်း၊ ကားချင်းတိုက်မိခြင်း၊ ဆိုက်ကားနှင့် ကားတိုက်မိခြင်းတို့သည် မကြာခဏ ဆိုသလို ကြုံကြရပေသည်။

ထိုသို့ ဖြစ်ရခြင်းမှာ ကားမောင်းသောသူ၊ ရထားမောင်းသောသူတို့ တွေ့ကြုံရသော သူတို့ ပြောကြသည်

www.burmeseclassic.com

မှာ ညအခါ ကားမောင်းခြင်း၊ ရထားမောင်းခြင်းဖြင့် သွားလာရသော အခါများတွင် ထိုကားလမ်းမပေါ်၌သော်လည်းကောင်း၊ ရထားလမ်းပေါ်၌သော်လည်းကောင်း ဂျပန်စစ်သားအဝတ်အစားများဖြင့် ကြုံရမြင်ရပြီး အနားသို့ ရောက်လျှင် ပျောက်ကွယ်ကုန်ကြ၏။

အချို့သော ကားများ တိမ်းမှောက်ရခြင်းမှာ ထိုနေရာသို့ရောက်လျှင် ကားကို ဆွဲချသလို တွန်းချသလိုဖြစ်ခြင်း လမ်းနှစ်လမ်း ဖြစ်နေ၍ ဆင်းကြည့်ပြန်လျှင် တစ်လမ်းတည်း။ ကားပေါ်တက်၍ မောင်းလိုက်လျှင် ဘေးချောက်ထဲ ထိုးကျပြီး ကားမှောက်ကြရသည်ဟု ပြောကြပါသည်။

အဲဒီနေရာကို ထိုအချိန်က ညရောက်နေ့ပါ သွားလာရမှာ အလွန်အမင်း ကြောက်ရွံ့နေကြ၏။

ကျွန်တော်၏ အသက်(၂၅)နှစ်ခန့်က ဤနေရာတွင် ဆန်းကြယ်မှုတစ်ရပ်နှင့် ကြုံခဲ့ရ၏။

ဖြစ်ရပ်မှာ ကျွန်တော်နှင့် ကျွန်တော့်ဦးလေးဖြစ်သူ ဦးသိန်းအောင်နှင့် အကြောင်းတစ်ခုကြောင့် ည(၉)နာရီခန့်လောက်တွင် ရွာမှ သုံးဆယ်မြို့သို့ စက်ဘီးတစ်စီးတည်းကို နှစ်ယောက်စီးပြီး သွားကြပါသည်။

အချိန်သည်ကား မိုးအခါသမယဖြစ်၍ မိုးသဲသဲမဲမဲ မရွာသော်လည်း တစိမ့်စိမ့် ရွာနေပါသည်။ လသာရက် ဖြစ်ပေမယ့်လည်း မိုးရွာနေခြင်းကို အနိုင်မတုနိုင် အလင်းရောင် ဖျော့ဖျော့ကလေးသာ ရှိ၏။

ရွာက ထွက်ကတည်းက ဦးသိန်းအောင်က စက်ဘီးကို နင်းလာရာ တဖြည်းဖြည်းနှင့် ဒါးပီးချောင်းနား ရောက်လာပြီး ကြက်သီးများ ထသလို ဖြစ်လာကြပါသည်။ ကျွန်တော်တို့ နှစ်ယောက်တွင် လက်နှိပ်ဓာတ်မီးလေး တစ်လက်တော့ပါ၏။

ထိုမှ ဒါးပီးချောင်းကို ကျော်လွန်၍ ဂျပန်ရိုးနားသို့ ရောက်လုလုတွင် ကားလမ်း(၂)လမ်း ဖြစ်နေပါတော့သည်။ ကျွန်တော်က **ညာဘက်လမ်း**ဆို၊ သူက **ဘယ်ဘက်လမ်း** လမ်းမှန်ဟု နှစ်ယောက်သား စက်ဘီးလက်ကိုင်ကို ကိုယ်ထင်သော လမ်းဘက်သို့ အတင်းလု ဆွဲလုညှိနေပါသည်။

ဦးသိန်းအောင်က...

'ဟေ့ကောင် ဒီဘက်လမ်းကွ၊ မင်းပြောတဲ့ လမ်းမဟုတ်ဘူး'

'ဟုတ်တယ် ကျွန်တော် ပြောနေတာက လမ်းမှန်၊ ခင်ဗျားပြောတဲ့လမ်းက မဟုတ်ဘူး'

'ကဲ မဟုတ်ရင်လဲ ဆင်းကြည့်ကြမယ်'

ဟု နှစ်ယောက်သား ငြင်းခုံနေရာမှ ဓာတ်မီးနှင့် ဆင်း၍ ကြည့်သောအခါ တစ်လမ်းတည်းသာ ဖြစ်နေပါသည်။

'ကဲ ဒီတစ်ခါ ခင်ဗျား နောက်ကစီး ကျွန်တော် နင်းမယ်'

ဟု ပြောပြီး ကျွန်တော် စက်ဘီးနင်း၍ ဘီးလိမ့်၍ အရှိန်ရရုံသာသာ ရှိသေးသည်။ ကျွန်တော့်၏နောက်မှ ဦးသိန်းအောင်က...

'ဟေ့ကောင် ရှေ့မှာ နှစ်လမ်းဖြစ်နေပြန်ပြီ ဒီဘက်လမ်းကို ချောက်ထဲ ကျတော့မယ်'

'ဟုတ်တယ် ကျွန်တော်လဲ တွေ့တယ်။ ကျွန်တော် နင်းတဲ့ လမ်းကမှ မှန်ဗျ'

'ဟေ့ကောင် စက်ဘီးရပ်ရပ် ဆက်မနင်းနဲ့တော့'

နှစ်ယောက်သား ပြောပြောဆိုဆိုနှင့် စက်ဘီးပေါ်က ဆင်းပြီး ဓာတ်မီးနှင့် ထိုးကြည့်ရာ ကားလမ်းမှာ တစ်လမ်းတည်းပဲ ဖြစ်နေပါသည်။

'ကဲ...ဟေ့ကောင် ဒီပုံဆိုရင် တို့ ကြာရင် ဒုက္ခရောက်တော့မယ်၊ စက်ဘီးမစီးဘဲ ခြေကျင်ပဲ တွန်းသွားကြမှ ဖြစ်မယ်'

'ဟုတ်ကဲ့ အဲဒါပဲ ကောင်းပါတယ်'

ဟု ပြောပြီး စက်ဘီးကို တွန်း၍ သွားရပါတော့သည်။ မိုးကလည်း တစိမ့်စိမ့် ရွာနေဆဲပါ။

တဖြည်းဖြည်း လမ်းလျှောက်လာကြရင်း ယင်းဂျပန်ရိုး၏ မြောက်ဘက်ဖြစ်သော သုံးဆူချောင်း လွန်သွားတော့မှ ဆက်၍ စက်ဘီးကို နင်းကြပါသည်။

မိုးကသာ ရွာနေသည်။ ကျွန်တော်တို့ တစ်ကိုယ်လုံး နတ်ပူးသလိုဖြစ်ပြီး တုန်တုန်ယင်ယင်နှင့် ဇောချွေးများ ပြန်နေကြပါသည်။

ထိုနေရာ လွန်သွားသောအခါမှပင် လမ်းတစ်လမ်းတည်းသာ တွေ့ရပြီး ဖြောင့်ဖြောင့်ဖြူးဖြူးနှင့် စက်ဘီးကို ဆက်၍ နင်းသွားကြရပါတော့သည်။


ဤနေရာကို သံဃာတော်အရှင်မြတ်များ ကမ္မဝါဖတ်ခြင်း၊ မေတ္တာပို့သခြင်း၊ ပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူခြင်းတို့ကြောင့် ယခုအခါ ဘေးရန်ကင်းရှင်းစွာဖြင့် စိတ်ချမ်းသာ ကိုယ်ချမ်းသာ သွားနိုင်ကြပါတော့သည်။

ကျွန်တော်၏ တွေးမိလေတိုင်း သတိရနေမိသော ကိုယ်တွေ့ကြုံခဲ့သည့် ဤဖြစ်ရပ်ဆန်းကလေးကို စာရှုသူများသို့ ရေးသားဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

***နေ့စဉ် ထာဝရ သာယာရွှင်လန်း ချမ်းမြေ့နိုင်ကြပါစေ။***

**ဖြူလေးကျော်**

www.burmeseclassic.com



# လမ်းညွှန်ပေးသူ

ဘယ်သူလဲ

စန္ဒာဦး
(ရေးဆွဲ-နေပြည်တော်)

တန်ဖိုးရှိသော နေ့တစ်နေ့ဖြစ်ရန်အတွက် ရသမျှ အချိန်ကလေးကို ဘုရားရှိခိုးမေတ္တာပို့ အမျှဝေ စသော ပြုလုပ်နေကျ အလုပ်ကလေးအတိုင်း ဘုရားရှိခိုးခြင်းကို စတင်လိုက်ပြီး ပရိတ်ကြီး(၁၁)သုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်အပြီး မေတ္တာပို့ အမျှဝေချိန်တွင် အိပ်ငိုက်သလို ဖြစ်သွားပြီး သတိဝင်လာချိန်တွင် အနှစ်(၁၀၀)လောက်က မကျွတ်မလွတ်သော ပုဂ္ဂိုလ်ကြီးအား ချွတ်လွှဲပေးရပါလို၏ဟု ဆုတောင်းနေမိသော မိမိကိုယ်မိမိ အံ့သြနေမိပါသည်။

နံနက်လင်း၍ တပ်ထဲမှ တူတော်မောင် လာကြိုသော ဆိုင်ကယ်ဖြင့် စပယ်-(၄)၊ (၈)ခန်းတွဲမှ ဝန်ထမ်းအိမ်ရာသို့ လိုက်လာခဲ့ပါသည်။ လိုက်ပါလာရသော အကြောင်းရင်းမှာ တပ်ထဲမှ တူမက သူ့အိမ်သို့ သာသနာပွဲတင်ရန်အတွက် အဒေါ်ဖြစ်သော စာရေးသူ၏ ရုံးပိတ်ရက်၊ သူ၏ ကျောင်းပိတ်ရက်အတွင်း အမိအရ ခေါ်၍ ဖြစ်ပါသည်။

ပွဲတင်ရန် ပြင်ဆင်နေချိန်တွင် **ညက ထူးဆန်းသော ဆုတောင်းအကြောင်းကို တူအရီးနှစ်ယောက် ပြောမိကြသေးသည်။** ထုံးစံအတိုင်း တစ်နှစ်စာ ပေဒင်တွက်ခိုင်း၍ တွက်ပေးရပါသည်။ နောက်ဆက်တွဲအနေဖြင့် ကြိုတင် ချိန်းထားသော သူ၏ သူငယ်ချင်း ဆရာမများ၊ အိမ်နီးနားချင်းများ ရောက်လာကြပြီး အလှည့်ကျ တွက်ပေးရင်း မိုးချုပ်သွားသဖြင့် တူမ လင်မယားမှ ညအိပ်ရန် ညှိစာရင်း တိုင်ပြီးကြောင်း၊ တွက်ပေးရန် ဆရာမတစ်ယောက် ကျန်သေးကြောင်း စသော အကြောင်းပြချက်များကြောင့် စာရေးသူ၏အိမ်သို့ ဖုန်းဆက်၍ တူမအိမ်တွင်ညအိပ်မည်ဟုအကြောင်းကြားလိုက်ရပါသည်။

ည(၇)နာရီခန့်တွင် ဆရာမ ဒေါ်ခင်သီတာထွန်းသည် အဖော်ဆရာမ ဒေါ်နီနီအောင်နှင့်အတူ ရောက်လာပြီး သူ့မိခင် ကျန်းမာရေးအတွက် ပေဒင်မေးပါသည်။ ထိုအခါ စာရေးသူမှ ကျန်းမာရေး မကောင်း၍ ဆေးကုသခံနေချိန်တွင် ကုသိုလ်ကံဆက်ကုနည်းဖြင့် ကုရန်လိုကြောင်း၊ ဆေးတိုက်လျှင် ပရိတ်ရေနှင့် တိုက်သင့်ကြောင်း၊

www.burmeseclassic.com

ပရိတ်ရေရှိလျှင်ရှိ၊ မရှိလျှင် ပရိတ်ရွတ်ပုံ ရွတ်နည်းကို ပြော၍ပြနေပါသည်။

ထိုအချိန်တွင် (၁၀)ပေကျော်မြင့်သော အခန်း၏ အထက်ပိုင်းထောင့်ဆီသို့ ဖောင်းဟူသော အသံနှင့်အတူ တစ်ယောက်ယောက်က ပစ်တင်လိုက်သကဲ့သို့ စီဒီအပြားတစ်ခုက အရှိန်အဟုန်ဖြင့် သွားရောက်ထိမှန်ပြီး ကြေမွနေသော စီဒီအပိုင်းအစများ ကြမ်းပြင်ပေါ်သို့ ပြန်၍ ကျလာပါတော့သည်။

လူ့တစ်ရပ်စာမြင့်သော နေရာမှ အမျိုးသားတစ်ဦး၏ တောက်ခေါက်သံကိုလည်း ကြားရပါသည်။ တူမဖြစ်သူက စာရေးသူအား...

'လေးလေး ဒါ ဘာဖြစ်နေတာလဲ'

ဟု မေးတော့...

'ညည်းတို့ အခန်းက မသန့်တာဘဲ'

ဟု ပြန်ပြောလိုက်ပါသည်။

အသံသာ ကြားရပြီး ရုပ်ကို မမြင်ရပါ။ ဗေဒင်လာမေးသော ဆရာမက စာရေးသူအား...

'အန်တီ လေထဲက တောက်ခေါက်သံကို ကြားလိုက်သလား'.

ဟု မေးပါသည်။ စာရေးသူကလည်း ကြားရကြောင်း ပြန်ပြောပြီး ကြောက်ရွံ့ထိတ်လန့်ရမည့်အစား...

'ဩော်...ညက ဆုတောင်းက ဒီပုဂ္ဂိုလ်အတွက်'

ဟု တွေးမိပြီး ဝမ်းသာသွားပါသည်။ ပါးစပ်မှလည်း **"အနှောင့်အယှက်ပေးဖို့လာတာ မဟုတ်ပါဘူး။ ကူညီရအောင် လာတာပါ"**ဟု ပြောဆိုတောင်းပန်လိုက်ပါသည်။

စီဒီပြားသည် အပြင်မှ ဝင်လာစရာအကြောင်း မရှိပါ။ အဘယ်ကြောင့်ဆိုသော် တူမများနေသော တိုက်ခန်း



မှာ အခန်းတံခါးအားလုံး နှစ်ထပ်တံခါးများဖြစ်ပြီး ခြင်လုံသံဆန်ခါ တစ်ထပ်က အမြဲပိတ်ထား၍ ဖြစ်ပါသည်။

ထိုအချိန်တွင် တူတော်မောင်ကလည်း အိမ်တွင် ရှိမနေပါ။ အိပ်ခန်းထဲတွင် ဗေဒင်မေးရန်လာသော ဆရာမနှစ်ဦးနှင့် တူမသားအမိနှစ်ဦး မိမိရောစုစုပေါင်း ငါးဦးသာ ရှိပါသည်။

တူမ၏ သမီးလေးမှာ (၂)နှစ်ခွဲအရွယ်ဖြစ်၍ သူ့မိခင် ရင်ခွင်တွင် နို့စို့ရင်း အိပ်ပျော်နေပါသည်။ တူမဖြစ်သူက ကလေးနို့ထိုင်တိုက်ရင်း ဆရာမ ဒေါ်နီနီအောင်နှင့်အတူ တီဗွီ ကြည့်နေကြပါသည်။

ထိုသို့ ဖြစ်ပျက်ပြီး တူမက ကလေးတစ်ဖက်နှင့်အတူ စီဒီပြားကွဲ အပိုင်းအစများကို လိုက်ကောက်ရင်း အပြင်ထွက်ပြီး အခန်းနားနီးများအား အံ့သြတကြီးဖြင့် ပြောပြနေပါသည်။

ထိုအချိန်တွင် အဖော်လိုက်လာသော ဆရာမ ဒေါ်နီနီအောင်သည် ကျန်သော ဆရာမအား မစောင့်တော့ဘဲ ကြောက်လန့်တကြားနှင့် တချိုးတည်း ထ၍ ပြေးပါတော့သည်။

ကျန်သော ဆရာမ ဒေါ်ခင်သီတာထွန်းက...

'အန်တီ ဆက်တွက်လို့ ရသေးလား'

ဟု မေးပါသည်။ စာရေးသူကလည်း...

'ရတယ်'

ဟု ဆိုပြီး အတွဲညီညီနှင့် ဆက်တွက်နေကြပါသည်။ ည(၈)နာရီအချိန်တွင် ဗေဒင်တွက်၍ အားလုံး ပြီးစီးသွားပြီဖြစ်ပါသည်။

ထိုအချိန်တွင် တူတော်မောင်ဖြစ်သူ ရောက်ရှိလာပြီး သူ့အား ပုတီးစိပ်ခိုင်းထားပြီး စာရေးသူက နတ်ပင့်၍ ပရိတ်ကြီး(၁၁)သုတ်ရွတ်ရန် အစပျိုးရပါတော့သည်။ ခါတိုင်း ရွတ်နေကျ နတ်ပင့်နေကျထက် အလုပ်တစ်ခု ပို၍ လုပ်ရပါတော့သည်။

ထိုအလုပ်မှာ အိမ်စောင့်နတ်၊ ရပ်ကွက်စောင့်နတ်၊ မြို့စောင့်နတ်၊ နယ်စောင့်နတ်၊ လောကကို စောင့်ရှောက်ကုန်သော နတ်အပေါင်းတို့အား တိုင် တည်ရပါတော့သည်။

စောစောက တောက်ခေါက်သော ပုဂ္ဂိုလ်အား မည်သည့်နေရာပဲ ရောက်နေနေ တပည့်တော် ရွတ်ဖတ်သော ပရိတ်တရားကို နာယူလိုသည်ဖြစ်စေ မနာယူလိုသည်ဖြစ်စေ တရားနာ၍ရအောင် ဖိတ်ကြားပေးပါဘုရား။ တပည့်တော်သည် ထိုပုဂ္ဂိုလ်အား ပရိတ်တရားနှင့် နှိပ်စက်ခြောက်လှန့်လို၍ မဟုတ်ပါ။ တရားနာပြီး သာဓု ခေါ်စေချင်သောကြောင့် ဖြစ်ပါသည်ဟု ဝန်ခံ၍ တရားနာ ဖိတ်ကြားရပါသည်။

ပရိတ်ရွတ်ပြီး အမျှဝေရာတွင် ဒီဘဝတွင်သာမက ဘဝအဆက်ဆက်က အကျွန်ုပ်ပြုသမျှ ကုသိုလ်ကောင်းမှုတို့ကို တောက်ခေါက်ခဲ့သော ပုဂ္ဂိုလ်အား အမျှဝေပါသည်ဟု ပြော၍ အမျှဝေခဲ့ပါသည်။

မည်သည့် အနှောင့်အယှက်



www.burmeseclassic.com

မတွေ့ရပါ။ ဘုရားရှိခိုးပြီး ညဥ့်နက်၍ အိပ်ချိန်ရောက်သောအခါ အနည်းငယ် စိုးရိမ်စိတ် ဝင်လာမိပါသည်။

စိတ်ထဲတွင် အနှစ်(၁၀၀)လောက်က မကျွတ်မလွတ်သော ပုဂ္ဂိုလ်ကြီးနှင့် နပန်းလုံးနေရတော့မလား၊ တစ်ညလုံး ထိတ်လန့်၍ နေရတော့မလား စသည်ဖြင့် လားပေါင်းများစွာဖြင့် စိုးရိမ်စိတ်တွေ ဝင်လာရပါတော့သည်။

ဤသို့နှင့် အိပ်ရာဝင်ရင်း အဂ္ဂေါ ဗုဒ္ဓေါ၊ အဂ္ဂေါဓမ္မော၊ အဂ္ဂေါသံဃော တစ်လောကလုံးတွင် ဘုရားအမြတ်ဆုံး၊ တစ်လောကလုံးတွင် တရားအမြတ်ဆုံး၊ တစ်လောကလုံးတွင် သံဃာအမြတ်ဆုံး ဟူ၍ ရွတ်ဆိုရင်း အိပ်ပျော်သွားသည်မှာ လင်းတ တစ်ရေးနိုး ဆိုသလို မိုးစင်စင်လင်းမှ နိုးပါတော့သည်။

နံနက်လင်းတော့ တူမဖြစ်သူက...

'လေးလေး ညက အိပ်ရေးဝရဲ့လား'

ဟု မေးပါသည်။ စာရေးသူက ...

'ဘုရားတန်ခိုးတော်နဲ့ ချမ်းသာစွာနဲ့ အိပ်ရတယ်၊ ချမ်းသာစွာနဲ့ နိုးရတယ် ဆိုတာ လက်တွေ့ပါပဲ'

ဟု ပြန်ဖြေလိုက်ရပါသည်။ တူမဖြစ်သူက...

'လေးလေး နေရာမသန့်ဘူးဆိုတော့ ရှေ့ဆက် ဘာလုပ်ရမလဲ'

ဟု မေးပါသည်။ စာရေးသူက...

'ရှင်းသွားပြီ ဘာမှ လုပ်စရာမလိုဘူး'

ဟု ပြန်ဖြေတော့ မယုံသလိုနှင့် ကြည့်နေပါသည်။

'ငါက မစွမ်းပေမယ့် ငါ့ကို စောင့်ရှောက်တဲ့ အစောင့်အရှောက်က စွမ်းတယ်။ ဒါကြောင့်လဲ မနေ့ညက ဘုရားရှိခိုးတုန်းကတည်းက ကိုယ်မသိဘဲ



နှုတ်စီးခံရသလို ကြုံပြီးဆုတောင်းနေမိတာပေါ့။ အဲဒီ အစောင့်အရှောက်ထက် ဘုရားနှုတ်ကပါဌ်တော်က စွမ်းတယ်'

ဟု ပြောလိုက်ရပါသည်။

မနေ့ညက ဆုတောင်းနေမိသည့် အကြောင်းကို နံနက်ပိုင်းတုန်းက ကြုံပြောထားခဲ့သော သက်သေပြစရာ ရှိ၍ တော်သေးတာ။ ပြောသာပြောလိုက်သည် အနှစ်(၁၀၀)လောက်က မကျွတ်မလွတ်သော ပုဂ္ဂိုလ်ကြီးအား ချွတ်လွှဲပေးရပါလို၏ ဆိုသော ဆုတောင်းကို မည်သည့်ပုဂ္ဂိုလ်က နှုတ်စီး၍ ပြောသည်ကို မိမိကိုယ်တိုင်လည်း မသိပါ။

သို့သော် သူတော်စင်ပုဂ္ဂိုလ်ဖြစ်၍သာ တစ်ဖက်သားကို ကူညီရန် လမ်းညွှန်ပေးခြင်း ဖြစ်ပါလိမ့်မည်။ အဲဒီနောက်ပိုင်းတွင် တူမ၏အခန်းတွင် မည်သည့်အနှောင့်အယှက် မည်သည့် ထူးခြားမှုမှ မရှိပါ။

စာရေးသူသည် နတ်ကတော်လည်း မဟုတ်ပါ။ ပယောဂဆရာလည်း မဟုတ်ပါ။ စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ စိုက်ပျိုးရေးဝန်ထမ်းတစ်ဦး ဖြစ်ပြီး ဝါသနာရှင်အဆင့် ဗေဒင်ပညာရှင် တစ်ဦးမျှသာ ဖြစ်သော်လည်း ဘာသာရေးကို ယုံကြည်ကိုးစားမှုကြောင့်ဟု ထင်ပါသည်။

ထိုကဲ့သို့သော ထူးဆန်းသော အဖြစ်အပျက်များကို မကြာခဏ ကြုံတွေ့ရပါသည်။ ထို့ကြောင့် ယခု အဖြစ်အပျက်တွင်လည်း အင်မတန် သိချင်နေသော အကြောင်းအရာမှာ အနှစ်(၁၀၀)လောက်က မကျွတ်မလွတ်သော ပုဂ္ဂိုလ်ကြီးအား ချွတ်လွှဲခိုင်းခဲ့သော ချွတ်လွှဲရန် လမ်းညွှန်ပေးခဲ့သော ပုဂ္ဂိုလ်သည် ဘယ်သူလည်း ဆိုတာကို တိတိကျကျ သိချင်လှပါသည်။

အမှန်တကယ် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကြောင်းကို တူမဖြစ်သူ ဆရာမဆွေဆွေသန်းနှင့် သူမ၏ မိတ်ဆွေ နေပြည်တော်(အ.ထ.က-၄) ရွာတော်မှ ဆရာမ ဒေါ်နီနီအောင်နှင့် ဆရာမ ဒေါ်ခင်သီတာထွန်းတို့အား သက်သေထူပါသည်။

အတူ တွေ့ကြုံကြရသော ဆရာမများ၏ အမည်ရင်းများ သုံးစွဲထားပါသည်။

ဤအဖြစ်အပျက်သည် အမှန်တကယ် ဖြစ်ပျက်ခဲ့သာ အဖြစ်အပျက် ဖြစ်ကြောင်းကို သစ္စာဆိုပါသည်။

ဤသစ္စာစကား မှန်ကန်ပါက စာရေးသူသည် ကလောင်ဖြင့် သာသနာပြုနိုင်သော ထူးချွန်သည့် စာရေးဆရာကောင်းတစ်ယောက် ဖြစ်နိုင်ရပါစေ ဟူသော ဆုတောင်းသည် အမြန်ဆုံး ပြည့်စုံရပါလို၏။

**မနှင်းဆီ**
**(ရေဆင်း-နေပြည်တော်)**

www.burmeseclassic.com

# ပန်းနာရင်ကျပ်



## အတွက် ဆေးတစ်လက်

တစ်ရွာတည်းနေ မန်းလေဟိန်းအိမ်၌ သူငယ်ချင်းဖြစ်သူ မန်းတောလယ်နှင့် အလည်သွားရောက်၍ စကားပြောနေစဉ် သပြေကုန်းရွာတွင် နေထိုင်သော မန်းလေဟိန်း၏ ဖခင်ဖြစ်သူ ဦးလေး မန်းလှထွန်း သားဖြစ်သူထံ အလည် ရောက်ရှိလာပါသည်။

ယခင်နှင့်မတူဘဲ အသားအရေများ စိုပြည်ဝင်းဝါ၍ ကျန်းမာရေး အလွန်ကောင်းပုံရသော ဦးလှထွန်းအား မန်းလယ်တောမှ...

'ဦးလေး ဘာဆေးတွေစားလို့ ဝ,လာတာလဲ၊ အခုကော ပန်းနာရင်ကျပ် ဖြစ်သေးလား'

ဟု မေးရာ...

'ငါ နှစ်ပေါင်း(၃၀)ကျော် ခံစားလာရတဲ့ ပန်းနာရင်ကျပ် သက်သာပျောက်ကင်းသွားလို့ စိတ်လဲချမ်းသာ ကိုယ်လဲကျန်းမာပြီး အခုလို (၄)နာရီကျော် လောက်ခရီးကို ခြေကျင်လျှောက်လာနိုင်တာပေါ့ကွာ'

ဟု ပြောရာ စာရေးသူမှ...

'ဦးလေးရဲ့ ဆေးနည်းလဲ ပြောပြပေးပါဦး၊ အလားတူ ဝေဒနာရှင်တွေ တွေ့ရင် ကျွန်တော်လဲ ဆက်လက်လမ်းညွှန်ပေးနိုင်တာပေါ့'

ဟု ပြောရာ...

'ပြောပြပါ့မယ်ကွာ မင်းတင် မဟုတ်ဘူး၊ ငါ ကြုံသမျှလူကို လိုက်ပြောနေတာ။ ဒီလောက်ဆိုးလှတဲ့ ပန်းနာရင်ကျပ်ရောဂါ တစ်သက်လုံး မပျောက်တော့ဘူး မှတ်နေတာ။ ငါလဲ ပထမ မယုံဘူး။ နောက်မှ သောက်ရင်[illegible] သောက်ရင်းနဲ့ သက်သာပျောက်ကင်[illegible] သွားတာကွ။ ပန်းနာရင်ကျပ်ရောဂ[illegible] သေရှာ မပါရအောင် ဆေးနည်[illegible] ပြောပြပေးပါ့မယ်။

- ❖ မြွေပွေးအသေရရင် အဆီချက်ထား(မြွေပွေ[illegible] ဆီပေါ့)
- ❖ ပျားရည်စစ်စစ်နဲ့ အတူရော
- ❖ တစ်ခါသောက်ရင် လက်ဖက်ရည်ဇွန်းအသေ[illegible] (၁)ဇွန်း
- ❖ တစ်နေ့(၃)ကြိမ် မှန်မှန်သောက် ပန်း[illegible] ရင်ကျပ် သက်သာပျောက်ကင်းပါတယ်'

**[ဦးလှထွန်း (သပြေကုန်းကျေးရွာ[illegible]) အား အထူး ကျေးဇူးတင်စွာဖြင့်...]**

**ထွန်းထွန်း(ဒရယ်ချောင်း)**

---

၂၀၁၄ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၃၀၅ |
| **ဇွန်လ** | ၆ |
| **ခုနှစ်** | ၂၀၁၄ |
| | ၂၃၂၅ = ၁၂=၃ |

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၃) ဂဏန်းရသည်။ သို့ဖြစ်၍ **၃၊ ၄၊ ၇၊ ၉** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

အထူးသဖြင့် ရှေ့ဂဏန်းများကို **၃၊ ၄၊ ၇၊ ၉** ဂဏန်းများကိုသာ ရွေးချယ်ပါ။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၃...၃ | ၄...၃ | ၇...၃ | ၉...၃ |
| ၃...၄ | ၄...၄ | ၇...၄ | ၉...၄ |
| ၃...၇ | ၄...၇ | ၇...၇ | ၉...၇ |
| ၃...၉ | ၄...၉ | ၇...၉ | ၉...၉ |

## ၂၀၁၄ ခုနှစ်၊ ဇွန်လ ၈ အတွက် ရွေးချယ်ပါ ဤဂဏန်း

မှတ်ချက်။ ။(...)ကွင်းအတွင်းတွင် ၃၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**"အကြိမ်"**ဂဏန်းမပါဘဲ **"လ"** ဂဏန်း နှင့် **"နှစ်"**ဂဏန်းကိုသာ ပေါင်းပါက (၆ + ၂+ ၀+ ၁ +၄) = ၁၃ =၄ ရသည်။ သို့ဖြစ်၍ **"၄"** ဂဏန်းသည် ပိုအားကောင်းသည်။

**စ... ဆုံး**

| | | | | |
|---|---|---|---|---|
| ၂... | ၃၊ | ၄၊ | ၇၊ | ၉ |
| ၄... | ၄၊ | ၇၊ | ၉၊ | ၃ |
| ၇... | ၇၊ | ၉၊ | ၃၊ | ၄ |
| ၉... | ၉၊ | ၃၊ | ၄၊ | ၇ |



ဤလတွင် **အင်္ဂါနှင့် ဗုဒ္ဓဟူးသားသမီးများ** ထီကံပွင့်နေပါသည်။

သို့ဖြစ်၍ မိမိ၏အိမ်ရှိ ဘုရားတွ[illegible] ကြိုက်ရာ သစ်သီး(၄)ပွဲနှင့် ဆွမ်းပွဲ(၃)[illegible] ပြင်၍ ကပ်လှူပြီး သမ္ဗုဒ္ဓေဂါထာတော်[illegible] (၁၀၈)လုံး ပုတီးကုံးနှင့် မိမိသက်စေ့ စိပ်[illegible] ပူဇော်ရန် ဖြစ်သည်။ တတ်နိုင်ပါက(၃)[illegible] တိတိ ဆောင်ရွက်ပါ။

ထိုအဓိဋ္ဌာန် အောင်မြင်ပြီးပါက [illegible] မွေးနံ့အရပ်ထောင့်တွင် ရေသက်စေ့ [illegible] ပါ။ အိမ်အနီးရှိ ကလေးများအား အသ[illegible] ဒါန တတ်နိုင်သမျှ ပြုပါ။ပြီးမှ ထီကံစမ်း[illegible] ဖြစ်သည်။

အထူးဂဏန်း

- ✦ ၃၄၄၇၇၉
- ✦ ၄၇၃၇၉၃
- ✦ ၄၄၃၃၇၉

*ထီကံ ပွင့်ပါစေ*

**ဆရာရဲထက် (သုတေသီ)**



www.burmeseclassic.com